www.burmeseclassic.com

ပိုးဝေရား

# ကောတုံတရာဇ်
သို့မဟုတ်
# ရေအောက်မြို့တော်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ဖိုးကျော့

## ကော့တံတာရာင်

သို့မဟုတ်


## ရေအောက်မြို့တော်

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၂၄၂၈၃၃၊ ၀၁-၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၁၄၃၀ / ၂၀၀၃ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၁၆ / ၂၀၀၄ (၁) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်<br>၂၀၀၄ ခုနှစ်၊ မတ်လ |
| အုပ်ရေ | ၅၀၀ |
| အဖုံးပန်းချီ | ကိုစိုးအောင် |
| ဖလင် | ကိုလှဝင်း |
| စာအုပ်ချုပ် | ဘပိုး |
| ထုတ်ဝေသူ | ဦးမောင်မြတ်ထွေး<br>ပညာရွှေတောင်စာအုပ်တိုက်<br>(ယာပီ - ၇၇၀)<br>၁၁၄၊ စိန်ရတီလမ်း<br>ရတနာကျွန်းရိပ်သာ၊ သုနန္ဒာ<br>မြောက်ဥက္ကလာပ |
| မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ် | ဦးဝင်းအောင်<br>သန်းထိုက်ရတနာအော့ဖ်ဆက်<br>မြို(၀၅၁၃၁)<br>အမှတ် ၆၄၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| တန်ဖိုး | ၂၀ ကျပ် |

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

စာရေးသူ၏ ဇာတိချက်ကြွေ မွေးရပ်မြေမှာ ချောင်းဝရွာ ဖြစ်သည်။ ကျောက်ဖြူမြို့နှင့် ဆယ့်နှစ်မိုင်ခန့် ဝေးသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက် အစွန်ဆုံး ရခိုင်ပြည်နယ် ဖြစ်သည်။ ဘင်္ဂလားပင်လယ်ပြင်နှင့် နီးသည်။

စာရေးသူ၏ ရွာနှင့် အနီးဆုံးရွာများမှာ ချောင်းဖျားရွာ၊ ကုလ၊ ပါရွာ၊ ရေနံတောင်ရွာ၊ မင်းပြင်ရွာ၊ ဂေါ်တူ (ခေါ်ထူး)ရွာတို့ ဖြစ်သည်။ ရေနံတောင်ရွာနှင့် မင်းပြင်ရွာတို့မှာ ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့ (ရမ္မာဝတီ) သွား ကားလမ်းမပေါ်တွင် တည်ရှိသည်။ ချောင်းဖျား၊ ချောင်းဝ၊ ကုလ၊ ပါရွာများမှာ ကားလမ်းနှင့် ဘင်္ဂလားအော်ပင်လယ်ကြားတွင် တည်ရှိသည်။

ဤဝတ္ထု အခင်းဖြစ်ရာဖြစ်သည့် ကောတုံတရာဇ်မြို့၏ အစွန်အဖျား ဖြစ်ခဲ့သော ယခင်က ခေါ်ထူး ယခု ဂေါ်တူရွာ သည် ဘင်္ဂလားပင်လယ်ပြင်နှင့် ကပ်လျက်မှာ တည်ရှိလေသည်။

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com

ပွဲပြင်းခြောက်သွေ့သော တပေါင်းလ၏ နေ့တစ်နေ့ နေ့လယ်အချိန် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်၏ တစ်ကိုယ်လုံးမှာမူ ခိုက်ခိုက်တုန်လျက် ချမ်းနေသည်။ ဤသည်မှာ လနှင့်ချီ၍ ကြာနေပြီဖြစ်သော ပင်လယ်ငှက်ဖျားကြောင့် ဖြစ်သည်။ တောဆေး၊ တောင်ဆေးများနှင့် ကုသခဲ့သည်မှာလည်း ဆေးပေါင်းစုံနေပါပြီ။ ကျွန်ုပ်၏ ပင်လယ်ငှက်ဖျားရောဂါကား မပျောက်နိုင်။

သားသမီးများ အထဲတွင် ကျွန်ုပ်အား အချစ်ဆုံးဖြစ်သော အဖေမှာ ကျွန်ုပ် ဝေဒနာ ခံစားနေရသည်ကို ကြည့်၍ မျက်ရည်ဝဲနေတတ်သည်။ လူမှာ တဖြည်းဖြည်းနှင့် အင်အားများ ကုန်ခမ်းလာသည်။ အသားတွေပင် ဝါချင်သလို ဖြစ်လာ၏။ သည်အတိုင်း ထိုင်ကြည့်နေ၍ မဖြစ်တော့။ ကျောက်ဖြူမြို့ ဆေးရုံကို သွားတင်မှ ဖြစ်ပေတော့မည်ဟု အဖေက စီစဉ်သည်။

ဆေးရုံရှိသော ကျောက်ဖြူမြို့နှင့် ကျွန်ုပ်တို့ရွာမှာ ဆယ့်နှစ်မိုင်ခန့် ကွာဝေးသည်။ ထိုခေတ်က ရေနံတောင်၊ မင်းပြင်ရွာတို့ကိုပင် ကားလမ်းက မပေါက်သေး။ ရမ်းဗြဲမြို့နှင့် ကျောက်ဖြူမြို့မှာ မိုင်ပေါင်း ငါးဆယ်ခန့် ဝေးသော်လည်း ခရီးသည်တင်ကား မရှိ။ လူတွေ အားလုံးမှာ ခြေကျင်သာ သွားကြရသည်။ ကျွန်ုပ်တို့ ရမ်းဗြဲကျွန်းမှာ တောတောင် ထူထပ်သဖြင့် နွားလှည်းလည်း သုံးလေ့သုံးထ မရှိကြ။

လူနာတစ်ယောက်ကို မြို့ဆေးရုံသို့ ပို့ကြရတော့မည် ဆိုလျှင် ဝါးလုံးမာမာ အရင်းပိုင်း တစ်ပိုင်းတွင် ဟိုဘက်သည်ဘက် စောင်ကြမ်းတစ်ထည်ကို ချည်ကာ အလယ်တွင် လူမမာက တက်ထိုင် လဲလျောင်း၍ လိုက်ရသည်။ ထို့ကြောင့် ကျွန်ုပ်အား ကျောက်ဖြူမြို့ရှိ ဆေးရုံသို့ ပို့ရန် အထမ်းသမား လိုသည်။

ရွာရှိ ဆွေမျိုးသားချင်းများမှာ ဤရာသီတွင် ရွာ၌ မရှိတတ်ကြ။ ကြံသကာ ချက်လုပ်ရောင်းချရန် တောထဲက ကြံတဲဝင်နေကြသည်။ မိုးမကျမီ တပေါင်း၊



BURMESE CLASSIC .com



တန်ခူးလ၌ ကြံသကာ ချက်လုပ်သောအလုပ်ကို အပြီးအစီး လုပ်တတ်ကြရာ ဆွေမျိုး ရွာသားများမှာ ကိုယ့်အလုပ်နှင့်ကိုယ် မအားလပ်ကြ။

အဖေမှာ သူတစ်ပါးကို အလွန် အားနာတတ်သူ ဖြစ်သည်။ တောထဲတောင်ထဲရှိ ကြံတဲက ဆွေမျိုးများကို သွားခေါ်ရလျှင် သူတို့မှာ အလုပ်အကိုင် ပျက်ကြမည်။ ငှက်ဖျားဖြစ်နေသော ကျွန်ုပ်မှာလည်း သေကောင်ပေါင်းလဲ ဖြစ်နေသူ၊ အိပ်ရာထဲ လဲနေသူ မဟုတ်။ ငှက်ဖျားကျသွားပြီဆိုလျှင် သွားလို့ လာလို့ စားလို့၊ သောက်လို့၊ ဆော့လို့ ဖြစ်နေရာ. မည်သူ့ကိုမျှ အကူအညီ ခေါ်မနေတော့ဘဲ နောက်တစ်နေ့ မနက်မှာ သားအဖနှစ်ယောက် ကျောက်ဖြူမြို့သို့ ခြေကျင် ဆင်းလာကြသည်။

ကျောက်ဖြူမြို့နှင့် ကျွန်ုပ်တို့ရွာမှာ ဆယ့်နှစ်မိုင်ခန့်ဝေးသည်။ လူကြီးခြေနှင့်ဆိုလျှင် တစ်မွန်းတည့်သာသာ သွားရ၏။ လမ်းကလည်း တောလမ်း၊ တောင်တက်တောင်ဆင်း များသည်။ ရွာမှ မနက် စထွက်ကြသူများသည် ကျောက်ဖြူမြို့ကို မွန်းစောင်းကြီး အချိန်လောက်မှ ရောက်သွားတတ်ကြသည်။

ယခု ကျွန်ုပ်မှာ လူကြီး မဟုတ်ချေ။ ဆယ့်နှစ်နှစ်သား အရွယ်၊ ပြီးတော့ ရောဂါသည်၊ ငှက်ဖျား ဖျားနေသူ။ ထို့ကြောင့် မနက် ဝေလီဝေလင်းကပင် ထသွားပြီး မင်းတက်တောင်ရင်းရှိ ဆွေမျိုးယာတဲ တစ်တဲတဲတွင် ဝင်နားကြမည်။ နေ့လယ်စာကို အုန်းတော၊ ဂုံးချိန် တစ်ရွာရွာတွင် ဝင်၍စားကာ ခရီးကို ဆက်သွားကြလျှင် ကျောက်ဖြူမြို့ကို နေမဝင်မီ ရောက်နိုင်သည်။

ကျောက်ဖြူမြို့ကို ရောက်လျှင် ဘယ်အချိန်တွင် ရောက်ရောက် ဆေးရုံတက်ရရန်မှာ မခဲယဉ်းတော့ပါချေ။ ကျောက်ဖြူမြို့ ပိုက်ဆိပ်ရပ်တွင် အဖေ၏ ညီအရင်း သူကြီးဟောင်း ဦးမောင်ထွန်းသာ ရှိသည်။ ကျွန်ုပ်၏ ဦးလေးဖြစ်သူ ဦးမောင်ထွန်းသာမှာ ယခင်က ချောင်းဝ၊ ကုလားပါ ရွာသူကြီး ဖြစ်သည်။

ယခုမူ အရပ်အခေါ် လက်ပတ်ဖြူ ရဲဘော်ဖြူများကို ကြောက်၍ မြို့သို့ ဆင်းပြေးသွားရာ မြို့၌ပင် အခြေချ၍ နေနေရသည်။ သူကြီးဟောင်းဖြစ်သော ဦးလေးမှာ ငယ်စဉ်ကပင် လက်သမားပညာနှင့် တွင်ခုံပညာတို့ တတ်သည်။ ခေတ်ပျက်ဟု ခေါ်ကြသော ဒုတိယကမ္ဘာစစ်ကြီး ပြီးစီး၍ လွတ်လပ်ရေးရစဉ် စစ်ကြီးကျန် စတ္တင်းဂန်းသေနတ် အပျက်များကိုပင် ပစ်၍ရအောင် ပြန်လုပ်တတ်သည်။ ထိုခေတ်က မိမိရွာတွင် သေနတ် မရှိလျှင် ဓားပြအန္တရာယ်ကို ကြောက်ရသည်။ ထို့ကြောင့် ဦးလေး ဦးမောင်ထွန်းသာမှာ မိမိရွာအတွက် သာမက ရွာနီးပါးနားက ရွာလူကြီး ဆွေမျိုးများ အတွက်ပါ လုပ်သေနတ်များ လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။

ထိုအချိန်တွင် ရဲဘော်ဖြူများထဲမှ တချို့ ရဲဘော်ငယ်များသည် လူကြီး၊ နိုင်ငံရေးမှူး ဗိုလ်ကြီး၊ ဗိုလ်မှူးတွေ မသိအောင် ဓားပြထွက်တိုက်တတ်ကြသည်။ ထို့ကြောင့် ရွာကာကွယ်ရေးအတွက် လုပ်သေနတ် လုပ်ပေးနေသော ဦးလေးကို ရန်ရှာနေကြသဖြင့် ဦးလေး ဦးမောင်ထွန်းသာမှာ ကျောက်ဖြူမြို့သို့ ဆင်းပြေးနေရသည်။

ကျောက်ဖြူမြို့ကို ရောက်သွားသော ဦးလေးသည် တောမှာတုန်းကလို လုပ်သေနတ် လုပ်ရန် မလိုတော့သဖြင့် သူ ငယ်စဉ်ကပင် တတ်လာသော လက်သမားပညာနှင့် ပရိဘောဂအလုပ်ကို လုပ်၍ အသက်မွေးနေသည်။ တောအရပ် တောဒေသ၌မူ နယ်ကျဉ်းသဖြင့် များများ မလုပ်ရသော ဦးလေးမှာ ကျောက်ဖြူမြို့သို့ ရောက်သွားသောအခါ နယ်ကျယ်လာသည်။ ဘုန်းကြီးကျောင်းများအတွက် တရားဟောပလ္လင်၊ ဗီရို၊ စားပွဲ၊ စာတိုက် စသည် ပရိဘောဂများ လုပ်ရသလို စာသင်ကျောင်းများ အတွက်လည်း လက်ရာကောင်းသဖြင့် လာအပ်နှံကြလေတော့သည်။ ထို့နောက်မှာမူ ရန်ပြတစ်ကျွန်းလုံးနှင့် စစ်တွေခရိုင်ကပင် အပ်ထည်တွေ များလာသဖြင့် နောက်ပိုင်း တပည့် တစ်ဆယ်ကျော်နှင့် ရမ္မာဝတီဆရာသာ ဟူသော ဘွဲ့ဟိတ်နှင့် သူကြီးရာထူးကျ သူကြီးမဟောင်းကြီး ဦးလေးက ကြီးပွားနေသည်။

ထို့ကြောင့် ကျွန်ုပ်အတွက် ဆေးရုံတက်ရရေးမှာ ဘာမှ မခက်ခဲတော့။ ကျောက်ဖြူမြို့ကို ရောက်သွားရန်သာ လို၏။ သို့နှင့် ကျွန်ုပ်တို့ သားအဖနှစ်ယောက်သည် ဝေလီဝေလင်း အချိန်လောက်ကပင် မိမိရွာမှ ထွက်လာကြရာ နေထန်းတစ်ဖျားခန့် အရောက်တွင် မင်းတက်တောင်ရင်းရှိ ဆွေမျိုးတစ်ယောက်၏ လယ်တဲသို့ ရောက်လာကြသည်။ ထိုလယ်တဲ၌ ခဏနားပြီး ခရီးဆက်လာကြရာ အုံ့ချော်သော အရပ်နှင့် ဒိုးတန်းတောင်နားကို ရောက်လာကြသည်။

ဒိုးတန်းတောင်မှာ စိမ့်စမ်း ရှိသည်။ သစ်ကြီးဝါးကြီး ပေါသည်။ တစ်နွေလုံး တခြား တောင်စဉ်များ ခြောက်သွေ့နေသော်လည်း ဒိုးတန်းတောင်ကား အမြဲ စိမ်းလန်းနေသည်။ ထို့ကြောင့် ထိုတောင်နားတွင် ကျောက်ဖြူမြို့ အင်္ဂလိပ် အရေးပိုင်ကြီး၏ ဥယျာဉ်ခြံကြီး ရှိခဲ့သည်။ ယခုမူ ထိုခြံကို အင်္ဂလိပ်လက်ထက်တပင် ခြံလုပ်ခဲ့ကြရသော မိသားစုက ဆက်၍ လုပ်ကိုင် စားသောက်နေကြကြောင်း လူကြီးများက ပြောပြ၍ ကျွန်ုပ် သိနေရသည်။

ထိုမင်းတက်တောင်နား အရောက်မှာပင် ကျွန်ုပ် တစ်ကိုယ်လုံး အေးစိမ့်စိမ့်





ဖြစ်လာသည်။ စိမ့်စမ်းနှင့်တွေ့သော ပင်လယ်ငှက်ဖျားသည် ချက်ချင်း လူကို ဒုက္ခပေးလာတော့သည်။ သွားရင်းလာရင်းက အရမ်း ချမ်းလာကာ လူမှာ တဆတ်ဆတ် တုန်လာသည်။ ဘယ်လိုမှ ရှေ့ဆက် မသွားနိုင်တော့။ ထို့ကြောင့် ဒုံးချိန်ရွာရှိ ဆွေမျိုးအိမ် တစ်အိမ်သို့ ဝင်ကာ နားကြရသည်။ ထိုအိမ်၌ပင် နေ့လယ်စာကို စားကြရသည်။ နေ့လယ်စာ စားပြီး၍ တစ်အောင့်တစ်နားနေလျှင် ကျောက်ဖြူမြို့ကို ဆက်သွားနိုင်ကြလိမ့်မည်ဟု အဖေက ထင်ပုံရသည်။

သို့သော် ဒိုးတန်းတောင်က တောကြီးငှက်ဖျားနှင့် ပင်လယ်ငှက်ဖျားတို့ နှစ်ခု ပေါင်းမိသွားသော ကျွန်ုပ်၏ ကိုယ်ခန္ဓာမှာ ငှက်ဖျားကျသွားပြီ ဖြစ်သော်လည်း ရွာမှာတုန်းကလို သွားသွားလာလာပင် မလုပ်နိုင်တော့။ ခရီးပန်းသော အကျပ်ပါ ပါ၍လားမသိ လူတစ်ကိုယ်လုံးမှာ ကိုင်ရိုက်ထားသလို နာကျင်ကာ ပျော့ခွေကျသွားသည်။ ထို့ကြောင့် အိမ်ရှင်ဆွေမျိုးက 'ဤတစ်ညတော့ သူ့အိမ်၌ပင် နားကြဦး၊ မနက် ကျောက်ဖြူမြို့ကို ဈေးရောင်း သွားရောက်သူများနှင့် အထမ်းသမားရှာ၍ ထည့်ပေးလိုက်မည်' ဟု ပြောသည်။

ကျွန်ုပ်မှာမူ လုံးဝ မလျှောက်နိုင်သော အခြေအနေ ဖြစ်နေရာ အိမ်ရှင် ပြောသောစကားကို လက်ခံကာ သားအဖနှစ်ယောက် ဂုံးချိန်ရွာ၌ပင် တစ်ည အိပ်စက်နားကြရလေသည်။

✿ ✿ ✿

ကျွန်ုပ် လန့်၍ နိုးလာသည်။ အပြင်တွင် လေပြင်းမုန်တိုင်း ကျနေ၏။ လူတွေ အော်ဟစ် ပြေးလွှားကြသံကိုလည်း ကြားနေရပေသည်။ အချိန်မှာ ညသန်းခေါင်ကျော်ဟု ခန့်မှန်းမိသည်။

ကျွန်ုပ် ချက်ချင်း ထထိုင်လိုက်၏။ ကျွန်ုပ် အနားတွင် ရေနံဆီမီးခွက် တစ်လုံး ထွန်းညှိထားသည်။ အိမ်ရှင်အဒေါ်ကြီးနှင့် အဖေတို့ကို အနားတွင် ထိုင်၍ တွေ့ရသည်။ ကျွန်ုပ် ထထိုင်လိုက်သည်ကို မြင်သဖြင့် အဖေနှင့် အဒေါ်ကြီးတို့ အကြည့်က ကျွန်ုပ်ဆီသို့ ရောက်လာကြသည်။

"အဖေ၊ သူခိုးလိုက်ကြတာလား၊ ဓားပြတိုက်တာလား၊ ဘာဖြစ်တာလဲဟင်"

ကျွန်ုပ် စကားမဆုံးမီမှာပင် အိမ်ရှင်အဒေါ်ကြီးက -

"မဆိုကောင်း ဆိုကောင်းကွယ်၊ မြို့နဲ့နီးတဲ့ အဒေါ်ကြီးတို့အရပ် ဘယ်ကလာ ဓားပြတိုက်ရမှာလဲ၊ ကျောက်တစ်လုံးမှာက ဗိုလ်မောင်ထောင်တို့ စစ်တပ်ကြီးတစ်တပ် ရှိတာပဲ။ ခုဟာက ကံ့ကော်တောဘုရားကို သိုက်တူးသမားတွေ၊ သိုက်ဆရာတွေ လာတူးလို့ ဝိုင်းလိုက်ကြတာ"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်အဒေါ်ကြီး၏ စကားသံကြောင့် ကျွန်ုပ် အကြောက်ပြေသွားသည်။

စောစောကမူ ကျွန်ုပ်တို့ အရပ်လို တစ်အိမ်အိမ်များ မားပြလာတိုက်လို့ အော်ထစ်ကြတာလားဟု ထင်လိုက်မိသည်။ လေပြင်းမုန်တိုင်းလည်း ကျနေသဖြင့် လူအော်သံတွေက မသဲကွဲ။ ယခု သေသေချာချာ နားထောင်လိုက်သောအခါ လေပြင်းမုန်တိုင်းထဲ၌ . . .

"လိုက်ကြဟေ့၊ လိုက်ကြ၊ လိုက်ကြ၊ ကုံကော်တောဘုရားကို သိုက်လာတူးနေကြပြီ၊ လိုက်ကြ၊ လိုက်ကြ၊ မြန်မြန်လိုက်ကြ"

ကုံကော်တောဘုရားမှာ ယခု ကျွန်ုပ်တို့ လာတည်းနေကြသော ဂုံးချိန်ရွာနှင့် နှစ်ဖာလုံလောက်သာ ဝေးသည်။ ကျွန်ုပ်တို့ ကျောက်ဖြူမြို့ ဝန်းကျင်တွင် တန်ခိုးကြီးသော ဘုရားအဖြစ် လူကြီးမိဘများ ပြောဆိုသံကို ငယ်စဉ်ကပင် ကြားဖူးထားသည်။ လူကြီးတွေနှင့် လိုက်သွား၍ ကုံကော်တောဘုရားပွဲကိုလည်း နှစ်ကြိမ်နှစ်ခါ ရောက်ဖူးထားသည်။

ကုံကော်တောဘုရားမှာ ကုံကော်ပင်များ ဝိုင်းရံ၍နေသော ကုံကော်တောထဲတွင် တည်ရှိသဖြင့် ကုံကော်တောဘုရားဟု ဘွဲ့နာမတော် တွင်နေခြင်းဖြစ်သည်။ ဘုရားပွဲကို နှစ်ဆန်းတစ်ရက်နေ့မှာ ကျင်းပသည်။ ကျောက်ဖြူမြို့မှလည်း ငါးမိုင်ခန့်သာ ဝေးသဖြင့် အလွန် စည်ကားသည်။ ဤဘုရား၏ အံ့ဩဖွယ်ရာများမှာ ရွာနှင့်ဝေးပြီး ကုံကော်တောထဲ၌ ရှိနေသော်လည်း ဆွမ်း၊ ဆီမီး မငြိမ်းခြင်း၊ ဦးဆုံး ဆွမ်းကပ်မည်ဟု မည်သူသွားသွား ဆွမ်းဦးကပ်ထားခြင်း၊ ဆီမီးဦး ညှိထွန်းပူဇော်ထားခြင်းတို့ကိုသာ တွေ့ရသည်ဟု ဆိုသည်။

ထို့နောက် ဤဘုရား အနီးတွင် ကြက်၊ ငှက်၊ ဝက်၊ အမဲပေါ် သတ်ဖြတ်ခြင်းတို့ကို ပြုလျှင် ချက်ချင်း လေကြီးမိုးကြီး ကျလာပြီး လျှပ်စီး တဖျပ်ဖျပ်ပြက်ကာ မိုးကြိုးမုန်တိုင်း ကျတတ်သည်ဟု အဆိုရှိသည်။ ဘုရားပွဲ အချိန်ကာလမှာလည်း နှစ်ဆန်းတစ်ရက်နေ့ နံနက် အရုဏ်တက် လေးနာရီမှ ညနေ လေးနာရီအထိသာ ကျင်းပကြသည်။ ထိုသို့ ကျင်းပခြင်းမှာလည်း ဤဘုရားကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ နေ့စဉ် စောင့်နေသည်။ သို့သော် တစ်နှစ်တစ်ခါ နှစ်ဆန်းတစ်ရက်နေ့တိုင်း နတ်သဘင်ပွဲရှိရာ ဘုရားစောင့်နတ်တွေမှာ နတ်သဘင်ပွဲသို့ မသွားမဖြစ် သွားကြရသည် ဖြစ်၍ နှစ်ဆန်းတစ်ရက်နေ့ကို လူတွေ ပွဲကျင်းပ၍ စောင့်ကြရန် အိပ်မက်ပေးထားသဖြင့် ပွဲလုပ်ကြခြင်း ဖြစ်သည်ဟု သိရသည်။ နောက်တစ်ခု ထူးခြားသည်မှာ ဘုရားပွဲတော်လာ လူများကို ကျွေးမွေးသော





တစ်ပင်တိုင် တစ်မည်တည်းသောဟင်းမှာ ပိန်းရိုးဟင်း ဖြစ်သည်။ ဘုရားပတ်ဝန်းကျင်ရှိ ပိန်းတောမှ ပိန်းရိုးများကို ကြိုတင် ခုတ်ထားကြပြီး ချက်ကျွေးကြခြင်းဖြစ်သည်။ သို့သော် ထိုပိန်းဟင်းမှာ ယားယံခြင်း၊ အစာမကြေခြင်း စသည် တစ်စုံတစ်ရာ တစ်ခါတစ်ထူး ဘေးဥပဒ် မဖြစ်ဖူးဘူးကြသဖြင့် ဘုရားပွဲ လာသူတိုင်းတို့သည် ထိုပိန်းဟင်းကို အန္တရာယ်ကင်းဘေးကင်း အဖြစ်ဖြင့် မွှန်မွှန်မြတ်မြတ် စားတတ်ကြသည်။

ကျွန်ုပ် ငယ်စဉ်က နှစ်ခါ ဘုရားပွဲလိုက်ဖူးရာ ပိန်းဟင်းကို လူကြီးတွေက အန္တရာယ်ကင်း ဆေးဝါးအဖြစ် ကျွေးကြသည်ကိုလည်း မှတ်မိနေသည်။ ဘုရားနားရှိ ရေတွင်းတစ်တွင်းကိုလည်း လူကြီးများက အထူးအဆန်း သွားကြည့်ကြသဖြင့် လိုက်ပါ ကြည့်ဖူးခဲ့ရပါသည်။ ရေတွင်းငယ်မှာ လေးတောင်ခန့်သာနက်သည်။ ရေတွင်းမှာ ကတော့ပုံမျိုး အဝကျယ်ပြီး အောက်ဘက်မှာ ကျဉ်းကျဉ်းလေး ဖြစ်သည်။ အပေါ်အဝမှာလည်း ရေအိုးတစ်လုံး ခပ်သာရုံမျှသာ ကျယ်ဝန်းလေသည်။ ထို့ကြောင့်လည်း တစ်ယောက်ပြီးတစ်ယောက် တန်းစီ ရေခပ်နေကြသည်ကို မြင်ဖူးခဲ့သည်။ သို့သော် လူပေါင်း မည်မျှခပ်ခပ် ရေအိုးအလုံးပေါင်း မည်မျှခပ်ခပ် ခန်းသွားသည် မရှိ။ ရေအိုး တစ်လုံးပြီးတစ်လုံး ခပ်သမျှ ရေရနေသည်ချည်းသာဟု လူကြီးတွေက ပြောပြကြပါသည်။

သည်ထက် ထူးခြားနေသည်မှာ ဘုရားပွဲလာ လူကြီးအချို့သည် နှီးပြား၊ ဝါးခြမ်းပြားများကို ဘုရားရင်ခွင်ပေါ် တင်နေကြခြင်းပင်။ ကျွန်ုပ်က အစ်ကိုကြီးကို "အဲဒါ ဘာလုပ်နေကြတာလဲ" ဟု မေးကြည့်ရာ မိမိအသက် တိုမည်လား၊ ရှည်မည်လား ဆိုသည်ကို မိဋ္ဌာန်၍ အသက်တမ်း ကြည့်နေကြတာဟု ဖြေဆိုပါသည်။ ကျွန်ုပ်က နားမရှင်း၍ ထပ်မေးသောအခါ အစ်ကိုကြီးက ရှင်းပြသည်။

"မင်း အသက်တိုမလား၊ ရှည်မလား သိချင်ရင် နှီးပြား ဒါမှမဟုတ် ဝါးခြမ်းပြားပေါ့ကွာ၊ အဲဒါ တစ်ခုခုကို မင်း အတောင်နဲ့ တောင်ပြီး တိတိကျကျ ချိုးပိုတဲ့အပိုင်း လွှင့်ပစ်ပေါ့ကွာ၊ ကျန် ဝါးခြမ်းပြား မင်းအတောင် တစ်တောင်ပိုင်းကို ငါးပါးသီလယူ မိဋ္ဌာန်ပြီး ဘုရားရင်ခွင်ပေါ် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ် သွားတင်ထား၊ ပြီးတော့ ဘုရားကို ရိုရိုသေသေ ဦးချကန်တော့ပြီး အဲဒီ တင်ထားတဲ့ ဝါးခြမ်းပြားလေးကို မင်းအတောင်နဲ့ ပြန်တောင်ကြည့်၊ တိုသွားရင် မင်းအသက်တိုမယ်၊ ရှည်လာရင် မင်းအသက်ရှည်မယ်၊ အဲဒါ သိချင်လို့ ခု လူကြီးတွေ လုပ်နေကြတာ တွေ့လား"ဟု အစ်ကိုကြီးက ပြောသည်။

ထိုအခါ အစ်ကိုလတ်နှင့် ကျွန်ုပ်တို့က "အစ်ကိုကြီး၊ ဒါဆို အသက်

www.burmeseclassic.com

www.burmeseclassic.com



တိုမလား၊ ရှည်မလား ကျွန်တော်တို့လည်း သွားလုပ်ကြည့်ကြရအောင်” ဟု ပြောလိုက်ကြသည်။

“ဟေ့ကောင်လေးတွေ တိုးတိုးပြောစမ်းပါ”

“ဘာဖြစ်လို့လဲ”

“ကလေးတွေ မလုပ်ကောင်းဘူး ပြောတယ်ကွ”

“ဟင်၊ အစ်ကိုကြီး၊ ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမလဲကွာ၊ ကဲ၊ ခု မင်းတို့ သွားလုပ်ကြပြီ ဆိုပါတော့၊ နီးပြား ဝါးခြမ်းပြားက တိုသွားရင် မင်းတို့စိတ်ထဲမှာ ဘယ်လိုနေမလဲ၊ ကံ့ကော်တော ဘုရားထဲမှာ အသက်ဆုတောင်းကြည့်တာ တိုသွားတော့ ငါတော့ မကြာခင် သေတော့မလား မသိဘူး ဆိုပြီး စိတ်ရောဂါ ဖြစ်မှာစိုးလို့ပေါ့၊ မင်းတို့လို ကလေး မပြောနဲ့ လူကြီးတွေတောင် တော်တော်တန်တန် အသက်နဲ့ လုပ်ရဲကြတာ မဟုတ်ဘူး၊ ခု လုပ်နေကြတဲ့ လူကြီးတွေကို ကြည့်လေ၊ အသက် လေးငါးဆယ် အရွယ်တောင် သိပ်မရှိဘူး၊ ခြောက်ဆယ်ကျော် ခုနစ်ဆယ်အရွယ် အဘိုးကြီးတွေ ချည်းပဲ၊ တွေ့လား၊ သူတို့ လူကြီးတွေကတော့ သေမထူး နေမထူးတွေ နေမှာပေါ့ ကွာ၊ အဲဒါကြောင့် ဝါးခြမ်းပြားနီး တိုသွားခဲ့ရင် ငါတော့ မကြာခင် သေတော့ မှာပါလားလို့ ဝမ်းတောင် သာချင်သာမယ့် အဘိုးကြီးတွေလားမှ မသိတာ”

အစ်ကိုကြီး၏ စကားကို ကျွန်ုပ်တို့နှင့်ရွယ်တူ တခြား ကလေးများကပါ ဝိုင်းရယ်ကြသည်။

ကျွန်ုပ်တို့ ကလေးသူငယ်များ ဘုရားထဲတွင် အသက် တို၊ ရှည်မေး၍ မိဌာန်သည်ကို ဘုရားလူကြီးများကလည်း ခွင့်မပြုကြောင်း နောက်တော့ သိရ သည်။ ကလေးငယ်များ ဝါးခြမ်းပြားနီးကိုင်၍ ဘုရားနားတွင် မယောင်မလည် လုပ်နေလျှင် လူကြီးတွေက ဖောက်ထုတ်လွှတ်တတ်ကြသည်။ ထို့ကြောင့်လည်း ဘုရားလူကြီး တစ်ယောက်က တုတ်ကိုင်၍ ဘုရားရင်ပြင်နှင့် ဘုရားနားတွင် လှည့်နေခြင်း ဖြစ်မည်။

ထို့ကြောင့် ကျွန်ုပ်တို့မှာလည်း ကံ့ကော်တောဘုရားထဲတွင် အသက်ရှည် မည်လား၊ တိုမည်လား ဆိုသည်တို့ကို အဓိဌာန် မဝင်ခဲ့ကြရခြင်း ဖြစ်သည်။ ဘုရားပွဲက ကျွေးသော အနှစ်ရာယ်ကင်း ပိန်းဟင်းနှင့် ထမင်းစားကာ နေ့လယ် တွင် ရခိုင်ရိုးရာ ‘ကျယင်’ ပွဲကြည့်ပြီး ညနေလေးနာရီမှာ ပြန်လာကြသည်။

“ဘယ့်နှယ်လဲ သား၊ ဘယ်လိုနေသေးလဲ”

ကံ့ကော်တောဘုရားပွဲအကြောင်း တွေး၍ ငေးနေသော ကျွန်ုပ်အား





အဖေက မေးသည်။

“တော်တော် သက်သာသွားပါပြီ အဖေ၊ ခု နေလို့ ကောင်းပါတယ်”

နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရ၍လား မသိ၊ အမှန်လည်း နေကောင်းသွား သည်။ တစ်ကိုယ်လုံး ပေါ့ပေါ့ပါးပါး ဖြစ်သွားသည်။

ထိုအချိန်တွင် အပြင်၌ လေပြင်းတိုက်ခတ်နေသံကို မကြားရတော့၊ ကံ့ကော်တောဘုရားဘက်မှ ဂုံးချိန်ရွာသားတွေ ဆူဆူညံညံဖြင့် စကားပြော၍ ပြန်လာကြသံကိုသာ ကြားနေရသည်။

“ဘုရားဒကာရေ ဘယ့်နှယ်လဲတော့ လေပြင်းကျတာ သိုက်တူးသမားတွေ ကံ့ကော်တောဘုရားကို သိုက်လာတူးကြလို့ မဟုတ်လား”

စကားကျယ်ကျယ် ပြောရင်း သူတို့အိမ်နား ရောက်လာကြသော လူအုပ် ထဲမှ ဘုရားဒကာ ဆိုသည့်သူ အသံကို ကျက်မိသဖြင့် ကျွန်ုပ်တို့ တည်းခိုအိမ်ရှင် အဒေါ်ကြီးက အိမ်ရှေ့ထွက်ပြီး မေးသည်။

“ဟုတ်သမှ သိပ်ဟုတ်ပေါ့၊ ပေုဘုရားကို သိုက်သမားတွေ လာဖောက်ကြ တာ၊ ခု ကျုပ်တို့ လိုက်သွားကြတော့ သေထာဘုရား ဝမ်းဗိုက်မှာ ဖောက်ရာ တောင် တွေ့ခဲ့တယ်၊ အရင်တစ်ခါတုန်းကလိုပဲ ပေုဘုရားထင်ပြီး သေထာဘုရား ကို သိုက်သမားတွေ ဖောက်မိသွားကြတာပဲ”

ဘုရားဒကာ ဆိုသူက အိမ်ရှင်အဒေါ်ကြီးကို လမ်းမမှ ပြန်ပြောသည်။

ကျွန်ုပ်တို့ တည်းခိုအိမ်ရှင် အဒေါ်ကြီးက ဘုရားဒကာဟု ဆိုသူမှာ အမှန်က ကံ့ကော်တော ဘုရားဒကာ မဟုတ်၊ ဂေါပကလူကြီးသာ ဖြစ်သည်၊ သို့သော် အရပ်ထုံးစံ ဂေါပကများကို ရွာသူရွာသားတွေက ဘုရားဒကာတွေဟု တင်စား ခေါ်ကြခြင်းသာ။

“အဲဒီ ခွေးသား အပါယ်လားတွေကိုကော ဘုရားဒကာတို့ တစ်ယောက်မှ မမိလိုက်ကြဘူးလား”

“မမိလိုက်ကြဘူးဗျ၊ အရင် တစ်ခါလိုပဲ ရွာက လိုက်လာသံကြားတော့ ပြေးသွားကြမှာပေါ့၊ ဆီမီးတွေ ပူဇော်ထားတာလည်း လေတိုက်လို့ ငြိမ်းနေကြ တာ တွေ့ရတယ်”

ဘုရားဒကာ ဆိုသူက ပြောရင်း သူ့အိမ်ဘက် လျှောက်သွားသံ ကြားနေရ သည်။

“အရင်တစ်ခါကလည်း ဒီလိုပဲ သိုက်သမားတွေ ဘုရားသိုက် လာတူးကြ သေးသကိုး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အရင် လေးငါးနှစ်ကလည်း ဒီလိုပဲ သိုက်သမားတွေ လာဖောက်ဖူးကြသေးတယ်"

အဖေ၏ အမေးကို အိမ်ရှင်အဒေါ်ကြီးက ပြော၏။

"ဘုရားက ရွာနဲ့လည်း နည်းနည်းလှမ်းတော့ အစ်မကြီးတို့ရွာ ဘုရားလူကြီးတွေက ညညဆိုရင် အစောင့်ထားဖို့ ကောင်းတယ်နော်၊ နို့မို့ တစ်နေ့ မတော်တစ်နေ့ ဘုရားဌာပနာ . . ."

"အမယ်လေး၊ ငါ့မောင်ကြီးရယ်၊ ဒီဘုရားကို ဘယ်သိုက်သမားတွေမှ တူးဖောက်လို့ မရဘူးဆိုတာ အစ်မကြီးတို့ တစ်ရွာလုံးက ယုံကြည်ပြီးသား။ ထဲ၊ ခု ဒီညပဲလေ၊ ငါ့မောင်ကြီးတို့ မြင်တဲ့အတိုင်း၊ ဒီရာသီမှာ ဒီလို လေပြင်းမုန်တိုင်း ကျရမယ့် ရာသီလား၊ မယုံရင် ငါ့မောင်ကြီး အပြင်ထွက်ကြည့်လိုက်ဦး၊ ကောင်းကင်မှာ ကြယ်တွေ ပေါက်နေတာ မြင်ရလိမ့်မယ်၊ လေပြင်းကျနိုင်လောက်တဲ့ အရိပ်လက္ခဏာ ဘာမှ တွေ့ရမှာ မဟုတ်ဘူး"

အဒေါ်ကြီး ပြောသည်မှာ မှန်သည်။ မနေ့က ကျွန်ုပ်တို့ ရွာမှ ထွက်လာကြချိန်မှာလည်း ရာသီဥတုသည် သာသာယာယာပင်။ ညနေ အိပ်ခါနီး အပေါ့အပါး ဆင်းသွားကြတုန်းကလည်း ကောင်းကင်တွင် ကြယ်ပေါက်နေသည်။ လေပြင်းမုန်တိုင်း ကျနိုင်မည့် အရိပ်အယောင်ဆို၍ ဘာမှ မမြင်ကြရ။ မိုးသားတိမ်စ ဆို၍လည်း ကောင်းကင်ပြင်တွင် တစ်ဖွဲ့တစ်စမျှ မတွေ့ရ။ သို့ဆိုလျှင် ရုတ်တရက် လေပြင်းမုန်တိုင်း ကျလာရသည်မှာ အဘယ်ကြောင့်နည်း ဆိုသည်ကို အဖေက -

"အစ်မကြီး ဒါဆို ဘာဖြစ်လို့ ခုပဲ လေပြင်းကျပြီး ခုပဲ ပြန်ငြိမ်သွားရတာလဲ"

"အဲဒါပေါ့၊ သိုက်သမားတွေ ဘုရားကို သိုက်လာတူးနေကြပြီ ဆိုတာ နတ်ဒေဝတာ အစောင့်အရှောက်တွေက အစ်မကြီးတို့ ရွာသားတွေကို အသိပေးတာလေ၊ အဲဒါကြောင့် ဒီဘုရားက ရွာနဲ့ မနီးတဲ့ ကုံကော်တောထဲမှာ ဆိုပေမယ့် ဘာအစောင့်အရှောက်မှ ထားစရာ မလိုဘူး ငါ့မောင်ကြီး၊ ဘုရားကို သိုက်တူးမယ့် သိုက်ဆရာတွေ လာတိုင်း ဒီလိုပဲ ချက်ချင်း လေပြင်းကျပြီး သတိပေးတာ၊ ရွာသားတွေ သိလို့ အော်ဟစ် လိုက်သွားကြတာနဲ့ လေပြင်းမုန်တိုင်းလည်း ချက်ချင်းပျောက်ပဲ၊ ရွာကလူတွေ လိုက်လာကြသံကြားတော့ သိုက်သမားတွေလည်း ပြေးပေါ့နော်၊ ခု သေထာဘုရား ဗိုက်ဖောက်ခံရတာ နှစ်ခါသာ ရှိသေးပေမယ့် သိုက်သမားတွေ ဘုရားသိုက်တူးဖို့ လာကြတာကတော့ အစ်မကြီးတို့ သိတတ်စ အရွယ်ကပင်ဆို လေးငါးခါရှိပြီ၊ ဒီလိုပဲ သိုက်ဆရာတွေ ဘုရားနားကို





ရောက်တာနဲ့ ချက်ချင်း လေပြင်းကျလာပြီး ရွာသားတွေကို သတိပေးတာ၊ ဒီတစ်ခါနဲ့ အရင်တစ်ခါက ရွာသားတွေ အသိနောက်ကျသွားလို့ သေထာဘုရား ဗိုက်ဖောက်ခံလိုက်ရတာ၊ အဲဒါလည်း သိုက်ဆရာတွေ အမှန် ဗိုက်လာဖောက်တာက ကောတုံတရာစ်က ပေုဘုရားကိုတဲ့။ ဒါပေမယ့် ပေုဘုရားက တန်ခိုးကြီးတော့ သေထာဘုရားကိုပဲ မှားဖောက်မိကြတာ၊ ဘုရားဗိုက်ကို လာဖောက်ကြတာကလည်း ဒီလိုတဲ့"

"ဟုတ်ကဲ့၊ ပြောပြပါဦး အစ်မကြီး"

ဤစကားကိုတော့ အဖေက ဆိုသည်။

"သိုက်တူးဆရာတွေက ဘုရားဌာပနာထက် ဘုရားဗိုက်ကိုပဲ လာလာဖောက်နေကြတာဟာ စိန်ရွှေရတနာတွေထက် ဘုရားဗိုက်ထဲမှာ ရှိနေတဲ့ အစီအမံ အဆောင်တွေကို လိုချင်လို့လို့ ပြောကြတယ်။ စိန်ရွှေရတနာတွေကို လိုချင်ရင် ဘုရားပလ္လင်တော်ကိုပဲ ဖောက်ကြ တူးကြမှာပေါ့၊ ခုတော့ စိန်ရွှေရတနာတွေထက် တန်ဖိုးကြီးလှတဲ့ အစီအမံ အဆောင်တွေကို လိုချင်လို့ ဘုရားဗိုက်ကို လာဖောက်ကြတာပေါ့၊ ဒါပေမယ့် သူတို့ ဘယ်လောက်ပဲ လာဖောက်ဖောက် သေထာဘုရားကြီးကိုပဲ ဖောက်မိကြပြီး ကောတုံတရာစ်က ပေုဘုရားကိုတော့ တစ်ခါမှ မဖောက်မိကြတာ၊ ခု ဟို . . . ဘုရားဒကာကြီး ပြောသွားတဲ့ စကား ငါ့မောင်ကြီး ကြားလိုက်တဲ့အတိုင်းပဲလေ"

တည်းအိမ်ရှင် အဒေါ်ကြီးပြောသော စကားထဲတွင် 'ပေုဘုရား၊ သေထာဘုရားနှင့် ကောတုံတရာစ်တဘုရား' ဆိုသည်ကို ကျွန်ုပ် အံ့ဩသွားသည်။ ကျွန်ုပ်တို့လူငယ်များ သိနေကြသည်မှာ ကုံကော်တောဘုရားသာ။ ယခု တည်းခိုအိမ်ရှင် အဒေါ်ကြီး ပြောပြသည်မှာ ကျွန်ုပ် မသိသေးသော ပေုဘုရား၊ သေထာဘုရား၊ ကောတုံတရာစ်ဆိုသော စကားတို့ကြောင့် စိတ်ဝင်စားသွားကာ အိမ်ရှင်အဒေါ်ကြီးကို ကျွန်ုပ်ကပါ မေးမိလိုက်သည်။

"ကြီးကြီး ကျွန်တော်တို့ သိနေတာက ကုံကော်တောဘုရားပဲ သိကြတာ၊ ခု ကြီးကြီးပြောတော့ သေထာဘုရား၊ ပေုဘုရားဆိုတာ ဘာကို ပြောတာလဲ"

"သား ကုံကော်တောဘုရားကို ရောက်ဖူး၊ ဖူးဖူးတယ် မဟုတ်လား"

"ဘုရားပွဲ ကျွန်တော် နှစ်ခါတောင် ရောက်ဖူးတယ် ကြီးကြီး"

"အေး၊ သား ရောက်ဖူးတော့ ဘုရားအကြီးတစ်ပါးနဲ့ ဉာဏ်တော်အငယ် တစ်ပါးကို တွေ့မှာပေါ့"

"ဟုတ်ကဲ့ တွေ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဘုရားနှစ်ပါးထဲက မြောက်ဘက်ပလ္လင်ပေါ်မှာ စံပယ်နေတဲ့ အကြီး ဘုရားက နောက်မှ ရောက်လာတဲ့ သေထာဘုရားကွယ့်၊ ဘုရားဒကာက သေထာလို့ ခေါ်တယ်၊ ဉာဏ်တော်ငယ်ပေမယ့် တန်ခိုးကြီးတဲ့ တောင်ဘက်က ဘုရားကတော့ ငပုဘုရားလို့ ကြီးကြီးတို့ ဘိုးစဉ်ဘောင်ဆက် လူကြီးတွေက ပြောဆိုခဲ့ကြတယ်၊ ခုတော့ ကုံကော်တောထဲမှာ တည်ထားကိုးကွယ်ကြတာမို့ နောက်ပိုင်းမှာ ကုံကော်တောဘုရားလို့ပဲ အမည်တွင်တော့တာပေါ့" ဟုဆိုကာ ကုံကော်တောဘုရားသမိုင်းကြောင်းကို ပြောပြပါသည်။

⁂

ယခု ရခိုင်ပြည်နယ် ရမ်းဗြဲ(ရမ္မာဝတီ)ကျွန်း၏ မြောက်ဘက်ဖျား ဘင်္ဂလားပင်လယ်နားတွင် ရှိနေသော ကျောက်ဖြူမြို့မှာ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ အပြီးတွင် တနင်္သာရီနှင့် ရခိုင်ကမ်းမြောင်ဒေသတို့ကို သိမ်းပြီးနောက် အင်္ဂလိပ် တည်ခဲ့သောမြို့ ဖြစ်လေသည်။ ကျောက်ဖြူမြို့ဟု အမည်တွင်ခြင်းမှာ ယခင်က ကျောက်ဖြူရွာဟုခေါ်သော ရွာတစ်ရွာ ရှိသည်။ ထိုရွာကို ကျောက်ဖြူရွာဟု ခေါ်ကြခြင်းမှာ ရွာနား၌ ဧရာမ ကျောက်ဖြူလုံး (ကျောက်ဖြူတောင်ငယ်)နှစ်လုံး ရှိလေသည်၊ ထို ကျောက်လုံးမှာ ပေ (၇၀) ခန့် မြင့်သည်၊ ထိုကျောက်ဖြူလုံးကို အစွဲပြု၍ ရှေးရခိုင်များက 'ကျောက်ဖြူရွာ' ဟု ခေါ်ခဲ့ကြခြင်း ဖြစ်သည်။

ထို ကျောက်ဖြူလုံးကြီး နှစ်လုံးကို တချို့က ကျောက်မောင်နှမ၊ တချို့က ကျောက်လင်မယားဟုလည်း ပြောကြသည်၊ အဓိကမှာ ထိုကျောက်ဖြူရွာကို အစွဲပြု၍ ဆိပ်ကမ်းသာသောနေရာတွင် အင်္ဂလိပ်တို့က မြို့တည်ခဲ့ရာ 'ကျောက်ဖြူမြို့' ခေါ်လာကြခြင်း ဖြစ်သည်။

ထို ကျောက်ဖြူရွာကို အုပ်ချုပ်ရသော ရွာသူကြီးမှာ ငပချေ (ပေါ်ချေ) ဖြစ်သည်၊ တစ်နေ့သ၌ ထိုငပချေ ရွာသူကြီးသည် အကြောင်းကိစ္စ တစ်ခု ကြောင့် သစ်ခုတ်ဝါးခုတ်သွားရာ တောင်ပူစာထိပ်တွင် ဘုရားရုပ်ပွားတော် တစ် ဆူကို တွေ့ရသည်၊ ဘုရား၏ ဉာဏ်တော်မှာ တစ်တောင်ကျော်ခန့်သာ ရှိသဖြင့် အိမ်၌ ကိုးကွယ်ထားရန် ဘုရားကို ထမ်းပင့်လာသည်။

ကျောက်ဖြူရွာအနီး ရွာချောင်းအနားသို့ ရောက်လာသောအခါ သူ ထမ်း ပင့်လာခဲ့သောဘုရားမှာ ချက်ချင်း အကြီးအကျယ် လေးလံလာသည်။ ထို့ကြောင့် ရွာသူကြီး ငပချေမှာ ဘုရားကို ပခုံးပေါ်က ချ၍ ခဏနား အပန်းဖြေ နေသည်၊ အမောပန်းပြေ၍ ဘုရားကို ထမ်းပင့်ရန် မ,ချီသောအခါ ဘယ်လိုမှ မ,မနိုင်တော့ပေ။ ရွာသူကြီး ငပချေ၏ စိတ်ထဲတွင် ဤဘုရားကို ပင့်ဆောင်





လာရသောနေရာနှင့် ယခုနေရာမှာ အတော် ဝေးသဖြင့် သူ့အင်အား ကုန်ခန်း သွား၍ ဘုရားကို ပင့်မမြှောက်နိုင်တော့ဟု ထင်သည်။

ထို့ကြောင့် ရွာသူကြီး ငပချေသည် သူ့ရွာသားများကို ခေါ်ယူပြီး အား ကောင်းမောင်းသန်လူများကို ပင့်ထမ်းခိုင်းသည်။ သို့သော် ရွာသူကြီး ငပချေ အဝေးကပင် တစ်ယောက်တည်း ဤနေရာသို့ ရောက်အောင် ထမ်းပင့်လာ သောဘုရားကို တစ်ယောက်တည်း မည်သူမျှ မ,မရ ပင့်ထမ်းမရ ဖြစ်နေကြပေ သည်။ ထိုအခါတွင် နှစ်ယောက်၊ သုံးယောက် အားကောင်းမောင်းသန် မင်းယောက်ျားများ ဝိုင်းမ ပင့်ကြသည်။ သို့နှင့်လည်း ဘုရားကား မြေကြီးနှင့်ပင် ကပ်နေသလို မ,မရ၊ ပင့်မရ။ ဤသည်ကို မကျေနပ်၍ ရွာသူကြီး ငပချေ ကလည်း သူ တစ်ယောက်တည်း တစ်ခါ ထပ်မံ ထပ်ပင့်သည်၊ သူ အဝေးကြီး ကပင် ထမ်းပင့်လာသောဘုရားကား ယခုအခါ မ,၍ ပင့်၍ မရတော့။

ထိုအခါ သက်ကြီးလူကြီး ရွာသားကြီးတစ်ဦးက 'ဘုရားပင့်သည် ဆိုခြင်း မှာ ထင်းတုံး၊ ကျောက်တုံး ထမ်းသလို ပခုံးနှင့် မရိုမသေ ထမ်းပင့်၍မရ၊ ယာယီ ရထားပလ္လင် ပြုလုပ်ပြီး ရထားပေါ် တင်ပင့်ကြမှ ရလိမ့်မည်' ဟု ပြောပြသဖြင့် ဘီးလေးဘီးတပ် ရထားပလ္လင်လုပ်ကာ အားကောင်းမောင်းသန်လှသော သုံး လေးယောက် ဝိုင်းမ၍ ဘုရားကို ရထားပလ္လင်ပေါ် တင်လိုက်ကြသည်၊ ရထား ပလ္လင်ထက် ရောက်လာသောဘုရားကို လူတွေမှာ အံ့ဩမဆုံး၊ ကြည်ညိုမဆုံး ဖြစ်ကာ ဦးချ ကန်တော့ကြသည်။

ဆီမီး၊ အမွှေးနံ့သာ၊ ပန်းတို့ဖြင့် ပူဇော်ကာ သူတို့ရွာ၌ ကျောင်းဆောက် ကိုးကွယ်ရန် ဘုရားတင်ထားသော ရထားပလ္လင်ကို ကြိုးတပ်၍ ရွာဘက်သို့ ဆွဲပင့်ကြသည်။ သို့သော် ရထားပလ္လင်ဘီးကား လိမ့်ပင် မလိမ့်ပါချေ၊ ရွာရှိ အားကောင်းမောင်းသန် မင်းယောက်ျားများက ဝိုင်းဆွဲပင့်ကြသည်၊ ရထား၌ ဘပ်ထားသော လွန်ကြိုးကြီးတွေသာ ပြတ်ထွက်ကုန်သည်၊ ဘုရား တင်ထား သောရထားက လှုပ်ပင် မလှုပ်။

သို့နှင့် နောက်ထပ် ကြိုးကြီး၊ ရထားကြိုးတွေ တပ်၍ ဆွဲကြပြန်သည်၊ ကြိုးတွေသာ တစ်ပင်ပြီး တစ်ပင် ပြတ်ထွက်ကုန်သည်၊ ဘုရားရထားဘီးကား တစ်လက်မပင် မရွေ့။ ထိုအခါ လူတွေမှာ အံ့ဖွယ်သရဲဖြစ်ပြီး အမျိုးမျိုး ဝေဖန် ပြောဆိုကြသည်။ ဘုရားကို ရထားပလ္လင်နှင့် ဖြတ်သွားရမည့် ချောင်းငယ်မှာ ဒီးတွင်း၌သာ ရေစီးပြီး နွေဆိုလျှင် ချောင်းခြောက် ဖြစ်သည်၊ ထိုချောင်းတွင် ရွာသူရွာသားများ အားလုံးက အလေးအပေါ့တွေ သွားထားကြရာ ချောင်း



www.burmeseclassic.com

www.burmeseclassic.com



မြောက်မှာ ညစ်ပတ်၍ သေး၊ ချေးတွေနှင့် ပြည့်နေသည်။ ထို့ကြောင့် ဘုရားကို ပင့်မရတာ ဖြစ်ရမည်ဟု လူကြီးတွေက တွက်ဆကြသည်။

နောက်တစ်ကြောင်းမှာ ယခု ဘုရား ရောက်ရှိနေသောနေရာမှာ ရွာနှင့် ချောင်းနှင့် အလှမ်းမနီးလှဘဲ အလေ့ကျပေါက်နေသော ကုံကော်တောကြီးထဲ တွင် ဖြစ်သည်။ ရာသီအလိုက် ကုံကော်ပန်းတွေ ပွင့်နေလိုက်ကြသည်မှာလည်း ဝင်လုံးညွတ်မျှ ရှိနေသည်။ ပတ်ဝန်းကျင် တစ်ခုလုံးမှာ ကုံကော်ပန်းရနံ့တို့ဖြင့် ထုံသင်း မွှေးကြိုင်နေသည်။ ကုံကော်ပန်း၊ ကြာပန်း၊ အင်ကြင်းပန်းတို့မှာ ဘုရားရှင် အဆူဆူတို့နှင့် ပတ်သက်နေသောပန်း ဖြစ်သည်။ သူတို့ဒေသ အလေ့ အထလည်း မိန်းမသူများက ကုံကော်ပန်း၊ ကြာပန်း၊ အင်ကြင်းပန်းတို့ကို ဘုရားပန်း သက်သက် သတ်မှတ်ကြကာ ဘုရားတင်သည်ကလွဲပြီး မိန်းမသူများ ပန်ဆင်လေ့ မရှိကြ။ ထို့ကြောင့် ယခု အပွင့်တွေ တဝေဝေ ဖြစ်နေသော ဤ ကုံကော်တောကြီးသည် ဘုရား စံပယ်တော်မူရန် အသင့်တော်ဆုံးသော မြေသန့် မြေမြတ် ဖြစ်သည်ဟု အားလုံး ယုံကြည်ကြကာ ဤကုံကော်တောထဲ၌ပင် ကျောင်းဆောက်၍ ဤဘုရားကို တည်ထား ကိုးကွယ်တော်မူကြလေသည်။

"ဒါဆိုရင် ဒီဘုရားက ကျောက်ဖြူရွာသူကြီး ငပချေ ဘုရားပေါ့နော် ကြီးကြီး"

ဘုရားသမိုင်းကြောင်း ပြောပြနေသော တည်းခိုအိမ် အဒေါ်ကြီးအား ကျွန်ုပ်က မေးလိုက်၏။

"အိမ်း ငပချေ သူကြီးဘုရားလို့ ပြောရင်လည်း ရ . . ."

"စောစောက ကြီးကြီး ပြောပြတော့ တန်ခိုးကြီးတဲ့ တောင်ဘက်ဘုရား ငယ်က ငပုဘုရား ဆိုလားလို့"

အဒေါ်ကြီး စကားမဆုံးမီ ကျွန်ုပ်က ဖြတ်မေးလိုက်သည်။

ဤသည်ကို အဖေကတော့ "တော်တော် လျှာရှည်တဲ့အကောင်ပဲ. . ." ဟူသော သဘောနှင့် ကျွန်ုပ်ကို မျက်စောင်းထိုးပြီး ကြည့်နေသည်။ ထိုအခါတွင် တည်းခိုအိမ်ရှင် အဒေါ်ကြီးက ကျွန်ုပ်အား ပြုံးကြည့်၍ စကားဆက်၏။

"ကြီးကြီး ပြောမယ့်စကား သားက ဆုံးအောင်မှ နားမထောင်တာ"

"ဟုတ်တယ် အစ်မကြီး၊ ဒီကောင်က လူကြီးပြောတဲ့စကားကို ဆုံးအောင် တစ်ခါမှ နားမထောင်ဘူး။ အဲဒါကြောင့် ရွာက လူကြီးတွေနဲ့ မတည့်တာ"

အဖေက ကျွန်ုပ်၏ ငယ်ကျိုးငယ်နာတွေကိုပါ ပြောလာသောအခါ ကျွန်ုပ် မှာ အသာ ငြိမ်နေလိုက်ရသည်။ သို့သော်လည်း အဒေါ်ကြီးကတော့ တဟဲဟဲ





ရယ်ပြီး. . .

"အဲဒါ သား သဘောပေါက်အောင် ပြောရရင် ဒီဘုရားကို ကောတုံ တရာဇ်မြို့ကြီး ပျက်ခါနီး၊ မပျက်မီ တစ်ပတ်အလိုလောက်က ကောတုံတရာဇ်မြို့ သား အဘိုးအို ငပုဆိုတဲ့ လူကြီးက အိပ်မက်အရ ထမ်းပင့်လာပြီး တောင်ပေါ် မှာ ထားပစ်ခဲ့တာ (ထိုတောင်ကို ယခုတိုင် ငပုတောင်တော်ဟု ခေါ်ကြသည်) အဲဒီ တောင်ပေါ်က ဘုရားရှင်ကို ကျောက်ဖြူရွာသူကြီးက သစ်ခုတ်ဝါးခုတ်သွား လို့ တွေ့တာနဲ့ ပင့်ထမ်းလာတယ်ဆိုတာ စောစောက ကြီးကြီး ပြောပြီးပါပြီ၊ အဲဒါကြောင့် ဒီဘုရားရဲ့ မူလ ဒကာတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ကောတုံ တရာဇ်မြို့ကြီးကို နဂါးတွေ ရေမကစားမီ တစ်ပတ်အလိုလောက်က ကောတုံ တရာဇ်မြို့ကြီးဆီက ထမ်းပင့်လာလို့ တချို့၊ တချို့ ဆိုတာ ကြီးကြီးတို့ရဲ့ အဘိုး အဘွား အဖိုးတို့က ကောတုံတရာဇ်ဘုရား၊ ငပုဘုရားလို့လည်း ခေါ်ခဲ့ကြတယ်၊ အဲဒါကြောင့် စောစောက သားကို ငပုဘုရားလို့ ပြောတာပါ"

တည်းခိုအိမ်ရှင် ကြီးကြီးစကားကို ကြားရသောအခါ ကျွန်ုပ်မှာ ပင်လယ် ငှက်များနှင့် တောင်စဉ်ငှက်များ တက်၍ ခိုက်ခိုက်တုန်နေအိမ်တုန်းကထက်ပင် ခေါင်းနောက်ချင်လာသည်။ ဤ ကုံကော်တော၌ရှိသော ဘုရားမှာ ကောတုံ တရာဇ်ကဘုရား ဆိုသည်ကိုလည်း အံ့ဩလို့နေသည်၊ ကောတုံတရာဇ်မြို့ကြီး နှင့် ပတ်သက်၍ ငယ်စဉ်က အဘိုး၊ အဘွား၊ အဖေ၊ အမေတို့၏ ပြောစကား တွေကိုလည်း ကြားယောင်လာသည်။

ကောတုံတရာဇ်မြို့ ဆိုသည်မှာ စာရေးသူတို့ရွာနှင့်နီးသော ယခု ဝေါတူ ရွာအောက်ဘက် ဘင်္ဂလားပင်လယ်ထဲတွင် ရှိသည်ဟု လူကြီးတွေက ပုံပြင်ပမာ ကျွန်ုပ်တို့အား ငယ်စဉ်က ပြောပြကြသည်။ ဒီရေစစ်ချိန်ဆိုလျှင် တောင်ပေါ်က တက်ကြည့်ပါက ကောတုံတရာဇ်မြို့ကြီး၏ နန်းတိုင်တွေကို မြင်တွေ့ရသည်ဟု ပြောသဖြင့် ကျွန်ုပ်တို့ ကျောင်းသားများ တောင်ပေါ်က တက်ကြည့်မူကြသည်။ ဘင်္ဂလားပင်လယ်ပြင်ထဲတွင် ရွက်လှေကြီးတွေ၊ သင်္ဘောကြီးတွေ သွားလာနေ ကြသည်ကိုသာ မြင်တွေ့ရပြီး ကောတုံတရာဇ်မြို့က နန်းတိုင်တွေကို မမြင်ရ။

ထို့ကြောင့် လူကြီးတွေကို ထပ်မေးကြည့်ရာ နှစ်ကြာပြီ ဖြစ်သဖြင့် ယခု နန်းတိုင်ဟောင်းတွေ လဲကျသွား၍ ဖြစ်မည်။ သူတို့ ဘိုးဘိ လက်ထက်ကမူ နန်းတိုင်ဟောင်း သုံးလေးလုံးကိုပင် မြင်နေရသေးသည်ဟု ပြောကြသည်။ ဤ သည်မှာလည်း ဖြစ်နိုင်သောအရာ ဖြစ်သဖြင့် ကောတုံတရာဇ်မြို့ကြီးကို ကျွန်ုပ် ငယ်စဉ်ကပင် အလွန် စိတ်ဝင်စားခဲ့သည်။ ခမ်းနားကြီးကျယ်သော ကောတုံ



www.burmeseclassic.com

www.burmeseclassic.com



တရာဇ်မြို့ကြီးအကြောင်း အဘွားတို့ အဖိုးတို့နှင့် ဘိုးဘေးဘီဘင် စကားတွေမှာ လွှမ်းမောစရာ ကောင်းလှပေသည်။ အာရိယာန် (အိန္ဒိယ) ပြည်နှင့် ကောတုံတရာဇ်တိုင်းကြီးမှာ ယခုလို ဘင်္ဂလားပင်လယ်ပြင်ကြီးက မဆီးမခြား၊ ဘဲတစ်ကူးရေလက်ကြားတစ်ခုသာ ခြားသည်ဟု ဆိုသည်။ သို့သော် ထိုစဉ်က အဘွားပြောပြသော ကောတုံတရာဇ်မြို့ကြီးထဲ စိတ်ရောက်နေ၍ ဘယ်လို ဘဲကကူးလဲ၊ အလျားလိုက်လား၊ အနံလိုက်လား၊ မမေးမိလိုက်သည်မှာ နှမြောစရာကောင်းလှသည်။

နောက်တစ်ခု အံ့သြစရာမှာ ယခု ကံ့ကော်တောဘုရားကို ကျောက်ဖြူရွာသူကြီး ငပချေ (ငပါးချေ) ပင့်ဆောင်လာပြီး ကံ့ကော်တော၌ ဘုရားတည်ပြီးနောက် ဘုရားပွဲ ကျင်းပသည်။ ထို ဘုရားပွဲမှာ လူတွေ အလွန် စည်ကားသည်။ ထိုစဉ်တုန်းက ဘုရား၏ ပတ်ဝန်းကျင်တွင် တခြား ရွာများလည်း မရှိသေး။ သို့သော် ဘုရားပွဲလာ ပရိသတ်တွေမှာ ရွာနှင့် မမျှအောင် များပြားလွန်းနေသည်။ ဝတီလေးရပ်မှ လူများ လာရောက်နေကြလေရော့သလားဟုပင် ထင်မှတ်များလောက်အောင် ကံ့ကော်တောဘုရားပွဲတော်က လူစည်ကားသည်။ လူတွေကို မြင်ရသည်မှာလည်း မိမိတို့ ကျောက်ဖြူရွာထဲက လူတွေ မဟုတ်ဘဲ မျက်နှာစိမ်းတွေချည်း ဖြစ်နေကြသည်။

ထို့ကြောင့် ပွဲထဲ၌တွေ့သော မိန်းမ၊ ယောက်ျား၊ ကလေးသူငယ်များကိုပါ "ဘယ်ရွာကလဲ၊ ဘယ်ကလာကြတာလဲ" မေးမိလျှင် ထိုလူများက "ကောတုံတရာဇ်က လာကြတယ်"ဟု ဖြေကြသည်။ ကောတုံတရာဇ် တိုင်းပြည်ကြီးမှာ ဘယ်ကမ္ဘာကမ္ဘာကပင် ပျက်သွားသည် မသိရသော်လည်း ယခု ကံ့ကော်တောဘုရားပွဲ လာသူများက "ကောတုံတရာဇ်ကပါ" ဟု ဆိုသောအခါ လူတွေမှာ ကြက်သီးထစရာ ဖြစ်ကြရသည်။

*ကောတုံတရာဇ်တိုင်းကြီးမှာ ယခုအထိ ရှိနေသေးသလား၊ ဘယ်နေရာမှာပါလိမ့်၊ ကောတုံတရာဇ်မြို့ကြီးမှာ ယခင်ကပင် ပင်လယ်ရေပြင် မိုးထားသောမြို့ ဖြစ်သဖြင့် ယခုလည်း ကျောက်ဖြူရွာသားတွေ မမြင်ရသော ရေအောက်မှာများ သီးခြား တည်ရှိနေလေသလား သို့မဟုတ် ကောတုံတရာဇ်ကို နတ်၊ နဂါးများ ကွယ်ထား၍ မမြင်မတွေ့ကြရခြင်းလား သို့မဟုတ် ယခု ဘုရားပွဲ၌ တွေ့နေရသူများမှာ ကောတုံတရာဇ်မြို့ပျက်၊ တိုင်းပျက်ကြီးထဲက ဝိညာဉ်တွေ လာရောက်နေကြလေသလား ဟူသော အတွေးတွေကြောင့် ကောတုံတရာဇ်ကပါဆိုသော လူများကို မည်သူမျှ ဆက်မမေးရဲ မမေးဝံ့ကြတော့ဘဲ ဖြစ်ခဲ့ကြရသည်။*





ဆိုသည်။

ဤသို့ ကံ့ကော်တောဘုရားပွဲ၌ "ကောတုံတရာဇ်ကပါ"ဟု ပြောသူများကို တွေ့ခဲ့ကြရသည်မှာ ပထမဦးဆုံး ကံ့ကော်တောဘုရားပွဲမှသည် နောက်နှစ်ပေါင်းများစွာ အဘိုး အဘီးတို့ လက်ထက်အထိဟု ပြောကြသည်။

ထိုအခါ အဖေက မည်မျှ လျှာရှည်သည်ပြောပြော ကျွန်ုပ် မနေနိုင်တော့။ ကောတုံတရာဇ်မြို့ကြီး မည်သို့မည်ပုံ ပျက်စီးသွားသည်၊ ဘင်္ဂလားပင်လယ်အောက်ထဲ မည်သို့၊ မည်ပုံ ရောက်ရှိသွားသည်၊ နဂါးရေကစားသည် ဆိုသော တည်းခိုအိမ်ရှင် အဒေါ်ကြီး စကားကို အလွန် စိတ်ဝင်စားလာသဖြင့် မေးမိလိုက်ပြန်ပါသည်။

"ကြီးကြီး ပြောပါဦး၊ ကောတုံတရာဇ်မြို့ကြီး ဘယ်လိုဖြစ်လို့ ပျက်သွားတာ"

"အမယ်လေး၊ ကောတုံတရာဇ်မြို့ကြီး ပျက်သွားတဲ့ အကြောင်းကို ပြောရရင် မိုးလင်းလို့တောင် ပြီးမှာ မဟုတ်ဘူးကွယ့်၊ ခု သားတို့ မနက်ဖြန်ဆို မြို့ကို ရောက်ကြမှာပဲ ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော် ဆေးရုံတက်ရဦးမှာလေ ကြီးကြီး"

"ကြီးကြီး မှာလိုက်မယ်"

"ဟုတ်ကဲ့"

"ကျောက်ဖြူမြို့ဆိုကို ရောက်ရင် သားဦးလေး လက်သမားဆရာကြီး ဦးမောင်ထွန်းသာကိုပဲ မေးတော့၊ သူက ကြီးကြီးထက် အများကြီး သိတယ်၊ မြန်မာရာဇဝင်၊ ရခိုင်ရာဇဝင်တွေကိုလည်း နှံ့စပ်တဲ့အပြင် သူက မှတ်တမ်းမှတ်ရာ စုဆောင်းတာကိုလည်း အင်မတန် ဝါသနာကြီးတော့ သားတို့ ဦးလေးကို မေးရင် ပိုသိရမယ်"

တည်းခိုအိမ်ရှင် ကြီးကြီး ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ဦးလေးဦးမောင်ထွန်းသာသည် ယခင့်ယခင်တုန်းက ရာဇဝင်သမိုင်းများသာ မဟုတ် ယခုလည်း မိမိတို့ မြို့ရွာ၌ ထူးခြားဖြစ်စဉ်များကို တခုတ်တရ ရေးမှတ်တတ်သည်။ ထို့ကြောင့်လည်း ဘယ်နှစ်က ဘယ်သူ့ ငှက်ပျောခြံထဲရှိ ငှက်ပျောပင် တစ်ပင်မှ ထူးထူးဆန်းဆန်း တစ်ညတည်းမှ ငှက်ပျောခိုင် နှစ်ခိုင် ထွက်သည်။ ဘယ်နေ့က ဘယ်ရွာပေါ်မှ ရေအိုးလုံးလောက်ရှိသော မီးလုံးကြီး တလုံး ပျံတက်သွားသည်။ ပင်လယ်ကမ်းခြေတွင် ဘယ်နေ့က ပေငါးဆယ်ရှည်သော ငါးကြီး အသေတစ်ကောင် လာသောင်တင်သည် စသော ထူးခြားဖြစ်စဉ်များ



www.burmeseclassic.com

www.burmeseclassic.com



အပြင် ယခု ဤစာရေးသူက ဤစာမူကို ရေးနေချိန်၌ ကုံကော်တောဘုရား သမိုင်းနှင့် ပတ်သက်သည်များကို စာရေး၍ လှမ်းမေးရာ ကုံကော်တောဘုရား သမိုင်းစာအုပ်အပြင် ကျောက်ဖြူမြို့တည် ခရစ်နှစ် ၁၈၈၁ ခု ထောင်ကို ၁၈၈၅ ခု တည်သည်ကစ၍ ၁၂၉၂ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် တနင်္လာနေ့ တွင် မုန်တိုင်းကြီး တိုက်သည်။ ရမ်းဗြဲ မာန်အောင်ကျွန်းများတွင် နဂါးမီးတောက် (မီးတောင်များ ပေါက်ကွဲ) သည်၊ ပေတစ်ထောင်ရှည်သော သင်္ဘောကြီး ကျောက်ဖြူမြို့ကို ဘယ်နေ့က ဝင်ကပ်သွားသည်၊ ရေစုံး ဘယ်လောက်၊ သင်္ဘောသား ဘယ်နှယောက်၊ တန်ချိန် မည်မျှ တင်နိုင်သည်။ ဘင်္ဂလားဒေ့ရှ်သို့ ကုန်သေတ္တာ အလုံးပေါင်း မည်မျှ တင်ပို့သည်ကအစ အကုန် ရေးထည့်ပေး လိုက်သဖြင့် စာရေးသူမှာ ပြုံးမိရသည်။

သို့သော် သမိုင်းနောက်ခံ စာမူတစ်ခုအတွက် ဦးလေး၏ ဆယ့်နှစ်မျိုး ချင်းသုပ် မဟုတ်၊ အမျိုးအမည် (၁၀၀) သုပ်ကို သည်းခံ ဝါးစားကြည့်ရသေး သည်။ ထို့ကြောင့်လည်း ၁၃၃၃ ခုနှစ်က ကုံကော်တောဘုရားကို ပြန်လည် ပြုပြင် မွမ်းမံကြရန် ဂုံးချိန်ဆရာတော် ဦးဘဒ္ဒိယနှင့် ဂေါပကအဖွဲ့က ဦးမောင် ထွန်းသာကို ကြီးကြပ် စီမံပေးရန် တာဝန်ယူခိုင်းကြသည်။ ဦးမောင်ထွန်းသာမှာ ဂုံးချိန်ရွာ၌နေသူ မဟုတ်။ ဂုံးချိန်ရွာနှင့် ငါးမိုင်ခန့်ဝေးသော ကျောက်ဖြူမြို့၌ နေသူသာ ဖြစ်သည်။

ပြီးတော့ ပရိဘောဂ အလုပ်ကိုသာ ကျွမ်းကျင်၍ ဘုရားပလ္လင် မှန်စီရွှေချ တံကဲ လုပ်ရာ၌ ကျွမ်းကျင်သူ မဟုတ်၊ ထို့ကြောင့် မန္တလေးထိတက်၍ မှန်စီရွှေချ ပန်းရန်ဆရာများကို သွားခေါ်ရသည်။ ထိုစဉ်က စာရေးသူမှာ ရန်ကုန်ရောက် နေပြီဖြစ်ရာ ဦးလေးနှင့်အတူ ပါလာသူ မှန်စီရွှေချပညာရှင် ဦးစံရွှေကို တွေ့လိုက် ရခြင်း ဖြစ်သည်။

မူလ လက်ရှိ ကုံကော်တောဘုရားနှစ်ဆူ စံပယ်တော်မူရာ ကျောက်သား ပလ္လင်မှာ ပလ္လင်ပုံသဏ္ဌာန်ပင် မရှိ။ တစ်ပြေးတည်း တစ်ဖြောင့်တည်း ကျောက် သားပေါ်ထက်၌ စံနေတော်မူကြသည်။ ထို့ကြောင့် သိမ်ကို ယာယီ စံကျောင်း တော်လုပ်ကာ ဘုရားကို စံကျောင်းတော်ပေါ်သို့ မူလနေရာမှ ပင့်ကြရာ ဆရာ တော်ကြီး အမိန့်ရှိထားသည့်အတိုင်း မြောက်ဘက်ရှိ အကြီးဘုရားကို အရင် ပင့်ဆောင်ကြသည်။ သို့သော် စံကျောင်းပေါ်သို့ ရောက်လာသောအခါ တောင် ဘက်က ညာဏ်တော်ငယ် ဘုရားသာ ဖြစ်နေသည်။ ဤသည်ကို ဆရာတော် ကြီးသိလျှင် နမော်နမဲ့နိုင်သော သူတို့ကို အပြစ်တင်မှာစိုး၍ စောစောက ဖုံးထား





ကြသည်။ ထူးဆန်းသည်ဟု ထိုစဉ်က မည်သူမျှ သတိမရကြသေး။

ဤ ဘုရားနှစ်ဆူတွင် ရုပ်ပွားတော်ငယ်ဘုရားကို တန်ခိုးပိုကြီးသည်၊ တချို့က သိုက်ဘုရားဟုလည်း ပြောကြရာ ကြီးကြပ်ရသူ ဦးမောင်ထွန်းသာမှာ အစစအရာရာ သတိဝီရိယ အလွန်ထားသည်။ စေ့စပ်သေချာစွာလည်း ဘုရား ရုပ်ပွားတော်နှစ်ဆူကို ကြည့်ရှု ကြည်ညိုသည်။ ထိုအခါမှ ရုပ်ပွားတော်နှစ်ဆူ၏ ခြေတော် တင်ပျဉ်ခွေနေဟန်မှာ အခြား အခြား ရုပ်ပွားတော်များလို မဟုတ်ဘဲ ခြေနှစ်ဖက်ကို ပေါင်ပေါ်တွင် တင်မထားပေ။ မြင်ညီပေါ်တွင် ရှေ့တစ်ချောင်း နောက်တစ်ချောင်း ထားသည်ကိုသာ ဖူးရသည်။

မြောက်ဘက်၌ စံနေသော ညာဏ်တော်ကြီးဘုရား၏ ဗိုက်နှင့်ဘေးတို့တွင် အင်္ဂတေဖြင့် ဖာထေးထားသော အပေါက်ဖာရာ ထေးထားရာ နှစ်ခု သုံးခုကို လည်း တွေ့ရသည်၊ ဤသည်မှာ ရှေးရှေးကပင် တောင်ဘက်က ညာဏ်တော် ငယ်ဘုရားကို အစီအမံ သိုက်ဘုရားအဖြစ် သိုက်တူးသမားများ လာဖောက်ဖူးကြ ရာ သူတို့က တောင်ဘက်က ညာဏ်တော်ငယ်ဘုရားအဖြစ် ထင်မှတ်ပြီး မြောက် ဘက်က ညာဏ်တော်ကြီးဘုရားကို ဖောက်ကြရာ ဖောက်ရာများအား ရှေးလူများ ဖာထေးထားခဲ့ကြရမှန်း သိသိသာသာ ထင်နေခြင်းပင်။

ဤသို့နှင့် ဘုရားနှစ်ဆူ စံပယ်နေတော်မူရန် မုခ်ပေါက်နှစ်ခုကို လက်သမား၊ ပန်းရန်များက ပြုလုပ်ကြရာ ဆရာတော်ကြီး အမိန့်ရှိသည့်အတိုင်း ရုပ်ပွား တော်နှစ်ဆူမှာ ညာဏ်တော် အကြီး၊ အသေး မတူကြသော်လည်း မုခ်ပေါက်၏ အမြင့်ကိုမူ အတူတူထား၍ လုပ်စေသည်၊ ဤသို့လုပ်ရခြင်းမှာ တောင်ဘက်က ဘုရားမှာ ညာဏ်တော်ငယ်သော်လည်း ဝါကြီးသည်၊ ဘုန်းတန်ခိုးလည်း ပိုကြီး သည် ဟူသော ရှေးရှေး အစဉ်အဆက် ပြောလာကြသောစကားကို မပယ်လို ၍ ဖြစ်သည်။

သို့သော် ဘုရားမုခ်ပြီးပြီဟု ဦးမောင်ထွန်းသာအား လက်သမား ပန်းရန် များက အပ်ကြရာ ဦးမောင်ထွန်းသာက စေ့စပ်သေချာသူပီပီ အလျား၊ အနံ၊ အနိမ့်၊ အမြင့်တို့ကို တိုင်းထွာကြည့်ရာ ညာဏ်တော်ငယ် စံပယ်ရမည့် တောင် ဘက် မုခ်ပေါက်မှာ ငါးမူးသားခန့် မြင့်တတ်နေသည်။ ဤသည်ကို ဦးမောင် ထွန်းသာက ပန်းရန်ဆရာအား ပြောရာ ပန်းရန်ဆရာက အတူတူ အညီညီပင် လုပ်ထားပါကြောင်း ပြောနေသဖြင့် သူတို့ရှေ့၌ပင် ဦးမောင်ထွန်းသာက တိုင်းပြ ပြီး အညီ ဖြစ်စေရန် ပြန်လုပ်ခိုင်းလိုက်သည်။

ဦးမောင်ထွန်းသာမှာ ကျောက်ဖြူမြို့တွင် နေသူဖြစ်သဖြင့် ငါးမိုင်ခန့်



www.burmeseclassic.com

www.burmeseclassic.com



ဝေးသော ကုံကော်တောဘုရားနှင့် ကျောက်ဖြူမြို့ကို ကူးချည်သန်းချည်နှင့် သူ့အိမ်က ပရိဘောဂလုပ်ငန်းကိုလည်း ကြီးကြပ်ရသူဖြစ်ရာ နောက်တစ်နေ့ လာ၍ တိုင်းကြည့်သောအခါမှာလည်း တောင်ဘက်မုခ်ပေါက်မှာ မြင့်နေတုန်း ပင် ရှိသေးသဖြင့် "မလုပ်ကြသေးဘူးလား" ဟု ပန်းရန်များကို ပြောလေရာ ပန်းရန်များကလည်း အညီအမျှ ပြန်လုပ်ထားကြောင်း ပြောကြသည်။ ဦးမောင်ထွန်းသာက တိုင်းပြသောအခါတွင် မနေ့က အတိုင်းပင် မြင့်နေသည်ကို တွေ့ကြရပြန်သည်။ ထိုအခါ၌ ဦးမောင်ထွန်းသာကလည်း တတိယမှ အနိမ့်အမြင့်ကို ပြန်ညှိ၍ လုပ်ခိုင်းပြန်သည်။

တတိယအကြိမ်တွင် ပန်းရန်ဆရာကြီးကိုယ်တိုင် ဝင်လုပ်သည်။ အနိမ့် အမြင့် မရှိစေရအောင် လုပ်ထားသည်ဟု ပြောသည်။ ဦးမောင်ထွန်းသာ လာ တိုင်းကြည့်ပြန်သောအခါ အရင်နေ့ကအတိုင်း မြင့်နေပြန်ရာ ဦးမောင်ထွန်းသာ မှာ မည်သူ့ကိုမျှ မပြောတော့ဘဲ "ထူးဆန်းတာပဲ" ဟုသာ မိမိစိတ်ထဲ မှတ်ထင် ကာ သည်အတိုင်းပင် ထားလိုက်တော့သည်။

နောက်တစ်ခု ထူးခြားမှုမှာ ဘုရားရုပ်ပွားတော်နှစ်ဆူအား ယာယီစံနေရာမှ ပလ္လင်ထက်သို့ ပင့်ရန် မင်္ဂလာကျရောက်ချိန်တွင် သံဃာတော်များကို ပင့်၍ တရိယာများ တီးမှုတ်ပြီး မှန်စီရွှေချပညာရှင် ဦးစံရွှေကို ပွဲကိုင်ခိုင်းသည်။ ဦးမောင်ထွန်းသာက သောင်းတိုက်စကြဝဠာမှ နတ်များကို ပင့်ဖိတ်သည်။ ထိုအခါ ဦးစံရွှေမှာ တဆတ်ဆတ်တုန်လာပြီး နတ်ဝင်တော့သည်။ ဤသည် ကို ဂုံးချိန်ဆရာတော်ကြီးက "ဒကာတို့ ကြည့်ကြပါ။ သမ္မာဒေဝနတ်များ အမှန် ဧကယ် ရောက်ရှိနေကြောင်း"မိန့်ကြားသဖြင့် လူပရိသတ်၊ ရဟန်းပရိသတ်များ ပင် အံ့ဩကြရသည်။

ထို့ထက် ထူးခြားမှု နောက်တစ်ခုမှာ ရုပ်ပွားတော်များ စံနေမည့် ပလ္လင် ပေါ်သို့ ပင့်ကြရမည်ဖြစ်ရာ ဦးမောင်ထွန်းသာက ပလ္လင်အထက်မှ လှမ်း၍ယူရ မည် ဖြစ်သဖြင့် ပလ္လင်ရှိရာ အပေါ်မှ "ဘယ်ဘုရားကို အလျှင်ဦး ပင့်ရပါမလဲ ဘုရား"ဟု ဆရာတော်ကြီး ဦးဘဒ္ဒိယကို မေးလျှောက်ပါသည်။ ထိုအခါ ဆရာ တော်က "လက်သမားဆရာကြီး၊ ဉာဏ်တော်မြင့်တဲ့ ဘုရားကြီးကို အလျှင် ပင့်ပါ"ဟု အမိန့်ရှိသည်။

ဆရာတော်၏ မိန့်ကြားသံကို အောက်မှနေ၍ ဘုရား ကမ်းပင့်ပေးကြ ရမည့် ဘုရားလူကြီးများ အားလုံးတို့လည်း ကြားကြ၏။ ဆရာတော်အား ဦးမောင်ထွန်းသာက အမိန့်တောင်းခံ၍ လျှောက်ထားရသည်မှာ ဤရုပ်ပွား





တော်မြတ် နှစ်ဆူနှင့် ပတ်သက်၍ ထူးခြားချက်များကို သတိရ၍ အမှား အယွင်းများ မရှိရလေအောင် ဆရာတော်ကြီး၏ အမိန့်ကို လျှောက်ထားရခြင်း ဖြစ်သည်။

သို့သော် ဦးမောင်ထွန်းသာလက်သို့ အောက်က လူများ ကမ်းပင့်ပေး လိုက်ကြသည့် ဘုရားမှာ ဆရာတော် အမိန့်ရှိလိုက်သလို အကြီးဘုရား မဟုတ်ဘဲ ဦးမောင်ထွန်းသာ လက်ထဲရောက်လာသည့် ဘုရားက ဉာဏ်တော် ငယ် တောင်ဘက်ကဘုရား ဖြစ်နေသည်။ ဦးမောင်ထွန်းသာမှာ အံ့ဩ၍ ခဏပင် တွေဝေသွားလေသည်။ ဆရာတော်နှင့် အောက်က ပင့်ပေးမိလိုက်ကြ သူများမှာလည်း ဦးမောင်ထွန်းသာ မွေ့ထားသောဘုရားကို ကြည့်၍ အံ့ဩ နေကြသည်။ သို့နှင့် မူလအတိုင်း ရုပ်ပွားတော်ငယ်ကို တောင်ဘက်၌သာ ထားလိုက်ရသည်။ (ဤသည်မှာ ယခုတိုင် ဖြစ်သည်။)

ထိုဘုရားနှစ်ဆူ စံနေတော်မူရာ ရှေးပလ္လင်ဌာပနာများကို ပို၍ ခိုင်ခံ့အောင် တူးဖော်ကြ၍ ဌာပနာတိုက်အသစ် လုပ်ကြရာတွင် ပလ္လင်အောက် ဌာပနာတိုက်မှ ရွှေ ငွေ၊ ကျောက်သံပတ္တမြားတို့ အပြင် ရှေးရက္ခဝဏ္ဏ အက္ခရာပါ ဗြဟ္မီအက္ခရာ ရေးထိုးထားသော ကြေးပေလွှာ အပိုင်းအစများ၊ ကြေးပေချပ်များကို တွေ့ရှိ ခဲ့ကြပေသည်။ ထိုကြေးပေလွှာ ပေချပ်ပေါ်တွင် ရေးထိုးထားသောစာများမှာ ရှေးရက္ခဝဏ္ဏအက္ခရာ ဗြဟ္မီအက္ခရာများ ဖြစ်သဖြင့် ကျောက်ဖြူမြို့ ပတ်ဝန်းကျင် တွင် ဖတ်၍ အဓိပ္ပာယ်ဖော်နိုင်သူ မရှိခဲ့ကြပေ။ ထို့ကြောင့် ထိုကြေးပေချပ်၊ ပေလွှာများကို ပြန်၍ ဌာပနာခဲ့ကြ၏။

ကုံကော်တောဘုရား ရုပ်ပွားတော်နှစ်ဆူနှင့် ပတ်သက်၍ ဉာဏ်တော် အကြီးဖြစ်သော မြောက်ဘက်ပလ္လင်ပေါ်ရှိ ရုပ်ပွားတော်ကြီး၏ လက်ာစာပုဒ် တွင်မူ . . .

> ***ထွန်းနေပမာ၊ စောမြတ်စွာကို၊ တကာပရေ တည်လေသတ္တရာဇ်၊ နှစ်၏ကောဇာ၊ တစ်ရာ့လေးဆယ်၊ ခွန်းဝေခုနှစ်၊ ရတုပေမန်၊ မြေသ ညောင်းစဲ၊ တပို့တွဲလ၊ ဆန်းစပုဏ္ဏမီ၊ တိထိမြောက်ရက်၊ ဗိဝါရက်တွင်၊ တည်ရက်မှန်လှ၊ မြတ်ဝုဒ္ဓကို၊ ခေါ်ထမိန့်မော၊ ကုံကော်တောဝယ်၊ မနေကြည်သာ၊ တည်ထားပါသည်၊ ရောင်ဝါမြောက်သွယ်၊ လင်းဝေ သောဝ် ဟု ဖော်ပြပါရှိသည်ကို တွေ့ရလေသည်။***

ဤ လက်ာအရ ကုံကော်တောဘုရား နှစ်ဆူ ရှိသည့်အထဲက ဉာဏ် တော်မြင့်သော အကြီးဘုရားကို ကောဇာနှစ် ၁၄၇ ခု တပို့တွဲလဆန်း ၆ ရက်နေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ကြသည်ဟု မှတ်ယူရသည်။ သို့သော် ထိုသက္ကရာဇ်မှာ ဘယ်မင်းဖြစ်သွားခဲ့သော သက္ကရာဇ်မှန်း မသိကြပေ။

ထို့ကြောင့် ကံ့ကော်တောရှိ ဘုရားနှစ်ဆူတို့တွင် ညာဏ်တော်မြင့်သော ဘုရားကြီးမှာ ညာဏ်တော်ငယ်သောဘုရားထက် နောက်ကျသည်မှာ ထင်ရှားသည်။ ဘိုး ဘေး ဘီ ဘင် အဆက်ဆက် ပြောကြား၍ သက်ကြီးစကား သက်ငယ်ကြား ပြောလာကြသော ပါးစပ်မှတ်တမ်း ဘုရားသမိုင်းကြောင်းမှာလည်း -

> ကျောက်ဖြူရွာသား တံငါသည် သေထာသည် ပြေတောင်မော်စွန်းအနီး ပင်လယ်ကမ်းစပ်တွင် ငါးဖမ်းပိုက်ကွန်ပစ်ရာ ပိုက်အတွင်းငြိတွယ်ပါလာခဲ့သည်။ ထိုအခါ ရွာကို အုပ်ချုပ်သူ ပေရေနှင့် ရွာဆော်မောင်ဝန်းတို့က ရွာသားများအား ခေါ်ယူပင့်ဆောင်ရာတွင် ယခင်ရုပ်ပွားတော်တည်ရှိရာ ကံ့ကော်တောသို့ အရောက်၌ ရွှေ့ဆက်ပင့်မရ ဖြစ်ကြ၍ ယခင် ရုပ်ပွားတော်အငယ်နှင့်အတူ ပလ္လင်ပေါ်တင်၍ ကိုးကွယ်ခဲ့ကြသည်။ အချို့ကမူ သီဟိုဠ်ကျွန်းမှ ကြွလာတော်မူသည်ဟု လည်းကောင်း၊ အချို့ကမူ ကောတုံတရာဇ်တိုင်းမှ ပေညီ လောဆိုသူ ပင့်လာစဉ် လှေမှောက်၍ ရေထဲကျသွားခဲ့သည်။ ထိုဘုရားကို တံငါသည် သေထာ ကွန်မှာ ငြိ၍ ရလာခြင်းသာဟု ဆိုကြပြန်သည်။

ဤသည်မှာ ယခုတိုင် ကံ့ကော်တော၌ရှိသော ညာဏ်တော်အမြင့် ရုပ်ပွားတော်မြတ်၏ ပါးစပ်ရာဇဝင် ဖြစ်သည်။

ရုပ်ပွားတော်အငယ်၏ သမိုင်းမှာမူ . . .

ဘီစီ (၆) ရာစု၊ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် ဝင်စံပြီးသည့်နောက်၌ ကောတုံတရာဇ်တိုင်းကြီးကို မန္ဒရာဇ်မင်း စိုးစံအုပ်ချုပ်တော်မူလေသည်။ ကောတုံတရာဇ်တိုင်းကြီးမှာ ယခု ရခိုင်ပြည်နယ် ရက္ခပူရ အင်ပါယာ၏ အနောက်ဘက် ဘင်္ဂလား ပင်လယ်ပြင်ထဲတွင် တည်ရှိသည်။

ရက္ခပူရတိုင်းပြည်၏ ဝတီလေးရပ်ထဲတွင် ရမ္မာဝတီ ခေါ် ရမ်းဗြဲ (ရမ်းပြည်၊ ရန်ပြေ) ကျွန်း၏ အနောက်ဘက်တွင် တည်ရှိသည်။ ကောတုံတရာဇ်တိုင်းနှင့် အနီးစပ်ဆုံး တိုင်းပြည်မှာ အနောက်ဘက်၌ အာရိယာန်နိုင်ငံတော် (အိန္ဒိယ





ပြည်) ဖြစ်သည်။ အာရိယာန်နိုင်ငံနှင့် ကောတုံတရာဇ်ကြားတွင် ရေလက်ကြား ပင်လယ်အော်ကြီးတစ်ခု ရှိသည်။

လှေသင်္ဘောများခေတ် ဖြစ်သဖြင့် ကောတုံတရာဇ်နှင့် ရမ္မာဝတီသားတို့၏ သွားလာ ဆက်ဆံမှုမှာ သားရဲတိရစ္ဆာန်များ ထူပြောသော အနောက်ရိုးမကို မကျော်လွှားနိုင်ခဲ့ကြဘဲ ရေလက်ကြား ပင်လယ်အော်ကို ဖြတ်ကူးကာ အာရိယာန်နိုင်ငံ၏ ပင်လယ်ကမ်းခြေရှိ မြို့ရွာများနှင့်သာ ကူးလူးသွားလာ ကုန်သွယ်မှုကို ပြုလုပ်ခဲ့ကြသည်။

ထို့ကြောင့်လည်း ဘီစီ (၃၀၀၀) ခန့်ကပင် ကမ္ဘာ့ရှေးအကျဆုံးသော ယဉ်ကျေးမှုကို ပိုင်ဆိုင်ခဲ့ကြသည့် အာရိယာန်တို့၏ ယဉ်ကျေးမှု မိုးတိမ်ရိပ်များသည် ကောတုံတရာဇ်တိုင်းကြီးကို အရိပ်မိုးလျက် ရှိသည်။ အသိသာ အထင်ရှားဆုံး သာဓကမှာ မြို့ပြတည်ထောင်ခြင်း ပုံသဏ္ဌာန်ပင် ဖြစ်သည်။ အာရိယာန်နိုင်ငံ၏ အလယ်ပိုင်းရှိ ဗိမ္ဗက္ကလိုဏ်များသည် သမိုင်း မစတင်မီနှင့် သမိုင်း စတင်ခေတ် အိန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှု ထွန်းကားလာသည်ထိ ထင်ရှားခဲ့သည်။

အာရိယာန်တို့သည် မြို့ပြများကို တည်ဆောက်ရာ၌ ကျုံးတံတိုင်းများကို မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင်များ ဝန်းရံလျက် တည်ဆောက်လေ့ရှိကြသလို ရခိုင်တို့၏ ကောတုံတရာဇ်မြို့ကြီးသည်လည်း မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင်တို့နှင့် ဝိုင်းရံ တည်ဆောက်ထားလေသည်။

ကောတုံတရာဇ်မြို့ကြီး၏ ပတ်ပတ်လည်ရှိ သဘာဝ သန္တာကျောက်တန်းကြီးများနှင့် ကျောက်တောင်ကြီးများသည် မြို့တော်ကို ဝိုင်းရံထားသော သဘာဝတံတိုင်းကြီးများ ဖြစ်ကြသည်။ (အာရိယာန်တို့၏ ပေါ်တီချိုင့်ဝှမ်း၊ ဟိမာချာလ်ပရာဒေ့ရှ် - ရှု) ကောတုံတရာဇ်မြို့ကြီးကို ဝန်းရံလျက်ရှိသော ကျောက်တန်း ကျောက်တောင်များကြားရှိ မြစ်ချောင်းများသည် လှေဆိပ်များ၊ ရွက်သင်္ဘောကြီးများ၏ ဝင်ထွက်သွားလာရာ ဆိပ်ကမ်းကြီးငယ်များ ဖြစ်ကြသည်။ မြို့၏ အင်္ဂါရပ် တည်ထားပုံ အကျယ်အဝန်း ဧရိယာမှာလည်း လေးထောင့်မဟုတ်ဘဲ မညီညာသောအဝိုင်း ဖြစ်သည်။ (ယခု ရှိနေသော ဓညဝတီ မြောက်ဦးမြို့ဟောင်းကို - ရှု)

ကောတုံတရာဇ်မြို့ကြီး၏ တည်ဆောက်ခဲ့သော ခုနှစ်ကိုမူ တိတိကျကျ မသိကြရပေ။ သို့သော် ကောတုံတရာဇ်မြို့ကြီးကို တည်ဆောက်ပုံမှာ အာရိယာန်တို့၏ အိန္ဒုယဉ်ကျေးမှုနှင့် ဆက်နွယ်နေသည်။ ကောတုံတရာဇ်ပြည့်ရှင် ဘုရင် မန္ဒရာဇ်မင်းကြီး၏ နန်းတိုင်များသည် ကျောက်သားစစ်စစ်ကို ထုဆစ်ထား



www.burmeseclassic.com

www.burmeseclassic.com



သောတိုင်များ ဖြစ်သည်။ ကောတုံတရာဇ်မြို့ကြီး၏ အရှေ့တောင်ဘက်ရှိ အစုဝါမရွာတွင် ကျောက်ဆစ်ပညာသည်များကို သီးသန့်ထားသည်။ ထိုအစုမှ ကျောက်ဆစ်ပညာသည်များသည် ဘုရင်၏ ယောက်ပုံမှ ရိက္ခာတော်ကို ရကြသည်။ ထို့ကြောင့်လည်း ဘုရင် အမိန့်ရှိသော နန်းတွင်းအသုံးအဆောင် ပစ္စည်းများကို ထုဆစ်ပြုလုပ်ပေးကြရသည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်း အနေနှင့် ဘုရားရုပ်ပွားတော်များနှင့် လူရုပ်၊နတ်ရုပ်၊ ဗြဟ္မာရုပ်၊ ဘီလူးရုပ်၊ တိရစ္ဆာန်ရုပ်များကိုလည်း ထုလုပ်ကြသည်။ (ယခု ရမ်းဗြဲမြို့ လေးတောင်တိုက်နယ်က လူများသည် ကောတုံတရာဇ်မြို့ကြီးကို နဂါးများ ရေကစားရာမှ မသေမပျောက်ဘဲ ကျန်ရစ်ခဲ့ကြသော ကောတုံတရာဇ်သား ကျောက်ဆစ်ပညာသည်များ၏ မျိုးဆက်သစ်များဟု ရခိုင်ရမ်းဗြဲကျွန်းသားများက ယုံကြည်ကြသည်။ ထို လေးတောင်တိုက်နယ်သားများမှာ ယခုထိ ကျောက်ဆစ်ပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်ကြပြီး ရခိုင်တစ်ပြည်နယ်လုံးရှိ ကျောက်ဆစ်အလုပ်များကို လှည့်လည် လုပ်ကိုင်နေကြသူများ ဖြစ်သည်။)

ကောတုံတရာဇ်မြို့ကြီး၏ အရှေ့တောင်ဘက် မရွာကုန်းအရပ် အစုဌ်နေကြသော ပန်းပုကျောက်ဆစ်ပညာသည်များသည် မင်းအမိန့်နှင့် မီးရှူးမီးတိုင်များ၊ ဆီမီးခွက်ကိုင် ကဟန် မိန်းမသူ အရုပ်ကြီးများကိုလည်း ထုဆစ်ခဲ့ကြသည်။ သူတို့ ထုလုပ်သော မီးရှူးမီးတိုင်နှင့် ဆီမီးခွက်ကိုင် ကနေဟန် အရုပ်ကြီးများကို ကောတုံတရာဇ်မြို့၏ လမ်းဆုံလမ်းဝ လမ်းလေးခွတို့၌ ထားရှိသည်။ ညနေပိုင်းတွင် မီးရှူးမီးတိုင်နှင့် ဆီမီးခွက်ကိုင် ကဟန် မိန်းမသူ တချေသည် အရုပ်များ လက်ထဲရှိ ဆီမီးခွက်များကို သူကြီး (ပြုစုကောင်း)တို့က ကိုယ့်အရပ်နှင့်ကိုယ် ဆီဖြည့်ကြရသည်။ ထိုဆီဖြည့်သူများသည် တစ်ညသာခံ၍ မိုးလင်းသည်နှင့် မီးစာကုန် ဆီခန်းသည့် အတိုင်းအတာ ပမာဏကို သိတတ်ကြရသည်။

မီးရှူးမီးတိုင်နှင့် အရုပ်များကို ဆီမီးခွက်၌ ဖြည့်သောဆီမှာ ရေနံအပျစ်အပျောင်းများ ဖြစ်သည်။ ထို အပျစ်အပျောင်း ရေနံထွက်သောနေရာမှာ ကောတုံတရာဇ်မြို့ကြီး၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ ထိုရေနံပျောင်း၊ ရေနံပျစ်များ ထွက်ရှိသော တောင်ကြား ချိုင့်ဝှမ်းများ ပတ်ပတ်လည်တွင် (ဒေသအခေါ် နဂါးတောင်) မီးတောင်များ ရှိသည်။ ထို ချိုင့်ဝှမ်းတောင်ကြားမှ ရေနံပျစ်၊ ရေနံပျောင်းများကို ကောတုံတရာဇ်သားတို့ ဘိုးစဉ်ဘောင်ဆက် သုံးစွဲလာခဲ့ကြသည်။ ထို ချိုင့်ဝှမ်းတောင် ကြားမှ ရေနံပျစ်၊ ရေနံပျောင်း





များကို အချိန်မရွေး မည်သူမဆို သွားယူ၍ ရသည်။

ထို့ကြောင့်လည်း လမ်းဆုံလမ်းခွရှိ မီးရှူးမီးတိုင်များနှင့် ကချေသည် ကျောက်ရုပ်များ လက်ထဲရှိ မီးခွက်တွေမှာ တစ်ညလုံး လင်းထိန်နေခြင်း ဖြစ်သည်။ ထိုမီးရှူးမီးတိုင် ကချေသည်ရုပ်များရှိ လမ်းဆုံလမ်းခွများတွင် ညဆိုလျှင် မိုးရာ ပင့်ကူ အက၊ ငစေအကနှင့် ရာဇဝင်၊ သမိုင်း၊ အတိတ်၊ နိမိတ်၊ တဘောင်တို့ကို အချိုအချ ဟာသနှောကာ ပြောတတ်သော သီချင်းတတ်မ နှင့် အယောက်တတ် မည်သော နှစ်ယောက်တည်း အဖွဲ့ကလည်း ညစဉ်ညတိုင်း ခြေခင်းလက်ခင်းသာသော အရပ်များကို လှည့်လည်ကာ ကောတုံတရာဇ်တစ်မြို့လုံးအနှံ့ လျှောက်သွား ပြောဆို အသုံးတော်ခံလျက် ရှိကြသည်။

ဤသည်တို့မှာ ယခု မန္တရာဇ်မင်း လက်ထက်၌သာ မဟုတ်။ ရှေးရှေးဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့ အစဉ်အဆက်ကပင် ဖြစ်သည်။ ဤအစီအမံမှာ ကောတုံတရာဇ် တိုင်းသူပြည်သားများ အပန်းဖြေ၊ အနားယူ အပျော်ကြည့်အပြင် တစ်မြို့လုံးကို မီးထိန်ထိန်လင်းအောင် ထွန်းညှိထားခြင်း၊ ပွဲလမ်းသဘင်မပြတ် ရှိနေခြင်းအားဖြင့် ပြည်သူပြည်သားများ အသွားအလာ မပြတ်မလပ်ရှိကာ ခိုးသားဓားပြတို့၏ အန္တရာယ်ကိုလည်း ကာကွယ်ရာ ရောက်သည်။

အရေးအကြီးဆုံးအချက်မှာ ကောတုံတရာဇ်တိုင်းကြီးသည် ရက္ခပူရပြည်ကြီးမဏ္ဍိုင်၏ အနောက်ဘက် ထွက်ပေါက်တံခါးဝဖြစ်ရာ တစ်ဖက်နိုင်ငံရှိ အာရိယာန်တို့၏ ကျူးကျော်မှုနှင့် မြို့လုံခြုံမှုအတွက် မင်းခစားများ၊ စစ်သည်များ၊ သူကြီး၊ အစုမှူးများ၊ ပြည်သူပြည်သားများ နိုးနိုးကြားကြား ရှိနေကြရန်ကိုလည်း ဖော်ဆောင်ထားသည်။ အင်အား ကြီးမားသော အာရိယာန်တို့၏ နိုင်ငံနှင့် ရေလက်ကြား တစ်ခုသာ ခြားသော ရခိုင်တို့၏ ပင်လယ်ကမ်းစပ်ရှိ ကောတုံတရာဇ်မြို့မှာ မင်းနှင့် ပြည်သူတို့ နိုးနိုးကြားကြား မရှိခဲ့လျှင် အာရိယာန်တို့၏ လက်ထဲကို အချိန်အခါမရွေး ကျရောက်သွားနိုင်သည်။

ထို့ကြောင့်လည်း ဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့ အဆက်ဆက်ကပင် ကောတုံတရာဇ်တိုင်းကြီး၏ မြို့တော်ဖြစ်သော ကောတုံတရာဇ်မြို့ကြီးကို ညဉ့်ပင် မီးမပြတ်၊ အစောင့်အကြပ် မပြတ်၊ ပွဲလမ်းသဘင်မပြတ် စီစဉ်ထားခဲ့ကြခြင်း ဖြစ်သည်။ ရက္ခပူရပြည်ကြီး၏ တိုင်းကြီး (၁၂) တိုင်းထဲတွင် ကောတုံတရာဇ်တိုင်းသည် ပင်လယ်ထဲတွင် တည်ရှိသဖြင့် အာရိယာန်နိုင်ငံနှင့် ဆက်သွယ်ရာတွင်လည်း အရေးပါအရာရောက်ဆုံး တိုင်းမြို့ကြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောတုံတရာဇ်တိုင်းသည် ခေါမချည်၊ ရောမချည်တို့ဖြင့် ရက်လုပ်အပ်သော ပိုးထည်များ နာမည်ကြီးသည်။ ရက္ခပူရ တစ်တိုင်းတစ်ပြည်လုံးရှိ မင်းနှင့်ပြည်သူတို့သည် ခေါမချည်၊ ရောမချည်တို့ဖြင့် ရက်လုပ်အပ်သော ကောတုံတရာဇ် အဝတ်အထည်များကို သုံးစွဲဝတ်ဆင်ကြရသည်။ ထို့ကြောင့် ကောတုံတရာဇ်တွင် ရက်ကန်းရုံကြီးများရှိသည်။ ရက်ကန်းလုပ်ငန်းပိုင်ရှင် သူဌေးများ ရှိသည်။ အရပ်လေးမျက်နှာတွင် ရက်ကန်းခတ်သံတို့နှင့် ညံစီနေသည်။

ကောတုံတရာဇ်မြို့မှာ ပင်လယ်ကမ်းခြေမြို့ဖြစ်ပြီး ကျောက်တောင်၊ ကျောက်တန်းများ ထူပြောရာ စပါးသီးနှံ အထွက်နည်းသည်။ ကောတုံတရာဇ်သားတို့၏ စားနပ်ရိက္ခာအတွက် ကောက်ပဲသီးနှံမှာ ဓညဝတီကို အားထားရသည်။ ဓညဝတီမှ အာရိယာန်နိုင်ငံပို့ ဆန်တင်၊ စပါးတင် ရွက်လှေသင်္ဘောများမှာ ရက္ခပူရတိုင်း၏ အနောက်ဘက် ထွက်ပေါက်တံခါးဖြစ်သော ကောတုံတရာဇ်တွင် ညအိပ် ရပ်နားပြီးမှ ဘင်္ဂလားပင်လယ်အော် ရေလက်ကြားကို ဖြတ်သွားကြရရာ ဓညဝတီမှ လှေသင်္ဘောများကို ကောတုံတရာဇ်မြို့တွင်း မြို့ပြင် ဆိပ်ကမ်းများတွင် နေ့စဉ် တွေ့နေမြင်နေကြရသည်။

ကောတုံတရာဇ်တိုင်း၏ အဓိက ထွက်ကုန်မှာ အဝတ်အထည်နှင့် ဇုန်းသီး၊ ကွမ်းသီးတို့ ဖြစ်သည်။ ကောတုံတရာဇ်တိုင်းထွက် အဝတ်အထည်များကို ရက္ခပူရ (၁၁) တိုင်းသို့ ဖြန့်ဝေ ပို့ရောင်းသည်။ ဇုန်းသီးနှင့် ကွမ်းသီးများကို အာရိယာန်နိုင်ငံ၏ ပင်လယ်ကမ်းခြေမြို့များသို့ ပို့သည်။ ထို့ကြောင့်လည်း ကွမ်းသီးဖောင်၊ ဇုန်းသီးဖောင်များကို ကောတုံတရာဇ်၏ မြို့တွင်း၊ မြို့ပြင် ဆိပ်ကမ်းများနှင့် ဘင်္ဂလား ရေလက်ကြားပင်လယ်ထဲတွင် နေ့ညမပြတ် မြင်နေတွေ့နေကြရသည်။

ကောတုံတရာဇ်တိုင်းတွင် အလွန်ပေါသော ကွမ်းသီး၊ ဇုန်းသီးများကို ကောတုံတရာဇ်သားတို့သည် တစ်ဖက်နိုင်ငံ အာရိယာန်တို့ဆီ ပို့ရာ၌ လှေကြီးလှေငယ် ရွက်သင်္ဘောတွေနှင့် မပို့ကြဘဲ ဖောင်ဖွဲ့၍ ပို့ကြခြင်းမှာ နှစ်နိုင်ငံကြားရှိ ရေလက်ကြား ပင်လယ်အော်တွင် လှိုင်းလေငြိမ်ခြင်းကြောင့် ဖြစ်သည်။ နောက်တစ်ကြောင်းမှာ သူတို့ထွက်ကုန် ဇုန်းသီး၊ ကွမ်းသီးတို့မှာ အခြား ချည်ထည်၊ ပိုးထည်၊ စားနပ်ရိက္ခာများကဲ့သို့ ရေစိုမခံ၊ နေဒဏ် လေဒဏ် မထိအောင် ပို့ဆောင်ရသော ပစ္စည်းအနုစားများ မဟုတ်၍ ဖြစ်သည်။

ကွမ်းသီး၊ ဇုန်းသီးတို့မှာ ရေ၌ပေါ်သော ရေမမြုပ်သော ပစ္စည်းများ





ဖြစ်ရာ ကောတုံတရာဇ်သားတို့သည် ဇုန်းသီး၊ ကွမ်းသီးများကို တစ်လုံးနှင့်တစ်လုံး ကြိမ်သတ်၊ ကြိမ်နှီးပြား၊ ကြိမ်ကြိုးတို့နှင့် ဖောက်ချည်ပူးကပ် ဆင့်ထပ်စီပုံ၍ ဖောင်ဖွဲ့ကြသည်။ ထို ကွမ်းသီး၊ ဇုန်းသီးဖောင်ပေါ် တွင် စားနပ်ရိက္ခာနှင့် လူနေတဲများကိုပါ တည်ဆောက်ပြီး သစ်ဖောင်၊ ဝါးဖောင်များ မျှောသလို ဒီရေအကျတွင် အာရိယာန်နိုင်ငံဘက်ကို မျှောကြသည်။ ကွမ်းသီး၊ ဇုန်းသီးဖောင်များမှာ မြစ်ရေလေလှိုင်း မုန်တိုင်း ဆားငန်ရေများကိုလည်း စိုးရိမ်စရာ မရှိသဖြင့် စိတ်ချလက်ချ မျှောနိုင်သည်။

ဒီရေလျှဉ်ပြန်တက်စပြု သောင်၊ ကမ်း၊ ကျွန်းတစ်ခုခုတွင် ထိုးဝါးစိုက်ရပ်နား၍ ဒီရေအကျကို စောင့်တတ်ကြသည်။ ပင်လယ်ဒီရေမှာ အကျကြမ်းသလို အတက်လည်း ကြမ်းသဖြင့် လှေသင်္ဘောများလို ကွမ်းသီးဖောင်၊ ဇုန်းသီးဖောင်များကို လှော်ခတ်၊ ရွက်လွှင့်သွား၍ မရ။ အမြန့်အပြော ကျယ်ဝန်းသည့်အပြင် ကွမ်းသီး၊ ဇုန်းသီးဖောင်များမှာ လေးပုံသုံးပုံခန့် ရေမြုပ်နေ၍ ဖြစ်သည်။ ထို့ကြောင့် ကောတုံတရာဇ်နှင့် အာရိယာန်နိုင်ငံကို ကွမ်းသီးဖောင်၊ ဇုန်းသီးဖောင်များမှာ ဒီရေ အတက်အကျ တစ်ခါနှစ်ခါ (တစ်ဖျား၊ နှစ်ဖျား) ကြာတတ်သည်။

အာရိယာန်နိုင်ငံကို ရောက်ကြလျှင် ဖောင်ဖျက်၍ ကွမ်းသီး၊ ဇုန်းသီး တစ်ဖောင်လုံးကို ရောင်းကြသည်။ အာရိယာန်နိုင်ငံထွက် အမွှေးအကြိုင် စန္ဒကူးနံ့သာ ကရမက်များနှင့် ကုန်ချင်းလည်း ဖလှယ်ကြသည်။ ခေါမချည်၊ ရောမချည်၊ ပိုး၊ ဖဲ၊ ကတ္တီပါ၊ ကော်ဇောများနှင့်ပါ လဲကြသည်။ အပြန်တွင် ခေါမချည်၊ ရောမချည် လာဝယ်နေကြသော ကောတုံတရာဇ်က လှေများ၊ ရွက်သင်္ဘောများနှင့် ဓညဝတီမှ ဆန်စပါး လာရောင်းနေကြသော ရွက်လှေ၊ ရွက်သင်္ဘောများနှင့် ကောတုံတရာဇ်ဖောင်သမားများ ပြန်လိုက်လာကြသည်။

ဤကဲ့သို့သော ရောင်းဝယ်ဖောက်ကားမှုများကြောင့် ကောတုံတရာဇ်မြို့ကြီးမှာ နေ့ညမပြတ် စည်ကားနေသည်။ ရွက်လှေ၊ ရွက်သင်္ဘောတို့မှာ ဒီရေအတက်အကျကို လိုက်၍ ဆိပ်ကမ်း၌ အဝင်အထွက် လုပ်တတ်ကြရာ နေ့၌ လည်းကောင်း၊ ည၌ လည်းကောင်း လှေဆင်းသူ၊ လှေဆိပ်ကမ်း၌ တက်လာသူများနှင့် ကောတုံတရာဇ်၏ ဆိပ်ကမ်းအဆင်းအတက်လမ်းများမှာ ခရီးသည်များ သွားလာမပြတ် ရှိနေသည်။

ညစဉ်ညတိုင်း လမ်းဆုံလမ်းခွများ၌ မီးရှူးမီးတိုင်များ၊ ဆီမီးခွက်တိုင် ကချေသည် အရုပ်များ၊ ပွဲလမ်းသဘင်များ ရှိနေသဖြင့်လည်း ခရီးသွား ခရီးလာ



www.burmeseclassic.com

www.burmeseclassic.com



အာဂန္တုဧည့်သည်များပါ ကောတုံတရာဇ်မြို့၌ လုယက်၊ တိုက်ခိုက်ခံရမှာကို တစိုးတစိမျှ မကြောက်ရဘဲ လုံခြုံစိတ်ချစွာ ရောင်းဝယ် ဖောက်ကား သွားလာနိုင်သည်။

ရက္ခပူရ ပြည်မမဏ္ဍိုင် ရခိုင်တစ်ပြည်လုံးရှိ ဆိပ်ကမ်းများထဲတွင် ကောတုံတရာဇ်မြို့ကြီး၏ ဆိပ်ကမ်းများမှာ အစည်ကားဆုံး ဖြစ်သလို အထူးခြားဆုံး ဆိပ်ကမ်းများလည်း ဖြစ်သည်။ ကျောက်ဆစ်ပညာသည်များ ပေါများရာမြို့ကြီး ဖြစ်သဖြင့် ဆိပ်ကမ်းတိုင်း၌ လှေချည်၊ လှေကပ် နေရာများတွင် ကျောက်ဆစ်တိုင်လုံးကြီးများ ရှိသည်။ ထိုတိုင်လုံးကြီးများထိပ်တွင် ဆိပ်ကမ်း၏ အမှတ်တံဆိပ် ဖြစ်သော ဒေါင်းရုပ်၊ ဟင်္သာရုပ်၊ ဖျိုင်းရုပ်၊ အောင်းလောင်း (ရောင်ရင်) ငှက်ရုပ်များကိုလည်း ဘုရင့်အမိန့်နှင့် ထုဆစ် ပြုလုပ်ထားကြရသည်။

အထူးသဖြင့် ရွက်လှေ၊ ရွက်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန် ကျောက်ဆစ်တိုင်လုံးကြီးများကို ဒီရေအကျ၌ မြဲမြဲမံမံ စိုက်ထူထားလေရာ ဒီရေတက်ချိန်တွင် ရွက်လှေ၊ ရွက်သင်္ဘောကြီးများသည် ကောတုံတရာဇ်မြို့ကြီး၏ အပြင်ကျုံးပေါက်၊ မြစ်ပေါက်၊ ချောင်းပေါက်ထိ ဝင်ရောက်နိုင်ကြလေသည်။ မြစ်ပေါက်၊ ချောင်းပေါက်ကြီးများ၏ ဘေးနှစ်ဖက်တွင် မြင့်မားသော မတ်စောက်သော ကျောက်တန်း၊ ကျောက်တောင်ကြီးများ ရှိလေရာ လေကွယ်မိုးကာလည်း ဝင်ရောက် ခိုနားနေနိုင်ကြသည်။

ဤကောတုံတရာဇ်မြို့ကြီးကို အစိုးရတော်မူသော မန္တရာဇ်မင်းကြီးသည် ဘုရား ရဟန္တာများပင် ရှောင်လွှဲ၍ မရသော အနိစ္စသဘောဖြင့် ကံတော်ကုန်နတ်ရွာစံသောအခါ သားတော်ကြီးဖြစ်သော နောင်တော်ကြီးသည် ထီးနန်းအုပ်ချုပ်၍ မင်းလုပ်တော်မူသည်။ နောင်တော်လေး (နောင်တော်ချေ) မှာ အိမ်ရှေ့အရာရ၍ ညီတော်အငယ်ဆုံး ဖြစ်သော အာဝမင်းသားက စစ်သူကြီးအရာကို ရလေသည်။

ထို့နောက်တွင် နောင်တော်ကြီးမင်းသည် ထီးနန်း စည်းစိမ်ကို နောင်တော်လေးအား လွှဲအပ်ကာ တောထွက်တော်မူသည်။ နှစ်များစွာ မကြာမီမှာပင် နောင်တော်လေးမင်းသည်လည်း ထီးနန်းစည်းစိမ်ကို ညီတော် အာဝမင်းသားအား အပ်ကာ နောင်တော်ကြီး လမ်းစဉ်အတိုင်း တောထွက်တော်မူသွားပြန်သည်။ ထိုအချိန်ကစ၍ ညီတော် အာဝမင်းသည် ကောတုံတရာဇ်မြို့ကြီးကို အုပ်ချုပ်တော်မူလေသည်။

ညီတော်အာဝမင်းသားအား ထီးနန်းအပ်၍ တောထွက်တော်မူလာသော





နောင်တော်လေးသည် နောင်တော်ကြီးရှိရာ အရပ်သို့ လိုက်လေသော် ကောတုံတရာဇ်မြို့ကြီးနှင့် ဝေးကွာသော တောင်တန်းတစ်ခုတွင် နောင်တော်ကြီးကို တရားအားထုတ်၍ တွေ့ရလေသည်။ ထိုအခါ ညီအစ်ကိုနှစ်ဦးတို့ တိုင်းရေးပြည်ရာများကို မေးမြန်းပြောဆိုကြသည်။ နောင်တော်လေး မင်းသားက ထီးနန်းစည်းစိမ်ကို ညီတော် အာဝမင်းသားအား အပ်နှံထားခဲ့ကြောင်း ပြောပြပြီး နောင်တော်ကြီးအား အလုပ်အကျွေးပြုလျက် နောင်တော်ကြီးနှင့်အတူ တရားအားထုတ်ရန် လျှောက်ထားသည်။

ထိုအခါ နောင်တော်ကြီးက သူနှင့်အတူ တရား အားထုတ်နေရန်ကို ခွင့်မပြုချေ။ အရညဝါသီ တောရပ်မှီနေသော ရသေ့ရဟန်းတို့တွင် အလုပ်အကျွေးပြုရန် အဖော်တပည့် အနေ့ဝါသိကလည်း မလိုအပ်။ ညီတော် တရားအားထုတ်လိုလျှင် ဤတောင်တန်း၏ တစ်ဖက်ကမ်းရှိ တောင်တန်း၌သာ သွားရောက်၍ တရားအားထုတ်ရန် ညွှန်ပြတော်မူလေသည်။

ထီးနန်းစည်းစိမ်ကို စွန့်လွှတ်၍ အရညဝါသီ တောရပ်မှီရန် ထွက်ခွာလာသော နောင်တော်လေးသည် နောင်တော်ကြီး ညွှန်ပြတော်မူသော တောင်တန်းသို့ သွားရောက်ကာ အသက်ထက်ဆုံးပင် ထိုတောင်တန်း၌ တရားဘာဝနာအားထုတ်ကာ နေသွားတော်မူလေသည်။

နောင်တော်ကြီးနှင့် နောင်တော်လေးတို့ တရားဘာဝနာများ အားထုတ်၍ ယာဝဇီဝံ နေသွားကြသော ဤ တောင်တန်းနှစ်ခုမှာ ယခုထိ ဘင်္ဂလား ပင်လယ်ထဲတွင် ကျွန်းတောင်နှစ်တောင်အဖြစ် တည်ရှိလျက် ရှိလေသည်။ ကျောက်ဖြူမြို့မှ စစ်တွေသို့ ခရီးသွားများသည် ထိုကျွန်း နှစ်ကျွန်းနားကို ရောက်ရှိလျှင် သင်္ဘောပေါ်က မှတ်မှတ်ရရ လွမ်းလွမ်းတတ နောင်တော်ကြီးကျွန်းတောင်နှင့် နောင်တော်လေးကျွန်းတောင်တို့ကို လွမ်းမောဖွယ်ရာ ပြောဆို ကြည့်ရှုသွားတတ်ကြသည်။ ထိုကျွန်းနှစ်ကျွန်းမှာ ပင်လယ်ထဲ၌ စိမ်းစိုတောက်ပကာ ယခုထိ တည်ရှိနေလေသည်။

✍ ✍ ✍

မိုးထက်ဝဋ္ဋာမှာ နက္ခတ် တာရာတွေ အစုံ ထွန်းနေသော တန်ဆောင်မုန်းလဆန်း၏ ညဦးတစ်ည ဖြစ်သည်။ လဆန်းရက် ဖြစ်သဖြင့် သီတဂူ စန်းလ၏ ရွှန်းမြသော လရောင်ကလည်း ကောတုံတရာဇ် တစ်မြို့လုံးကို လွှမ်းခြုံထားသည်။

အတွင်းကျုံး တံတိုင်း တောင်ကုန်းအောက်ရှိ လှေဆိပ်ဆင်းလမ်း၊ နန်းဦးလမ်း၊ ဘုရားလမ်း၊ ဈေးလမ်းတို့၏ လမ်းဆုံလမ်းခွတွင် သီချင်းတတ်မ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အယောက်တတ် လက်တန်း ဇမ်း (လင်္ကာ) ဆရာတို့က အချီအချ အဆို ပြိုင်နေကြသည်။ အယောက်တတ် ခေါ် လက်တန်းသံချိုဆရာမှာ ဇာတ်နိပါတ် ရာဇဝင် သမိုင်းကြောင်းနှင့် အတိတ်တဘောင် နိမိတ်ဆောင်သော စကားများ ကိုလည်း ကာရန်ဝါကျညီညီ ဖွဲ့ဆိုတတ်သဖြင့် သူတို့၏ ပွဲမှာ လူစည်ကားလှ သည်။ ကလေးသူငယ်၊ လူကြီးလူငယ်၊ မိန်းမ ယောကျ်ားများ မကျန် ညဦးယံ၌ အပန်းဖြေ အနားယူ၍ လာရောက် နားထောင်နေကြသည်။ ထိုအထဲတွင် ရာဇဝင် သမိုင်းကြောင်းနှင့် အတိတ်တဘောင် နိမိတ်ဆောင်သော စကားကို လည်း နားထောင်လိုကြသော သက်ကြီးရွယ်အိုများ ပါသည်။

အဘိုးအို အမေအိုများမှာ လမ်းဆုံလမ်းခွရှိ မီးရှူးမီးတိုင် ဆီမီးခွက်ကိုင် အကနှင့် မီးထွန်းပြနေကြသော ကချေသည်မတို့၏ ရုပ်တုများကိုမှီကာ သီချင်း တတ်မနှင့် အယောက်တတ်တို့၏ သီဆို ပြောကြားမှုပေါ် ငေးမောနေကြသည်။ သူတို့၏ပွဲမှာ ညဝက်သာ ဖြစ်သဖြင့် သီချင်းတတ်မ၏ အဆိုအပြောအပြီးမှာ အယောက်တတ် ခေါ် ရာဇဝင်သမိုင်းနှင့် အတိတ်တဘောင်များကို နိမိတ် ဆောင် ပြောတတ်သော လက်တန်းသံချိုဆရာကြီး၏ အလှည့်သို့ ရောက်လာ သည်။

ထိုအခါတွင် အတိတ်တဘောင်ကို နိမိတ်ဆောင် ပြောဟောတတ်သော အယောက်တတ်လူကြီးသည် လက်တစ်ဖက်ရှိ တောင်ဝှေးကို ဟန်ပါပါ ဘယ် ညာဝဲယာ မိုးပေါ် လှမ်းမြှောက်၍ သူ၏နှုတ်ဖျားက အတိတ်ကျမ်းတဘောင်တွေ ကို နိမိတ်ဆောင်၍ ရွတ်တော့သည်။

"ရိုရို ရိုရို ရိုရို . . . ယေကော၊ မယောက်ကေလည်း မယောက်၊ ယောက် လိုက်မည်သော်ကား၊ မြို့ကြီး ကောတုံ့ ဖိမ့်ဖိမ့်တုန်အောင်၊ အဟုန်ပြင်းသူ ရောက်လတ္တံ့၊ ထိုရောအခါ ကောတုံ့မှာ၊ မိစ္ဆာအယူ လွှမ်းလတ္တံ့၊ ဘုရား ကျောင်းကန် စည်မည်၊ အသံတွေလည်း တိတ်လတ္တံ့၊ မဖွယ်မရာ ပြုကျင့်လာ၊ ပြည်ရွာကောတုံ့ ပျက်လတ္တံ့"

"ယား . . . အစောယေ . . . အေ အယောက်တတ်၊ ဘောလီဘောလံ၊ အစောဖြစ်လို့ ပြည်ရွာပျက်ဖို့ရောင်"(ကောတုံ့တာရာမ်သားတို့၏ မူရင်းစကား)

ဆီမီးခွက်ကိုင် ကနေဟန် ရုပ်တုတစ်ခုကို မှီပြီး အယောက်တတ် စကားကို နားထောင်နေသူ အဘွားအိုတစ်ယောက်က ခေါင်းမတ်လာပြီး ရေရွတ်လိုက် သည်။

"အေးလေဟာ၊ ဘာဖြစ်လို့ တို့ ကောတုံ့တာရာမ်ပြည်ကြီး ပျက်ရမှာလဲ"





အဘိုးအိုတစ်ယောက်ကလည်း အဘွားအို၏ ညည်းတွား၍ ပြောဆို လိုက်သံကို ထောက်ခံစကားဆို၏။ နောက်တစ်ယောက်ကလည်း -

"ဒီလောက် တာဝတိံသာဘုရား၊ နဂါးဘုရားနဲ့ တန်ခိုးကြီး ကောတုံ့တာရာမ် ဘုရား ရုပ်ပွားတော်ကို ဆီမီးမပြတ် ပန်းမပြတ် လှူဒါန်းပူဇော်နေကြတဲ့ တို့ ကောတုံ့တာရာမ် မြို့ကြီးသားတွေကို ဘာဖြစ်လို့ မိစ္ဆာအယူလွှမ်းမှာလဲ၊ အလကား အယောက်တတ်၊ သူ့ပါးစပ်မို့ ထွက်ဝံ့တယ်"

"အေးလေဗျာ၊ သူ့ပါးစပ်က ပေါက်ကရထွက်တဲ့ထဲမှာ ဘာတဲ့ 'မြို့ကြီး ကောတုံ့ ဖိမ့်ဖိမ့်တုန်အောင် အဟုန်ပြင်းသူ ရောက်လတ္တံ့' ဆိုတာကကော ဗျ၊' ဘာကို ဆိုလိုတာလဲဗျ ဘုရားဒကာကြီး"

"အဟုန်ပြင်းသူ ဆိုတာကတော့ တန်ခိုးဣဒ္ဓိပါဒ်ကြီးသူ တစ်ယောက် ယောက် ကျုပ်တို့ ကောတုံ့တာရာမ်ကို ရောက်လာလိမ့်မယ်ဆိုတဲ့ သဘောပဲဗျ။ အလကားပါ လှေသူကြီးရာ၊ အယောက်တတ်ဆိုပြီး တောပြောတောင်ပြော"

"ဟုတ်ပ၊ အဟုန်ပြင်းသူ တန်ခိုးဣဒ္ဓိပါဒ်ရှိသူ ရောက်လာရင် တို့ ကောတုံ့ တာရာမ်မြို့ကြီး ပိုပြီးတောင် စည်ကားလာမယ့်ဥစ္စာ၊ ခုတော့ ဘယ့်နှယ် ဘယ့်နှယ် 'ဘုရားကျောင်းကန် စည်မည် အသံတွေလည်း တိတ်လတ္တံ့' ဆိုတာ ဘာစကား လဲဗျ၊ ပေါက်တတ်ကရ အယောက်တတ်၊ ဒီ သီချင်းတတ်မနဲ့ ဒီအယောက်တတ် ကို ကျုပ်တို့ ကောတုံ့တာရာမ်မှာ အရင်တုန်းက မတွေ့ဖူးပါဘူး ဘယ်ကလဲဗျ"

"အဲဒါကိုတော့ ကျုပ်လည်း မပြောတတ်ပါဘူး ဘုရားဒကာ၊ ဒီသီချင်း တတ်မနဲ့ ဒီအယောက်တတ်ကို ကျုပ်လည်း ဒီတစ်ခါပဲ ကြည့်ဖူးပါတယ်"

"လှေသူကြီးနဲ့ ကျောင်းဒကာတို့က ပွဲလမ်းသဘင်တွေ အရောက်အ ပေါက်နည်းလို့ ဖြစ်ပါလိမ့်မယ်။ ကျုပ် ရက်ကန်းရုံက တလေးမလေးတွေ ပြော တော့ တောင်ပင်လယ်ဘက်က လှေဆိပ်ရွာတွေနဲ့ နဝါးမော်မှာ သူတို့ လှည့် လည်ပြီး ပွဲထည့်နေကြတာ လဆန်းပိုင်းကပဲလို့ ပြောကြတယ်။ ဒါနဲ့ ဟို သုံးလေး ရက်ကလည်း အလယ်ကျုံးရွာဘက်မှာ ဧစေအကာ သွားကြည့်ကြရင်း ဧစေပွဲ မရောက်ခဲ့ကြဘဲ အုန်းတောရပ်မှာ အယောက်တတ်ကြီးနဲ့ သီချင်းတတ်မပွဲကို ကြည့်လာကြတယ်တဲ့၊ ကျုပ် အိမ်ရှင်မကတောင် ဒီသီချင်းတတ်မနဲ့ အယောက် တတ်ကြီးတို့ကို သဘောကျလွန်းလို့ ထမီရှာတစ်ထည်နဲ့ ပုံးခေါင်းပေါင်း ဆုချခဲ့ တယ် ပြောတယ်"

ဘုရားဒကာနှင့် လှေသူကြီးဆိုသူတို့စကားထဲ အနားဘ၌ ထိုင်ကြည့်နေသူ ရက်ကန်းရုံပိုင်ရှင်တစ်ယောက်က ဝင်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့မှာ အမှန်လည်း ဟုတ်သည်။ ကောတုံတရာဇ်သူ၊ ကောတုံတရာဇ်သားတို့၏ အလေ့အထမှာ ညနေ ထမင်းစားပြီးသည်နှင့် ပန်းဆီမီးအလှူ ဘုရားသွားလျှင် သွား။ ဘုရားကျောင်းကန် မသွားလျှင် ကောတုံတရာဇ်မြို့ကြီး၏ လမ်းဆုံလမ်းခွတွင် တစ်နေရာ မဟုတ် တစ်နေရာ ရှိနေတတ်သော ပင့်ကူအတာ၊ ဧဧအကာ၊ သီချင်းတတ်မ၊ အထောက်တတ်တို့၏ ပွဲသို့ ရောက်သွားတတ်ကြသည်။ အထူးသဖြင့် လသာညများ၌ ကာလသားသမီးများမှာ လှေကြီးလှေငယ်တွေနှင့် မြို့ပြင် ကျွန်းရွာများထိ ပွဲသွားကြည့်တတ်ကြသော အလေ့အထရှိသည်။ မြို့ကို ကာရံထားသော ကျွန်းသုံးတန်မှာလည်း မြစ်ပေါက်၊ ချောင်းပေါက်ချင်း ဆက်နေသဖြင့် အတွင်း အပြင် အလယ် ကျွန်းတစ်လျှောက်ရှိ အရပ်များကို လှေနှင့်သာ အသွားအလာ များကြသည်။

လှေနှင့် မြို့ကျွန်းတွေကို ဖြတ်သွားကြရပါသော်လည်း သူတို့ ကောတုံတရာဇ်မြို့မှာ ပင်လယ်ကမ်းခြေမြို့ ဖြစ်သဖြင့် ရွှံ့နွံ မရှိ။ သဲပွင့်သဲမှုန်တို့ဖြင့်သာ တစ်မြို့လုံး ပြည့်နေရာ ဝတ်ကောင်းစားလှ ဆင်မြန်းသွားကြသော်လည်း ရွှံ့နွံပေမှာ မစိုးရိမ်ရ။ ဖျာအခင်းအထိုင်ပင် မရှိ၊ ဘယ်နေရာထိုင်ထိုင် ထလာလျှင် အဝတ်ပုဆိုးတို့၌ ကပ်နေသော သဲမှုန်သဲပွင့်များကို ခါချလိုက်ရုံနှင့် အစွန်းအထင်း မကျန်ဘဲ သဲမှုန်များ လွင့်ကျသွားတတ်သည်။ ပြီးတော့ ဆိပ်ကမ်းအတက်အဆင်းများမှာ ရွှံ့နွံ ကျွဲကျွမှာလည်း မပူရ။ ဆိပ်ကမ်းတိုင်းတွင် ကျောက်ဆစ်အုတ်လှေကားထစ်များရှိရာ ကြွကြွရွရွ လှလှပပ ဆင်းတက် သွားလာနိုင်ကြသည်။

ပြီးတော့ လမိုက်ညပင် ဖြစ်သော်လည်း ဒီရေအတက်အကျကို လိုက်ကာ ဝတီလေးရပ်၊ တောင်စဉ်ခုနစ်ခရိုင်နှင့် နိုင်ငံခြားကူး အာရိယာန်သွား ရွက်သင်္ဘောတို့မှာလည်း အချိန်အခါမရွေးပင် ဝင်ထွက်သွားလာနေကြရာ ဆိပ်ကမ်းတိုင်းတွင် မီးရှူးမီးတိုင်ကြီးများ တစ်ညလုံး လင်းတောက်နေကြသည်။ ထို့ကြောင့်လည်း ကောတုံတရာဇ်သားတို့မှာ လမိုက်၊ လသာညမရွေး သွားလာနိုင်ကြခြင်း ဖြစ်၏။

"အရင် လေးငါးရက်က ကျောက်နီတောင်ဘက်က လူတွေကတော့ ဒီသီချင်းတတ်မနဲ့ အထောက်တတ်တို့ကို တောင်စဉ်ဘက်ကလို့ ပြောနေကြသံ ကြားခဲ့ရတယ်"

ပွဲခင်းလာကြည့်သူ တစ်ယောက်က ဝင်ပြောပြန်၏။

"ဟုတ်မယ်ဗျ၊ သူတို့ အသံက တောင်စဉ်သားသံတော့ ပေါက်တယ်





ကျွန်းသား ပင်လယ်နားသားတွေတော့ မဖြစ်နိုင်ဘူး"

"ဒီသီချင်းတတ်မနဲ့ ဒီ အထောက်တတ်တို့က အသံဩဇာ ကောင်းတာကတော့ အမှန်ပဲဗျို့။ တစ်နေ့ အလယ်ကျွန်း ရက်ကန်းသည်မရွာက ပြောဆိုနေကြတာ ကျုပ်တို့ နန်းဦးလမ်းဖျားကတောင် ကြားရတယ်၊ အသံက ပေါက်လည်း ပေါက်၊ ဟိန်းလည်း ဟိန်းနေတာပဲဗျ"

"အဲဒါကြောင့် တောင်စဉ်ကလို့များ ပြောနေကြတာလား၊ ကျုပ်တို့ ကောတုံတရာဇ်သားတွေက အသံလုံးမှ မကြီးတာ"

သူတို့ ထိုကဲ့သို့ ဝေဖန် ပြောဆိုနေကြစဉ်မှာပင် လူ အများ ဝါးခနဲ ရယ်လိုက်ကြသံမှာ ပတ်ဝန်းကျင်တစ်ခုလုံး ပွဲတင်ညံသွားသည်။

အကြောင်းမှာ သီချင်းတတ်မနှင့် အထောက်တတ်တို့ တစ်ယောက်နှင့်တစ်ယောက် လက်တန်း ဖမ်းသံချိုစပ် ရွတ်ဆိုကာ ပရိသတ်အကြိုက် စကားနိုင်လုကြရာမှ သီချင်းတတ်မက အထောက်တတ်၏ ငယ်ရွယ်စဉ်က ဆိုးပုံ၊ မိုက်ပုံ၊ အကျင့်မကောင်းပုံ၊ အထောက်တတ်လုပ်နေသော်လည်း စာမတတ် ပေမတတ် အသုံးမကျပုံတို့ကို သီချင်းစီ၍ ဆိုပြသွားရာ ပရိသတ်ကြီးမှာ အလွန် သဘောကျကြသည်ကို အထောက်တတ်ကြီးကလည်း နောက်ဆုံး စိတ်ဆိုးလာတာ အသားလွတ်ကြီး သီချင်းတတ်မ၏ ငယ်ကျိုးငယ်နာတွေကို ပရိသတ်များအား ဖွင့်ချလိုက်သည့်ဟန်နှင့် . . . "စံလှဖြူကို တောင်စဉ်ကမ်းမှာ ချင်းဖမ်းရေ၊ ချင်းဖမ်းရေ" ဟု အော်နက်လိုက်လေရာ ပရိသတ်မှာ ပတ်တုတ်မရ ပွဲကျသွားကြသည်။

ဆိုလိုရင်းမှာ ယခု စံလှဖြူမည်သော သီချင်းတတ်မသည် ငယ်စဉ်တုန်းက ထင်းခွေသွားရာ၌ သူတို့ တောင်စဉ် တောထဲတွင် အမွှေအကျင့်ခံလိုက်ရသည် ဟု တမင်ပြောလိုက်ခြင်း ဖြစ်သည်။

ပရိသတ်များမှာ အထောက်တတ်ကြီးက သူ့မိန်းမ သီချင်းတတ်မကို တမင် ပြောမှန်း သိသော်လည်း ပြောပုံဆိုပုံ အမူအရာ ဟန်ပါလွန်းသဖြင့် ပရိသတ် ပွဲကျခြင်း ဖြစ်သည်။

ထိုအခါမှ ပွဲကြည့်ပရိသတ်များမှာ ဤသီချင်းတတ်မ၏ အမည်မှာ စံလှဖြူဖြစ်ပြီး တောင်စဉ်သူမ ဖြစ်ကြောင်း သိသွားကြသည်။ အမှန်မှာ အထောက်တတ်ကြီးက အသံကောင်း သီချင်းတတ် သူ့မိန်းမဖြစ်သူကို ကြော်ငြာခြင်း တစ်မျိုးလည်း ဖြစ်သည်။ ဤသည်မှာလည်း သီချင်းတတ်မ၊ အထောက်တတ်တို့လောက၌ အစဉ်အလာ ဖြစ်ပေသည်။ မည်သူမည်ဝါ ဖြစ်သည်ကို စကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ သူတို့၏ အနုပညာ ဇမ်းလက်ာတို့ဖြင့် ပရိသတ်သိအောင် ကြော်ငြာလိုက်ခြင်း တစ်မျိုးပင်။

✍ ✍ ✍

ကောတုံတရာဇ်မြို့၏ နဂါးမော်လှေဆိပ်တွင် လှေကြီးလှေငယ်တို့နှင့် ရှုပ်ယှက်ခတ်လို့ နေသည်။ ဒွါရာဝတီ၊ မေဃဝတီသွား လှေငယ် ရွက်သင်္ဘောငယ်များမှာ အချိန်အခါမရွေး သွားလာနိုင်ကြသဖြင့် အဝင်အထွက် များနေသည်။ ဓညဝတီမှ အာရိယာန်နိုင်ငံဘက်သို့ကူးမည့် ရွက်သင်္ဘောကြီးများမှာမူ ရေစူးကြီးသဖြင့် ပင်လယ်မှ ဒီရေအတက်ကို ကျောက်ချ စောင့်နေကြရသည်။ ရမ္မာဝတီနှင့် ဓညဝတီမှ အာရိယာန်ထွက် မြစ်ကျိုးပေါက်မှာ ဤတစ်ပေါက်သာရှိသဖြင့် ရွက်လှေ ရွက်သင်္ဘောကြီးများ ပိုများနေခြင်း ဖြစ်သည်။

ထိုအထဲတွင် သူတို့၏ ဟီလီတရိုက် ထွက်ကုန်ဖြစ်သော သစ်ကြံပိုး၊ ဇာတိပ္ပိုလ်၊ လေးညှင်း၊ ကရဝေးရွက်၊ ရှာနှာဂမုန်းဥ၊ နွယ်ချို၊ စန္ဒကူး (နံ့သာဖြူ နံ့သာနီ) ကရမက်များ လာရောင်းနေကြသော အာရိယာန်တို့၏ သုံးပင်တိုင် ရွက်သင်္ဘောကြီးအချို့ကိုလည်း နဂါးမော်ဆိပ်ကမ်းတွင် မြင်နေရသည်။ ထိုသင်္ဘောကြီးတို့၏ ရွက်တိုင်များမှာ ဆိပ်ခံ မီးရှူးမီးတိုင်နှင့် ဆိပ်ကမ်းအထိမ်းအမှတ် ကျောက်တိုင်ကြီးများကိုပင် မိုးနေကြသည်။

အများရွက်လှေကြီးများနည်းတူ ကောတုံတရာဇ်မြို့သားတို့၏ အာရိယာန်ရေလက်ကြားကို ဖြတ်ကြရမည့် ရွက်လှေသင်္ဘောကြီးများကလည်း နဂါးမော်စည်းပေါက် ကျုံးနှစ်ဖက်တွင် အစီအရီ ရှိနေကြသည်။ ထိုအထဲတွင် ရက်ကန်းသည်မရွာမှ ရက်ကန်းရုံပိုင်ရှင် သူဌေးကြီး ဦးအောင်သာဇံ၏ ရွက်သင်္ဘောကြီးမှာမူ အုန်းသား၊ အုန်းဆံကြိုး၊ အုန်းဆံအိတ်ကြီးများတို့ကို သင်္ဘောပေါ်သို့ တင်တုန်းပင် ရှိနေသေးသည်။

ကုန်တင်ကုန်ချ အလုပ်သမားများနှင့် လှေသမားများကို ကြပ်မတ်နေသော လှေသူကြီး ဦးသခင်ကျော်နှင့် သူဌေးကြီး ဦးအောင်သာဇံတို့မှာ ဒီရေမတက်မီ သူတို့ကုန်များ သင်္ဘောပေါ်ကို အကုန် အချိန်မီ ရောက်နိုင်ပါ့မည်လားဟု စိတ်မောနေကြသည်။ သူတို့ ရွက်သင်္ဘောကြီးမှာ ရေသင့်လေသင့် အချိန်မီ ထွက်နိုင်မှ တစ်ဖက်နိုင်ငံရှိ အာရိယာန်တို့၏ ဘုမ္မရာဇ်မြို့တော်ကြီးကို မနက်တ် ရောက်နိုင်မည်။

ထိုအချိန်မှာပင် နဂါးမော်လှေဆိပ် ကျောက်လှေကားထစ်များပေါ် လာထိုင်ပြီး ရွက်လှေ ရွက်သင်္ဘောများ၏ အဝင်အထွက်ကို အပျင်းပြေ လာ၍





ငေးကြည့်နေကြသော ကလေးများဆီက အသံထွက်လာသည်။

"မြို့ကြီးကောတုံ ဖိမ့်ဖိမ့်တုန်အောင်၊ အဟုန်ပြင်းသူ ရောက်လတ္တံ့၊ ထိုရောအခါ ကောတုံမှာ၊ မိစ္ဆာအယူ လွှမ်းလတ္တံ့၊ ဘုရားကျောင်းကန် စည်မည်၊ အသံတွေလည်း တိတ်လတ္တံ့၊ မဖွယ်မရာ ပြုကျင့်လာ၊ ပြည်ရွာကောတုံ ပျက်လတ္တံ့"

"ဟော့-ဘယ်က ကလေးတွေလဲ၊ ပေါက်တတ်ကရ မိမဆုံးမ၊ ဖမဆုံးမ လေးတွေ၊ သွားကြစမ်း၊ ဘာမဟုတ်ကဟုတ်က လာအော်နေကြတာလဲ"

အရှုံးစကား၊ သဘင်သည်စကား၊ ကလေးစကားတို့ ဆိုသည်မှာ မှန်တတ်သည်ဟု အယူအစွဲများ ရှိကြသဖြင့် ဦးအောင်သာဇံက ကလေးများကို သူ့ရွက်သင်္ဘောပေါ်က လှမ်းအော်ငေါက်လိုက်သည်။

ထိုအခါ ဦးအောင်သာဇံအား လှေသူကြီး သူဌေးကြီးမှန်း သိကြသော ကလေးများမှာ ဆိပ်ကမ်းမှ တက်ပြေးသွားကြသည်။ သို့သော် သူတို့ပါးစပ်တွေကမူ အအော်မရပ်။ ပြည်ကြီးကောတုံ ဖိမ့်ဖိမ့်တုန်အောင်၊ အဟုန်ပြင်းသူ ရောက်လတ္တံ့ ဆိုသော စကားကိုမူ ပေါက်ပေါက်ဖောက်သလို အော်သွားကြသည်။

ဤကလေးတွေ ထိုသို့ လမ်းမတစ်လျှောက် အော်သွားကြသည်ကို ကြားသူတွေ့သူတိုင်းက နိမိတ်မရှိ နမာမရှိ ပေါက်ကရ အော်နေကြရမည်လားဟု ကြိမ်းမောင်း ဆဲဆိုလွှတ်တတ်ကြသည်။ သို့သော် ကလေးများ ပါးစပ်ဆိုသည်မှာ ဟိုနေရာက အော်လွှတ်လိုက်လျှင် နောက်တစ်နေရာသို့ ရောက်သွားကြပြန်သည်။ ထိုအခါ ထိုနေရာရှိ ရွာခံကလေးများကပါ ထိုကလေးတွေလို သံယောင်လိုက်၍ အော်ဟစ်နေကြပြန်သည်။ သည်လိုနှင့် ကောတုံတရာဇ်မြို့ကြီးရှိ ဤ တဘောင်လိုလို နိမိတ်လိုလို အဆိုအရွတ် စကား တစ်ခုသည် ကောတုံတရာဇ်မြို့ကြီးရှိ ကလေးများဆီမှ တစ်တိုင်းတစ်ပြည်လုံးသို့ ပျံ့နှံ့သွားခဲ့ကြလေသည်။

လူကြီးမိဘများက မည်မျှ ဆိုဆုံးမကြပါသော်လည်း ကလေးများကမူ ဤ "မြို့ကြီးကောတုံ ဖိမ့်ဖိမ့်တုန်အောင် အဟုန်ပြင်းသူ ရောက်လတ္တံ့" ဆိုသော စကားကို အာတွေ့ လျှာတွေ့ ရွတ်ဆိုအော်ဟစ်နေကြလေ၏။

✍ ✍ ✍

မနေ့ညနေကပင် ရေသင့်လေသင့် ထွက်လာကြသော ဦးအောင်သာဇံ၏ ရွက်လှေကြီးသည် ဘုမ္မရာဇ်မြို့သို့ ဤနေ့မနက်မှာ ရောက်ရှိလာကြလေသည်။ ဘုမ္မရာဇ်မြို့ကြီးမှာ အာရိယာန်တို့၏မြို့ကြီး ဖြစ်သဖြင့် ကောတုံတရာဇ်မြို့ထက် စည်ကားသည်။ ခေါမ ရောမမှ သုံးပင်တိုင် ရွက်သင်္ဘောကြီးများ ကုန်ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်ဝယ်များသောမြို့ကြီး ဖြစ်သဖြင့် ဘုမ္ဗရာဇ်မြို့ ဆိပ်ကမ်းမှာလည်း ကောတုံတရာဇ်နှင့်စာလျှင် ပို၍ စည်ကားသည်။

သို့သော် ဦးအောင်သာဇံတို့မှာ တစ်နှစ်လျှင် အနည်းဆုံး နှစ်ခေါက်၊ သုံးခေါက် ရောက်နေကျ ဖြစ်သဖြင့် ဘုမ္ဗရာဇ်မြို့နှင့် မစိမ်းပေ။ ထို့ကြောင့်လည်း သူတို့၏ ရွက်သင်္ဘောလှေကြီးကို ဆိပ်ကမ်းတွင် ဆိုက်ကပ်ပြီး သူတို့ဆက်သွယ်နေကျဖောက်သည် သူဌေးကြီး အလီဘာအိမ်ဘက်သို့ ဆိပ်ကမ်းမှ တက်လာကြသည်။ ဦးအောင်သာဇံတို့မှာ ယခင်ယခင် အခေါက်များကကဲ့သို့ သူတို့ ရွက်သင်္ဘောလှေကြီးပေါ် ပါလာသမျှ ကုန်ပစ္စည်းများကို အလီဘာအား အပ်နှံ၍ အပြန်တွင် အလီဘာဆီမှ ခေါမချည် ရောမချည်များကို ကောတုံတရာဇ်သို့ တင်ယူသွားကြရမည် ဖြစ်သည်။

အလီဘာ၏ နန်းတော်ငယ်တမျှ ခမ်းနားသော ကျောက်သားတိုက်အိမ်ကြီးမှာ ဘုမ္ဗရာဇ်မြို့၏ မြို့လယ်တွင် ရှိသဖြင့် မြင်းနှစ်ကောင်ကသော ရထားလုံးတစ်စီးကို ငှားလာကြရသည်။ အလီဘာ၏အိမ်နှင့် နီးလာလေ လူသွားလူလာ၊ ဈေးသွားဈေးပြန်တွေက ပိုများလာလေပင်။ ကုန်ပို့ကုန်သယ် မြင်းလှည်းရထားတွေမှာလည်း လမ်းတိုင်းလိုလိုတွင် ရှုပ်ယှက်ခတ်နေကြသည်။

အလီဘာ၏ ကျောက်ဆစ်အုတ်ကာတံတိုင်း ဝင်ပေါက် အရောက်တွင် မြင်းရထားက ရပ်သွားသည်။ မြင်းရထားပေါ်မှ ဦးအောင်သာဇံတို့ ဆင်းလိုက်ကြသည်နှင့် အလီဘာ၏ တံခါးစောင့်က ဆလာမန်မာရေ (အလေးပြု) လုပ်ကာ ချက်ချင်း တံခါးဖွင့်ပေးသည်။ ဦးအောင်သာဇံတို့မှာ တစ်နှစ်လျှင် နှစ်ခါသုံးခါ လာနေကျ ဖြစ်သဖြင့် မားကောက်ချိတ်၊ ငှက်မွေးငှက်တောင်ပံတပ် အလီဘာ၏ တံခါးမှူးကြီးက ကောတုံတရာဇ်မြို့ သူဌေးကြီး ဦးအောင်သာဇံကို သိနေခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ချက်ချင်း ဝင်းတံခါးကြီးကို ဖွင့်ပေးခြင်း ဖြစ်၏။

ကျောက်အုတ်နံရံ တံတိုင်းမုခ်ပေါက်မှ အလီဘာ၏ ကျောက်အုတ်တိုက်ထဲကို ခြေလှမ်း သုံးဆယ်ခန့် လျှောက်လာကြရသည်။ ဘေးနှစ်ဖက်တွင် ရေတန်ရှည်မျောမျောများနှင့် ပတ်လည်တွင် စွန်ပလွံပင်များ၊ တောင်ထန်းပင်များ အစီအရီရှိသည်။ ကျောက်ဆစ်လှေကား ဆယ်ထစ်ခန့်ကို တက်လာကြရသည်။ ကြေးပြားကပ်တံခါးကြီးကို ဖွင့်ထားသဖြင့် ကောဇောရောင်စုံ ခင်းထားသော ဧည့်ခန်းသို့ ရောက်လာကြ၏။ ဧည့်ခန်း တွင် သန့်ရှင်းရေးလုပ်နေသော အာရိယာန်မလေးတစ်ယောက်က "ထိုင်ကြပါ" ဟု ပြောပြီး အပေါ်ထပ် တက်သွားသည်။





ခဏအကြာမှာပင် ဘုမ္ဗရာဇ်သူဌေးကြီး အလီဘာ အပေါ်ထပ်မှ ဆင်းလာသည်။ ကောတုံတရာဇ်က သူဌေးကြီး ဦးအောင်သာဇံ၊ လှေသူကြီး ဦးသခ်ီကျော်၊ လှေသူကြီးလက်ထောက် ငထီးသံတို့ရှေ့ ကောဇောပေါ်မှာ ဒူးတုပ်၍ ထိုင်သည်။ ထိုအချိန်ကျမှ ဆင်းလာကတည်းကပင် လက်ပူး၍ တဆတ်ဆတ် လှုပ်လာသော လက်နှစ်ဖက်ကို ဖြေချလိုက်သည်။ ထိုအခါ ဦးအောင်သာဇံတို့ကလည်း နှုတ်ဆက်သဘော ပူးထားကြသော လက်အုပ်ချီထားသော လက်များကို ဖြေလျှော့လိုက်ကြသည်။

"ကောတုံတရာဇ်သူဌေးမင်း လာမယ်ဆိုတဲ့စကား ရကတည်းက မျှော်နေပါတယ်"

"မှန်ပါ၊ သူဌေးမင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေ"

"သူဌေးမင်းတို့ ပို့သသော မေတ္တာကြောင့်. . ."

အလီဘာ၏စကား မဆုံးမီ သူဇနီး စန္ဒြမာဟ် သူတို့ရှေ့ရောက်လာသဖြင့် အလီဘာ၏ ပြောရိုးပြောစဉ် စကားက ထစ်အ,သွားသည်။ ပြီးမှ -

"ချမ်းသာကြပါတယ်" ဟူသော စကားကို အလီဘာက ထပ်ဆက်ပြောသည်။ အလီဘာ၏ ဇနီးတော် စန္ဒြမာဟ်သည် ကြေးလင်ပန်းထဲမှ နို့ခမ်း(ဒိန်ချဉ်) သုံးခွက်ကို ကောဇောကက် (အုပ်) ခုံပေါ် တင်လိုက်သည်။ "သုံးဆောင်ကြပါ"ဟု ပြောပြီး အလီဘာ၏ အနားတွင် ရိုရိုကျိုးကျိုး ထိုင်သည်။ ပြီးမှ လက်အုပ်ချီ၍ "သူဌေးမင်းတို့ ကိုယ်စိတ်ကျန်းမာ ရှိကြပါစေ" ဟူသော နှုတ်ဆက်စကားကို ဆိုသည်။ ဤသည်မှာ သူတို့ရောက်လာတိုင်း နှုတ်ဆက်နေကျ ဖြစ်သဖြင့် ဦးအောင်သာဇံတို့ကလည်း အပြန်အလှန် နှုတ်ဆက်လိုက်ကြသည်။

"သူဌေးမင်းတို့ ရောက်လာတာ အခါကောင်းအခွင့်သင့်ပါပဲ၊ ခု ရောမမှာ စစ်ကြီးဖြစ်နေတော့ ပိုးချည်တွေကိုပါ လျှော့ဈေးနဲ့ ရောင်းနေကြလို့ ဘုမ္ဗရာဇ်မှာလည်း ခေါမချည်၊ ရောမချည်တွေ အလွန်ပေါပါပဲ"

လာနေကျ ဖြစ်သလို လာရင်းကိစ္စမှာလည်း ကုန်ရောင်းကုန်းဝယ်ကိစ္စသာ ဖြစ်လေရာ အလီဘာ၏ စကားက တိုရှင်းလိုရင်းသဘော ကုန်ပစ္စည်းဈေးနှုန်း အကြောင်းကို ပြောသည်။

"ကြားရတာ ကျုပ်တို့အတွက် ဝမ်းသာစရာ ဖြစ်သော်ငြား. . ."

အလီဘာက ယဉ်ယဉ်ကျေးကျေး ပြုံးပြီး လက်ကာလိုက်သဖြင့် ဦးအောင်သာဇံ၏ စကားက ရပ်သွားသည်။

ဦးအောင်သာဇံ၏ ဆိုလိုရင်းမှာ ရောမစစ်ကြီးကြောင့် ရောမခေါမချည်



www.burmeseclassic.com

www.burmeseclassic.com



များကို လျှော့ဈေးနှင့် ရောင်းချနေကြလျှင် အလီဘာမှာ ယခင့်ယခင် အခေါက်များကလောက် သူ့ဆီက အဖိုးအခကို မရနိုင်တော့။ သူ့အတွက် သက်သာသော်လည်း အလီဘာအတွက်မူ အမြတ်နည်းသွားမည်။ သို့သော် ဦးအောင်သာဇံ အနေက ယခင်အတိုင်း ဈေးပေးမည်ကိုသာ ပြောလိုသော်လည်း အလီဘာက သတ်တာပြလိုက်သဖြင့် စကားကို ရပ်ထားလိုက်ရခြင်း ဖြစ်သည်။

"မင်းဈေး၊ ပြည်ဈေး ဆိုတာက သူဌေးဈေးပါပဲ မိတ်ဆွေကြီးများ"

အလီဘာ၏ စကားမှာ နှစ်လို ဝမ်းမြောက်ဖွယ်ကောင်းလှသည်။ တိုင်းပြည်နိုင်ငံတွင် မင်းနှင့် ပြည်သူပြည်သား သတ်မှတ်ဈေးကိုသာ သူဌေးများက လိုက်နာကြရမည်။ အပိုအလို မရှိစေရ ဟူသော တိုင်းကြီးပြည်ကြီးတို့၏ မင်းအဆက်ဆက်နှင့် ပြည်သူပြည်သားများ အဆက်ဆက် ကျင့်သုံးခဲ့ကြသော စည်းကမ်း ဥပဒေသကို သူဌေးများကလည်း လိုက်နာရမည် ဟူသော အလီဘာ၏ စကားကြောင့် ဦးအောင်သာဇံမှာ သူ့စကား အဆုံး မပြောမိလိုက်သည်ကိုပင် 'တော်ပါသေးရဲ့' ဟု သတိရသွားသည်။

ထို့ကြောင့် သူ့သိက္ခာလည်း မကျအောင် အလီဘာလည်း ကျေနပ်လောက်အောင် စကားကို ပြင်ပြောရသည်။

"မိတ်ဆွေ သူဌေးမင်း ခင်ဗျား၊ ကျုပ်ဆိုလိုတာက ဈေးပေါလို့ သူဌေးမင်းတို့ ကျုပ်တို့ ရောင်းဝယ်ဖောက်ကား ကောင်းသော်ငြား တစ်ဖက် ရောမခေါမစစ်ကြီးကြောင့် ပြည်သူပြည်သားတွေရဲ့ အတိဒုက္ခကို ဆင်ခြင်မိလို့ ပြောကြောင်းပါ"

"သူဌေးမင်းစကားကို ဆိုင်းငံ့မိတဲ့ ကျုပ်ကို ခွင့်လွှတ်ပါ"

အလီဘာက လက်အုပ် ထပ်ချီ၍ ဆိုသည်။

"အကျွန်ုပ် ခင်ပွန်းရဲ့ စကားကို ခွင့်လွှတ်ကြပါ၊ ကျွန်တော်မတို့မှာ တစ်စုံတစ်ရာသော သောကကြောင့် အကျွန်ုပ် ခင်ပွန်းစကား မှားယွင်းမိသွားပါကလည်း ဘေးမိဘတို့ရဲ့ အစဉ်အလာကို ထောက်ထားလျက် ကောတုံတရာဇ်သား သူဌေးမင်း. . . ဟင်း"

အလီဘာ၏ ကတော်ကပါ သူ့ခင်ပွန်းသည် စကားကို ဘိုးစဉ် ဘောင်ဆက်ချီ၍ တောင်းပန်လာသောအခါ ဦးအောင်သာဇံတို့မှာ အလီဘာတို့ ဇနီးမောင်နှံကို အလွန် အားနာသွားကြသည်။

အလီဘာကတော်၏ ဆိုလိုရင်း စကားမှာ ကောတုံတရာဇ်မြို့က သူဌေးမင်းများနှင့် ဘုမ္ဗရာဇ်မြို့က သူဌေးများမှာ ယခုမှသာ ရောင်းဝယ်ဖောက်ကား





ဆက်ဆံဖူးကြသူတွေ မဟုတ်၊ ဘိုးဘေး ဘီဘင် အဆက်ဆက် ရောင်းဝယ်ဖောက်ကား လုပ်လာကြသူများ ဖြစ်ကြသဖြင့် သူ့ခင်ပွန်းသည် စကားမှားမိသည်ရှိသော် ခွင့်လွှတ်ကြပါရန် သူကပါ တောင်းပန်စကားဆိုနေခြင်းပင်။

အမှန်လည်း ဟုတ်သည်။ အလီဘာနှင့် ဦးအောင်သာဇံတို့မှာ ယခုမှ ဖောက်သည်တွေ မဟုတ်၊ မိဘဘိုးဘွားများ လက်ထက်ကတည်းက ဖောက်သည်များ ဖြစ်ကြသဖြင့် အစဉ်အဆက် တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည်ပင် ရောင်းဝယ် ဖောက်ကား၍ လာကြသော မိတ်ရင်းဆွေရင်းများ ဖြစ်ကြသည်။ သူတို့ပြည်၏ အစဉ်အလာ ဇာတ်ကြီး ဇာတ်နိမ့် အယူအဆကြောင့်သာ အပြောအဆို အနေအထိုင် အစားအသောက်တို့ကို ဆင်ခြင်ကြရသော်လည်း ဆယ့်လေးငါးနှစ်သားအရွယ် ကတည်းကပင် မိဘများ ကုန်ရောင်းကုန်ဝယ် သွားလာကြရာ၌ လိုက်ပါဖူးသဖြင့် အလီဘာနှင့် ဦးအောင်သာဇံတို့မှာ တစ်နှစ်လျှင် နှစ်ခါသုံးခါ မြင်ဖူးတွေ့ဖူး စကားပြောဖူးကြရာမှ မိဘများ ကွယ်လွန်သွားကြသောအခါ သူတို့မှာ မိဘတို့၏ ရောင်းဝယ်ဖောက်ကား အလုပ်ထဲ ရောက်လာကြသူတွေ ဖြစ်သဖြင့် အစဉ်အလာ မိတ်ဆွေစစ်ကြီးများ ဖြစ်ကြသည်။

သူတို့ ဘိုးစဉ်ဘောင်ဆက် မိတ်ဆွေရင်းချာများ ဖြစ်လာကြသည်မှာလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။ အာရိယာန်တို့သည် ယခင်က ကောတုံတရာဇ်သား ရက္ခိုင်များနှင့် လုံးဝကို အဆက်အသွယ် မရှိခဲ့ကြ။ အာရိယာန်တို့ အဆက်အသွယ်ရှိသူများမှာ ခေါမ ရောမသားတို့သာ ဖြစ်ကြသည်။

ထို့ကြောင့် အလီဘာ၏ ဘေးတော်သူတစ်ဦးသည် သူတို့၏ အာရိယာန်ထွက် စန္ဒကူးနံ့သာများနှင့် အမွှေးအကြိုင် ဟင်းခတ်ပစ္စည်းများကို ခေါမတွင် သွားရောင်းသည်။ အပြန်တွင် ဘုမ္ဗရာဇ်မြို့ ရောက်ခါနီး၌ သူတို့၏ ရွက်လှေကြီးမှာ လေမုန်တိုင်းကြီးမိပြီး လွင့်ပါလာသည်။ ရေလက်ကြားအရောက်မှာ ကောတုံတရာဇ်ဘက်ကမ်းရှိ ကျောက်ဆောင်ကြီးတွေနှင့် ဝင်တိုက်ကာ ရွက်လှေကြီးမှာ အပိုင်းပိုင်း ကျိုးပြတ်သွားသည်။ သေသူသေ ကျေသူကျေ ဖြစ်ကုန်ကြသည်။ ဘယ်တိုင်း ဘယ်ပြည်ကို ရောက်လာကြသည် မသိသော အလီဘာ၏ ဘေးနှင့် သင်္ဘောသား အာရိယာန်များမှာ ပင်လယ်ကမ်းခြေရှိ ကျောက်ဆောင်နားတွင် သောင်တင်နေကြသည်။ ရွက်သင်္ဘောပေါ် ပါလာသော စားနပ်ရိက္ခာများမှာလည်း ပင်လယ်ရေနစ်ထဲ ရောက်သွားကြရာ အစာငတ်ရေငတ် ဖြစ်ကုန်ကြသည်။ အထူးသဖြင့် သောက်ရန် ရေချို ငတ်သဖြင့် ပင်လယ်ရေနက်ကိုပင် သောက်မိကြသည်။ ရေငန်မှာ သောက်လေသောက်လေ ငတ်မပြေ ဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလျှောရောဂါနှင့် တစ်ရက်နှစ်ရက် အတွင်းမှာပင် သင်္ဘောသား နှစ်ယောက် သုံးယောက် သေဆုံးသွားကြပြန်သည်။

အလီဘာ၏ ဘေးတော်စပ်သူမှာ ကျန်သင်္ဘောသား အာရိယာန် နှစ်ယောက်နှင့် သေမည့်ရက်ကို စောင့်နေရသလို ပင်လယ်ကမ်းစပ် ကျောက်ဆောင်ခြေရင်းတွင် အစာငတ်ရေငတ်ဖြစ်ကာ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေကြသည်။ ထိုအချိန်တွင် ပင်လယ်မုန်တိုင်းကြီးစဲ၍ ပင်လယ်ပြင်မှာလည်း လှိုင်းငြိမ်လေငြိမ် ဖြစ်သွားရာ မေယံဝတီဘက်ကို ကုန်ရောင်းကုန်ဝယ် ထွက်လာသော ဦးအောင်သာဇံ၏ ဘေးတော်သူ လှေသူကြီးနှင့် တွေ့ကြသည်။ ဦးအောင်သာဇံ၏ဘေးမှာ ရေကြောင်းသွားလာသူတို့၏ ဒုက္ခကို စာနာထောက်ထားတတ်သူဖြစ်သဖြင့် အလီဘာ၏ဘေးနှင့် အာရိယာန် သင်္ဘောသားနှစ်ယောက်တို့ လှေပေါ် ပွေ့တင်ကာ ပြုစုစောင့်ရှောက်ကြသည်။ ထိုအခါကျမှ အလီဘာ၏ ဘေးနှင့် အာရိယာန် သင်္ဘောသားနှစ်ယောက်မှာလည်း အသက်ချမ်းသာရာ ရခဲ့ကြသည်။

ကျန်းမာလာသောအခါ၌ အလီဘာ၏ဘေးနှင့် အာရိယာန်နှစ်ယောက်တ သူတို့၏ အသက်မှာ အမိမွေးသောအသက် မရှိတော့ပြီ။ ကောတုံတရာဇ်သားတို့ ကယ်သောအသက်သာ ရှိတော့သည်။ ထို့ကြောင့် သူတို့ ဘုမ္မရာဇ်မြို့ကို လိုက်ပို့ပါ။ အာရိယာန်တိုင်းပြည် ဘုမ္မရာဇ်မြို့ကို ရောက်လျှင် ကျေးဇူးဆပ်ပါရစေဟု အကြိမ်ကြိမ် ပြောသဖြင့် ဦးအောင်သာဇံဘေး၏ ရွက်သင်္ဘောကြီးတွင် အလီဘာ၏ဘေးအား လမ်းပြပဲ့ကိုင်အဖြစ် တင်ခေါ်ကာ ဘုမ္မရာဇ်မြို့ကြီးကို လိုက်ပို့ကြသည်။

ဤသည်ကစ၍ သူတို့နှစ်ဦးမှာ ညီအစ်ကိုရင်းချာတမျှ ဖြစ်သွားကြပြီးနောက်တော့ ကောတုံတရာဇ်သား ကုန်သည်များနှင့် ဘုမ္မရာဇ်သား ကုန်သည်တို့မှာ တစ်နွယ်ငင်တစ်စင်ပါ ဖြစ်ပြီး စတင် ကူးလူး ဆက်ဆံသမှု ပြုလုပ်လာကြသည်။ ဤသည်မှာ ယခု ဦးအောင်သာဇံနှင့် အလီဘာတို့ခေတ်ထိ ဖြစ်သည်။

ထို့ကြောင့် တစ်ဦးကိုတစ်ဦး လေးစား အားနာလွန်းကြသည်။ ယခုအခါ "ကျွန်တော်မတို့မှာ တစ်စုံတစ်ရာသော သောကကြောင့် အကျွန့်ခင်ပွန်းစကားများယွင်းမိပါကလည်း" ဟူသောစကားနှင့် ခါတိုင်းအခေါက်ကလို တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် မရှိကြဘဲ ညှိုးငယ်နွမ်းလျနေကြသော မျက်နှာတို့အပြင် ယခု အလီဘာကတော်၏ စကားမှာလည်း အဆုံးထိကိုပင် ပြောပြနိုင်စွမ်းမရှိဘဲ မျက်ရည်ပေါက်ကြီးငယ်ကျကာ ခေါင်းငုံ့ရှိုက်ငင်နေသည်ကို မြင်လိုက်ရ





သောအခါ ဦးအောင်သာဇံတို့ ကောတုံတရာဇ်သားတွေမှာ ဘယ်လို [illegible] မှန်း မသိ၊ မေးမြန်းရမှန်း မသိ ဖြစ်ကာ ရုတ်တရက် မှင်တက်ဝင် [illegible]

"စန္ဒြီမာဟ်၊ ကိုယ့်ကိစ္စနဲ့ သူများ ရောင်းဝယ်ဖောက်ကားလာတာ [illegible] အနှောင့်အယှက် ဖြစ်စေသလား၊ စန္ဒြီကို အိမ်ရှင်ကြီး (ယောက်ျား) အာရုံ [illegible] ထားသလဲကွယ်"

ဦးအောင်သာဇံတို့ မျက်နှာများ ညှိုးကျသွားကာ မှင်တက်မိသွားကြသည်ကိုကြည့်၍ အလီဘာက သူ့ဇနီး စန္ဒြီမာဟ်ကို မာန်မဲသလို ပြောလိုက်သည်။ ပြီးမှ -

"မိတ်ဆွေရင်းကြီးများကို ကျုပ်တောင်းပန်ပါတယ်။ စိတ်အနှောင့်အယှက် မဖြစ်ကြပါနဲ့၊ စန္ဒြီမာဟ်ဟာ မိန်းမသူ စိတ်ပျော့ညံ့သူရယ်လို့ ခွင့်လွှတ်ကြပါ"

အလီဘာကလည်း သူ့မိန်းမစကားနှင့် သူ့မိန်းမ၏ အပြုအမူက မိတ်ဆွေရင်းချာကြီးများအပေါ် တွင် ရိုင်းစိုင်းသလို ဖြစ်သွားမိပါက တောင်းပန်ပါသည် ဟူသော စကားကို ဆိုလာပြန်သည်။

ဦးအောင်သာဇံနှင့် ကောတုံတရာဇ်သားတို့မှာ အာရိယာန်တို့၏ အယူအဖွဲ့ အပြောအဆိုအပေါ်၌ ဤတစ်ခါ မည်သို့ နားလည်ရမှန်း မသိ ဖြစ်သွားကြသည်။ သူတို့တွင် တစ်စုံတစ်ခုသော သောက ဒုက္ခ တစ်ခုခုတော့ ဖြစ်နေကြပြီဟုလည်း နားလည်လိုက်ကြသောကြောင့် -

"မိတ်ဆွေရင်းကြီး ခင်ဗျား၊ ကျုပ်တို့ကို ညီအစ်ကိုတွေလို သဘောထားပြီး သူဌေးမင်းကြီးတို့၏ သောကကို ပြောမပြနိုင်ဘူးလား ခင်ဗျား"

"ကျွန်တော်တို့ သောကဒုက္ခကတော့ စန္ဒာဒေဝီ သမီးကလေးကြောင့်ပါ"

အလီဘာက ပြောသင့် မပြောသင့် ခဏ ငေးငိုင် စဉ်းစားနေစဉ် ဇနီးသည် စန္ဒြီမာဟ်က အသံတိမ်တိမ်နှင့် ဝင်ပြောလာ၏။

"ဟင် သမီးလေး စန္ဒာဒေဝီ"

"ဟုတ် ဟုတ်ပါတယ်"

"ဘယ်လိုများ ဖြစ်လို့ပါလိမ့် သူဌေးကတော်ကြီးခင်ဗျား၊ မောင်ရင်းနှမလို သဘောထားပြီး ကျုပ်တို့ကို ပြောပြခွင့် မရှိနိုင်ပါလား"

"မိတ်ဆွေကြီး သူဌေးမင်း ခင်ဗျား၊ ပြောပြရရင် မိတ်ဆွေတို့တော့ အဲ-ကောတုံတရာဇ်က ညီအစ်ကိုများအနေတော့ ယုံချင်စရာတောင် ရှိမယ် မဟုတ်ဘူးလို့ ထင်မိပါတယ်"

ဤစကားကို အလီဘာက ဝင်ပြောပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မောင်ကြီးများရှင့်၊ ကျွန်တော်မရဲ့ သမီးလေးအဖြစ်က. ."

ဘုမ္မရာဇ်သူဌေးကြီး အလီဘာနှင့်စန္ဒြမာဟ်တို့၏ တစ်ဦးတည်းသော သမီးကလေး စန္ဒာဒေဝီလေး မည်သို့မည်ပုံ ဖြစ်သည်ကို မိဘနှစ်ပါးမှာ စကားဆုံးအောင်ပင် မပြောနိုင်ကြ။ အလီဘာက ခေါင်းမိုးပေါ် ငေးစိုက်ကြည့်၍ ခေါင်းမော့တွေဝေနေသလို လနီးသည် စန္ဒြမာဟ်မှာလည်း စကား ဆက်မပြောနိုင်ဘဲ ရှိုက်ငင်နေပြန်၏။

သူတို့၏ သောက မည်မျှ ကြီးမားနေကြသည်ကို ကောတုံတရာဇ်မြို့သား ဦးအောင်သာဇံတို့မှာ လောလောဆယ် အမြင်အကြားနှင့်ပင် စန္ဒာဒေဝီအတွက်နှင့် ဒုက္ခတစ်ခုခုတော့ အကြီးအကျယ် ရောက်နေကြပြီ ဆိုသည်ကို သိလိုက်ကြသည်။ ယခင်ကမူ သူစည်း၊ ကိုယ့်စည်း၊ သူဌေးစည်း၊ ကျွန်စည်း ဆိုသလို ဤလို လေ့သူကြီး၊ လေ့သူကြီးလက်ထောက်ရှေ့ သူ့အား အစ်ကိုညီရင်း မောင်ကြီးနှမ ပြောဆိုကြရန် မဆိုထားနှင့် သူဌေးချင်း၊ မိဘအိုးဘွားချင်း၊ ငယ်တွေ့ငယ်မြင်ချင်း စကားပြောဖူးဖော်ချင်း၊ နှစ်ယောက်သား တွေ့ကြရာ၌ပင် 'သူဌေးမင်း' ဟူသော ဖသုံးအနှုန်းကိုသာ အလီဘာက သုံးတတ်သည်။ 'မိတ်ဆွေ' ဟူသော စကားကိုပင် သုံးခဲ့လှသည်။ ယခု သူတို့မှာ 'မိတ်ဆွေကြီးများ၊ ညီအစ်ကိုများ' ဟူသော အသုံးအနှုန်းနှင့် စန္ဒြမာဟ်၏ 'မောင်ကြီးနှမ' များ၊ 'ကျွန်တော်မတို့များ' ဟူသော စကားများကို ထောက်သဖြင့် သူတို့၏မချိတင်ကဲ အတွင်းထဲက စိတ်သောကကို ဖော်ပြနေကြသည်။

သူတို့ အာရိယာန်နိုင်ငံမှာ ကောတုံတရာဇ်လို လူမှုဆက်ဆံရေးမျိုး မရှိ။ အာရိယာန်တို့၏ စကားနှင့် ပြောရလျှင် ပရမ်းပတာဗရုတ်သုက္ခ မဟုတ်။ ခွဲခြားမှု ဇာတ်နိမ့်ဇာတ်မြင့်တွေ ရှိသည်။ ဇာတ်မတူသူများနှင့် ကြမ်းတစ်ပြေးတည်းပင် မထိုင်။ နှစ်တောင့်တစ်ထွာ အနီးကိုလည်း ဇာတ်မတူလျှင် မကပ်။ မနေ၊ အတူနေ အတူစားဖို့ ဆိုသည်မှာတော့ ဝေးလာဝေးပင်။

ထို့ကြောင့်လည်း ဤမျှ ဘိုးစဉ်ဘောင်ဆက် ရောင်းဝယ်ဖောက်ကားလာခဲ့ကြရာမှ ယခု ဦးအောင်သာဇံတို့ လက်ထက်အထိ အလီဘာနှင့် ဦးအောင်သာဇံတို့မှာ တစ်ကြိမ်တစ်ခါမျှ ထမင်းလက်ဆုံ မစားဖူးဘူးချေ။ အလီဘာနှင့်သာမဟုတ် တစ်အိမ်သားလုံးနှင့်လည်း မစားဖူးဘူး။ ဤသည်မှာလည်း ဦးအောင်သာဇံ တစ်ဦးတည်းသာ မဟုတ်။ သူ့အဖေ၊ သူ့အဘိုး၊ သူ့ဘေးတို့လည်း အလီဘာ၏ အဖေ၊ အဘိုး၊ ဘေးတို့နှင့် ထမင်းလက်ဆုံ တစ်နပ်မျှ စားဖူးသွားကြဟန် မရှိ။





ဦးအောင်သာဇံ မှတ်မိသလောက် ဆိုလျှင် သူ့အဖေ လက်ထက်တုန်းက ဘုမ္မရာဇ်မြို့ကို ကုန်ရောင်းကုန်ဝယ်နှင့် လိုက်သွားလျှင် ထမင်းစားချိန်၌ အလီဘာ၏ အဖေက "သူဌေးမင်းတို့ သား အဖ ထမင်းသုံးဆောင်သွားကြပါဦး"ဟု ဖိတ်သော်လည်း "စားပြီးခဲ့ကြပါပြီ ခင်ဗျား၊ သင်္ဘောမှာ အလုပ်သမားတွေကို ထမင်းစားစောင့်နေဖို့ မှာထားခဲ့ကြလို့ပါ ခင်ဗျား၊ အရေးတကြီး ဆိပ်ကမ်းဆင်းစရာ ရှိလို့ပါ ခင်ဗျား" စသည် ဥပါယ်တံမျဉ်တစ်ခုနှင့် ပြန်လာခဲ့ကြရသည်ချည်း ဖြစ်သည်။

လူငယ်ဖြစ်သော ဦးအောင်သာဇံမှာ အာရိယာန်တို့၏ ကြီးကျယ်ခမ်းနားသော ဘုမ္မရာဇ်မြို့ကြီးကို အထင်ကြီးသလို ဘုမ္မရာဇ်သူဌေးကြီးများကိုလည်း အထင်ကြီးသူဖြစ်ပေရာ အတွေ့အကြုံအသစ်ကိုလည်း လူငယ်ပီပီ သိချင်မြင်ချင် စမ်းသပ်ကြည့်ချင်သဖြင့် သူ့အဖေအား "အေးလား ဘာဘာ၊ ဘုမ္မရာဇ်သူဌေးကြီးနဲ့ ထမင်းစားဖူးယောင်ဟိအောင် တစ်ခါတစ်နပ် လာစာကြည့်ဂတ်မလှဲယာ၊ ထမင်းစားချိန် တစ်ခုကိုယေ" (ကောတုံတရာဇ်သားတို့၏ ရှေးစကား)

"အဖေ၊ အဖေတို့ မိတ်ဆွေ ဘုမ္မရာဇ်သူဌေးကြီးနဲ့ ထမင်း၊ တစ်ခါလောက် စားဖူးတယ်ရှိအောင် စားကြည့်ကြမယ်ဗျာ၊ ထမင်းစားချိန်ပဲဟာ၊ ဘာလို့ စားမယ် မပြောတာလဲ၊ အဖေတို့နဲ့ ဒီလောက် ရင်းနှီးနေတဲ့ဥစ္စာ" ဟု ပြောဖူး၏။

ထိုအခါ သူ့အဖေက "မင်း သူတို့နဲ့ အတူတူ ထမင်းလက်ဆုံစားဖို့ မပြောနဲ့ မြောက်ပိုင်းက အာရိယာန်တွေဆို ငါတို့ ထိုင်သွားတဲ့ နေရာတောင် နွားနို့နဲ့ ဆေးချပစ်တယ်ဆိုတာ မကြားဖူးဘူးလား၊ ခု ဒီတောင်ပိုင်းက အာရိယာန်တွေက ထမင်းကျွေး ခေါ်ဖော်ရတာ တော်သေးတယ်၊ အဖေတို့နဲ့ အတူတူတော့ သူတို့က ဘယ်လိုမှ မစားကြဘူး။ သူတို့အကြောင်း အဖေ မသိသေးတဲ့ အရင်တစ်ခါက အဖေတို့နဲ့ ဒီလောက် ရင်းနှီးနေတာပဲ၊ ပြီးတော့ သူတို့က သူဌေးကြီးတွေပဲ၊ ထမင်း နှစ်ယောက် သုံးယောက်စာကတော့ အစေအပါးတွေ သွန်ပစ်တာလောက်တောင် ရှိမှာ မဟုတ်ဘူး ဆိုပြီး ကျွန်တော်တော့ ဆာတယ်ဗျာ စားသွားမယ် ပြောတော့ မင်းအဘိုး ငါ့အဖေက မျက်စိမျက်နှာ ပျက်သွားတယ်၊ ဒါနဲ့ သူတို့သာ တစ်ယောက်မှ အတူဝင်မစားကြတာ၊ ကျွေးပါတယ် ကောင်းကောင်း၊ အုန်းထမင်း၊ ထောပတ်ထမင်း၊ နှစ်မျိုးတောင်၊ ဟင်းကျတော့ မုန်ညင်းရွက်နဲ့ ပဲရွက်နှစ်ခုပဲ သိတယ်၊ အရွက်အစုံ ပဲမျိုးစုံ၊ အချဉ်တွေရော အစပ်တွေရော အရေအဖတ်တွေ အားလုံး မုန်ညင်းဆီနံ့နဲ့ ထောပတ်နံ့ချည်း နံနေလို့ ငါ့မှာ အုန်းထမင်း တစ်ခုတည်း ဆားနဲ့ ကျိတ်မျိုချလာခဲ့ရတယ်။ ထမင်းစားပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



နို့စိမ်း၊ ကုလားဘုတ်နို့လို့ ပြောတာပဲကွ၊ နို့ခမ်း (ဒိန်ချဉ်) လည်းပါတယ်၊ နို့နဲ့ နံလို့ ထမင်းစားတုန်းကပင် အန်ချင်နေတာ၊ ထမင်းစားပြီးတော့လည်း နို့နဲ့ လုပ်ထားတဲ့ မုန့်တွေချည်းကျွေးတော့ ငါမှာ စားထားတဲ့ အုန်းထမင်းတွေ ပြန် အန်မထွက်အောင်ကို မနည်းအောင့်ထားရတယ်၊ တစ်ခု တော်သွားတာက စွန်ပလွံယို တစ်ပန်းကန်ကြီး ပါလို့ပဲ၊ ဒီအာရိယာန်တွေ အဲသလို နို့စားများ လို့ပေါ့ကွ၊ သူတို့ ချွေးထွက်တာတောင် သူတို့ချွေးတွေက ထောပတ်နံ့ နံနေတာ၊ သူတို့နှာခေါင်းကတော့ သူတို့ ကိုယ်သင်းနံ့ဟာ မွှေးနေမှာပေါ့၊ အဲဒီတုန်းတပင် အာရိယာန်သူဌေးကြီး အိမ်ကထမင်းကို ငါ လန့်သွားခဲ့တာ ခုထိပဲ"

"ဒါဆို သူတို့ထမင်းပွဲ သားငါးတွေ လုံးဝ မပါဘူးပေါ့"

အံ့ဩသွားသဖြင့် သူ့အဖေကို မေးမိသည်။

"သားငါး နေနေသာသာ ချွေးထွက်လို့ မိန်းကလေးတွေကိုယ်က အငန်နံ့ နည်းနည်း ရရင်တောင် မိဘတွေက 'ဒီကောင်မလေး ဆားစားများတယ်၊ နှင့်ကိုယ်က နံလိုက်တာ'လို့ ပြောသံ ငါကြားဖူးတယ်၊ သူတို့ခေလေ့က ကောင်မ လေးတွေဆို မုန်ညင်းဆီလိမ်းတော့ သူတို့ကိုယ်က မုန်ညင်းဆီနံ့ရမှ၊ စန္ဒကူးနံ့ သင်းနေမှ မိန်းမပီသ,တယ်ပေါ့၊ အဖေတို့ သားတို့ နှာခေါင်းမယဉ်တဲ့ မုန်ညင်းဆီ နံ့က သူတို့ နှာခေါင်းတော့ ကြာညိုနံ့ နေမှာပေါ့ကွာ"တဲ့။

ထို့ကြောင့်လည်း သူ့မိတ်ဆွေရင်းကြီး အလီဘာ၏အိမ်က ထမင်းကို ဦးအောင်သာဇံမှာ ယခုထိ တစ်နပ်မှ မစားဖူးဘူး။ သူတို့ကျွေးသော အစားအစာ ဆို၍ နို့ခမ်း (ဒိန်ချဉ်) စွန်ပလွံယို၊ မုန့်မျိုးစုံနှင့် သူတို့ ဟီလီတရိုက်ထွက် လက်ဖက် ရည်ကြမ်းလောက်သာ စားသောက်ဖူးသည်။ သူတို့၏ အယူအဆမှာ သားငါး စားသူများသည် ဇာတ်နိမ့်များ၊ အောက်တန်းစားများဟု သတ်မှတ်ထားကြ သည်။ ထို့ကြောင့်လည်း ဘိုးစဉ်ဘောင်ဆက်ကပင် အကျိုးတူ စီးပွားဖက် လုပ် လာကြသော်လည်း ဦးအောင်သာဇံကသာ ဘုမ္ဗရာဇ်မြို့ကြီးကို တစ်နှစ်လျှင် နှစ်ခါသုံးခါ ရောက်တတ်သော်လည်း အလီဘာကိုမူ ကောတုံတရာဇ်မြို့ကို တစ်ခါမှ ဖိတ်ခေါ်၍ မရခဲ့။ ဇာတ်နိမ့်များနှင့် တစ်လှေတည်းစီး တစ်ခရီးတည်း အတူသွားပြီး စားသောက်နေထိုင်ရမှာကို သူ လိုလားပုံ မရ။ ကုန်ရောင်းကုန် ဝယ်ကိစ္စနှင့် သူ့လူများအား ကုန်ပို့လွှတ်လျှင်လည်း သူ့အလုပ်သမားများမှာ ရှက်လှေပေါ်၌သာ နေနေကြသည်။ ကုန်ရောက်လာကြောင်း တစ်ခါသာ အိမ် ပေါ်လာတက်ပြောပြီး မြစ်ဆိပ်၌သာ နေကြ၏။

ဤသည်တို့ကို သိ၍လည်း ယခုအခါ ဦးအောင်သာဇံနှင့် ကောတုံတရာဇ်





က သူဌေးများ၊ ဓညဝတီက သူဌေးများသည် ဘုမ္ဗရာဇ်မြို့ ဆိပ်ကမ်းတွင် သူတို့ ကုန်ရောင်းကုန်ဝယ်လာကြလျှင် အဆင်သင့် နေနိုင်ရန် ရက္ခပူရ ကုန်သည်ကြီး များ တည်းခို ဂေဟာကြီးကို သီးသန့် ဆောက်လုပ်ထားကြရသည်။ ဤဂေဟာ ကြီးမှာ မိမိတို့ပိုင် ဖြစ်သဖြင့် ဈေးအတက်အကျကိုစောင့်၍ လနှင့်ချီ နေနိုင်ကြ သည်။

ဇာတ်မတူသော ဘုမ္ဗရာဇ်သူဌေးများအိမ်တွင် တည်းခိုနေရသည်ကို ဓည ဝတီသားများနှင့် ကောတုံတရာဇ်သားများမှာ အနေအထိုင် အစားအသောက် အားလုံး သတိနှင့်ချည်း ဆင်ခြင်နေကြရသဖြင့် အကျဉ်းကျနေသလို ထင်မှတ်မိ ကြသည်။ ဓညဝတီသားများနှင့် ကောတုံတရာဇ်သားတို့မှာ သားစား၊ ငါးစားကြ ကြသူများလည်း ဖြစ်သလို အရက်သေစာကိုလည်း အသောက်အစား လွန်ကြ တတ်ကြသူများ ဖြစ်၏။ ထို့ကြောင့် လွတ်လွတ်လပ်လပ်နေနိုင်ရန် ဘုမ္ဗရာဇ်မြို့ ဆိပ်ကမ်းတွင် သူတို့တည်းခိုဆောင်များကို ဆောက်ထားကြရခြင်း ဖြစ်သည်။

အစကမူ ရက္ခပူရပြည်သားတို့၏ အမှတ်တံဆိပ်နှင့် ရက္ခဝဏ္ဏအက္ခရာကို ရေးထိုးထားရုံနှင့် ထိုအဆောက်အအုံပေါ်ကို မည်သည့် အာရိယာန်များကမျှ တက်မလာကြ။ တံခါး မရှိသော်လည်း ရက္ခပူရသားတို့၏ စာတန်းနှင့် အမှတ် တံဆိပ်တို့မှာ သက်ရှိ အစောင့်အရှောက်များထက်ပင် လုံခြုံမှု ရှိကြသည်။ အလီဘာတို့ထက် ဇာတ်မြင့်သော ဗြာဟ္မဏအယူရှိသူ အာရိယာန်တစ်မျိုးကမူ ရက္ခပူရသားတို့အား သေသောက်ကြူးများ၊ သားငါးကြူး၊ အမဲစားကြူး ဘီလူး များလို သဘောထားကြသည်။ ထို့ကြောင့် ရက္ခပူရသားတို့ကို ဗြာဟ္မဏအယူ ရှိသူ ဘုမ္ဗရာဇ်သား အာရိယာန်များမှာ ကုန်ရောင်းကုန်ဝယ် ဆက်ဆံရန်ကိုမဆို ထားနှင့် ရက္ခပူရသားတို့၏ အိမ်ရိပ်ကိုပင် မနင်းကြချေ။

အလီဘာတို့က ရက္ခပူရသားတို့နှင့် အတိုင်းအတာတစ်ခုထိ ရောင်းဝယ် ဖောက်ကား သွားလာဆက်ဆံနေကြခြင်းမှာ သူတို့ကိုးကွယ်သော သျှီဝ၊ ဝိဿနိုး၊ လက္ခမီ၊ ချန္ဒီ၊ ပရမေ စသည့် နတ်ဘုရားများတွင် ဂေါတမဗုဒ္ဓသည်လည်း တစ်ပါး အပါအဝင် ဖြစ်သဖြင့် အလုံးစုံ မတူညီကြသော်လည်း ဘုရားချင်း နီးနွယ်နေ၍သာ အပေါင်းအသင်း လုပ်လာခဲ့ကြခြင်း ဖြစ်သည်။

အာရိယာန်တို့နိုင်ငံတွင် ဇာတ်နိမ့် ဇာတ်မြင့်နှင့် အယူဝါဒ ဘာသာကွဲ အယူကွဲများကလည်း များပြားလာရာ နောက်တော့ ဘုမ္ဗရာဇ်မြို့ဆိပ်ကမ်းရှိ ရက္ခပူရသားတို့၏ တည်းခိုဆောင်များတွင် ရက္ခပူရမှ ကုန်သည်များ၊ လှေ သမားများ မရှိလျှင် ဇာတ်နိမ့်သည်ဆိုသော အာရိယာန်များက တက်နေလာ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထို့ကြောင့် ယခု ဦးအောင်သာဇံတို့ လက်ထက် ရောက်သောအခါ တည်းခိုဆောင်များကို တံခါးအခိုင်အခံ့လုပ်၍ ဘုမ္မရာဇ်မြို့မှ မိမိတို့နှင့် ရောင်းဝယ်ဆောက်တားနေသော သူဌေးများကို အစောင့်အရှောက်အဖြစ် အပ်နှံထားရသောအဆင့်ကို ရောက်နေသည်။

ဤတဲ့သို့သော ဇာတ်နိမ့်၊ ဇာတ်မြင့် အယူဝါဒ များပြားလွန်းလှသဖြင့်လည်း ယခု အလီဘာနှင့်သူ့ဇနီး စန္ဒြီမာဟ်တို့အား စန္ဒာဒေဝီလေးကိစ္စ မေးမိလိုက်သည်ကိုပင် အားနာစွာနှင့် ဆက်မေးသင့် မမေးသင့် ဦးအောင်သာဇံက ဆေးငိုင်တွေဝေနေရာ စန္ဒြီမာဟ်က "ကောတုံတရာဇ်က မောင်ကြီးများ နို့မမ်းသုံးဆောင်လိုက်ကြပါဦးရှင်" ဆိုတော့မှ အားလုံးမှာ လူ့ဝိရှား အသက်ဝင်လာကြပြန်သည်။

"စောစောက သမီးလေးအကြောင်းကို မမေးသင့်ဘဲ မေးမိခဲ့ရင် ကျုပ်တို့ကို ညီအစ်ကို မောင်နှမများ ခွင့်လွှတ်ကြ. ."

"မေးသင့်ပါတယ် ခင်ဗျား၊ မေးထိုက်ပါတယ်၊ ကျုပ်တို့ မိတ်ကောင်းဆွေကောင်းတို့ မည်သည်မှာ ဖုံးကွယ်ထားစရာ၊ မတိုင်ပင်ကောင်းသော အရာဆိုတာ မရှိကောင်းပါဘူး၊ ကျုပ်တို့ ဇနီးမောင်နှံက သမီးလေးအကြောင်း ချက်ချင်း မပြောနိုင်လောက်အောင် ဖြစ်သွားမိကြတာက ကျုပ်တို့ သမီးလေးခမျာ အဖြစ်ဆိုးရှာလွန်းလို့ပါ"ဟုဆိုကာ အလီဘာက သူ၏တစ်ဦးတည်းသော သမီး စန္ဒာဒေဝီလေး၏ အကြောင်းခြင်းရာနှင့် အဖြစ်အပျက်တို့ကိုပါ စုံစုံလင်လင် ပြောပြရှာလေသည်။

❀ ❀ ❀

နှစ်ဦးလွန်၍ တစ်လ မပြည့်မီပင် ဘုမ္မရာဇ်မြို့၌ နတ်ဘုရားပွဲတွေကများလာသည်။ အရှေ့အနောက် တောင်မြောက် အရပ်လေးမျက်နှာမှ ဘုရားစည်၊ ပွဲစည်ခတ်သံ ခေါက်သံတို့က ညံလာသည်။ ခေါမရောမ ပိုးချည်ရက်ထည်တွေ ပြောင်ပြောင်လက်လက်နှင့် မိန်းမယောက်ျား ကလေးသူငယ်များလမ်းတိုင်း၌ ပြည့်ကျပ်လာသည်။ ဘုရားကျောင်းရှိ လမ်းများတွင် တိုးမပေါက်အောင် စည်ကားပါသည်။

ယခင်ရက်များက လမ်းမများတွင် တွေ့ရခဲ့လှသော ဘုမ္မရာဇ်သူ မဒီကညာများကို နတ်ဘုရားပွဲများ၌သာ အတွေ့များခြင်းမှာလည်း ထူးခြားမှုတစ်ခုပင်။ ဘုရားပွဲတော်များကလွဲလျှင် တခြား အချိန်များ၌ ဘုမ္မရာဇ်သူ အပျိုကညာများမှာ အပြင်အပကို ထွက်လေ့ထွက်ထ များစွာ မရှိကြ။ မလွဲ





မရှောင်သာသော အကြောင်းတစ်ခုခုနှင့် သွားလာရလျှင်လည်း ရထားလုံးများနှင့်သာ သွားလာလေ့ရှိကြသဖြင့် အပျိုကညာများ ရှိသောအိမ်ကို ဆွေမျိုးမဟုတ်က သိသူ မရှိသလောက် ဖြစ်သည်။

ထို့ကြောင့် သျှိဝ၊ လက္ခမိ၊ ဗိဿနိုး ပရမေသွာ နတ်ဘုရားများ၏ ပွဲတော်မှာ ဘုမ္မရာဇ်မြို့ရှိ အပျိုကညာများအတွက် အခွင့်အရေးတစ်ခုပင်။ နတ်ဘုရားရုပ်တုများဆီ ကိုယ်တိုင်သွား၍ ပန်းဆီမီး အမွှေးတိုင်များ ကပ်လှူပူဇော်ကြရာ၌ သူတို့၏အလှမှာ မြို့သူမြို့သားများအား တစ်နှစ်တစ်ကြိမ် လှစ်ဟပြသသည်နှင့်ပင် တူလှသည်။

ထို့ကြောင့်လည်း မြင်ခဲတွေ့ရခဲလှသော မဒီကညာများကို ကြည့်လိုမြင်လို ကြိုက်လိုကြသော ဘုမ္မရာဇ်မြို့ရှိ ကာလသားများကလည်း ဘုရားပွဲတွင် ကြိတ်ကြိတ်တိုး စည်ကားလျက် ရှိသည်။ ကာလသားများမှာ မိမိကြိုက်နှစ်သက်ရာ မဒီကညာများကို တွေ့ရှိပါက မျက်စမျက်နှ အရယ်အပြုံး ကိုယ်အမူအရာ နှုတ်အမူအရာတို့နှင့်လည်း ဇာတ်တူချင်း ချစ်ရေးဆိုနိုင်သော အခွင့်အရေး ရှိကြသည်။

ဤသည်တို့မှာ သာမန် ကာလသားများအတွက်ဖြစ်ပြီး ဂုဏ်သတင်းတစ်ခုခုနှင့် ကျော်ကြားမှုကို လိုလားကြသော ကာလသားများကမူ အနိမ့်ဆုံးအဆင့် နတ်ဘုရားတစ်ဦးဦး ဝင်ပူးပြ၍ လည်းကောင်း၊ အလယ်အလတ်အဆင့် မီးနင်းပွဲတွင် မီးနင်းပြ၍ လည်းကောင်း၊ ထိုထက်မြင့်သော အဆင့်ကမူ နတ်ဘုရား ဝင်ပူးနေသည့်အပြင် ကိုယ်အင်္ဂါ အစိတ်အပိုင်းများတွင် သံချွန်ဆူးချွန်တွေကို ထိုးစိုက်ခံ၍ လည်းကောင်း၊ လျှာ နှုတ်ခမ်း စသည်များကို ထို သံချွန်၊ သံစူးတို့နှင့် ထိုးဖောက်ကာ မီးကျီးမီးခဲများ ရဲရဲနီနေသော မီးကျီးတောထဲ ခြေလှမ်း တစ်ဆယ် နှစ်ဆယ် လျှောက်သွားပြ၍ လည်းကောင်း မိမိတို့၏ ဂုဏ်သတင်းကို ရယူနိုင်ကြသောပွဲ ဖြစ်သည်။

ဤသတင်းများမှာ သမီးရှင်များဆီ ရောက်နိုင်သဖြင့် အဆင့်မြင့်သော ချစ်သူရှာနည်းတစ်မျိုး ဖြစ်သည်။ ကြီးရင့်သူများအတွက်ကမူ သူတို့၏ သီလ၊ သမာဓိ၊ ပညာနှင့် နတ်ဘုရားများအပေါ် ယုံကြည် သက်ဝင်မှုကို ပြသကြခြင်းပင်။ မည်သို့ဆိုစေ သူတို့၏ အစဉ်အလာ ယုံကြည်မှုနှင့် သီလ၊ သမာဓိ အစွမ်းတို့မှာ တခြားဘာသာဝင်များအတွက် အံ့တစ်ပါး ဖြစ်သည်။ ထို့ကြောင့်လည်း အချို့သော ကောတုံတရာဇ်သားတို့သည် ဤသို့သော ပွဲများကို မြင်လိုကြည့်လိုကြသဖြင့် ကုန်ရောင်းကုန်ဝယ်သွားရာ၌ပင် ဘုမ္မရာဇ်မြို့၏ နတ်ဘုရားပွဲတော်ကို



www.burmeseclassic.com

www.burmeseclassic.com



မှန်းဆ၍ သွားတတ်ကြ၏။ သူတို့ ကောတုံတရာဇ်၌မူ ဤသို့ အစွမ်းပြနိုင်သူ ဆို၍ကား တစ်ဦးတလေပင် မရှိချေ။ ဘုမ္မရာဇ်မြို့ရှိ ကာလသားပေါက်လို အရွယ်မျိုးကို မဆိုထားနှင့် သက်ကြီးရွယ်အိုများထဲ၌လည်း တစ်စုံတစ်ယောက်မျှ မရှိပေ။ ထို့ကြောင့်လည်း ဘုမ္မရာဇ်သားတို့၏ သီလ၊ သမာဓိ အစွမ်းမှာ အံ့ဩ မည်ဆိုတာ အံ့ဩစရာပင်။

ဘုမ္မရာဇ်မြို့၏ သမီးပျိုလေး စန္ဒာဒေဝီသည် အများနည်းတူ သျှိဝဘုရားပွဲ တို့ အပေါင်းအဖော်များနှင့် ရောက်နေသည်။ ဤဘုရားပွဲမှာ ဘုမ္မရာဇ်မြို့၌ အစည်ကားဆုံး နတ်ဘုရားပွဲ ဖြစ်သဖြင့် မည်သူမဆို သျှိဝကိုးကွယ်သူများ တစ်နေ့တစ်ရက်တော့ မရောက်မဖြစ် သွားတတ်ကြသောပွဲ ဖြစ်သည်။ ငယ်ရွယ်သူ အပျိုကာလသားများအတွက်ကား သုံးရက် သုံးညစလုံး သွားလာကြသောပွဲ ဖြစ်၏။

ကြီးရင့်သူများအတွက် သီလ၊ သမာဓိ၊ ပညာကို ပြသကြေညာသော ပွဲဖြစ်သလို လူငယ်ကာလသားများမှာ ချစ်သူကြိုက်သူများကို ရှာရသော ဘုရားပွဲ ဖြစ်သဖြင့် တစ်မြို့လုံးရှိ ကာလသားများမှာ တိုးမပေါက်လောက်အောင် စည်ကားနေသည်။ ထိုအထဲတွင် ဟီလီတံရိုက် သူဌေးကြီးဟူသော အမည်နာမ နှင့် အလွန် ကြွယ်ဝချမ်းသာသော အဇာဘိုင်၏ သူဌေးသား အာဇံဟူရ်လည်း ပါရှိနေရာ အာဇံဟူရ်မှာ စန္ဒာဒေဝီလေး၏ အလှအယဉ်ကို မြင်သောအခါ ကြိုက်မဝ ချစ်မဝ ဖြစ်သွားတော့သည်။

ထို့ကြောင့် ကာလသားများအုပ်ထဲမှ စန္ဒာဒေဝီလေးကို မျက်စမျက်နှနှင့် ချစ်ရေးဆိုသည်။ မကြားတကြား စကားတို့ဖြင့် လိုက်စ,သည်။ သို့သော် စန္ဒာ ဒေဝီလေးကား သူ့ကို တစ်ချက်ပင် လှမ်းမကြည့်၊ ဆီမီး၊ ပန်း၊ အမွှေးတိုင် တစ်ထုပ်ကြီးကို ပိုက်ကာ ဆင်မယဉ်သာ ခြေလှမ်းနှင့် သျှိဝနတ်ဘုရားကျောင်း ဝင်းထဲသို့သာ လှမ်းဝင်သွားလေသည်။ အာဇံဟူရ်သူဌေးသားမှာ ငေးမော၍ ကျန်ခဲ့လေ၏။

သို့သော် မိဘဂုဏ်၊ ပစ္စည်းဥစ္စာ ကြွယ်ဝဂုဏ်၊ ငယ်ရွယ်၍ ချောမောလှပ သော ဂုဏ်တို့ကြောင့် သူ့ကိုယ်သူ ယုံကြည်စိတ်အပြည့် ရှိသည်။ စန္ဒာဒေဝီ လေးသည် သူ့ကို လှည့်ကြည့်မသွား၍သာ၊ သူ့ရုပ်ကို မမြင်သေး၍သာ၊ သူ့ အဖေ၏ အမည်နာမနှင့် ဂုဏ်သတင်း ကျော်စောမှုကို မသိသေး၍သာ။ အကယ်၍ ထိုအရာများကိုသာ သိပါက သူ့အား မည်သို့မျှ ငြင်းပယ်လိမ့်မည် မဟုတ်ဟု သူ ယုံကြည်သည်။





ထို့ကြောင့်လည်း စန္ဒာဒေဝီလေး ဘုရားကျောင်းမှ အထွက်ကို စောင့်၍ ချစ်ရေးလိုက်ဆိုသည်။ မထိတထိ စ,ပြောရာမှသည် ပွင့်ပွင့်လင်းလင်း ချစ် ကြောင်းစကားကို ဆိုသည်။ သူဌေးသား သူဌေးသမီးတို့မှန်းသိကြသော နှစ်ဖက် အပျို လူပျိုကာလသားများကလည်း အားပေးကြသည်။ မိန်းမပျိုများအနေနှင့် ဤသို့ ကြိုက်မရှက် ငိုက်မရှက်ဆိုသလို အများရှေ့ ချစ်ရေးဆိုခံရခြင်းမှာ ဂုဏ်ယူစရာဟု ထင်စဖွယ်ဖြစ်သော်လည်း စန္ဒာဒေဝီက သူတို့ဇာတ်၌ကား ဤမျှ ရဲတင်း ပြောင်ကျခြင်းကို မလိုလားဖွယ်ရာ အပြုအမူအဖြစ်သာ လက်ခံထား ကြသည်။ သူတို့ဇာတ်၏ ခံယူချက်မှာ ဘုရားပွဲများ၌ အပျိုကို လူပျိုကာလသားက စတင်၍ ချစ်ကြောင်း ကြိုက်ကြောင်းများ ပြသလာလျှင် ကာလသမီးအပျိုက ထိုသူအား ပြန်၍ ချစ်ကြောင်း ကြိုက်ကြောင်း ပြရုံမျှလောက်နှင့် နှစ်ဦးနှစ်ဖက် အတွက် လုံလောက်သွားကြပြီ။

ထို့နောက်တွင် လူပျိုကာလသားက အပျိုကာလသမီး၏ မျိုးရိုးဇာတ် ကို စုံစမ်းကာ မိသားဖသားပီပီ တောင်းရမ်းပြီး မင်္ဂလာဆောင်လိုက်ကြရုံသာ။ ယခု ဤလုလင်ပျိုမှာ ရဲတင်းလွန်းသည်။ မိမိက ပြုံးရုံမျှပင် မပြသေးအား အတင်း အဓမ္မ လိုက်ပါ၍ ချစ်ရေးဆိုနေခြင်းမှာ မိန်းမပျိုတစ်ယောက်၏ ဂုဏ်သိက္ခာကို အများရှေ့ ပြက်ရယ်ပြုစရာ ဖြစ်သည်။ ထို့ကြောင့် စန္ဒာဒေဝီလေးသည် မျက်နှာ ကို ပိုတင်းပြလိုက်ပြီး သူ့အပေါင်းအဖော် အပျိုများကိုခေါ်ကာ သူတို့ ရထားလုံး ရှိရာသို့သာ လျှောက်လာခဲ့သည်။ ထိုအထိ အာဇံဟူရ်ကလည်း လိုက်ပါလာပြီး ချစ်ခွင့်ပန်ရာ မရောက်ဘဲ ရိုင်းပျရာ ရောက်သွားသည်။ ဤသည်မှာ သျှိဝဘုရား ပွဲ၏ ပထမနေ့၌ ဖြစ်သည်။

ဒုတိယနေ့၌လည်း စန္ဒာဒေဝီလေး မုချလာမည်ကို သိသဖြင့် ရထားဆိပ်၌ အာဇံဟူရ် လာစောင့်ကာ စန္ဒာဒေဝီလေးကို ချစ်ရေးဆိုပြန်သည်။ ယောကျ်ား ဆို၍ ရထားမောင်းသူတစ်ယောက်ကလွဲပြီး မိန်းမဖော် အပျိုများချည်းဖြစ်ရာ အာဇံဟူရ်မှာ ပိုပြီး ရဲတင်းကာ နတ်ဘုရား ပသ ပူဇော်ရန်ပါလာသော ပန်း၊ ဆီမီး၊ အမွှေးတိုင်ထုပ်များကိုပင် စန္ဒာဒေဝီလက်ထဲမှ လုယူမတတ် အပြုအမူကို တချို့သော မိန်းမပျိုများဆိုလျှင် သူ့ကို ချစ်လွန်း၍ဟု ဝမ်းသာနိုင်ကြသော်လည်း စန္ဒာဒေဝီကမူ ဝမ်းမသာနိုင်၊ သူတို့၏ ဇာတ်အစဉ်အလာ မဟုတ်သဖြင့် ရထားပေါ် ပြန်တက်ကာ ဘုရားမဖူးဘဲပင် ပြန်လာခဲ့သည်။ ထိုအခါမှ အာဇံ ဟူရ်မှာ မောကျန်ခဲ့ရပြန်သည်။

တတိယနေ့၌မူ စန္ဒာဒေဝီလေးသည် အာဇံဟူရ် လာနှောင့်ယှက်ဦးမည်ကို



www.burmeseclassic.com

www.burmeseclassic.com



သိသဖြင့် ဘုရားပွဲပင် မရောက်ဖြစ်တော့။ အာဇံဟူရ်နှင့် စန္ဒာဒေဝီတို့မှာ သူအရပ်နှင့်သူ သူဌေးသား၊ သူဌေးသမီးတို့ ဖြစ်ကြ၍ ထိုသတင်းသည် အလီဘာနှင့် စန္ဒြီမာဟ်တို့နားတို ချက်ချင်း ပေါက်သည်။ ထို့ကြောင့် သမီးလေး စန္ဒာဒေဝီ၏ အခြေအနေကို မိဘနှစ်ပါးက မျက်စိ ဒေါက်ထောက် ကြည့်နေကြလေသည်။ သို့သော် ဗိုင်းကျောက်ဖိ သမီးလေးသည် တစ်ဆက်တည်း ကျင်းပလျက်ရှိသော နောက်ဘုရားပွဲများကိုပင် သွားသည်ကို မတွေ့ရ။ သူ့အပေါင်းအသင်း အဆင့်တူ ဇာတ်တူ ကာလသမီးများ လာခေါ်သည်ကိုပင် ဥပါယ်တံမျဉ်တစ်ခုခုပြု၍ ငြင်းပယ်လိုက်သည်ကိုသာ တွေ့ရသည်။ ထိုအခါမှ မိဘနှစ်ပါးမှာ စိတ်ချသွားကြသည်။

သို့သော် ဟီလီတရိုက်သူဌေးသား အာဇံဟူရ်မှာကား စန္ဒာဒေဝီလေးကို မမြင်ရ မနေနိုင် ဖြစ်နေသည်။ သျှိဝဘုရားပွဲ၏ တတိယမြောက် နောက်ဆုံးနေ့နှင့် တစ်ဆက်တည်း ကျင်းပလျက်ရှိသော နောင်ဘုရားပွဲများတွင် စန္ဒာဒေဝီလေး၏မျက်နှာကို မြင်ချင်၍ နေ့တိုင်း စောင့်ခဲ့သည်။ နေ့တိုင်း မျှော်ခဲ့သည်။ သို့မည်မျှ မျှော်မျှော် စန္ဒာဒေဝီလေး ပေါ်မလာသောအခါ အာဇံဟူရ်မှာ အလွမ်းနာကျလာသည်။ စားလည်း စန္ဒာဒေဝီစိတ်၊ သွားလည်း စန္ဒာဒေဝီစိတ်၊ အိပ်တော့ ပိုဆိုးသည်။ စွဲလမ်းသောစိတ်နှင့် စန္ဒာဒေဝီကို အိပ်မက်မြင်သည်။

စန္ဒာဒေဝီ၏ အိပ်မက်အလွမ်းကမူ သူ့ကို ပို၍ ဖမ်းစားလာတော့သည်။ အိပ်မက်ထဲ၌ တွေ့ရသော စန္ဒာဒေဝီ၏ အလှသည် အပြင်ထက် ဆယ်ဆသာနေသည်။ သူ၏ အိပ်မက် ခံစားချက်မှာလည်း နိုးလာသောအခါ ယခင်ကထက် အဆတစ်ရာမက ခံစားလာရသည်။ ထိုအခါ သူမှာ ဘယ်လိုမှ မနေနိုင်တော့။ စန္ဒာဒေဝီနှင့်သာ ဤဘဝ မပေါင်းရလျှင် သေရတော့မလို တမှိုင်မှိုင် တတွေတွေ ဖြစ်နေသည်။ ထိုအခါ စန္ဒာဒေဝီလေးကို တွေ့ကတည်းကပင် သူ့ရုပ်ရည်ရူပကာ၊ သူ့မိဘ၏ ချမ်းသာကြွယ်ဝမှု၊ ကျော်စောကိတ္တိရှိမှုတို့ကို စန္ဒာဒေဝီလေးနှင့် သူ့မိဘတို့ သိရှိပါက ဘယ်လိုမှ ငြင်းပယ်နိုင်စရာ အကြောင်းမရှိဟူသော ယုံကြည်ချက်နှင့် သူ့မိဘနှစ်ပါးကို ဖွင့်ပြောကာ နားဖောက်ခိုင်းတော့သည်။

သူ့သား ယုံကြည်မှု အပြည့်ရှိသလို သူ့အဖေ ဟီလီတရိုက် သူဌေးကြီးကလည်း ယုံကြည်သည်။ အလီဘာနှင့် စန္ဒြီမာဟ်တို့မှာ သူဌေးဟု ဆိုသော်လည်း သူနှင့်စာလျှင် ပစ္စည်းဥစ္စာတို့မှာ ဆယ်ပုံတစ်ပုံပင် မရှိ။ ပြီးတော့ သူ့သားရုပ်ရည်၏ ခန့်ထည်ချောမောမှု၊ ဘုမ္မရာဇ်မြို့၏ အနောက်ဘက်တစ်ခွင်မှ လာ၍





စပ်ဟပ်ကြသော သူဌေးသမီးများမှာလည်း ဒုနှင့်ဒေး။ သူ့အနေမှာ သူ့သားစိတ်တိုင်းကျ သူ့သားကြိုက်သူနှင့်မှ ပေးစားနိုင်မည် ဖြစ်သဖြင့် မျိုးတူဇာတ်တူ ဂုဏ်ရည်တူထဲက သူ့သားအား ပြသမေးမြန်းလာရာ ယခုဆိုလျှင် ဆယ်ဦးမကတော့။ သူ့သားကား မည်သည့် သူဌေးသမီးကိုမျှ မကြိုက်ခဲ့။ ခြေလက်အင်္ဂါ မျက်နှာနှင့် ကိုယ်လုံးတစ်ခုခုကို အကြောင်းပြု၍ ငြင်းခဲ့သလို အပြုအမူ အနေအထိုင်နှင့် နောက်ဆုံးမှာ စိတ်ပိုင်းဆိုင်ရာ မာနကြီးမည်၊ လင်သားအပေါ် နိုင်လိုမင်းထက် ပြုမူလာနိုင်သေးသည်။ လျှပ်ပေါ်လော်လီလိုသော အသွင်သဏ္ဌာန်ရှိသည် စသည်ဖြင့် သျှတြကျမ်းကျေ ပုဏ္ဏားတွေ အပြစ်ရှာသလို သူ့သားသည် ခေ့စပ်ရန် ရည်ရွယ်ခဲ့သမျှ သတို့သမီးများကို အပြစ်ရှာ၍ ငြင်းပယ်ခဲ့သည်။

ယခု အလီဘာနှင့်စန္ဒြီမာဟ်တို့ သမီး စန္ဒာဒေဝီနှင့်တွေ့တော့မှ သူ့သားက မစားနိုင် မအိပ်နိုင်လောက်အောင် စွဲလမ်းတမ်းတ ဖြစ်နေသောအခါ အဖေဖြစ်သူကပါ စန္ဒာဒေဝီလေးကို မြင်ချင်ကြည့်ချင်စိတ် ပေါက်လာသည်။ စန္ဒာဒေဝီလေးသည် ပုံပြင်ထဲက နတ်မိမယ်လေးတမျှလောက်များ ချောမော လှပနေရောလားဟုပင် ဟီလီတရိုက် သူဌေးကြီးက ထင်မြင်လိုက်မိသည်။ ထို့ကြောင့် သား၏ဆန္ဒအတိုင်း အလီဘာနှင့် စန္ဒြီမာဟ်တို့ဆီ သွား၍ သားအတွက် မိန်းမတောင်းကြရတော့သည်။

သို့သော် သူဌေးကြီးခများမှာ ခွေးမလောင်းလေးတိုင်ပင် မမြင်ခဲ့ရရှာ။ ဇာတ်မတူသည်ကို အကြောင်းပြကာ အလီဘာနှင့် စန္ဒြီမာဟ်တို့က ငြင်းပယ်လိုက်ကြသည်။ အာဇံဟူရ်၏အဖေ သူဌေးကြီး၏ဇာတိမှာ ဘုမ္မရာဇ်မြို့သား မဟုတ်။ အာရိယာန်နွယ်ဖွားလည်း မဟုတ်။ ခေါမ ရောမနွယ်သော ဂရိတို့ပြည်မှ ဖြစ်သည်။ ငယ်စဉ်က ခေါမချည် ရောမချည် လာရောင်းသော ရွက်သင်္ဘောကြီးများ၏ ကြိုးချည်လှေထိုး မျိုးနိုးဗီဇသာဖြစ်သည်။

ထို့ကြောင့်လည်း ခေါမရောမတို့၏ အပြုအမူ အနေအထိုင် ရှိသည်။ ဇာတ်မျိုးရိုးကို အမိကထားသူမဟုတ်၊ ထို့ကြောင့်လည်း သားဖောနှင့် ဤတစ်ချက်ကို သတိမမူမိရာမှ အရှက်ရလာသည်။ ထိုအခါ ဒေါသအလျောက် ကြုံမိကြုံရာ ကြုံလေတော့သည်။ သူ့သား၏ တမှိုင်မှိုင် တတွေတွေဖြစ်နေသည်ကို မြင်တိုင်းလည်း အလီဘာနှင့် စန္ဒြီမာဟ် တို့အပေါ် ဒေါသထွက်မဆုံး ဖြစ်ရသည်။

ထို့ကြောင့် "စန္ဒာဒေဝီလေးကို ငါ့သား ရကို ရရစေမည်။ အချိန်ကာလအနည်းငယ်မျှစောင့်"ဟု ပြောပြီး စန္ဒာဒေဝီ ဘုရားကျောင်းတစ်ကျောင်းကျောင်း သို့မဟုတ် ဘုရားပွဲတစ်ပွဲပွဲသို့ အလာကို သူ့တပည့်လက်သားများအား စောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခိုင်းထားသည်။

ဟိလိတရိုက် သူဌေးကြီး၏အကြံမှာ ဘုရားကျောင်း၊ ဘုရားပွဲတစ်ခုခုသို့ လာသော စန္ဒာဒေဝီလေးကို အတင်းအဓမ္မ ရထားနှင့်တင်ကာ မြစ်ဆိပ်ကို ခေါ်သွားမည်။ သူသည် ငယ်စဉ်ကပင် ခေါမ ရောမ၌ ကျင်လည်လာသူဖြစ်ရာ သူ၏ အာရိယာန်တိုင်းနိုင်ငံမှ ဟိလိတရိုက်တောင်တန်းနှင့် ဟိမဝန္တာတောင်ကြော ထွက် အမွှေးအကြိုင် စန္ဒကူးနံ့သာများကို ရောမခေါမသို့ တင်ပို့နေရသူဖြစ်ရာ ရောမခေါမတွင် သူဌေးမိတ်ဆွေ ကုန်သည်များ ရှိသည်။ ထို့ကြောင့် မြင်းရထားနှင့် မြစ်ဆိပ်သို့ တင်ခေါ်လာသော စန္ဒာဒေဝီလေးကို သူ့သားနှင့်အတူ သုံးပင်တိုင် ရွက်သင်္ဘောကြီးနှင့် ခေါမရောမ တစ်နေရာရာကို ပို့ထားလိုက်မည်။

သို့ဆိုလျှင် အလီဘာနှင့် စန္ဒြိမာဟ်တို့ ဘာမှ မတတ်နိုင်တော့။ ဟိလိတရိုက် သူဌေးကြီးမှာ ခေါမ ရောမနွယ်ဖွားပီပီ ခေါမ ရောမသားတို့ အကြံနှင့် ဤအစီအစဉ်ကို စီစဉ်သည်။ သူ၏သားကိုလည်း ဤအကြံအစည်များကို အလုံးစုံ ပြောထားသည်။ သူ့သားကလည်း စန္ဒာဒေဝီလေးဆိုလျှင် အသေရရ အရှင်ရရဆိုသလို ဖြစ်နေရာ အဖေ့သွေး အပြည့်ပါသူပီပီ ဤအစီအစဉ်ကို လက်ခံသည်။

သို့နှင့် စန္ဒာဒေဝီလေး ဘုရားကျောင်းတစ်ခုခု၊ ဘုရားပွဲတစ်ခုခု အလာကို စောင့်နေကြရာ အလီဘာနှင့် စန္ဒြိမာဟ်တို့မှာလည်း ဘုမ္မရာဇ် ဇာတိသူ ဇာတိသားများ ဖြစ်သဖြင့် ဤသတင်းကို ပြောကြားသူ ရှိလာသည်။ ထိုအခါ သူတို့ အစဉ်အလာ ယဉ်ကျေးမှုနှင့် ဖီလာကန့်လန့်ဖြစ်သော ဤအကြံအစည်မှာ ခေါမ ရောမနွယ်ဖွား တစ်ယောက်ဖြစ်သော ဟိလိတရိုက် သူဌေးကြီး အဇာတိုင်သည် ဤအကြံအစည်ကို မုချ အကောင်အထည် ဖော်တော့မည်ဆိုသည်ကို သိကြသည်။

သူသည် ရောမခေါမနွယ်ဖွား ဖြစ်သည့်အပြင် လှေထိုးကြိုးချည် အောက်တန်းစားမှ သူဌေးဖြစ်လာသူ ဖြစ်သည်။ ရွက်သင်္ဘောကြီးများတွင် ကြိုးချည်လှေထိုးလိုက်ရာမှ ရေမျောကမ်းတင်ဖြစ်ပြီး ဘုမ္မရာဇ်သူ ဇာတ်နိမ့် အာရိယာန်မလေး တစ်ယောက်နှင့် အကြောင်းပါခဲ့ကာ ဘုမ္မရာဇ်မြို့တွင် သောင်တင်ကျန်ခဲ့သည်။ ခေါမရောမနှင့် အဆက်အသွယ်ရှိသူ စကားကျွမ်းကျင်သူ ဖြစ်သဖြင့် နောက်ပိုင်းတွင် ရောမခေါမ သူဌေးကြီးများက အာရိယာန်နိုင်ငံ ထွက်ကုန်ပစ္စည်း အမွှေးအကြိုင်များကို ဝယ်ယူစုပေးရသော အဝယ်တော်ဖြစ်လာရာမှ သူဌေး ဖြစ်လာသူ ဖြစ်သည်။





ထို့ကြောင့်လည်း ဟိလိတရိုက် တောင်တန်းထွက်ကုန်နှင့် ဟိမဝန္တာတောင်ကြောထွက်ကုန်တို့ကြောင့် သူ့ကို ဟိလိတရိုက်သူဌေးဟု ခေါ်ကြခြင်း ဖြစ်သည်။ သူ့နာမည်ကိုပင် မခေါ်ဝံ့ကြလောက်အောင်လည်း ချမ်းသာလာသူ ဖြစ်သည်။ သူ့နာမည်မှာလည်း ဤပြည် ဘုမ္မရာဇ်မြို့ကိုရောက်မှ သူ့ဘာသာသူ မှည့်သောအမည် ဖြစ်မည်။ သူ၏ ရောမနာမည်ကို မည်သူမျှ မသိကြ။ မျိုးရိုးစဉ်ဆက်နှင့် ဇာတ်ကိုထိန်းသော အလီဘာနှင့် စန္ဒြိမာဟ်တို့အနေမှာ တကယ့် အောက်တန်းစားမှ အောက်တန်းစား ဇာတ်နိမ့်တစ်ယောက်။

သို့သော် ယခုအခါ သူသည် ဘုမ္မရာဇ်သူဌေးလောကတွင်မက ဘုမ္မရာဇ်ပြည့်ရှင် ဘုရင်ကိုပင် အချိန်အခါမရွေး ဝင်တွေ့နိုင် ပြောဆိုသံတော်ဦးတင်နိုင်သူ ဖြစ်နေသည်။ အမှန်မှာ ဘုမ္မရာဇ်ဘုရင်ကိုသာ မဟုတ် ခေါမရောမ ဘုရင်များဆီထိပင် ပေါက်ရောက်သူ ဖြစ်သည်။ဘုမ္မရာဇ်ဘုရင်အား ခေါမ ရောမဖြစ် အဖိုးတန် ကော်ဇောကြီး ကော်ဇောငယ်များကိုလည်း နှစ်စဉ် ဆက်သနေသလို ခေါမရောမမင်းများကိုလည်း အာရိယာန်နိုင်ငံထွက် အမွှေးအကြိုင် စန္ဒကူးနံ့သာများကို ပေးဆက်နေသူ ဖြစ်သည်။

ဤအုတ်ကြားမြက်ပေါက် ဟိလိတရိုက်သူဌေးသည် ခေါမရောမတို့၏ သွေးပါသူပီပီ အရာရာကို လက်ရဲဇက်ရဲ ရှိလှသည်။ ထို့ကြောင့် အလီဘာနှင့် စန္ဒြိမာဟ်တို့မှာ သမီးအတွက် စိုးရိမ်လာကြသည်။ အိမ်တွင်းက အိမ်ပြင် မထွက်စေရသော်လည်း တစ်နေ့မဟုတ် တစ်နေ့ ဟိလိတရိုက်သူဌေးသည် မင်းပါးစိုးခွင် ဝင်ရောက်၍ သူ့သမီးကို တောင်းလာသည်ရှိသော် . . ။

သမီးစန္ဒာဒေဝီ၏ အလှအယဉ် လိမ္မာရေးခြား သတင်းများကလည်း ဟိလိတရိုက် သူဌေးသား အာဇံဟူရ်နှင့် ပြဿနာဖြစ်ပြီးခါမှ ပို၍ ကျော်စောကိတ္တိ ကြီးလာသည်။ စန္ဒာဒေဝီလေးကို ယနေ့အခါ ဘုမ္မရာဇ်မြို့မှာ မကြည့်ချင်မမြင်ချင်သူမရှိ ဖြစ်လာသည်။ အဖိုးအခပေး၍ပင် ကြည့်ခွင့်ရမည်ဆိုလျှင် စန္ဒာဒေဝီလေးကို ပွဲသွင်းပွဲခံ ကြည့်ပွဲ လုပ်ပြ၍ပင် ရလောက်အောင် အကျော်ဇေယျ ဖြစ်လာသည်။ ဟိလိတရိုက်သူဌေးသား၏ မေတ္တာကိုပင် ငြင်းပယ်လိုက်သော စန္ဒာဒေဝီလေးသည် ဘုမ္မရာဇ်ဘုရင်ကတော်ပင် ဖြစ်ချင်နေသူလား သို့မဟုတ် ဘုရင်သွေးသားထဲမှ မင်းညီမင်းသား မင်းခစားကြီးကြီးထဲမှ တစ်စုံတစ်ယောက်ကများ တော်ကောက်ရန် အတွင်းစကား ပြောထားခံရသူလေလား။

ဟိလိတရိုက် သူဌေးကြီးရန်ကိုကြောက်၍ အိမ်တွင်းက အိမ်ပြင် မထွက်ဝံ့လေ ဘုမ္မရာဇ် မြို့သူမြို့သားတို့မှာ စန္ဒာဒေဝီလေးကို ပို၍ အထင်ကြီးလာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ အမှိုက်မှိုက်သော ဝေဖန်သံကို ပြုလာကြလေ ဖြစ်သည်။ ဘုမ္မရာဇ်ဘုရင်နားသာ စန္ဒာဒေဝီလေးသတင်း ပေါက်ကြားသွားလျှင် ဘုမ္မရာဇ်ဘုရင်ကြီးပင် တကယ်လာကြည့်တော့မလားဟု မိဘနှစ်ပါးမှာ စန္ဒာဒေဝီလေးအတွက်နှင့် ပူပန်သောက ဖြစ်နေကြသလို ထိုသို့သော ကျော်စောကိတ္တိသတင်းကို ကြားလေ ဟီလိတမိုက်သူဌေးသား အာဇံဟူရ်မှာ အချစ်ရောဂါတက်လေ။ အဖေဖြစ်သူ ဟီလိတမိုက် သူဌေးကြီးမှာလည်း တစ်နေ့နေ့တွင် မလွဲမသွေ သူ့ချွေးမ ဖြစ်လာရမည်ဟု စေကနဲ မှန်းဆထားသော စန္ဒာဒေဝီလေးကို မြင်ချင် ကြည့်ချင်လေ ဖြစ်နေရုံမက စန္ဒာဒေဝီ လေးကို တစ်နည်းနည်းနှင့် ရယူနိုင်သောနည်းကိုလည်း ကြံဆတွေးတောလျက်ရှိသည်။

သို့နှင့် စန္ဒာဒေဝီလေး၏ မိဘနှစ်ပါးမှာ ဤသမီးလေးကြောင့် သောကဒုက္ခများလာရာ နောက်ဆုံးမှာ ဤသမီးလေးကို မြန်မြန် အိမ်ထောင်ချပေးလိုက်တော့မှ ဤပြဿနာတွေ အေးတော့မည်ဟု သဘောရကြကာ သူတို့နှင့် ဇာတ်တူမျိုးတူ စီးပွားဖက် ကုန်သွယ်ဖက် ဆွေမျိုးထဲမှ သူဌေးမဟာဂျာဟ်၏သား အဗ္ဗဒူလာဂျာဟ်နှင့် စန္ဒာဒေဝီလေးကို ထိမ်းမြားပေးရန် နားဖောက်လိုက်ကြသည်။ ဆွေမျိုးဖြစ်သဖြင့် အဗ္ဗဒူလာဂျာဟ်နှင့် စန္ဒာဒေဝီမှာလည်း ငယ်စဉ်ကပင် ကစားဖော်ကစားဖက်ဖြစ်ကြရာ ကလေးချင်းမှာလည်း စုံမက်နှစ်သက်ကြသူများ ဖြစ်သဖြင့် ချက်ချင်းပင် မင်္ဂလာနေ့ရက်ကို သတ်မှတ်လိုက်ကြပြီး မင်္ဂလာအခမ်းအနားကို ကျင်းပလိုက်ကြသည်။

ကျော်စောကိတ္တိကြီးလွန်းသော စန္ဒာဒေဝီလေးနှင့် အဗ္ဗဒူလာဂျာဟ်တို့မှာ ကံမကောင်းရှာကြ။ မင်္ဂလာဆောင်ပွဲမှာပင် ကြမ္မာဂြိုဟ်ဆိုးက ဝင်တော့၏။ မည်သို့မည်ပုံဖြစ်သည်ကို မည်သူမျှ မသိ။ သူတို့ မင်္ဂလာဆောင်လာကြသူများကို ဧည့်ခံနေရင်းက စန္ဒာဒေဝီလေး မူးမေ့လဲကျသွားသည်။ နှစ်ဦးနှစ်ဖက်မှာ သူဌေးချည်းဖြစ်ရာ ပရိသတ်များလွန်းသဖြင့် ပူအိုက်၍ မူးမေ့လဲကျသွားခြင်းဟု အစက ထင်ကြသည်။ ထို့ကြောင့်လည်း ယပ်ခတ် နှာနှပ် ဖေးမ ပြုစုကြ၏။ သို့သော် စန္ဒာဒေဝီလေးကား သတိမရလာသေး။

နဂိုကပင် အကျော်ဇေယျဖြစ်နေသော စန္ဒာဒေဝီလေးကို မင်္ဂလာဆောင်ပွဲသွားမှ ကြည့်ရမြင်ရမည့်သူများကလည်း စိမ်းစိမ်းကျက်ကျက် တချို့ဆိုလျှင် ဖိတ်ကြားခြင်း မခံရဘဲနှင့်ပင် စန္ဒာဒေဝီလေးကို ကြည့်ချင်မြင်ချင်လွန်း၍ ဖိတ်ကြားခံရသူ တစ်ယောက်ယောက်နှင့် ကပ်မြှောင် လိုက်ပါလာကြသူများကလည်း ဒုနှင့်ဒေး ဖြစ်နေရာ လူအုပ်ကြီး၏ ပူအိုက်မှုကို မခံနိုင်သဖြင့် စန္ဒာဒေဝီ





လေး မူးမေ့သွားသည် အထင်နှင့် အပေါ်ထပ် လသာဆောင်သို့ ပွေ့တင်ကြရသည်။ သို့နှင့်လည်း စန္ဒာဒေဝီလေးကား သတိမရလာသေး။

မင်္ဂလာဆောင်ပွဲလာ နောက်ကျ၍ စန္ဒာဒေဝီလေးကို မမြင်လိုက်ရ မကြည့်လိုက်ရသူများမှာ အိမ်မပြန်ကြသေးဘဲ စန္ဒာဒေဝီလေး ပြန်လည် သတိရလာလျှင် ဧည့်ပရိသတ်များအား ပြန်လည် ဧည့်ခံဦးမည် ဖြစ်သဖြင့် စောင့်ဆိုင်းနေကြသောလူများမှာ တစ်နေသာ ကုန်သွားသည် စန္ဒာဒေဝီလေးကား သတိရမလာသေး။ ထိုအခါ ဘုမ္မရာဇ်မြို့ကြီးရှိ တတ်သိအမော် သမားတော်ကြီးများကို ပင့်ခေါ်၍ စန္ဒာဒေဝီလေး၏ ရောဂါကို နှစ်ဖက်သောမိဘတို့မှ ကုသခိုင်းကြရသည်။ သမားတော်ကြီးများသာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားသည် စန္ဒာဒေဝီလေးကား သတိရမလာသေး။ဘုမ္မရာဇ်မြို့ရှိ အကျော်အမော် သမားတော်များသာ တစ်ယောက်မကျန် ကုန်သွားသော်လည်း စန္ဒာဒေဝီလေး သတိရမလာသေးချေ။ နေ့ရက်မှာလည်း နှစ်ရက် သုံးရက်သာ လွန်မြောက်လာသည် စန္ဒာဒေဝီလေး၏ အခြေအနေမှာ ကိုယ်လက်အင်္ဂါ တစ်စုံတစ်ခုပင် လှုပ်ရှားမလာ။ အသက်မှန်မှန် ရှူနေသည်ကလွဲလျှင် ပကတိ အသေကောင်တစ်ဦးပမာ အိပ်ရာထဲ မလှုပ်မယှက် ဖြစ်နေ၏။

ထိုအခါ နှစ်ဖက်သောမိဘတို့မှာ များပြားလှသော ပရိသတ်များထဲ၌ မလိုလားသူတစ်ဦးဦး ရောပါလာပြီး လောကီပညာနှင့်များ ပြုစားသွားသလားဟူသော အယူအဆကြောင့် လောကီပညာတတ် အကျော်အမော်များကို စုံစမ်းကာ စန္ဒာဒေဝီလေး၏ အဖြစ်ဆန်း အဖြစ်ထူး ဝေဒနာကို ကုသခိုင်းကြပြန်သည်။ ဆရာတွေသာ စုံသွားသည် မည်သို့မျှ ထူးခြားမလာ။ သည်လိုနှင့် ရက်သတ္တပတ်သာ ကျော်လာသည်။ စန္ဒာဒေဝီလေးမှာ သည်အတိုင်း သည်တိုင်းပင်။ အိပ်ပျော်လျက် သတိမေ့လျက်ပင်။

စန္ဒာဒေဝီလေး၏ သတင်းကိုကြားသော ဟီလိတမိုက်သူဌေးကြီးကမူ ဘာပယောဂမှ မဟုတ်။ သူ့သားကို အတွင်းစိတ်ထဲက သေမလောက် ကြိုက်နေသော စန္ဒာဒေဝီလေးမှာ မိဘတွေ မဟုတ်မဟတ် ဇာတ်အနိမ့်အမြင့် ခွဲခြားပြီး သူ့သားကို ငြင်းပယ်လိုက်ကြသဖြင့် သူ့ချွေးမလောင်းလေး လွမ်းနာကျနေသည်မှာ ကြာပြီ။ ဤသည်ကို မသိသော အလိဘာနှင့် စန္ဒီမာဟ် အစွဲကြီးမတို့က သူတို့အမျိုးထဲမှ စန္ဒာဒေဝီလေး မကြိုက်သူနှင့် အတင်း မင်္ဂလာဆောင်ကြသဖြင့် စိတ်ထိခိုက်ပြီး ရောဂါရသွားသည်။ စန္ဒာဒေဝီလေး၏ ဤရောဂါကို ကုသနိုင်သူမှာ သူ့သား အာဇံဟူရ်တစ်ယောက်သာ ရှိသည်။ အာဇံဟူရ်နှင့် တွေ့စားမှ



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာဒေဝီလေး အသက်ချမ်းသာရာရမည်ဟု သတင်းပါး ဝါဒဖြန့်နေပြန်သည်။

နဂိုကပင် အုတ်ကြားမြက်ပေါက်သူဌေးဟု သူတို့ဇာတ်တူ သူဌေးများက အဖက်မလုပ် အရာမသွင်းခဲ့ကြသော ဟိုလီတရိုက်သူဌေးက ထိုစကားပြောလာသောအခါ အလီဘာနှင့် စန္ဒြီမာတို့မှာ ပိုပြီး ဒေါသအမျက်ထွက်ကြသည်။ ဟိုလီတရိုက်သူဌေး၏ ထိုစကားမှာ အလီဘာနှင့် စန္ဒြီမာဟ်တို့ကိုသာ မဟုတ် ဇာတ်တူ မျိုးတူ မှန်သမျှနှင့် သတို့သားဘက်က ဆွေမျိုးတို့ကိုပါ ဆတ်ဆတ်ခါ နာကျင်စေသည်။ ထို့ကြောင့်လည်း အလီဘာ့နှင့် စန္ဒြီမာဟ်တို့မှာ သူတို့၏ တစ်ဦးတည်းသောသမီးလေး သေလျှင် သေသွားပါစေ၊ အုတ်ကြားမြက်ပေါက်နှင့် မပေးစားနိုင်ဟု ဆဲဆိုသောစကားကို ပြန်ကြားစေကြသည်။

သို့နှင့် အိပ်ရာထဲလဲကာ သတိမရ ဖြစ်နေသော စန္ဒာဒေဝီလေးကို နောက်ဆုံးတော့ ကိုးကွယ်ရာမရှိဖြစ်ကာ ဘုရားကု ကုကြရသည်။ သူတို့ ကိုးကွယ်သော နတ်ဘုရားမ,ထဲတွင် တစ်ပါးအပါအဝင်ဖြစ်သော ချန္ဒီမယ်တော်ဘုရားကျောင်းသို့ စန္ဒာဒေဝီလေးကို ထမ်းခေါ်သွားကြကာ ချန္ဒီမယ်တော်ကြီးကိုယ်စား ဝင်ပူးနေသော နတ်ဆရာမကြီးနှင့် ပြသကြသည်။

ချန္ဒီမယ်တော်ကိုယ်စား နတ်ဆရာမကြီးက ဝင်ပူးပြောဆိုပြီး အဟောထွက်၏။ အလွန် အုကုသိုလ်ကြီးသော ငရဲသားကြီးတစ်ကောင် ပြုစားထားသည် သို့သော် မပူနှင့်၊ အချိန်တန်လျှင် စန္ဒာဒေဝီလေး အကောင်းပကတိ ဖြစ်လာအောင် ကယ်မမည့် တန်ခိုးရှင်ကြီး ပေါ်လာလိမ့်မည်၊ အကုသိုလ်ကြီးသော ငရဲသားကြီးသည် ယခု သူ့ပါးစပ်ကိုပင် လာပိတ်နေသည်ဟူသော စကား မဆုံးမီမှာ နတ်ဆရာမကြီး သတိမေ့ လဲကျသွားသည်။

ဤသည်ကို ချန္ဒီမယ်တော်အား နေ့စဉ် ပန်း၊ ဆီမီး အမွှေးတိုင် ထွန်းညှိပူဇော်ပြီး ဝေယျာဝစ္စလုပ်ပေးနေသော နတ်ဆရာမကြီးလက်ထောက်က အစီအမံလုပ်ပြီး ဂါထာမန္တန်တွေ ရွတ်ဆိုကာ စန္ဒာဒေဝီလေးနှင့် သူ့ဆရာ,နတ်ကတော်မကြီးအား ရေဖျန်းပေးလိုက်သည်။

အံ့ဩဖွယ်ရာဖြစ်ရသည်မှာ နတ်ကတော်မကြီး၏ လက်ထောက်က ရေနှင့် ပက်ဖျန်းလိုက်သောအခါ စန္ဒာဒေဝီလေးရော နတ်ဆရာမကြီးပါ နှစ်ယောက်စလုံး တစ်ပြိုင်နက် ထထိုင်ကြသည်။ မိဘဆွေမျိုးနှင့် စန္ဒာဒေဝီလေး၏ ခင်ပွန်းတို့မှာ ဝမ်းသာလိုက်ကြသည့်အဖြစ်၊ ချန္ဒီနတ်ဘုရားမအား ပုဆိန်ပေါက် ရှိခိုးမိလိုက်ကြသည်။ ထိုအခါမှ ငူငူကြီး ထထိုင်နေသော သမီးလေးကို မေးကြမြန်းကြသည်။ သို့သော် စန္ဒာဒေဝီလေး၏ စကားမှာ ဗူးဗူးဝါးဝါးသာ ဖြစ်နေပြီး





မည်သူမျှ နားမလည်၊ အ,အမလေးတစ်ယောက် စကားပြောနေသလို ဖြစ်နေသည်။ ထိုအခါ "ချန္ဒီမယ်တော်ကြီးက ဘာပြောလဲ"ဟု သူ ချန္ဒီမယ်တော် ဝင်ပူးတုန်းက ပြောသွားသောစကားကို နတ်ကတော်ကြီးအား ပြန်မေးသည်၊ အလီဘာ၊ စန္ဒြီမာဟ်နှင့် သတို့သားတို့က ပြန်ပြောပြကြသည်။ စောစောက ချန္ဒီ နတ်ဘုရားမ ဝင်ပူးခံခဲ့ရသော နတ်ကတော်ကြီး ခဏတွေဝေနေသည်။ သူပြောသည့် စကားတွင် စန္ဒာဒေဝီလေးအား ကယ်မ,မည့် တန်ခိုးရှင်ကြီးသည် မည်သံည့်အရပ်က လာမည်၊ မည်သည့် အရပ်၌ ရှိနေသည်ဆိုတာ ပါသေးလားဟု မေး၏။ နတ်ဘုရားမ အဟောထဲတွင် ထိုစကား မပါကြောင်း ပြန်ပြောပြကြသည်။

ငရဲကောင်ကြီးက သူ့ပါးစပ်လာပိတ်၍ မပြောမိလိုက်တာ ဖြစ်မည်၊ သူ သိလိုက်သည်က စန္ဒာဒေဝီလေးကို ကယ်နိုင်မည့်သူက ရေခြားမြေခြားက လာမှာလား၊ ရေခြားမြေခြားမှာ ရှိနေတာလား သူလည်း ခွဲခြားမသိတော့ဟု နတ်ကတော်ကြီးက ဆိုသည်။ သို့သော် သူ အတပ် သိလိုက်သည်မှာ မည်သို့မျှ ပူပန်စရာမရှိ၊ အချိန်ကျလျှင် စန္ဒာဒေဝီလေး အကောင်းပကတိ ပြန်ဖြစ်မယ်ဟု ချန္ဒီမယ်တော်ကြီးက သူ့ကို ပြောသွားသည်ဟု နတ်ကတော်ကြီးက ဆိုသည်။

ထို့ကြောင့် နတ်ကတော်ကြီးက ယခုဆိုလျှင် စန္ဒာဒေဝီလေးမှာ စကားသာ ပီပီပြင်ပြင် မပြောတတ်သေးသော်လည်း သတိရ ကျန်းမာလာပြီဖြစ်သဖြင့် အိမ်ပြန်လွှတ်လိုက်သည်။ ခင်ပွန်းသည်နှင့် မိဘဆွေမျိုးများမှာလည်း စန္ဒာဒေဝီလေး ဤမျှကောင်းလာသည်ကိုပင် ချန္ဒီနတ်ဘုရားမအား ကျေးဇူးတင်မဆုံး၊ ပူဇော်မဆုံး၊ ကန်တော့မဆုံး ဖြစ်ကြရသည်။

သို့သော် အိမ်ပြန်ရောက်သောအခါ စိတ်ညစ်စရာတစ်ခုနှင့် ကြုံကြရပြန်သည်။ စန္ဒာဒေဝီလေးသည် သူ့ခင်ပွန်း အဗ္ဗဒုလာဂျာဟ်ကို လုံးဝ အနားကပ်မခံ။ ကြည့်မရ။ သူ့အနားကပ်လာသည်နှင့် တွေ့ရာမိရာနှင့် လှမ်းပေါက်သည်၊ ဗူးဗူးဝါးဝါးနှင့် ဆဲဆိုနေသည်ဟု ယူဆရသည်၊ ထို့ကြောင့် အဗ္ဗဒုလာဂျာဟ်ခမျာမှာလည်း သူ့ဇနီးနား မကပ်ဝံ့ ဖြစ်နေသည်။ နောက်တော့ ဟိုလီတရိုက် သူဌေးကြီး ပြောသလိုများ စန္ဒာဒေဝီလေးသည် အာဇံဟူရ်တို့ စွဲလမ်းတမ်းတသော စိတ်များ ဖြစ်နေရော့လားဟု မိဘ၊ ယောက္ခမ၊ ခင်ပွန်းတို့က ထင်လာကြသည်၊ ထို့ကြောင့် လေးငါးရက်ကြာသောအခါ အသွားအလာပင် ကျဲသွားကြသည်။

အဗ္ဗဒုလာဂျာဟ်တို့မှာလည်း စန္ဒာဒေဝီလေးတို့ကဲ့သို့ပင် ဇာတ်တူ နတ်တူ ကိုးကွယ်ဆည်းကပ်ကြသူများဖြစ်ရာ ချန္ဒီမယ်တော်ကြီး ကိုယ်စား ဟောပေး



www.burmeseclassic.com

www.burmeseclassic.com



သော နတ်ကတော်ကြီးက စန္ဒာဒေဝီလေးရောဂါကို ပျောက်ကင်းအောင် ကုသ ဆေးနိုင်သူမှာ ရေခြားမြေခြားက လာမည်လား၊ ရေခြားမြေခြားမှာ ရှိနေသည် လား ဆိုသည်ကို ငရဲသားကြီးက ပါးစပ်လာပိတ်သွားသဖြင့် သူ အဟောမထွက် လိုက်ရ ဆိုခြင်းမှာ ဟီလီတရိုက်သူဌေးကြီးကို ပြောတာ ဖြစ်ရမည်။ ဟီလီတရိုက် သူဌေးကြီးမှာ အာရိယာန်မဟုတ်၊ ဘုမ္မရာဇ်မြို့သားမဟုတ်၊ ဇာတ်ရှိသူမဟုတ်။ ရောမ ခေါမအနွယ်သာဖြစ်ပြီး ဇာတ်နိမ့် ဘုမ္မရာဇ်သူမနှင့် အကြောင်းပါကာ ရောမခေါမ စစ်ကြီးတွေကြောင့် ခေတ်ပျက်သူဌေး ဖြစ်လာသူ၊ ကေန္တ ချန္ဒီ မယ်တော် အဟောထွက်တာမှန်လေပြီဟု တွက်ဆ,ကာ စန္ဒာဒေဝီလေးကို ဥပေက္ခာပြုလိုက်ကြတော့မလို ဖြစ်နေသည်။ ထို့ကြောင့် စန္ဒာဒေဝီလေး၏ သတင်းကို တစ်ပတ်တစ်ခါပင် လာမေးဖော်မရသောအခါ စန္ဒာဒေဝီလေး၏ မိဘနှစ်ပါးမှာ သမီးကိစ္စနှင့် စိတ်သောက ပိုလာကြရမြန်သည်။

စန္ဒာဒေဝီလေး၏ ရောဂါအတွက် ပူရသည်က တစ်မျိုး။ ငယ်ငယ်ရွယ်ရွယ် လေးနှင့် တစ်ခုလပ်မလေးဖြစ်သွားမှာကို တွေးပူရတာကတစ်ဖုံ။ သူတို့မှာ မျိုးရိုး ဇာတ်ကို အဓိကထားသူဖြစ်ရာ ထိုခေတ်က အာရိယာန်မြောက်ပိုင်း ဗြာဟ္မဏ များဆိုလျှင် လင်သေလျှင် မယားပါ မီးပုံထဲတက်ပြီး အတူသေရသော အလေ့ အထပင် ရှိနေသည်။ ယခု အလီဘာနှင့် စန္ဒြီမာဟ်တို့မှာလည်း ရောဂါပျောက် သည့်တိုင် အဗ္ဗဒူလာဂျာဟ်က သူ့သမီးလေး စန္ဒာဒေဝီလေးကို မပေါင်းဘဲ ပစ်ထားခဲ့လျှင် ဟူသော သောကသည် မိဘနှစ်ပါးကို အမြဲ နှိပ်စက်နေကြသည်။

ထိုအထဲ ယခုရက်ပိုင်းတွင် အဗ္ဗဒူလာဂျာဟ် တစ်ခေါက်မှ မပေါ်လာ၍ မေးကြည့်ရာ ရောမ ခေါမဘက်ကို ပဲရောင်း၊ အမွှေးနံ့သာရောင်း လိုက်သွား သည်ဟု ကြားသောအခါ ပို၍ စိတ်မချမ်းသာ ဖြစ်ကြ၏။ ဇနီးရောဂါသည်ကို လျစ်လျူရှုပြီး သွားရက်လိုက်တာဟုလည်း နာကြည်းချင်လာကြသည်။

သို့သော် မည်သို့ပင်ဖြစ်ဖြစ် သူတို့မှာတော့ သမီးလေးကို သည့်အတိုင်း ပစ်မထားရက်၊ ချန္ဒီမယ်တော်ကြီးကလည်း မပူနှင့် အချိန်တန်လျှင် အကောင်း ပကတိ ဖြစ်လာလိမ့်မည်ဟူသော ဟောလိုက်ချက်ကိုသာ စောင့်စားကာ ဟို ဆရာကောင်းသည်ဆိုလျှင် သွားပြ၊ သည်ဆရာကောင်းသည်ဆိုလျှင် သွားပြနှင့် နှစ်လလောက်သာ အချိန်ကုန်သွားသည်၊ စန္ဒာဒေဝီလေး၏ စကားမပြောတတ် ခြင်းကိုမူကား ယခုထိ ကုမရကြသေး။

ဣ ဣ ဣ

"ကျွန်တော်မတို့ သောကဒုက္ခ ရောက်နေကြရတဲ့ အဖြစ်ကတော့ အဲဒါ





ပါပဲ မောင်ကြီးတို့ရယ်"ဟု စန္ဒြီမာဟ်က မျက်ရည်စမ်းစမ်းနှင့် ပြောပြသည်။

ကြားရသည်မှာတော့ ဘယ်လိုမှ စိတ်မကောင်းစရာ။ ထို့ကြောင့် ဦးအောင်သာဇံက-

"အဲဒါဆို ကျုပ် အကြံတစ်ခု ပေးချင်ပါတယ်"

"ပြောပါ မောင်ကြီး"

စန္ဒြီမာဟ်ကသာ ပြောပါဆိုသော်လည်း အလီဘာကမူ ယခုထိ ငေးငေး ငိုင်ငိုင်နှင့် ဦးအောင်သာဇံတို့ကိုသာ စိုက်ကြည့်နေသည်။

"ဒီလိုပါ။ ကျုပ်တို့ ကောတုံတရာဇ်မှာ မြို့တည်နန်းတည် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူရှိပါတယ်။ ရှေးရှေးက ပုဂ္ဂိုလ်ကြီးတွေ ဘယ်လိုအစီအမံတွေနဲ့ တည်ထား ကိုးကွယ်ခဲ့ကြတယ် ဆိုတာတော့ ဘယ်လူမှ မပြောနိုင်ပါဘူး။ တန်ခိုးကြွဒ္ဓိပါဒ် ကြီးတာကတော့ အမှန်ပါပဲ။ အဲဒါကြောင့်လည်း မင်းအဆက်ဆက်၊ ပြည်သူ ပြည်သားတွေ အဆက်ဆက် ကိုးကွယ်လာခဲ့ကြတဲ့ ရုပ်ပွားတော်မြတ်ပါ။ ခုဒီက ညီအစ်ကို မောင်နှမများ ပြောသလို အမှန်တကယ်သာ ပယောဂဆိုလို့ကတော့ ရုပ်ပွားတော်မြတ်မှာ ဆီမီးပူဇော်ပြီး အဓိဋ္ဌာန် ဦးသုံးကြိမ်ချလိုက်တာနဲ့ ချက်ချင်း ယူပစ်လိုက်သလို ပျောက်တာ ကျုပ်တို့ ကောတုံတရာဇ်တစ်မြို့လုံး အသိပါ။ စုန်းတိုက်၊ နတ်တိုက်၊ လူတိုက် ဗိုး. . . ဘာတိုက်တိုက်ဗျာ အမှောင့်ပယောဂ သာ အမှန်ဆိုလို့ကတော့ ချက်ချင်း လက်တွေ့ဆို လက်တွေ့ကို ပျောက်တာ၊ ပြီးတော့ ဒီဘုရားရဲ့ နောက်တစ်ခု ထူးခြားတာက သက်တမ်းစေ့ နေရ မနေရ အသက်တိုမယ်၊ ရှည်မယ်ဆိုတာလည်း အဓိဋ္ဌာန်ပြုလုပ်ပြီး ရုပ်ပွားတော်မြတ် ဆီမှာ ဆုတောင်းလို့ ရသေးတယ်၊ အဲဒါ ဒီက ညီအစ်ကို မောင်နှမများ စိတ်ဝင် စားမယ်ဆိုရင် ပြောတာပါ"

ဦးအောင်သာဇံ၏ စကားအဆုံးမှာ စန္ဒြီမာဟ်က သူ့ခင်ပွန်းမျက်နှာကို လှမ်းကြည့်လိုက်သည်။

"ရုပ်ပွားတော်မြတ်က မိတ်ဆွေကြီးတို့ မြို့ထဲမှာပဲလား"

"မှန်ပါတယ် ခင်ဗျား၊ ကျုပ်တို့ ကောတုံတရာဇ်မြို့ထဲမှာပါ"

"ညီအစ်ကိုတော်ကြီး စကားအတိုင်း မှန်ရင်တော့ ရုပ်ပွားတော်မြတ်က အံ့တစ်ပါးပါပဲ"

"မိတ်ဆွေ သူဌေးမင်း ခင်ဗျား၊ ကျုပ်ပြောတာ မှန်သောစကားပါ။ ဒီက လှေသူကြီး အဲ. . ဒီက လူတွေကတော့ ကျုပ်နဲ့အတူလာတဲ့လူတွေမို့ ထားလိုက် ပါ။ သူဌေးမင်း ဆိပ်ကမ်းဆင်းပြီး ကောတုံတရာဇ်က ရွက်လှေသဘောသားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို မေးကြည့်ရင်လည်း ကျုပ်စကား မှန် မမှန်ကို မိတ်ဆွေကြီး သိရ . . . "

"ဟာ၊ အိမ်ရှင်ကြီး၊ အိမ်ရှင်ကြီး (ခင်ပွန်းကိုခေါ်သော ဘုမ္မရာဇ်သူတို့၏ စကား) အကျွန် သတိရပါပကော၊ ချန္ဒီမယ်တော်ဘုရားမက ရွှေခြားမြေခြားက လာမယ်လား၊ ရွှေခြားမြေခြားမှာ သမီးလေးကို ကယ်မ,မည့်သူ ရှိတယ်လား ဆိုတာ ငရဲသားကြီးက သူ့ပါးစပ်လာပိတ်လို့ မပြောလိုက်ရတာ ဆိုပါကော၊ အိမ်ရှင်ကြီး သတိရမိပါရဲ့လား၊ ကောတုံတရာဇ်က မောင်ကြီးများဟာ ကျွန်တော်မတို့ရဲ့ ရွှေခြားမြေခြားသားတွေပဲ မဟုတ်ပါလား အိမ်ရှင်ကြီး"

ကောတုံတရာဇ်ကိုလည်း တစ်ခါမှ မရောက်ဖူးဘူး၊ ရုပ်ပွားတော်မြတ်ဆိုသည်မှာလည်း မည်သို့မည်ပုံဟုပင် ခန့်မှန်း၍ သူစိတ်ကူးထဲ ပေါ်လာနိုင်စရာ မရှိသော်လည်း သူတို့နတ်ဘုရားမ အဟောနှင့် ဦးအောင်သာဇံ၏ စကားမှာ တိုက်ညီနေသဖြင့် စန္ဒြမာဟ်မှာ အတိုင်းထက်အလွန် ဝမ်းသာသွားသည်။

ထို့ကြောင့်လည်း . . .

"ကောတုံတရာဇ်က မောင်ကြီးများ စကားကို အကျွန် အကြွင်းမဲ့ ယုံပါတယ်၊ အိမ်ရှင်ကြီးကော ဘယ်လိုသဘောရလဲ"

စန္ဒြမာဟ်က တုကိုဘော ငေးငေးကြောင်ကြောင်ဖြစ်နေသော သူ့ခင်ပွန်း သူဌေးကြီး အလီဘာ၏မျက်နှာကို အားမလိုအားမရ ကြည့်ကာ ထပ်မေးလိုက်ပြန်၏။

"အိမ်း . . . တစ်ပြည်တစ်ရွာ၊ သမီးလေး ခေါ်သွားလို့ သင့်တော် မ, . . "

"သူဌေးမင်း မိတ်ဆွေကြီးခင်ဗျား၊ သူဌေးမင်းနဲ့ ကျုပ်တို့က ညီရင်းအစ်ကိုတမျှ ခင်မင်ကြသူတွေပါ၊ သူဌေးမင်းတို့ရဲ့ သောကဒုက္ခဟာ ကျုပ်တို့ရဲ့ သောကဒုက္ခပါ။ ပြီးတော့ သမီးလေး စန္ဒာဒေဝီရဲ့ဒုက္ခကိုလည်း သမီးချင်း မိဘချင်း ကျုပ်တို့ ထောက်ထားတတ်ပါတယ်။ စန္ဒာဒေဝီလေးအဖြစ်ကို သူဌေးမင်း မိတ်ဆွေကြီးတို့နည်းတူ ကျုပ်တို့လည်း မျှတူ ခံစားမိကြပါတယ်။ တစ်ပြည်တစ်ရွာဆိုပေမယ့် ခုမှ ပေါင်းသိကြတဲ့လူတွေ မဟုတ်ပါဘူး။ ဘိုးစဉ်ဘောင်ဆက် မိတ်ဆွေရင်းချာ တစ်ဦးအကျိုးစီးပွားကို တစ်ဦး ဆောင်ရွက်လာကြသူတွေပါ။ သမီးလေးအတွက် ကျုပ်စကားကို စဉ်းစားစေချင်ပါတယ်။ ပယောဂသာဆို ချက်ချင်းဒိဋ္ဌ ပျောက်ကင်းကြသူတွေကို ကျုပ်ကိုယ်တိုင်လည်း မျက်မြင်ကိုယ်တွေ့မို့ပါ။ တောင်စဉ်ခုနစ်ခရိုင်နဲ့ ဂတိလေးရပ်က ရက္ခပူရသားတွေလည်း ကျုပ်ပြောတဲ့ ရုပ်ပွားတော်မြတ်အကြောင်းကို အားလုံး အသိပါ။ သူဌေးမင်းရဲ့ တစ်ပြည်တစ်ရွာခရီး ပူပန်မှုဆိုတာကလည်း ညီအစ်ကိုတော် တွက်မိပြီးသားပါ။ ကောတုံ





တရာဇ်ကို လိုက်လာလို့လည်း သူဌေးမင်းတို့ ညီအစ်ကိုတော် မိသားစု အနေကျုံ့ အစားကျုံ့ မဖြစ်စေရပါဘူး၊ ကိုယ့်အိမ်ကိုယ့်ပြည်လို နေလို့ရအောင် ကျုပ်စီစဉ်ပေးမှာပါ။ ကျုပ်မှာ အိမ်လွတ်အိမ်ပိုတွေ သုံးလေးလုံး ရှိပါတယ်၊ သူဌေးမင်းတို့ ဥတုသပ္ပာယ မျှတတဲ့အိမ်မှာနေပြီး သမီးလေးရဲ့ ရောဂါဝေဒနာ ပျောက်ကင်းသည်ထိ ကျုပ် တာဝန်ယူပါတယ်"

ပင်ကိုကပင် စကားနည်းသလို ဇာတ်ခွဲခြားမှုလည်း အစွဲကြီးလွန်းသော ဘုမ္မရာဇ်သူဌေး အလီဘာကို ဦးအောင်သာဇံမှာ အာပေါက်မတတ်ဟု ဆိုရလောက်အောင် ပြောပြနေရပေသည်။ ဦးအောင်သာဇံအနေမှာလည်း အမှန်တကယ်ပင် စိတ်ရင်းနှင့် သူတို့အကျိုးကို လိုလား၍၊ ခါတိုင်းဆိုလျှင် သူတို့ရောက်လာတိုင်း မြင်နေတွေ့နေ သူ့အသံစာစာလေးကို ကြားနေရသော စန္ဒာဒေဝီလေး၏ အဖြစ်ကို သနားလွန်း၍ ဤသို့ အရဲစွန့်ကာ ပြောနေရခြင်းဖြစ်သည်။

ဇာတ်မျိုးရိုး အစွဲကြီးသော အလီဘာသည် တစ်ပြည်တစ်ရွာသို့ သမီးဆေးကုရန် လိုက်ပါရမည့်အရေးတွင် အစားအသောက် အနေအထိုင်ကစ တစ်သီကြီးတစ်တွေးကြီး ဇီဇကြောင် တွေးငေးနေသည်ကို သိသဖြင့် ဦးအောင်သာဇံက ယခု စန္ဒာဒေဝီလေး စကားမပြောတတ် မဆိုတတ် ဖြစ်နေသည်ကို ရှက်စရာမလိုကြောင်း၊ ပင်ကိုကပင် မပြောတတ် မဆိုတတ်သော ဇွဲ့ဇွဲ့ အ,အမလေးကို မွေးထားခြင်း မဟုတ်ကြောင်း၊ ပယောဂကြောင့် ယခုလို ဖြစ်သွားရခြင်းကို ကောတုံတရာဇ်သူ ကောတုံတရာဇ်သားများက ကဲ့ရဲ့ရှုတ်ချခြင်း မပြုတတ်ကြပါကြောင်း၊ သူ့တွင်လည်း သမီးသုံးယောက် ရှိသဖြင့် စန္ဒာဒေဝီလေးအတွက် အဖော်လည်းရပါကြောင်း၊ အစားအသောက် အနေအထိုင် အတွက်လည်း မိမိတို့စရိုက် သဘာဝအတိုင်း ချက်ပြုတ်စားသောက်နိုင်ရန် အစေအပါးပါ ပေးထားမည် ဖြစ်ပါကြောင်းဖြင့် လိုလေသေးမရှိ ဖျောင်းဖျပြောဆိုနေရသည်။

သို့သော် ကောတုံတရာဇ်မြို့ကို တစ်ခါမှ မရောက်ဖူးဘူးသော ဘုမ္မရာဇ်သူဌေးကြီး အလီဘာမှာ ဦးအောင်သာဇံက သူ့သမီးလေးအဖြစ်ကို သနားလွန်း၍ အရဲစွန့်ကာ အာပေါက်မတတ် ပြောနေသော်လည်း ယခုထိ အင်းမလုပ်အဲမလုပ်နှင့် စိတ်ရှုပ်ထွေးစွာ ငေးနေပုံမျိုးနှင့် ဦးအောင်သာဇံကိုသာ မျက်နှာသေသေနှင့် စိုက်ကြည့်နေတုန်း။

ထိုအခါ သမီးလေးသောကနှင့် ဆောက်တည်ရာမရ ဖြစ်နေသော စန္ဒြမာဟ်



www.burmeseclassic.com

www.burmeseclassic.com



က သူ့ခင်ပွန်းသည်ကို အားမလိုအားမရ မျက်ခုံးတစ်ချက် တွန့်ကြည့်လိုက်ကာ-

"အိမ်ရှင်ကြီး၊ ဘာတွေ ဒီလောက် စဉ်းစားနေလဲ၊ ကောတုံတရာဇ်က မောင်ကြီးတို့ပြောတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ဆိုတာလည်း အိမ်ရှင်ကြီးတို့ အကျွန်တို့ ကိုးကွယ်နေကြတဲ့ နတ်ဘုရားထဲက တစ်ပါးအပါအဝင် နတ်ဘုရားပဲ၊ အိမ်ရှင်ကြီးတို့အဖေ ရှိစဉ်က ခဏခဏ ပြောပြတာ အိမ်ရှင်ကြီး ကြားဖူးနေကျပဲ၊ ဗုဒ္ဓဟာလည်း အိမ်ရှင်ကြီးတို့ အကျွန်တို့ ဘုရားပဲ၊ ချန္ဒီမယ်တော်ကြီးကြောင့် သမီးလေး သတိရ စကားပြောနိုင်လာသလို ခုမောင်ကြီးတို့ဆီက ဗုဒ္ဓနတ်ဘုရားဆီရောက်ရင် သမီးလေးရောဂါ မုချ ပျောက်မယ်လို့ အကျွန် ယုံကြည်တယ်၊ ညက အိပ်မက်ထဲမှာလည်း သမီးလေး အရင်အတိုင်း အကောင်းပကတိ အကျွန့်ကို စကားပြောတယ်လို့ အိပ်မက်မြင်ပါတယ်။ ကောတုံတရာဇ်က မောင်ရင်းနှမဖြစ်တဲ့ မောင်ကြီးစကားကို အိမ်ရှင်ကြီး စဉ်းစားပေးပါ"

သူ့မိန်းမ စန္ဒြီမာဟ်က အငိုတစ်ဝက်နှင့် ပြောလိုက်ကာမှ တွေဝေငေးငိုင်နေသော အလီဘာက "ဒေဝီသဘောပဲလေ" ဟု ဆိုလာသည်။

သို့သော် ဦးအောင်သာဇံ စီစဉ်သလို ဦးအောင်သာဇံတို့ ကုန်ပို့လာသော ရွက်သင်္ဘောကြီးနှင့် မလိုက်လို။ သူ့သင်္ဘောနှင့် သူလိုက်မည်။ သူ့အစေအပါးနှင့် သူတို့မိသားစု နေနိုင်လောက်သော အိမ်တစ်လုံးကို ကောတုံတရာဇ်မြို့၌ စီစဉ်ပေး၍ရလျှင် တော်လောက်ပြီဟု သူဌေးကြီး အလီဘာက ဆိုသည်။

သို့နှင့် စန္ဒာဒေဝီလေးအား ကောတုံတရာဇ်တွင် သွားရောက် ဆေးကုရန်ကိစ္စကို ချက်ချင်း စီစဉ်ကြသည်။ ထိုသို့ စီစဉ်ကြရာ၌လည်း ဘုမ္ဗရာဇ်မြို့သူမြို့သားများကို ,အသိမခံလို ဆိုလာပြန်သဖြင့် တိုးတိုးတိတ်တိတ် စီစဉ်ကြရ၏။ ဟီလီတရိုက် သူဌေးသား အာဇံဟူရ်နှင့် ဖြစ်သော ပြဿနာကစပြီး နာမည်ကြီးနေသော စန္ဒာဒေဝီလေး မြစ်ဆိပ်ဆင်းရာ၌ပင် အလီဘာမှာ လုသိမခံဝံ့ဖြစ်နေသည်။ အမှန်ကတော့ ဤမျှ ဖြစ်နေရပါမည်လားဟု သူ့ကိုလည်း အပြစ်ဆိုစရာတော့မဟုတ်။ ယနေ့ထိ စန္ဒာဒေဝီလေးကို ကြည့်ချင်မြင်ချင်နေကြသူများမှာ ဒုနှင့်ဒေး။ အကယ်၍ စန္ဒာဒေဝီလေးသာ မြစ်ဆိပ်သို့ ခြေကျင်လျှောက်သွားမည်ဆိုလျှင် လမ်းနှစ်ဖက် ကြည့်လိုမြင်လို တွေ့လိုသူများမှာ ထောင်သောင်းမကတန်းစီ တိုးဝှေ့နေကြပေမည်။ စန္ဒာဒေဝီလေးကို မမြင်ရ မတွေ့ရလေ လူတွေက ပိုပြီး ကြည့်ချင်မြင်ချင်ကြလေ ဖြစ်နေကြသည်။ ယခင်က မမြင်ချင်အဆုံး တွေ့ဖူးမြင်ဖူးထားသူများကပင် ဘာကြောင့်မှန်းမသိ ယခု ထပ်ကြည့် ထပ်မြင်ချင်နေကြသည်။ ထို့ကြောင့်လည်း လမ်းသွားလမ်းလာ မည်သည့်ကိစ္စနှင့် သွားသွား





အလီဘာ နှင့် စန္ဒြီမာဟ်တို့ ကျောက်ဆစ်တိုက်အိမ်ကြီးရှေ့ ဖြတ်သွားဖြတ်လာသူတိုင်း တိုက်အိမ်ကြီးဘက် လှည့်ကြည့်မသွားသူ မရှိ ဖြစ်နေသည်။

ဤသည်တို့ကြောင့်လည်း အလီဘာက စန္ဒာဒေဝီ သမီးလေးအား ကောတုံတရာဇ်မြို့သို့ ဆေးကုခေါ်ရာ၌ပင် သူတို့၏ ဘိုးစဉ်ဘောင်ဆက် အမြတ်တနိုး တပ်ဆင်လာခဲ့ကြသော အာရိယာန်တို့၏ ခြင်္သေ့တံဆိပ်ပါ ရွက်တိုင်ကြီးကို ပင် ဖြုတ်၍ သုံးပင်တိုင် ရွက်သင်္ဘောကြီး၌ တံဆိပ်မပါသော သာမန် အရပ်သား တို့၏ ရွက်တိုင်တစ်တိုင်ကို လဲတပ်စေသည်။ ဘုမ္ဗရာဇ်မြို့သူမြို့သား လှေသူလှေသားများက ခြင်္သေ့တံဆိပ်ပါ အလီဘာ၏ သုံးပင်တိုင် ရွက်သင်္ဘောကြီး ဘုမ္ဗရာဇ်မြို့ဆိပ်ကမ်းမှ ထွက်ခွာသွားသည်ကို လူသူလေးပါး အသိမခံချင်သလို ကောတုံတရာဇ်မြို့ဆိပ်ကမ်း အရောက်မှာလည်း ဘုမ္ဗရာဇ်မြို့က သူဌေးကြီး အလီဘာ၏ ရွက်သင်္ဘောကြီးမှန်း လူသိမခံဝံ့၊ မခံချင်သည်အထိ စိတ်ပိုင်းဆိုင်ရာ ထိတ်လန့်မှုတွေ ဖြစ်နေသည်။

ဦးအောင်သာဇံတို့ ရက္ခပူရ ပြည်မကျိုင် ရခိုင်သားတို့မှာကား ဘယ်ဒေသ ဘယ်ဆိပ်ကမ်းကို ရောက်ရောက် သူတို့၏ အမှတ်တံဆိပ်များကို ကြွားကြွားဝင့်ဝင့် သုံးပင်တိုင် ရွက်သင်္ဘောကြီး၏ အမြင့်ဆုံး အလယ်တိုင်တွင် ထူဆစ် တပ်ဆင်ထားတတ်ကြသည်။ ဓညဝတီက ပေါ်ကြွယ်ဝသော အမှတ်တံဆိပ် ဒင်္ဂါး၊ ဥါရာဝတီက အာကာ၌ ပျံဝဲနေသော သိမ်းငှက်တံဆိပ်၊ ဓေယဝတီသားတွေက ခိုင်ခံ့တည်ကြည်သော သဘောကိုဆောင်သည့် တောင်ကြီးတောင်ထွတ် တံဆိပ်၊ ရမ္မာဝတီသားတို့က ပင်လယ်ကို ဖြတ်ကူးမည့် ရွက်လှေသင်္ဘောတံဆိပ်၊ ကောတုံတရာဇ်သားတို့က ပင်လယ်ထဲရှိ သူတို့ တိုင်းကြီး၏ သီးခြား နဂါးရုပ်တု တံဆိပ်။

အမှန်မှာ ထိုခေတ်ထိုအခါက ကောတုံတရာဇ်၊ ဘုမ္ဗရာဇ်၊ ဝတီလေးရပ်သားတို့သာမဟုတ် ရွက်သင်္ဘောကြီးများ အားလုံးလိုလိုမှာ မိမိနိုင်ငံ သင်္ကေတတံဆိပ်များနှင့်ချည်း ဖြစ်ကြသည်။ ထို့ကြောင့်လည်း ဦးအောင်သာဇံတို့နှင့် အလီဘာတို့ မိသားစုမှာ လူသိမည်စိုး၍ ညကြီးမင်းကြီး ဘုမ္ဗရာဇ်ဆိပ်ကမ်းကို ဆင်းလာကြသောအခါ ဘုမ္ဗရာဇ်ဆိပ်ကမ်းတွင် ဆိပ်ကပ်ထားသော ရောမ ခေါမသားတို့၏ မိုးထိမြင့် ရွက်တိုင်ကြီးများမှ ဒိုင်းမြား ဓားကိုင် ဒိုင်းကာသူတို့၏ အမှတ်တံဆိပ်ပါ ရွက်သင်္ဘောကြီးများကို တွေ့နေမြင်နေခြင်း ဖြစ်လေသည်။

ဘုမ္ဗရာဇ်မြို့မှ ညကြီးမင်းကြီး ထွက်ခွာလာကြသော ရွက်သင်္ဘောကြီး နှစ်စီးမှာ မွန်းမတည့်မီ ကောတုံတရာဇ် ရေလက်ကြားကို ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သာဇံ၏ ရှက်သဘော်မှာ ရှေ့က ဖြစ်ပြီး အလိဘာ၏ ရှက်သဘော်က မူ နောက်က ဖြစ်သည်။ အလိဘာ၏ ရှက်သဘော်ပေါ်တွင် ဦးအောင်သာဇံက ရေခြောင်းပြသော၊ သောကများနေကြသော အလိဘာတို့ မိသားစုကို အနီး တင် အားပေးနှစ်သိမ့်သည့် သဘောနှင့် လိုက်ပါလာခြင်း ဖြစ်သည်။

"ကောတုံတရာဇ်က အကျွန်ုမောင်ကြီး၊ မောင်ကြီးတို့ မြို့ပြည်က နီးပလား"

သူ့သမီးစန္ဒာဒေဝီလေးက ပိုးပိုးဝါးဝါး ပြောလာ၍လား မသိ။ စန္ဒီမာဟ်က ဦးအောင်သာဇံကို မေးလိုက်သည်။

"နီးပါပြီ ဟိုအရှေ့ဘက်ကမ်းမှာ မြင်နေရတဲ့ သန္တာကျောက်တန်းတွေဟာ ကောတုံတရာဇ်တိုင်းရဲ့ အနောက်ဘက် တံတိုင်းတွေပါပဲ"

"ဟင် မိတ်ဆွေကြီးတို့ ကောတုံတရာဇ်မြို့က ပင်လယ်ကမ်းခြေမှာ မဟုတ် ဘူးလား"

စကားများများ မပြောဘဲ ငေးငိုင်ပြီးလိုက်လာသော အလိဘာက မြင့်မား မတ်စောက်သော သန္တာကျောက်တန်း ကျောက်ဆောင်များဘက် ငေးကြည့်၍ ဝင်မေး၏။

"ဟုတ်ကဲ့၊ ပင်လယ်ကမ်းခြေတော့ ပင်လယ်ကမ်းခြေလို့ ပြောလို့ ရပါတယ်၊ ဒါပေမယ့် ခု မိတ်ဆွေကြီး မြင်နေရတဲ့ ကျောက်ဆောင်ကျောက်တန်းကြီးတွေ နောက်မှာမှ ကောတုံတရာဇ်မြို့က ရှိနေပါတယ်"

"သြော်-ဟုတ်လား၊ ကျုပ်က ဂရိပြည်က မြို့တွေသာ ရောက်ဖူးတော့ မိတ်ဆွေကြီးတို့မြို့ကလည်း ဂရိမြို့တွေလို ပင်လယ်ကမ်းစပ်နဲ့ ကပ်လျက် ထင်ခဲ့ တာ၊ ဟိုကျောက်တိုင်ကြီးကကော မိတ်ဆွေကြီး၊ မြင့်လှချေလား"

အလိဘာ လက်ညှိုးထိုးပြရာသို့ ဦးအောင်သာဇံက လှမ်းကြည့်ပြီး ပြော ပြရပြန်၏။

"အဲဒါ ကျောက်တိုင်ကြီး မဟုတ်ပါဘူး မိတ်ဆွေကြီး ခင်ဗျား၊ ကျုပ်တို့ ကောတုံတရာဇ်မြို့တော်ရဲ့ အထိမ်းအမှတ် နဂါးဘုရားလို့ ခေါ်ပါတယ်"

"ဟင် နဂါးဘုရား"

အလိဘာမှာ ယခုထိ နဂါးဘုရားဘက် စူးစူးစိုက်စိုက်ကြည့်ပြီး အံ့သြနေပုံ ရသည်။

"ဟုတ်ပါတယ် ခင်ဗျား၊ အဲဒါ ကောတုံတရာဇ်သားတို့ရဲ့ အထိကရ နဂါး ဘုရားပါ။ ကျုပ်တို့ ကောတုံတရာဇ်မြို့မှာ ဒီလို အထိကရဘုရားတွေ လေး ဖက်လေးတန် အရပ်လေးမျက်နှာမှာ ရှိပါတယ်၊ မိတ်ဆွေသူဌေးမင်း ကောတုံ





တရာဇ်ကို ရောက်ရင် မြင်ရ ဖူးရပါလိမ့်မယ်"

ဦးအောင်သာဇံ ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ယခု သူတို့ ရှက် သဘော်ပေါ်က မြင်နေရသော ကျောက်တိုင်ကြီး တစ်တိုင်ကို တည့်တည့်မတ် မတ်ထောင်ထားသလို မြင်နေရသော နဂါးဘုရားမှာ ကောတုံတရာဇ်မြို့၏ အနောက်ဘက် သန္တာကျောက်တန်းပေါ်က ဘုရား ဖြစ်လေသည်။

လက်ရှိ အာဝမင်း အုပ်ချုပ်တော်မူသော ကောတုံတရာဇ်မြို့ကြီး၏ ပတ် ဝန်းကျင်တွင် ရှေးရှေးက ဘိုးလောင်းတော်၊ ဘေးလောင်းတော်များနှင့် ဖခမည်း တော်၊ နောင်တော်ငယ်တို့ တည်ထား ကိုးကွယ်ခဲ့ကြသော စေတီပုထိုး ဗုဒ္ဓရုပ် ပွားတော်များမှာ "သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" ဟူသော စာဆိုနှင့်အညီ အမြောက်အမြား ရှိလေသည်။

ထို ဘုရား၊ ပုထိုး၊ စေတီထူပါများထဲတွင် အကြီးကျယ်ဆုံးနှင့် အထူးခြား ဆုံးလက်ရာများမှာ တာဝတီံသာဘုရား၊ နေထွက်ဘုရား၊ နေမွန်းတည့်ဘုရား၊ နေဝင်ဘုရားနှင့် နဂါးဘုရားတို့ ဖြစ်ကြသည်။ တာဝတီံသာဘုရားမှာ မြတ်စွာ ဘုရား တာဝတီံသာနတ်ပြည်မှ မယ်တော်မိ နတ်သားအား ဝါတွင်း သုံးလ ပတ်လုံး တရားဓမ္မ ဟောကြားတော်မူပြီး သင်္ကာသနဂိုရ်ပြည်သို့ ပြန်ကြွလာပုံကို သရုပ်ဖော်ထားသော မတ်တတ်ဆင်းတုတော်ကြီး ဖြစ်သည်။

ကောတုံတရာဇ်မြို့ကြီး၏ အရှေ့ဘက်ရှိ အမြင့်ဆုံး ကျောက်တောင်ကို ထုလုပ်ထားသဖြင့် မိုးတွင်းကာလဆိုလျှင် ဘုရားရုပ်ပွားတော်၏ ဦးခေါင်း၊ မျက်နှာတော်တို့မှာ မိုးသားတိမ်တိုက်နှင့် မလွတ်ဘဲ မိုးသားတိမ်တိုက်များ ဖုံးအုပ်နေသဖြင့် "မိုးမလွတ်ဘုရား"ဟုပင် ကောတုံတရာဇ်သားတို့က တင်စား ခေါ်ဝေါ်ကြသော ရုပ်တုတော်ကြီး ဖြစ်သည်။

ရုပ်တုတော်ကြီး၏ ပခုံးတော်အောက်မှ ကျောက်သားများကို ရွှေစောင်း တန်း၊ ငွေစောင်းတန်းနှင့် နတ်ပြဟ္မာများအပြည့် ကျောက်ဆစ်လက်ရာများကို ထုဆစ်ထားသည်။ အောက်ခြေရှိ ကျောက်တောင်ပတ်လည်တွင် ဂေါတမဗုဒ္ဓကို မယ်တော်မာယာ ဖွားမြင်တော်မူသည်က စ၍ ဘုရားဖြစ်တော်စဉ် ဗုဒ္ဓဝင် ရုပ်တု များကို မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူ သည်အထိ ထွင်းလုပ်ထုဆစ်ထားသည်။

ပတ်ဝန်းကျင်ရှိ ကောက်လုံး၊ ကျောက်တုံးကြီးများတွင် ဗုဒ္ဓမြတ်စွာ သုံးသ ရာ၌ ကျင်လည်ခဲ့ရသော တိရစ္ဆာန်ဘဝအထွေထွေကို ဆင်ရုပ်၊ မြင်းရုပ်၊ ခြင်္သေ့ရုပ်၊ နွားရုပ်၊ ကျွဲရုပ်က အစ ငှက်ရုပ်မျိုးစုံတို့ဖြင့် ပုံဖော်ထုဆစ်ထားသည်။



www.burmeseclassic.com

အရုပ်ကြီးများမှာ အိမ်လုံးပမာဏရှိကြသည်။

နဂါးဘုရားမှာမူ မြတ်ဗုဒ္ဓ၏ သတ္တဌာနထဲမှ မုစလိန္ဒာသတ္တာဟ စံနေတော်မူပုံ ဖြစ်သည်။ ဤမုစလိန္ဒာဘုရားကြီးကို ကောတုံတရာဇ်မြို့ကြီး၏ အနောက်ဘက်တွင်ရှိ ပင်လယ်ကမ်းစပ်က သန္တာကျောက်တန်းကြီးထဲမှ အမြင့်ဆုံး၊ အချွန်ဆုံး ကျောက်တောင်ကြီးကို ထုလုပ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ကောတုံတရာဇ်မြို့ ပတ်ဝန်းကျင်တွင်(ဒေသအခေါ် နဂါးတောင်) မီးတောင်များ ပေါ်များသဖြင့် ဘုရားနှင့် နဂါးကိုပါ ပူဇော်ပသသော အထိမ်းအမှတ်ကြီးတစ်ခု ဖြစ်သည်။

ကောတုံတရာဇ်မြို့ကြီးသို့ အာရိယာန်နိုင်ငံဘက် ဘင်္ဂလားပင်လယ်ပြင်မှ ဝင်လာသမျှ လှေသင်္ဘောများသည် နဂါးဘုရားကို ဦးတိုက်ပြီးမှ မြို့ထဲသို့ ဝင်ကြရသည်။ ဘင်္ဂလားပင်လယ်အော်ထဲတွင် သွားလာနေကြသော ရွက်သင်္ဘော၊ ရွက်လှေကြီးများသည် လေးငါးမိုင် အဝေးကပင် နဂါးဘုရားကို ဖူးတွေ့နိုင်ကြသည်။ နဂါးဘုရားနှင့် တစ်ဆက်တည်းဖြစ်သော သန္တာကျောက်တန်းကျောက်ဆောင်များ နံရံတွင် နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ အသူရကာယ်ပြည်နှင့် ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်ဘုံတို့ကို ရုပ်လုံးဖော် ထုဆစ်ထားသည့်အပြင် ဤကောတုံတရာဇ်မြို့ကြီးအား နဂါးစောင့်သည် ဟူသော အစဉ်အလာ ရိုးရာအစွဲအလမ်းကို အမှီကထားပြီး ဘူရိဒတ်ဇာတ်တော်ကြီးကိုလည်း ရှည်လျားသော သန္တာကျောက်တန်းကြီး တစ်လျှောက်တွင် ထုဆစ်ပြုလုပ် ရုပ်လုံးရုပ်ကြွများနှင့် တန်ဆာဆင်ထားသည်။

ဤမျှမကသေး ဤနဂါးဘုရားကို အထူးအမြတ် အလေးထားကြသော နောက်အကြောင်းတစ်ခုမှာ ဤကောတုံတရာဇ်မြို့ကြီး၏ တောင်၊ မြောက်၊ အနောက်ဘက် သုံးမျက်နှာကို မြို့ထဲက လှမ်းကြည့်လျှင် ဘင်္ဂလားပင်လယ်ပြင်၏ ရေရိုးသည် ကောတုံတရာဇ်မြို့ကြီးကို မိုးနေသလို မြင်ကြရသည်။ ရေပြင်က မြို့ထက် မြင့်နေသည်။ ဒီရေကြီးချိန်တွင် နဂါးဘုရား အောက်ခြေရှိ သန္တာကျောက်တန်းကြီးကို ဘင်္ဂလားအော်ပင်လယ်ပြင်မှ လှိုင်းလုံးကြီးများ တဝုန်းဝုန်း လာရိုက် တိုက်ခတ်တတ်သည်။ ဤသည်မှာ ကောတုံတရာဇ်မြို့သူ၊ မြို့သားများ နဂါးဘုရား အနီးဝန်းကျင်၌ မဖွယ်မရာ အလေးအပေါ့သွားသူ၊ အညစ်အကြေး လာစွန့်သူ တစ်ဦးဦးကြောင့် နဂါးတွေ စိတ်ဆိုးပြီး တန်ခိုးပြသည်။ သတိပေးသည်ဟုလည်း ယုံကြည်ကြသည်။

နေထွက်ဘုရား၊ နေမွန်းတည့်ဘုရား၊ နေဝင်ဘုရားတို့မှာ အာဝမင်း၏





မြို့တော်ဖြစ်သော ကောတုံတရာဇ်မြို့တော်ကြီး၏ တောင်ဘက်တွင် တည်ရှိသည်။ ဘင်္ဂလားပင်လယ်ပြင်နှင့် အတန်ငယ်လှမ်းသော ကျောက်တောင်ကြီးကို လိုဏ်ခေါင်းကြီးဖောက်၍ လိုဏ်ခေါင်းအတွင်းတွင် ထုဆစ်ထားသော တင်ပျဉ်ခွေ ထိုင်တော်မူ ဘုရားသုံးဆူ ဖြစ်သည်။ လိုဏ်ခေါင်းကြီးမှာ တစ်ဆက်တည်းဖြစ်၍ အရှေ့ဘက်မှ ကျောက်လှေကားအတိုင်း တက်လာလျှင် ပထမဦးဆုံး ဖူးတွေ့ရမည့် ဘုရားမှာ နေထွက်ဘုရား ဖြစ်သည်။ ကျောက်တောင်ကြီးမှာ ထိုပတ်ဝန်းကျင်၌ အမြင့်ဆုံးဖြစ်သဖြင့် နေထွက်လာသည်နှင့် ဘုရား၏ မျက်နှာတော်ကို နေအလင်းရောင်ရအောင် ဘုရား၏ မျက်နှာစာ အရှေ့ဘက်ကို ဘုရားရုပ်ပွားတော်၏ ဦးခေါင်းတော်နှင့်အညီ ထွင်းဖောက် ထုလုပ်ထားသဖြင့် အရုဏ်တက်ကတည်းက အလင်းရောင်ရသည်။ ထို့ကြောင့် ဤ ဘုရားကို နေထွက်ဘုရားဟု ခေါ်ကြသည်။

ကျောက်တောင်ကြီး၏ လိုဏ်ခေါင်း ကျောက်သား စင်္ကြံအတိုင်းလျှောက်ဝင်လာလျှင် နေမွန်းတည့်ဘုရား ရုပ်ပွားတော်ရှိရာ ကျောက်တောင်ခေါင်းကြီး၏ အလယ်သို့ ရောက်လာသည်။ ထိုဘုရား၏ မျက်နှာတော်မှာ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်ကပင် ရင်ငွေ့တော်လှုံ၍ သွန်းလုပ်အပ်သော မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ရှိရာ အရှေ့မြောက်ဘက်သို့ မျက်နှာမူထားသည်။ ဘုရားရှေ့ တစ်လံကွာ အပေါ်တွင် အိမ်လုံးပမာဏရှိသော အဝိုင်းအဝန်း အပေါက်ကြီး တစ်ပေါက်ကို အထက်တည့်တည့်သို့ တိုးလျှိုပေါက် ဖောက်ထားသည်။ ထို့ကြောင့်လည်း ဘုရားဖူးများသည် ထိုဘုရားကို ဖူးပြီးသည်နှင့် ထိုအပေါက်မှ မိုးပေါ်သို့ မော့ကြည့်တတ်ကြသည်။ အကယ်၍ နေမွန်းတည့်အချိန်သာ ဆိုပါက ထိုအပေါက်ကြီးမှ နေဝန်းကို မြင်ကြရသည်။ ညအခါဆိုလျှင်လည်း လဝန်း၊ ကြယ်တာရာများကို ထိုအပေါက်ကြီးက ကြည့်၍ မြင်ရသည်။ ထို့ကြောင့် နေမွန်းတည့်မတည့်ကို ကြည့်မြင်နိုင်သည်ကို အစွဲပြု၍ ကောတုံတရာဇ်သားတို့က ဤဘုရားကို "မွန်းတည့်ဘုရား"ဟု ဘွဲ့မည်နာမတပ်၍ ခေါ်ကြသည်။

နေဝင်ဘုရားမှာ အနောက်ဘက် ဘင်္ဂလားပင်လယ်ပြင်ကို မျက်နှာမူထားသည်။ နေလုံးကြီးသည် ဘင်္ဂလားပင်လယ်ပြင်ထဲ ဝင်ခါနီးတွင် ဘုရားကို သူ၏ အလင်းရောင်ဖြင့် ပူဇော်သွားနိုင်ရန် ဘုရားရှေ့ ကျောက်တောင်ကို ဘုရား၏ ဦးခေါင်းတော်နှင့်အညီ မုခ်ပေါက်ကြီး ဖောက်ထားသည်။ ထို့ကြောင့် ဘုရားရှေ့ရှိ ကျောက်လှေကားထိပ်မှလည်း အောက်ခြေမြေပြင် ကျောက်လှေကားထစ်ထိ

www.burmeseclassic.com



ဘင်္ဂလားပင်လယ်ပြင်ကြီးထဲ နေလုံးကြီး ငုပ်လျှိုးဝင်သွားသည်ကို မြင်နိုင်ကြသည်။ ဤသည်တို့ကြောင့်လည်း ထိုဘုရားကို ကောတုံတရာဇ်သားတို့၏ ဘိုးဘေးစဉ်ဆက်ကပင် "နေဝင်ဘုရား"ဟု ဘွဲ့မည်တပ်ကာ ပူဇော်ခဲ့ကြသည်။ ကျောက်လိုဏ်ခေါင်း နံရံနှစ်ဖက်တွင် ဇာတ်ကြီးဆယ်ဘွဲ့ကို ရုပ်လုံးရုပ်ကြွတို့ဖြင့် ထုဆစ်ပုံဖော်ထားသည်။

ကျောက်လိုဏ်ခေါင်းကြီးထဲရှိ ဘုရားသုံးဆူထဲတွင် နေဝင်ဘုရားသည် ကောတုံတရာဇ်မြို့ကြီး၏ တောင်ပင်လယ် ရွှက်သင်္ဘောဆိပ်ကြီးနှင့် နီးသဖြင့် ပန်း၊ ဆီမီး မပြတ်သောဘုရား ဖြစ်သည်။ သူကြီး (ပြုစုကောင်း) တစ်ပိုင်ရှာ (အစု) များလည်း ရှိသဖြင့် နေဝင်ဆည်းဆာချိန်ဆိုလျှင် နေဝင်ဘုရား၌ လူစည်ကားသည်။ ကျောက်လှေကားပေါ်တွင် ဆင်းသူတက်သူ၊ ဘုရားဖူးလာသူ၊ ဘုရားဖူးပြီး၍ ပြန်သူများနှင့် ပြည့်ညပ်နေတတ်သည်။

ကျောက်တောင် ကျောက်တန်း ကျောက်လုံး ကျောက်ပြားများကို ဖယောင်းသားပမာ ထွင်းထု ဆစ်လုပ်နိုင်ကြသော ကောတုံတရာဇ်မှ ပညာရှင် ကျောက်ဆစ်သမားများက အံ့မခန်းဖွယ် ကျောက်ဆစ် အနုပညာလက်ရာတို့ဖြင့် အစွမ်းပြ၍ ထုဆစ် ပူဇော်ခဲ့ကြသည်။ ကောတုံတရာဇ်တိုင်းသား အပေါင်းတို့ အားလုံးက တန်ခိုးကြီး ရုပ်ပွားတော်အဖြစ် မှတ်ယူထားခဲ့ကြသော ဘုရားမှာ (ယခု ကုံကော်တောဘုရား) ကောတုံတရာဇ် မြို့တည်နန်းတည် ဘုရင်မင်း အဆက်ဆက်၊ ပြည်သူပြည်သားများ အဆက်ဆက် ကိုးကွယ်ခဲ့ကြသော ကောတုံတရာဇ်မြို့၏ မြောက်ဘက် တောင်ကုန်းပေါ်ရှိ မြို့ဦးဘုရား ရုပ်ပွားတော်ငယ်ပင် ဖြစ်သည်။

မိုးထိမြင့်မားသော တာဝတိံသာဘုရား၊ နဂါးဘုရားနှင့် ကျောက်သားကို ဖယောင်းပမာ ထွင်းထု ဖောက်ဆစ်၍ ကျောက်ဆစ်ပညာပြခဲ့သော နေထွက်၊ မွန်းတည့်၊ နေဝင်ဘုရားတို့မှာ ကောတုံတရာဇ်မင်း အဆက်ဆက် ဂုဏ်တုဂုဏ်ပြိုင် ထုဆစ်ထားခဲ့ကြသော ရုပ်ပွားတော်များ ဖြစ်သည်။ ဉာဏ်တော် နှစ်တောင်ပင် မပြည့်တတ်သော ကောတုံတရာဇ်ဘုရား ရုပ်ပွားတော်မှာမူ ကောတုံတရာဇ်မြို့ကြီးကို မတည်မီကပင် ဦးဆုံးအစဆုံး တည်သောဘုရား ဖြစ်လေသည်။ ထို့ကြောင့် ဉာဏ်တော်ငယ်သော်လည်း ဝါတော်တွင် ကောတုံတရာဇ်တိုင်းကြီး တစ်တိုင်းလုံး တစ်မြို့လုံးရှိ ဘုရားရုပ်တုတော်များ အားလုံးထက် ဝါတော်ကြီး၊ သက်တော်ကြီးဘုရား ဖြစ်သည်။

ထိုဘုရားမှာ ကောတုံတရာဇ်မင်း အဆက်ဆက် စိုးစံခဲ့ကြသော ကျောက်





သား ကျောက်ဆစ် နန်းတော်ကြီး၏ မြောက်ဘက် တောင်တန်းတွင် တည်ရှိသည်။ မြို့ စတည်စက နန်းရာကုန်းနှင့် ဘုရားကုန်းမြေမှာ မျဉ်းပြိုင်ညီမျှလျက်ရှိသည်။ ထို့ကြောင့် ဘုရားစံပယ်တော်မူရာ ဂန္ဓကုဋိကျောင်းတော်ကြီး၏ စုလစ်မွမ်းချွန်များကို နန်းတော်ထက်မြင့်အောင် ဘုံကိုးဆင့်ထိ တစ်ဆင့်ပြီး တစ်ဆင့် ဆောက်လုပ်ခဲ့ကြခြင်း ဖြစ်သည်။ နန်းတော်ကိုမူ စုလစ်မွမ်းချွန်များနှင့် မတည်ဆောက်ခဲ့ကြခြင်းမှာ ဘုရားကျောင်းတော်ထက် နန်းတော်က မြင့်နေမှာစိုး၍ တစ်ကြောင်း၊ ကောတုံတရာဇ်တိုင်းကြီးနှင့် အနီးဆုံးဖြစ်သော အာရိယာန်တို့၏ ယဉ်ကျေးမှု ဗိသုကာအရိပ်များ အုပ်မိုးနေသောကြောင့် ၎င်းနန်းတော်မှာ စုလစ်မွမ်းချွန်များ မရှိဘဲ ကျောက်ဆစ်အုတ် ကျောက်သားကျောက်တိုင်တို့ဖြင့်သာ အခိုင်အခံ့ တည်ဆောက်ထားခဲ့ကြသည်။

ဤ မြို့တည်နန်းတည် ကောတုံတရာဇ်ဘုရားမှာ နန်းတော်၏ မြင့်တပြတွင် တည်ရှိသလို အထပ်ထပ်သော မြစ်ချောင်းကျိုးတံတိုင်း ကျောက်တောင်များ၏ မြို့တွင်းပိုင်းတွင် တည်ရှိသဖြင့် ဘုရားဖူးများ နေ့ညမပြတ်စည်ကားသည်။ ဘုရား ပတ်ဝန်းကျင်ရှိ မြို့တွင်း လမ်းဆုံလမ်းခွများတွင် မှီးရာ အတီးအမှုတ် အကအခုန်များနှင့် ပွဲလမ်းသဘင်များကလည်း ညစဉ်ရှိနေရာ ပွဲလာ၊ ပွဲပြန် ကောတုံတရာဇ်သူ၊ ကောတုံတရာဇ်သား ကလေးလူငယ်များပါမကျန် ဘုရားတက်ဖူးကြလေ့ရှိ ရာ ဆီမီးမပြတ် ပန်းမပြတ်သောဘုရား ဖြစ်သည်။

ဤဘုရား၏ အထူးခြားဆုံး အာနုဘော်အစွမ်းမှာ လူတစ်ဦးတစ်ယောက်၏ အသက်တိုမည်၊ ရှည်မည်ကို ဒိဋ္ဌဆုတောင်းပါက သိနိုင်ခြင်း။ ပယောဂမှန်သမျှတို့သည် ရုပ်ပွားတော်ရှေ့သို့ ရောက်သည်နှင့် ပျောက်ကင်းခြင်းတို့ပင် ဖြစ်သည်။ ထို့ကြောင့်လည်း ဤဘုရား၌ ရိုးရိုးဘုရားဖူးများအပြင် သက်ကြီးရွယ်အိုများက သူတို့၏ သက်တမ်းကို သိလို၍ လာရောက်အဓိဋ္ဌာန် ဆုတောင်းကြခြင်း၊ ဝတီလေးရပ် တောင်စဉ်ခုနစ်ခရိုင်၊ ကောတုံတရာဇ်တစ်တိုင်းလုံးမှ စုန်းပူး၊ နတ်ပူး၊ စုန်းတိုက်၊ လူတိုက်၊ နတ်တိုက် မိစ္ဆာဖမ်းစားထားခြင်းကို ခံနေရသော ရောဂါသည် မိန်းမ၊ ယောက်ျား၊ ကလေးသူငယ်များကိုလည်း အစွဲချွတ် ရောဂါကု ရောက်လာတတ်ကြရာ ဤဘုရားရင်ပြင်တော်မှာ နေ့ညမဟူ လူသူလေးပါး ပြတ်သည်ဟု မရှိပေ။

ဤရုပ်ပွားတော်မြတ်ကို နတ်ကိုးကွယ်ကြသော တောင်စဉ်တောင်တန်း တောင်ပေါ်သားတို့က အမှောင့်ပယောဂမှန်သမျှ ဘုရားရုပ်ပွားတော်ရှေ့ ရောက်သည်နှင့် ပျောက်ကြသဖြင့် နတ်ဘုရား အဖြစ်လည်း လာရောက် ပူဇော်ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောတုံတရာစ်မောင်ကြီး စကားကို ကြားရတာ အကျွန် ဝမ်းသာလိုက်တာ၊ အကျွန့်သမီးလေး စန္ဒာဒေဝီရောဂါကို ပျောက်ကင်းစေနိုင်တဲ့ ကောတုံတရာစ်ဘုရားတို့လည်း အကျွန် မြန်မြန် ဖူးချင်လိုက်တာရှင်"

အလီဘာနှင့် စန္ဒီမာဟ်တို့မှာ ကောတုံတရာစ်ကမ်းခြေနှင့် နီးလာလေလေ တိုမေးသည်မေးနှင့် စကားများလာကြလေ ဖြစ်သော်လည်း တစ်လမ်းလုံး ထူးထူးဝါးဝါး စကားများလာသော စန္ဒာဒေဝီလေးကမူ ကောတုံတရာစ်ကမ်းခြေနှင့် နီးလာလေလေ စကားနည်းလာလေ ဖြစ်သည်။ ရွေခြားမြေခြားကို လိုက်လာရသော စန္ဒာဒေဝီလေးသည် အမြင်သစ် အတွေ့သစ်တွေကြောင့် ကောတုံတရာစ်ကမ်းခြေဘက် ငေးငေးလေး လှမ်းကြည့်ကာ ကြွေ့ပြုံ့ပိုရလာသည်။

ကောတုံတရာစ်မြို့၏ အနောက်ဘက် ဝင်ပေါက်ဖြစ်သော နဂါးမော်ကျုံးပေါက်ကြီးနား ရောက်လာသောအခါ နဂါးဘုရားအပြင် အရှေ့ဘက် ကျောက်တောင်တန်းကြီးပေါ်တွင် ထုဆစ်ထားသော တာဝတိံသာဘုရား၏ ဦးခေါင်းတော်ကို လှမ်းမြင်လိုက်ရသောအခါ၌ အလီဘာမှာ စကားမပြောနိုင်လောက်အောင်ပင် အံ့ဩသွားပုံရလေသည်။

သူတို့ ရွက်သင်္ဘောကြီးနှစ်စီးမှာ ကောတုံတရာစ်မြို့၏ ကွေ့ကောက်သော အပြင်ကျုံး မြစ်ပေါက်အတိုင်း ဝင်ရောက်လာကြရာ မြင့်မားသော နဂါးဘုရားနှင့် တာဝတိံသာဘုရားကြီးတို့မှာ သူတို့ လက်ယာဘက် ရောက်သွားလိုက်၊ လက်ဝဲဘက်တွင် ကျန်ခဲ့လိုက်၊ ဦးခေါင်းတော် ပေါ်လာလိုက်၊ ကျုံးနံဘေး နှစ်ဖက်ရှိ ကျောက်တောင်၊ ကျောက်နံရံ မတ်မတ်ကြီးများက ကွယ်သွားလိုက်၊ ပြန်ပေါ်လာလိုက်နှင့် သူတို့အနေမှာ မျက်စိလည်စရာပင် ဖြစ်နေသည်။

ထို့ကြောင့် စန္ဒာဒေဝီလေးမှာ အမြင်သစ်၊ အတွေ့သစ်နှင့် ဦးခေါင်းတော်ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ဦးခေါင်းတော်မှသည် ခါးတစ်ပိုင်းထိ ပြန်ပေါ်လာလိုက် မြစ်ကျုံးပေါက်ကြီး နှစ်ဖက်ရှိ ကျောက်တောင်၊ ကျောက်နံရံများ ကွယ်သွားလိုက်၊ ပြန်ပေါ်လာလိုက်။ နောက်တစ်ခါ သူတို့ ရွက်သင်္ဘောကြီးနှင့်အတူ လိုက်လာနေသလို မြင်လိုက်နှင့် နဂါးဘုရားနှင့် တာဝတိံသာဘုရားတို့ကို တအံ့တဩကြည့်ကာ လုံးဝ စကားမပြောတော့ဘဲ ငေး၍သာ တုဏှိဘာဝေ လိုက်ပါနေလေသည်။

နဂါးမော် အပြင်ကျုံးဆိပ်သို့ ရောက်သောအခါ ဒီရေတက်ချိန် ဖြစ်နေသဖြင့် သူတို့ ရွက်သင်္ဘောနှစ်စီးမှာ ဆိပ်ကမ်းရှိ သူတို့သင်္ဘောနှင့် အံဝင်ခွင်ကျဖြစ်မည့် ကျောက်တိုင်ကြီးများ ကြားထဲဝင်၍ ရွက်ကြိုးချည်၊ ကျောက်ချ





ရပ်နားလိုက်ကြသည်။ ဒီရေတက်ချိန်ဖြစ်သဖြင့် သင်္ဘောပေါ်မှ ကုန်းဘောင်ပျဉ်ချပ်ကြီးကို ဆိပ်ကမ်း ကျောက်လှေကား၌ တင်လိုက်သောအခါ အလီဘာတို့ မိသားစုအားလုံးမှာ သက်သောင့်သက်သာပင် ရွက်သင်္ဘောကြီးပေါ်မှ ခြေဖဝါးကိုပင် ရေမစိုဘဲ ခြေနင်းမချွတ် ဆင်းလာနိုင်ကြသည်။

ဦးအောင်သာဇံသည် အလီဘာတို့ မိသားစုအား သီးသန့်အိမ်ကြီး တစ်လုံးဆီသို့ ဦးဆောင်ခေါ်လာပြီး ဘုမ္မရာဇ်မြို့တွင် စကားခံခဲ့သော ဧည့်ဝတ် ကျေပွန်မှု၏ ဆယ်ဆမကသော ဧည့်ဝတ်ကျေပွန်မှုတို့နှင့် ဧည့်ခံလေသည်။ အိမ်တွင်လည်း ရေမီး လိုလေသေးမရှိ စီစဉ်ပေးသည်။ သူတို့ ကောတုံတရာစ်သားများနှင့် အစားအသောက် မတူညီသော အလီဘာတို့မိသားစုအား စိတ်ကြိုက် ချက်ပြုတ်စားသောက်နိုင်ရန် အိုးကြီးအိုးငယ်အပြင် သုံးရေချိုးရေများကိုလည်း လိုသလောက် သုံးစွဲနိုင်ရန် ကောတုံတရာစ် တောင်ပိုင်းသားတို့၏ ရာဝင်စဥ့်အိုးကြီးလေးငါးလုံး ရေမပြတ်ရအောင် ထားပေးလေသည်။

အလီဘာတို့ မိသားစုကို လွတ်လွတ်လပ်လပ် နေနိုင်ရန် နေရာချပေး၊ စီမံပေးပြီးမှ ဦးအောင်သာဇံမှာ မိမိအိမ်ရှိရာ နန်းဦးမြောက်ရပ်သို့ ထွက်လာလေသည်။ စန္ဒာဒေဝီလေး၏ကိစ္စကိုမူ ညနေ ထမင်းစားပြီးမှ ကောတုံတရာစ်ဘုရားရှေ့မှောက် ခေါ်သွားပြီး စီစဉ်ကြမည့်အကြောင်း အလီဘာတို့ မိသားစုအား မှာကြားထားခဲ့လေသည်။

သမီးလေးရောဂါကုရန် တစ်ပြည်တစ်ရွာက လာကြရသော အလီဘာတို့ မိသားစုမှာ ဦးအောင်သာဇံ နေရာချပေးထားခဲ့သော ဤအိမ်တွင် ရက်မည်မျှကြာကြာ နေကြရမည်ကို မသိသေးသဖြင့် သူတို့မိသားစု၏ အိပ်ရာနေရာများကို မိမိတို့၏ ဘုမ္မရာဇ်မြို့ နေအိမ်ပမာ အစီအစဉ်ချကြသည်။ သူတို့မိသားစုမှာ လူ (၆) ယောက်ဖြစ်သည်။ အလီဘာ၏ လူယုံ အူရာနှင့် အစေအပါး ထမင်းချက်ဟင်းချက် မိန်းမသူ အိမ်ဖော်နှစ်ယောက်လည်း ပါသေးသည်။

နေရာ အစီအစဉ်ချပြီး ညနေ ရေချိုးခါနီးတွင် စန္ဒာဒေဝီလေး၏ နဖူးကို လက်ဝါးနှင့် တစ်ချက်အုပ်ကြည့်ပြီး "သမီး နေကောင်းတယ်နော်"ဟု စန္ဒီမာဟ်က မေးသည်။ စန္ဒာဒေဝီလေးက ခေါင်းညိတ်ပြ၏။ "ရေချိုးမယ်နော် သမီး" ဟု အမေးကိုလည်း စန္ဒာဒေဝီလေးက ခေါင်းညိတ်ပြပြန်သည်။

"ရေချိုးပြီးရင် ထမင်း စောစောစားကြမယ်၊ ပြီးတော့ ပါပါတို့ မာမာတို့ မိတ်ဆွေကြီး ကောတုံတရာစ်သူဌေးနဲ့ ကောတုံတရာစ်ဘုရားကို သွားဖူးကြမယ်နော် သမီး"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေပြောသမျှ ခေါင်းညိတ်ပြပြန်သည်။

တစ်လမ်းလုံး ဗူးဗူးဝါးဝါး စကားများလာရာမှ ကောတုံတရာဇ်နှင့် နီးလာချိန်မှာ စကားနည်းသွားသော သမီးလေးသည် ယခု သူ့မေးနေ၊ ပြောနေသမျှကို ခေါင်းချည်း ညိတ်ပြနေပြန်သောအခါ စန္ဒြမာဟ်မှာ စိုးရိမ်သွားပြန်သည်။ သမီးလေးပါးစပ်က ဘာသံမှ ထွက်မလာဘဲ ခေါင်းချည်း ညိတ်ပြနေသည်မှာ "ဘယ်လိုပါလိမ့်"ဟု သမီးလေး စန္ဒာဒေဝီကို စန္ဒြမာဟ်က ထပ်ပြောပြန်သည်။

"သမီးလေး ခု ခေါင်းကိုက်နေလား၊ ခေါင်းမူးသလို တွေ့လား၊ ဘယ်လိုဖြစ်နေလဲ မာမာ့ကို ပြောပါဦး"

စန္ဒာဒေဝီလေးက သူ ဘာမှ မဖြစ်ကြောင်း ခေါင်းခါပြန်သည်။

"သမီး ဟိုတုန်းကလို ပါးစပ်နဲ့ ပြောလေ။ သမီးပါးစပ်က အသံမထွက်လို့ ပါပါ မာမာတို့ စိုးရိမ်လို့မေးတာပြောဦးလေ သမီး"

စန္ဒာဒေဝီလေးက သူ့အမေမျက်နှာကို ပြုံးကြည့်ပြီး ခေါင်းခါပြပြန်သည်။

"ဟင်. . အိမ်ရှင်ကြီး၊ လာပါဦး။ သမီးပါးစပ်က အသံမထွက်ပြန်ဘူးတော့"

စန္ဒြမာဟ်က စိုးရိမ်တကြီးနှင့် ခင်ပွန်းသည် အလီဘာကို အထိတ်တလန့် လှမ်းခေါ်လိုက်ပြန်သည်။ အလီဘာလည်း စိုးရိမ်တကြီးနှင့် ချက်ချင်း သားအမိနှစ်ယောက်နား ရောက်လာသည်။

"သမီး ဘာဖြစ်လို့လဲဟင် စန္ဒြမာဟ်"

သူ့အမေက မပြောခင် စန္ဒာဒေဝီ က သူ ဘာမှ မဖြစ်ကြောင်း ခေါင်းခါပြနေပြန်သည်။

"သမီး ပါးစပ်က အသံမထွက်တတ်တော့ဘူး အိမ်ရှင်ကြီး"

"ဟင်. . ဟုတ်လား သမီး"

ဤတစ်ခါတွင်တော့ စန္ဒာဒေဝီက ခေါင်းခါမပြ။ သူ့အဖေ မျက်နှာကို အပြုံးနှင့်သာ ကြည့်နေသည်။

"သမီး ဘယ်လိုနေလဲ၊ ဘယ်လို တွေ့လဲ၊ နေမကောင်းချင်သလိုတွေ့လား ပါပါ့ကို စကားပြောပါဦး"

သူ့အဖေ မေးသည်ကို စန္ဒာဒေဝီက ဗူးဗူးဝါးဝါး ဘာမှ မပြော။ မျက်လွှာချကာ တွေဝေနေ၏။

အလီဘာနှင့် စန္ဒြမာဟ်တို့မှာ သက်မကိုယ်စီ ချမိလိုက်ကြသည်။ ဘယ်လိုဖြစ်၍ ကောတုံတရာဇ်မြို့အရောက်မှာ သူ့သမီးပါးစပ်က အသံမထွက်တတ်ဖြစ်သွားပြန်သည်မသိ၊ ဤထူးခြားမှုမှာ ကောင်းလာမည်လား၊ ဆိုးလာမည်လား





ဆိုသည်ကိုလည်း လင်မယားနှစ်ယောက်မှာ မဝေခွဲတတ်ကြ။ ထို့ကြောင့် အလီဘာက -

"ညကလည်း သန်းခေါင်လောက်ကပင် ထွက်လာကြတော့ သမီးလေး အိပ်ရေးပျက် ခရီးပန်းလာလို့လားကွယ်၊ ကိုယ်မပူရင် ရေချိုးပေးလိုက်ပါ၊ လန်းလန်းဆန်းဆန်း ဖြစ်လာရင်လည်း ဖြစ်လာမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ထမင်းစောစောစားပြီး တို့မိတ်ဆွေကြီးကို စောင့်ကြမယ်၊ သူလာမှ ထူးခြားချက်ကို ပြောပြပြီး သူပြောတဲ့ ကောတုံတရာဇ် နတ်ဘုရားဆီ သွားကြတာပေါ့"

အလီဘာ အမိန့်အတိုင်းပင် စန္ဒြမာဟ်က သမီးလေးကို ရေချိုးပေး၊ အမွှေးနံ့သာ လိမ်းပေးပြီး ထမင်းကျွေးသည်။

ထမင်းဝိုင်း၌လည်း "သမီးလေး ဒီဟင်း ယူဦးမလား၊ ဒီဟင်းက သမီးအကြိုက်ပဲလေ၊ ယူဦး၊ ထမင်းကောဟင် သမီး၊ ဩော်. . အေး၊ မယူတော့ဘူး၊ တော်ပလား၊ ဝပလား၊ နို့ခမ်းသောက်လိုက်ဦး၊ စွန်ပလွံယိုပဲ စားမယ်၊ အေး-စားစား၊ ဒီမုန့်ကော"

စန္ဒြမာဟ်က ပေါက်ပေါက်ဖောက်သလို တတွတ်တွတ် မေးပြောနေသော်လည်း စန္ဒာဒေဝီလေးကမူ ခေါင်းညိတ်ခေါင်းခါနှင့်သာ ထမင်းဝိုင်းပြီးသွားသည်။ ဘုမ္မရာဇ်နှင့် လမ်းမှာတုန်းကလို သူ့ပါးစပ်က ဗူးဗူးဝါးဝါး အသံထွက်မလာပြန်တော့။ ထိုအခါ မိဘနှစ်ပါးမှာ ပို၍ စိုးရိမ်သောက ပွားလာကြပြန်သည်။

"သမီး၊ ခံတွင်းရှင်းသွားအောင် ဒီကွမ်းမွှေးလေး ဝါးလိုက်ပါဦး"

စန္ဒြမာဟ်က သူ့သမီးပါးစပ်မှ ထွက်လာမည့် အသံလေးကို ကြားလိုသဖြင့် အမျိုးမျိုး စမ်းသပ်ပြုလုပ်ပေးနေသည်ကို အလီဘာကမူ မျက်ရည်ဝဲ နှုတ်ဆိတ်ကာ သမီးလေး စန္ဒာဒေဝီ၏ မျက်နှာနုနုလေးကိုသာ ငေးကြည့်ပြီး ကံဆိုးရှာလွန်းသော သမီးလေးကို သနားနေမိသည်။

ထိုအချိန်မှာပင် အိမ်ရှေ့၌ မြင်းရထားရပ်သံ ကြားသဖြင့် အလီဘာ အိမ်ရှေ့ထွက်ကြည့်လိုက်သည်။ အိမ်ခြံဝတွင် မြင်းရထားနှစ်စီး ရပ်လာသည်ကို မြင်ရပြီး ဦးအောင်သာဇံတို့ မိသားစု ရထားပေါ်က ဆင်းလာကြသည်ကို မြင်လိုက်ရသည်။ အလီဘာမှာ "ကောတုံတရာဇ်သားကြီး လာပြီ"ဟု စန္ဒြမာဟ်ကို အမန်းကတန်းပြောထားခဲ့ပြီး ဦးအောင်သာဇံတို့ မိသားစုကို ဆင်းကြိုလိုက်သည်။

"မိတ်ဆွေကြီးတို့ စားပြီးကြပလား"

"ဟုတ်ကဲ့၊ ခုလေးတင်ပဲ စားပြီးကြပါတယ်၊ အိမ်ရှင်မနဲ့ သမီးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ်"

"ဟုတ်ပါတယ်၊ ဘုမ္မရာဇ်က မောင်ကြီးရှင်၊ အကျွန်တို့လည်း သမီးလေး အကြောင်းကြားရတာ စိတ်မကောင်းကြပါဘူး။ ဒါပေမယ့် အကျွန်တို့ ကောတုံ တရာဇ်ကို ရောက်နေကြပြီပဲ၊ အကျွန်နဲ့အိမ်ရှင်ကြီး ပြောသလို အမှန်တကယ် သာ ပယောဂဆို ကောတုံတရာဇ်ဘုရားမှာ အဓိဋ္ဌာန်ပြီး ဦးသုံးကြိမ်ချရုံနဲ့ ပျောက် တို ပျောက်ပါတယ် မောင်ကြီးရှင်၊ ကံနာဝဋ်နာ မဟုတ်လို့ကတော့ ကျွန်တော်မ တို့ လက်တွေ့ မျက်မြင်ပါ၊ အဲဒါကြောင့် မောင်ကြီးနဲ့ မောင်ကြီးနှမတို့ စိတ် သောကကို လျှော့လိုက်ကြပါ"

ဦးအောင်သာဇံမိန်းမ ဒေါ်ကြာညိုမေ၏ စကားကို ကြားရသော်လည်း အလီဘာ၏ သောကမှာ မလျော့သွားသေး။ ယခု လောလောဆယ် တစ်ပူဆင့် လာသော အသံမထွက်သည့်ကိစ္စကို အလီဘာက ဦးအောင်သာဇံတို့ ဇနီးမောင်နှံ ကို အားကိုးတကြီး ပြောပြလိုက်ရပြန်သည်။

"ဟာ. . ဒါဆို ဘာဘာကြီး သမီး၊ အကျွန်နဲ့ညီမတော်အတွက် ဘာဘာကြီး ဘာမှ မပူနဲ့တော့၊ ညီမတော်ရဲ့ ပယောဂဟာ ကောတုံတရာဇ် ဘုရားရင်ပြင် ပေါ်ရောက်တာနဲ့တင် ချက်ချင်း ပျောက်နိုင်တယ်၊ ဒီလို ထူးခြားချက်နဲ့ တောင် စဉ်ဘက်က မိန်းမသူတစ်ယောက် ပယောဂပျောက်တာ သမီးမျက်မြင် ကြုံဖူး ပါတယ်။ တစ်လမ်းလုံး ငိုလာတယ်လို့ သူတို့ပြောတဲ့မိန်းမဟာ အကျွန်တို့ ကော တုံတရာဇ် တစ်ဖက်ကမ်းကို ရောက်တာနဲ့ ရယ်လို့ချည်းနေတာ၊ ဘုရားမှာ အဓိဋ္ဌာန်ဆုတောင်းလည်းပြီးရော အကောင်းပကတိပဲ ဘာဘာကြီး"

ယနေ့ ယခုမှ တစ်ခါ တွေ့ကြရသော်လည်း သူ့အဖေ အဘိုးအဘေးတို့၏ အစဉ်အဆက် မိတ်ဆွေရင်း၊ ညီအစ်ကိုများပမာ ခင်မင်ကြသူတွေ ဆိုသဖြင့် ဦးအောင်သာဇံ၏ သမီးကြီး သဇင်ဦးကလည်း အလီဘာကို အဖေကြီးဟု ရင်းရင်းနှီးနှီး ခေါ်၍ ဝင်ပြော၏။ သဇင်ဦး ပြောလိုက်သည်မှာလည်း အမှန်ပင် ဖြစ်သည်။

ဤကောတုံတရာဇ် ရုပ်ပွားတော်မြတ်ထံ ရောဂါကု လာကြသူများ၏ ထူးခြားချက်မှာ ကောတုံတရာဇ်မြို့ကို ရောက်သည်နှင့် ဝေဒနာရှင်တွေမှာ မူလ အခြေအနေမျိုး မဟုတ်တော့ဘဲ တစ်စုံတစ်ခု ထူးခြားချက် ပြောင်းသွား ကြသည်။ ငိုနေသူများ ရယ်လာသလို ရယ်နေသူများက ငိုလာကြသည်။ ယခု ထူထူဝဲဝဲ စကားပြောလာသူက ဘာတစ်ခွန်းမှ စကားမပြောတော့ဟု ဆိုခြင်းမှာ ထူးခြားချက်ပင်။ ထို့ကြောင့်လည်း သဇင်ဦးက အာရိယာန်မလေး၏ ရောဂါမှာ





မုချ ပျောက်ရမည်ဟု ရဲရဲဝံ့ဝံ့ ပြောရဲခြင်း ဖြစ်၏။

သည်လိုနှင့် အိမ်ပေါ်တွင် မိသားစုနှစ်စု ဝိုင်းထိုင်ကာ ကောတုံတရာဇ် ဘုရားရှိရာ နန်းဦးမြောက်ရပ်သို့ စန္ဒာဒေဝီလေးအား ခေါ်သွားကြပြီး ဘုရားကု ကုရန် လိုအပ်သည်များကို ပြင်ဆင်ကြသည်။ ဘုရားရှေ့မှောက် အရောက်၌ အဓိဋ္ဌာန်စကားဆိုရန်၊ ကံငါးပါးကိုထိန်းရန် စသည်များကို ဦးအောင်သာဇံက အလီဘာတို့ မိသားစုအား သွန်သင်ပြသည်။

သူတို့မှာ သားငါးပင် စားကြသူ မဟုတ်သည့်အပြင် သူတို့နတ်ဘုရားများ ၏ အဆုံးအမ၌လည်း ကံငါးပါး လုံခြုံပြီးသားသူများဖြစ်ရာ အဓိဋ္ဌာန်ဆုတောင်း ကို သင်ကြားပြီးသည်နှင့် ဘုရားပူဇော်ရန် သူတို့ ဘုမ္မရာဇ်မြို့ကပင် ယူလာကြ သော အမွှေးတိုင်၊ ပျားဖယောင်းတိုင် စသည်များကိုယူကာ ကောတုံတရာဇ် ရုပ်ပွားတော်မြတ်ရှိရာသို့ မြင်းရထားနှစ်စီးနှင့် ထွက်လာကြသည်။

ဦးအောင်သာဇံတို့ မိသားစုနှင့် အလီဘာတို့ မိသားစု ကောတုံတရာဇ် ရုပ်ပွားတော်မြတ်ရှိရာ ဘုရားကုန်းတော်ပေါ် ရောက်လာကြချိန်မှာ နေအိုနွမ်းက ဘင်္ဂလားရေပြင်ကျယ်ထဲ ငုပ်လျှိုးခါစသာ ရှိသေး၏။ ရေပြင်နှင့် မိုးကောင်းကင်က ဆည်းဆာအလှ ရွှေအိုရောင်မှာ မိုးတောက်မြေပြင် တစ်နံ့တစ်လျားကို ဖြန့် ကြက်ထိုးချထားသည်။ ထို့ကြောင့်လည်း ဘုရားကုန်းတော်ပေါ်ရှိ သစ်ပင်ပန်းမန် တို့၏ ရော်ရွက်ဝါ မြသားတို့မှာ သိင်္ဂါရွှေဆို မြရည်ပက်ဖျန်း ဆေးစွမ်းသဘာဝ အလှဆင်နေကြသည်။ ထိုအထဲတွင် အာရိယာန်မလေး စန္ဒာဒေဝီနှင့် ရခိုင်သူ လှမျိုးဖြူ သုံးယောက်တို့ကလည်း အလှချင်း ပြိုင်နေကြ၏။

သို့သော် ဘုရားဖူးလာကြသူများ၏ မျက်လုံးများမှာ တွေ့နေမြင်နေကျ ဦးအောင်သာဇံ၏ သမီးသုံးယောက်ဆီ၌ မရှိကြ။ ဝတ်ဆင်ထားပုံကအစ တစ်မူ ထူးခြားပြီး သူတို့ ကောတုံတရာဇ်သူများနှင့်မတူ အလှနတ်သမီးလေး စန္ဒာဒေဝီ ဆီ၌သာ။ နှုတ်ဆိတ်ကာ ဣန္ဒြေရရ ဆင်မယဉ်သာ လိုက်ပါနေသော စန္ဒာဒေဝီ ကို ပယောဂကုရန် ဘုမ္မရာဇ်မြို့မှ ရောက်လာသူဟုလည်း ဘုရားဖူးများက မထင်ကြ။ ထို့ကြောင့်လည်း ဘုရားကုန်းတော်ပေါ်ရှိ ဘုရားဖူးလာသမျှ လူများ၏ အကြည့်မှာ စန္ဒာဒေဝီဆီ၌သာ တဝဲဝဲ တလည်လည် ရှိနေကြသည်။

ဦးအောင်သာဇံတို့ မိသားစုနှင့် အလီဘာတို့ မိသားစုသည် ဘုရားရှေ့ရှိ ဘုရားဖူးများကြားထဲ နေရာယူကြသည်။ ဦးအောင်သာဇံ၏ အစီအစဉ်အတိုင်း သူတို့ ဘုမ္မရာဇ်မြို့က ယူလာကြသော စန္ဒကူးနံ့သာ အမွှေးတိုင်များနှင့် ပန်း၊ ရေချမ်းတို့ကို အလျင်ကပ်ကြသည်။ ပြီးမှ သူတို့ ဘုမ္မရာဇ်မြို့က ယူလာသော



www.burmeseclassic.com

www.burmeseclassic.com



ဟိုလိုတရိုက်တောင်တန်းဖြစ် ပျားဖယောင်းတိုင်များကို စန္ဒာဒေဝီသက်စေ့ ဆီမီး ပူဇော်ရန် ထွန်းညှိကြသည်။

ထိုအခါတွင် ထူးခြားချက်မှာ အလီဘာတို့ ဘုမ္မရာဇ်မြို့က ယူလာသော ပျားဖယောင်းတိုင်များမှာ တစ်တိုင်မှ မီးမကူး၊ မီးထွန်းမရ။ ညှိလိုက်တိုင်း မီးက ငြိမ်းငြိမ်းသွားသည်။ ဤပျားဖယောင်းတိုင်များမှာ ပင်လယ်ကိုဖြတ်၍ သယ်ဆောင်လာခဲ့ကြသော ပျားဖယောင်းတိုင်များဖြစ်ရာ ပင်လယ်မှ ရေငန်ငွေ့ရိုက်သာ၍ ရုတ်တရက် မီးညှိမရ ဖြစ်နေခြင်းလားအထင်နှင့် အလီဘာတို့ မိသားစုမှာ ပျားဖယောင်းတိုင်ကို အထပ်ထပ်အခါခါ မီးညှိ၊ မီးထွန်းနေကြသည်။ သို့သော် စန္ဒာဒေဝီလေး၏ သက်စေ့ (၁၆)တိုင်သော ပျားဖယောင်းတိုင်များမှာ ဘယ်အတိုင်ကမှ မီးညှိထွန်းမရ ဖြစ်နေသည်။ ဤသည်ကို အလီဘာတို့ မိသားစုက အံ့ဩတကြီး ဖြစ်သွားကြ၏။ ဘုမ္မရာဇ်မြို့၌ သူတို့၏ ဟိုလိုတရိုက်တောင်တန်းထွက် ပျားဖယောင်းတိုင် စစ်စစ်များမှာ သူတို့ဆီ၌ ဘယ်နတ်ဘုရားကို ပူဇော် ပူဇော် မီးညှိမရ မဖြစ်ခဲ့ကြ။ ထိုဖယောင်းတိုင်များသည် ယခု ကောတုံတရာဇ်မြို့ ရောက်ကာမှ အဘယ်ကြောင့် မီးမကူး၊ မီးထွန်းမရ ဖြစ်နေသည်မှာ အဘယ်ကြောင့်နည်း။

အလီဘာတို့ မိသားစု မီးညှိမီးထွန်းမရ ဖြစ်နေသည်ကို မြင်နေရသော အခါမှ ဦးအောင်သာဇံ၏ သမီးလတ် သန္တာဖြူက -

"ဘာဘာ၊ ဘုမ္မရာဇ်က ဘာဘာကြီးတို့ မီးထွန်းမရဖြစ်နေကြတာ ပျားဖယောင်းတိုင်တွေမို့လို့လေ၊ ဒါဒါ (အဘွား) က ပြောတယ်၊ တောင်စဉ်က တောင်ပေါ်သားတွေ ပျားဖယောင်းတိုင်တွေနဲ့ ဆီမီး ပူဇော်လို့မရတာ ဒါဒါ မျက်မြင် ကြုံဖူးတယ်ဆို မဟုတ်ပါလား၊ အဲဒါကြောင့် တောင်စဉ်ခုနစ်ခရိုင်က လူတွေ ဒီဘုရားကို လာဖူးရင် ကညင်ဆီမီးတိုင်နဲ့ သူတို့ တောင်ပေါ် သစ်စေးထွက် ဆီမီးတိုင်တွေပဲ ယူလာကြရတယ် ဆိုပါပကော၊ ခုလည်း ဘာဘာကြီးတို့ ပျားဖယောင်းတိုင်က အဲဒါကြောင့် မီးထွန်းမရ ဖြစ်နေကြတာ နေမှာပေါ့"ဟု သူ့အဖေကို ပြောလိုက်၏။

"ဟာ ဟုတ်သားပဲ၊ ဘာဘာလည်း သမီးသန္တာ ပြောမှ သတိရတော့တယ်"

ဦးအောင်သာဇံက သူ့သမီးကို ထိုသို့ပြောလိုက်ပြီး အလီဘာတို့ မိသားစုကိုလည်း တစ်ဆက်တည်း ပြောလိုက်၏။

"ဘုမ္မရာဇ်က ညီအစ်ကို မောင်နှမတို့ ခင်ဗျား၊ ခုမိတ်ဆွေကြီးတို့ ဘုရားမီးညှိထွန်းမရတာ ပျားဖယောင်းတိုင်တွေ ဖြစ်နေလို့ပါ"





"ဟင်. . ပျားဖယောင်းတိုင်တွေ ဖြစ်နေလို့"

ဦးအောင်သာဇံ၏ စကားသံကို အလီဘာ မိသားစု အံ့ဩသွားကြသည်။

"ဟုတ်ပါတယ် ခင်ဗျား"

"အကျွန်တို့ ပျားဖယောင်းတိုင်က ဘုမ္မရာဇ်မှာဆို ဘယ်နတ်ဘုရားကို ပူဇော် ပူဇော် အလွန်ကောင်းတဲ့ မီးလိုက် ဖယောင်းတိုင်တွေပါ၊ မောင်ကြီးတို့ ကောတုံတရာဇ်ရောက်မှ မီးထွန်းမရတာကိုလည်း ကျွန်တော်မတို့ကို ပြောပြပါဦး မောင်ကြီးရှင့်"

ပျားဖယောင်းတိုင်တွေ မီးထွန်းမရ၍ အံ့ဩတကြီးဖြစ်ကာ စကားပင် ရုတ်တရက် မပြောဝံ့ဖြစ်သွားသော အလီဘာက ဦးအောင်သာဇံ မျက်နှာကို မှင်တက်မိ ငေးကြည့်နေစဉ် စန္ဒီမာဟ်က ဝင်မေး၏။

"ပျားဖယောင်းတိုင်နဲ့ ကောတုံတရာဇ်ဘုရားကို မီးထွန်းမရတာက ဗုဒ္ဓအလိုတော်ကျ မဟုတ်လို့ပါ။ မောင်ကြီးတို့ ဗုဒ္ဓဘာသာဝင်တွေ အယူက ပျားဖွပ်သားထိုး မယားခိုး ဆိုတာဟာ ကြီးလေးတဲ့ ဂရုက်အပြစ် ခေါ်ပါတယ်၊ အဲဒါကြောင့် ပျားအုံပျားကောင်တွေကို ဖြိုဖျက် သတ်ဖြတ်ပြီးမှ ရယူလာကြတဲ့ ပျားဖယောင်း ဆီမီးတိုင်ကို ကောတုံတရာဇ်ဘုရားက လက်မခံကြောင်း တန်ခိုးပြတာပါ။ ဘုမ္မရာဇ်က ညီအစ်ကို မောင်နှမများသာ မဟုတ်ပါဘူး၊ ဒီဘုရားမှာ ပျားဖယောင်းနဲ့ မီးလာပူဇော်ရင် ဘယ်လူ၊ ဘယ်အရပ်သားတွေပဲ ဖြစ်ဖြစ် မီးထွန်းမရ မီးမကူးပါဘူး"

"ဒါဆို မိတ်ဆွေကြီးတို့ ကောတုံတရာဇ်က လူတွေ ဘာနဲ့ အဲ. . ဒီဘုရားကို ဘယ်လို ဆီမီးနဲ့ ပူဇော်ကြတုံး"

အံ့ဩပြီးရင်း အံ့ဩရင်း ဖြစ်နေသော အလီဘာက မျက်နှာငယ်လေးနှင့် ဦးအောင်သာဇံကို မေးလိုက်၏။

"ကျုပ်တို့ ကောတုံတရာဇ်သားတွေက မြေထဲကထွက်တဲ့ ရေနံပျောင်း ရေနံဆီတွေနဲ့ပဲ ဘုရားကို ပူဇော်လေ့ ရှိကြပါတယ်"

"ဒါ. . ဒါဆို ခုသမီးလေးအတွက် ကျွန်တော်မတို့ ဘယ်လို ပူဇော်ရမယ် ဆိုတာ ကောတုံတရာဇ်မောင်ကြီးက အမိန့်ရှိပေးပါရှင်၊ အကျွန်တို့ မသိလို့ ဖြစ်မှားမိကြတာပါ"

သမီးလေး စန္ဒာဒေဝီအတွက် သောကကြီးစွာ ရောက်နေရှာသူ စန္ဒီမာဟ်က ဦးအောင်သာဇံကို အားကိုးတကြီးနှင့် ပျာပျာသလဲ ပြောလာသည်။

"အဲဒီ ကိစ္စအတွက် သောကမဖြစ်ပါနဲ့ရှင်၊ အကျွန်တို့ စီစဉ်ပေးမှာပါ



www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီး"

ဦးအောင်သာဇံမိန်းမ ဒေါ်ကြာညိုမေက မိန်းမချင်း ကိုယ်ချင်းစာစိတ်နှင့် ပြောပြီး စန္ဒာဒေဝီအတွက် ဆီမီးပူဇော်နိုင်ရန် သူ့သမီးသုံးယောက်နှင့် ချက်ချင်း စီစဉ်လိုက်ကြသည်။

ဘုရားပေါ်ရှိ မြေဆီမီးခွက် ရောင်းသူများဆီသွားပြီး စန္ဒာဒေဝီ သက်စေ့ ဆီမီးခွက် (၁၆) ခွက်အပြင် အလီဘာနှင့် စန္ဒြီမာဟ်တို့အတွက်ပါ တစ်ယောက် တစ်ခွက်နှင့် မီးစာ ရေနံပျောင်းများကိုပါ ဝယ်ကြသည်။ သူတို့မိသားစု ဆီမီး ပူဇော်ကြရန်မှာမူ မိမိအိမ်ကပင် မြေဆီမီးခွက်နှင့် ရေနံပျောင်း ကြေးတကောင်းက အသင့်ပါလာကြရာ အထူး ဝယ်စရာ မလိုတော့ပေ။

ဒေါ်ကြာညိုမေနှင့် သူ့သမီးသုံးယောက်တို့ အလျှင်စလို လုပ်ကိုင်စီစဉ် နေကြသည်ကို စန္ဒာဒေဝီက မျက်လုံးအပြူးသားနှင့် ငေးကြည့်နေသည်။ ထို အချိန်ထိ စန္ဒာဒေဝီကား စကား လုံးဝ မပြောလာသေး။ တုဏှိဘာဝေသာ အံ့ဩသောအကြည့်နှင့် ကြည့်နေရှာ၏။

ဆီမီး ထွန်းညှိပြီးသည်နှင့် ဦးအောင်သာဇံက သူတို့နှင့်အတူ အလီဘာတို့ မိသားစုကိုလည်း ဦးသုံးကြိမ်ချရန် ပြောသည်။ စန္ဒာဒေဝီလေးကိုမူ သူ့အမေက ကြပ်မတ်၍ "သမီး၊ ဒါလည်း ပါပါ မာမာတို့ သမီးတို့ နတ်ဘုရားနော် ရှိခိုးလိုက် သမီး၊ ရှိခိုးလိုက်"ဟု ပြောကာ ရှိခိုးခိုင်းသည်။ သူ့အမေ ခိုင်းသလို စန္ဒာဒေဝီက လည်း အများနည်းတူ လိုက်ရှိခိုးသည်။ စန္ဒာဒေဝီလေးပါ ရှိခိုးဦးသုံးကြိမ် ချပြီး သောအခါ ဦးအောင်သာဇံက သစ္စာပြု အဓိဋ္ဌာန်ကို အားလုံး လိုက်ဆိုနိုင်ရန် နှုတ်တိုက်ချပေးသည်။

"အရှင်မြတ်ဘုရား၏ ရှေ့မှောက်၌၊ ယနေ့ယခု ကံ့ငါးပါးကို မကျိုးမပေါက် မပြောက်မကျား စောင့်ထိန်းကြသော အကျွန်ုပ်တို့သည် မှန်ကန်သော သစ္စာ စကားကို ဆိုကြပါ၏။ ပန်း၊ ဆီမီး၊ ရေချမ်းနှင့်တကွ စန္ဒကူးနံ့သာတို့ဖြင့်လည်း အရှင်မြတ်အား ပူဇော် ကန်တော့ကြပါ၏။ ဤကောင်းမှုကုသိုလ်ကံ မှန်သော သစ္စာစကားကြောင့် သမီးတော်လေး စန္ဒာဒေဝီကိုယ်ပေါ်၌ ကျရောက်နေသော စုန်းပူး နတ်ပူး လူတိုက် နတ်တိုက် မိစ္ဆာစိတ် မိစ္ဆာကိုယ်တို့နှင့်တကွ ရောဂါ ဝေဒနာတို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ လျှောကျ ပျောက်ကင်း ပါစေ အရှင်မြတ်ဘုရား။ အားလုံး ဦးသုံးကြိမ်ချ ကန်တော့ကြပါ"

ဦးအောင်သာဇံ၏ အမိန့်အတိုင်း အားလုံး ဦးသုံးကြိမ်ချကာ ကန်တော့ လိုက်ကြသည်။





"အားလုံး သက်သောင့်သက်သာ နေနိုင်ကြပါပြီ"

ဦးအောင်သာဇံက အားလုံး သက်သောင့်သက်သာ နေနိုင်ကြပါပြီဆို သဖြင့် အားလုံး လက်အုပ်ချီမိုးသောလက်များကို ဖြေလျှော့လိုက်ကြသည်။ သို့သော် စန္ဒာဒေဝီလေးကား အများနည်းတူ လက်အုပ်ချီ မဖျက်သေးဘဲ ရုပ်ပွားတော်မြတ်ကိုသာ စူးစူးစိုက်စိုက်ကြည့်၍ လက်အုပ်ချီထားတုန်း။

"သမီးစန္ဒာ၊ လက်အုပ်ချီထားဖို့ မလို. . ."

"မာမာ၊ ဒီနတ်မင်းကြီးက ဗြာဟ္မဏတွေ ကိုးကွယ်တဲ့ ဗြဟ္မာနတ်ကြီးလား ဟင်"

သူ့အမေ စန္ဒြီမာဟ်၏ စကားမဆုံးမီပင် စန္ဒာဒေဝီက သူ့အမေကို ပိပိသသ မေးလိုက်သည်။

"ဟော. . သမီး ချက်ချင်း စကား ပြောတတ်သွားပြီ၊ အာနုဘော်ကြီးသော မောင်ကြီးတို့ဘုရား၊ အကျွန့်မောင်ကြီးတို့ဘုရား"

စန္ဒြီမာဟ်သည် ဝမ်းသာအားရနှင့် ရုပ်ပွားတော်မြတ်ကို ပုဆိန်ပေါက် ဦးချကာ ဦးအောင်သာဇံကိုလည်း ရှိခိုးနေပြန်သည်။ ထိုအခါတွင် အံ့ဩတကြီး နှင့် ယောင်တိယောင်နန ဖြစ်နေသော အလီဘာကလည်း သူ့မိန်းမနည်းတူ ရုပ်ပွားတော်ကို ရှိခိုးလိုက်၊ ဦးအောင်သာဇံကို ရှိခိုးလိုက်ဖြစ်သွားသည်။

"ဟာ. . ကျုပ်၊ ကျုပ်ကို ရှိမခိုးကြ ပါနဲ့၊ ကျုပ်ကို ရှိမခိုးကြပါနဲ့၊ သမီးလေး စကားပြောတတ်လာတာ ကျုပ်ကြောင့် မဟုတ်ပါဘူး၊ ဘုရားရှင် တန်ခိုးတော် ကြောင့်ပါ"

ဦးအောင်သာဇံက သူ့ကို ရှိခိုးနေကြသော စန္ဒြီမာဟ်နှင့် အလီဘာတို့၏ လက်တွေကို လှမ်းကိုင်ကာ ကမန်းကတန်း ဟန့်တားလိုက်ရသည်။

ထိုအချိန်ထိ စန္ဒာဒေဝီလေးကား လက်အုပ်ချီမပျက်၊ ဘုရားမျက်နှာတော် ကို စူးစိုက်ကြည့်၍ အဖူးမပျက်၊ ဘုရားဖူးမပျက် ရှိနေသေး၏။

"သမီး . . သမီးလေး၊ စကားပြောတတ်သွားပြီနော် သမီး"

"သမီး ဘာဖြစ်လို့လဲ မာမာ၊ ဒီဘုရားက စေတတောင်ခြေက ဗြာဟ္မဏ ဘုရားလားဟင်၊ သမီးတို့လည်း ဗြာဟ္မဏဘုရားကို ပူဇော်လို့ရလား"

စန္ဒာဒေဝီလေးကမူ သူ့အမေစကားထက် သူ့စိတ်ထဲ ဇဝေဇဝါဖြစ်နေ သည်ကိုသာ မေးနေ၏။

"ဒါ. . ဒါ. . ဗြဟ္မာမြည် မဟုတ်ဘူး သမီး၊ ကောတုံတရာဇ်က ပါပါ မာမာတို့ရဲ့ မောင်ကြီးနှမတွေ ကိုးကွယ်တဲ့ ကောတုံတရာဇ်ဘုရား၊ ဒါဘုရားက



www.burmeseclassic.com

www.burmeseclassic.com



စေတာတောင်ခြေ မဟုတ်ဘူး၊ ကောတုံတရာဇ်က ဘုရားတောင်ပါ သမီးရယ်၊ သမီးလေး စကားမပြောတတ် ဖြစ်သွားလို့ သမီးလေးကို ဆေးကုဖို့ ကောတုံတရာဇ်ကို ရွှတ်သင်္ဘောကြီးနဲ့ ခေါ်လာခဲ့ကြတာလေ၊ သမီး မမှတ်မိဘူးလား၊ ခု မာမာ့သမီးလေး အကောင်းပကတိ ဖြစ်သွားပြီ၊ မာမာ ဝမ်းသာလိုက်တာ သမီးရယ်"

ယခုထိ လက်အုပ်ချီမပျက်၊ ဘုရားမျက်နှာတော်ကို စူးစူးစိုက်စိုက် အကြည့်အရှုမပျက်သေးဘဲ တည်နေသေးသော စန္ဒာဒေဝီကို သူ့အမေက ဝမ်းသာအားရနောက်က သိုင်းဖက်ထားပြီး ပါးချင်းအပ်ကာ ပြောလိုက်သည်။

ထိုအခါကျမှ စန္ဒာဒေဝီလေးက လက်အုပ်ချီ ရုပ်လိုက်ပြီး ရှိခိုးကာ ဟိုဟိုသည်သည် ကြည့်သည်။ သူတို့ ဘုမ္မရာဇ်မြို့ကို တစ်နှစ်လျှင် ကုန်ရောင်းကုန်ဝယ်နှင့် တစ်နှစ်နှစ်ခေါက် ရောက်တတ်သော ဦးအောင်သာဇံဆီ အကြည့်ရောက်သွားပြန်သည်။

"ကောတုံတရာဇ်က ပါပါတို့ ညီရင်းအစ်ကိုလို ချစ်ကြတဲ့ သူဌေးကြီးလေ သမီး။ မှတ်မိလား"

"ဟုတ်ကဲ့၊ မှတ်မိပါတယ် ပါပါ။ ခု သမီးတို့ ကောတုံတရာဇ်ကို ရောက်နေကြတာပေါ့နော်"

ဦးအောင်သာဇံတို့ မိသားစုနှင့် ဘုရားရင်ပြင်ပေါ်က လူအများကို တအံ့တဩ ကြည့်၍ စန္ဒာဒေဝီလေးက သူ့အဖေကို မေးနေပြန်၏။

"ဟုတ်တယ် သမီး၊ မင်္ဂလာဆောင်မှာ မူးလဲပြီး သတိမရ စကားမပြောတတ် ဖြစ်သွားလို့ ဒီကောတုံတရာဇ် သူဌေးက ဒီကို ဆေးကုဖို့ ခေါ်လာတာ ခု သူခေါ်လာလို့ သမီး ခုလို အကောင်းပကတိ ပြန်ဖြစ်လာတာ၊ သူက ပါပါ မာမာတို့ထက် ကျေးဇူးကြီးတယ်၊ အဲဒါကြောင့် သမီး ဒီနေ့ ဒီအချိန်ကစပြီး သူ့ကို ပါပါလို့ မှတ်။ သူ့ကို မာမာလို့ မှတ်၊ သူတို့ကို အစ်မကြီး၊ ညီမအရင်းလို့ မှတ်ထားရမယ်နော် သမီး၊ ကဲ ကောတုံတရာဇ်က ကျေးဇူးရှင်ကြီးတွေ ဖြစ်တဲ့ ပါပါ မာမာတို့ကို ရှိခိုးကန်တော့လိုက်ပါဦး သမီးလေးရယ်"

အလီဘာက ဦးအောင်သာဇံနှင့်တကွ မိသားစု တစ်ယောက်စီ၏ လက်တွေကို သူတို့ထုံးစံအတိုင်း လိုက်ကိုင်ခိုင်းကာ ရှိခိုးကန်တော့ခိုင်းသည်။ စန္ဒာဒေဝီလေးကလည်း ရိုရိုသေသေပင် ဦးအောင်သာဇံ၊ ဒေါ်ကြာညိုမေနှင့် သူ့ထက်ကြီးမည် ထင်ရသော သဇင်ဦးနှင့် သန္တာဖြူတို့ ညီအစ်မကိုလည်း ရှိခိုး ကန်တော့သည်။ လှဒါသူ အငယ်မလေးကိုမူ ပြုံးပြ၍ နှုတ်ဆက်၏။





"အကျွန့် သမီးတွေလည်း မှတ်ထားကြ၊ ခု သမီးတို့ ကောတုံတရာဇ်က ဘာဘာ မေမေတို့ ရှိကြသလို ဘုမ္မရာဇ်မှာလည်း ဘာဘာ မေမေ၊ အစ်မ၊ ညီမလေး တစ်ယောက် ရှိတယ်လို့နော် ဟုတ်ကဲ့လား"

"ဟုတ်ကဲ့ပါ"

သမီးသုံးယောက်စလုံးက ဒေါ်ကြာညိုမေ၏ စကားကို ခေါင်းညိတ်ပြန်ပြောကြသည်။

"ဪ. . အေးလား အမေ၊ ဒါဆို ဘုမ္မရာဇ်က အကျွန့် ဘာသာ မေမေ အစ်မတို့ ပြန်ရင် သမီးတို့ ဘုမ္မရာဇ်မြို့ကြီးကို လိုက်လည်လို့လည်း ရတာပေါ့နော်"

အငယ်ဆုံးသမီး လှဒါသူ၏ အပြောကို စန္ဒြမာဟ်က "ရပါတယ် သမီးလေးတို့ပါ လိုက်ခဲ့ကြပါ။ မောင်ကြီး၊ အစ်မကြီးတို့ကျေးဇူး ကျွန်တော်မတို့မှာ ဒီတစ်သက် ဆပ်မကုန်နိုင်တော့ပါ"

"မေမေ အလည်ခေါ်တာတော့ ဟုတ်ပါပြီ၊ အကျွန့် အစ်မကြီး ခင်ပွန်းက အကျွန့်တို့ကို ဇာတ်မတူ. . ."

"ဟဲ့ ကောင်မလေး လှဒါသူ"

စန္ဒာဒေဝီလေး၏ မျက်နှာကိုလှမ်းကြည့်ကာ တမင်စလိုက်သော ဆယ့်နှစ်နှစ်ရွယ် သမီးလေး လှဒါသူကို ဒေါ်ကြာညိုမေက နေကောင်းခါစသာ ရှိသေးသော စန္ဒာဒေဝီလေးအား စ,ရမလားဟု အော်ဟန့်လိုက်သည်။

ထိုအခါမှ စန္ဒာဒေဝီလေးလည်း "ညီမအရင်းတွေပါဆိုမှ ဘာဇာတ်ရှိတော့မှာလဲ ညီမလေးရယ်၊ လာ မမဆီကို"ဟု လှဒါသူ၏ လက်ကို လှမ်းဆွဲပြီး ရင်ခွင်ထဲ ထည့်ဖက်ထားလိုက်၏။

စန္ဒာဒေဝီလေး၏ ဤအပြော၊ ဤအပြုအမူကြောင့် မိသားစုနှစ်စုမှာ ဝမ်းသာမဆုံး ဖြစ်သွားကြသည်။ စန္ဒာဒေဝီလေးကား ကောတုံတရာဇ်ဘုရားထံ မှောက်ရောက်၍ မိမွေးတိုင်း ဖမွေးတိုင်း အကောင်းပကတိ ဖြစ်သွားလေပြီ။

ထို့ကြောင့် သူတို့ ကိုးကွယ်ဆည်းကပ်ခဲ့ကြသော ဘုရားများထဲတွင် ဤဗုဒ္ဓဘုရားရှင်မှာ ဤမျှ တန်ခိုးကြီးမှန်း၊ အာနုဘော်ရှိမှန်း မသိခဲ့ရသော အလီဘာက ဦးအောင်သာဇံအား သူတို့ ဘုမ္မရာဇ်ကို ဤရုပ်ပွားတော် တစ်ဆူ ပင့်ယူကိုးကွယ်လိုကြောင်း ပြောလာသည်။

ဦးအောင်သာဇံက ကောတုံတရာဇ်မြို့တွင် ကျောက်ဆစ်သမားများ အလွန်ပေါသည်။ အလီဘာတို့ မပြန်မီ ကောတုံတရာဇ် ရုပ်ပွားတော်မြတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ညက်တော်တူ ပုံတော်တူ ရုပ်ပွားတော်မြတ်တစ်ဆူကို သူကပင် ဘုရားဒကာ လုပ်လိုက်ပါမည်ဟု ပြော၏။ ဤသည်ကို အလီဘာက လက်မခံ။ အဖိုးအခ မည်မျှ ကုန်ကျကုန်ကျ သူပင့်သွားမည့် သူ့ဘုရားကို သူသာ ဘုရားဒကာ ဖြစ်သင့်သည် ဆိုသဖြင့် ဦးအောင်သာဇံက လက်လျှော့လိုက်ရသည်။

မိသားစု နှစ်စုလုံးမှာ စန္ဒာဒေဝီလေးလည်း အကောင်းပကတိ ဖြစ်သွားပြီ ဖြစ်သဖြင့် စိတ်လက်ပေါ့ပါးသွားကြသည်။ ထို့ကြောင့် ကောတုံတရာဇ်ဘုရား ပေါ်က ဆင်းလာကြသော မြင်းလှည်းနှစ်စီးမှာ အလာတုန်းကလို ကိုယ့်မိသားစု နှင့်ကိုယ် မဟုတ်ကြတော့။

စန္ဒာဒေဝီနှင့် အဖော်အာရိယာန်မလေးနှင့် ဦးအောင်သာဇံ၏ သမီးဖြစ်သူ သုံးယောက်က မြင်းရထားတစ်စီး၊ အလီဘာတို့ ဇနီးမောင်နှံနှင့် ဦးအောင်သာဇံ တို့ ဇနီးမောင်နှံက မြင်းရထားတစ်စီး ခွဲစီးလာကြသည်။ လူကြီးတွေမှာ ရောင်းရေးဝယ်တာကိစ္စများ ဆွေးနွေး တိုင်ပင်လာကြသလို စန္ဒာဒေဝီလေးနှင့် သဇင်ဦး၊ သန္တာဖြူ လှဒါသူတို့မှာလည်း လူငယ်တို့ဘာဝ မြင်းရထားပေါ်တွင် နောက်ပြောင်ကျီစယ် ပြောလာကြသည်။

သူတို့ ကောတုံတရာဇ်ဘုရားပေါ်က ပြန်လာကြချိန်မှာ မှောင်နေပြီ ဖြစ်သော်လည်း မီးရှူးမီးတိုင်နှင့် ကချေသည်အရုပ်များရှိရာ လမ်းဆုံးလမ်းခွများ၌ မီးထိန်ထိန် ထွန်းထားသည်ကို စန္ဒာဒေဝီက ငေးကြည့်လာသည်။ ဤသည်ကို လှဒါသူလေးက "အစ်မ စန္ဒာတော့ သူ့ခင်ပွန်းကို သတိရလို့ လွမ်းနေပြီနဲ့ တူ တယ်"ဟု ကလေးပီပီ စ,လိုက်သည်။

"မလွမ်းပါဘူး ညီမလေးရယ်၊ ညီမလေးတို့ ကောတုံတရာဇ်မှာ ဘုရား အမြင့်ကြီးတွေနဲ့ မီးထွန်းပေးတဲ့ အရုပ်တွေ၊ တစ်မြို့လုံး မီးထိန်ထိန် လင်းနေတာ တွေ အစ်မ မြင်ရတော့ သူ့ကို သတိမရအားပါဘူး။ ညီမလေးတို့ ကောတုံတရာဇ် မြို့ အလှကို ကြည့်မဝ ရှုမဝ ဖြစ်လာလို့ပါ"ဟု ပြန်ပြောလိုက်၏။

"ဘုမ္မရာဇ်က အစ်မတော်ကသာ သူ့ခင်ပွန်းကို သတိမရဘူး ဆိုပေမယ့် အကျွန်တို့အိမ်က အစ်မကြီးကတော့ သူလူ ဘာဘာနဲ့ အစ်မတို့ ဘုမ္မရာဇ်ကို ကုန်ရောင်းကုန်ဝယ် လိုက်သွားတိုင်း မျှော်မျှော်နေတတ်တာ၊ သွားခါနီးမှာလည်း မှာလိုက်ရတာ မပြောပါနဲ့တော့၊ ဘာဘာရှေ့မှာတောင် သူ့မှာ အရှက်မရှိနိုင်ဘူး၊ ဒါ ခင်ပွန်းတောင် မဖြစ်သေးဘူး၊ အကျွန်တို့ အမြင်ကတ်လောက်အောင်ကို အဖြစ်က သဲလွန်းနေတာတော့"ဟု ပြောလိုက်သောအခါ သဇင်ဦးက ရှက်ရှက် နှင့် လှဒါသူကို ဆွဲဆိတ်သည်။ စန္ဒာဒေဝီနှင့် သူ့အဖော် အာရိယာန်မလေး





တို့ကတော့ တဟားဟားရယ်ပြီး "သမီးရည်းစားဆိုတာက အချစ်ကုန်၊ လင် မယားကျတော့ အရှက်ကုန်ဆိုမလား ညီမလေးရယ်၊ သမီးရည်းစားဘဝ ဆိုတာ အချစ်ဆုံး အချိန်ပေါ့နော် အစ်မကြီး"ဟု စန္ဒာဒေဝီ က သဇင်ဦးကို ကြည့်ပြော လိုက်သည်။

"ဟုတ်တာပေါ့ ညီမလေး စန္ဒာရယ်၊ ညည်းလို အပြောကြီးတဲ့ ဟာမက သူများထက်တောင် ကဲဦးမှာ"

သဇင်ဦးကို စန္ဒာဒေဝီနှင့် သူ့ညီမလေး လှဒါသူက "မမကြီး ကြည့်ထား၊ ကြည့်ထား လှဒါသူတို့ကတော့ ဘယ်ယောက်ျားမှ မချစ်နိုင်ပါဘူးတော့၊ လက် သည်းနာမှာ စိုးလို့ပါ" ဟု နောက်လိုက်ရာ အားလုံး ဝိုင်းရယ်ကြပြန်သည်။

"ဘုမ္မရာဇ်က မမလေး ခင်ပွန်းကတော့ အကျွန့် မမလေးကို သိပ်ချစ်ပုံ မရတော့"

စကားနည်းနည်း၊ ကြွေကြီးကြီး၊ ဟိတ်ဟန်ကြီးကြီးနေတတ်သော သန္တာ ဖြူကလည်း ဤတစ်ခါ စကားဝိုင်းထဲ ဝင်လာပြန်သည်။

"ဘာဖြစ်လို့လဲဟင် မမလတ်"

စန္ဒာဒေဝီက သန္တာဖြူဘက် လှည့်မေးပြန်၏။

"ဩော် . . . မမလေး ခင်ပွန်းက ကိုယ့်မိန်းမ သေကောင်ပေါင်းလဲ ဖြစ်ပြီး ဆေးကုဖို့ တစ်ပြည်တစ်ရွာ လာရတာတောင် ပါမလာလို့ အကျွန်က မေးတာပါ"

"အေးနော် ဟုတ်ပါရဲ့၊ အဲဒီလို ကိုယ့်မိန်းမကို ဂရုမစိုက်တတ်တဲ့ ခင်ပွန်း မျိုးတော့ လှဒါသူတို့ မယူပေါင်"

သူ့အစ်မ သန္တာဖြူ၏ စကားကို လှဒါသူက ဝင်ထောက်ခံနေပြန်၏။

"ပါပါတို့ မာမာတို့ကတော့ စန္ဒာ နေမကောင်း ဖြစ်နေတာကြာတော့ သူကလည်း မိဘစီးပွားရေးကို ဦးဆောင်နေရတဲ့လူကိုး၊ အဲဒါကြောင့် ရောမကို စန္ဒကူးနံ့သာရောင်း လိုက်သွားရတယ် ပြောတာပဲ၊ စန္ဒာကလည်း ရူးသလိုလို ဖြစ်ခဲ့တယ် မဟုတ်လား၊ ပြီးတော့ ခင်ပွန်းဆိုပေမယ့် ကိုယ်နဲ့ မပေါင်းရသေးတဲ့သူ ဆိုတော့ အင်း ရှက်တာလည်း ပါချင်ပါမှာ"

"ဟင် မမလေးနဲ့ သူနဲ့ မပေါင်းရသေးဘူးလား"

"ဘယ်ပေါင်းရဦးမလဲ အရှင်မလေးရယ်၊ မမစန္ဒာ မင်္ဂလာဆောင်ပြီး မှုလဲပြီး သတိလစ်သွားလို့ ရောဂါရသွားတာလေ"

လှဒါသူ၏ အမေးကို စန္ဒာဒေဝီ အဖော် အာရိယာန်မလေးက ဝင်ပြော လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီက ပြန်သွားလည်း သူ့ကို မပေါင်းနဲ့တော့ မမလေးရာ၊ ဇနီးသား မယားအပေါ်မှာ မေတ္တာခေါင်းပါးတတ်တဲ့ ယောကျ်ားမျိုး လှဒါသူတို့လည်း ခဲအို့ မတော်ချင်ပါဘူးတော့"

"အဲဒီ ကောင်မလေးဟာ ဘာမှ နားမလည်ဘဲနဲ့ စကားကြီး စကားကျယ် ဒါဆိုလည်း ဘုမ္မရာဇ်က နင့်မမလေးကို ကောတုံတရာဇ်မှာ နင်ပဲ ယောကျ်ား တစ်ယောက် ရှာပေးစားလိုက်တော့ဟာ"

သူ့ညီမလေး လှဒါသူအား သဇင်ဦးက မာန်သလို ပြောလိုက်သဖြင့် အားလုံး ဝိုင်းရယ်လိုက်ကြပြန်သည်။

သည်လိုနှင့် သူတို့အိမ်ရှိရာ နန်းဦးရပ်ဘက် လမ်းခွဲ အရောက်တွင် ရှေ့က သွားနေသော လှကြီးတွေ၏ မြင်းရထားက နန်းဦးရပ်ထဲ မဝင်ဘဲ အလယ်ကျုံး မြို့လယ်လမ်းဘက် ချိုးဝင်သွား၏။ ထိုအခါ သူတို့ မြင်းရထားမှာလည်း လှကြီး တွေ မြင်းရထားနောက် လိုက်လာကြရာ မကြာမီ ရိုးရာအကအခုန်များနှင့် သီဆို ဖျော်ဖြေနေကြသော လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်လာကြသည်။

ထိုနေရာ၌ပင် မြင်းလှည်းကို ခဏရပ်ကြကာ ဦးအောင်သာဇံက အလီ ဘာတို့ မိသားစုအား ရိုးရာ အကအခုန်များနှင့် ပတ်သက်သည်များကို ပြောပြ သည်။ သူတို့မိသားစုနှစ်စုမှာ စန္ဒဒေဝီလေး ပကတိ နေကောင်း ကျန်းမာဖြစ် သွားသဖြင့် ဝမ်းသာအားရနှင့် စိတ်လက်ပေါ့ပါးစွာ ကောတုံတရာဇ်မြို့၏ ညအလှကို လှည့်ပတ်ကြည့်နေကြခြင်း ဖြစ်သည်။

ထိုသို့ လှည့်ပတ် ကြည့်ရှုနေကြရင်း တန်းတင်ဘုရားသွား တောင်စဉ် လမ်းမကြီးနှင့် ရမ္မာဝတီလှေဆိပ်ကြီး လမ်းဆုံတွင် ရိုးရာပွဲတစ်ပွဲကို တွေ့ရသဖြင့် ခဏရပ်၍ မတ်တတ်ပင် ကြည့်ကြသည်။

"ရှိရှိ၊ ရှိရှိ၊ ရှိရှိလေး. .
မထောက်ကေလဲ မထောက်
ထောက်လိုက်မည်သော်ကားလေး. လေ၊
မြို့ကြီးကောတုံ ဖိမ့်ဖိမ့်တုန်အောင်
အဟုန်ပြင်းသူ ရောက်လတ္တံ့၊
ထိုရောအခါ ကောတုံမှာ
မိစ္ဆာအယူ လွှမ်းလတ္တံ့၊
ဘုရားကျောင်းကန် စည်မည်
အသံတွေလည်း တိတ်လတ္တံ့၊





မဖွယ်မရာ ဖြူကျင့်လာ
ပြည်ရွာကောတုံ ပျက်လတ္တံ့။

အထောက်တတ် တစ်ယောက်၏ ထိုအတိတ်တဘောင် နိမိတ်ဆောင် သော အဆိုအပြောကို ကြားလိုက်ရသောအခါ ဦးအောင်သာဇံမှာ စိတ်နှလုံး မသာမယာ ဖြစ်သွားသည်။ သူသည် ဘုမ္မရာဇ်မြို့ကို ကုန်ရောင်းတုန်ဝယ် မသွား မီ တစ်ညကလည်း ထို အတိတ် နိမိတ် တဘောင် အဟောကို ထိုအထောက် တတ်ဆီကပင် ကြားခဲ့ရသည်။ ဤ အထောက်တတ်မှာ တောင်စဉ်ဆက် အတွင်းကြောင်းကဟု သိခဲ့ရရာ အထောက်တတ်၏ အဟော ဆိုသည်မှာ နတ်စီး၍ ပြောသောစကားဟု ဘိုးစဉ်ဘောင်ဆက် ယုံကြည်လာကြ၏။ ဤ အတိတ်တဘောင် စကားများမှာ ကောတုံတရာဇ်ရှိ လူကြီးသူမများအဖို့ နား မချမ်းသာစရာ၊ ယခုဆိုလျှင် ဤ အမင်္ဂလာ တဘောင်စကားက ကလေးများ ပါးစပ်ထဲသို့ပင် ရောက်နေလေပြီ။ ကလေးများကမူ ဘာရယ်ညာရယ် မဟုတ် အာတွေ့၍ အသစ်အဆန်းဖြစ်၍ အထောက်တတ်ကြီး၏ အနုပညာအစွမ်း ပါ၍ လိုက်ဆို အော်ဟစ်နေကြခြင်းသာ။

သို့သော် အမင်္ဂလာဖြစ်သော ဤလို အတိတ်တဘောင် နိမိတ်အဟောကို လက်ရှိ ကောတုံတရာဇ်တိုင်းကြီးကို အုပ်ချုပ်နေသော အာဝမင်း ကြားလျှင် လည်း နှစ်မြို့က်မည် မဟုတ်။ သိဆိုသူ အထောက်တတ်မှာ မင်းပြစ်မင်းဒဏ် သင့်၍ သေမိန့်ပင် ကျနိုင်သည်။ ထိုသို့ အပြစ်ကို သိလျက်နှင့် ဤအထောက် တတ်ကြီးသည် ဤအတိတ်တဘောင်ကို အဘယ်ကြောင့် ပွဲတိုင်းတွင် ရွတ်ဆို ထောက်ပြန်နေသည်ကို ဦးအောင်သာဇံမှာ တွေး၍ မရပေ။

မည်သို့ဆိုစေ သူ့အနေမှာ ဤ အထောက်တတ်ပွဲအရောက်တွင် စောစော ကမူ ဘုမ္မရာဇ်မိတ်ဆွေကြီး၏ သမီးလေး စန္ဒာဒေဝီကိစ္စ ဆောင်ရွက်ပေးခဲ့ရ၍ အောင်အောင်မြင်မြင်နှင့် ပျော်ပျော်ရွှင်ရွှင် ဖြစ်လာခဲ့သောစိတ်တို့မှာ ယခု ဤ အထောက်တတ်စကားကို ကြားလိုက်ရသောအခါ အလိုလို စိတ်ရှုပ်ထွေးပြီး နှလုံးမသာမယာ ဖြစ်သွားလေသည်။

ထို့ကြောင့်လည်း အစကမူ အလီဘာတို့ မိသားစုအား တောင်ပင်လယ် ရွက်သင်္ဘောဆိပ်ကြီးဘက် ခေါ်သွားပြီး နေဝင်ဘုရားကို ဖူးပြီးမှ အိမ်ပြန်လာကြ မည် ဟူသော ရည်ရွယ်ချက်မှာ ဤအထောက်တတ်၏ ထောက်ချက်၊ အကြိုနိမိတ် ဟောချက်တို့ကြောင့် စိတ်မကောင်းဖြစ်ကာ ထိုနေရာကပင် အိမ်ပြန်လာကြ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သာဇံ၏ မူလ အစီအစဉ်မှာ ကောတုံတာရာဇ် ရုပ်ပွားတော်မြတ်၏ တန်ခိုးတော်ကြောင့် စန္ဒာဒေဝီလေးလည်း အကောင်းပကတိ ဖြစ်သွားပြီဖြစ်ရာ ဒုတိယနေ့ မနက်မှာ သူတို့ မိသားစုအား နဂါးဘုရားကို လိုက်ပို့ပြီး ညနေတွင် တာဝတိံသာဘုရားကြီးဆီ လိုက်ပို့မည်။ တတိယနေ့တွင် မြို့တောင်ဘက်၌ရှိသော နေသုံးလုံး ခေါ် တောင်ပေါ်ရှိ နေထွက်၊ နေမွန်းတည့်၊ နေဝင်ဘုရား သုံးဆူဆီ လိုက်ပို့မည်။ နောက်တစ်နေ့မှာ ဦးအောင်သာဇံ တို့ နေသောနန်းမြောက်ရပ်နှင့်ဆိုလျှင် ခြေကျင် နေ့ဝက်ခရီးနီးနီးရှိသော သဘာဝ ကျောက်ပိုးထိုး (ကျောက်ပလုပ်) တောင်နှင့် ရောင်စုံကျောက်မှိုတော၊ ကျောက်သစ်တော၊ ရေတံခွန်တို့ကို လိုက်ပြမည်ဟု မှန်းထားခဲ့သည်။

သို့သော် ဘုမ္မရာဇ်သူဌေးကြီး အလီဘာက သူတို့မိသားစု ကိုးကွယ် ပူဇော်ရန် ကောတုံတာရာဇ် ရုပ်ပွားတော်မြတ်တစ်ဆူကို စီစဉ်ပေးပါ ဆိုလာသဖြင့် မူလ အစီအစဉ်ကို ဖျက်ကာ ဒုတိယနေ့၌ ကျောက်ဆစ်သမားများရှိရာ တောင်ပင်လယ်သွား လမ်းမကြီးအတိုင်း မြင်းလှည်းနှစ်စီးနှင့် ကျောက်ဆစ်သမားရွာသို့ မနက်ဝေလီဝေလင်းကပင် ထွက်လာကြရသည်။ ကျောက်ဆစ်သမားရွာမှာ ကျောက်ပိုးထိုးတောင်သွားလမ်း ခရီးတစ်ဝက်ခန့်တွင်ရှိရာ ကျောက်ပိုးထိုးတောင်ကိုပါ တစ်ခါတည်း ဆက်သွားကြရန် ဖြစ်သဖြင့် နေ့လယ်စာကိုလည်း မနက်ကပင် စီစဉ်လာကြသည်။

ဦးအောင်သာဇံတို့ မိသားစု အတွက်မှာ ကျောက်ပိုးထိုးရွာကို ရောက်လျှင် ရွာသူကြီး (ပြုစုကောင်း) အိမ်၌ တက်စားကြရုံသာ ဖြစ်သော်လည်း ဇာတ်ကြီးသော၊ သားငါး လုံးဝ မစားသော ဘုမ္မရာဇ်မိသားစုအတွက်ကိုမူ အကျိုးအကြောင်း ခရီးအကွာအဝေးကို ပြောပြ၍ မနက်ကပင် စီစဉ်လာကြရခြင်း ဖြစ်သည်။ မြင်းလှည်းနှင့် ဖြစ်သဖြင့် ကျောက်ဆစ်သမားရွာကို နေထန်းတစ်ဖျား မမြင့်မီပင် ရောက်လာကြသည်။ ကျောက်ဆစ်သမား ဆရာကြီးအား ဘုရားပုံတော် ထုဆစ်ပူဇော်ပေးရန် ပြောပြီး ကျောက်ပိုးထိုးတောင်ဘက် ခရီးဆက်ထွက်လာကြ၏။

ကျောက်ပိုးထိုးရွာနား အရောက်တွင် ကျောက်ပိုးထိုးတောင်ပေါ်မှ ရေတံခွန်၊ ရေပန်း၊ ရေမွှားများနှင့် ကျောက်မှိုကျင်း၊ ကျောက်သစ်တောများကို လှမ်းမြင်ရသည်။ အလီဘာတို့ မိသားစုမှာ ကျောက်ပိုးထိုတောင်ပေါ် လှမ်းငေးကြည့်၍ အံ့သြနေကြသည်။ သူတို့ ကျောက်ပိုးထိုးရွာကို ရောက်လာကြချိန်မှာ ဒီရေတက်စသာ ရှိသေးသဖြင့် ကျောက်ပိုးထိုး၊ ကျောက်ပလုပ်ပေါက်များ





မှ ပန်းထွက်နေကြသော ရေပန်းရေမွှားများမှာ တစ်တောင် တစ်မိုက်ခန့်သာရှိနေကြသေးသည်။

ဦးအောင်သာဇံတို့ မိသားစုနှင့် အလီဘာတို့မိသားစုမှာ ကျောက်ပိုးထိုးရွာသူကြီးကို သူတို့ ရောက်ကြောင်းလောက်သာ သတင်းပေးပြီး မြင်းလှည်းနှစ်စီးကိုအပ်ကာ ရေတံခွန်ချောင်းဆီပ် ဆင်းလာကြသည်။ ကူးတို့လှေကိုလည်း ရွာဘက်ကမ်း၌ပင် အဆင်သင့်တွေ့ရသဖြင့် ကျောက်ပိုးထိုးတောင်ခြေဘက်ကမ်း ကူးကြသည်။ ရေတံခွန်ချောင်းထဲ အရောက်တွင် လှေဒါသူက ခါတိုင်းလိုပင် သူတို့ထုံးစံ သူ့အစ်မနှစ်ယောက်နှင့် စန္ဒာဒေဝီလေးတို့ကို ရေတံခွန်ချောင်းထဲက ရေကို လက်ခုပ်နှင့်ခပ်၍ လှမ်းပက်ကျီစားလိုက်၏။

ဤသည်ကို နေကောင်းခါစသာ ရှိသေးသော သူ့သမီးလေး စန္ဒာဒေဝီလေးအတွက် ရေပြောင်းမြေပြောင်းတွင် အပူရှပ် နေမကောင်းဖြစ်မည် စိုးသဖြင့် "ရေငန်ဆိုတာ မျက်စိထဲဝင်ရင် ဆားရည်နဲ့ မျက်စဉ်းခတ်သလိုပဲ စပ်တတ်တယ်နော်သမီး"ဟု သူ့သမီးကို ပြောသလိုလို၊ လှေဒါသူကို ဟန့်သလိုလိုနှင့် မသိမသာ ပြောလိုက်သည်။

"ဒီ ကျောက်ပိုးထိုး ရေတံခွန်ချောင်းရေက ရေချိုပါ မေမေကြီး၊ ဒီချောင်းကို ရောက်လို့မှ ရေမစိုရင် ဘေးကင်းရန်ကင်းမဖြစ်ဘူးလို့ သမီးတို့ ကောတုံတာရာဇ်လူတွေက အယူရှိတယ်။ အဲဒါကြောင့် မေမေကြီးနဲ့ ဘုမ္မရာဇ်က ဘာဘာကြီးတို့ကိုပါ အန္တရာယ်ကင်း ဘေးရှင်းအောင် အကျွန်က ရေပက်တာပါနော် ဟဲ ဟဲ"

စန္ဒြီမာဟ် ပြောလိုက်ကာမှ လှေဒါသူလေးက သူတို့ ထုံးစံကို ပြောပြတာ စန္ဒာဒေဝီလေး၏ မိဘနှစ်ပါးနှင့် သူတို့အဖော် အာရိယာန်များကိုပါ ချောင်းရေနှင့် အဆက်မပြတ် လှမ်းပက်ကျီစားနေရာ သူ့အမေ ဒေါ်ကြာညိုမေကပင် ဟန့်ယူရသည်။

"ဟင် ဒီချောင်းရေက ရေချိုကိုး"

"ဟုတ်ပါတယ် ခင်ဗျား၊ ကျုပ်တို့ ကောတုံတာရာဇ် တစ်တိုင်းလုံးမှာ ရေချိုချောင်းဆိုတာလည်း ဒီတစ်ချောင်းပဲ ရှိပါတယ်။ တခြား ကျုံးချောင်း အားလုံးဟာ ရေငန်ဝင် ချောင်းပေါက်၊ ကျုံးပေါက်တွေချည်းပါပဲ။ အဲဒါကြောင့်လည်း ဒီကျောက်ပိုးထိုး ရေတံခွန်ချောင်းကို ရောက်လာသူတိုင်းဟာ ရေစက်ရေပေါက် မထိဘဲ မပြန်ကောင်းဘူးလို့လည်း အယူရှိကြတယ်။ အဲဒါကြောင့် ကျုပ်သမီးက ဘုမ္မရာဇ်က ညီကိုမောင်နှမများကို ရေပက် ဆုတောင်းလိုက်တာပါ။ ဒါ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံပေါ့"

အလီဘာက အံ့ဩသလို မေးသည်ကို ဦးအောင်သာဇံက ရှင်းပြသည်။ အလီဘာတို့ ဘုမ္မရာဇ်သူများ အံ့ဩမည် ဆိုကလည်း ဤ ကျောက်ပိုးထိုးတောင်နှင့် တစ်တောင်လုံးရှိ ရေတံခွန်၊ ရေပန်း၊ ရေမှား၊ ကျောက်မှိုကျင်း၊ ကျောက်သစ်တောတို့မှာ အံ့ဩစရာချည်းပင်။ ဤကျောက်တောင်ကို ကျောက်ပိုးထိုးတောင်ဟု ခေါ်ကြခြင်းမှာ တစ်တောင်လုံးရှိ ကျောက်သားတွေမှာ ပိုး (ပလုပ်) ဖောက်ထားသဖြင့် လက်ညှိုး၊ လက်မခန့် အပေါက်ချည်း ဖြစ်သည်။ ထိုအပေါက်များမှ ရေပန်းရေမှားများက အမြဲတမ်း ငေါ့ပန်း ထွက်နေကြသည်။ သာမန်အချိန်တွင် တစ်တောင်၊တစ်ထွာ၊ တစ်လံလောက်သာ ငေါ့ပန်းထွက်နေကြသော ရေပန်းရေလုံးများမှာ ဒီရေတက်လာပြီး ကျောက်တောင်ကြီး တစ်ဖက်ကို လှိုင်းရိုက်သံကြားလာပြီဆိုလျှင် ရေပန်းရေလုံးတွေမှာ လူနှစ်ရပ် သုံးရပ်အမြင့်ထိပင် ပန်းထွက်လာကြသည်။ ဤ ကျောက်ပိုးထိုးတောင်ကြီး၏ ပင်လယ်ဘက်ခြမ်းမှာ တစ်ဝက်ခန့် ပင်လယ်ထဲ အမြဲနစ်မြုပ်နေရာ ဒီရေတက်လာပြီ ဆိုလျှင်တော့ (ဖြား) ဒီရေကြီးချိန်၌ဆိုလျှင် လှိုင်းလုံးကြီးများက တစ်ချက် တစ်ချက် ကျောက်ပိုးထိုးတောင်ထိပ်ကိုပင် ကျော်ရိုက်တတ်သည်။ ထိုအခါ ရေတံခွန်များနှင့် ရေပန်းရေမှားပေါက်များကလည်း ပို၍ ရေထွက်ရေစီး သန်လာကြသည်။ သို့သော် အံ့ဩစရာ ထူးခြားချက်မှာ ပင်လယ်မှ ကျောက်တောင်ကြီး ပိုးထိုးပေါက်များမှ ဤ~က်အခြမ်းကို ထွက်ပန်းလာသောရေများမှာ လုံးဝ မငန်တော့ဘဲ ရေချိုချည်း ဖြစ်သွားကြခြင်းပင်။

ဦးအောင်သာဇံတို့အဖွဲ့သည် တောင်ခြေရင်းမှသည် ကျောက်ပိုးထိုးတောင်ပေါ်သို့ ရေပန်း၊ ရေပေါက်များကို ရှောင်ကာ တဖြည်းဖြည်း တက်လာကြသည်။ ကျောက်ပိုးထိုးတောင်မှာ အနည်းငယ် မတ်စောက်သဖြင့် စန္ဒာဒေဝီလေးကို သခင်ဦးနှင့် သန္တာဖြူတို့က တစ်ယောက်တစ်ဖက် လက်တွဲခေါ်လာကြ၏။ လှဒါသူလေးကမူ လာနေကျဖြစ်သဖြင့် ကျောက်မှိုပွင့် ကြီးငယ်များ၏ အရိုးကို ဖက်တွယ်ကာ ရှေ့ဆုံးက ပြေးတက်နေသည်။

ကျောက်ပိုးထိုးတစ်တောင်လုံးတွင် အကွက်လိုက်၊ အကျင်းလိုက် ဟိုတစ်စုသည်တစ်စု ပေါက်နေကြသော ကျောက်မှိုပွင့်များမှာ အဖြူ၊ အပြာ၊ အညို အရောင်စုံ ဖြစ်သည်။ အရွယ်အစားတွေမှာသည်း တစ်ထွာတစ်မိုက်စပြီး လူသုံးလေးရပ် အမြင့်ထိ ရှိကြသည်။ အပွင့်တွေမှာလည်း ပန်းကန်ပြား၊ ဆန်ကောဝိုင်း၊ ပက္ကလာကြီး (ခမောက်) ပမာဏခန့် ရှိနေလေရာ ရှေ့က ပြေးထွက်သွားသူ





လှဒါသူလေးမှာ မောလျှင် မှိုပွင့်ထီးအောက် အရိပ်ဝင်ခို၍ နောက်က တက်လာသူများကို စောင့်နေတတ်သည်။

ကျောက်ပိုးထိုးတောင်ရှိ ကျောက်သစ်ပင်များမှာမူ ပင်စည်နှင့် အခက်အလက်တွေသာရှိပြီး အရွက်မရှိကြပေ။ ထို့ကြောင့် ကျောက်သစ်တောထဲရှိ အပင်များမှာ တစ်တောင် တစ်ထွာမှသည် ထန်းလုံးထန်းပင် ပမာဏ အနိမ့်အမြင့် ရှိကြသော်လည်း အရိပ်မရှိ။ ထို ကျောက်သစ်ပင်များမှာလည်း ကျောက်မှိုပွင့်များပမာ အညို၊ အဖြူ၊ အပြာ၊ အနီ၊ မရန်းနှင့် တစ်ပင်လုံးမှာ အဖုအထစ်ကျိုးပေါင်းလုံးများနှင့် မညီမညာ ဖြစ်နေကြသည်။ ထိုအထဲတွင် တစ်တောင်လုံးရှိ ကျောက်သားအပေါက်များနှင့် ကျောက်မှို ကျောက်သစ်ပင်များတွင် လက်သန်းလက်မ ကျောက်ပိုးကောင်ရုပ်ကြွင်းများကလည်း အနှံ့အပြား ကပ်နေကြသည်။

ဤပိုးကောင်ကျောက်ဖြစ်ရုပ်ကြွင်းများမှာ လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် ဤကျောက်တောင်ကြီးနှင့်အတူ ပင်လယ်ရေအောက်၌ ရှိနေခဲ့ကြပုံရသည်။ ဤကျောက်တောင်၊ ကျောက်တန်းများ၏ လက်သန်း လက်မရှိ အပေါက်များမှာ တစ်ချိန်က ဤပိုးကောင်များ ကိုက်ဖောက်ထားခဲ့ကြသော အပေါက်များပင် ဖြစ်မည်။ ထို့ကြောင့်လည်း ယခုအခါ တချို့အပေါက်များထဲတွင် ကျောက်ဖြစ်ရုပ်ကြွင်းပိုးကောင်များကို တွေ့နေကြရသေးသည်။

သူများထက်ဦးစွာ ကျောက်ပိုးထိုးတောင်ပေါ် ရောက်သွားသော လှဒါသူသည် အမောဖြေ အရိပ်ခိုရင်း ကျောက်ပိုးထိုးပေါက်ထဲရှိ ကျောက်ပိုးကောင်ရုပ်ကြွင်းအချို့ကို ဆံထိုးနှင့် ထိုးကော်နေသည်။ သူထိုးကော်၍ရသော ကျောက်ပိုးထိုးရုပ်ကြွင်း သုံးလေးကောင်ကိုလည်း ပဝါနှင့် ထုပ်ထားသည်။ သူ့အနားသို့ မိသားစုအားလုံး ရောက်လာသောအခါ -

"မမစန္ဒာ၊ ဒီကျောက်ပိုးထိုးကောင်တွေကို မမစန္ဒာတို့အိမ် ယူသွားနော်၊ သောက်ရေအိုးထဲထည့်ထား၊ ဒီကျောက်ပိုးထိုးကောင် ထည့်ထားတဲ့ သောက်ရေအိုးထဲကရေကို နေ့စဉ် သောက်ရင် မျက်စိကြည်တယ်၊ ဆီးနဲ့ ပတ်သက်တဲ့ ရောဂါလည်း မဖြစ်လို့ အကျွန်တို့ ကောတုံတရာဇ်တစ်မြို့လုံးက လူတွေ သောက်ရေအိုးထဲ ထည့်သောက်ကြတာ။ ရော့ ယူသွား၊ ဒါ အကျွန်တို့ ကောတုံတရာဇ်လက်ဆောင်ပေါ့။ ဘုမ္မရာဇ်ရောက်ရင် မမစန္ဒာတို့ ဆွေမျိုးတွေကိုလည်း တစ်ကောင်စီ ပေးရတာပေါ့" ဟု ပြောကာ လှဒါသူက ကျောက်ပိုးထိုးကောင် လေးငါးကောင် ထုပ်ထားသောပဝါကို လှမ်းပေးသည်။

"ဟင် သမီး၊ ဒီကျောက်ဖြစ်ရုပ်ကြွင်းကို ရေအိုးထဲထည့်သောက်ရင်ရော



www.burmeseclassic.com

www.burmeseclassic.com



ရောဂါ ကောင်းတယ်ဆိုတာ တကယ်လား သမီး”

ဆီးရောဂါ တစ်ခါတစ်ခါ ပေါ်တတ်သော အလီဘာက လှဒါသူ၏ စကားကို စိတ်ဝင်စားသွားသဖြင့် သူ့သမီး စန္ဒာဒေဝီလေးလက်ထဲ ရောက်သွားသော ကျောက်ပိုးကောင်ထုပ်ကို ယူဖြန့်ကြည့်သည်။

“ဟုတ်တယ် ဘာဘာကြီး၊ အကျွန်တို့ ကောတုံတရာဇ် တစ်တိုင်းလုံးရော၊ ဝတီလေးရပ်နဲ့ တောင်စဉ် ခုနစ်ခရိုင်က လူတွေရော ဒီကျောက်ပိုးထိုးတောင်ကို ရောက်ရင် ဒီကျောက်ပိုးထိုးကောင်ရုပ်ကြွင်းတွေကိုပဲ တကူးတက ဆေးဖက်ဝင်လို့ ယူသွားတတ်ကြပါတယ်။ ခု ညီမလေးပေးတဲ့ ကျောက်ပိုးထိုးကောင်တွေကို ဘာဘာကြီးတို့လည်း ဘုမ္မရာဇ်ကို ယူသွားကြပါ”

သူ့ညီမ လှဒါသူ၏ စကားကို သဇင်ဦးကလည်း ဟုတ်မှန်ကြောင်း အလီဘာကို ပြောလိုက်သည်။ နောက်တော့ သဇင်ဦးသာမဟုတ် ဦးအောင်သာဇံနှင့် ဒေါ်ကြာညိုမေ၊ သန္တာဖြူတို့ကပါ ဟုတ်မှန်ကြောင်း ဝင်ပြောလိုက်ကြရာ အလီဘာက သူ့သမီး စန္ဒာဒေဝီလက်ထဲပင် ပြန်မထည့်ဘဲ သူက အမြတ်တနိုး ယူသိမ်းထားလိုက်၏။

ဘုမ္မရာဇ်မြို့သားကြီး အလီဘာအနေမှာ သူ့သမီးလေး စန္ဒာဒေဝီလေး ချက်ချင်း လူကောင်းပကတိ ဖြစ်သွားသည်ကစပြီး ကောတုံတရာဇ်၌ အံ့ဩစရာတွေကိုချည်း တွေ့နေရရာ ဦးအောင်သာဇံတို့ မိသားစု စကားကို အကြွင်းမဲ့ ယုံကြည်သွားသည်။ ထိုအချိန်၌ပင် ပင်လယ်လှိုင်းလုံးကြီးများ တစ်ဖက် ကျောက်တောင်၊ ကျောက်တန်းများကို ရိုက်ခတ်လိုက်သံနှင့်အတူ သူ့လက်တစ်ကမ်းနားရှိ ပိုးထိုးကျောက်ပေါက်ကမှ တစ်တောင် တစ်လံလောက်သာ စောစောက ပန်းထွက်နေကြသော ရေပန်း၊ ရေမှုန်များမှာ ချက်ချင်း လူနှစ်ရပ်သုံးရပ် အမြင့်သို့ ပန်းထွက်လာကြရာ အလီဘာအနေနှင့် သူတို့မိသားစုအနေမှာ အံ့ဩစရာချည်း ဖြစ်နေလေသည်။

“ကဲ အစ်ကိုကြီးတို့ ကျောက်ပိုးထိုးတောင်ရဲ့ ဟိုဘက်စောင်းမှာ ကျောက်ခက်၊ ကျောက်ပွင့်တွေလည်း ရှိသေးတယ်။ တက်ကြည့်ကြပါဦး”

ဘုမ္မရာဇ်သူဌေးကြီး အလီဘာနှင့် သူတို့မိသားစုမှာ ညီအစ်ကိုအရင်းတမျှ ဖြစ်သွားကြပြီ ဟူသော သဘောနှင့် ဦးအောင်သာဇံက အစ်ကိုကြီးဟု ရင်းရင်းနှီးနှီး ခေါ်ပြောပြီး ကျောက်ပိုးထိုးတောင်ပေါ်ဘက် လှမ်းတက်သွားသောအခါ အားလုံးမှာ ဦးအောင်သာဇံနောက် လှမ်းတက်လိုက်လာကြသည်။

တောင်ထိပ်ရောက်၍ ဦးအောင်သာဇံ မတ်တတ်ရပ်လိုက်သောအခါ





အလီဘာတို့ မိသားစုလည်း မတ်တတ်ရပ်ကာ ဦးအောင်သာဇံနည်းတူ တောင်ပင်လယ်ဘက် လှမ်းကြည့်လိုက်ကြသည်။ သူတို့ ယခု ရောက်နေသော ကျောက်ပိုးထိုးတောင်နှင့် တစ်ဆက်တည်းဖြစ်သော အနိမ့်အမြင့် အဆင့်ဆင့်သော ကျောက်ပိုးထိုးတောင်များမှာ မျက်စိတစ်ဆုံးနီးနီး ပင်လယ်ထဲထိ ရှိနေသည်။ သို့သော် တခြား ကျောက်ပိုးထိုးတောင်တန်း၊ တောင်စွယ်နှင့် ကျောက်မှို၊ ကျောက်သစ်တောများမှာ သူတို့ ယခု ရောက်ရှိနေကြသော ကျောက်ပိုးထိုးတောင်တန်းကြီးလောက် မမြင့်သဖြင့် လှိုင်းလုံးများကြားထဲ နစ်မြုပ်သွားလိုက် ပြန်ပေါ်လာလိုက် ဖြစ်နေကြသည်။

အနောက်တောင် ပင်လယ်ဘက်ရှိ ကျောက်ပိုးထိုးတောင်များ၊ ကျောက်မှိုပွင့် အကြီးအသေးများ၊ ကျောက်သစ်ပင်ကြီးများကို အလီဘာတို့ မိသားစုက တအံ့တဩ ငေးမောကြည့်နေကြစဉ် လှဒါသူလေးက လူတတ်ကြီးလုပ်ပြီး -

“မမစန္ဒာ လာ၊ ညီမလေးတို့ ကျောက်ပွင့်၊ ကျောက်ခက်တွေ သွားခူးကြရအောင်” ဟု လက်ဆွဲခေါ်ကာ ပင်လယ်ဘက်ရှိ ကျောက်ပိုးထိုး ကျောက်လုံး၊ ကျောက်ဆောင်များရှိရာ ရေခွက်၊ ရေအိုင်နား ခေါ်သွားပြန်သည်။

“သမီး လှဒါသူ၊ ပင်လယ်ဘက် ကျောက်ပိုးထိုးတွေက ချော်တယ်နော်၊ ခြေချော်ကျမယ် သတိနဲ့ ဆင်းကြ”

ပျော်ရွှင်တက်ကြွစွာနှင့် စန္ဒာဒေဝီလေး၏လက်ကို ဆွဲကာ တောင်အောက်ဘက် ကျောက်ပွင့်၊ ကျောက်ခက်ခူးရန် ဆင်းသွားသော လှဒါသူကို ဒေါ်ကြာညိုမေက လှမ်းသတိပေးလိုက်၏။

ထိုအခါ လှဒါသူနှင့် စန္ဒာဒေဝီလေးတို့၏ နောက်ကို သဇင်ဦးနှင့် သန္တာဖြူတို့ကပါ ဆင်းလိုက်သွားကြသည်။ သဇင်ဦးနှင့် သန္တာဖြူတို့နောက်ကို အလီဘာတို့အိမ်က အာရိယာန်မလေးလည်း ဆင်းလိုက်ပါလာပြန်၏။ မိန်းကလေး သုံးလေးယောက်မှာ ပင်လယ်ဘက်အခြမ်းရှိ ကျောက်ပြင်၊ ကျောက်တုံးနားက ရေခွက်၊ ရေအိုင်များမှ ကျောက်ပွင့်၊ ကျောက်ခက်၊ ကျောက်မှတ်၊ ကျောက်ကြိုးများကို လိုက်ခူးဆွဲခွာယူနေကြသည်။ လူကြီးများကမူ သဘာဝထူးထွေ ဆန်းပြားသော ကျောက်ပိုးထိုးတောင်ထိပ်ပေါ်မှ တစ်မျှော်တစ်ခေါ်ရှိ ပင်လယ်ဘက်က ကျောက်ပိုးထိုးကောင်တောင် ကျောက်တန်း၊ ကျောက်ပြင်များကို ငေးကြည့်ကာ ဦးအောင်သာဇံ ပြောပြသော ကောတုံတရာဇ်မြို့၏ ထူးဆန်း အံ့ဩဖွယ်ရာများကို နားထောင်နေကြသည်။

“ဟိုဝေးဝေးမှာ မြင်နေရတဲ့ တောင်ပင်လယ်ထဲက ရေရှိုးတောင်ကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ခု အစ်ကိုတို့ ရပ်နေတဲ့ ကျောက်ပိုးထိုးတောင်ထိပ်ထက်တောင် မြင့်နေသလိုပဲ နော် ညီလေး"

"ညီလေးတို့ ကောတုံတရာဇ်မြို့ထက် ရေပြင်ကြီး မြင့်နေသလို မြင်ရတာတော့ ဒီတစ်နေရာတည်း မဟုတ်ပါဘူး အစ်ကိုကြီး။ ရေပြင်ကို မြင်ရတဲ့ ဘယ်နေရာက ကြည့်ကြည့် အဝေးမှာ မြင်နေရတဲ့ ပင်လယ်ရေရိုးဟာ ကောတုံတရာဇ်မြို့မြေထက် အမြဲ မြင့်နေပါတယ်။ အဲဒါကြောင့်လည်း ညီလေးတို့ရဲ့ ကောတုံတရာဇ်မြို့ကို ရေနဂါးကြီးတွေ စောင့်ရှောက်နေတယ်၊ ကောတုံတရာဇ်မြို့ကို တိုက်ခိုက်ဖို့ ရန်သူလာရင် ရေနဂါးကြီးတွေ အပေါ်က ရေပြင်နဲ့ ဖုံးကွယ်ဖျောက်ထားတတ်ကြတယ်လို့လည်း ရှေးလူကြီးတွေက ယုံကြည်ကြပါတယ်။ ဘာပဲဖြစ်ဖြစ် ကောတုံတရာဇ်မြို့မြေထက် ပင်လယ်ရေပြင်က အမြဲ မြင့်နေတယ်ဆိုတာတော့ ဒီကျောက်ပိုးထိုးတောင်ထက်မြင့်တဲ့ တာဝတိံသာဘုရားနဲ့ နဂါးဘုရားပေါ်ရောက်ရင် အစ်ကိုကြီး သတိထားကြည့်ပါ။ ပိုပြီး ထင်ရှားပါလိမ့်မယ်။ ညီလေးတို့ ကောတုံတရာဇ်မှာ အမြင့်ဆုံးဖြစ်တဲ့ တာဝတိံသာဘုရားပေါ်က လှမ်းကြည့်ရင်လည်း ရေပြင်ဟာ ဘုရားကျောက်တောင်ကြီးနဲ့ ဘုရားထက် မြင့်နေတာကို တွေ့ရပါလိမ့်မယ်"

"အေးဗျာ၊ ညီလေးတို့ ကောတုံတရာဇ်ဟာ အံ့ဩစရာတွေချည်းပါပဲ။ ညီလေးတို့ ဘုမ္မရာဇ်ကိုရောက်တိုင်း အလည်ခေါ်ခေါ်နေကြတာ ဒါတွေကို အစ်ကိုကြီးတို့ကို မြင်စေချင်၊ တွေ့စေချင်လို့ ငါ့ညီချစ် ကောတုံတရာဇ်သားက ခေါ်နေတာပါလား ဆိုတာ အစ်ကိုကြီးတော့ ခုမှ သဘောပေါက်တော့တယ်။ အရင်က ညီလေး ခေါ်နေတာ မလိုက်လည်မိတဲ့အတွက် အစ်ကိုကြီးတော့ နောင်တ အကြီးအကျယ်ရမိပါရဲ့"

"ခုလည်း ညီချစ်တို့ ကောတုံတရာဇ်ကို ရောက်နေပြီပဲလေ အစ်ကိုကြီးရဲ နောင်တတွေ ဘာတွေ ရမနေပါနဲ့တော့ ဟဲ ဟဲ. . ."

"ခု မောင်ကြီးတို့ ကောဟုံတရာဇ်ကို အကျွန်တို့ ရောက်လာတာ ကျွန်တော်မသမီး စန္ဒာ့ရောဂါကြောင့် ရောက်လာရတာမို့ အကျွန့်စိတ်ထဲက သမီးလေးကို ပြုစားထားတဲ့ လူကိုတောင် ကျေးဇူးတင်မိသလိုပဲ မောင်ကြီး၊ သမီးလေးရောဂါကိုသာ ကျွန်တော်မတို့ လာမကုဖြစ်ရင် ဒီလို တန်ခိုးကြွဒ္ဓိပါဒ်ကြီးတဲ့ ကောတုံတရာဇ်ဘုရားကိုလည်း ဖူးရမှာ မဟုတ်ဘူး။ ဒီ ကျောက်ပိုးထိုးတောင်လို ထူးဆန်း အံ့ဩစရာကောင်းတဲ့ အဆန်းတကြယ်တွေကိုလည်း မြင်ကြရမှာ မဟုတ်ဘူး။ နောက် နဂါးဘုရားနဲ့ တာဝတိံသာဘုရား၊ နေသုံးလုံးဘုရားတွေ





ဆိုတာလည်း အကျွန်တော့ နေ့မအိပ်၊ ညမအိပ်တောင် သွားဖူးပစ်လိုက်ချင်နေပါပြီ"

"ဒီနေ့တော့ အချိန် မရှိတော့ပါဘူး။ အစ်မကြီးတို့ ပူဇော်ချင်တဲ့ ကောတုံတရာဇ် ရုပ်ပွားတော်မြတ်ကလည်း တစ်ပတ်လောက်ကြာမှ ပြီးမယ်ဆိုတော့ ဖြည်းဖြည်းပေါ့ အစ်မကြီးရယ်"

ဤစကားကိုတော့ ဒေါ်ကြာညိုမေက ဝင်ပြောသည်။

လူကြီးတွေ ထိုသို့ ပြောဆိုနေချိန်မှာ စန္ဒာဒေဝီလေး အပါအဝင် မိန်းကလေး သုံးလေးငါးယောက်မှာ ကျောက်ပိုးထိုး ကျောက်ရေအိုင်နားရှိ ကျောက်ပွင့်၊ ကျောက်ခက်နှင့် ကျောက်မွတ်ခေါ် ရေငန်နွယ်တစ်မျိုးမှ အသီး၊ အရွက်ပါ ကျောက်နွယ်တွေနှင့် ဆံခြည်မျှင်သာသာရှိ ကျောက်ကြိုးခေါ် သဘာဝကျောက် ဆံခြည်မျှင်တစ်မျိုးကို ခူးနုတ်၍ ကောင်းနေကြဆဲ။

လက်သန်းနီးပါးရှိ အသီးလုံးကလေးတွေ ပြွတ်ခဲအောင် သီးနေသော ကျောက်မွတ်နွယ်တစ်ပင်ကို စန္ဒာဒေဝီလေးက အားရဝမ်းသာ လှမ်းဆွဲနုတ်လိုက်ရာ အားစိုက်ရသဖြင့် ခြေတစ်ဖက်က ကျောက်ရေအိုင်ခွက်ထဲ ချော်ကျသည်။ ထိုအခါ ဆာရီ အောက်နားကို ရေစိုသွား၏။

"မမစန္ဒာ ဆာရီနား ရေငန်စိုသွားပြီ၊ အိမ်ရောက်ရင် ချက်ချင်း လျှော်ပစ်ရမယ်"

"ဟင် ချက်ချင်း မလျှော်ရင် ဘာဖြစ်တတ်လဲ ညီမလေး"

ရောဂါကြောင့် တစ်ပြည်တစ်ရွာကို ရောက်နေရသူလေး စန္ဒာဒေဝီက တစ်စုံတစ်ခုသော အရေးတကြီးကိစ္စများလား ဟူသော သဘောနှင့် လှဒါသူကို မေးလိုက်သည်။

"ဆာရီ အောက်နားလေး ရေငန်စိုသွားရင် ချက်ချင်း နေ့မကူးခင် လျှော်ပစ်မှ ညီမလေးရယ်၊ တစ်ညကြာရင် ဆားငန်ရေဆိုတော့ ဆားပေါက်ပြီး သံချေးလိုက် အဝတ်ဆွေးမှာစိုးလို့ ညီမလှဒါသူက ပြောတာပါ။ တခြား ဘာမှ မဟုတ်ပါဘူး"

အထိတ်တလန့်လို ဖြစ်သွားသော တစ်ပြည်သူ အာရိယာန်မလေး စန္ဒာဒေဝီကို သဇင်ဦးက မကြောက်မရွံ့ရန် ပြောလိုက်သည်။

"ဟင် ဒီရေတွေက တောင်ဟိုဘက်ခြမ်းက ရေပန်း၊ ရေတံခွန်တွေရဲ့ ရေချိုမဟုတ်ဘူးလား မမ"

"ဒီကျောက်ပိုးထိုးတောင်ရဲ့ ဒီဘက် ပင်လယ်ခြမ်းက ရေတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ရေနင်တွေတွေသူ့၊ အဲဒါကြောင့်လည်း ခု ညီမလေးတို့၊ မမတို့ ခူးနေကြတဲ့ ကျောက်ပွင့် ကျောက်ခက်တွေ ပွင့်တာပေါ့။ ရေချိုမှာ ကျောက်ခက်၊ ကျောက်ပွင့်တွေ မပေါက် မပွင့်ဘူးလေ"

"ဪ ဟုတ်လား။ ညီမက ဟိုဘက်ခြမ်းက ရေပန်း၊ ရေတံခွန်တွေဟာ ဒီဘက် ပိုးထိုးထားတဲ့ ကျောက်ခေါင်း၊ ကျောက်ပေါက်တွေက ဟိုဘက်ခြမ်းကို စီးထွက်နေကြတယ် ထင်မိတာ"

"ဒီဘက်ခြမ်းက ရေတွေဟာ ပိုးထိုးဖောက်ထားတဲ့ ပိုးပေါက်တွေက ဟိုဘက်ခြမ်းကို စီးထွက်သွားကြတာတော့ ဟုတ်တယ် ညီမလေးရယ်၊ ဒါပေမယ့် ဒီဘက်ခြမ်းက ဝင်သွားတဲ့ရေနင်တွေဟာ အဲ ဘယ်လို ဓာတ်သဘာဝမှန်းတော့ မမလည်း မသိဘူး။ ကျောက်ပိုးထိုးတောင် ဟိုဘက်ရောက်သွားတာနဲ့ ရေချိုဖြစ်သွားကြတယ်။ လူကြီးသူမတွေ ပြောတာကတော့ မမတို့ ကောတုံတရာစ်တိုင်းကြီးဟာ ဘောဂဝတီနဂါးပြည်က နတ်နဂါးတွေ အုပ်ချုပ်တဲ့ပြည်မို့ နတ်နဂါးတွေရဲ့ တန်ခိုးကြောင့်လို့လည်း ပြောကြတာပါပဲလေ"

"အံ့ဩစရာပဲနော် မမ၊ အကျွန်တော့ မမတို့ဆီ ရောက်လာရတာ လူ့ပြည်မ ,တ်တဲ့ ဘာခေါ်မလဲ အဲ နတ်"

"အိုး မမစန္ဒာကလည်း နဂါးပြည်ပါဆို၊ မမစန္ဒာ မြွေမကြောက်ဘူးလား။ ဒီလို ဒီလို တွန့်လိမ်ပြီးသွားတဲ့ မြွေတွေကော မြင်ဖူးတယ် မဟုတ်လား"

လှဒါသူလေးက သူ့ကိုယ်လုံးလေးကို မြွေလုပ်ပြလိုက်သောအခါ အားလုံး ဝိုင်းရယ်ကြပြန်သည်။

"ဟေး သမီးတို့ လာတက်ကြတော့လေ၊ ဟိုမှာ လှိုင်းလုံးတွေ ကြီးလာပြီး ဒီရေ အတက်ကြမ်းလာပြီ လာကြတော့"

ဒီရေ တက်လာပြီ ဖြစ်သဖြင့် မကြာမီ ကျောက်ပိုးထိုး သန္တာကျောက်တန်းများကို ရေမြုပ်တော့မှာမို့ ဒေါ်ကြာညိုမေက လှမ်းခေါ်လိုက်သည်၊ ထိုအခါမှ ကျောက်ပွင့်၊ ကျောက်ခက်တွေ ခူးပြီး ပျော်နေကြသော မိန်းကလေးများမှာ လူကြီးတွေရှိရာ ကျောက်ပိုးထိုးတောင်ထိပ်ဘက် ကျောက်ပွင့်၊ ကျောက်ခက်တွေ တစ်ပွေ့တစ်ပိုက်နှင့် တက်လာကြ၏။

သူတို့ တောင်ပေါ်ကိုရောက်၍ မကြာမီမှာပင် သူတို့ စောစောတုန်းက ကျောက်ပွင့်၊ ကျောက်ခက်တွေ ခူးခဲ့ကြသော သန္တာကျောက်ဆောင်၊ ကျောက်တုံးတွေမှာ ဒေါ်ကြာညိုမေ ပြောသလို ကြည့်နေကြရင်း သူတို့ မျက်စိအောက်၌ပင် လှိုင်းလုံးကြီးတွေအောက် ရောက်သွားလိုက် ပြန်ပေါ်လာလိုက် ဖြစ်နေသည်။





ဒီရေတက်လာ၍ လှိုင်းလုံးကြီးတွေ ရိုက်ခတ်လာချိန်တွင် တဖြည်းဖြည်းနှင့် ကျောက်တန်း၊ ကျောက်ဆောင်၊ ကျောက်မှို၊ ကျောက်သစ်ပင်တွေမှာ ပင်လယ်ရေထဲ နစ်မြုပ်သွားကြသည်။ ဤသည်ကို ကြည့်ကောင်းကောင်းနှင့် ကျောက်ပိုးထိုးတောင်ထိပ်မှ သူတို့သည် အတော်ကြာ ရပ်ကြည့်နေကြသည်။

မကြာမီမှာပင် လှိုင်းလုံးဒီရေတွေမှာ သူတို့ အောက်ဘက်ရှိ နှစ်လံသုံးလံကွာ ကျောက်ပိုးထိုးတောင်ထိပ်နားကိုပင် ရောက်လာတော့မှ သူတို့သည် ကျောက်ပိုးထိုးတောင်ထိပ်မှ ကောတုံတရာစ်မြို့ဘက်ခြမ်းရှိရာ ကျောက်ပိုးထိုးတောင်ခြမ်းဘက်သို့ ဆင်းလာကြသည်။

ထိုအချိန်မှာ သူတို့လိုပင် ကျောက်ပိုးထိုးတောင်ပေါ်သို့ အပျော်လာသူ၊ ဆီးရောဂါ၊ မျက်စိရောဂါတို့ကြောင့် ကျောက်ပိုးရုပ်ကြွင်း (ပလုပ်) လာယူသူ၊ ကျောက်သစ်ပင်ငယ်များကို လာဖြတ်သူ လာတူးနေကြသူ၊ ဝတီလေးရပ်နှင့် တောင်စဉ်ခုနစ်ခရိုင်မှ လူများကိုလည်း ကျောက်ပိုးထိုး တောင်စောင်း၊ တောင်ခါးပန်း၊ တောင်ထိပ်၊ တောင်အောက်တို့တွင် မြင်နေကြရသည်။

ဦးအောင်သာဇံတို့ မိသားစုနှင့် အလီဘာတို့ မိသားစုမှာ စောစောစီးစီး ထလာကြသည့်အပြင် မြင်းလှည်းနှင့်လည်း ဖြစ်သဖြင့် သူတို့ တောင်ပေါ်စတက်လာခဲ့ကြစဉ်ကမူ ကျောက်ပိုးထိုးတောင်ပေါ်တွင် ဤမျှ လူမများသေး၊ ခုမှ ဘု တောင်ကြောတစ်လျှောက် အနီးအဝေးများ၌ မိန်းမ၊ ယောက်ျား၊ ကလေး သူငယ်များမှာ တက်လာသူ၊ ပြန်ဆင်းသွားသူများနှင့် စည်စည်ကားကား ရှိနေသည်။ တောင်ကလပ်တစ်နေရာတွင် လူတစ်ယောက်က တစ်တောင် တစ်လံခန့် ရှိသော ကျောက်ခက်သစ်ပင် သုံးလေးပင်ကိုထမ်းပြီး တောင်အောက် ဆင်းသွားသည်ကို မြင်ကြရရာ အလီဘာက -

"ငါ့ညီချစ် ဒီတောင်ပေါ်က ကျောက်သစ်ပင်လေးတွေကို ယူသွားလို့လည်း ရလား"ဟု ကောက်ကာငင်ကာ မေးလိုက်သည်။

"ရပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီးတို့ ဘုမ္မရာဇ်ကိုပြန်ရင် ကျောက်သစ်ပင် ရောင်စုံတွေနဲ့ ကျောက်မှိုပွင့် အကြီးအသေးတွေလည်း ပေးလိုက်ဖို့ ညီလေး စိတ်ကူးရှိပြီးသားပါ။ ဒီ ကျောက်ပိုးထိုးတောင်က ကျောက်သစ်ပင်နဲ့ ကျောက်မှိုပွင့်တွေရှိတဲ့ အိမ်ကို သရဲ မိစ္ဆာတွေ မလာရဲ မဝင်ဝံ့ကြဘူးလို့ ညီလေးတို့ ဘိုးစဉ်ဘောင်ဆက် ယုံကြည်ကြပါတယ်။ အဲဒါကြောင့် အစ်ကိုကြီးတို့ အပြန်မှာ ကျောက်မှိုရောင်စုံ အကြီးအသေးတွေနဲ့ ကျောက်သစ်ပင်ရောင်စုံ အကြီးအသေး တွေကို ပေးလိုက်ပါ့မယ်။ ခုတော့ တူးဖို့ တူးရွင်း၊ သံချွန်တွေလည်း ပါလာလို့



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ညီလေး အိမ်က လူတွေကို တူးခိုင်းထားလိုက်ပါ့မယ်"

"ကောင်းလှပါပြီ ညီလေးရယ်၊ ဒါနဲ့ ဒီ ကျောက်ပိုးထိုးတောင်ပေါ်က ကျောက်သစ်ပင်၊ ကျောက်မှိုပွင့်တွေဟာလည်း မြေပေါ်က အပင်တွေလို ကြီးမြင့်လာကြသလား"

"မြေပေါ်က သစ်ပင်၊ မှိုပွင့်တွေလိုပဲ ကြီးမြင့်လာကြပါတယ် အစ်ကိုကြီး၊ ဒါပေမယ့် မြေပေါ်က သစ်ပင်၊ မှိုပွင့်တွေလိုတော့ အကြီးမမြန်ကြဘူး။ ခု ဟို ကျောက်ထုံးဘူးတောင် နှစ်လုံးနားက မှိုပွင့်တွေဟာ ညီလေးတို့ ငယ်ငယ်တုန်းက ညီလေးတို့ အရပ်လောက်တောင် မမြင့်သေးပါဘူး။ ညီလေးတို့ သူငယ်ချင်းတွေ ငယ်ငယ်က ဒီတောင်ပေါ်ကို လာတိုင်း မှိုပွင့်တွေနဲ့ အပျော်သဘော အရပ်တိုင်းထားတတ်ကြတယ်။ အဲဒါကြောင့်လည်း ဒီကျောက်ပိုးထိုးတောင်ပေါ်မှာရှိတဲ့ သစ်ပင်မှိုပွင့်တွေဟာ တစ်နှစ်မှာ တစ်လက်မလောက်ပဲ မြင့်လာကြတာ သိရတယ်။ အစ်ကိုကြီးတို့၊ ညီလေးတို့ တက်လာကြတဲ့ တောင်တက်လမ်းနားက ဟိုအပင်ကြီးဆို အဘိုးတို့လက်ထက်တုန်းက သူတို့ လက်ခုပ်တစ်ဖောင်လောက်ပဲ အမြင့်ရှိတယ်လို့ ဘိုးဘိုးက ပြောပြသွားဖူးပါတယ်။ အဲဒါ ဘိုးဘိုးတို့ ကလေးတုန်းက ဆိုတော့ ခု အဖေ့တစ်သက်၊ ညီလေးက ခု အသက်ငါးဆယ်ဆိုတော့ နှစ်ပေါင်း ဘယ်လောက် ကြာနေပြီလဲဆိုတာ အစ်ကိုကြီးသာ တွေးကြည့်ပေတော့"

ဦးအောင်သာဇံက ယခုထိ လူနှစ်ရပ်ခန့်သာ အမြင့်ရှိသေးသော တောင်တက်လမ်းနားက ကျောက်သစ်ပင်တစ်ပင်ကို လက်ညှိုးထိုးပြ၍ ပြော၏။

"အိမ်း ဒါဆို ဟိုထန်းပင်လောက်ထိ မြင့်နေတဲ့ ကျောက်သစ်ပင်ရဲ့ သက်တမ်းဟာ နှစ်ပေါင်း ထောင်ချီနေမှာပဲထင်တယ်နော် ငါ့ညီချစ်"

"သိပ်ဖြစ်နိုင်တာပေါ့ အစ်ကိုကြီးရာ၊ ဟိုမှိုပွင့်ကြီးဆိုလည်း နှစ်ပေါင်း ဘယ်လောက်ကြာပြီလဲမှ မသိတာ၊ နောက်တစ်ခု အစ်ကိုကြီး သတိထားမိမလား မသိဘူး"

"ဘာကိုလဲ ညီလေး"

"ကျောက်ပိုးထိုးတစ်တောင်လုံးနဲ့ ကျောက်မှို၊ ကျောက်သစ်ပင်တွေမှာ ကပ်ပြီး သေနေကြတဲ့ ကျောက်ဖြစ်ရုပ်ကြွင်း ပလုပ် (ပိုး) ကောင်တွေဟာ ဒီ ကျောက်ပိုးထိုးတောင်ကြီး ရေထဲက ပေါ်လာချိန်မှာ အကုန် သေကုန်ကြတာ ကော မဖြစ်နိုင်ဘူးလား အစ်ကိုကြီး"

"ဟာ ဖြစ်နိုင်တာပေါ့ ငါ့ညီချစ်၊ ရေထဲ နေခဲ့ကြတဲ့ ပိုးကောင်တွေဟာ





ကုန်းပေါ် ရောက်လာလို့ အပြင်လေနေဒဏ်ကြောင့် သေကုန်ကြတာ ဖြစ်မှာပေါ့။ တခြား ပိုးကောင်တွေလို ပုပ်ပွ ပျက်စီးမသွားကြတာကလည်း သူတို့က ကျောက်တွေကိုတောင် ဖောက်ကိုက်စားကြတဲ့ ပိုးကောင်တွေဆိုတော့ သေတဲ့အခါမှာ ကျောက်ဖြစ်ရုပ်ကြွင်းတွေ ဖြစ်သွားကြတာ ဖြစ်မယ်နော်"

"ဖြစ်နိုင်ပါတယ် အစ်ကိုကြီး"

စကားတပြောပြောနှင့် ကျောက်ပိုးထိုးတောင်မှ ဆင်းလာကြရာ တချို့ လူတွေ ထမင်းထုပ်တွေကို ဖြေစားနေကြတာမြင်မှ သူတို့လည်း နေ့လယ်စာ ထမင်းစားချိန်ကို သတိရသွားကြသည်။ ထို့ကြောင့် ပါလာသော ထမင်းထုပ်များကို ကျောက်ပိုးထိုး ရေထွက်ပေါက်နား တစ်ခုအရောက်မှာ စုထိုင် ဖြေစားကြသည်။ ထမင်းဝိုင်းကို မိသားစုနှစ်ခု နီးနီးကပ်ကပ် စားကြရာ လှဒါသူလေးက

"မမ စန္ဒာ၊ မမတို့ ဟင်းလည်း ညီမလေး စားကြည့်ချင်တယ်"ဟု ပြောလိုက်ရာ သူ့အမေ ဒေါ်ကြာညိုမေက အာရိယာန်တို့ ဇာတ်ခွဲခြားမှုကို သတိရသဖြင့် "ဟဲ့ကောင်မလေး"ဟု ဟန့်လိုက်သည်။ သို့သော် စန္ဒာဒေဝီက လှဒါသူလေး၏ ဖက်ထုပ်ထဲ သူ့ဖက်ထုပ်ထဲက သက်သတ်လွတ်ဟင်းကို "စားရပါတယ် ညီမလေးရယ်၊ ကြိုက်ရင် စားပါ"ဟု ပြောပြီး ထည့်ပေးလိုက်သည်။

"ညီမလေးတို့ ဟင်းလည်း မမ စားကြည့်ပါဦး"ဟု ပြောပြီး စန္ဒာဒေဝီ ဖက်ထုပ်ထဲ လှဒါသူက ဟင်းထည့်ပေးရန် လုပ်လိုက်သောအခါ ဦးအောင်သာဇံကပါ "ဒီကောင်မလေးဟာလေ"ဟု ဟန့်လိုက်ရပြန်သည်။

ဤသည်မှာ ဇာတ်ခွဲခြားမှုကြောင့်ဆိုသည်ကို လှဒါသူကလည်း ယခုမှ သတိရသွားသော်လည်း အလိုလိုက်ထားသော အထွေးဆုံး၊ အငယ်ဆုံး သမီးလေးပီပီ အလျှော့မပေးဘဲ -

"ဟင် ဘာဘာတို့ ပြောတော့ ဘုမ္မရာဇ်က ဘာဘာကြီး၊ မေမေကြီးတို့နဲ့ အကျွန်တို့က ညီအစ်ကို မောင်နှမအရင်းကြီးတွေဆို၊ ခုတော့ ထမင်းတောင် အတူမစားရတော့ဘူးလား။ ခက်လိုက်တာ မစန္ဒာတို့ဇာတ်က အကျွန်တို့ မြောက်ရွာကျုံးနားမှာ ဟိုတစ်လလောက်က ကပြသွားတဲ့ ပင့်ကူဇာတ်လိုပဲ ပင့်ကူထီးကြီးက တခြား ပင့်ကူလေးတွေနဲ့ အစာ အတူ မစားသလိုဘဲလား"ဟု ပြောလိုက်ရာ ကလေးစကားမို့ အားလုံးမှာ ရှက်ရှက်နှင့် ဝိုင်းရယ်ကြပြန်သည်။

ထိုအထဲတွင် ဣန္ဒြေအကြီးဆုံး အတည်ဆုံး သန္တာဖြူကပါ ရယ်ရင်း ထမင်းသီးမလိုဖြစ်သွားရာ လှဒါသူလေးက "မမလတ်တော့ ပင့်ကူဖိုကြီး ထင်ပါပြီ" ဟု ဆိုလိုက်ပြန်ရာ ဤတစ်ခါလည်း အားလုံး ရယ်လိုက်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှဒါသူ၏ အပြောကို ကြောက်၍လားမသိ ထမင်းစားပြီး နို့မင်း (ဒိန်ချဉ်) သောက်ကြသောအခါမှာတော့ သူ့ကြေးခွက်ထဲက ဒိန်ချဉ်ကို စန္ဒြာမာဟ်က "ရော့ သမီးလေး နို့မင်း သောက်လိုက်ဦး"ဟု ကမ်းပေး၏။ လှဒါသူကလည်း "ဟုတ်ကဲ့ မေမေကြီး"ဟု ပြောကာ ချက်ချင်း ယူသောက်ပစ်လိုက်လေသည်။

ထိုနေ့က သူတို့ မိသားစုသည် ကောတုံတရာဇ်မြို့၏ မိးရှုးမီးတိုင်များနှင့် ကချေသည် ရုပ်တုများ လက်ထဲက ဆီမီးခွက် မီးလင်းချိန်ကျမှ မိမိတို့အိမ်သို့ ပြန်ရောက်လာကြလေသည်။

*စကားချပ်။ ။ ယခု လက်သုပ်တွင် ထည့်စားကြသော ကျောက်ခက်၊ ကျောက်ပွင့် ဆိုသည်မှာ ပင်လယ်ထဲရှိ သန္တာကျောက်တန်းများပေါ်မှ ရသော သဘာဝပစ္စည်းတစ်မျိုး ဖြစ်သည်။ စာရေးသူတို့ ဘင်္ဂလားပင်လယ်အော် ကမ်းခြေတစ်လျှောက်ရှိ ဂေါ်တူ၊ လိပ်ခမော် (လိပ်တမျှော်)၊ ချောင်းဝ၊ ဝက်မျှောင်၊ ကျောက်ကလည်စသည့် ရွာများတွင် တစ်ထွာတစ်မိုက်၊ တစ်တောင်တစ်လံနီးပါး ခန့်ရှိ ကျောက်သစ်ပင် အရွယ်စုံ၊ အမျိုးစုံများသည် တချို့ အိမ်များတွင် ယခုထိ ရှိနေကြသည်။ ထို ကျောက်သစ်ပင်ကြီးငယ်များမှာ ပင်လယ်ပြင်တွင် အထူးသဖြင့် လှိုင်းလေကြီးချိန်၊ မုန်တိုင်းကျပြီးစ အချိန်ဆိုလျှင် ဘင်္ဂလားပင်လယ် ကမ်းခြေ၌ လာတင်၍ ယခုထိ ရရှိနေကြသေးသည်။ စုန်း၊ မိစ္ဆာ၊ သရဲ တစ္ဆေကာ အဆောင်အဖြစ် အိမ်၌ ထားကြသည်။ ထို့ကြောင့်လည်း ပင်လယ်ကမ်းခြေ တစ်လျှောက်ရှိ လူများသည် ကောတုံတရာဇ်မြို့ပျက်ကြီးမှာ ဘင်္ဂလားပင်လယ် ရေအောက်ထဲ၌ ယခုထိ ရှိနေသည်ဟု ယုံကြည်ကြသည်။*

*(စာရေးသူ)*

သူတို့ ကိုးကွယ် ပူဇော်လိုကြသော ကောတုံတရာဇ် ရုပ်ပွားတော်မြတ်ကို ကျောက်ဆစ်သမားများ ထုဆစ်ပြုလုပ်နေကြချိန်တွင် အလီဘာတို့ မိသားစုမှာ နေ့ခင်းဆိုလျှင် ဘုရားဖူးထွက်လိုက်၊ ညရောက်လျှင် ကောတုံတရာဇ်မြို့ လမ်းဆုံလမ်းခွများ၌ ကပြ သီဆို ဖျော်ဖြေနေကြသော ရက္ခပူရသားတို့၏ အကအခုန် အဆိုပွဲများကို သွားကြည့်လိုက်နှင့် ကောတုံတရာဇ်မြို့တွင် ပျော်ပျော်ရွှင်ရွှင်ပင် ရှိနေကြသည်။

အထူးသဖြင့် ငယ်ရွယ်သူများ ဖြစ်ကြသော ဦးအောင်သာဇံ၏ သမီးသုံး ယောက်နှင့် စန္ဒာဒေဝီတို့မှာ ညစဉ်လိုလို ပွဲကြည့်ထွက်ကြသည်။ အတွင်းကျုံး၊ အလယ်ကျုံး၊ အပြင်ကျုံးရွာများကို ခြေကျင် တစ်ဖုံ၊ မြင်းရထားနှင့် တစ်နည်း၊





လေ့ငယ်များနှင့် တစ်သွယ် ပွဲသွားကြည့်ကြရသည်ကို စန္ဒာဒေဝီလေးကလည်း အပျော်ဆုံး ဖြစ်နေသည်။ သူတို့ အာရိယာန်နိုင်ငံ ဘုမ္မရာဇ်နှင့်စာလျှင် ကောတုံ တရာဇ်မှာ နေရသည်က ပို၍ လွတ်လပ် ပျော်ရွှင်စရာကောင်းသည်။

မည်သည့်အရပ်၊ မည်သည့်ဒေသကို သွားသွား ဇာတ်အနိမ့်အမြင့်ဆင်ခြင် နေစရာ မလို။ ကောတုံတရာဇ်သားတို့ကား မိမိနှင့် သိသိ မသိသိ နှုတ်ဆက် ပြောဆိုကြ၊ ကျီစယ် နောက်ပြောင်ကြ၊ ဖော်ရွေ မေးမြန်းကြနှင့် အလွန်ပင် လွတ်လပ်ကြသည်။ အမြဲ ရွှင်ပျနေကြသော မိန်းမ၊ ယောကျ်ား ကလေးသူငယ် များ၏ မျက်နှာများမှာလည်း အစဉ် ပြုံးချို ကြည်လင်နေကြသည်။

ဦးအောင်သာဇံ၏သမီး သုံးယောက်နှင့်အတူ ပွဲသွားကြည့်ကြတိုင်း အဝတ်အဆင် မတူသော အာရိယာန်မလေးကို လူတိုင်းက ဂရုတစိုက်နှင့် ကြည့်ကြ၊ မေးကြ၊ နှုတ်ဆက်ကြ၊ သဇင်ဦးတို့ ညီအစ်မ သုံးဖော်ကလည်း ဘုမ္မရာဇ်က သူတို့ညီမ၊အစ်မ ဖြစ်ကြောင်း ပြောကြနှင့် ပွဲသွားကြည့်ကြရင်း စန္ဒာဒေဝီလေး အတွက် မိန်းမသူ မိတ်ဆွေသူငယ်ချင်းများပင် ရလာသည်။ ဦးအောင်သာဇံနှင့် ဒေါ်ကြာညိုမေတို့၏ အမျိုးများမှာလည်း စန္ဒာဒေဝီလေး၏ အမျိုးများလိုပင် တစ်နွယ်ငင်တစ်စင်ပါ ရင်းနှီး ခင်မင်လာကြသည်။

မိန်းမသူများသာမဟုတ် သဇင်ဦး၊ သန္တာမြ၊ လှဒါသူတို့၏ မောင်နှမ ဝမ်းကွဲ ယောကျ်ားလေးများကလည်း သူတို့အနားလာထိုင်ပြီး စန္ဒာဒေဝီလေးကို အာရိယာန်တို့၏ နိုင်ငံအကြောင်း၊ ဘုမ္မရာဇ်မြို့ကြီး အကြောင်း မေးကြမြန်းကြ သည်မှာ ညစဉ်လိုလိုပင်။ သည်နေ့ ဤကျုံးရွာပွဲပြီးလျှင် နောက်ဘယ်နေ့ရာ ဘယ်ကျုံးရွာတွင် နာမည်ကြီး ကချေသည်မတို့၏ပွဲရှိကြောင်း၊ ထိုပွဲကိုလည်း လာကြည့်ကြရန် သဇင်ဦးတို့ ညီအစ်မများနှင့် စန္ဒာဒေဝီလေးကို သတင်းပါးတတ် ကြသည်။

ထို့ကြောင့်လည်း လှဒါသူလေးက စန္ဒာဒေဝီလေးကို သူ့အစ်ကိုဝမ်းကွဲ များနှင့် ခဏခဏ စတတ်၏။ ဤသည်ကို သဇင်ဦးနှင့် သန္တာမြတို့က -

"ဟဲ့ လှဒါသူ၊ ငါ့အစ်ကိုတွေ ဒုသနသော ဖြစ်ကုန်ပါဦးမယ်၊ ညီမလေး စန္ဒာမှာ လက်ထပ်ထားသူရှိပြီးသား၊ သာမိကပစ္စည်းနဲ့ မပြစ်မှားကောင်းဘူး နင်ပေါက်ကရ ပါးစပ်ပေါက်ပေါက်ဖောက်နေတာနဲ့ ငါ့မောင်တွေက စန္ဒာတို့ အပျိုထင်ပြီး လာပိုးပန်းနေကြပါဦးမယ်"ဟု ဟန့်တားတတ်သည်။ ဤသို့ အခါ မျိုးတွင် စန္ဒာဒေဝီလေး၏ မျက်နှာကလည်း ညှိုးနွမ်းသလို ဖြစ်သွားရ၏။

"မမ စန္ဒာက မကြီးတို့ ပြောတာနဲ့ သူ့မောင်တော်ကို သတိရသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆွေးသွားပြီ"ဟုလည်း ထပ်စတတ်ပြန်သည်။

ကောတုံတရာဇ်တွင် သည်လိုနေကြရင်း နှစ်ပတ်ခန့်အကြာ၌ ဘုရားရုပ်ပွားတော်မြတ် ထုဆစ်ပြီးသောအခါ စန္ဒာဒေဝီတို့ မိသားစုမှာ ဘုမ္မရာဇ်ကို ပြန်ရန် ပြင်ဆင်ကြရသည်။ ထိုအခါ လှဒါသူလေးက ဘုမ္မရာဇ်ကို လိုက်လည်ရန် သူ့မိဘနှစ်ပါးကို အတင်း ပူဆာနေ၏။ စန္ဒာဒေဝီတို့ မိသားစုကလည်း ဦးအောင်သာဇံတို့ မိသားစုအား ဘုမ္မရာဇ်ကို သူတို့နှင့် တစ်ပါတည်း လိုက်လည်ရန် ခေါ်နေကြသည်။ သို့သော် ရာသီမှာ ဧညဝတီဘက်မှ ဆန်စပါးလှေများ အလာများချိန်၊ အုန်းဆန် အုန်းသားများ ခွဲချိန်၊ ပွဲလမ်းသဘင်များသော နွေဦးရာသီရောက်တော့မည် ဖြစ်သဖြင့် ရက်ကန်းရက်ထည်တွေ အရောင်းရ အတွင်ကျယ်ဆုံးရာသီ ဖြစ်သဖြင့် ဦးအောင်သာဇံတို့ မိသားစုမှာ ဘုမ္မရာဇ်မြို့ကို လိုက်မလည်နိုင်ကြသေး။ ထို့ကြောင့် လှဒါသူလေးကိုလည်း ဘုမ္မရာဇ်မြို့၌ နတ်ဘုရားပွဲများ စည်ကားချိန်ကျတော့မှ မိသားစုအားလုံး ဘုမ္မရာဇ်မြို့ စန္ဒာဒေဝီတို့ဆီသို့ အလည်သွားကြရန် ချော့မော့ ဖျောင်းဖျထားကြရသည်။

စန္ဒာဒေဝီတို့ မိသားစုမှာလည်း ဘုရားပုထိုးများနှင့် ထူးထွေ ဆန်းပြားသော ကျောက်ပိုးထိုးတောင်၊ ရောင်စုံကျောက်မှီတော။ ရောင်စုံ ကျောက်သစ်တော၊ ရေတံခွန်တို့ရှိရာ ကောတုံတရာဇ်မြို့နှင့် ကောတုံတရာဇ်မြို့သားတို့၏ ပျော်ရွှင်ကြည်နူးစရာ ခင်မင်တတ်မှု လွတ်လပ်စွာ နေထိုင်တတ်ကြမှုတို့ကို လွမ်းလွမ်းတတ သတိရရင်းက ဘုမ္မရာဇ် ဇာတိမြေကို ပြန်လာခဲ့ကြရသည်။

ဘုမ္မရာဇ် ဇာတိမြေကို ရောက်သည်နှင့် အလီဘာသည် ကောတုံတရာဇ် ဘုရားကို တည်ထား ကိုးကွယ်ရန် မြေသန့်မြေမြတ်ကိုရှာ၍ ဘုရားကျောင်းဆောက်နေချိန်တွင် စန္ဒာဒေဝီနှင့် အဗ္ဗဒုလာဂျာဟ်တို့ ဇနီးမောင်နှံ အသစ်စက်စက်မှာလည်း ယခုမှ ဆွေပြမျိုးပြ ထွက်နိုင်တော့သည်။ ထိုအခါ ယခင်က အိမ်ထဲတွင် ရှူနေသည်။ သတိမေ့မြောနေသည်ဟု ထင်နေခဲ့ကြသော ဘုမ္မရာဇ်သူ၊ ဘုမ္မရာဇ်သားတို့မှာလည်း ကျော်စောကိတ္တိကြီး၍ မြင်ချင် ကြည့်ချင်နေကြသော စန္ဒာဒေဝီလေးကို ယခုမှ တဝကြီး ကြည့်မြင်ကြရတော့သည်။

စန္ဒာဒေဝီတို့ ဇနီးမောင်နှံ ထိုသို့ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နှင့် ဘုမ္မရာဇ်တစ်မြို့လုံးရှိ ဆွေမျိုးဉာတိများအိမ်ကို သွားလာနေကြသည် ဟူသော သတင်းက ဟီလီတရိုက် သားအဖနှစ်ယောက်ဆီ ရက်ပိုင်းအတွင်း ပေါက်ကြားသွားရာ ထိုသားအဖ နှစ်ယောက်တို့မှာ ဆောက်တည်ရာမရ ဖြစ်ပြီး ယမ်းပုံမီးကျကာ သူတို့၏ သိဒ္ဓိမဟိဒ္ဓိပြီး ဆရာကြီး ကာလာဗုတ်ဆီ ချက်ချင်း ပြေးကြသည်။





ပဏ္ဍုရိန္ဒတောင်ခြေတွင် တစ်ထီးတစ်နန်းနေသော ကာလာဗုတ်ကြီးသခ်မ်းရှေ့ မြင်းရထား ထိုးဆိုက်လိုက်သည်နှင့် အာဇံဟူရ်တို့ သားအဖသည် သခ်မ်းကျောင်းပေါ်ကို ဒေါသတကြီး ပြေးတက်သွားကြသည်။

သူ့ဒကာတော်ကြီး ဟီလီတရိုက် သူဌေးမင်းတို့ သားအဖ ဒေါသတကြီး တက်လာကြသည်ကို မြင်သောအခါ ကတ္တီပါဝတ်ရုံနက်ကြီးခြုံပြီး စကြံလမ်းလျှောက်ကာ သိဒ္ဓိ၊ မဟိဒ္ဓိအကြံနှင့် ရှာန်ဝင်စားနေသော ကာလာဗုတ်ကြီးပင် ရုတ်တရက် လန့်သွားသည်။

"ဟီလီတရိုက် သူဌေးမင်းတို့ သားအဖပါလား။ ဘယ်လို အရေးတကြီးကိစ္စပါလိမ့်"

သိဒ္ဓိ၊ မဟိဒ္ဓိရှင် ကာလာဗုတ်ကြီးက ခြေလှမ်းစကြံ၌ ရပ်ကာ မတ်တတ်ပင် အရေးတယူ မေးလိုက်သည်။

"တန်ခိုးရှင်ကြီး ပြောတော့ စန္ဒာဒေဝီလေး အိပ်မက်က နိုးလာတဲ့အခါ ကျုပ်သား အာဇံဟူရ်နာမည်ကို တတွတ်တွတ် ရွတ်ဆိုပြီး နိုးလာရမယ်။ ကျုပ်သား ရင်ခွင်ထဲ ပြေးဝင်လာရမယ်။ ကျုပ်သား ရင်ခွင်ထဲ မရောက်မချင်း အိပ်ပျော်နေရမယ်ဆိုတာ တန်ခိုးရှင်ကြီး ပါးစပ်က ကျုပ်ကို ဟိုနေရာ ညောင်စောင်းပေါ်က မိန့်တော်မူခဲ့တာလေ"

"မှန်ပါတယ် ဒကာတော် သူဌေးမင်း။ ခု ဘာဖြစ် ဘာရယ် ပြော်. . . ဒေး အလီဘာရဲ့ သမီးလေး အိပ်ရာက နိုးလာပလား"

"နိုးလာရုံ ဘယ်ကမလဲဗျ။ ခု မင်္ဂလာဆောင်ထားတဲ့ သူဌေးသားနဲ့တောင် ဘုမ္မရာဇ်တစ်မြို့လုံးက ဆွေမျိုးတွေဆီ ဆွေပြမျိုးပြ သွားနေကြပြီ၊ ခင်ဗျား အစွမ်းဆိုတာ အဲဒါလား"

ဒေါသကြီးသော အဇာတိုင်မှာ ယခုအခါ သူ့ဆရာကြီးအရင်းကိုပင် ဒေါသထွက်လွန်းကာ ခင်ဗျား၊ ကျုပ် ဖြစ်ကုန်တော့သည်။

"တောက်. . ဟင်း ဒီအသေးအမွှားကိစ္စကို ကျုပ်က ကိုယ်တိုင် လုပ်စရာမလိုလို့ ကျုပ်တပည့်ရဲ့ အစွမ်းကိုလည်း သိလိုလို့ လုပ်ခိုင်းလိုက်တာ၊ ခု ဒီလိုဖြစ်လာတယ်ဆိုတော့ ကျုပ် မှားပါတယ် သူဌေးမင်း၊ ဟော့ တော်နီမိုနဲ့ အရွှဲရွှဲ လာကြစမ်းဟော့"

ကြမ်းခင်းပြင်ကို ဖနောင့်ပေါက်၍ ကာလာဗုတ်ကြီးက ရုတ်တရက် ဒေါသကြီး ဒေါ်လိုက်သောအခါ အသက်သုံးဆယ်ဝန်းကျင် ကတ္တီပါဝတ်ရုံ ခြုံထားသော အာရိယာန်လိုလို ရောမခေါ်မစပ်လိုလို ပုဂ္ဂိုလ်နှစ်ဦးသည် ကာလာဗုတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရွှေ ဒူးထောက်ကာ ခစားနေကြ၏။

"တော်နီရို"

"အမိန့်ရှိပါ ဆရာအရှင်"

"မင်းတို့ပြောတော့ ကျုပ် သူဌေးမင်းသားရဲ့ ဇနီးလောင်းလေးကို ရိပ်ဖမ်းသံဖမ်း အမှိန်နင်း မဟိဒ္ဓိနဲ့ အိပ်ရာပေါ် သိပ်ထားခဲ့ကြပါပြီဆို"

"မှန်ကြောင်းပါ"

"ဘာမှန်တာလဲ"

ဟိလိတရိုက် သူဌေး အဇာဘိုင်က တော်နီရိုကို ဒေါသနှင့် လှမ်းကြည့်ပြီး ဝင်ပြောလိုက်၏။ ထိုအခါ သူဆရာကြီး၏ မျက်နှာကိုပင် ယခုချိန်ထိ မော့မကြည့်သေးသော ကာလာဗုတ်ကြီး၏ ညာလက်ရုံး တော်နီရိုက အဇာဘိုင်ကို မသိမသာ မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်သည်။ ဤသည်ကို ကာလာဗုတ်ကြီးက သည်းခံရန် အဇာဘိုင်ကို လက်ကာပြလိုက်၏။

"အဲဒီ မင်းတို့ အိပ်ရာထဲ သိပ်ထားခဲ့ကြပါတယ်ဆိုတဲ့ ကလေးမဟာ ခု အကောင်းပကတိ ဖြစ်ပြီး သူ့မိဘ ပေးစားထားတဲ့ သူဌေးသားနဲ့ ယူသွားကြပြီဆိုတာကော မင်းတို့သိလား"

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ဆရာအရှင်"

"တော်နီရို ခင်ဗျားတ မဖြစ်နိုင်ပါဘူး ဟုတ်လား၊ ခု ဖြစ်မဖြစ် ခင်ဗျား လိုက်ကြည့်မလား"

"ဒီမှာ သူဌေးမင်း၊ ကျုပ်တို့ရဲ့ မဟိဒ္ဓိ၊ သိဒ္ဓိကို ကျုပ်တို့ အကြွင်းမဲ့ ယုံကြည်တယ်။ ဒီဆရာသခင် အစွမ်းနဲ့ ဒီဂိုဏ်းကြီးကို ကျုပ်တို့ တည်ထောင်ခဲ့စက ခင်ဗျားကိုယ်တိုင် မျက်မြင်ကိုယ်တွေ့တွေ့ပါ။ ခင်ဗျား မျက်စိမှောက်ပြီး တစ်ယောက်ယောက် . . "

"တော်တော့ အရှုတ္တာ၊ ခင်ဗျားတို့ မနေ့မှာ အတတ်ပေါင်း တစ်ထောင် မျက်လုံးပေါင်းတစ်ထောင် ရှိသလို ကျုပ်ရဲ့ မံသ မျက်လုံးအစုံမှာလည်း မမှားနိုင် မလွဲနိုင်တဲ့ ပကတိအမြင်ရှိတယ် ဆိုတာ နားလည်ထားပါ။ ဘာတဲ့ ခင်ဗျား စောစောက ကျုပ်ကို ပြောတာ၊ ကျုပ် မျက်လုံးအစုံက အမြင်မှားတာ ဟုတ်လား၊ ဒီမှာ စန္ဒာဒေဝီလေးနဲ့ လက်ထပ်ပေးရမယ့် ကျုပ်သား၊ အမြင်မှားနိုင်မလား၊ ခင်ဗျား သိဒ္ဓိ မဟိဒ္ဓိ အသုံးမကျတာ ဖုံးကွယ်ချင်သေးလား၊ ခု လိုက်ကြည့်မလား၊ ကျုပ်က လက်တွေ့သမားဗျ"

ဒေါသယမ်းအိုး ပေါက်ကွဲနေသော အလီဘိုင်က ကာလာဗုတ်ကြီး၏





ဘယ်လက်ရုံးဖြစ်သော အရှုတ္တာကိုပါ ဒေါသဖြစ်ဖြစ်နှင့် ဆက်ဟောက်တော့၏။

"ကဲ. . . ကဲ ကျုပ် တောင်းပန်ပါတယ် သူဌေးမင်း၊ သူဌေးမင်းရဲ့ ကျေးဇူးတော်အနန္တကို ကျုပ်နဲ့ ကျုပ်တပည့်တွေ မထိမဲ့မြင်တော့ ဘယ်တော့မှ မလုပ်ဝံ့၊ မလုပ်ရဲကြပါဘူးဆိုတာ သူဌေးမင်း ယုံကြည်လိုက်ပါ။ ခု ကိစ္စမှာတော့ တစ်ခုခု မှားယွင်းတာ ရှိရပါမယ်။ ဒါကို ကျုပ်ကိုယ်တိုင် ဒီတစ်ခါ စိစစ်ပြီး သူဌေးမင်း ဆန္ဒအတိုင်း ဆောက်ရွက်ပေးပါ့မယ်။ ခု သူဌေးမင်းနဲ့ သူဌေးသားလေးရဲ့ဆန္ဒကို ပဲပြောပါ"

သူ့တပည့်နှစ်ဦးတို့၏ လောကီပညာအစွမ်းကို အကြွင်းမဲ့ ယုံကြည်ထားသူ ဆရာကြီး ကာလာဗုတ်မှာ ကြားဝင် ဖျန်ဖြေမပြောလျှင် အခြေအနေ ပိုဆိုးသွားမည်ကို သိလိုက်သဖြင့် ဝင်ပြောရ၏။

ကာလာဗုတ်ကြီး စကားကို ကြားလိုက်ရသောအခါ သူဌေးကြီး အဇာဘိုင်က သူ့သားမျက်နှာကို လှမ်းကြည့်သည်။

ကာလာဗုတ်ကြီးနှင့် သူ၏ လက်ရုံးနှစ်ဦးတို့က စန္ဒာဒေဝီလေး သတိရလာလျှင် သူ့ရင်ခွင်ထဲ မုချ ရောက်လာရမည် ဆိုစကားကို ယုံကြည်ကိုးစား၍ မျှော်လင့်ချက် တစ်ခွဲသားနှင့် အားထားယုံကြည်ကာ စန္ဒာဒေဝီလေး အိပ်ပျော်နေရာမှ နိုးလာမည့်ရက်ကို မျှော်ပြီး ပျော်နေခဲ့ရသော အာဇံဟူရိမှာ ယခုအခါတော့ မျက်ရည်တွေသာ နင်းကြမ်းပေါ် တစက်စက်ကျကာ ခေါင်းမဖော်နိုင်ဘဲ ရှိုက်ငိုနေသည်။

"ဟော့သား ငါတို့ဟာ ဒေါမရောမ သွေးတွေပါကွ၊ မျက်ရည်မကျစမ်းပါနဲ့ ငါ့သား လိုချင်တဲ့ စန္ဒာဒေဝီလေးကို ခု ရအောင် ဆရာအရှင်ကိုယ်တိုင်. . . "

"ခုမှ ခုမှတော့ စန္ဒာဒေဝီကို ကျုပ် မလိုချင်တော့ဘူး ပါပါ၊ သူ အမှန်တကယ် ကျုပ်ကို. . . . "

"ဒါဆို သူဌေးသား ဘာဖြစ်ချင်လဲ ပြော၊ စန္ဒာဒေဝီဟာ ဒီလောက်တောင် မင်းအပေါ် ရက်စက်မှတော့ သူ့ကို ဆရာကြီးကိုယ်တိုင် သေအောင် ရှုအောင် သတ်မေ့လဲနေ . . . "

"ကျေးဇူးတင်ပါတယ် သိဒ္ဓိရှင်ကြီး ခင်ဗျား၊ ဆရာအရှင်ရဲ့ သိဒ္ဓိမဟိဒ္ဓိ အစွမ်းတွေကို ကျုပ်ကိုယ်တိုင် မြင်ဖူး၊ တွေ့ဖူးသူမို့ ယုံကြည်ပါတယ်၊ အဲဒါကြောင့် တောင်းပန်ပါရစေ၊ ကျုပ် အသက်တမျှ ချစ်ခဲ့ရတဲ့ စန္ဒာဒေဝီလေး တစ်စုံတစ်ခု ဒုက္ခကိုမှ ကျုပ် မမြင်ရက်နိုင်၊ မကြားရက်နိုင်ပါ။ စန္ဒာဒေဝီလေးကို ကျုပ် ခွင့်လွှတ်ပါတယ်။ စန္ဒာဒေဝီလေးဟာ သူချစ်သူနဲ့ ပျော်ပျော်ပါး ကျန်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာမာ ချမ်းချမ်းသာသာ နေနေတာကိုပဲ ကျုပ်မြင်ပါရစေ။ ဒီတစ်ခါ စန္ဒာဒေဝီလေး တစ်ခုခု ဒုက္ခဖြစ်သွားတယ် ကြားတာနဲ့ ကျုပ်အသည်းနှလုံးတွေ ကြေမွပြီး သေရပါလိမ့်မယ်။ အဲဒါကြောင့် သိဒ္ဓိရှင်ကြီး ခင်ဗျား၊ စန္ဒာဒေဝီလေးကိုရော၊ သူ့မိဘ ဆွေမျိုးများကိုရော၊ တစ်စုံတစ်ခု သောကဒုက္ခ မဖြစ်ကြရအောင်ပဲ သိဒ္ဓိရှင်ကြီးက ကယ်မ စောင့်ရှောက်ပေးတော်မူပါ။ အဲဒါ ကျုပ်ဆန္ဒအမှန်ပါ။ အဲဒီလို စောင့်ရှောက်ကြဖို့လည်း သိဒ္ဓိမဟိဒ္ဓိရှင်ကြီးနဲ့ တော်နီရို အဗ္ဗုတ္တတို့ကို ကျုပ် တောင်းပန်ပါတယ်။ စန္ဒာဒေဝီလေးနဲ့ သူ့မိသားစု သောကဒုက္ခတစ်ခုခုရောက်တယ်ကြားရင်တော့ အရှင်တို့ဟာ ကျုပ်ရဲ့ ကိုးကွယ်ရာ ဆည်းကပ်ရာ မမည်တော့ပါဘူး အရှင်တို့ ခင်ဗျား"

"တောက်"

သူ့သား အာဇံဟူရ် စကားကို ကြားလိုက်ရသောအခါ သူဌေးကြီး အဇာဘိုင်မှာ တက်ခေါက်၍ ဒေါသတကြီး သခ်မ်းအောက်သို့ ပြေးဆင်းသွားသည်။ "ရှုံးပြီ၊ ဒီတစ်ခါ ကျုပ်ရှုံးပြီ၊ ကျုပ်အထင်မှားပြီ၊ ကျုပ်အထင်မှားပြီ" ဟုလည်း အော်ဟစ်သွားသည်။

ကာလာဗုတ်ကြီးနှင့် တော်နီရို၊ အဗ္ဗုတ္တတို့ကမူ သက်မ ပြိုင်တူချကာ သူ့အဖေနောက် ငိုရှိုက်ပြီး ဆင်းလိုက်သွားသော အာဇံဟူရ်၏ နောက်ကျောကိုသာ ငေးကြည့်ကာ ငိုင်ကျန်ခဲ့ကြ၏။ ခဏကြာတော့မှ လောကီပညာရပ်ပေါင်း တစ်ထောင်ကို ပ႒တ်မြောက်ထားသော ကာလာဗုတ်ကြီးဆီက စကားသံ ထွက်လာသည်။

"တော်နီရို၊ ငါ့တပည့်မှာ အမှား တစ်ခုခု ရှိရမယ်။ ပြန်သုံးသပ်ကြပါဦး"

"လုံးဝ အမှားမရှိကြောင်း တပည့်တို့ ရဲရဲဝံ့ဝံ့ အာမခံလျှောက်ခဲ့ပါတယ်"

"ဒါဆို အိပ်သူ တခြား နိုးသူ တခြား ဘာကြောင့် ဖြစ်ရလဲ"

"တပည့်ကြီး အထင်ကတော့ ဒီ သူဌေးသားစိတ်ကိုက မှုမမှန်လို့ တပည့်ကြီးတို့ အကြံမအောင်တာ ဖြစ်မယ်လို့ ထင်ပါတယ်။ ခုပဲ ဆရာသခင် အကြားပါ၊ စန္ဒာဒေဝီကို သူ မလိုချင်တော့ပါဘူး။ စန္ဒာဒေဝီ ဒုက္ခတစ်စုံတစ်ရာဖြစ်တာကို အဲ စန္ဒာဒေဝီ တစ်ယောက်တည်းတောင် မကဘူး၊ တစ်ဆွေလုံးတစ်မျိုးလုံး ဒုက္ခရောက်တာတောင် ခုတော့ သူ မလိုလားတော့ပါဘူး ဆိုစကားဟာ စိတ်မမှန်လို့ဘဲ မဟုတ်ပါလား ဆရာအရှင်"

"ငါ မထင်ဘူး တော်နီရို၊ ဒီသူငယ်ရဲ့ ရုပ်လက္ခဏာမျိုးဟာ စိတ်မမှန်တဲ့ ရုပ်လက္ခဏာ မဟုတ်ဘူး၊ အင်မတန် နှလုံးသား ဖြူစင်တဲ့ ရုပ်လက္ခဏာမျိုးပဲ





ဒီသူငယ်မကို ဒီသူငယ်ဟာ တကယ် ဖြူစင်တဲ့ မေတ္တာနဲ့ ချစ်ခဲ့ကြိုက်ခဲ့တာဖြစ်ရမယ်လို့ ဆရာ ယုံကြည်တယ်။ အဲဒါကြောင့်လည်း ခု အဲဒီ သူငယ်မရဲ့ ဒုက္ခကို သူ မမြင်ချင် မကြားချင်ဘူးလို့ ပြောသွားတာ တပည့်တို့အကြားပါပဲ"

"ဒါပေမယ့် သူက ဘယ်လောက်ပဲ စန္ဒာဒေဝီလေးရဲ့ ဒုက္ခ တစ်စုံတစ်ရာကို မမြင်ချင်ပါဘူး ပြောပေမယ့် ကျုပ်တို့ရဲ့ စားဝတ်နေရေး အားလုံးကို တာဝန်ယူ ဂိုဏ်းကြီး ထောင်ပေးထားတဲ့ သူဌေးကြီးရဲ့မျက်နှာက ရှိသေးတယ်။ ဒီမိန်းကလေးရဲ့ ခင်ပွန်းကို ရိပ်ဖမ်းမမိ၊ သံဖမ်းမမိ၊ အရိပ်နင်းပညာရပ်ကို ဒီတစ်ခါ တပည့်ကြီးတို့ အသုံးချကြည့်ရဦးမှာပါ ဆရာ"

"မရဘူး အဗ္ဗုတ္တ၊ ဟိုသူငယ်လေး စကားက မနောရဲ့ သစ္စာစကား ဖြစ်သွားပြီ၊ ကာယကံရှင်ရဲ့ဆန္ဒ မပါတာကို ရိပ်ဖမ်းသံဖမ်း အရိပ်နင်း သိဒ္ဓိမဟိဒ္ဓိက ခွင့်မပြုဘူး။ သူ ခွင့်ပြုခဲ့စဉ်က ငါ့တပည့်တို့ အမှားတစ်ခုခုကိုသာ ပြန်ပြီး ရှာကြည့်ကြပါ"

"တပည့်ကြီး တော်နီရိုကိုယ်တိုင် ဒီသူငယ်မရဲ့ မင်္ဂလာပွဲကို အာရိယာန်တစ်ယောက်အဖြစ်နဲ့ သွားပြီး ဒီသူငယ်မရဲ့ အရိပ်ကိုနင်းခဲ့သူပါ ဆရာအရှင်၊ တပည့်ရဲ့ အောင့်ထားတဲ့အသက် ပြန်မထွက်မီ ဒီသူငယ်မ တုံးလုံးလဲကျသွားခဲ့ပါတယ်။ ဒါကို အဗ္ဗုတ္တနဲ့ ပွဲပရိသတ် အားလုံးအမြင်ပါ။ တပည့်ကြီးရဲ့ သိဒ္ဓိမဟိဒ္ဓိအစွမ်းနဲ့ မေ့မြော အိပ်ပျော်သွားခဲ့တာလည်း အမှန်ပါ"

"အဗ္ဗုတ္တ"

တော်နီရို၏ စကားအဆုံးမှာ သူ့ဘယ်လက်ရုံး အဗ္ဗုတ္တဘက် ကာလာဗုတ်ကြီးက လှည့်လာပြန်၏။

"အမိန့်ရှိပါ ဆရာအရှင်"

"ဒါဆို ဆရာတို့ တပည့်တို့ထက် အစွမ်းထက်တဲ့ သိဒ္ဓိမဟိဒ္ဓိရှင်တစ်ဦးဦးက ဒီသူငယ်မရဲ့ မနောအာရုံကို နှိုးကြားလိုက်လေသလား"

"ဘုမ္မရာဇ်မှာ ဆရာထက် သိဒ္ဓိမဟိဒ္ဓိပေါက်နေသူ မရှိနိုင်ပါ ဆရာအရှင်"

"ဒါဆို ဘာကြောင့် ဒီလို အကောင်းပကတိ ဖြစ်သွားရတာလဲ အဗ္ဗုတ္တ"

"တပည့်ကြီးတို့ရဲ့ အစွမ်း၊ ဆရာအရှင်ရဲ့ပညာကို ထွင်းဖောက်နိုင်တဲ့ အစွမ်းကို တပည့်ကြီးလည်း ဒီတစ်ခါ မတွေးတတ်အောင် ဖြစ်ရပါတယ်၊ အံ့လည်း အံ့သြရပါတယ်"

"တပည့်ကြီး စဉ်းစားမိတာက တပည့်ကြီးတို့ မဟိဒ္ဓိထဲမှာ ဝိညာဉ်ရှင်ပေးစေနိုင်းတာကိုပဲ တပည့်ကြီးတို့ နည်းနည်း သံသယ ဖြစ်မိပါတယ်၊ ဘာကြောင့်လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဒီသူဌေးသားရဲ့ ပကတိ မရှိတဲ့ ဟဒယအိမ်က ဝိညာဉ်ရုပ်ဟာ စန္ဒာဒေဝီလေးဆီကို အရောက် မသွားနိုင်ခဲ့ဘူးလို့ ယူဆလို့ရပါတယ်။ တကယ်လို့သာ တပည့်ကြီးတို့ စေခိုင်းလိုက်တဲ့ ဝိညာဉ်ရုပ်ဟာ အိပ်မက်ထဲက ဒီသူငယ်မဆီ ဇကန်ဇကေ ရောက်ရင် ဒီသူငယ်မ သတိရလာတာနဲ့ သူဌေးသားရဲ့ ရုပ်အသံကို ကြားရပြီး မဖြစ်မနေ သူဌေးသားရဲ့ ရင်ခွင်ထဲကို ရောက်သွားမှာပါ။ ဒါမှမဟုတ် သူ့မိဘဆီ တစ်ခုခု တောင်းဆိုတော့မှာပါ။ ခုတော့ သတိရလာတာနဲ့ အကောင်းပကတိ သူ့ခင်ပွန်းသည် ရင်ခွင်ထဲ ရောက်သွားတာ ဝိညာဉ်ရုပ်ရဲ့ မှားယွင်းချက်တစ်ခု ဒါမှမဟုတ် တပည့်ကြီးတို့ လွှတ်လိုက်တဲ့ ဝိညာဉ်ရုပ်ကို ဖျက်ဆီး ဟန့်တားနိုင်တဲ့ သိဒ္ဓိရှင်မဟိဒ္ဓိရှင် တစ်ယောက်ယောက် ဘုမ္မရာဇ်မှာ စောစောက ဆရာအရှင် တွေးထင်သလို ရှိနေမလား။ ဒါကို တပည့်ကြီး သံသယရှိပါတယ်"

သူ၏ လက်ရုံးနှစ်ဆူ ဖြစ်ကြသော တော်နီရှိနှင့် အဗျတ္တတို့၏ ထင်မြင်ယူဆချက်ကို ကြားနာနေရသော ဆရာကြီးကာလာဗုတ်မှာလည်း ဤတစ်ခါ မတွေးတတ်အောင်ပင် ဖြစ်သွားပုံရသည်။

သူသည် ခေါမရောမနှင့် အာဒိသျှ၊ ဂီဗဟူ၊ ကီရိ စသော အရပ်ရှစ်မျက်နှာကို နှစ်ပေါင်းများစွာ မြို့ရွာတောတောင်အနှံ့သွား၍ လောကီပညာ ရှာမှီး ဆည်းပူးလာခဲ့သူ ဖြစ်သည်။ ရှေးအကျဆုံး လောကီပညာ ကျမ်းပေါင်းများစွာ အယူဝါဒများစွာတို့ကိုလည်း လေ့လာခဲ့သူ တတ်ကျွမ်းလာခဲ့သူ ဖြစ်သည်။ ဤရုပ်ဖမ်းသံဖမ်း အရိပ်နင်းပညာသည် လောကီရေးရာတွင် အစွမ်းထက်မြက်ဆုံးသောပညာ ဖြစ်သည်။ မည်သည့် သက်ရှိသတ္တဝါကိုမဆို ဤပညာနှင့် ပြုစားနိုင်သူဖြစ်သည်။ ယခု သူနှင့်တကွ သူ့ဂိုဏ်းသားဂိုဏ်းသူများ၏ စားဝတ်နေရေး အားလုံးကို ယုံယုံကြည်ကြည်နှင့် လက်ခံဆောင်ရွက်ပေးခဲ့သူ ဘုမ္မရာဇ်မြို့ ဟိလိတရိုက်သူဌေးကြီး၏ လိုအင်ဆန္ဒကို ဖြည့်ပေးမိကာမှ ဤပညာ၏ အစွမ်းကို ဖြိုဖျက်ပစ်နိုင်သူသည် မည်သူနည်း၊ မည်သို့သော အတတ်ပညာရှင်နည်း။ ဤသည်ကို ကာလာဗုတ်ကြီး အထပ်ထပ်အခါခါ တွေးခေါ်ကြည့်သည်။ သို့သော် ယခုထိမူ အဖြေပေါ်မလာ။ တွေးခေါ် ကြံဆ၍ မရ။ ထို့ကြောင့် သူ၏ အနွေဝါသိကကြီးများကို အမိန့်ပေးသည်။

"တပည့်တို့ ဘာပဲဖြစ်ဖြစ် ဆရာအရှင်ရဲ့ ဒီပညာစွမ်းကို မည်သူက ချေဖျက်သနည်း၊ စန္ဒာဒေဝီလေး အကောင်းပကတိ ဖြစ်သွားအောင် မည်သူက စွမ်းဆောင်ပေးလိုက်သနည်း။ ဒါကို ငါ့တပည့်တို့ အမြန်ဆုံး စုံစမ်းကြပါ။ ဒီပညာသည်ကို ဆရာအရှင် သိလိုတယ်"



ဤသို့ဖြင့် တော်နီရှိနှင့် အဗျတ္တတို့သည် စန္ဒာဒေဝီလေးအား အကောင်းပကတိ ဖြစ်လာအောင် စွမ်းဆောင်နိုင်သော ပညာရှင် မည်သူ ဖြစ်သည်ကို ဘုမ္မရာဇ်တစ်မြို့လုံး၌ စုံစမ်းကြသည်။ ပညာရှင်ကိုမူ မည်သူမည်ဝါဟု မသိသော်လည်း စန္ဒာဒေဝီလေးတို့ မိသားစု ကောတုံတရာဇ်မြို့ကိုသွားပြီး ဆေးကုကြသည်၊ ကောတုံတရာဇ်မြို့က ပြန်အလာမှာ အကောင်းပကတိ ဖြစ်လာကြောင်း သတင်းရသည်။ ဤသည်ကို သူတို့ဆရာကြီး ကာလာဗုတ်အား သံတော်ဦးတင်ကြသောအခါ ကာလာဗုတ်ကြီးက -

"ကောင်းပြီ တပည့်တို့၊ ဒါဆို ဆရာအရှင်တို့ ကောတုံတရာဇ်ကို လိုက်ကြရမယ်။ ဒီပညာရှင်ကို ကောတုံတရာဇ်မှာ စုံစမ်းရမယ်။ ဒီပညာရှင်နဲ့ ဆရာတို့ လောကီအစွမ်း ပြိုင်ကောင်း ပြိုင်ကြရလိမ့်မယ်။ ဒီတော့ ငါ့တပည့်ကြီး နှစ်ယောက်လည်း ဆရာအရှင်နဲ့အတူ ကောတုံတရာဇ်ကို လိုက်ကြရလိမ့်မယ်။ ဘုမ္မရာဇ်က ဆရာအရှင်ရဲ့ ဂိုဏ်းသူဂိုဏ်းသားများကို ထိန်းကွပ်ကြပ်မတ်နိုင်တဲ့ တပည့်များကို လွှဲအပ်ကြပါ။ ဆရာအရှင်တို့ ချက်ချင်း ကောတုံတရာဇ်ကိုသွားဖို့ စီစဉ်ကြပါ"ဟု မိန့်ကြားလေသည်။

သူ့ဆရာကြီး အမိန့်အတိုင်း တော်နီရှိ နှင့် အဗျတ္တတို့ ကောတုံတရာဇ်ကို လိုက်ကြရန် အပူတပြင်း စီစဉ်ကြတော့သည်။

ကာလာဗုတ်ကြီးနှင့် ဆရာတပည့် သုံးယောက်တို့သည် သူတို့၏ ဂိုဏ်းဝတ်ရုံကိုခွာကာ ကုန်သည် အသွင်သဏ္ဌာန်နှင့် ဘုမ္မရာဇ်ဆိပ်ကမ်းကို ဆင်းလာကြသည်။ ရွက်တိုင်ထိပ်တွင် နဂါးတံဆိပ်ပါ ရွက်သင်္ဘောများကို အလျင် လိုက်ရှာကြသည်။ ကောတုံတရာဇ်မှ ရွက်သင်္ဘောများကို တွေ့သောအခါ ယနေ့နက်ဖြန်ထွက်မည့် ရွက်သင်္ဘော တစ်စီးစီးကို လိုက်ရှာကြပြန်၏။ မကြာမီ ဤနေ့ ရေတက်နှင့်ထွက်မည့် ရွက်သင်္ဘောတစ်စီးကို တွေ့သည်။ ရွက်သင်္ဘောပေါ် တက်၍ ကောတုံတရာဇ်သို့ လိုက်ပါရန် လှေသူကြီးအား တောင်းပန် ပြောကြားကြသည်။ ကုန်သည်အချင်းချင်း ဟူသော သဘောနှင့် လှေသူကြီးကလည်း လိုက်ပါခွင့်ပြုသည်။

ကောတုံတရာဇ်သား လှေသူကြီးနှင့် လှေသမားများမှာ ဤပုဂ္ဂိုလ်သုံးယောက်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကောတုံတရာဇ်မြို့ကြီးကို ချုပ်ချယ်ပစ်မည့်သူများဟု ထိုစဉ်က ဘယ်လိုမှ မထင်ခဲ့၊ မသိခဲ့ကြ။ ထို့ကြောင့်ပင်လျှင် သူတို့ ရွက်သင်္ဘောပေါ်တွင် ဘုမ္မရာဇ်မြို့ကြီးမှ ကုန်သည်သုံးယောက်အဖြစ်နှင့်သာ တင်ခေါ်လာကြခြင်း ဖြစ်လေသည်။ ကာလာဗုတ်ကြီးနှင့် သူ့တပည့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်မှာမူ အကြံအစည်နှင့် လာကြသူများဖြစ်ရာ ရွက်သင်္ဘောပေါ်ရောက်သည်နှင့် စကားမရှိစကားရှာကာ ကောတုံ့တရာဇ်မြို့ကြီးတွင် လူပြု စုန်းပြု အမှောင့်ပယောဂကို ကုသနိုင်သောဆရာ ရှိ မရှိကို မေးမြန်း စုံစမ်းကြသည်။ သူတို့အကြောင်းကို မသိသူ ကောတုံ့တရာဇ် လှေသမားများကလည်း သဘောရိုးနှင့် သူတို့ ကောတုံ့တရာဇ်တွင် လူပြု စုန်းပြု အမှောင့်ပယောဂလောက်ကို ဘယ်ဆရာဆီမှ သွားကုသရန် မလိုဘဲ ကောတုံ့တရာဇ်ဘုရားပေါ်ရောက်သည်နှင့် ချက်ချင်း ပျောက်ကြောင်း ဟုတ်မှန်သည့်အတိုင်း ပြောကြားလိုက်ကြသည်။ ထိုအချိန်မှစ၍ အဖွတ္တသည် မူးကြောင်ရူးကြောင် အသွင်သဏ္ဍာန်ကိုဆောင်ကာ လူပြုစားခံထားရသူအဖြစ် စားသောက် နေထိုင်ပြသည်။

ဤသို့နှင့်ပင် ကာလာဗုတ်ကြီးနှင့် သူ့တပည့်ကျော် နှစ်ယောက်တို့သည် နောက်တစ်နေ့ မနက်တွင် ကောတုံ့တရာဇ်မြို့၏အပြင် ကျုံးလှေဆိပ်ကို ရောက်လာကြတော့သည်။ သူတို့သည် အဖွတ္တ၏ ရူးကြောင်မူးကြောင် အသွင်သဏ္ဍာန်ကိုပြကာ ကောတုံ့တရာဇ်ဘုရားသွားလမ်းကို မေးမြန်းပြီး ကောတုံ့တရာဇ်ဘုရားကုန်းပေါ် တက်လာကြသည်။ သို့သော် ဘုရားရှေ့သို့ပင် မရောက်သေး၊ သူတို့ သုံးယောက်စလုံး၏ တစ်ကိုယ်လုံးမှာ ယားယံလာကြသည်။ အစကမူ ရေပြောင်းမြေပြောင်းကြောင့်ဟု ထင်ခဲ့ကြသော်လည်း ဘုရားကျောင်းရိပ်နားကို ရောက်သောအခါ သုံးယောက်စလုံးမှာ မနေနိုင်လောက်အောင် မခံချိမခံသာ ယားယံလာကြသည်။

ထို့ကြောင့် သူတို့သုံးယောက်သည် ရှေ့ဆက် မလျှောက်ရဲကြတော့ဘဲ နောက်ပြန်လှည့်လာကြသည်။ ဘုရားကုန်းအဆင်း တစ်ဝက်လောက် အရောက်တွင် သုံးယောက်စလုံး ယားယံခြင်း လုံးဝ ပျောက်သွားသောအခါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့သြတကြီး ဖြစ်သွားကြသည်။ သင်္ဘောပေါ်၌ ကောတုံ့တရာဇ်သားတို့က တန်ခိုးကြီးဘုရား ဆိုသည်မှာ ဤဘုရားပင် မုချဖြစ်ရမည်ဟု သုံးယောက်လုံး တွက်ဆမိကြသည်။ သို့သော် လောကီပညာအရာတွင် တစ်ဖက်ကမ်းခပ်အောင် တတ်ကျွမ်းနေကြသူ ကာလာဗုတ်နှင့် သူ့တပည့်ကျော်နှစ်ယောက်မှာ ဤဘုရား၏အစွမ်းကို သိလိုကြသဖြင့် စမ်းကြည့်သောအနေနှင့် ဒုတိယမ္ပိ ဘုရားကုန်းတော်ပေါ် ပြန်တက်လာကြဖြစ်သည်။ ဤတစ်ခါတော့ သူတို့ တစ်ကိုယ်လုံးမှာ ယားယံလာခြင်း အလျှင်း မရှိကြတော့။ သို့သော် ထူးဆန်း အံ့သြဖွယ်ရာဖြစ်သော အပူလှိုင်းတစ်ခုသည် သူတို့ကိုယ်ပေါ်သို့ ကျရောက်





လာပြန်သည်။

ကာလာဗုတ်ကြီးနှင့် သူ့တပည့်နှစ်ယောက်တို့မှာ တော်တော့တန်တန်နှင့် ဖွဲ့လျှော့တတ်ကြသူများ မဟုတ်ကြလေရာ ဘုရားကုန်းတော်ပေါ် ကြိုးစား၍ ဆက်တက်လာကြ၏။ သူတို့ ခြေလှမ်းတစ်လှမ်း ရှေ့ကို တိုးလှမ်းလိုက်တိုင်း အပူလှိုင်းက သူတို့ကိုယ်ပေါ် တစ်ဆတိုး ကျရောက်လာသည်။ နောက်ထပ် ရှေ့တစ်လှမ်းကိုမူ မည်သို့မျှ မတိုးဝံ့ကြတော့သလိုဖြစ်ကာ ချွေးတဒီးဒီးနှင့် ဘုရားကုန်းတော်ပေါ်မှ နောက်ပြန်ဆုတ်လာခဲ့ကြရပြန်သည်။ ဤမျှဆိုလျှင် ဤဘုရား၏ တန်ခိုးအာနုဘော်ကို သူတို့ အတပ်သိလိုက်ကြပြီး မည်သည့် ပယောဂဆရာမျှ ကုသ၍ မရနိုင်သော အရိပ်နင်း လောကီပညာဖြင့် ပြုစားခံခဲ့ရသူ စန္ဒာဒေဝီလေး၏ ဝေဒနာသည် ဤ ကောတုံ့တရာဇ်ဘုရား တန်ခိုးကြောင့် အကောင်း ပကတိပြန် ဖြစ်လာသည်ကိုလည်း သိသွားကြသည်။

သူတို့မှာ ဤဘုရားကို အနီးကပ် လေ့လာရန် မဆိုထားနှင့်၊ ဘုရား၏ ရုပ်ပွားတော် ပုံသဏ္ဍာန်ကိုပင် မမြင်မတွေ့ခဲ့ကြရဘဲ ကုန်းတော်ပေါ်က ဆင်းပြေးလာခဲ့ကြရရာ ဤဘုရားကို သူတို့၏ သိဒ္ဓိမဟိဒ္ဓိ အစွမ်းတစ်ခုတည်းနှင့် ဘယ်လိုမှ ယှဉ်ပြိုင်နိုင်စွမ်း မရှိ ဆိုသည်ကိုလည်း သိသွားကြသည်။ ထိုအခါ ဤဘုရား၏ တန်ခိုးဣဒ္ဓိပါဒ်များ ပျက်ပြေသွားအောင် မည်သို့မည်ပုံ စီမံဆောင်ရွက်ကြရမည်ကို ကာလာဗုတ်ကြီးတို့ ဆရာတပည့် သုံးယောက် အကြံထုတ်ကြရတော့သည်။

ဤဘုရား၏ တန်ခိုးအာနုဘော်များ ပျက်ပြေ ယုတ်လျော့သွားအောင် အချိန်မည်မျှ ကြာကြာယူပြီး လေ့လာ လုပ်ဆောင်ကြရမည်ကိုလည်း မသိရသေး။ ထို့ကြောင့် သူတို့သည် ကောတုံ့တရာဇ်မြို့တွင် အချိန် ကြာကြာနေကြရမည်ဖြစ်ရာ အမှီကောင်း လိုသည်။ ကောတုံ့တရာဇ်သားတို့၏ ဘုရား ယုံကြည်ကိုးကွယ်မှုကို နည်းပညာအမျိုးမျိုးနှင့် ယုတ်လျော့သွားအောင် ကြံဆောင် လုပ်ကိုင်ကြရမည်။ မိန်းမိုးဖလာ အယူအစွဲကြီးနေကြသော လူများဆီ၌ သူတို့ တည်းခိုနေထိုင်၍လည်း ကြာရှည်ရမည်မဟုတ်။ သူတို့ဘုရား၏ ကံငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းနေကြသူများက ရက်ရှည်လများ သူတို့ နေထိုင်ခွင့်ကိုလည်း လက်ခံကြမည် မဟုတ်။

ထို့ကြောင့် သူတို့ဘုရား၏ ကံငါးပါးကို နေ့စဉ်နှင့်အမျှ ကျူးလွန်နေသူ ကောတုံ့တရာဇ်သားတို့နှင့် ဘာသာမတူသူ၊ သူတို့ဘုရားဟော ကံငါးပါးတွင် ထိပ်ဆုံးက ပါသော ပါဏာတိပါတကံကို နေ့စဉ် ကျူးလွန်နေကြသူ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ရသည်ကိုပင် ကုသိုလ်ကောင်းမှုကြီးဟု ထင်မှတ်ကာ အယူဝါဒ ရှိသူတို့ ဆိ၍သာ သူတို့သည် ကြာရှည်စွာ နေထိုင်၍ ရမည်။ သူတို့ ထိုသို့ ကြာရှည်စွာ နေနိုင်မှုလည်း ကောတုံတရာဇ်ဘုရား၏ တန်ခိုးကျေးဇူးပါဒ်ကို လေ့လာ ဖျက်ဆီး၍ ရမည်ဟု အကြံပေါက်ကာ နောက်ဆုံး၌ ကာလာဗုတ်ကြီးနှင့် တော်နီရို အဇ္ဈတ္တ တို့မှာ မြို့ပြင် ကျူးနားရှိ သားသတ်သမားတို့၏ရွာသို့ ရောက်သွားကြသည်။ အစကမူ ဘုမ္မရာဇ်မှ သားရေဝယ်ရန် ရောက်လာကြသူများအဖြစ်နှင့် ချဉ်းကပ်ကြသည်။ နေ့စဉ် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များကို သတ်ဖြတ်နေကြသူများသည် အနန္တစကြဝဠာရှိ တန်ခိုးကြီး နတ်ဒေဝတာများကို ပူဇော်နေကြသူ၊ လောက အမြင်၌လည်း မင်းနှင့်တကွ ပြည်သူပြည်သားတို့၏ စားသောက်ရန် အလို့ငှာ သတ်ဖြတ်ပေးနေကြရသူ၊ ကုသိုလ်ယူနေကြသူများဖြစ်၍ ကြီးစွာသော ကုသိုလ် များကို နေ့စဉ် ရရှိနေကြသူများဟု ခိုးကျူးယောမနာ စကားကို ကာလာဗုတ်ကြီး တို့၏ ဆရာတပည့်သုံးယောက်က တွင်တွင်ပြောကြား၊ တွင်တွင် ဟောဆိုကာ သားသတ်သမားတို့ရွာ၌ သူတို့ စတည်းချ နေထိုင်ကြလေသည်။

နေ့စဉ်နှင့်အမျှ သားကောင်သတ်၍ အသက်မွေးနေကြသူ သားသတ် သမားများကလည်း အယူဝါဒတူသူ၊ သူတို့၏ သားကောင်သတ်သောအလုပ်ကို ကောင်းချီးသြဘာပေးကြသူ ကာလာဗုတ်ကြီးတို့ ဆရာတပည့် သုံးယောက်အား ကြည်ကြည်ဖြူဖြူနှင့်ပင် လက်ခံထားကြသည်။ သည်လိုနှင့် ကာလာဗုတ်ကြီးတို့ ကလည်း သားသတ်သမားတို့၏ သားသမီးများကို လောကီပညာရပ်များ ဖြစ် သော မျက်လှည့်၊ လက်လှည့်ကစ၍ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တရား အတတ်များကိုပါ သင်ပေးကြသည်။

သားသတ်သမားတို့၏ ကလေးသူငယ်များကို မျက်လှည့်၊ လက်လှည့် အတတ်ပညာများကစ၍ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တရားအတတ်များကိုပါ သင်ပေးနေကြသလို တော်နီရိုနှင့် အဇ္ဈတ္တတို့သည် ကောတုံတရာဇ်မြို့၏ လမ်းဆုံ လမ်းခွရှိ မီးရှူးမီးတိုင် ကချေသည်မရုပ်တု ဆီမီးခွက်အောက်တို့၌လည်း ညည ဆိုလျှင် သူတို့ အလွန် ကျွမ်းကျင်သော မျက်လှည့်၊ လက်လှည့် အတတ်ပညာ များကို ပြသလာကြသည်။

ဇမ်း ခေါ် သံချိုတေးလက်ာများနှင့် သီချင်းတတ်မ၊ အယောက်တတ်တို့၏ သီဆိုမှု ပင့်ကူအကတို့ကိုသာ ညစဉ်ညတိုင်း ကြည့်ရှုလာခဲ့ကြသော ကောတုံ တရာဇ်သူ၊ ကောတုံတရာဇ်သားတို့မှာ အသစ်အဆန်းဖြစ်သော တော်နီရိုနှင့် အဇ္ဈတ္တတို့၏ မျက်လှည့်၊ လက်လှည့် ပြသမှုများကို မြင်ကြရသောအခါ အထူး





အဆန်းဖြစ်ပြီး တော်နီရိုနှင့် အဇ္ဈတ္တတို့၏ပွဲမှာ လူတိုးမပေါက်လောက်အောင် စည်ကားလာပြန်သည်။

လောကီပညာရပ်ပေါင်း တစ်ထောင်လောက်ကို အရေကျိုသောက်ထား သည်ဟုပင် ပြောဆိုရလောက်အောင် ကျွမ်းကျင်ကြသော တော်နီရိုနှင့် အဇ္ဈတ္တ တို့ကလည်း သူတို့၏ လောကီပညာရပ်တွေကို တစ်နေ့တစ်မျိုး မရိုးအောင် ပြသ၍ ကောတုံတရာဇ်သူ၊ ကောတုံတရာဇ်သားများကို လှည့်စားလျက် ရှိကြ သည်။ မျက်လှည့်၊ လက်လှည့်၊ နဝလှည့်၊ ပဋ္ဌလှည့်၊ အင်းလှည့်၊ ဆေးလှည့်၊ လောကီအတတ်ပညာများကို တစ်ဖက်ကမ်းခပ် တတ်မြောက်ထားကြသော တော်နီရိုနှင့် အဇ္ဈတ္တတို့သည် အလွန် ပူလောင်နေသော မီးတောက်မီးလျှံများကို မျိုစားပြခြင်း၊ ဝမ်းဗိုက်ထဲမှ သူတို့၏ အူတွေကို တစ်လံနှစ်လံ ဆွဲထုတ်ပြသခြင်း၊ သူတို့ကိုယ်ကို ဓားလှံတို့နှင့် ထိုးသော်လည်း မပေါက်မပြဲ မထိမရှခြင်း၊ လေးငါးလံ ရှည်သော လှေလောင်းများကိုပင် သူတို့ ပါးစပ်နှင့် မျိုပြခြင်း၊ လူစင်စစ်ကို အဝတ်နက်အုပ်လိုက်သည်နှင့် တိရစ္ဆာန်ဖြစ်သွားခြင်း၊ တိုင်ကွယ်၊ ဖနောင့်ပေါက် ကိုယ်ဖျောက်ပြခြင်း၊ မိုးပေါ်ပျံပြခြင်း၊ ကိုးကွင်းစွပ် ကိုးကွင်းလွတ် စသည့် လောကီ ပညာရပ်များကိုပါ ကောတုံတရာဇ်မြို့၏ လမ်းဆုံလမ်းခွများ၌ သားသတ်သမား ရွာက တပည့်တပန်းများနှင့် ညစဉ်ညတိုင်း တစ်နေရာမဟုတ် တစ်နေရာ မြို့ထို လှည့်၍ ပြသနေကြရာ ကြာလာသောအခါ ကောတုံတရာဇ်သားတို့၏ မိုးရာ ယဉ်ကျေးမှု အက၊ အပြ၊ အဆို၊ အတီး၊ အမှုတ်တို့မှာ တဖြည်းဖြည်း ပျောက် ကွယ်ကာ တော်နီရိုနှင့် အဇ္ဈတ္တတို့၏ လောကီပညာပြပွဲများကိုသာ စိတ်ဝင်စား လာကြသည်။

ထို့ကြောင့်လည်း ဤည ပြပွဲပြီးသည်နှင့် နောက်ညတွင် မည်သည့် ကျူးရွာ၊ မည်သည့်အရပ်တွင် နောက်တစ်ည၌ မည်ကဲ့သို့သော ထူးဆန်း အံ့ဩ ဖွယ်ရာ အတတ်ပညာများကို ပြသကြဦးမည် ဆိုသည်ကိုလည်း တော်နီရိုနှင့် အဇ္ဈတ္တတို့က ဤနေ့ညကပင် ကြေညာ ပြောကြားလိုက်ကြသည်။ ထို့အပြင် ယခု သူတို့ ပြသသော အတတ်ပညာများကို သင်လိုသူ၊ ဆည်းပူးလေ့လာလိုသူ များကိုလည်း သင်ကြားပေးမည်ဟု ဆိုသောအခါ ကောတုံတရာဇ်က လူငယ် လူရွယ်များမှာ ထိုအတတ်ပညာကို တတ်လိုသူ၊ သင်လိုသူများကလည်း အမြောက်အမြား ဖြစ်လာကြတော့သည်။

သည်လိုနှင့် ကောတုံတရာဇ်မြို့ကြီးကို ပိုင်စိုး အုပ်ချုပ်နေသော ဘာဝင်း ၏ ရွှေနန်းတော်ထိ ပေါက်ကြားသွားရာ တော်နီရိုနှင့် အဇ္ဈတ္တတို့၏ အတတ်

www.burmeseclassic.com

www.burmeseclassic.com



ပညာပြပွဲများကို ကြည့်လိုမြင်လိုကြသော အာဝမင်းနှင့် မိဖုရားတို့က တစ်ပြည်တစ်နိုင်ငံက ရောက်လာကြသော လောကီပညာရှင်ကြီး ကာလာဗုတ်တို့၏ အဖွဲ့ကို နန်းတော်ထဲကို ဆင့်ခေါ်၍ ပြသခိုင်းလေတော့သည်။

အာဝမင်း၏ နန်းရင်ပြင်တွင် ပြသရသော လောကီပညာပြပွဲကြီးကို ကာလာဗုတ်ကြီးတို့ အဖွဲ့ကလည်း လူစင်စစ်က ငှက်လင်းတကြီး ဖြစ်သွားခြင်း၊ မြွေကြီးဖြစ်သွားခြင်း၊ ဘုရင့်ရှေ့မှောက်၌ပင် မြေကျင်းတူး မြှုပ်လိုက်သူက ပွဲပရိသတ်ထဲမှ ပြန်ပေါ်လာခြင်း၊ လေထဲတွင် ပျံဝဲပြခြင်း စသည့် ပညာရပ်များကို ပြသကြရာ အာဝမင်းနှင့် မိဖုရားများ၊ မောင်းမမိဿံများတို့မှာလည်း အလွန်သဘောကျကြရာ ကာလာဗုတ်ကြီးတို့အဖွဲ့ကို ဆုတော်လာဘ်တော်များ ချီးမြှင့်ကာ တော်ဝင်လောကီပညာရှင်ကြီးဘွဲ့ကို အပ်နှင်း၍ သီးခြား အဆောင်အယောင်များကိုပါ ချီးမြှင့်မြှောက်စားလေတော့သည်။

ကောတုံတရာဇ်မြို့ကို ရောက်လာကြစဉ်က သားသတ်သမားတို့ရွာတွင် ဆင်းဆင်းရဲရဲနှင့် အခြေချ နေထိုင်ခဲ့ကြရသော ကာလာဗုတ်ကြီးတို့အဖွဲ့မှာ ယခုအခါ အာဝမင်းကပင် မြှောက်စားလာသဖြင့် သီးခြားအိမ်၊ သီးခြားအရပ်တွင် တပည့်တပန်းများနှင့် လောကီပညာရပ်ဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခုကိုပင် ဘုရင့်အမိန့်တော်နှင့် တည်ထောင်ခွင့် ရသွားကြလေသည်။

ထိုအခွင့်အရေးကို ရသွားသည်နှင့် တစ်ပြိုင်နက် ကာလာဗုတ်ကြီးနှင့် တော်နီရို အဖွဲ့တွင်တို့သည် မင်းနှင့်တကွ ကောတုံတရာဇ် တစ်တိုင်းလုံးသားများ သူတို့အား ယုံကြည်ကိုးစားလာရအောင် လောကီအောက်လမ်းနည်းများနှင့် လူများကို ပြုစားကြသည်။ သို့သော် သူတို့၏ လောကီပညာအစွမ်းမှာ ကံငါးပါး လုံခြုံနေကြသော ကောတုံတရာဇ်သူ၊ ကောတုံတရာဇ်သားတိုင်းကို ပြုစား၍ မရ။ တစ်ဦးတလေကို ပြုစား၍ ရသော်လည်း ကောတုံတရာဇ်ဘုရားပေါ်သို့ ရောက်သည်နှင့် ချက်ချင်း ပျောက်ကင်းသွားရာ သူတို့မှာ ကောတုံတရာဇ်ဘုရားကို ပြိုင်မရ ဖြစ်နေကြသေးသည်။

ထိုအခါ ကာလာဗုတ်ကြီးတို့မှာ ကောတုံတရာဇ်သား၊ ကောတုံတရာဇ်သူများ ကံငါးပါး မလုံခြုံအောင်၊ ကောတုံတရာဇ်ဘုရား တန်ခိုးအာနုဘော် ပျက်ပြေအောင် မည်သို့ လုပ်ကြရမည်ကို နေ့ရှိသရွေ့ ကြံစည် အားထုတ်နေကြသည်။ ဤမျှ ဘုန်းတန်ခိုးအာနုဘော်ကြီးအောင် ဤဘုရားကို မည်သို့သော အစီအမံတွေနှင့် စီရင်ပြုလုပ်ထားခဲ့ကြသည်ကိုလည်း လိုက်လံ စုံစမ်းကြသည်။ သို့သော် ဤ ကောတုံတရာဇ်ဘုရားကို မည်ကဲ့သို့သော အစီအမံတွေနှင့် မည်



သူက ပြုလုပ်ထားခဲ့သည်ကို မည်သူကမျှ မပြောနိုင်ကြ။ ဤကောတုံတရာဇ်မြို့ကြီးကို စတင် တည်စဉ်ကပင် ဤဘုရားကို တည်ထား ကိုးကွယ်ခဲ့ကြသည် လောက်သာ ပြောနိုင်ကြသည်။

သို့သော် ဤဘုရားအပေါ်၌ အမြိုးအတေးကြီးနေကြသော ကာလာဗုတ်ကြီးတို့၏ ဆရာတပည့် သုံးယောက်မှာ အကြံအစည်ကို လုံးဝ လက်မလျှော့ကြသေးဘဲ နေသေးသပ ချုံထဲက၊ ချိုသွေးသပ တမြမြ လုပ်နေကြတုန်းပင်။

ကာလာဗုတ်ကြီးတို့ ဆရာတပည့်သုံးယောက် ကောတုံတရာဇ်မြို့ကို ရောက်၍ တစ်နှစ်ခန့်အကြာတွင် ကောတုံတရာဇ်တိုင်းကြီး၌ ထူးခြားဆန်းကြယ် အံ့သြဖွယ် ဖြစ်ရပ်ကြီးတစ်ခု ဖြစ်လာတော့သည်။ ထိုဖြစ်စဉ်မှာ ကောတုံတရာဇ်မြို့နှင့် (၁၂) ယူဇနာခန့်ဝေးသော တောင်စဉ် ခုနစ်ရိုင်၌ ဖြစ်၏။ (တစ်ယူဇနာလျှင် ၁၂ မိုင်ခန့် အကွာအဝေး ရှိသည်။)

ပုပြင်း ခြောက်သွေ့သော နွေသမယ၏ တန်ခူးလ နံနက်ထတွင် တောင်စဉ် ရွာသူရွာသားများ မိုးခြိမ်းသံကဲ့သို့ အသံတစ်ခုကို မမျှော်လင့်ဘဲ ကြားကြရသည်။ နွေခေါင်ခေါင်တွင် မိုးခြိမ်းစရာ အကြောင်း မရှိ၍ မိုးပေါ်မော့ကြည့်ကြသည်။ ကောင်းကင်တွင် မိုးသားတိမ်လိပ်ဆို၍ လက်တစ်ဝါးစာမျှသော တစ်ဖွဲ့တစ်စကိုပင် မမြင်ကြရ။ မိုးခြိမ်းသလို မြည်သံကသာ ကွမ်းတစ်ယာညက်တွင် တစ်ခါလောက် မှန်မှန် ပေါ်ထွက်လာသည်။

ထို့ကြောင့် တစ်ကြိမ်တစ်ခါမျှ သူတို့ မကြားဖူးဘူးကြသော ဤအသံမှာ ဘာသံပါလိမ့်ဟု သေသေချာချာ နားထောင်ကြည့်ကြသည်။ အသံကြားရာဘက်မှာ သူတို့ တောင်စဉ်ရွာတွေနှင့် တစ်ခေါ်သာသာဝေးသော ဒေသအခေါ် နဂါးတောင်စဉ်ဘက်မှ ဖြစ်သည်။ သူတို့ရွာများ၏ ပတ်ဝန်းကျင်တွင် နဂါးတောင် (မီးတောင်) များ ရှိသည်။ နဂါးတောင်၏ တောင်စောင်း ဆင်ခြေလျှောလေးဖက်လေးတန်တွင် ပင်လယ်ကဗွီး (ဒေသအခေါ် ပလ္လင်ပင်) များ အပြည့်အကျပ် ပေါက်ရောက်လျက် ရှိသည်။

နဂါးပွက်၊ နဂါးကျင်းပေါက်များ ရှိသော်လည်း ပလ္လင်ပင်များ မပေါက်ရောက်သေးသော ရွှံ့ဖုံး၊ ညွန်ဖုံး နဂါးပွက်ကျင်းများလည်း အမြောက်အမြားရှိရာ ထိုတောင်ကတုံးများကို ပလ္လင်ပင် မပေါက်သေး၊ မပိုင်သေးသော နဂါးငယ်များဟု သူတို့ ဘိုးစဉ်ဘောင်ဆက် ယုံကြည်မှု ရှိကြသည်။ ယနေ့ မနက်တွင် မိုးခြိမ်းသလိုအသံများ ကြားနေရသော နဂါးတောင်မှာ ပလ္လင်ပင်များ ထက်သိပ်ထိုး ပေါက်ရောက်နေကြသော နဂါးကြီးများ ပျော်စံရာ နဂါးတောင်ကြီးမှ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ နံနက်ထကပင် ကွမ်းတစ်ယာညက်ခန့်လျှင် တစ်ကြိမ်ကျ ကြားနေရသော မိုးချုန်းသံလိုလို အသံများမှာ နေမြင့်လာလေ အသံက စိပ်စိပ်မြည်လာလေ ကျယ်လောင်လာလေ ဖြစ်သည်။ ဤသည်ကို ရွာသားကြီးအချို့က "နဂါးတွေ ပလ္လင်တောလုလို့ ရန်ဖြစ်နေကြတာလား၊ နဂါးမလုလို့ ရန်ဖြစ်နေကြတာလား တစ်ခုခုတော့ တစ်ခုခုပဲဗျို့၊ နဂါးတောင်ပေါ်က အသံတွေ ပိုကျယ်လာသလိုပဲ" ဟု အရွှန်းအနောက် ပြက်ရယ်ပြုသောစကားကို ဆိုသည်။ ထိုအခါ ကလေးများ တပါ "နဂါးကြီးတွေ နဂါးမလုလို့ ရန်ဖြစ်ကုန်ကြပြီတဲ့၊ ဒီအသံတွေဟာ နဂါးခြိမ်းသံတဲ့"ဟု ပြောနေကြပြန်သည်။

သည်လိုနှင့် နေဝန်း မွန်းမတည့်မီမှာပင် နဂါးခြိမ်းသံတွေက ပိုစိပ် ပိုကျယ်လာပြီး နဂါးပွက်၊ နဂါးပေါက်၊ နဂါးကျင်းများမှ ကြောက်မက်ဖွယ်ရာ မီးခိုးလုံးကြီးများနှင့် ရွှံ့ညွန်ချော်ရည်များ အန်ထွက်လာသည်။ နဂါးများ စံပျော်ရာ နဂါးတောင်များရှိ နဂါးပွက်၊ နဂါးကျင်းပေါက်များမှာ တလင်းရာတစ်ဝိုက်မှသည် အိမ်လုံး၊ ကျောင်းလုံး လှူကြီး သုံးလေးယောက်ဖက်ခန့်ထိ အကြီးအသေး မျိုးစုံရှိလေရာ ထို နဂါးပွက်ပေါက်များမှ မိုးပေါ်ထိုးတက်နေကြသော မီးခိုးလုံး၊ မီးခိုးလိပ်များနှင့်အတူ အန်ထွက်လာကြသော ရွှံ့ရည်၊ ချော်ရည်တွေမှာ နေမွန်းမစောင်းမီ၌ပင် နဂါးတောင်ခြေအောက်ရှိ ရွာသူရွာသားများ၏ ပဲခင်း၊ နှမ်းခင်း၊ ဂျုတ်ခင်း၊ ကန်စွန်းခင်း၊ ကိုင်းတောလယ်တောများကို ရောက်လာကြသည်။

ရွာသူရွာသားတွေမှာ သူတို့၏ ပဲခင်း၊ နှမ်းခင်း၊ ဂျုတ်ခင်းများကို နဂါးတောင်မှ စီးကျလာသော ချော်ရည်၊ ရွှံ့ရည်များ ဖုံးသွားမှာစိုး၍ ပေါက်တူး၊ ပေါက်ပြား၊ တူးရွင်းများနှင့် ရွှံ့ရည်၊ ချော်ရည်စီးကြောင်းများ လမ်းလွှဲ ဖောက်ပေးနေကြရသည်။ ထိုအချိန်ထိ သူတို့မှာ ကြောက်ရလန့်ရမှန်း မသိကြသေးဘဲ ထူးထူးခြားခြားအဖြစ်ကို ပျော်စရာလုပ်ကာ တပျော်တပါးပင် ချော်ရည်စီးကြောင်းများ ဖောက်နေကြသေးသည်။

သို့သော် မကြာပါချေ။ နဂါးခြိမ်းသံများမှာ မြေတုန်ဟည်းလောက်အောင် ကျယ်လောင်လာသလို နဂါးတောင်မှ စီးကျလာသော ချော်ရည်၊ ရွှံ့ရည်တို့မှာလည်း အပေါ်ယံက အငွေ့တလူလူထွက်ကာ ပူလောင်လာသည်။ ချော်ရည်၊ ရွှံ့ရည်စီးလွှဲကြောင်းလုပ်ရင်းက တစ်စက် တစ်ပေါက် လူကိုယ်ပေါ် စဉ်မိသော ချော်ရည်၊ ရွှံ့ရည်တို့မှာ မီးကဲ့သို့ ပူလာသည်။ နဂါးတောင်မှ စီးကျလာသော ရွှံ့ရည်၊ ချော်များကလည်း ဘယ်လိုမှ စီးကြောင်းလွှဲကြောင်း ဖောက်လွှဲပေး၍ မရတော့ဘဲ ပဲခင်း၊ နှမ်းခင်း၊ ဂျုတ်ခင်းများကို ဖုံးလွှမ်းကာ မြင့်ရာမှ နိမ့်ရာသို့





ဒလဟော စီးဆင်းလာနေသည်။

ထိုအခါမှာတော့ တောင်စဉ်တစ်လျှောက်ရှိ ရွာသူရွာသားများမှာ သူတို့ အခင်းတွေ ပျက်စီးကုန်ပြီဖြစ်သဖြင့် နှမြော တုန်လှုပ်လာကြသည်။ နဂါးတောင်ကြီးမှ အဆက်မပြတ် မြည်ဟည်းလာသော နဂါးကြီးများ၏ ရန်လိုဟိန်းဟောက် ခြိမ်းခြောက်သံများနှင့်အတူ ချော်ရည်၊ ရွှံ့ရည်လှိုင်းများမှာ တောင်ပေါ်မှ တလိမ့်လိမ့် လိမ့်ဆင်းလာကြလေတော့သည်။ ထိုအခါမှာတော့ ရွာသူရွာသာများမှာ စီးကြောင်းလွှဲပေါက် ဖောက်နေကြရာမှ ပေါက်တူး၊ ပေါက်ပြား၊ တူးရွင်းများကို ပစ်ချကာ မိမိရွာဘက်သို့ ပြေးလာကြရတော့သည်။

နဂါးတောင်ပေါ်က လှိုင်းလုံးကြီးငယ်များပမာ တစ်ထွာတစ်မိုက် တစ်လံထိ မြင့်တက် စီးဆင်းလာကြသော ရွှံ့ရည်၊ ချော်ရည်များကို မည်သို့မျှ တားဆီး၍ မရနိုင်ကြတော့။ ပဲခင်း၊ နှမ်းခင်း၊ ဂျုတ်ခင်းများကို ဖုံးလွှမ်းသွားသော ချော်ရည်၊ ရွှံ့ရည်များသည် တောင်ပေါ်မှ နဂါးကြီး တစ်ချက် ထပ်ဟိန်းလိုက်တိုင်း အဆမတန် အန်ထွက်စီးကျလာကာ ယာခင်းများနှင့် လယ်ကွက်၊ လယ်ကွင်းများကိုပင် ဖုံးလွှမ်းလာသည်။

တောင်စဉ်သားတို့၏ ရွာများမှာ နဂါးတောင် မဟုတ်သော တောင်ခြေရင်း၊ ကုန်းတန်း၊ တောင်တန်းငယ်များ၌သာ ရွာတည်ထားကြသဖြင့် ယခုထိတော့ ရွာထဲကို ချော်ရည်၊ ရွှံ့ရည်တွေ ရောက်မလာကြသေး။ ထို့ကြောင့်လည်း များစွာ စိုးရိမ်ကြောင့်ကြ ကြောက်ရလန့်ရကောင်းမှန်း မသိကြသေးသော ရွာသူရွာသားများမှာ ဘယ်လိုမှ မတတ်နိုင်ကြတော့ဘဲ သည်အတိုင်းပင် မတ်တတ်ရပ်ကြည့်နေကြရတော့သည်။

လူများ ထိုသို့ လက်ပိုက်ကြည့်နေကြရချိန်တွင် အသိဉာဏ်မရှိသော တောတိရစ္ဆာန်များနှင့် အိမ်မွေး ကျွဲ၊ နွား၊ ဆိတ်၊ ခွေး၊ ကြောင်တို့မှာလည်း ဟိုပြေးသည်ပြေးနှင့် ဆောက်တည်ရာမရ ဖြစ်နေကြသည်။ ဤအရေးတွင် အိမ်မွေးတိရစ္ဆာန်များ ဖြစ်ကြသော ကြက်၊ ငှက်၊ ခွေး၊ ကြောင်၊ ကျွဲ၊ နွားများမှာ လူနှင့် အရှင်သခင်နှင့် ယဉ်ပါးနေကျ ဖြစ်သဖြင့် ရွာပြင်ရှိ ကျွဲ၊ နွား၊ ဆိတ်များက အရှင်သခင်များရှိရာ ရွာထဲ ဝင်ပြေးလာကြသည်။ ရွာထဲရှိ ကြက်၊ ငှက်နှင့် ခွေး၊ ကြောင်တို့ကလည်း သူတို့၏ အရှင်သခင်များ အနီးအနား၌သာ အော်မြည် ညည်းတွားကာ လူများကို အားကိုးတကြီးနှင့် မခွာရဲ ဖြစ်နေကြသည်။

တောတိရစ္ဆာန်များဖြစ်ကြသော သမင်၊ ဒရယ်၊ ချေငယ်၊ ဝိုင်ဆတ်၊ ယုန်၊ ပတတ်၊ ဝံ၊ ဝက်နှင့်တကွ ကျား၊ ဆင်တို့ကမူ လူများရှိရာ ရွာနားကို မလာရဲကြဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူတို့သဘာဝ စိမ်းစိတ်အသိနှင့် မီးတောင် မဟုတ်သော တောတောင်များပေါ် တတ်ချေး တိမ်းရှောင်နေကြသည်။ ဤ တိရစ္ဆာန်များ ဤလို အသိရှိနေကြခြင်းမှာ သူတို့၏ ဘိုးဘွားဘီဘင်များသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက ဤလို တပ်ဆိုးများမှ ဖြတ်သန်းလာခဲ့ကြရလေ၍လားဟုပင် ထင်စရာ ဖြစ်တော့သည်။ တောတိရစ္ဆာန်များမှာ ဤလို သဘာဝ ဘေးအန္တရာယ်များ၊ ကပ်ဆိုးကြီးများကို မည်သို့မည်ပုံ ကျော်လွှားဖြတ်သန်းကြရမည်ကို သူတို့၏ ဘိုးဘေးဘီဘင်များကပင် အဆင့်ဆင့် မှာကြားထားခဲ့ကြလေသလားဟု ထင်ရလောက်အောင် ဘေးကင်းရာသို့ ပြေးလွှား ရှောင်ပုန်းနေကြသည်။

တောင်စဉ်ရွာသူရွာသား ကလေးသူငယ်များမှာမူ နဂါးများ ရန်ပွဲကြောင့် နဂါးတောင်မှ နွံရည်၊ ချော်ရည်တွေ စီးကျလာသည်ဟူသော ယုံကြည်မှုနှင့် နဂါးမြီးသံ၊ နဂါးပွက်သံကို နားစွင့် မတ်တတ်ရပ်ကြည့်ကာ ကြောက်ရလန့်ရမှန်း များစွာ မရှိကြသေးဘဲ သူတို့၏ ဆုံးရှုံးသွားကြသော ပဲ၊ ပြောင်း၊ နှမ်းခင်း၊ ယာခင်း၊ လယ်တောများကိုသာ နှမြောတသစွာ ငေးကြည့်နေကြပြန်သည်။

ထိုအချိန်မှာပင် ကြားနေရဆဲ နဂါးများ ရန်ဖြစ်သံ၊ မြည်သံ၊ ချွန်းသံထက် ကျယ်လောင်သော ပေါက်ကွဲသံတစ်ခုကို မြေတုန်ဟည်းမှု ကြားလိုက်ကြရပြန်သည်။ ထိတ်ထိတ်လန့်လန့်နှင့် နဂါးတောင်ဘက်ကို လှမ်းကြည့်မိကြရာ အိမ်ကြီးတစ်လုံးခန့် ပမာဏရှိသော ကျောက်လုံးကြီးတစ်လုံးသည် နဂါးတောင်ထိပ်မှ မိုးပေါ် တည့်တည့်မတ်မတ် တက်လာသည်ကို မြင်လိုက်ကြရသည်။ ထိုအိမ်လုံးလောက်ရှိသော ကျောက်လုံးကြီး မိုးပေါ်က ပြန်ကျလာချိန်တွင် နဂါးမြီးလိုက်သံကြီးနှင့်အတူ နောက်ထပ် အိမ်လုံးလောက်ရှိသော အလုံးကြီးတစ်လုံးသည် နဂါးတောင်ထိပ်မှ မိုးပေါ်သို့ တည့်တည့်မတ်မတ် ထောင်တက်လာပြန်သည်။ ထိုအခါ စောစောကမှ မိုးပေါ် မြင့်တက်လာပြီး အရှိန်သေကာ ပြန်ကျလာသော ကျောက်လုံးကြီးနှင့် ယခုမှ မိုးပေါ်ထိုးတက်လာသော ကျောက်လုံးကြီးတို့ လမ်းခုလတ်၌ ထိတွေ့ တိုက်မိကြရာ ပေါက်ကွဲသံကြီးနှင့်အတူ ကျောက်ခဲနှစ်လုံးတို့မှာ အစိတ်အစိတ်အမြွှာမြွှာကွဲထွာ မီးရှူးမီးပန်းလို ဖြိုကွဲ ပြန့်ကျဲသွားသည်။

ဤသို့ နဂါးတောင်တန်းရှိ နဂါးပွက်၊ နဂါးကျင်းပေါက်များမှ နဂါးမြီးသံများနှင့်အတူ တစ်လုံးပြီးတစ်လုံး မိုးပေါ် တက်လာလိုက် ပြန်ကျလာလိုက်၊ လမ်းခုလတ်တွင် တစ်လုံးနှင့်တစ်လုံး ဆောင့်တိုက်မိ၍ ပေါက်ကွဲသံကြီးနှင့် အတူ ဖြိုကွဲသွားလိုက် ဖြစ်နေသည်မှာ နေမွန်းစောင်းကြီးအချိန်သို့ပင် ရောက်လာသည်။ နဂါးတွေကား ရန်ဖြစ်၍ ကောင်းကြဆဲ။ နဂါးတောင်တန်းတွေမှာ





သူတို့ရွာတွေနှင့်လည်း တစ်မျှော်တစ်ခေါ်ခန့် ဝေးသဖြင့် ကလေးတွေကမူ ထမင်းချက်၊ ဟင်းချက် လုပ်နေကြသော မိဘများကို "အမေ၊ အဖေ နဂါးကြီးတွေလည်း ကျုပ်တို့လိုပဲ ခဲလုံးကြီးတွေနဲ့ ပစ်ပေါက်နေကြပြီ"ဟုပင် အော်ပြောနေကြပြန်သည်။

ညနေသို့ ရောက်လာသောအခါ နဂါးမြီးသံ၊ ပေါက်ကွဲသံတို့မှာ ပိုပြီး မြည်ဟည်းလာသလို နဂါးပွက်၊ နဂါးကျင်းများမှ အန်ထွက် ယိုစီးလာကြသော နွံရည်၊ ချော်ရည်တို့မှာလည်း တဖြည်းဖြည်းနှင့် သူတို့ရွာ တောင်ခြေအောက်ကိုပင် ရောက်လာလေသည်။ သို့သော် သူတို့ရွာတွေမှာ တောင်ပေါ်၊ တောင်ကုန်းများ၌သာ တည်ထားကြသောရွာများ ဖြစ်သဖြင့် နွံရည်၊ ချော်ရည်များကိုတော့ စိုးရိမ်စရာ မရှိကြသေး။ ထို့ကြောင့်လည်း ညနေစာ ထမင်းစားပြီးကြသည်နှင့် နဂါးတောင်တန်းပေါ်မှ နဂါးများ ရန်ဖြစ်ပြီး အိမ်လုံး၊ ကျောင်းလုံး၊ ရှိုင်လုံး၊ ပုတ်လုံးလောက်ရှိ ကျောက်လုံး၊ ကျောက်ခဲကြီးများနှင့် လှမ်းပစ် လှမ်းပေါက်နေကြသည်ကိုသာ ကြည့်ကောင်းကောင်း မျှော်ငေး ကြည့်နေကြသည်။ သူတို့တစ်သက်တွင် ဤလို နဂါးရန်ပွဲမှာ ဘိုးစဉ်ဘောင်ဆက်ပင် မကြားဖူးဘူး၊ မကြည့်ဖူးဘူးကြသော နဂါးရန်ပွဲကြီး ဖြစ်၏။

ည မိုးသာ ချုပ်သွားသည် နဂါးရန်ပွဲကား မပြီးသေး။ ဤမျှ အပြီးအတေးကြီးကြပြီး ဤမျှ ရန်လိုနေခြင်းမှာ တစ်ကောင်ချင်း၊ နှစ်ကောင်ချင်း ဖြစ်သော ပြဿနာရန်ပွဲ မဖြစ်နိုင်။ ဘောဂဝတီပြည်မှ နဂါးများ ပုန်ကန်ထကြွမှု တစ်စုံတစ်ခုကြောင့် အုပ်စုလိုက် ပြည်ရွာလိုက် ဖြစ်ကြသော ရန်ပွဲဖြစ်ရမည်ဟုလည်း လူကြီးအချို့က အပြောင်အပြက်လိုလို အတည်လိုလို ထင်ကြေးပေး ပြောဆိုနေကြပြန်သည်။

သည်လိုနှင့် ညရောက်လာသောအခါ နေ့ခင်းက မြင်ခဲ့ကြရသော ကျောင်းလုံး၊ အိမ်လုံး၊ ပုတ်လုံးလောက်ရှိ ကျောက်ခဲ၊ ကျောက်လုံးကြီးများမှာ မီးလုံးကြီးများ ဖြစ်ကာ မိုးပေါ်တက်လာလိုက်၊ ပြန်ကျလာလိုက်၊ လမ်းခုလတ်တွင် အတက်နှင့်အကျ ကျောက်ခဲနှစ်လုံးထိ၍ မီးရှူး၊ မီးပန်းတွေပွင့်ကာ လက်သန်း၊ လက်မမှသည် ဘုန်းသီးလုံး၊ အိုးပုတ်လုံး၊ ရေအိုးလုံးခန့်ရှိ မီးခဲ၊ မီးလုံးများမှာ ပတ်ဝန်းကျင်ရှိ တောတောင်များပေါ် မီးခဲမီးလုံးများအဖြစ် စဉ်ကျနေကြသည်။ ဤသည်ကိုလည်း တောင်စဉ်ရွာသူရွာသားများနှင့် ကလေးများက တပျော်တပါးပင် လှမ်းမျှော်ကြည့်ကြပြီး "ဒီတစ်ခါတော့ နဂါးခံတွင်းထဲက မီးလုံး၊ မီးခဲတွေကို တစ်ကောင်နှင့်တစ်ကောင် မှုတ်ထုတ်ပြီး သူသေကိုယ်သေ တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



နေကြပြီ" ဟု ပြောဆိုနေကြပြန်သည်။

သို့နှင့် မကြာမီမှာပင် နဂါးများရန်ပွဲမှ လွင့်စဉ်ကျသွားသော မီးခဲ၊ မီးလုံးများမှာ ပုပြင်း ခြောက်သွေ့နေသော ပင်လယ်ကဗ္ဗီးပင်တောထဲ သွားကျသည်။ နွေလဖြစ်သည့်အပြင် ပင်လယ်ကဗ္ဗီး ရွက်ခြောက်တွေမှာ ခြောက်သွေ့နေသော မီးခြစ်ဆံသာသာ အလုံးလေးများဖြစ်ရာ တစ်တောလုံး တစ်တောင်လုံးကို မီးစတင် လောင်ကျွမ်းတော့သည်။ ဤသည်ကိုလည်း ဝေးဝေးက လှမ်းမြင်နေကြရသော တောင်စဉ်သူ တောင်စဉ်သားများမှာ နဂါးတွေက "တစ်ကောင်နှင့်တစ်ကောင် ရန်ပြိုးမပြေကြသေးဘဲ သူ့တောင်၊ ကိုယ့်တောင်တွေကိုပင် မီးရှို့ကုန်ကြပြီ" ဟု ပြောနေကြပြန်သည်။

နဂါးတောင်များကို တောမီးကြီးလောင်နေပြီဖြစ်သော်လည်း နဂါးပွက်ကျင်း၊ နဂါးပေါက်များမှ မီးလုံးကြီးများကိုမူ နဂါးများက တစ်လုံးပြီး တစ်လုံး မှုတ်ထုတ် တိုက်ခိုက်နေကြရာ နဂါးတောင်တန်းကြီးနှင့် တမျှော်တခေါ်ရှိ တောင်စဉ်ရွာတွေမှာ တစ်ညလုံး လင်းထိန်ကာ အပ်နဖားပေါက်ကိုပင် ထိုး၍ ရလောက်အောင် လင်းထိန်နေသည်။ ထိုအထဲတွင် နဂါးပွက်ကျင်း၊ နဂါးပွက်ပေါက်များမှ အန်ထွက်လာကြသော ရွှံ့ရည်၊ ချော်ရည်တွေမှာလည်း အငွေ့တထောင်းထောင်းထကာ ယခုအခါ ရွှံ့ရည်၊ ချော်ရည်တွေနှင့်ပင် မတူတော့ဘဲ အရောင် တလျှံလျှံထကာ သံရည်၊ ခဲရည်များလို စီးကျလာနေကြသည်။ စီးကြောင်းတွေမှာလည်း တဖြည်းဖြည်း ကြီးလာရာ မီးချောင်း၊ မီးပင်လယ်ကြီးများ တောင်ပေါ်မှ စီးကျလာနေသလို မြင်လာကြရသည်။

သည်လိုနှင့် မိုးလင်းပိုင်းမှသည် နေထွက်တပြူသို့ ရောက်လာ၏။ နဂါးရန်ပွဲက မပြီးသေး၊ သို့သော် ညက မီးလုံး၊ မီးခဲတွေနှင့် သံရည်၊ သွပ်ရည်တွေဟုပင် ထင်စရာ ဖြစ်ခဲ့ကြသော ရွှံ့ရည်၊ ချော်ရည်တွေမှာ နေရောင်ထဲ၌ ပြန်ပြီး မူလအတိုင်း ရွှံ့ရည်၊ ချော်ရည်နှင့် မီးသင်းကျောက်ခဲ၊ ကျောက်လုံးတွေ ပြန်ဖြစ်သွားကြပြန်သည်။ ပေါက်ကွဲသံကြီးတွေက ပိုပြီး ကျယ်လောင်လာသလို နဂါးပွက်ကျင်းပေါက်ထဲမှ ထိုးတက်လာကြသော ကျောက်ခဲ၊ ကျောက်လုံးကြီးတွေမှာလည်း ပိုကြီးလာသည်။

မကြာမီမှာပင် ပြင်းထန်သော ပေါက်ကွဲသံကြီး တစ်ချက်နှင့်အတူ မြေလျှင်ကြီး လှုပ်သွားရာ တောင်စဉ်တစ်လျှောက်ရှိ ရွာများမှာ အားလုံး သွက်သွက်ခါ ယိမ်းထိုးကုန်ကြတော့သည်။ ထိုအခါမှ "ငလျင်ကြီးလှုပ်ပါပြီ"ဟု အထိတ်တလန့် ကြောက်ရွံ့ကုန်ကြတော့၏။ မဟာပထဝီ မြေကြီးအောက်ရှိ ကျောက်





သား၊ ကျောက်လွှာ၊ ကျောက်ဖျာ၊ ကျောက်ပြင်တို့မှာ ငလျင်၏ မူလဘူတနိယာမ သီအိုရီအတိုင်း ဖြစ်ပေါ်ပြောင်းလဲမှုကြီးနှင့်အတူ တွန့်လိမ်ကောက်ကွေး၊ ပြတ်ရွေ့ခေါက်တွန့်၊ ကွဲလန့်ဖြာအက်၊ ထက်အောက်မညီ၊ မြင့်ချည်နိမ့်ဆင်း၊ ရွှံ့တွင်းအောအန်၊ မီးလျှံထိန်လင်း စသည့် အခြင်းအရာများ တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာတော့သည်။ ထိုစဉ်ကစ၍ တောင်စဉ်ခရိုင်ရှိ မြေဧရိယာများ အားလုံးကို ပိုင်းခြား ကွဲအက် ခွဲထွက် ဝေးလံ လျှင်မြန်စွာ ရွေ့လျားပစ်တော့သည်။

ထိုအက်ကွဲကြောင်းကြီးများသည် မည်မျှ ရှည်လျား၍ မည်သည့်အရပ်ကစပြီး မည်သည့်အရပ်တွင် အဆုံးသတ်သွားသည်ကိုလည်း မသိနိုင်ကြတော့။ ထိုကွဲကြောင်းကြီးများထဲကို ဘယ်ကဘယ်လို ဝင်လာကြမှန်း မသိသော ရေစန်များသည် ညာသံပေးကာ လှိုင်းတံပိုးများနှင့်အတူ ဝင်ရောက်လာကြသည်။ ယခင်က တစ်မြေတည်း တစ်ဆက်တည်းဖြစ်သော တောတောင်များသည် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အချိန်မှာပင် ချောင်းပေါက်၊ မြစ်ပေါက်များ ခြားသွားပြီး တသီးတခြားစီ ဖြစ်သွားကြသည်။

ထိုအထဲတွင် တောင်စဉ်ရွာ တစ်ရွာ၏ အဖြစ်ဆန်းမှာ ပို၍ အံ့ဩဖွယ်ရာဖြစ်သည်။ မြေငလျင်ကြီး လှုပ်ခါနေချိန်တွင် တောင်ကုန်းပေါ်ရှိ သူတို့ရွာသည် နှစ်ခြမ်းကွဲသွားကာ တဖြည်းဖြည်း မြေကွဲကြောင်းကြီးက ကျယ်ကျယ်လိုက်လာပြီး နှစ်ခြမ်းစလုံးမှာ ရေပေါ်၌ မျောပါနေသလို ရွေ့လျားနေသည်။ တစ်ဖက်စီရှိ လူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်၊ အိမ်ခြေ ယာခြေ၊ သစ်ပင်ပန်းမန် အားလုံးတို့မှာ မြေပေါ်တွင် ယိမ်းယိမ်းယိုင်ယိုင်နှင့် ပါသွားကြသည်။ ဤသည်ကို နှစ်ဖက်ရွာရှိ လူများကလည်း ရင်ဘတ်စည်တီးဖြစ်ကာ ဆွေမျိုးသားချင်းများအား အော်ကြ၊ ဟစ်ကြနှင့် ကြည့်နေကြရသည်။ သူတို့ ကြည့်နေကြစဉ် မျက်စိအောက်၌ပင် ရွာကို နှစ်ခြမ်းခွဲပစ်လိုက်သော မြေပပ်ကြားအက်ကြောင်းကြီးမှာ ဂါဝုတ်တစ်ဝက်ခန့် ကျယ်သွားသည်။ ထိုမြေကွဲအက်ကြောင်းကြီးထဲကို ရေစန်လှိုင်းတွေ အော်ဟည်းပြီး ဝင်ရောက်လာသည်။ ထိုအခါ ယခင်က တစ်ရွာတည်းနေ တစ်ရေတည်းသောက် ရွာသားများမှာ ချက်ချင်း တစ်မြေစီ ခြားသွားကြသည်။

ဤသို့နှင့်ပင် ရက်ပိုင်းအတွင်း၌ တောင်စဉ်ခုနစ်ခရိုင်မှ ခြောက်ခရိုင်သော မြေဧရိယာ အကျယ်အဝန်းတို့သည် ချောင်းပေါက်၊ မြစ်ပေါက်များ ခြားသွားကာ ကောတုံတာရာဝ်မြို့၏ အရှေ့တောင်ဘက်ပိုင်းရှိ တောင်စဉ်ဧရိယာများမှာ မုံရွာကျွန်း၊ မာန်အောင်ကျွန်း၊ ရဲကျွန်း၊ တိုက်ကျွန်း၊ ပန်းတင်ကျွန်း၊ စဉ့်ကျွန်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြပြီး ကောတုံတရာဇ်မြို့၏ အရှေ့မြောက်နှင့် အရှေ့အရပ်တို့တွင် စံပန်းချိုင်ကျွန်း၊ မြတဲကျွန်း၊ သပြုချိုင်ကျွန်း၊ ရင်ဘတ်တီးကျွန်း စသည်တို့ ဖြစ်လာသည်။

တောင်စဉ်သားတို့ ရင်ဘတ်စည်တီး ကြည့်ခဲ့ကြသောကျွန်းကို ယခုအခါ ရင်ခတ်တီးကျွန်း၊ ရင်းခတ်တိန်ကျွန်းဟု ခေါ်နေကြသည်။ ထိုကျွန်းမှာ ကျောက်ဖြူမြို့မှ အမ်းမြို့သို့ သွားသော ရေလမ်းကြောင်းထဲတွင် တည်ရှိသည်။ သဘော်၊ မော်တော်ဘုတ်ဆိပ် ရှိသည်။ ကျွန်းပေါ်တွင် ကံကျွန်းကြီး၊ ကံကျွန်းချေ (လေး)၊ နွားရုပ်တောင်၊ မျောက်တိုက်၊ အဝပြင်၊ ဆတ်ကျပြင် စသည့် ရွာများ ယခုထိ ရှိသည်။

နဂါးတောင် (မီးတောင်) များ ပေါက်ကွဲရာမှ သဘာဝ ဖောက်ပြန်မှုများ ဖြစ်ပြီး တောင်စဉ်ခြောက်ခရိုင်မှ မြေဧရိယာအားလုံးသည် ကျွန်းတောင်များ၊ ကျွန်းများချည်း ဖြစ်သွားရာ နောင်ကြာလာသောအခါ ကျွန်းစဉ်ဟု ဖြစ်လာလေသည်။ ထိုကျွန်းစဉ်များတွင် မြစ်ပေါက်ချောင်းပေါက်ပေါင်း (၆၀) ရှိသည်ကို ရှေးရခိုင်များက နဂါးကြီး စိတ်ဆိုးပြီး တစ်ချက် မှုတ်လိုက်ရာ မအီပေါက် (၃၀)၊ တန်း လွှဲပေါက် (၃၀) ဖြစ်သွားသည်ဟု ပုံပြင်ပမာ ပြောလာခဲ့ကြသည်။ ထို့ကြောင့် တန်းလွှဲချောင်း၊ မအီချောင်းသွား လောင်းလှေများသည် (၆၀) သော မြစ်ပေါက်၊ ချောင်းပေါက်များ ကျွန်းစဉ်တစ်လျှောက်တွင် ရှုပ်ယှက်ခတ်နေလေရာ တန်းပွဲပေါက်နှင့် မအီပေါက်ကို မှားမဝင်မိရန် ယခုထိ ရေကြောင်း မကျွမ်းကျင်သော ပဲ့ကိုင်များအား လူကြီးပဲ့ကိုင်ဟောင်းများက သတိပေးပြောကြားကြတုန်းပင် ရှိနေသေးသည်။

ကောတုံတရာဇ်မြို့နှင့် (၁၂) ယူဇနာမျှ ဝေးသော တောင်စဉ်၊ တောင်တန်းများရှိ နဂါးမီးတောက်ခြင်း၊ နဂါးများ ရန်ဖြစ်ကြခြင်းမှာ တစ်ရက်၊ နှစ်ရက်ကြာတော့မှ အေးငြိမ်းသွားသည်။ သို့သော် နဂါးပွက်ကျင်း၊ နဂါးပွက်ပေါက်များမှ အခိုးအငွေ့များကမူ တလူလူတလွင့်လွင့် ထွက်နေကြဆဲပင် ရှိနေသေး၏။

ကောတုံတရာဇ်မြို့နှင့် (၁၂) ယူဇနာခန့် ဝေးသော တောင်စဉ်တောင်တန်းများရှိ နဂါးမီးကြီးတောက်ပြီး နောက်ပိုင်းကာလ နှစ်မခြားမီပင် ကောတုံတရာဇ်မြို့ဝန်းကျင်ရှိ နဂါးပွက်၊ နဂါးကျင်း၊ နဂါးပေါက်များမှ နဂါးများလည်း တန်နိုးပြန် မီးထတောက်လာကြပြန်သည်။

ဤသည်ကို အာဝမင်းက မည်ကဲ့သို့သော အတိတ်နိမိတ် ဖြစ်မည်နည်းဟု ပညာရှိပုရောဟိတ်ကြီးများနှင့် တိုင်ပင်သည်။ ရှေးရှေး ဘိုးလောင်းတော်၊ ဘေး





လောင်းတော်၊ နောင်တော်၊ နောင်တော်တို့ခေတ်က ဤကဲ့သို့ နဂါးစောင့်သော ကောတုံတရာဇ်၌ နဂါးမီးတောက်လျှင် မည်သို့မည်ပုံ ဆောင်ရွက်စီမံခဲ့ကြသည်ကို မေးမြန်းသည်။

သို့သော် ရှေးမီနောက်မီ ပညာရှိ မှူးကြီးမတ်ရာ ပုရောဟိတ်ကြီးတို့၏ ဘိုးစဉ်ဘောင်ဆက် မှတ်တမ်းမှတ်ရာများတွင် ကောတုံတရာဇ်မြို့၌ ဤကဲ့သို့ နဂါးများ မီးတောက်စားသည်ကို ဘယ်မှတ်တမ်းမှတ်ရာများမှာမှ ရှာမတွေ့ကြ။ ထို့ကြောင့် နဂါးမီးတောက်ခြင်းမှာ မည်ကဲ့သို့သော အတိတ်နိမိတ်ဖြစ်သည်ကို ဘယ်ပညာရှိကမှ တပ်အပ် မပြောနိုင်၊ မလျှောက်တင်နိုင်ကြ။

ထိုအခါ တစ်ပြည်တစ်ရွာက ရောက်လာသူ၊ လောလောဆယ်တွင် လောကီပညာရပ်များကို အံ့မခန်း ပြသနိုင်သူ၊ ပြသနေသူ၊ လောကီတက္ကသိလာကျောင်းတော်ကြီးကို အုပ်ချုပ်နေသူ ပါမောက္ခကြီး ကာလာဗုတ်ကို အာဝမင်းက မေးမြန်းသည်။

လောကီပညာရပ်ဘက်တွင် ပါရဂူမြောက်တတ်ထားသော နိုင်ငံပေါင်းမြောက်မြားစွာရှိ မြို့ရွာနှင့်တကွ တောတောင်ကန္တာရမကျန် လှည့်လည်ကာ လောကီပညာရပ် မြောက်မြားစွာကို သင်ယူလာခဲ့သော ကာလာဗုတ်ကြီးမှာလည်း နဂါးမီးတောက်သည်ဆိုခြင်းကို ဤတိုင်း၊ ဤပြည်၊ ဤကောတုံတရာဇ်မြို့ကိုရောက်မှ မြင်ဖူး၊ တွေ့ဖူးသူဖြစ်ရာ သူလည်း မည်ကဲ့သို့သော အတိတ်နိမိတ်ကြောင့် နဂါးများ မီးတောက်စားသည်ကို ရုတ်တရက် မလျှောက်တင်တတ်ပေ။

သို့သော် ဤကဲ့သို့ ဖြစ်ရခြင်း၏ အတိတ်နိမိတ်များကို သိရှိနိုင်ရန် ရက်သတ္တသုံးပတ် သို့မဟုတ် တစ်လခန့် အချိန်ပေးပါ။ သူအဖြေရှာပေးပါမည်ဟု ကာလာဗုတ်ကြီးက အာဝမင်းထံ ခွင့်ပန်သည်။ ကာလာဗုတ်ကြီး၏ မျက်လှည့်၊ သက်လှည့်၊ တားပြီး၊ တုတ်ပြီး၊ ကိုယ်ပျောက်၊ မိုးပေါ်ပျံပြနိုင်သည့် လောကီပညာရပ်များပေါ် ယုံစား သက်ဝင်နေသူ အာဝမင်းကလည်း ကာလာဗုတ်ကြီး၏ လျှောက်တင်ချက်ကို အားကိုးတကြီးနှင့် ခွင့်ပြုလက်ခံလိုက်လေသည်။

ကာ ကာ ကာ

ရက်သတ္တသုံးပတ် သို့မဟုတ် တစ်လကြာလျှင် အာဝမင်းအား တစ်စုံတစ်ခုသောအဖြေ၊ နောင်ဖြစ်ပေါ်လာမည့် အတိတ်နိမိတ်များကို လျှောက်ကြားရတော့မည်ဖြစ်ရာ ကာလာဗုတ်ကြီးမှာ ဘယ်မှာမှ မကြားဖူး၊ မကြုံခဲ့ရသော နဂါးမီးတောက်ခြင်းကို လေ့လာရန် မီးငြိမ်းနေပြီဖြစ်သော နဂါးတောင်များဆီသို့ ဒူတာပည့်ကြီး နှစ်ယောက်နှင့်အတူ သွားရောက် လေ့လာကြသည်။



www.burmeseclassic.com

ညီအနေ နဝါးတောင်စောင်းတစ်လျှောက်နှင့် နဂါးတောင်ခြေတစ်လျှောက်မှ ဝတ်ဝန်းကျင်တွင် ရွှေလိုလို ငွေလိုလို သတ္တုခဲ၊ သတ္တုစများကို အံ့ဩဖွယ်ရာ တွေ့ရသည်။ တွေ့စကမူ ရွှေငွေအမှတ်နှင့် ကာလာဗုတ်ကြီးနှင့် သူ့တပည့်ကြီး နှစ်ယောက်တို့ အတော် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။ ထို့ကြောင့်လည်း နဂါးတောင်တစ်လျှောက်တွင် ကောက်ယူ မကုန်နိုင်လောက်အောင် ပြန့်ကျဲနေကြသော ထိုအရာ သတ္တုခဲ၊ သတ္တုတုံးများကို အငမ်းမရ ကောက်စုမိကြသည်။

နောက် သေသေချာချာ ကြည့်ရှု လေ့လာကြတော့မှ ထိုအရာများမှာ ရွှေခဲ၊ ရွှေတုံး၊ ငွေခဲ၊ ငွေတုံးများ အစစ်အမှန် မဟုတ်ဘဲ နဂါးမီးအပူရှိန် လွှန်ကဲမှုကြောင့် အရောင်ပြောင်းသွားကြသော မီးသင့်ကျောက်တုံး၊ ကျောက်ခဲများ ဖြစ်နေသည်ကို တွေ့ကြရသည်။ သို့သော် ဤမီးသင့်ကျောက်များမှာ မီးအရှိန်ရထားသော မီးသင့်ကျောက် သတ္တုရိုင်းတစ်မျိုး ဖြစ်သဖြင့် အဂ္ဂိရတ်ပညာဖြင့် ပြုပြင်လိုက်ပါက ရွှေ ငွေများ ဖြစ်လာနိုင်သည်ဟု ယူဆကာ ထိုနဂါးမီးတောင်မှရသည့် မီးသင့်ကျောက်များကို ကောက်ယူလာကြပြီး အဂ္ဂိရတ်ပညာဖြင့် လုံထထည့်၍ စိန်၊ ဆေး၊ ကန့်၊ ဝက်၊ ဒုတ်၊ ဟင်း၊ လက်နှင့် သတ္တုကွတ္တုံ နည်းမျိုးစုံအောင် လုံမြောင်းလုံလှဲ မီးအေးပူချမ်း ပရမ်းပတာ လုပ်ကြည့်ကြရာမှ ရွှေနီးနီး၊ ငွေနီးနီး အရောင်အသွေးကောင်းသော ရွှေတု၊ ငွေတု အဂ္ဂိရတ်ရွှေ ငွေများကို ရသွားကြလေသည်။

ထိုအခါ ကာလာဗုတ်ကြီးနှင့် သူ့တပည့်နှစ်ယောက်တို့မှာ အကြံပေါက်ကာ ထခုန်မိမလောက်အောင် ဝမ်းသာသွားကြသည်။ အာဝမင်း အမိန့်ရှိထားသော အတိတ်နိမိတ်နှင့် ပတ်သက်၍ သူတို့အတွက် လျှောက်တင်စရာ အကြံအစည်ကိုလည်း တစ်မုဟုတ်ချင်း ကြံဆ၍ ရသွားကြသည်။ နဂါးတောင်များနှင့် နဂါးတောင်ဝန်းကျင်တွင် ရွှေလိုလို၊ ငွေလိုလို မီးသင့်ကျောက် အတုံးအခဲတွေမှာလည်း ယူမကုန်လောက်အောင် ပေါများနေရာ အာဝမင်းအား ရွှေပလ္လင်၊ ငွေပလ္လင်လုပ်ကာ ဆက်သပြီး သူတို့၏ လျှို့ဝှက်အကြံအစည်ကို အကောင်အထည်ဖော်ရန် ကြံဆောင်ကြတော့သည်။

ရက်သတ္တသုံးပတ် မပြည့်မီမှာပင် ကာလာဗုတ်ကြီးသည် အာဝမင်းထံ ခစား ဝင်ရောက်ပြီး 'ကောတုံတရာဇ်မြို့ ပတ်ဝန်းကျင်ရှိ နဂါးများ မီးတောက်ပြသည်မှာ အရှင်မင်းကြီး၏ ဘုန်းသမ္ဘာသည် လျှမ်းလျှမ်းတောက် ကျော်ကြားလာတော့မည့် အတိတ်နိမိတ်ပင် ဖြစ်ပါကြောင်း၊ ကောတုံတရာဇ်မြို့ကြီး၊ တိုင်းကြီးသည် ရွှေတိုင်း၊ ရွှေနိုင်ငံ၊ ငွေတိုင်း၊ ငွေနိုင်ငံကြီး ဖြစ်လာတော့မည်ဆိုသော အတိတ်နိမိတ်ပင် ဖြစ်ပါကြောင်း၊ ဤ ကောတုံတရာဇ်တိုင်းကြီးကို စောင့်ရှောက်ကြည့်ရှုနေကြသော နတ်နဂါးများသည် အရှင့်ဘုန်းသမ္ဘာ ဇာတာစန်းလင်တက်နေပမာ ထွန်းပြောင်လာမည့် အကြောင်းကို နိမိတ်ပြကြခြင်းသာ ဖြစ်ပါကြောင်း၊ မကြာမီသော ကာလမှာပင် အရှင်မင်းမြတ်အား ရွှေပလ္လင်၊ ငွေပလ္လင် ဆက်သလာမည့် ပုဂ္ဂိုလ်များ ပေါ်ပေါက်လာလိမ့်မည် ဖြစ်ပါကြောင်း၊ ထို့နောက် တိုင်းပြည်၌ အရှင်မင်း၏ နန်းတော်ကြီးသည်လည်း ရွှေနန်း၊ ငွေနန်း ပြာသာဒ်ဆောင်များနှင့် ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း၊ ရက္ခပူရ ပြည်မမဏ္ဍိုင်ရှိ ဝတီလေးရပ် တောင်စဉ်ခုနစ်ထပ်၊ ခုနစ်ခရိုင်မှ ရွှေနန်းရှင်အား မင်းအပေါင်းက သမီးကညာ ရတနာများ ဆက်သ ခစားလာကြလိမ့်မည် ဖြစ်ကြောင်း' ကာလာဗုတ်ကြီးက အာဝမင်းအား ရဲရဲဝံ့ဝံ့ပင် သံတော်ဦး တင်လျှောက်ကြားလေတော့သည်။

ဆင်ခြင်တုံတရား နည်းပါး၍ မာန်မာနကြီးခြင်း၊ လောဘရမ္မက်ကြီးခြင်း၊ ကာမဂုဏ်အာရုံတို့၌ အလွန်အကျူး ခံစားလိုခြင်း၊ သူ့ကိုယ်သူ အထင်ကြီးခြင်းရှိသော အာဝမင်းမှာ ကာလာဗုတ်ကြီး၏ လျှောက်တင်ချက်ကို ကြားရသောအခါ အလွန်တရာမှ အားရ ဝမ်းမြောက်တော်မူလှသည်ဖြစ်၍ ဆုတော်၊ လာဘ်တော်များ ထပ်မံ ချီးမြှင့်ကာ ဘိုးလောင်းတော်၊ ဘေးလောင်းတော်၊ နောင်တော့၊ နောင်တော်တို့ အဆက်ဆက်ကပင် သူကောင်းပြု မြှောက်စားလာခဲ့ရသော သုပညာရှိ ပုရောဟိတ်များက ဘာမှမသိသော အတိတ်နိမိတ်ကို ဟောပြောနိုင်သူ ကာလာဗုတ်ကြီးအား အာဝမင်းက ရွှေနန်းတော်ကြီး၏ အမြင့်ဆုံးသော ဘွဲ့တံဆိပ်တော်ဖြစ်သည့် မဟာပညာကျော် ပုရောဟိတ်ကြီး ဘွဲ့တံဆိပ်ကိုလည်း ထပ်မံ၍ ချီးမြှင့် မြှောက်စားလိုက်ပြန်လေသည်။

ထိုအခါ ကာလာဗုတ်ကြီးမှာလည်း သူ၏ လျှို့ဝှက် အစီအစဉ်အတိုင်း နဂါးမီးတောင်မှ မီးသင့်ကျောက်များကိုကောက်ကာ တပည့်လက်သား သုံးလေးဆယ်နှင့် အာဝမင်းအတွက် ရွှေပလ္လင်၊ ငွေပလ္လင် ဆက်သနိုင်ရန် အဂ္ဂိရတ်ရွှေ ငွေများကို ပန်းထိမ်၊ ပန်းပဲ၊ တံကဲပလ္လင်လုပ်သူများဆီ တိတ်တိတ်ပုန်းပို့လျက်ရှိသည်။

*စကားချပ်။ ။ ရခိုင်ပြည်နယ်တွင် မီးငြိမ်းမီးတောင်နှင့် ပေါက်ကွဲတတ်သော၊ ပေါက်ကွဲပြီးသော၊ ပေါက်ကွဲမည့် မီးတောင်ပေါင်း (၆၀) ကျော်ခန့် ယခုထိ ရှိနေသေးသည်။ အများဆုံးမှာ မာန်အောင်ကျွန်းနှင့် ရမ်းဗြဲကျွန်းတွင်ရှိသည်။ စာရေးသူ ငယ်စဉ်က စေမော်ရွာဘက်မှ နဂါးမီးတောက် [illegible]တောင်*

www.burmeseclassic.com



ပေါက်ကွဲ၊ သဖြင့် တစ်ခါနှင့် စစ်တောစည်ခြံရွာဘက်ရှိ မီးတောင်ပေါက်ကွဲ၍ တစ်ခါနှစ်ခါ ထွက်ပြေးခဲ့ရဖူးသည်။ မီးတောင်များရှိသော နေရာများမှာ ရွာနှင့်ဝေး၍ သောတောင် ထူထပ်သဖြင့် ကျွန်ုပ်တို့ ငယ်စဉ်က မီးတောင်ပေါက်ကွဲခြင်း သတင်းစာထဲ ပါသည်၊ မပါသည်ကို မသိသော်လည်း ၁၉၇၁ ခုနှစ်၏ နောက်ပိုင်းမှာမူ ရခိုင်ပြည်နယ်ရှိ မီးတောင်များ ပေါက်ကွဲကြောင်း သတင်းစာထဲ ဝါလာတတ်သည်။ (၁၈-၃-၇၁) ထုတ် လုပ်သားသတင်းစာတွင် မာန်အောင်ကျွန်းရှိ မီးတောင်ပေါက်ကွဲကြောင်း သတင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

**မာန်အောင်ရှိ မီးတောင်ကြီး ပေါက်ကွဲပြီး ချော်ရည်တွေထွက်**

> ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်နှင့် (၁၂) မိုင်ခန့် ဝေးသောနေရာတွင် တည်ရှိသည့် မီးငြိမ်းနေခဲ့သော ရွှံ့မီးတောင်ကြီးမှာ ယခုအခါ ပေါက်ကွဲ၍ ချော်ရည်များ ပန်းထွက်နေသည်ဟု သိရသည်။
>
> ယခု ပေါက်ကွဲ၍ ချော်ရည်များ ပန်းထွက်နေသော မီးတောင်မှာ မာန်အောင်ကျွန်းအခေါ် နဂါးတောင် ဖြစ်သည်။ ထိုရွှံ့မီးတောင်မှာ ယခင်က မကြာခဏ ပေါက်ကွဲမှုများ ဖြစ်ခဲ့ပြီး လွန်ခဲ့သည့် ငါးနှစ်ခန့်ကပင် မီးတောင်ပေါက်ကွဲရာ လူတစ်ဦး သေဆုံးခဲ့သည်။
>
> ထိုနဂါးတောင် ပြန်လည် ပေါက်ကွဲနေမှုကြောင့် ယခုအခါ အလျားနှစ်ဖာလုံ အနံ ပေ (၆၀) လောက်ရှိသော ရွှံ့လမ်းမကြီး တစ်လမ်း ဖြစ်နေသည်။ မီးတောင်၏ အရှေ့ဘက်၊ မြောက်ဘက်၊ သစ်ပုတ်ငြိမ်ချောင်းဘက်ဆီသို့ ချော်ရည်များ ပန်းထွက်ရာမှ ရွှံ့လမ်းမကြီး ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

ထို့နောက် ၁၉၇၄ ခုနှစ် ဩဂုတ်လနှင့် ၁၉၇၉ ခု မတ်လအပြင် ကျွန်ုပ်တို့ရွာများမှ ဘုရားဖူးရန် ရန်ကုန်လာကြသူများ ပြောပြ၍ ငါးနှစ် တစ်ခါ၊ ခြောက်နှစ် တစ်ခါ ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းရှိ နဂါးမီးတောက်ခြင်း (မီးတောင်များပေါက်ကွဲခြင်း) တို့ကို ကြားခဲ့ရသည်။

အနီးဆုံး မီးတောင်ပေါက်ကွဲမှု တစ်ခုမှာ (၁၉-၉-?) ခုနှစ်က ကျောက်ဖြူမြို့ ရေနက်ဆိပ်ကမ်း သစ်ပုတ်တောင်ရေတပ်နှင့် လေးငါးမိုင် အကွာရှိ မီးတောင်တစ်လုံး ပေါက်ကွဲခဲ့မှုပင်။ ပေါက်ကွဲချိန်မှာ နေ့လယ် (၁၁) နာရီမှ စသည်။ ချော်ရည်များ ပန်းထွက် စီးကျနေသည်မှာ ညနေ လေးနာရီ၊ ငါးနာရီခန့်ကျမှ ရပ်သွားသည်။ မီးတောင် ပတ်ပတ်လည်တွင် ပေ (၄၀) ခန့်မြင့်သော





ပင်လယ်ကဗ္ဗီးပင်များ ရှိသည်။ ထိုပင်လယ်ကဗ္ဗီးပင်များမှ ပေ (၈၀) အမြင့်ထိ ချော်ရည်၊ ရွှံ့ရည်နှင့် အကြီးအသေး ကျောက်ခဲလုံးများ ပန်းထွက်ခဲ့သည်။

သစ်ပုတ်တောင်ရေတပ်စခန်းမှ မှတ်တမ်းသတင်းအရ (၂၀) ဒသမဧက လယ်ယာမြေများ ပျက်စီးသွားသည်။ တဲအိမ် ငါးလုံး ပျက်စီးသွားသည်။

မီးတောင်များ ပေါက်ကွဲပြီးသောအခါ ထိုမီးတောင်ပတ်ဝန်းကျင်တွင် ရွှေလိုလို၊ ငွေလိုလို မီးသင့်ကျောက် သတ္တုနှစ်မျိုးကို ရရှိတတ်ကြသည်မှာလည်း ယခုထိပင် ဖြစ်သည်။ ထိုမီးသင့်ကျောက်များမှာ နဂါးပွက်ကျင်းထဲမှ ထွက်လာကြသော ကျောက်များဖြစ်သဖြင့် မြေအောက်တွင် နှစ်ပေါင်း မည်မျှ မီးသင့်ခံခဲ့ကြရသည် မသိပေ။ ထိုသို့ နှစ်ပေါင်းများစွာ မီးသင့် မီးပူခံခဲ့ကြရ၍လည်း အရောင်ပြောင်းသွားကြခြင်း ဖြစ်ပေမည်။

ရခိုင်သားများကမူ ထိုမီးသင့်ကျောက် သတ္တုတစ်မျိုးကို နဂါးချေးဟု ခေါ်ကြသည်။ နဂါးများမှာ ရွှေ ငွေများကို စားသဖြင့် ရွှေစားနဂါး မီးတောက်ပြီးလျှင် ရွှေရောင်ရှိသော နဂါးချေးများကို ရတတ်ကြသလို ငွေစားနဂါး မီးတောက်ပြီး ရသောအခါမှာလည်း ငွေရောင်အဆင်းရှိ နဂါးချေးများကို နဂါးတောင်နားတစ်ဝိုက်တွင် ရကြသည်မှာ ယခုထိ ဖြစ်သည်။

ထိုနဂါးချေး ခေါ် မီးသင့်ကျောက်များမှာ ကျောက်ဖြူမြို့ဝန်းကျင်ရှိ ရွာတိုင်းလိုလိုတွင် ရှိတတ်ကြသည်။ နဂါးချေးကို အဆစ်အမြစ်ကိုက်လျှင် သွေးလိမ်းက ပျောက်သည်ဟု ယူဆကြသလို နဂါးချေးကို ဆောင်သွားပါက အမှောင့်ပယောဂ မကပ်နိုင်ဟုလည်း ယုံကြည်ကြသည်။

ယခု နဂါးတောင် (မီးတောင်) များ ပေါ်များသော နေရာများမှာ စည်ခြံ၊ စစ်တော၊ စေမော်၊ ကြွတ္တိန်ရွာများ ပတ်ဝန်းကျင် ဖြစ်သည်။ ထိုအရပ်က လူများသည် ထိုနဂါးပွက်ကျင်းများကို ရွှေစားနဂါး၊ ငွေစားနဂါး၊ တလင်းကြီးနဂါး၊ သူပုန်နဂါးဟုလည်း အမည်ပေးထားကြသည်။ ရွှေစားနဂါး၊ ငွေစားနဂါးများ မီးတောက် (မီးတောင်ပေါက်ကွဲ) လျှင် ရွှေလိုလို၊ ငွေလိုလို မီးသင့်ကျောက် သတ္တုတစ်မျိုးကို ရတတ်ကြပြီး တိုင်းပြည်တွင် ရွှေ ငွေပေါမည်။ တလင်းကြီးနဂါး မီးတောက်လျှင် ဆန်ရေစပါး ရှားမည်။ သူပုန်နဂါး မီးတောက်လျှင် တိုင်းပြည်တွင် ဆူဆူပူပူ သူပုန်သူကန်များ ထကြွမည့် အတိတ်နိမိတ်ဟု ယခုထိ ယုံကြည်ကြသည်။

မီးတောင်ပေါက်ကွဲရာမှ ရသော မီးသင့်ကျောက်၊ အင်္ဂရုတ် ရွှေငွေတို့နှင့် ပြုလုပ်ထားသော ရွှေပလ္လင်ပြီးသွားသောအခါ ပန်းထိမ်ပညာရှင်ကြီးအား ကာ



www.burmeseclassic.com

လာဗုတ်ကြီးက အာဝမင်းထံ ဆက်သစေသည်။ အာဝမင်းမှာ ကာလာဗုတ်ကြီး အပေါ်မှန်သဖြင့် ပန်းထိမ်ဆရာကြီးနှင့် သူ့တပည့်တပန်းများကို ဆုတော်လာဘ် တော်များ ပေး၍ သူကောင်းပြုသလို ကာလာဗုတ်ကြီးကိုလည်း ဆုတော်လာဘ် တော်များပေး၍ ထပ်မံ ချီးမြှင့်ပြန်လေသည်။

အာဝမင်းအား သူပြောတိုင်း ဖြစ်နိုင်လောက်ပြီ ဆိုသည်ကို သိသော ကာလာဗုတ်ကြီးသည် ဗုဒ္ဓ၏ ကံငါးပါးတို စောင့်ထိန်းကြသော မင်းနှင့်တကွ ကောတုံတရာဇ်သူ၊ ကောတုံတရာဇ်သားများ အကျင့်သီလ ပျက်ရာပျက် ကြောင်းနှင့် ကောတုံတရာဇ်ဘုရားနံကိုနှိမ်ရန် တစ်ဆင့်တက်၍ အာဝမင်းအား လျှောက်ထားပြန်သည်။

"ဘုန်းတော် ကြီးမြတ်တော်မူသော အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ ဘုန်းသမ္ဘာကြောင့် ယခုအခါ ရွှေပလ္လင်၊ ငွေပလ္လင်တို့ကိုလည်း ရရှိပြီးပါပြီ၊ ရွှေ နန်းပြာသာဒ်၊ ငွေနန်းပြာသာဒ် ဆင်ယင်နိုင်ရန် အရှင်မင်း၏ ကျောက်သား နန်းတော်ကို အရှင်မင်းမြတ် ဘုန်းသမ္ဘာပိုမြင့်လာစေရန် ဘုံကိုးဆင့် မြင့်တင် ဆောက်လုပ်သင့်ကြောင်းပါ။ ထိုသို့တပြီး၌ကား အရှင်မင်းမြတ်၏ ဘိုးလောင်း တော် ဘေးလောင်းတော် နောင်တော့်နောင်တော်များ တည်ထား ကိုးကွယ်ခဲ့ကြ သော ကောတုံတရာဇ် တိုင်းစောင့် ပြည်စောင့် နတ်နဂါးဘုရားကြီးတွင် နဂါး ပြည်၊ ဂဠုန်ပြည်၊ ဗြဟ္မာပြည်၊ နတ်ပြည်၊ အသူရကာယ် အပါယ်လေးဘုံရှိပါ လျက် လူ့ပြည်လူ့ရပ် တစ်ပြည်တစ်ရွာ လစ်ဟာနေပါသေးသည်။ ထိုလစ်ဟာနေ သော လူ့ပြည်လူ့ရပ်ကို အရှင်မင်းမြတ် လက်ထက်တွင် ဖြည့်စွက် ပူဇော်သင့်ပါ သည်။ လူ့ပြည်လူ့ရပ် ဆိုသည်မှာ ကာမဘုံ ဖြစ်ပါ၍ နဂါးဘုရား၌ လူ့ပြည်လူ့ရွာ သတ္တဝါများအသွင် ထုဆစ်ပူဇော်ရာတွင် လူမိန်းမ၊ လူယောကျ်ားတို့၏ ကာမ ဂုဏ် ခံစားစံစားနေကြပုံများကိုလည်း ရုပ်လုံးရုပ်ကြွများဖြင့် ထုဆစ်ပူဇော်ထား နိုင်ပါက ကောတုံတရာဇ်တိုင်းကြီးကို စောင့်ရှောက်နေကြသော နတ်နဂါးများ၏ အလိုဆန္ဒလည်း ပြည့်ဝသွား[illegible]ဖြစ်သလို အရှင်မြတ်ထံသို့လည်း အတိုင်းတိုင်း အပြည်ပြည် မင်းများက သမီးကညာများ ဆက်သလာကြမည်မှာ ဧကန်မုချ ဖြစ်ပါတော့သည် အရှင်မင်းမြတ်"

ကောက်ကျစ်စဉ်းလဲစွာဖြင့် ကာလာဗုတ်ကြီး ဤသို့ လျှောက်ထားလာ သည်ကို အဟုတ်ထင်မှတ်သော ပညာမဲ့ အသိဉာဏ်နည်းသော အာဝမင်းမှာ သူ၏ ဘိုးစဉ်ဘောင်ဆက် တည်ဆောက်ထားခဲ့ကြသော ကောတုံတရာဇ် ကျောက်သားနန်းတော်ကို ကောတုံတရာဇ်ဘုရား ကျောင်းတော်ထက် မြင့်





အောင် လက်သမားပညာသည်များအား ချက်ချင်း လုပ်ဆောင်ခိုင်းသည်။ အရှေ့တောင် မဖျိမကုန်းအရပ်၌ ရှိကြကုန်သော ကျောက်ဆစ်ပညာသည် အကျော်အမော်များကိုခေါ်ကာ နဂါးဘုရား၌ လစ်ဟာနေသော လူ့ဘုံလူ့ရပ် ရုပ်ကြွရုပ်လုံးများကိုလည်း ကာလာဗုတ်ကြီး လျှောက်တင်ထားသလို လိင် ဆက်ဆံနေကြသော လူမိန်းမ၊ လူယောကျ်ား အရုပ်များ၏ အသွင်သဏ္ဌာန် အမျိုးမျိုးကို မိုက်မဲစွာ ထုဆစ် ပြုလုပ်ခိုင်းပြန်လေသည်။

ကျောက်ဆစ်သမား လူကြီးများမှာမူ အယုတ္တအနတ္တ ရုပ်လုံးရုပ်ကြွများကို မထုမဆစ် မပြုလုပ်လိုကြသော်လည်း ဘုရင့်အမိန့်တော်ကိုကြောက်၍ ထုဆစ် ကြရသလို သူတို့၏ တပည့်တပန်းများ၌ပင် ကာလာဗုတ်ကြီး၏ တက္ကသိုလ် ထွက် လူငယ်လူရွယ်များလည်း ရှိကြလေရာ ကာလာဗုတ်ကြီး၏ လောကီ ပညာအစွမ်းနှင့် ကာလာဗုတ်ကြီး၏ အယူဝါဒကို သက်ဝင် ယုံကြည်နေကြသော လူငယ်များကမူ စိတ်ပါလက်ပါ ပီပီပြင်ပြင် ထုဆစ် ပြုလုပ်ကြသည်။

(ယခု မြောက်ဦးမြို့ ရှစ်သောင်းဘုရား နံရံရှိ မဖွယ်မရာ မိန်းမယောကျ်ား ရုပ်တုနှစ်ခုမှာ ကောတုံတရာဇ်မြို့ကြီးကို နဂါးများ ရေနှစ်ကစားစဉ်က မသေ မပျောက်ကျန်ခဲ့သော ကာလာဗုတ်ကြီးဂိုဏ်းဝင် ပန်းပုသမား အနွယ်အဆက် ဖြစ်သော မျိုးဆက်သစ် ကျောက်ဆစ်သမား တစ်ဦးဦးက လက်ကမြင်းထားခဲ့ သော အရုပ်နှစ်ရုပ်လားဟု ယူဆစရာ ဖြစ်သည်။)

ကောတုံတရာဇ် ဘုရားကျောင်းပြာသာဒ်ထက်မြင့်သော နန်းတော်၏ ဘုံကိုးဆင့်ပေါ်တွင် ရွှေတံကဲ၊ ငွေတံကဲ မဖွယ်မရာ အရုပ်များကိုလည်း ကာလာ ဗုတ်ကြီးက ပန်းပဲ၊ ပန်းထိမ်များအား ပြုလုပ် တပ်ဆင်စေသည်။ ထိုသို့ ကောတုံ တရာဇ်ဘုရား၊ မင်းနှင့်တကွ ပြည်သူပြည်သားများ နံနိမ့်ပါးသွားအောင် စိတ်တိုင်း ကျ တစ်ဖက်က ရုပ်ဝတ္ထုများနှင့် ပြုစားနေသလို တစ်ဖက်တွင်လည်း လောကီ ပညာ အောက်လမ်းနည်းများနှင့် ပြည်သူပြည်သား ကလေးသူငယ်များကို ညှို့စားဖြားယောင်း သိမ်းသွင်းဆွဲဆောင်နေလေသည်။

ကာလာဗုတ်ကြီးသည် သူ၏ တက္ကသိုလ် လောကီပညာကျောင်းတော် ကြီးသို့ ရောက်လာကြသော တပည့်များအား အင်းအိုင်၊ ခါးလှည့် သတ်ခွဲ နက္ခတ်ရား၊ ဆေးဝါး၊ ဗေဒင်၊ အမြင်ဟော အကြားဟော၊ အတိတ်ကောက် နိမိတ် ကောက်၊ အမြင်ပေါက် အကြားပေါက်၊ ဓာတ်ရိုက် ဓာတ်ဆင်၊ ယတြာ ချေနည်း၊ အမြင် မျက်လှည့်လက်လှည့်၊ နဝလှည့်၊ အင်းလှည့်၊ ဆေးလှည့် စသည့် လောကီပညာရပ်များနှင့် မှော်အတတ်၊ စုန်းကဝေအတတ်များကိုလည်း ရေတွက်၍

www.burmeseclassic.com



တစ်တိုင်းတစ်ပြည်လုံး ပျံ့နှံ့သွားအောင် သင်ကြား ပို့ချပေးလျက်ရှိသည်။

သည်လိုနှင့် ကောတုံတရာဇ်တိုင်းကြီးတွင် ကာလာဗုတ်ကြီး၏ တပည့်တပန်း ဂိုဏ်းခွဲဂိုဏ်းငယ်များမှာ တစ်တိုင်းလုံး တစ်ပြည်လုံးကို ပျံ့နှံ့လာသည်။ ယခင်က ကြားနေမြင်နေကျ လမ်းဆုံလမ်းခွရှိ ကချေသည်မများ၏ ရုပ်တုကြီးငယ်အောက်တွင် သီချင်းတတ်မတို့၏ သီချင်းသံ ပျောက်သွားသလို တိုင်းရေးပြည်ရေး အတိတ်တဘောင် နိမိတ်တို့ကို ထောက်ပြ ဟောပြောတတ်ကြသော အထောက်တတ်တို့၏ အသံနှင့် စိုးရာပင့်ကူအက သံချိုလက်ကဲ ဖမ်းဆရာတို့မှာလည်း ယခုအခါ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြတော့သည်။

ထိုအခါ အတွင်းကျုံး၊ အလယ်ကျုံး၊ အပြင်ကျုံး ဘယ်နေရာ ဘယ်ရွာကို သွားသွား လမ်းဆုံလမ်းခွတိုင်းတွင် ကာလာဗုတ်ကြီးတပည့် ဂိုဏ်းခွဲ ဂိုဏ်းငယ်များ၏ လောကီ ပညာပြပွဲများကမူ ရှောင်မရ ရှား မရလောက်အောင် ပေါများနေရာယူလာကြလေသည်။

ကောတုံတရာဇ်မြို့နှင့် (၁၂) ယူဇနာခန့်ဝေးသော တောင်စဉ်တောင်တန်းများရှိ နဂါးတောင်များ ပေါက်ကွဲ မီးလောင်ပြီး နောက်ပိုင်းတွင် ဧညဝတီမှ အာရိယာန်သွား ရွှက်သင်္ဘောကြီးများသည် ကောတုံတရာဇ်မြို့သို့ ရောက်မလာကြတော့။ အကြောင်းမှာ ဆန်ရောင်း၊ စပါးရောင်း အာရိယာန်သွား ရွှက်သင်္ဘောကြီးများသည် ယခင်က အနောက်ဘက် ထွက်ပေါက် တစ်ပေါက်သာရှိသော ကောတုံတရာဇ်မြို့ ထွက်ပေါက်မှ ဘင်္ဂလားပင်လယ်ပြင်ထဲ ဝင်ထွက်သွားလာခဲ့ကြရသော်လည်း ယခုအခါ တောင်စဉ်တောင်တန်းရှိ နဂါးတောင်များ ပေါက်ကွဲပြီး နောက်ပိုင်း၌ မြစ်ပေါက်၊ ချောင်းပေါက်များ အမြောက်အမြား ပေါ်ထွက်လာသဖြင့် ဘယ်မြစ်ပေါက်၊ ဘယ်ချောင်းပေါက်က ထွက်ထွက် ဘင်္ဂလားပင်လယ်အော်ထဲ ရောက်သွားနိုင်ကြသည်။ ဆန်စပါး ရောင်းချမှုဈေးမှာလည်း ကောတုံတရာဇ်နှင့်စာလျှင် အာရိယာန်တို့၏နိုင်ငံ ဘုမ္မရာဇ်မြို့၌ ပို၍ဈေးရကြရာ ဧညဝတီမှ ဆန်စပါးရောင်း ရွှက်သင်္ဘောကြီးများ အားလုံးမှာ ဘုမ္မရာဇ်မြို့ကိုသာ ရောက်သွားကြတော့သည်။

ထိုအခါ ဧညဝတီသားများ လာရောက် ရောင်းချသော ဆန်စပါးများကို ယခင်က လွယ်လင့်တကူ ဝယ်ယူ စားသုံးခဲ့ကြရသောအဖြစ်သို့ ရောက်သွားကြလေသည်။ အာရိယာန်တို့၏ ဘုမ္မရာဇ်မြို့ကို သွားလာ လွယ်ကူနေကြသော ဧညဝတီသားများကလည်း ဆန်စပါးများကို ဘုမ္မရာဇ်မြို့ဈေးနှီးနှီး ဈေးတင်၍ ရောင်းချလာကြရာ ကောတုံတရာဇ်ရှိ ဆင်းရဲသူ ဆင်းရဲသားများမှာ အငတ်





ပြဿနာနှင့် ရင်ဆိုင်လာကြရတော့သည်။ ထိုအထဲတွင် တောင်စဉ်တောင်တန်းများရှိ နဂါးတောင် (မီးတောင်) ကြီးများ ပေါက်ကွဲ မီးတောက်ခဲ့ကြပြီးနောက် ယခင်က ရေနံပျောင်း၊ ရေနံပျစ်များ အလျှံပယ်ထွက်ခဲ့သော တောင်ချိုင့်၊ ချိုင့်ဝှမ်းများရှိ ရေနံလက်တွင်းများမှာလည်း ရေနံပျောင်း၊ ရေနံပျစ် အထွက်နည်းသွားကြသည်။

(ဤသည်မှာ ထိုစဉ်ကသာ မဟုတ်။ ယခုထိလည်း ကျောက်ဖြူမြို့ ပတ်ဝန်းကျင်ရှိ စည်ဖြူ၊ စစ်တော၊ စေမော်၊ ကြွတ္တိ စသည့် ရွာနားဝန်းကျင်မှ နဂါးမီးတောင်များ ပေါက်ကွဲပြီဆိုလျှင် ရမ်းဗြဲကျွန်းရှိ ရေနံလက်တွင်းများမှာ ရေနံထွက် နည်းပါးသွားကြသည်မှာ လက်တွေ့ပင် ဖြစ်သည်။)

ယခင်က ကောတုံတရာဇ်မြို့ ပတ်ဝန်းကျင်ရှိ ရေနံပျောင်း၊ ရေနံပျစ်များ မည်မျှ အလျှံပယ်ထွက်ခဲ့သနည်းဟူမူ ညနေ လိုချင်သော ရေနံပျစ်၊ ရေနံပျောင်းများကို မနက်၌ ရေနံထွက်ရာ တောင်ချိုင့်၊ ချိုင့်ဝှမ်းများဆီသွားပြီး တစ်တောင်တစ်မိုက် ကျင်းတူးထားခဲ့ကြသည်။ ညနေ ရေနံ ရယူရန် သွားသောအခါ ထိုတောင်များတွင် ရေနံပျောင်း၊ ရေနံပျစ်များက အပြည့်ဖြစ်နေသည်။ မည်သူမဆို လိုသလောက် ခပ်ယူနိုင်ကြသည်။ ဤသည်မှာ ကောတုံတရာဇ်တစ်တိုင်းတစ်ပြည်သားလုံးများ၏ ဘိုးစဉ်ဘောင်ဆက် ရေနံပျစ်၊ ရေနံပျောင်း သုံးစွဲခဲ့ကြသော အစဉ်အလာပင်။

ထိုသို့ အစဉ်အလာ သုံးစွဲခဲ့ကြသော ရေနံပျစ်၊ ရေနံပျောင်းများသည် ယခု နဂါးများ မီးတောင်ပေါက်ကွဲ တောက်စား တန်ခိုးပြပြီး နောက်ပိုင်းမှာ ရေနံတွင်းများ၌ ရေနံထွက် တစ်နေ့တခြား ဆုတ်ယုတ်သွားကြသည်။ ထိုအခါ ဘယ်ဆိပ်ကမ်းကို ကြည့်ကြည့်၊ ဘယ်လမ်းဆုံလမ်းခွကို သွားသွား မီးတထိန်ထိန်နှင့် ဖြစ်နေခဲ့သော ကောတုံတရာဇ်မြို့ကြီးမှာ ယခုအခါ လင်းသည့်ဆိပ်ကမ်းကလင်း၊ မလင်းသည့် ဆိပ်ကမ်းက မလင်း၊ လင်းသည့်လမ်းက လင်း၊ မလင်းသည့်လမ်းက မလင်း ဖြစ်လာသည်။

ထိုအခါ ဆန်စပါး ရှားပါးပြီး ငတ်မွတ်နေကြသော ဆင်းရဲသူ ဆင်းရဲသားများမှာ မီးမရှိသော ဆိပ်ကမ်း၊ မီးမလင်းသော လမ်းများ၌ လုယက်မှု၊ ခိုးမှုတို့က တစ်နေ့ထက်တစ်နေ့ များပြားလာသည်။ အမှုအခင်း ပေါများလာသောအခါ ရပ်ကွက်၊ မြို့ရွာရှိ တရားသူကြီးများမှာလည်း အမှုအခင်းများကို မှန်မှန်ကန်ကန် တိတိကျကျ မစစ်ဆေးကြတော့ဘဲ တံစိုး လက်ဆောင်များ ရယူကာ မတရား စီရင် ဆုံးဖြတ်လာကြသည်။ ဤသည်ကို မကျေနပ်ကြသောအခါ ဒေသပြတ်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ခုတ်မှုများ ပေါများလာပြန်သည်။

ဤသို့ အကွပ်မဲ့ကြမ်း ပရမ်းပတာ ဖြစ်လာသော ကောတုံတရာဇ်တိုင်းကြီး၏ အခြေအနေကို အာဝမင်း နားပေါက်အောင် မှူးကြီးမတ်ရာ သေနာပတိများကလည်း မလျှောက်တင်ဝံ့ကြ။ အဘယ်ကြောင့်ဆိုသော် မဟာပညာကျော် ပုရောဟိတ် ဘွဲ့ထူးဂုဏ်ထူးများ အထပ်ထပ် ရထားသော အမတ်ချုပ်၊ ပုရောဟိတ်ချုပ်ကြီး ကာလာဗုတ်က ကောတုံတရာဇ်တိုင်းကြီးသည် မကြာမီ ရွှေထွက်၊ ငွေထွက်သော ရွှေနိုင်ငံ၊ ငွေနိုင်ငံကြီး ဖြစ်လာတော့မည်။ တိုင်းသူပြည်သားများသည် ဤအာဝမင်းလက်ထက်၌ ရွှေရွှေ ဘိုးလောင်းတော်၊ ဘေးလောင်းတော်၊ နောင်တော့် နောင်တော်များ လက်ထက်ကထက် အဆတစ်ရာ ချမ်းသာကြွယ်ဝလာကြတော့မည်ဟု အာဝမင်းအား လျှောက်တင်ထားသဖြင့် ကာလာဗုတ်ကြီး၏ လျှောက်တင်ချက်များကို ယုံစားနေသူ အာဝမင်းမှာ မကောင်းသတင်းဟူသမျှ ဘာမှ မကြားလို၊ မနာယူလို။

အမှန်အကန် လျှောက်တင်လာသူ မှူးမတ်ပုရောဟိတ်များ၏ စကားကိုလည်း မယုံစား။ ကာလာဗုတ်ကြီးအား မလိုမုန်းထားသော မစ္ဆရိယစိတ်နှင့် လျှောက်တင်ခြင်း၊ နေရာမရ၍ ကုန်းချောခြင်း။ လုပ်ကြံဖန်တီး လျှောက်တင်ခြင်းဟုသာ ယူဆကာ အမှန်အကန် လျှောက်တင်လာသူများကိုပင် ရာထူးချ၊ အပြစ်ပေး၊ နယ်နှင်စီရင်လာသောအခါ ဘေးလောင်းတော် ဘိုးလောင်းတော်၊ နောင်တော့်နောင်တော် အဆက်ဆက်ကပင် ဘုရင့်အကြံပေး၊ တိုင်းရေးပြည်ရေးအတိုင်ပင်ခံ သက်တော်ရှည် ပုရောဟိတ်ပညာရှိ အမတ်များမှာလည်း မိမိတို့၏ ဘေးဥပဒ်အန္တရာယ်ကိုကြောက်ကာ နှုတ်ဆိတ် ပါးစပ်ပိတ် နေနေကြရလေတော့သည်။

အစဉ်အလာ ကြီးမားခဲ့ကြသော တိုင်းချစ်ပြည်ချစ် ပုရောဟိတ်မှူးမတ်များ ရေငုံ့နှုတ်ပိတ် ဖြစ်သွားကြချိန်တွင် ကာလာဗုတ်ကြီး၏ သြဇာအာဏာမှာ ကောတုံတရာဇ် တစ်မြို့လုံးကို လွှမ်းမိုးလာသည်။ သူ့ဂိုဏ်းခွဲ တပည့်သာဝကများ၏ လောကီပညာအစွမ်းတွေမှာလည်း အံ့မခန်း ပေါက်မြောက်လာကြသည်။ အကြားအာရုံနှင့် ပြုစား၍ရသည်၊ အရုပ်မြင်သည်နှင့် ပြုစား၍ရသည်၊ တိုင်ကွယ်ဖနောင့်ပေါက် ကိုယ်ပျောက်အတတ်ကိုပင် သူ့လက်ရင်းတပည့်ကြီးများက တတ်စွမ်းလာကြသည်။ ကာလာဗုတ်ကြီး၏ လောကီတက္ကသိလာ ကျောင်းတော်သို့ အရပ်ရှစ်မျက်နှာမှ လူငယ်လူရွယ်များ ရောက်လာကြရာ စရိုက်မျိုးစုံ အယူအဆမျိုးစုံ ရှိကြကုန်သော တပည့်များအား တုတ်ပြီး၊ ဓားပြီး၊ တစ်ပွဲထိုး၊ တစ်ဆွေ့ခုန်၊





တစ်လှမ်းတက် စသည့် ပညာရပ်များကိုပါ သင်ပေးထားရာ တိုင်းပြည်တွင် ငတ်မွတ် ခေါင်းပါးမှု ဖြစ်လာသောအခါ ထိုဓားပြီး၊ တုတ်ပြီး ပညာရပ်များကို အသုံးချကာ ကာလာဗုတ်ကြီး၏ တပည့်တပန်းများကပါ ခိုးဆိုးတိုက်ခိုက် လုယက်လာကြပြန်သည်။

ယခင်က ကြည်ကြည်လင်လင် ပြုံးပြုံးရွှင်ရွှင် ရှိခဲ့ကြသော ကောတုံတရာဇ်သားတို့၏ မျက်နှာများမှာ ယခုအခါ မှုန်ကုပ်ကုပ် ဖြစ်လာကြသည်။ ယခင်က သိသိ မသိသိ ကိုယ့်မြို့သားချင်း ကိုယ့်အရပ်သားချင်း နောက်လား၊ ပြောင်လား စကားပြောရဲ နှုတ်ဆက်ရဲ ရှိခဲ့ကြသူများမှာ ယခုအခါ တစ်ယောက်နှင့်တစ်ယောက် သံသယမျက်လုံးနှင့် ကြည့်ကာ မပြောရဲ မခေါ်ရဲ ဖြစ်လာကြသည်။ သူ့ကို ငါနောက်မိ၍ သူ စိတ်ဆိုးသွားလျှင် ငါ့ကို ပြုစားလေမလား ဟူသော သံသယသည် ကောတုံတရာဇ်တိုင်းသားတို့၏ အသည်းနှလုံးထဲ စွဲငြိလာကြသည်။ ထိုအခါ တစ်ယောက်နှင့်တစ်ယောက် မခေါ်ရဲ မပြောရဲ နှုတ်မဆက်ရဲပင် ဖြစ်လာကြသည်။ ထို့ကြောင့်လည်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဆွေမျိုးနှင့် တစ်ဆွေမျိုး၊ တစ်ရပ်နှင့် တစ်ရပ် လောကီပညာအတတ် ပြိုင်လာကြသည်။ သူ့ထက်ငါသာ ပညာတတ်ချင်လာကြသည်။ ခွန်းကြီးခွန်းငယ် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖေါသ မဖြစ်ဘဲနှင့်လည်း ပညာစမ်းချင်ကြသဖြင့် တစ်ဦးကိုတစ်ဦး ပြုစားကြည့် ပညာစမ်းကြည့်လာကြသည်။ တစ်ဦးထက်တစ်ဦး လောကီပညာသာ တတ်မည်ဆိုလျှင် ကံငါးပါးကိုပင် ဖောက်ဖျက်သူ၊ လူကြီးသူမများကိုပင် ပြစ်မှားဝံ့သူ၊ ပြစ်မှားမည့်သူ လူငယ်လူရွယ်များ ပေါ်လာသည်။

ကောတုံတရာဇ်မြို့ကြီးတွင် ဤသို့ဖြစ်လာလေ ကာလာဗုတ်ကြီးနှင့် တော်နီရှိ အဖွဲ့တွေတို့က သဘောကျလေပင်။ သို့သော် သူတို့အတွက် အခက်ကြီးတစ်ခု ဖြစ်နေသည်မှာ သူတို့ သင်ပေးထားသောပညာနှင့် တစ်ဦးကိုတစ်ဦး၊ တစ်ဆွေမျိုးကို တစ်ဆွေမျိုး၊ တစ်ရပ်နှင့်တစ်ရပ် မည်မျှ ပြုစားကြ ပြုစားကြ ကောတုံတရာဇ်ဘုရားပေါ် ရောက်သွားသည်နှင့် သူ့တပည့်တပန်းများမှာ ဤဘုရားကိုတော့ မပြစ်မှားဝံ့ကြသေး။ သူ သင်ပေးထားသော ပညာရပ်များမှာလည်း ဤဘုရားရှိနေသမျှ ကာလပတ်လုံး အပျော့သဘော၊ ကျီစား နောက်ပြောင်နေသော သဘောသာ ဖြစ်နေပြန်သည်။

ကာလာဗုတ်ကြီးတို့ ဆရာတပည့် သုံးယောက်မှာ ယခုထိ ကောတုံတရာဇ်ဘုရားကို နှိမ့်သွားအောင်၊ တန်ခိုးဣဒ္ဓိပါဒ်တွေ ပြေပျောက်သွားအောင် ပြု၍ မရနိုင်ကြသေး။ ထို့ကြောင့် သွေးရိုးသားရိုး နာဖျားကြသော ကောတုံတရာဇ်



www.burmeseclassic.com

www.burmeseclassic.com



သူ ကောတုံတရာဇ်သားများကို သူတို့ တတ်ထားသော ဆေးဝါးများနှင့် ကုသပေးကြကာ အကြံထုတ်နေကြသည်။

ခက်နေသည်မှာ ဤဘုရားကို ယနေ့ထိ သူတို့က မမြင်ဘူး၊ မတွေ့ဘူးကြသေး၊ ဤဘုရားကို လေ့လာကြည့်ရှုရန် သွားကြတိုင်း သူတို့ ကိုယ်ပေါ်အပူလှိုင်း အအေးလှိုင်းတွေ ကျလာကာ တစ်ကိုယ်လုံး ယားယံလာသဖြင့် လက်လျှော့ပြန် လာခဲ့ကြရသည်မှာလည်း ဆယ်ကြိမ်ဇကတော့။ ကောတုံတရာဇ်မြို့တို ရောက်စနေ့ကမှ ဘုရားကုန်းတော်ပေါ်ထိ တက်ရောက်နိုင်ခဲ့ကြသော်လည်း ယခုမှ ဘုရားကုန်းတော်အောက် ရောက်သည်နှင့် ဤဘုရားသည် သူ့ကိုယ်ပေါ်မှ အပူလှိုင်း၊ အအေးလှိုင်းတွေကို လွှတ်ကာ သူတို့ကို ပိုပြီး ဒုက္ခပေးထားသည်။

သုတပည့်သာဝကများဆီက လေ့လာမိသလောက်ဆိုလျှင် ဤဘုရား၏ ရုပ်တုမှာ နှစ်တောင်ပင် မပြည့်သဖြင့် လူတစ်ယောက် ကောက်ချီမ,၍ပင် ရသည်။ ထို့ကြောင့်လည်း ညည၌ သူတို့ ဘုရားကုန်းပေါ် တိတ်တဆိတ် သွားခဲ့ကြသည်မှာ ဤဘုရားကို ကောက်ချီ ပင့်မြှောက်၍ ဘုရားကုန်းတော်ပေါ်နှင့် အနီးဆုံးဖြစ်သော အလယ်ကျုံး မြစ်ပေါက်ထဲ ပစ်ချကြရန် ဖြစ်၏။ သို့သော် ယခုအခါ ဘုရားရုပ်တုကို ကောက်ချီမ,၍ ကျုံးထဲပစ်ချရန် မဆိုထားနှင့် ကုန်းတော်နားကိုပင် မသွားနိုင် ဖြစ်နေကြသောအခါ ကာလာဗုတ်ကြီးတို့ ဆရာတပည့်သုံးယောက်မှာ အကြံအိုက်နေကြပြန်သည်။

မင်းနှင့်တကွ ပြည်သူပြည်သားများအား ဤဘုရားကို ဖယ်ရှားပစ်၍ မကိုးကွယ် မဆည်းကပ်ကြရန် ပြောဖို့ စည်းရုံးကြဖို့ ဆိုသည်မှာလည်း မိရိုးဖလာ ဗုဒ္ဓဘာသာ၌ အရိုးစွဲနေကြသူများ ဖြစ်သလို ယခု သူတို့၏ ပညာစွမ်းကိုပင် ဤဘုရားက ပြေပျောက်စေနိုင်ရာ ဘယ်လို ပြော၍မှ နားဝင်ကြမည် မဟုတ်၊ သူ့တပည့်တပန်းများကိုလည်း ခိုင်လုံသောအကြောင်း တစ်စုံတစ်ရာကို သူတို့က မပြသနိုင်ဘဲ အသားလွတ်ကြီး ဘုရားရုပ်တုကို ကျုံးမြောင်းထဲ ပစ်ချလိုက်ကြဟု ပြော၍ ရမည်မဟုတ်။ ယခုဆိုလျှင် တစ်ဦးနှင့်တစ်ဦး ပညာစမ်းလိုကြ၍ ဖြစ်ဖြစ်၊ အမုန်တကယ် မလိုမုန်းထား၍ ဖြစ်ဖြစ်၊ ရန်ခိုက်ဒေါသဖြစ်ကြ၍ ဖြစ်ဖြစ်၊ တမင် ကျီစယ် နောက်ပြောင်လိုသောသဘောနှင့် ဖြစ်ဖြစ် တစ်ယောက်နှင့်တစ်ယောက် ဗိုက်နာ၊ ခေါင်းခဲ၊ သူတို့ မွေးထားသော နာနာဘာဝများကို မျက်စိထဲ သဲပက်ထည့်၊ ပါးစပ်ဟ မရအောင် လုပ်ခိုင်းကြည့်၊ ခြေလက်တို့ကို ချိုးလိမ်ထားကြည့်နေကြသော သူတို့၏ လောကီ အစွမ်းပြပညာတွေမှာ နောက်စရာ ပြောင်စရာအဖြစ်ပင် ဖြစ်နေကြရာ ဘယ်တပည့်ကိုမှ ဤဘုရားရုပ်တု





အား ကျုံးမြောင်းထဲ ပစ်ချပစ်ရန် ခိုင်း၍ ရမည်မဟုတ်။ ခိုင်း၍ သူ့တပည့်တစ်ဦးဦးက သွားလုပ်သည်ပဲထား၊ တန်ခိုးကြွဒ္ဓိပါဒ် ကြီးမားသော ဤဘုရားရုပ်တုက ငြိမ်ခံနေမည် မဟုတ်။ တန်ပြန် သက်ရောက်မှု ဒုက္ခ တစ်ခုခုကိုတော့ မုချပေးလာလိမ့်မည်။ ထိုသို့ဖြစ်ခဲ့လျှင် သူတို့မှာ ကောတုံတရာဇ်မှ ခွေးပြေးဝက်ပြေး ပြေးကြရလိမ့်မည်။ ထိုသို့ မပြေးရတောင် ဘုရားက သူတို့ကို ဒုက္ခပေးလိမ့်မည်။ မည်သို့ လုပ်ကြရမည်နည်း။

ကာလာဗုတ်ကြီးတို့ ဆရာတပည့်သုံးယောက်သည် ဤဘုရားတန်ခိုးအာနုဘော် ပျက်ပြယ်သွားအောင် လုပ်ဆောင်ရမည့် နည်းလမ်းများကို အချိန်ရှိသရွေ့ ကြံစည်စိတ်ကူးနေကြရာ နောက်တစ်နေ့မှာ အဋ္ဌတ္တက အကြံရ၏။ ယခုအခါ ကောတုံတရာဇ်သူ ကောတုံတရာဇ်သားများသည် အစားအစာ ရှားပါးမှု၊ ဝတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေကြရသည်။ ချမ်းသာသူများနှင့် လူလတ်တန်းစားများလောက်သာ ထမင်းကို နပ်မှန်အောင် စားနေကြရသော်လည်း ပြည်သူအများစု၊ ဆင်းရဲသူဆင်းရဲသားများမှာ တစ်နေ့ ထမင်းနှစ်နပ်ကိုပင် ပိန်းဥ၊ မျောက်ဥ၊ ကတက်ဥ၊ (ကောတုံတရာဇ်သားတို့ အခေါ် သခော်ဥ) အရောအနှောများနှင့် စားသောက်နေကြရသည်။

ထိုသို့ စားသောက်နေကြရခြင်းမှာ ငွေမရှိ၍ ရွှေမရှိ၍ ဖြစ်၏။ ဤနေ့ ဤအချိန်အခါတွင် ရွှေငွေကို လူတိုင်း လိုချင်နေကြသည်။ ဆင်းရဲနွမ်းပါးနေကြသူ လူအများစုမှာ ရွှေငွေ ရမည်ဆိုလျှင် တစ်စုံတစ်ခုသော အတိုင်းအတာထိ ရိုးရာအစဉ်အလာ အယူဝါဒတို့ကိုလည်း ဥပေက္ခာရှုကြရတော့မည့် အခြေအနေရှိသည်။ ထို့ကြောင့် သူတို့တွင်ရှိသော အာဝမင်းအား ရွှေနန်းတော်၊ ငွေနန်းတော်ကြီး ဆောက်လုပ်ပေးရန် ဖိုထိုးနေကြသော မီးသင့်ကျောက်တစ်ဖြစ်လဲ အဂ္ဂိရတ် ရွှေငွေများကို ဆင်းရဲသူဆင်းရဲသားများကို ပေးကမ်းကြမည်။

ထိုသို့ ပေးကမ်းရာတွင် ကောတုံတရာဇ်ဘုရားကို အသုံးချကြရမည်။ ရွှေငွေများမှာ သူတို့ပေးသောရွှေငွေများ မဖြစ်စေရ။ ကောတုံတရာဇ်ဘုရားက ပေးသောရွှေငွေများသာ ဖြစ်ရမည်။ ကောင်းပြီ။ ကောတုံတရာဇ်ဘုရားက ဆင်းရဲသူ ဆင်းရဲသားများကို ရွှေငွေ မည်သို့ပေးမည်နည်း။ ယခုအခါ ရေန်ပျောင်း၊ ရေန်ပျစ်များ ရှားပါးစ ပြုနေသည်။ ထို့ကြောင့် ဆီမီး လာပူဇော်သူများကို ရွှေစငွေစတွေ ဆီမီးခွက်ထဲ ထည့်ပေးမည်။

သို့သော် ရေန်ပျောင်း၊ ရေန်ပျစ် တစ်မည်တည်းနှင့် ဘုရားပေါ် လာ၍ ဆီမီးပူဇော်သူများအား ရွှေငွေ မပေး။ ဤကောတုံတရာဇ်ဘုရား ဘုန်းသမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ယုတ်နိမ့်သွားအောင် ရေနံပျောင်းနှင့် အာပေါ အပေ့ါ (ကျင်ငယ်ရေ) ရေတို့ကို ရောစပ် ထွန်းညှိ မီးပူဇော်လာသူများကိုသာ မနက်မိုးလင်းသောအခါ ဆီမီးခွက်ထဲ ရွှေစငွေစတွေ ထည့်ပေးလိုက်မည်။ ဤ အကြံအစည်ကို အဖွဲ့တွင်က သူ့ဆရာ ကာလာဗုတ်ကြီးနှင့် သူ့ရောင်းရင်းကြီး တော်နီရိုတို့ကို တင်ပြသည်။

"ကောင်းလေစွ၊ ကောင်းလေစွ"

ဆရာတပည့်သုံးယောက်တို့ လက်ပန်းပေါက် ထခတ်ကြသည်၊ သို့နှင့် ဤ အဖွဲ့တွင်၏အကြံအစည် ဤစီမံကိန်းကြီးကို သူတို့ အကောင်အထည် စဖော်ကြသည်။ ထိုည၌ပင် ကာလာဗုတ်ကြီးအား ကောတုံတရာဇ်ဘုရားက အိပ်မက်ပေးသည်။ ကောတုံတရာဇ် ပြည်သူပြည်သားများ ဆင်းရဲနွမ်းပါးလာကြသည်ကို မရှုရက် မကြည့်ရက်သော ကောတုံတရာဇ်ဘုရားက မဟာကရုဏာတော်နှင့် ဆီမီး လာပူဇော်သူ ဆင်းရဲသူဆင်းရဲသားများအား ရွှေစ၊ ငွေစတွေ ပေးမည်။ ယခုအခါ ဆီမီးပူဇော်ရန်မှာ ကောတုံတရာဇ်၌ ရေနံပျောင်းများလည်း ရှားပါးနေကြသဖြင့် မိမိ၏ အတွင်းအဖွဲ့တွင် ကိုယ်ခန္ဓာမှ ထွက်ပြီး အလဟဿ စွန့်ပစ်နေကြရသော အာပေါ (အပေ့ါ ကျင်ငယ်ရေ) ရေနှင့် ရေနံပျောင်းများကို ရောနှော ထည့်ကာ ငါဘုရားထံ၌ ဆီမီး လာရောက် ပူဇော်ကြပါ။ ထိုသူများအား ဆီမီးခွက်ထဲ မနက်မိုးလင်းသောအခါ ငါဘုရားက သင်တို့အား ရွှေစ ငွေစတွေ ထည့်ပေးမည်။

ကာလာဗုတ်ကြီးသည် အဖွဲ့တွင်၏ အကြံအဖန် ထိုအိပ်မက်ကို ကောတုံတရာဇ်သား သူ့တပည့်ကြီးတစ်ယောက်အား မိန့်ကြားသည်။ လောကီပညာ အတော်အသင့်တတ်၍ ဖိုထိုးရွှေလုပ်နေရသော သူ့တပည့် ကောတုံတရာဇ်သားမှာ ဓာတ်သဘောများကိုလည်း နေ့စဉ် အဂ္ဂိရတ် ရွှေလုပ်နေရ၍ နားလည်ထားရာ ဆားဓာတ်ပါသော အာပေါရေနှင့် ကန့်ဓာတ်၊ ထုံးဓာတ်ပါသော မဟာပထဝီမြေထွက် ရေနံပျောင်းတို့မှာ ဓာတ်ပြုခြင်း ဖြစ်စဉ်တို့၏ နိယာမအရ ဖြစ်နိုင်ခြေ ရှိသည်ဟု ကာလာဗုတ်ကြီး၏ စကားကို ထောက်ခံသည်။

ထိုအခါ ထိုတပည့်ကျော်ကပင် သူ့ဆွေမျိုး ဆင်းရဲသားများဆီ ကာလာဗုတ်ကြီး၏ အိပ်မက်ကို စတင် ဖြန့်ဝေသည်။ ထိုတပည့်၏ ဆွေမျိုးများကလည်း ပထမသော် စမ်းကြည့်သည့်သဘောနှင့် ကောတုံတရာဇ်ဘုရား ရှေ့မှောက်တွင် အာပေါ (ကျင်ငယ်ရေ) ရေနှင့် ရေနံပျောင်း ရောစပ်ထားသော မြေဆီမီးခွက် တစ်ခွက် နှစ်ခွက်ကို သွားရောက် ပူဇော်ကြည့်ကြသည်။ ကာလာဗုတ်ကြီးတို့၏ ယုံကြည် စိတ်ချရသော နောက်တပည့်တစ်ယောက်က ညသန်းခေါင် လူခြေ





တိတ် လူပြတ်ချိန်တွင် ဘုရားပေါ်သွားပြီး ထို ဆီမီးခွက်ထဲ ရွှေစများကို ကာလာဗုတ်ကြီး ခိုင်းစေသည့်အတိုင်း သွားထည့်ပေးထားသည်။

ဤသည်ကစ၍ တစ်ယောက်စကား တစ်ရာနား ပေါက်ကြားသွားလေရာ ကောတုံတရာဇ်ဘုရားမှာ အာပေါရေနှင့် ဆီမီး လာပူဇော်ကြသူ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များပါ ကြိတ်ကြိတ်တိုးလာကြသည်။ ကောတုံတရာဇ် မြို့သားများသာမက နယ်စွန်နယ်ဖျား ဇနပုဒ်အရပ်ရှိ ဆင်းရဲသူ ဆင်းရဲသားများကပါ ရွှေစငွေစများရလိုမှုနှင့် ကောတုံတရာဇ်ဘုရားမှာ အာပေါရေနှင့် ညဥ့်အိပ်ညဥ့်နေ ဆီမီး ပူဇော်ကြသည်။

ထိုအခါ များပြားလာသော ဆီမီးခွက်များမှ အာပေါ (ကျင်ငယ်) နံ့ကို မခံနိုင်ကြသော ဥပဇ္ဈာကအဖွဲ့ လူကြီးများက မလုပ်အပ် မလုပ်ထိုက်ကြောင်း ပြောဆို ဆုံးမ၍ ဟန့်တားကြရသည်။ သို့သော် အငတ်ဘေးကြီး ဆိုက်ကာ ရွှေငွေလိုနေကြသော ကောတုံတရာဇ်သူ ကောတုံတရာဇ်သားများကို ဟန့်တား ပြောဆို၍ မရ။ ကောတုံတရာဇ်သူ ကောတုံတရာဇ်သားများကိုသာ မဟုတ် နောက်ပိုင်းတွင် သူတို့ သားသမီးများကိုပင် ပြောဆိုဆုံးမ ဟန့်တားမရ ဖြစ်လာသည်။ အဆိုးဆုံးမှာ ဆင်းရဲနွမ်းပါးကြသော ဘုရားလူကြီး အချို့ကပါ အာပေါ ရေနှင့် ရေနံပျောင်း ရောနှော ပူဇော်ထားကြသော ဆီမီးခွက်များ၌ မနက်မိုးလင်းသောအခါ ရွှေစ ငွေစ တကယ် ရနေကြသူများကို မြင်သောအခါ ဘုရားလူကြီး အချို့ကပါ အာပေါရေနှင့် ဘုရားမီးပူဇော်သောအလုပ်ကို လုပ်လာကြပြန်သည်။

ကောတုံတရာဇ်ဘုရားအား ထိုသို့ အာပေါ(ကျင်ငယ်)ရေနှင့် ဆီမီး ပူဇော်လျှင် ရွှေစ၊ ငွေစ ရကြသောအခါ သူ့ထက်ငါဦး ဘုရားရင်ပြင်ပေါ်တွင် နေရာလုလာကြသည်။ လူတစ်ဦးလျှင် ဆီမီးခွက် သုံးလေးခွက်မှသည် ကိုးခွက် ဆယ်ခွက်အထိ ဖြစ်လာကြသည်။ ထိုအခါ ရသည့်ခွက်က ရ မရသည့်ခွက်က မရ ဖြစ်လာပြန်သည်။ ရသည့်ခွက်ကို မရသည့်ခွက်ပိုင်ရှင်များက လဲကြ ခိုးကြ လုကြနှင့် ဘုရားပေါ်တွင် ရန်ပွဲမှသည် တုတ်ပွဲ ဓားပွဲထိ ဖြစ်လာကြပြန်သည်။

ထိုပြဿနာကို ဘုရားလူကြီး၊ အရပ်လူကြီး၊ ရွာလူကြီးများကပါ ကြပ်မတ်၍ လူတစ်ဦးလျှင် ဆီမီးခွက် တစ်ခွက်သာ ထွန်းညှိ ပူဇော်ကြရမည်ဟု အမိန့်ပြန်တမ်းထုတ်ကြရသည်။ ဤသည်ကို အငတ်ဘေးနှင့် ရင်ဆိုင်နေကြရသော ကောတုံတရာဇ်သူ ကောတုံတရာဇ်သားများက မလိုက်နာကြရာ လူကြီးတွေမှာ အကျပ်ရိုက် အခက်တွေ့နေကြပြန်သည်။

ဘုရားလူကြီးတွေ ထိုသို့ အကျပ်ရိုက် အခက်တွေ့နေကြချိန်တွင် ကာလာ



www.burmeseclassic.com

www.burmeseclassic.com



ဗုတ်ကြီးတို့မှာလည်း အာပေါ်ရေနှင့် ဆီမီး ပူဇော်လာသူများလာရာ ဆီမီးခွက်တိုင်းကို ရွှေစ ငွေစတွေ ထည့်မပေးနိုင်ကြသဖြင့် အခက်တွေ့လာကြပြန်၏။ နဂါးတောင်များရှိ မီးသင့်ကျောက်များမှာ ယူမကုန်နိုင်လောက်အောင် ပေါပေါများများ ရှိနေသေးသော်လည်း အဂ္ဂိရတ်ရွှေ ဖြစ်လာရန် ဓာတ်ပြုပေါင်းစပ်မှု ဆေးဝါးများ အမြောက်အမြား လိုလာ၏။ ဆေးဝါး မရသောအခါ နည်းဝရိယာယ် တစ်မျိုးနှင့် အကြံအဖန် လုပ်ကြရပြန်သည်။

ရွှေရှိ ငွေရှိ သူဌေး၊ သူကြွယ်၊ ကြေးရတတ်များဆီကို လိမ္မာရေးခြားအပြောကောင်း အဟောကောင်း တပည့်များကို စေလွှတ်ကာ ရွှေတစ်ကျပ်ပေးသူကို ကာလာဗုတ်ကြီးက ရွှေနှစ်ကျပ် လုပ်ပေး ပွားပေးနေသည်။ ဤသည်မှာ သူတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ကြောင်း၊ မကြာမီ အာဝဘုရင် နန်းတော်ကိုလည်း ရွှေနန်းတော်ကြီးအဖြစ် ပြောင်းလဲပစ်ရန် သူတို့ကိုယ်တိုင် ရွှေငွေတွေ ဖိုထိုးပြုလုပ်နေကြရကြောင်း၊ ဖိုထိုး ရွှေလုပ်နေကြသူ ကာလာဗုတ်ကြီး၏ တပည့်များ မည်မျှရှိကြောင်း၊ ကာလာဗုတ်ကြီး တိုးပွားပေးသော ရွှေငွေများမှာ သာမန်ကြည့်လျှင် အရောင် နည်းနည်း မှိန်သည်ဟု ထင်ရသော်လည်း သိဒ္ဓိမဟိဒ္ဓိ အတတ်ပညာဖြင့် စီရင်ထားသောရွှေငွေ ဖြစ်သဖြင့် ကြာလေ အရောင်တက်လာလေ၊ သိဒ္ဓိမဟိဒ္ဓိ တက်လာနေလေနှင့် ဇမ္ဗူရာဇ်သိဒ္ဓိ ရွှေဆီရွှေနှစ် ငွေဆီငွေနှစ် အစစ်တွေ ဖြစ်လာမည်ဟု ရဲရဲကြီး အာမခံကာ ကာလာဗုတ်ကြီး၏ တပည့်တပန်းများက သူဌေးသူကြွယ် ကြေးရတတ်များဆီက ရွှေအစစ်၊ ငွေအစစ်တွေကို ယုံလောက်အောင် ပြော၍ လိမ်ယူနေကြရသည်။

သူဌေးသူကြွယ် ကြေးရတတ်များဆီကရသော ရွှေအစစ်နှင့် သူတို့ အဂ္ဂိရတ် ရွှေတုကို ရောနှောကြသည်။ ကာလာဗုတ်ကြီးနှင့်တကွ သူ့တပည့်များ၏ လောကီပညာရပ်များ ပြသမှုအပေါ် ယုံကြည်သက်ဝင်မှု ရှိနေကြသော သူဌေးသူကြွယ် ကြေးရတတ်များမှာလည်း ရွှေတစ်ကျပ်ကနေ နှစ်ကျပ် ဖြစ်လာမည်၊ ငွေတစ်ကျပ်ကနေ နှစ်ကျပ် ဖြစ်လာမည်ဆိုသောအခါ လောဘဇောနှင့် သူ့ထက်ငါဦးပင် လွယ်လွယ်ကူကူ ယုံယုံကြည်ကြည် ပေးအပ်နေကြသည်။

သည်လိုနှင့် ထိုသတင်းမှာ ကောတုံတရာဇ် တစ်တိုင်းမှသည် ဝတီလေးရပ်ထိ ပေါက်သွားရာ ဝတီလေးရပ်မှ သူဌေးသူကြွယ် ကြေးရတတ်များမှာလည်း လောဘဇောတိုက်ကာ ရွှေပွားငွေပွားရန် ကောတုံတရာဇ်မြို့ရှိ ကာလာဗုတ်ကြီးတို့၏ တက္ကသီလာသို့ သူဦးငါဦး အလျှင်အမြန် ရောက်လာကြပြန်လေသည်။ ထို့ကြောင့် ရက္ခပူရတိုင်းကြီး၏ ရွှေများမှာ (၁၅/၁၆) ပဲရည် မမီတော့ဘဲ





နောက်ပိုင်းတွင် ကာလာဗုတ်ကြီး၏ အဂ္ဂိရတ်ရွှေချည်း ဖြစ်သွားကြသည်။

(ဤသည်ကို ယခုထက်ထိ မြန်မာ ရွှေပန်းထိမ်ဆရာများက (၁၃/၁၄)ပဲရည်သာရှိသောရွှေများကို ရခိုင်ရွှေ ကုလားရွှေဟု သုံးနှုန်း ခေါ်ဝေါ်နေကြတုန်းပင်)

ကာလာဗုတ်ကြီးနှင့် သူ့တပည့်များက ထိုသို့ ကလိမ်ဉာဏ်ဆင်ကာ ရုပ်ပိုင်းဆိုင်ရာနှင့် ကောတုံတရာဇ်သူ ကောတုံတရာဇ်သားများကို လှည့်ဖြားနေသလို စိတ်ပိုင်းဆိုင်ရာနှင့်လည်း ယုတ်ညံ့သော အကြံအစည်များကို နေ့ရှိသရွေ့ ကြံစည် အားထုတ်နေကြလေ၏။

သို့နှင့် တစ်နေ့တွင် ကာလာဗုတ်ကြီး၏ တက္ကသီလာ ကျောင်းတော်ကြီးနှင့် နီးသော တောင်ပင်လယ်ကျုံးပြင်သူကြီး (ပြုစုကောင်း) သမီး အိမ်ဖံသူအား နန်းတောင်ရပ် သူကြီးသား သတိုးဦးနှင့် ထိမ်းမြားပေးစားလိုပါကြောင်း နားဖောက် (မယားတောင်း) လာသည်။ သမီးရှင်ဖြစ်ကြသော ကျုံးပြင်ရွာသူကြီးနှင့် သူကြီးကတော်တို့မှာ ဂုဏ်ရည်တူ အဆင့်တူ ဖြစ်သဖြင့် ငြင်းဆိုရန် အကြောင်းမရှိ။ သမီးဖြစ်သူ အိမ်ဖံသူ၏ ဆန္ဒကိုသာ မေးကြရသည်။

ညစဉ်ညတိုင်းလိုလို လမ်းဆုံလမ်းခွများကို မီးရှူးမီးတိုင်အောက်၊ ကချေသည်မ ရုပ်တုအောက်တို့၌ ပွဲကြည့်ရာမှ စတွေ့ခဲ့ကြသော သတိုးဦးနှင့် အိမ်ဖံသူတို့မှာ ချစ်သူဘဝ ရောက်ခဲ့ကြရာ သမီးအလိမ္မာတို့၏စကားနှင့် "မေမေဘဘ (အဖေ) တို့ သဘောပါ" ဟု မျက်နှာခေါင်းငုံ့ ရှက်စနိုး ပြောလိုက်ရုံနှင့် သူ့ဆန္ဒကို ထုတ်ဖော်ပြပြီးသား ဖြစ်သွားသည်။

ထို့ကြောင့် တောင်ပင်လယ်ရွက်သင်္ဘောဆိပ် ကျုံးပြင်သူကြီးနှင့် နန်းတောင်ရပ် သူကြီးတို့မှာ သားသမီးများအား ထိမ်းမြားလက်ထပ်ပေးရန် မင်္ဂလာရက်မြတ် (သမက်တက်ပွဲ) နေ့ကို ရွေးချယ် သတ်မှတ်လိုက်ကြသည်။

ကောတုံတရာဇ်သားတို့၏ သမက်တက်ပွဲမှာ ကာလသား၊ ကာလသမီးများအတွက် ပျော်စရာ အကောင်းဆုံးနေ့တစ်နေ့ ဖြစ်သည်။ ထိုပွဲတွင် အဆင့်အတန်းမရွေး မိမိကြိုက်သူများကို ကောက်ညှင်းထမင်းခဲနှင့် ပစ်ပေါက်၍ အချစ်သင်္ကေတကို လူပျို အပျိုများက ပြသကြသောနေ့လည်း ဖြစ်သည်။ ထို့ကြောင့် တောင်ပင်လယ် ကျုံးပြင်ရွာသူကြီး သမီးနှင့် မြို့တွင်းနန်းတောင်ရပ် သူကြီးသားတို့ကို စေ့စပ်လိုက်ကြပြီဆိုသောသတင်း အတိအကျကို ကာယကံရှင် ဟိုဘက်သည်ဘက် မိတ်များက အတည်ပြုကြေညာလိုက်သည်နှင့် သတို့သားသတို့သမီးတို့ ရွာနှစ်ရွာမှ ကာလသား ကာလသမီးများမှာ သမက်တက်ပွဲမင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေ့ အတွက် သံချပ်တိုက်ကြ၊ အစမ်းလေ့ကျင့်ကြ၊ သမက်တက်ပွဲတွင် ပစ်ပေါက်ကြရမည့် ကောက်ညှင်းဆန်စပါးများ ထောင်းကြ၊ ဖွပ်ကြ၊ ပြာကြနှင့် ထမင်းဟင်းတောက်ကပင် ဟိုးလေးတကျော် (ထိန့်ထိန့်ကြိုး) ဖြစ်နေကြသည်။

သို့နှင့် သမက်တက်ပွဲနေ့ကို ရောက်လာ၏။ မြို့တွင်းနန်းတောင်ရပ် သတိုးသားဘက်မှ လိုက်ပါလာကြမည့် သူများအတွက် ညနေစာ ထမင်းဟင်းများကို သတို့သမီးအိမ်တွင် အိုးကြီးအိုးငယ်နှင့် မနက်ကပင် ချက်ပြုတ် ကြော်လှော်နေကြရသလို သတို့သား၏ မိဘအိမ်မှာလည်း သမက်တက်ပွဲကို လိုက်ပါ ချီးမြှင့်ပေးကြမည့် ရွာလူကြီးသူမများနှင့် ကာလသား ကာလသမီးများကို မနက်ကပင် ချက်ပြုတ်၍ နံနက်စာ ထမင်းကျွေးနေရသည်။ ညနေချမ်းသို့ ရောက်သောအခါ နန်းတောင်ရပ် သတို့သားဘက်မှ လိုက်ပါကြမည့်သူများ အားလုံးသည် အဝတ်အဆင် အသစ်အလွင်များကို ဝတ်ဆင်ကြကာ သမက်အပ်ရန် ကျူးပြင်ရွာဘက်သို့ အတီးအမှုတ် အကအခုန်များနှင့် စည်စည်ကားကား စီတန်း ထွက်လာကြလေသည်။

ထိုအချိန်တွင် ကျူးပြင်ရွာ ကာလသားခေါင်း၊ ကာလသမီးခေါင်းနှင့် ကာလသား ကာလသမီးများကလည်း ရွာဝင်ခ (ခဲဖိုး)ငွေ တောင်းရန် ရွာအဝင်ဝက တစ်တန်၊ ရွာလယ်က တစ်တန်၊ သတို့သမီးအိမ်ရှေ့ အဝင်ဝက တစ်တန် ဝါးလုံး (ကြိုး) သုံးတန်တား၍ အတီးအမှုတ် အကအခုန်များနှင့် သံချပ်ထိုးကာ စောင့်ကြိုနေကြသည်။

ရွာခံ ကာလသားတို့၏ သံချပ်မှာ နန်းတောင်ရပ်မြို့လယ်က သတို့သား အဖေ အမေတို့၏ ဂုဏ်ပုဒ်များ၊ သူဌေးသူကြီး၏ ကျော်စောကိတ္တိရှိပုံများ၊ သားဖြစ်သူ သတိုးဦး၏ လှပခန့်ချောပုံများကို သံချပ်ထိုး၍ ရွာဝင်ခ (ခဲဖိုး) တောင်းကြသည်။ သတို့သားဘက်ကလည်း ဈေးဆစ်၍ တစ်ထောင်တောင်းလျှင် ငါးရာ၊ တစ်ရာတောင်းလျှင် ငါးဆယ်တို့ကိုပေး၍ ပြန်လည် ဈေးဆစ်ကြသည်။ အခြေအတင် သံချပ်ထိုး၍ သူကြီးသူဌေး၏ဂုဏ်ကို ဖော်ကျူးကာ သူတို့ တောင်းသော ရွာဝင်ခမှာ နည်းပင် နည်းနေသေးကြောင်းနှင့် အခြေအတင် တမင်ပင် ကွမ်းတစ်ယာ နှစ်ယာညက်ခန့်ကြာအောင် အချိန်ဆွဲထားကြသည်။

ထိုအခါ ဟိုဘက်သည်ဘက် လူကြီးများက အစဉ်အလာအရ ကြားဝင်ဖျန်ဖြေပေးကြသည့်သဘောနှင့် ဈေးတည့်အောင် ပြောပေးကြသည်။ ထိုအခါမှ ပထမစည်းတစ်တန်ကို ရွာခံကာလသားတို့က ဖွင့်ပေးလိုက်ကြသည်။ ထိုအခါ ဒုတိယစည်းသို့ ရောက်လာကြ၏။ ပထမစည်းနှင့်စာသော် ဒုတိယစည်းမှ ရွာဝင်ခကို ပိုတောင်းကြသည်။ ပထမစည်းနှင့်စာသော် ဒုတိယစည်းမှာ ပိုပြီး အချိန်ကြာသည်။ ပိုပြီး လူစည်ကားသည်။ ဈေးဆစ်ကြ၊ နှစ်ဖက်မိဘများ၏ ဂုဏ်ပုဒ်၊ ရပ်ရွာ၏ဂုဏ်ပုဒ်တို့ကို သံချပ်ဖြင့် ဖော်ကျူးကာ ရွာဝင်ခကို ပိုမို တောင်းကြပြန်သည်။ သည်လိုနှင့် နှစ်ဖက်လူကြီးများ ညှိနှိုင်းဖျန်ဖြေကာ သတို့သားရွာမှ လိုက်ပါလာသူများ ဒုတိယစည်းကို အောင်မြင်လာကြပြန်သည်။ ထိုအခါ ရပ်မလေ့ ရွာမလေ့နှင့်ဆိုင်သော၊ တစ်နည်းပြောရလျှင် ကာလသား ကာလသမီးများနှင့်သာဆိုင်သော ရွာဝင်ခ (ခဲဖိုး) ငွေကို ဤတတိယစည်းမှာ နှစ်ဖက်စလုံး အကြိတ်အနယ် ကြကြရတော့သည်။



သတို့သားဘက်မှ လိုက်ပါလာကြသူများကလည်း သတို့သမီးအိမ်ရှေ့ကို ရောက်နေကြပြီ ဖြစ်သဖြင့် သတို့သမီး၏ အမိအဖရွာ၊ သတို့သမီး၏ အလှတို့ကို ချီးကျူးကြသောအားဖြင့် -

*"ကောတုံတရာဇ်တိုင်းကြီးမှာ တောင်ပင်လယ်ဟာ ရောမရွာကြီး။ ကျူးပြင်ရွာကြီး၊ အိမ်တစ်ထောင်၊ ခွီး (ခွေး) ဟောင်လို့တောင် ဟိုဘက်က မကြား။*

*ကျူးပြင်ရွာက သူကြီးဟာ၊ ကောတုံတရာဇ်မှာ အတော်ဆုံး အကျော်ဆုံး"*

ထိုသို့ သတို့သမီး၏အဖေဂုဏ်ပုဒ်ကို ဖော်ကျူးပြီးသောအခါ သတို့သမီး၏ အလှကို ယခုမှ ရုတ်တရက် မြင်လိုက်ရ၍ အံ့သြ အမလေး တ,သွားကြသော သံချပ်နှင့်-

*"အီးယောင်လိုင်၊ ဘားဘာလိုင် (အမယ်လေး၊ အဖေကြီး) အေ (ဒီ) မမချော (လေး) ယပိုင်လဲ (ခုလိုလည်း) လှလား။ ယပိုင်လှရေ (တဲ့) မမချော လူကမွီး (မွေး+ဖွား) ရေ (တာ+တယ်) ဟုတ်ပါရဲ့လား"*

သတို့သားဘက်က ထိုသို့ သတို့သမီး၏ မိဘဂုဏ်၊ သမီးအလှဂုဏ်ကို ဖော်ထုတ်နေကြသောအခါ ရွာခံ ကာလသား ကာလသမီးများကလည်း သံချပ်ထိုး၍ ဤမျှလှသော မိန်းကလေးကို ဤမျှ တောင်းသောရွာဝင်ခ တန်သဖြင့် ပေးပါဟု တောင်းကြပြန်သည်။ ထိုအခါ သတို့သားဘက်ကလည်း စည်းနှစ်တန်တွင် ငွေကြေး အမြောက်အမြား ပေးထားခဲ့ပါပြီ၊ ငွေမပါတော့ပါ ဟူသော သဘောကို သံချပ်ထိုး၍ တောင်းပန်ကြပြန်သည်။

ရွာခံကာလသားများက တောင်းသည့်ငွေကို မရသောအခါ ပွဲကြမ်းလာသည့် သဘောနှင့် သတို့သမီး၏မိဘဘက်ကို လှည့်လာကြပြန်သည်။ ဆိုလိုသည်မှာ 'ခင်ဗျား ခမည်းခမက်က ဤမျှ လှပသော သတို့သမီးကို ခွေးမအဖြစ် ရတော့မှာတောင် ကပ်စေးနှဲနေသေးသည်။ ခင်ဗျား ခမည်းခမက်တို့ တောင်း





www.burmeseclassic.com

www.burmeseclassic.com



နေကြသည့်ငွေ မြန်မြန် ပေးလိုက်ရန် ခင်ဗျားက ပြောတော့၊ မပြောရင် ကျုပ်တို့တော့ ခင်ဗျားကို အရှက်ခွဲတော့မှာ၊ ခင်ဗျားတို့ မကောင်းကြောင်း ငယ်ကျိုးငယ်နာ ဖော်လိုက်ရမလား' ဟူသော သဘောနှင့် -

"သမက်လောင်းကြီး လာရေ (တဲ့) ခါ ယောက္ခမမှာ မျက်နှာပူလို့"

နောက်တစ်ယောက်က သတို့သမီး၏ အစ်ကိုကြီးနှင့် မောင်လေးတို့က ဤမျှသော ငွေလေးကိုမျှ ယောက်ဖဘက်က မပေးနိုင်ကြသဖြင့် မျက်နှာပူ၍ နေစရာ မရှိ ဖြစ်နေကြပုံကို-

"ယောက်ဖကြီးချေ (လေး) နေစရာ မဟိ (ရှိ)"

ထိုမှတစ်ခါ ရွာခံကာလသားများက ပဝါပါးနှင့် ကြက်သားထုပ်သွားသော အိမ်ဝံ့သူ အလှမလေးကို နှမြောတသ ဖြစ်ကြဟန်နှင့်-

"အိမ်ဝံ့သူမ အလှချေ (လေး+ငယ်) နှမြောပါရေ ငါရို့ (တို့) ငါရို့၊
နှင့်မျက်စိထဲ တစ်ခါတလေ ငါရို့တွေကို မမြင်မိလား၊
နှင့်မျက်စိထဲ ငါရို့ကိုမမြင် တစ်ရွာသားကို လင်လုပ်ချင်လို့၊
တစ်ရွာသားကို လား(သွား)လို့ကြိုက်၊ ကောက်ညှင်းခဲနဲ့ ပိုက် (ပစ်) ပိုက်။
ဟေး. . ဝေး. . . ဝေး၊ ပိုက် ပိုက်"

ဤတစ်ခါတော့ ပွဲကြမ်းကြပြီ။ ကာလသား ကာလသမီးများက ဟိုဘက်သည်ဘက် ထိုအချိန်ကစ၍ ကောက်ညှင်းခဲ၊ ကောက်ညှင်းဆုပ်များနှင့် လှမ်းပစ်ပွဲ စတင်ကြတော့သည်။ သံချပ်စကားအရ သတို့သမီးကို "ပစ်"ဟု ပြောသလိုလိုနှင့် အမှန်က ဟိုဘက်ရွာမှလာကြသော အပျိုများထဲမှ မိမိတို့ မျက်စိကျသူ ကြိုက်သူ အပျိုများကို ကိုယ်စီကိုယ်ငှ ရွာခံကာလသားများက ပစ်ကြသလို ရွာခံကာလသမီး အပျိုများကို ကောက်ညှင်းခဲနှင့် ပစ်နေကြ၊ ချစ်စကား ဆိုနေကြခြင်းသာ။

ထိုအခါ နှစ်ဖက်လူကြီးများမှာ တဝါးဝါး တဟားဟား ရယ်မောပြီး ကာလသား ကာလသမီးများ ချစ်သူရှာနိုင်၊ ကောက်ညှင်းခဲနှင့် ပစ်ပေါက်၍ ချစ်သူရွေးနိုင်ကြအောင် အချိန်ဆွဲပေးထားကြသည်။ အချိန်ရလျှင် သံချပ် အပြန်အလှန်ထိုးလိုက်၊ ကောက်ညှင်းခဲ ကောက်ညှင်းဆုပ်များနှင့် ပစ်လိုက်ဖြင့် ချစ်သူရှာပွဲကို နာရီဝက် တစ်နာရီခန့် ဆွဲထားကြသည်။ မျက်နှာကြီး သမက်တက်ပွဲ၊ သမက်အပ်ပွဲ (မင်္ဂလာဆောင်) ဆိုလျှင် ပိုကြာအောင် လုပ်ကြရသည်။ တချို့သမက်တက်ပွဲမှာ သန်းခေါင်နီးသွားသည်။

ဟိုရွာသည်ရွာ ကာလသမီး ကာလသားများ အပြန်အလှန် ပျော်ပျော်





ပါးပါး ပစ်ပေါက်ကျီစားကြသလို နောက်ပိုင်းတွင် တစ်ရွာတည်းသား ကာလသား ကာလသမီးများ အချင်းချင်းလည်း မိမိ ချစ်သူများကို တစ်ရွာသား တစ်ဖက်လူကပဲ ပစ်ပေါက်သလိုလိုနှင့် မသိမသာ မိမိ ရွာသားနှင့် ရွာသူတို့ကလည်း ကောက်ညှင်းဆုပ်နှင့် ပစ်၍ ချစ်သူရှာကြသည်သာ။

ကာလသား ကာလသမီးများ စိတ်ကြိုက်အချိန် ပြီးသွားတော့မှ သတို့သမီးဘက်က ကာလသားများ တောင်းဆိုနေကြသော ရွာဝင်ခ (ခဲဖိုး)ကို ပေး၍ တကိုယ်သ နောက်ဆုံး ဝါးလုံးတား (ကြိုးတား) ပွဲကို အဆုံးသတ်တတ်ကြသည်။

ထိုအခါမှ သတို့သားနှင့် မိဘများ၊ ယောက္ခမများ အိမ်ပေါ်တက်လာလျှင် ကြိုရန် ခြေတံရှည် အိမ်ပေါက်ဝ လှေကားထိပ်တွင် ရှက်ရှက်နှင့် ဝတ္တရားအရ မတ်တတ်ရပ် စောင့်ကြိုနေရသော အိမ်ဝံ့သူ သတို့သမီးကို မည်သူက ကောက်ညှင်းခဲနှင့် လှမ်းပစ်လိုက်သည် မသိ။ ကောက်ညှင်းဆုပ် တစ်ဆုပ်က အိမ်ဝံ့သူ ရင်ဘတ်ကို လာမှန်သောအခါ အိမ်ဝံ့သူမှာ ရုတ်တရက် လန့်ဖျပ်သွားပြီး "အမေ့" ဟု အထိတ်တလန့် အော်လိုက်ကာ မူးမေ့ ယိုင်ကျသွားသည်။

အနားတွင် ရှိသော မိဘနှစ်ပါးနှင့် အပျိုရံများက ဝိုင်းထိန်း ဖေးမ လှမ်းပွေ့လိုက်ကြသည့်ကြားထဲက အိမ်ဝံ့သူ သတိမေ့သွား၏။

"အကျွန့်သမီး ဘယ်လိုဖြစ်သွားပါလိမ့်၊ လုပ်ကြပါဦး"

အိမ်ဝံ့သူအမေ၏ အထိတ်တလန့် အော်လိုက်သံကြောင့် သမက်တက်ပွဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ တစ်ဖက်နှင့် တစ်ဖက် သံချပ်ထိုးနေကြသော အသံများလည်း ချက်ချင်း တိတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"သတို့သမီး လဲကျလို့"

"ဘယ်လိုဖြစ်တာလဲဟင်၊ သတို့သမီး အိမ်ဝံ့သူကို ဘယ်သူက ပစ်တာလဲ"

"ကောက်ညှင်းဆုပ်နဲ့"

"ဟဲ့ ကောက်ညှင်းဆုပ် ထိရုံနဲ့တော့ မူးမေ့မလား ဟ၊ ခဲထိတာများလား သေချာလည်း ကြည့်ကြပါဦး"

"ဟာ လူတွေ သိပ်မအုံကြပါနဲ့ဟ၊ အိမ်ဝံ့သူနဖူးကချွေးကို သုတ်ပေးလိုက်ပါဦး သမီးရယ်"

"ဟာ ဒီကလေးတွေ အရေးထဲ သွားကြစမ်း တခြား"

"ဟဲ့ ယပ်တောင်က ဟိုမှာ"

ကာလသား ကာလသမီးတို့၏ သံချပ်သံအစား တစ်အိမ်လုံးမှာ ထိုအသံ



www.burmeseclassic.com

www.burmeseclassic.com



များနှင့်သာ ဆူညံသွားသည်။

ရုတ်တရက် ကောက်ညှင်းခဲထိ၍ မူးမေ့ လဲကျသွားသော သတို့သမီး အိမ်ဖုံသူကို ဝိုင်းဝန်း နှာနှပ် ယပ်ခတ်ပေးကြသည်။ သို့သော် အိမ်ဖုံသူကား သတိရမလာ။ စန့်စန့်ကြီးသာ ဖြစ်နေ၏။

"ကျောက်ခဲနဲ့ ပစ်တာလား ကြည့်ကြပါဦးဆို"

"မဟုတ်ပါဘူးဆို၊ ကျောက်ခဲထိရင် သွေးမပေါက်တောင် ရင်ဘတ်မှာ အညိုအမည်းရာ တွေ့မှာပေါ့ဟ၊ နင် မယုံလို့လား၊ ငါ တယ် ချွတ်ပြလိုက်. . "

တစ်ခါ တစ်ခါတွင် သမီးရည်းစားဖြစ်ကြပြီးမှ အကြောင်းအမျိုးမျိုးကြောင့် မိန်းကလေးက သစ္စာဖောက်ကာ အခြားတစ်ယောက်နှင့် ယူသွားသောအခါ ရည်းစားဟောင်းက သမက်တက်ပွဲမှာ စိတ်နာနာနှင့် သတို့သမီးကို ခဲလုံးနှင့်ပစ်ဖူးသော သာဓက ရှိသဖြင့် ခဲလုံးနှင့် ပစ်သည်ထင်၍ မိန်းမသူတစ်ယောက်က မေးသည်ကို နောက်တစ်ယောက်က စိတ်တိုတိုနှင့် မဟုတ်ပါဘူးဟု ပြန်ပြောလိုက်၏။ ရည်းစားဟောင်း ရှိသည်ပဲထား၊ ဤလို သူကြီးသမီး၊ သူကြီးသား သမက်တက်ပွဲကို မည်သူက နှောင့်ယှက်ဝံ့မည်နည်း ဟူသော အိမ်ဖုံသူ၏ဆွေမျိုးထဲမှ မိန်းမတစ်ယောက်ကလည်း -

"အရေးထဲ၊ ကောင်မတွေ တောပြောတောင်ပြော၊ ကျုပ်တူမ ဘယ်လင်ကြီး လင်ငယ်. . . "

"ဟာ. . ဒီမိန်းမတွေ၊ ဖယ်ကြစမ်း။ နင်တို့ ဒီလို ကြည့်နေကြလို့ ဖြစ်မလား။ ဟေး. . ဝေး . . . ကြာထွီးအောင်၊ ဦးပန်းစိန်ကို မြန်မြန် ပြေးခေါ် လိုက်စမ်း။ ဘယ့်နှယ် ဘယ့်နှယ် အတင်းပြောချင်တာလောက်ပဲ ကြည့်နေကြတာ"

ကျုံးရွာသူကြီးက မိန်းမသူတွေ ဝိုင်းနေကြသဖြင့် ဝင်မရ ဖြစ်နေသည်ကို စိတ်တိုလာကာ အော်လိုက်တော့မှ မိန်းမသူတွေက နွတ်ဆိတ်၍ တိတ်သွားကြသည်။ ကြာထွီးအောင်ဆိုသော သူကြီး၏ လက်ရင်းတပည့် ဆယ်အိမ်မှူးက သူတို့ အရပ်ဆေးဆရာကြီး ဦးပန်းစိန်ကိုခေါ် ရန် ပြေးသည်။ အိမ်ဖုံသူ၏ အမေ သူကြီးကတော်ခမျာမှာမူ စန့်စန့်ကြီးဖြစ်နေသော သမီးလေး အိမ်ဖုံသူ၏ခြေလက်တို့ကို ဆုပ်နယ် ကိုင်နှိပ်ကာ -

"လုပ်ကြပါဦး၊ ကြည့်ပေးကြပါဦး အကျွန့်သမီးလေး ဘယ်လို ဖြစ်သွားပါလိမ့်၊ စောစောကရော မနက်ကပါ အကောင်းမှ ပကတိ အကောင်းကြီးပါတော်" ဟု ပြောကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျနေသည်။

"ဦးပန်းစိန် မရှိဘူး သူကြီး။ မနေ့မနက်ကပင် ကျောက်ပိုးထိုးဘက်က





လာပင့်သွားတယ်ပြောတယ်"

ကမန်းကတန်း ပြေးလာပြောသော ကြာထွီးအောင်၏ စကားကြောင့် သူကြီးက သက်မချသည်။

"ငါ သွေးစမ်းကြည့်တော့ တစ်မျိုးပဲဟ ငရဲကျော်"

ကျုံးရွာသူကြီး၏ အစ်မကြီးဖြစ်သူ၊ ရပ်မှာရွာမှာလည်း မိန်းမသူများ သွေးရိုးသားရိုး နေထိုင်မကောင်းခြင်း၊ မီးဖွားခြင်း စသည်များတို့၌ သိတတ်နားလည်သူအဖြစ် အသိအမှတ်ပြုထားသော ရွာလက်သည်မကြီးက သူ့မောင် သူကြီးမျက်နှာကို လှမ်းကြည့်၍ တိုးတိုးသာသာ ပြော၏။

"ဒေါ်ဒေါ်င်းက ပယောဂထင်လို့လား၊ ဒါဆိုလည်း မြန်မြန် ဘုရားဆီပို့ကြမယ်လေဗျာ။ ဟေ့ ထွန်းညိုတို့၊ ချမ်းလှဦးတို့ရော၊ အရေးထဲ ဒီကောင်တွေ ဘယ်သွားမူးနေကြပြန်လဲ၊ မြန်မြန် ခေါ်ကြစမ်း"

ဆွေမျိုးလည်း ဖြစ်သလို ဆယ်အိမ်မှူးလည်း ဖြစ်သော ဝက်ကြီး ခေါ် ကျော်ဇောဦးက အရပ်ကာလသားခေါင်းနှင့် သူ့သားတို့ကို ခေါ် ခိုင်းနေပြန်သည်။ ဒေါ်ဒေါင်း၏စကားကို ဝက်ကြီး စိုးရိမ်မည်ဆိုကလည်း စိုးရိမ်စရာပင်။ ယခုအခါ ကောတုံတရာခင်မှာ လောကီပညာသည်တွေက လက်ညှိုးထိုးမလွဲ ဖြစ်နေရာ အိမ်ဖုံသူအတွက် စိုးရိမ်၍ ကမန်းကတန်း 'ကောတုံတရာခင်ဘုရားရှေ့ ပို့ကြရအောင်' ပြောလိုက်၏။

"ဟာ ဘကြီးဦးကလည်း ကောတုံတရာခင်ဘုရားနဲ့ ကျုံးပြင်ရွာခရီးက ကလေး တစ်ရေးအိပ် ကြာမှာဗျ။ မမလေးက မနက်ကပင် ခု မိုးချုပ်"

"ဟုတ်တယ်နော်၊ ညကြီးမိုးချုပ်၊ ပြီးတော့ မြို့ထဲမှာလည်း ဟိုတုန်းကလို မီးရှိတာ မဟုတ်ဘူး၊ ပြီးတော့ ကျုံးသုံးတန် မြစ်ချောင်းဖြတ်ရဦးမှာ၊ ခုက ဒီရေ (ဖျား) ချိန်ဗျ၊ လှေဆိပ် ကျောက်လှေကားတွေမှာ ရွှံ့ညွန်တွေနဲ့ လှေဆိပ်တွေလည်း ဟိုတုန်းကလို မီးလင်းနေတာ မဟုတ်ဘူး"

တစ်ယောက်တစ်ပေါက် ပြောနေကြသည့်ကြားထဲတွင် သူကြီးကတော်နှင့် ကျုံးပြင်ရွာသူကြီးတို့မှာလည်း ရုတ်တရက် မှုန်ထူကာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ သူတို့ ပြောနေကြသည်မှာလည်း အဆိုးတော့ မဆိုသာ။ ယခင်က ကောတုံတရာခင်မြို့ကြီးမှာ မုဆိုးမအိမ်ရှေ့၌ပင် မိုးလင်းပေါက် ထွန်းတောက်နေသော မီးရှူးမီးတိုင်တစ်တိုင် ရှိခဲ့သော်လည်း နဂါးများ မီးတောက်ပြီး နေသော ပိုင်းမှာ ရေနံပျောင်းများ ရှားပါးလာသဖြင့် ယခုဆိုလျှင် လမ်းဆုံလမ်းခွနှင့် ဆိပ်ကမ်းတိုင်း၌ပင် မီးစုံစုံလင်လင်ကို တစ်နေ့မှ မမြင်ကြရတော့။ နန်းမြောက်



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ရုံးရုံး အရပ်၌သာရှိသော ကောတုံတရာစ်ဘုရားနှင့် သူတို့ တောင်ပင်လယ် ကျုံးပြင်ရွာက နန်းတောင်ဘက်အဆုံး ဖြစ်နေသည်။ ခရီးမှာ မြောက်ဘက်အဆုံးနှင့် တောင်ဘက်အဆုံး။ ပြီးတော့ ညကြီးမှောင်ကြီး မြစ်ပေါ်တ်ချောင်းပေါက် တျုံးသုံးတန်ကို ဖြတ်သွားကြရဦးမည်။

လူမမာ စန့်စန့်ကြီးကို ချီပိုး၍ ညကြီးမင်းကြီး ခရီးဝေးသွားဖို့ ဆိုသည်မှာလည်း စဉ်းစားစရာ။ ယခု ကောတုံတရာစ်မြို့မှာ လောကီပညာသည်တွေကလည်း အလွန်ပေါရာ မြို့ကြီး ဟိုဘက်သည်ဘက်ကို ဖြတ်ခေါ်သွားကြရမည့် မင်္ဂလာဦးည လူမမာအား အမှောင်ထဲတွင် နောက်ထပ် အမှောင့်ပယောဂတစ်ခုခု ဝင်ကပ်မှာလည်း စိုးရိမ်ရသည်၊ ကျုံးပြင်ရွာသူကြီးနှင့် ဆွေမျိုးသားချင်းများမှာ လူအုပ်ထဲက ကြမ်းပြင်ပေါ် စန့်စန့်ကြီး ဖြစ်နေသော သမီးလေးအိမ်ငံသူကို ငုံ့ကြည့်ကာ ခေါင်းရှုပ် အကြံအိုက်နေကြစဉ် သူတို့ ကျုံးပြင်ရွာမှ တက္ကသိုလ်ထွက် လူငယ်လေးတစ်ယောက်က-

"အံ့ပါရဲ့ဗျာ၊ ဒီလောက် သေကောင်ပေါင်းလဲ ဖြစ်နေတဲ့ဥစ္စာ သွေးနိုးသားရိုးပဲ ဖြစ်ဖြစ်၊ အမှောင့်ပယောဂပဲဖြစ်ဖြစ် တက္ကသိုလ်နဲ့ ဒီလောက်နီးနေတဲ့ဟာ ပုရောဟိတ်ဆရာကြီးဆီ မြန်မြန် သွားပြလိုက်ကြပါလား၊ ဒီလို ထိုင်ကြည့်နေကြလို့ လူမမာက ကောင်းလာမှာလား။ ဆရာကြီးဆီရောက်ရင် ဘယ်ရောဂါမဆို ပျောက်လို့ပဲ ခုဆိုရင် အနယ်နယ်အရပ်ရပ်က ဆေးလာကုသနေ ကြသူတွေ တက္ကသိုလ်မှာ ပြည့်လို့ ခင်ဗျားတို့ဟာက ယောက်မခါးထိုးရှာပြီး ဟင်းမွှေယောက်မက ဟင်းရဲ့ အရသာကို မသိသလို လုပ်နေကြပါလား၊ ဘယ်လိုလဲ"

သူငယ် အပြစ်တင်မည် ဆိုကလည်း တင်စရာပင်။ ကောတုံတရာစ်ဘုရားမှာ သတ္တဝါတို့၏ ပြုခဲ့သော အကုသိုလ်တရားတို့၏ ကံနာဝဋ်နာကို ကုသပေးနိုင်သည် မဟုတ်။ သတ္တဝါတို့၏ ပြုခဲ့ကြသော အကုသိုလ်ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာသည်များကို ဆေးသမား ဆေးဆရာများလို ဆေးဝါးဓာတ်စာပေး၍ ခြေဆုပ်လက်နယ်၊ သွေးကြောလေကြောများလည်း ဖြောင့်ပေးနေသည် မဟုတ်၊ လာလာသမျှ လူမမာများကို မည်သည့်ရောဂါမဆို ဆေးဝါးဓာတ်စာပေး၍ တစ်မျိုး၊ မန္တရ တန္တရ ဂါထာအစွမ်းနှင့် မန်းမှုတ်၍ တစ်ဖုံ သွေးလေ မညီညွတ်သူများအား သွေးကြောလေကြောများကို နှိပ်နယ်ကိုင်တွယ်ညှိပေး၍ တစ်နည်း ကုသပေးနိုင်သူ၊ ကုသပေးနေသူမှာ ပုရောဟိတ်ဆရာကြီးသာ ဖြစ်သည်။ ထို့ကြောင့်လည်း အမှောင့်ပယောဂ၊ လူပြု၊ စုန်းပြု၊ လူတိုက်၊





နတ်တိုက်၊ မာကြောရက္ခိုက်၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ အထွေထွေသော အမှောင့်ပယောဂလောက်သာ ဘုရားရှေ့တော်မှောက်ရောက်၍ မိဋ္ဌာန်ရှိခိုးပြီးမှ ပျောက်သည်နှင့်စာလျှင် ရောဂါမျိုးစုံ ကုသပေးနေသော ကာလာဗုတ်ကြီးမှာ ပိုစွမ်းသလို ဖြစ်နေသည်။

ပြီးတော့ ပုရောဟိတ်ကြီးအား ကောတုံတရာစ်ဘုရားကပင် ယုံစား၍ တပည့်သာဝက တစ်ပါးအဖြစ် ဆင်းရဲသူ ဆင်းရဲသားများအား ရေနံပျောင်းနှင့် အာပေါရေတို့ကို ရောနှောကာ ဆီမီးပူဇော်သူတို့အား ရွှေစင္စ မစ, ပေးသနားတော်မူမည် ဆိုသော အိပ်မက်ကို အပေးခံရသူမှာလည်း ပုရောဟိတ်ကြီးပင် ဖြစ်သည်။ ဝတီလေးရပ်ရှိ သူဌေးသူကြွယ် ကြေးရတတ်များအား ရွှေငွေ ပွားပေးလုပ်ပေးနေသူမှာလည်း ပုရောဟိတ်ကြီးပင်။ ဤပုရောဟိတ်ကြီး၏ တက္ကသိုလ်နှင့် သူတို့အိမ်မှာလည်း ကွမ်းတစ်ယာညက်ခရီးပင် မရှိ။

ထို့ကြောင့်လည်း အင်မတန် အရေးကြီးသော မင်္ဂလာဆောင် သမက်တက်ပွဲမှာမှ မမျှော်လင့်ဘဲ မူးမေ့သတိလစ်သွားသဖြင့် အရှုံးမိုဝိုင်း ဖြစ်နေရှာသော သူကြီးကတော် ဒေါ်ကြာငံမေက ထိုတစ်ရပ်တည်းသား တက္ကသိုလ်ထွက် သူငယ်လေးစကားကို အားကိုးတကြီးနှင့် -

"အေးကွယ့်၊ လူလေးပြောတာ သိပ်ဟုတ်တာပေ့ါ၊ အဒေါ်တို့ကလည်း ရုတ်တရက်ဆိုတော့ မှန်ထူသွားပြီး ပုရောဟိတ်ကြီးကို သတိမရ ဖြစ်သွားမိကြပါတယ်ကွယ်။ ကဲ၊ ဒါဆို လူလေးပဲ အဒေါ်တို့ကို ပုရောဟိတ်ကြီးဆီ ဆောင်ကြဉ်းပေးပါ။ အဒေါ်တို့က ပုရောဟိတ်ကြီးရဲ့ ကျော်စောကိတ္တိသတင်းဆဲ ကြားဖူးပြီး မြင်လည်း မမြင်ဘူး၊ တွေ့လည်း မတွေ့ဖူးဘူးကြတော့ လူလေးတို့ပဲ အားကိုးပါရစေ။ ပုရောဟိတ်ကြီးနဲ့ လူလေးကတော့ ဆရာတပည့်မို့ အတွင်းအကြောင်း ပြောပြနိုင်သူပါ။ ကျေးဇူးမမေ့ပါဘူး ကလေးရယ်၊ အဒေါ်တို့ခုတွေကို ကူညီပါဦး" ဟု သူကြီးကတော်က မျက်နှာသိ ထိုသူငယ်လေးကို တောင်းတောင်းပန်ပန် ပြောလိုက်သည်။

ထိုသူငယ်လေးကလည်း ချက်ချင်းပင် တက်တက်ကြွကြွနှင့် -

"စိတ်ချပါ ခင်ဗျား၊ ကျုပ်တို့ တစ်ရပ်ကွက်သားချင်းတွေပါ။ ဒီအရေးမှာ မကူညီရင် ဘယ်အရေး ကူညီရတော့မှာလဲ။ ကဲ ဒီက မီးတုတ်တစ်တုတ်ယူပြီး ကျုပ် ပုရောဟိတ်ကြီးဆီ အရင် ပြေးလိုက်မယ်၊ အဒေါ်တို့ လူမမာနဲ့ ခုချက်ချင်း လိုက်လာခဲ့ကြပါ၊ ဟိုရောက်တာနဲ့ မမကြီးကို အဆင်သင့် ကုသနိုင်အောင်လည်း ပုရောဟိတ်ကြီးကို ကျုပ် ကြိုတင် လျှောက်ထားပေါ့မယ် စိတ်ချပါ။ ကဲ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သွားပြီ”

ပြောပြောဆိုဆိုနှင့်ပင် ထိုသူငယ်သည် သတို့သမီး ခြံဝတွင် ထွန်းညှိ စိုက်ထူထားသော မီးတုတ်တစ်တုတ်ကို ဆွဲနုတ်ကောက်ကိုင်ကာ တက္ကသိလာ သို့ ပြေးသွားလေသည်။

သတို့သားနှင့် သတို့သမီး မိဘဆွေမျိုးများကလည်း သတို့သမီး အိမ်ဝိုင်း ဝတ်ပတ်လည်ရှိ မီးတုတ်များကို ဆွဲဖြုတ်ကိုင်သူကကိုင်၊ လှမမာ သတို့သမီးကို ပွေ့သူကပွေ့နှင့် ချက်ချင်း တက္ကသိလာရှိ ပုရောဟိတ်ကြီးဆီကို လိုက်လာကြ သည်။ တက္ကသိလာနှင့် သူတို့အိမ်မှာ ကျုံးကူး ချောင်းခြားလည်း မဟုတ်သဖြင့် ခဏအတွင်းမှာပင် တက္ကသိလာသို့ ရောက်လာကြသည်။

ဆွေကြီးမျိုးကြီးဖြစ်သဖြင့် နှစ်ဖက်လိုက်လာကြသူတွေမှာ အလွန် များပြား နေလေရာ ကျောင်းဝတွင် ကြိုနေသူ လူငယ်က -

“ခင်ဗျားတို့ လူတွေ သိပ်များတယ်၊ သက်ဆိုင်တဲ့ လေးငါးယောက် လောက်ပဲ ပုရောဟိတ်ကြီးဆီ ဝင်ကြပါ။ တခြားလူတွေကတော့ ပြန်သွားကြပါ။ ပုရောဟိတ်ကြီးက ရှုတ်ရှုတ်သဲသဲ လူများတာကို သိပ်မကြိုက်ဘူး” ဟု ဆီးပြောသဖြင့် သတို့သမီး လှမမာအား ပွေ့ချီလာသူတွေက လှမမာကို သတို့သားလက်ထဲ အပ်လိုက်ကြသည်။ သတို့သမီး မိဘနှစ်ပါးနှင့် သတို့သား မိဘနှစ်ပါးကသာ ပုရောဟိတ်ကြီးရှိရာသို့ ဝင်လာကြရ၏။

အကျိုးဆောင်ပေးသူ လူငယ်ကပင် ဦးဆောင်ခေါ်၍ လှမမာ သတို့သမီး ကို ပုရောဟိတ်ကြီးရှေ့ ညောင်စောင်း တစ်ခုပေါ်တွင် ချခိုင်းလိုက်သည်။ သတို့သားလက်ပေါ်က ညောင်စောင်းပေါ် ချလိုက်သော လှမမာ သတို့သမီးကို ပုရောဟိတ်ကြီးကလည်း ချက်ချင်း အရေးတယူပင် သေွးစမ်းကြည့်သည်။ ခဏအကြာမှာပင် သူ့အနားတွင် ရှိရိုကျိုးကျိုး ထိုင်ကြည့်နေကြသော လှမမာ ရှင်များဘက် ပုရောဟိတ်ကြီးက မျက်နှာလှည့်လာ၏။ သို့သော် စကားမပြော သေး၊ အကျိုးဆောင် လူငယ်လေးကိုသာ ဆေးယူခိုင်းလိုက်သည်။ ပြီးမှ စကား ပြော၏။

“ကျုပ်တပည့်က ပြောပြထားလို့ အကြောင်းစုံ သိပြီးပါပြီ။ ရှုတ်တရက် ဆိုတော့ ကလေးမလေးက သွေးလန့်သွားတာ ဖြစ်ပါလိမ့်မယ်”

“ဟုတ်ကဲ့ပါ ပုရောဟိတ်ကြီး ခင်ဗျား၊ သမက်တက်ပွဲဆိုတော့ တစ်စုံ တစ်ယောက်က နောက်ပြောင်ပြီး ကောက်ညှင်းဆုပ်နဲ့ လှမ်းပစ်လိုက်လို့ လန့်ပြီး မူးမေ့သွားပါတယ်။ စိုးရိမ်စရာရှိပါလား ခင်ဗျား”





“ခု လှမမာ ကျုပ်ဆီ အရောက်မြန်တာ သိပ်ကံကောင်းပါတယ်။ ကလေးမ လေးက သွေးလန့်ပြီး သွေးကြောလေကြော ရုတ်တရက် ပိတ်သွားတာပဲ”

လှမမာ၏လက်က သွေးခုန်နှုန်းကို ကိုင်စမ်းထားရင်း ပုရောဟိတ်ကြီးက ပြန်ပြောသည်။

“စိုးရိမ်ရတဲ့ အခြေအနေရှိပါလား အရှင် ပုရောဟိတ်ကြီး”

သတို့သမီးအမေ သူကြီးကတော်က စိုးရိမ်ကြီးစွာ အသံ တုန်တုန်ယင် ယင်နှင့် မေးလိုက်သည်။

“သူကြီးကတော် ထင်တယ်”

“ဟုတ်ကဲ့ပါ၊ အကျွန် လှမမာ့ အမေပါရှင်”

“ကျုပ်ဆီ အချိန်မီရောက်လာတာပဲ။ သိပ်မစိုးရိမ်ရတော့ပါဘူး။ နည်းနည်း တော့ကြာမယ် ထင်တယ်”

“ဘယ်လောက်တောင် ကြာမယ်ထင်ပါလဲ ပုရောဟိတ်ကြီး ခင်ဗျား၊ လေတွေ ဘာတွေ ဖြတ်ပြီး သွေးကြောလေကြော ပိတ်. . .”

“တော်နီရို့ လှမမာကို မျက်စဉ်းခတ်ပြီး ဆေးတစ်ခွက်ဝင်အောင် အမြန် တိုက်လိုက်ပါ”

ကျုံးမြင်သူကြီးက စိုးရိမ်တကြီး မေးလိုက်သည်ကို ပုရောဟိတ်ကြီးက ပြန်ပြောဖို့မအား။ သူ့နားကို ဆေးခွက်ကိုယ်စီနှင့် ရောက်လာကြသော အကျိုး ဆောင် သူငယ်နှင့် သူ့တပည့်ကြီး တော်နီရို့တို့ကိုသာ ဆေးတိုက်ရန် ညွှန်ကြား လိုက်သည်။ တော်နီရို့နှင့် အကျိုးဆောင်လူငယ်တို့က လှမမာ၏ မှိတ်ထားသော မျက်ခွံကို အသာဖွင့်ကာ မျက်စဉ်းခတ်ပေးလိုက်ကြသည်။ ချက်ချင်းပင် လှ မမာက လှုပ်လွန့်လာ၏။

“ဆေးကို ဝင်အောင်တိုက်လိုက်ပါ တော်နီရို့”

“ဟုတ်ကဲ့ပါ ဆရာကြီး”

ပုရောဟိတ်ဆရာကြီးသည် လှမမာ မိသားစုဘက်ကို အရေးတယူ မကြည့်အားသေးဘဲ လှမမာကိုသာ ဂရုတစိုက် ကြည့်နေပြန်သည်။

တော်နီရို့ တိုက်လိုက်သောဆေးကြောင့် လှမမာက ခေါင်းတစ်ချက် ဆတ် ကာ ကိုယ်လက်တို့ လှုပ်ရှားလာသည်။ ပုရောဟိတ်ကြီးက ကမန်းကတန်း လှမမာ ၏ လက်ကောက်ဝတ်ကို လှမ်းကိုင်ထားလိုက်သည်။ ပြီးတော့ မျက်လုံးကစား နားစွင့်ရင်း လှမမာ၏ ရင်ဘတ်နှင့် သူ့နားကို ကပ်ထားလိုက်သည်။

ဆေးတိုက်ပြီးသွားသော တော်နီရို့နှင့် အကျိုးဆောင် လူငယ်တို့က



www.burmeseclassic.com

www.burmeseclassic.com



ဆေးခွက် ဆေးဘူးတွေကို သိမ်းယူပြီး နောက်ဘက်သို့ ပြန်ဝင်သွားကြသည်။

"သူကြီးမင်းတို့၊ သူကြီးကတော်တို့ ဘာမှ မစိုးရိမ်ကြပါနဲ့တော့။ ကျုပ်ဆေးသုံးခွက် တိုက်ပြီးတာနဲ့ ကလေးမလေးဟာ အကောင်းပကတိ ဖြစ်လာပါလိမ့်မယ်၊ စိတ်အေးအေးထားကြပါ"

"ဟုတ်ကဲ့ပါ၊ ပုရောဟိတ်ကြီး ကျေးဇူးတော်ပါခင်ဗျား"

"သူက. . ."

သတို့သားကို ကြည့်၍ ပုရောဟိတ်ကြီးက မေး၏။

"သူက နန်းတောင်ရပ် သူကြီးသားပါ ခင်ဗျား၊ သူက နန်းတောင်ရပ် သူကြီးနဲ့ သူကြီးကတော်တို့ပါ၊ သူကတော့ ကျုပ်ဇနီးပါ ပုရောဟိတ်ကြီး"

"ဪ. . အေး၊ သူကြီးမင်းတို့နဲ့ သိရတာ ကျုပ်လည်း ဝမ်းသာဂုဏ်ယူပါတယ်၊ သမီးလေးအတွက် ခင်ဗျားတို့ ပူပင်သောက မဖြစ်ကြနဲ့တော့၊ ကျုပ်စောစောကပြောသလို ဆေးသုံးခွက် တိုက်ပြီးရင် ကလေးမလေး အကောင်းပကတိ ဖြစ်လာပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ပုရောဟိတ်ကြီး ခင်ဗျား။ ပုရောဟိတ်ကြီးရဲ့ 'ဆေးဝါးမန္တရား' အတတ်ကို ကျုပ်တို့ကလည်း အမြဲ ကြားနေရတာမို့ လေးစားအားထားပြီးသားပါ ခင်ဗျား"

ဤစကားကိုတော့ နန်းတောင်ရပ် သူကြီးက ဝင်ပြောသည်။

"အိမ်း၊ ကျုပ်ကလည်း သူကြီးမင်းတို့ ကောတုံတရာဇ်သူ ကောတုံတရာဇ်သားတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်းတွေကိုတော့ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေပါတယ်"

"ဟုတ်ကဲ့ပါ၊ ကြားကြောင်းပါ ခင်ဗျား။ ခုတစ်လော သူဌေးသူကြွယ်တွေကိစ္စရော၊ ဆင်းရဲသူ ဆင်းရဲသားများကိစ္စပါ ပုရောဟိတ်ကြီး ဆောင်ရွက်ပေးနေတာ ကြားရလို့ ခုမှ မဟုတ်ပါဘူး ကြားကတည်းကပင် လာမယ်ဆိုတဲ့ အာသီသ ရှိနေကြပါတယ်။ ဒါပေမယ့် ပုရောဟိတ်ကြီးရဲ့ ကျော်စောကိတ္တိကြီးလွန်းမှုကြောင့်သာ ကျုပ်တို့ ပုရောဟိတ်ကြီးဆီ မလာဝံ့ ဖြစ်နေခဲ့ကြရတာပါ။ ခု သမီးလေးကိစ္စမှာလည်း ပုရောဟိတ်ကြီးရဲ့ တက္ကသိလာထွက် ဟို သူငယ်လေး အကျိုးဆောင်ပေးလို့ လာဝံ့ကြတာပါ"

ပုရောဟိတ်ကြီးက ရွှေ ငွေ ပွားပေးနေသည်ဆိုသောသတင်းကို သိထားသော ကျုံးပြင်ရွာသူကြီးက သူ့တွင် ရှိသမျှ ရွှေငွေတွေကို ပွားခိုင်းရအောင် အကွက်ဝင်နေသဖြင့် စကားခေါ်ကြည့်လိုက်သည်။





"ကျုပ် တက္ကသိလာကို ဘယ်လူမဆို ဝင်လို့ ထွက်လို့ ရပါတယ်ဗျာ၊ ဘာမှ မလာဝံ့၊ မဝင်ဝံ့စရာ အကြောင်း မရှိပါဘူး။ ကျုပ်က တက္ကသိလာကြီးရဲ့ အရပ်ရှစ်မျက်နှာက တံခါးတွေကို အကာလိကော ဖွင့်ထားပါတယ်။ ရောဂါဝေဒနာရကြမှ မဟုတ်ပါဘူး။ ပညာလိုလားသူ၊ အကျိုးစီးပွား လိုလားသူများအတွက်လည်း အခါမရွေး ဝင်ကြ ထွက်ကြပါ။ ကောတုံတရာဇ် ပြည်သူပြည်သားများရဲ့ အကျိုးစီးပွားကို ဖြည့်ဆည်းပေးဖို့ ကောတုံတရာဇ်ဘုရားရှင်ကလည်း ကျုပ်ကို အမိန့်တော်မြွက် ချမှတ်ပေးထားတာ သူကြီးမင်းတို့လည်း ကြားသိတော်မူကြမှာပါ"

"မှန်ပါ၊ ကြားကြောင်း သိကြောင်းပါ ပုရောဟိတ်ကြီး ခင်ဗျား။ အဲဒါကြောင့်လည်း ခုဆို ကောတုံတရာဇ်ဘုရားရှင်တလည်း အရှင်ပုရောဟိတ်ကြီးကိုပဲ တာဝန်ယူ ခိုင်းစေထားမှန်း သိရတော့ ပုရောဟိတ်ကြီးကို ကျုပ်တို့ ကောတုံတရာဇ်သူ ကောတုံတရာဇ်သားများက ပိုပြီး အားထားကြရပါတယ်။ ဟိုတုန်းကလို အမှောင့်ပယောဂကိစ္စတွေတောင် ခုတော့ ကောတုံတရာဇ်ဘုရားရှင်က မျက်နှာလွှဲသလို ဖြစ်လာတာဟာလည်း ပုရောဟိတ်ကြီးကို တာဝန်လွှဲထားလို့ဆိုတာ ခု ပုရောဟိတ်ကြီး မိန့်ကြားလိုက်မှ ကျုပ်တို့ သိရကြောင်းပါ"

ယခင်က အမှောင့်ပယောဂ မှန်သမျှ ကောတုံတရာဇ်ဘုရားဆီ ရောက်လျှင် ပျောက်သော်လည်း ယခု လုံးဝ မပျောက် ဖြစ်လာသည်ကို ကျုံးပြင်သူဌေးက ရည်ရွယ်၍ ပြော၏။ အမှန်မှာ သရဏဂုံ မတည်၊ ကံငါးပါးပျက်ပြား၊ အောက်လမ်းပညာများနှင့် တစ်ဦးကိုတစ်ဦး ဖြစ်စား၊ ညှဉ်းဆဲ၊ အကောက်ကြံ လုပ်[illegible]ကြသူ၊ ဝရားဖျက်သူများကို ကောတုံတရာဇ်ဘုရားကလည်း ယခုအခါ မကယ်[illegible]နိုင်တော့ပါပေ။ ဤသည်ကိုပင် သူကြီးမင်းက အမှောင့်ပယောဂကိစ္စကို ပုရောဟိတ်ကြီး ပြောသလို ကောတုံတရာဇ်ဘုရားက ပုရောဟိတ်ကြီးအား လွှဲအပ်ထားသည်ဟု ထင်သွားပြန်သည်။

"ဘုရားရှင်ရဲ့ အမိန့်တော်မြွက်အတိုင်း ဆောင်ရွက်နေရမှုတော့ ကျုပ်တာဝန်ပါ၊ ဪ. . . အေး၊ ဒါနဲ့ ခင်ဗျားတို့က သူကြီးမင်းတွေဆိုတော့ မင်းမှု မင်းရာ ကိစ္စဝိစ္စရှိရင်လည်း ကျုပ်ကို အကူအညီ တောင်းနိုင်ပါတယ်။ ခင်ဗျားတို့ ကောတုံတရာဇ်ဘုရင်ကလည်း ငယ်ပေမယ့် အလွန် အမြော်အမြင်နဲ့ ပြည့်စုံတဲ့ ဘုရင်ပါ။ ဒါကြောင့်လည်း ရှေးရှေး ဘိုးလောင်းတော် ဘေးလောင်းတော် နောင်တော့်နောင်တော်တွေ မင်းအဆက်ဆက် မရှိခဲ့တဲ့ ရွှေပလ္လင်၊ ငွေပလ္လင်၊ ရွှေနန်းငွေနန်း ပြာသာဒ်တွေတောင် ဆက်သလာကြတဲ့ ပါရမီရှင်တွေ ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ခင်ဗျားတို့ ကြားပြီး သိပြီးသားတွေ နေမှာပါ”

“မှန်ကြောင်းပါ၊ ကြားကြောင်း သိကြောင်းပါ၊ ဘုရင်မင်းမြတ်ဆီ ခစားဝင်တိုင်း ရွှေပလ္လင်၊ ငွေပလ္လင်များကို မြင်လည်း မြင်ဖူးကြကြောင်းပါ”

ဤပုရောဟိတ်ကြီး ကျော်စောကိတ္တိ ကြီးလွန်းခြင်း၊ ဆေးဝါးမန္တရား၊ တန္တရ မန္တရ အတတ်ပညာများ ထက်မြက်ခြင်းမှာလည်း မည်သူ့အပေါ် မဆို ကူညီလိုစိတ်၊ ဆောင်ရွက်ပေးလိုသော စေတနာစိတ်ကြောင့် ဖြစ်ရမည်ဟု သူကြီး မိသားစု နှစ်စုမှာ ယခင် ကြားဖူးနားဝ ရှိထားခဲ့ကြစဉ်ကထက်ပင် ယခုအခါ ပုရောဟိတ်ကြီးအပေါ် မှာ အထင်ကြီးကာ ကြည်ညို လေးစားလာကြသည်။ ထိုအချိန်မှာပင် ပုရောဟိတ်ကြီးက-

“အိမ်း၊ သူကြီးမင်းများတို့မှာလည်း သမီးလေးသောကနဲ့ဆိုတော့ ညနေစာတောင် မသုံးဆောင်ခဲ့ကြရသေးဘူး ထင်တယ်။ အမောင်တို့ တစ်ယောက်ယောက်ဟေ့၊ ဒီက သူကြီးမင်းတို့ မိသားစု. . . ”

“ဟာ ပုရောဟိတ်ကြီးခင်ဗျား၊ နေပါစေ၊ နေပါစေ၊ ကျုပ်တို့အိမ်က ဒီနားလေးတင် နီးနီးလေးပါ၊ ပြန်စားပါ့မယ်။ ပုရောဟိတ်ကြီးရဲ့ ဝေးလံသီခေါင်တဲ့ အရပ်တစ်ပါးက ဆေးဝါး ကုသနေကြတဲ့ လူနာရှင် ဧည့်သည်တွေကိုပဲ လုံလုံလောက်လောက် ကျွေးပါ ခင်ဗျား၊ ကျေးဇူးတင်ပါတယ်”

“သူကြီးမင်းတို့က အားနာလို့ ထင်တယ်၊ ကောတုံတရာဇ်မှာ တောင်စဉ်နဂါးမီးတောင်တွေ မီးတောက်ကတည်းက ဧည့်ဝတ်သားတွေ ဆန်စပါး လာမရောင်းကြလို့ ခုနေခါ ဆန်ရေစပါး နည်းနည်း ရှားပါးပါတယ်ဆိုပေမယ့် ကျုပ်ရဲ့တက္ကသိလာက တပည့်တပန်းတွေနဲ့ ဝေဒနာသည် ဝေဒနာရှင်တွေကို နေ့စဉ်နေ့တိုင်း ကျွေးထားရပေမယ့် လာလည်ကြတဲ့ ဧည့်သည်များအတွက်ကလည်း အဆင်သင့် ရှိပါတယ်ဗျာ၊ ဘာမှ အားနာစရာ မလိုပါဘူး ဟဲ. . ဟဲ၊ ဒါကတော့ ကျုပ်စွမ်းလို့ မဟုတ်ဘူးဗျ၊ ခင်ဗျားတို့ အာဝမင်းမြတ်က တက္ကသိလာကြီးကို လိုသလောက် ထောက်ပံ့ထားလို့ပါပဲ။ ဟဲဟဲ အားမနာကြပါနဲ့ တက္ကသိလာက ကျုပ်ထမင်းဟင်းတွေကိုလည်း စားဖူးတယ်ရှိအောင် စားသွားကြပါဦး၊ သူကြီးမင်းတို့အိမ်လောက် မကောင်းတောင် သိပ်အညံ့ကြီးတော့ ဟုတ်မယ် မထင်ဘူးဗျ နော် ဟဲ. . . ဟဲ”

ခုမှ တွေ့ကြသော်လည်း ငယ်ပေါင်းကြီးဖော်တွေလို ရင်းရင်းနှီးနှီး ပျော်ပျော်ရွှင်ရွှင် ပြောဆို ဆက်ဆံတတ်သော ပုရောဟိတ်ကြီးကို သူကြီးမင်းတို့ မိသားစုမှာ တစ်ချိန်ထက်တစ်ချိန် ပို၍ ကြည်ညိုသွားကြပြန်သည်။





သို့သော် ပုရောဟိတ်ကြီး ကျွေးသောထမင်းကိုမူ အားနာသဖြင့် မစားကြ။ ထိုအခါ ပုရောဟိတ်ကြီးက အိမ်ကို ထမင်း ပြန်စားချင် စားကြ၊ လူမမာအတွက်မူ ဘာမှ မစိုးရိမ်ကြနှင့်တော့။ အတော်ကြာ သွေးကြောလေကြောညီပေးထားလိုက်မည်။ ဆေးတစ်ခွက် ထပ်တိုက်မည်။ နောက်တစ်ခွက် တိုက်ပြီးလျှင် အကောင်းပကတိ ဖြစ်သွားလိမ့်မည်။ သူတာဝန်ယူပါသည် ဆိုသဖြင့် ကျုံးပြင်ရွာသူကြီးအိမ်ကို လူမမာသတင်းလည်း ပြန်ပြောရင်း ထမင်းပြန်စားကြသည်။

လူမမာသတင်းကို သိလို၍ စောင့်ဆိုင်းနေကြသော အိမ်လုံးပြည့် နှစ်ဖက်ဆွေမျိုးများအား ပုရောဟိတ်ကြီးက ဘာမှ မစိုးရိမ်ကြရန်နှင့် ရောက်ရောက်ချင်း မျက်စဉ်းခတ်၍ ဆေးတစ်ခွက် တိုက်လိုက်သည်နှင့် လူမမာသတို့သမီးမှာ ချက်ချင်း လှုပ်ရှားလာကြောင်း၊ ယခု သွေးကြောလေကြောညှိပြီးလျှင် ဆေးတစ်ခွက်ကို ပုရောဟိတ်ကြီးက တိုက်ထားလိမ့်မည် ဖြစ်ကြောင်း၊ နောက်တစ်ခွက် တိုက်ပြီးလျှင်တော့ အကောင်းပကတိ ဖြစ်လာလိမ့်မည်ဟု ပုရောဟိတ်ကြီး ပြောစကားမှာ လူနာ၏ ရုပ်လက္ခဏာကို ကြည့်၍ ဖြစ်နိုင်ကြောင်း၊ ဆွေမျိုးများကို ပြောပြကြသည်။ ဆွေမျိုးများကလည်း ယုံကြည်သဖြင့် အားလုံး ဝမ်းသာသွားကြ၏။

ထမင်းစားပြီးကြသောအခါ သတို့သား၏ မိဘနှစ်ပါးမှာ နန်းတောင်ရပ်ရှိ ဆွေမျိုးများကလည်း သတင်းကြားသည်နှင့် စိုးရိမ်နေကြမည် ဖြစ်သဖြင့် ယခု အိမ်တွင် ကျန်ရှိနေကြသော ဆွေမျိုးအချို့နှင့် နန်းတောင်ရပ်သို့ ပြန်သွားကြသည်။ မနက်မှ သူတို့ ပြန်လာကြမည် ဖြစ်ကြောင်း မှာကြား၍ သတို့သားကိုမူ ယောက္ခမအိမ်၌ အပ်ထားခဲ့ကြလေသည်။

ထမင်းစားပြီးသည်နှင့် လူမမာရှင်များ ဖြစ်ကြသော သတို့သားနှင့် ကျုံးပြင်သူကြီးတို့ ဇနီးမောင်နှံမှာ တက္ကသိလာသို့ ပြန်လာကြသည်။ ပုရောဟိတ်ကြီး၏ နေရာရှေ့ ဧည့်ဆောင်စောင်းတွင် အိမ်ရှင်သူကို မမြင်ရသောအခါ လူမမာရှင်တွေမှာ ရင်ထိတ်သွားကြသည်။ သို့သော် မကြာပါ၊ သူတို့ မထိုင်မီပင် ကျောင်းသားလေး တစ်ယောက် ထွက်လာပြီး -

“စောစောက လူမမာရှင်တွေ ထင်ပါတယ်၊ ဆရာကြီးက ဟိုဘက်[illegible] ကြွကြပါတဲ့ ခင်ဗျား” ဟု ပြောလာသည်။ ထိုကျောင်းသားလေးနောက် [illegible] သွားကြရာ သီးသန့်အခန်းလေးတစ်ခန်းထဲရှိ ဧည့်ဆောင်စောင်းပေါ်မှာ [illegible] ပက်လက်တွေ့ကြရသည်။ သတိကား မရသေး။ ပုရောဟိတ်ကြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က အိမ်ဖံသူ၏ ခြေလက်တို့ကို ကွေးလိုက် ဆန့်လိုက် လုပ်နေကြသည်။ နောက်တပည့်သုံးယောက်ကလည်း ပုရောဟိတ်ကြီးနှင့် သူတို့ နောင်တော်ကြီးနှစ်ယောက် လုပ်ကိုင်နေကြသည်ကို ရပ်ကြည့်နေကြသည်။ အိမ်ဖံသူ၏ အခန်းဝတွင် လူလေးငါးခြောက်ယောက်စာ အိပ်ရာနေရာ ပြင်ပေးထားသည်ကိုလည်း တွေ့ကြရသည်။

"သူကြီးမင်းတို့ သမီးလေးအတွက် ဘာမှ မပူကြပါနဲ့တော့။ ဆေးလည်း နှစ်ခွက် ဝင်သွားပါပြီ။ ခု ကျုပ်တို့ ဆရာတပည့်တွေ သွေးကြောလေကြော ညှိပေးနေကြတာပါ။ နောက်ဆေးတစ်ခွက် တိုက်ပြီးရင် အကောင်းပကတိ ဖြစ်လာစေရပ့ါမယ်လို့ ကျုပ် ရဲရဲကြီး အာမခံပါတယ်။ ထိုင်ကြပါ။ ကျုပ်က ဟိုနန်းတောင်ရပ် သူကြီးတွေပါ ပါလာလိမ့်မယ်ထင်လို့ လူနာစောင့်တွေ အိပ်ဖို့ နေရာတောင် လေးငါးနေရာ လုပ်ပေးထားပါတယ်။ အိပ်ရာ ကောဇောပေါ်မှာ သက်သောင့်သက်သာ တက်ထိုင် အနားယူကြပါ။ တစ်နေ့လုံး သောက ဒုက္ခတွေနဲ့ လုံးထွေးလာကြတော့ ပင်ပန်းကြမှာပေ့ါ။ ဘာမှ အားမနာကြပါနဲ့၊ လဲလျောင်းနေကြပါ"

စောစောက အိမ်ဖံသူရှိရာ အခန်းဝနားတွင် အိပ်ရာနေရာ လေးငါးခြောက်ခု ခင်းကျင်း ပြင်ဆင်ထားကြသည်ကို ယခု ပုရောဟိတ်ကြီးပြောမှ လူနာရှင်သုံးဦးတို့မှာလည်း သဘောပေါက်သွားကြသည်။

"ထိုင်ကြပါ။ ကောဇောပေါ် တက်ထိုင်ကြပါ။ သမီးလေးအတွက် ဘာမှ မစိုးရိမ်ကြပါနဲ့။ နောက်ထပ် ဆေးတစ်ခွက်တိုက်ပြီးရင် အကောင်းပကတိ ဖြစ်သွားမှာ၊ ခု သွေးကြောလေကြောတွေလည်း ပွင့်သွားပါပြီ"

ပုရောဟိတ်ကြီးသည် အိမ်ဖံသူအား သွေးကြောလေကြော ဖွင့်ပေးနေရာက သူတို့ ခေါင်းရင်းမှာ လာထိုင်သည်။

"ကျေးဇူးတင်ပါတယ် ပုရောဟိတ်ကြီး ခင်ဗျား။ ကျုပ်တို့ မနက်မှ ကန်တော့ပါရစေ၊ ခုတော့ ကမန်းကတန်း . . ."

"မလိုပါဘူး သူကြီးမင်းရာ၊ ဝေဒနာသည်တွေကို ဆေးဝါး အခမဲ့ ကုသပေးရမှာက ကျုပ်ကို ကောတုံတရာဇ်ဘုရားရှင်က ပေးထားတဲ့ တာဝန်တွေပါ၊ တစ်ပြားတစ်ချပ်မှ ကျုပ်ကို ဆေးဖိုးဝါးခ ကန်တော့စရာ မလိုပါဘူး။

တော်နီရို လူမမာကို ဆေးလိမ်းပေးပြီးရင် တော်တော့ကွယ်၊ ရပါပြီ။ မကြာခင် သတိရ နိုးလာပါလိမ့်မယ်။ ကလေးမလေးက ညနေစာလည်း ဘာမှ စားခဲ့ရသေးမှာ မဟုတ်ဘူး၊ သူသတိရလာရင် စားစရာလေး လုပ်ပေးထားကြ"





"သမီးလေးအတွက် စားစရာ သတ္တဝါကို အကျွန် အိမ်ပြန်ယူခိုင်းလိုက်ပ့ါမယ် ပုရောဟိတ်ကြီး"

ပုရောဟိတ်ကြီး ပြောပုံအရဆိုလျှင် သမီးလေး အိမ်ဖံသူမှာ ခုချက်ချင်းပင် သတိရပြီး အကောင်းပကတိ ဖြစ်လာတော့မည် အထင်နှင့် သူကြီးကတော်မှာ ဝမ်းသာအားရ ထခုန်မတတ် ပြောလိုက်၏။ သူကြီးကတော် စကားမဆုံးမီ သတ္တဝါးကလည်း သတ္တဝါသမီးအတွက် အိမ်ပြန်ထမင်းယူရန် မတ်တတ်ထရပ်ပြီးသား ဖြစ်သွားလေသည်။

ဤသည်ကို ပုရောဟိတ်ကြီးက လက်ကာပြလိုက်ပြီး -

"နေ. . နေပါ သူကြီးကတော်၊ အိမ်က အစားအစာနဲ့ နာလန်ထ သမီးလေးနဲ့ မသင့်တော်ပါဘူး။ ဆေးဝါးမှတ်စာပါတဲ့ အစားအစာတွေ ကျုပ်တက္ကသိလာမှာ အချိန်မရွေး ရှိပါတယ်။ ကလေး ပြန်ထိုင်နေပါ"ဟု မတ်တတ်ရပ်နေသူ သတ္တဝါးကိုပါ တစ်ဆက်တည်း ပြောလိုက်သည်။

ပုရောဟိတ်ကြီးက "အမောင်တို့ ဟေ့၊ တစ်ယောက်ယောက်" ဟု နောက်ဘက်ကို လှမ်းကြည့်ပြီး ပြောလိုက်ရာ ကျောင်းသားတစ်ယောက် နောက်ဘက်ကထွက်လာပြီး ပုရောဟိတ်ကြီးရှေ့မှာ လက်ပိုက် လာရပ်သည်။

"ဟိုနေ့က ဘုရင်မင်း ပို့ခိုင်းလိုက်တဲ့ စွန်ပလွံယိုနဲ့ နို့ခမ်း ရှိကြလား၊ သူကြီးမင်းတို့ကို ကျွေးကြပါဦးကွယ်"

"ဟုတ်ကဲ့ ရှိပါသေးတယ် ဆရာကြီး"ဟု ပြောပြီး ထိုကျောင်းသားလေးသည် နောက်ဘက် ပြန်ဝင်သွားကာ နို့ခမ်း သုံးခွက်နှင့် စွန်ပလွံယို တစ်လင်ပန်းကို သူတို့ရှေ့ လာချကျွေးသည်။ သူကြီးမင်းတို့မှာ အားနာလွန်း၍ ပုရောဟိတ်ကြီး၏ မျက်နှာကိုသာ လှမ်းငေးကြည့်နေကြသည်။

"သူကြီးမင်းတို့ သုံးဆောင်ကြပါ။ ဒါ ဘုမ္မရာဇ်က ပြန်လာကြတဲ့ ရက်ကန်းသည်ကြီးတွေရဲ့ အာရိယာန်ထွက် ဘုရင့်လက်ဆောင်ပါ။ ဘုရင်က ကျုပ်ကိုတော့ အမြဲ သတိရတတ်သားဗျ၊ အဲဒါကြောင့် ဟိုတစ်နေ့က ပို့လိုက်တာ၊ ကဲ သုံးဆောင်ကြပါ"

သူကြီးမင်းတို့မှာ အားနာလွန်း၍ တွဲကနန်း ဆိတ်ကနန်းသာ သောက်စားနေမိကြသည်။

"သုံးဆောင်ကြပါ၊ ဘာမှ အားမနာကြပါနဲ့၊ ကဲ ကျုပ်လည်း နားဦးမယ် သူကြီးမင်းတို့လည်း စားသောက်ပြီး နားကြပါဦး၊ ဘာလိုလိုနဲ့ အချိန်တော်တော် သန်းခေါင်ချိန် လွန်နေပြီ၊ ပင်ပန်းကြမှာပေ့ါ၊ ကဲ နားကြ နားကြ၊ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



လည်း ခဏတော့ အိပ်စက်နားပါစေဦး" ဟု ပြောပြီး ပုရောဟိတ်ကြီးသည် သူ့အဆောင်ဘက် ကူးသွားလေသည်။

ဧည့်သောက်ပြီးသွားသော ကျုံးပြင်သူကြီးတို့မှာလည်း လှမမာစောင့်ရင်း အိပ်ရာပေါ်တက်ပြီး လဲလျောင်းနေလိုက်ကြသည်။

လှမမာစောင့်တွေက မည်မျှ အိပ်ပျော်သွားကြသည် မသိ။ မိုးစင်စင်လင်း၍ လှမမာက လာနှိုးတော့မှ သတို့သားနှင့် လှမမာမိဘတွေက ဝမ်းသာအားရနှင့် လူးလဲထလိုက်ကြသည်။

"ဝမ်းသာလိုက်တာ သမီးလေးရယ်၊ သမီးလေး နေကောင်းသွားပြီနော်၊ သမီးလေး ဘာမှ မဖြစ်တော့ဘူးနော်၊ အကျွန်ုပ်သမီးလေး. . ."

သူကြီးကတော်မှာ ရုတ်တရက် အိပ်ရာမှ ကမန်းကတန်း ထလာရသော်လည်း သူ့အဝတ်အဆင် ဆံပင်ကိုပင် ဂရုမစိုက်နိုင်ဘဲ အိမ်ဝှံသူကို ပွေ့ဖက်ထားလိုက်သည်။

"သမီး ဘာမှ မဖြစ်တော့ပါဘူး မေမေ။ သမီး ပုရောဟိတ်ကြီး ကျေးဇူးတော်ကြောင့် အကောင်းမှ ပကတိအကောင်း ဖြစ်သွားပါပြီ ဘာဘာ"

အိမ်ဝှံသူကလည်း မနေ့ကထက်ပင် ရွှင်ရွှင်ပျပျနှင့် သူ့အမေကို ဖက်ထားရင်းမှ သူ့အဖေကိုပါ လှမ်းကြည့်၍ နှုတ်ဆက်လိုက်၏။

ထိုအချိန်မှာပင် သူတို့နှင့် မနီးမဝေးတွင် မတ်တတ်ရပ် ပြုံးကြည့်နေသော ပုရောဟိတ်ကြီးကို မြင်လိုက်ရသောအခါ သတို့သားနှင့် သူကြီး၊ သူကြီးကတော်တို့မှာ ပြေးပြီး ပုဆိန်ပေါက် ထိုင်ရှိခိုးလိုက်ကြသည်။

"ကျေးဇူးကြီးမားပေစွ ပုရောဟိတ်ကြီး ခင်ဗျား၊ ကျေးဇူးကြီးမားပေစွ"

ပုရောဟိတ်ကြီးအား လေးယောက်စလုံး ထိုင်ကန်တော့ကြပြန်သောအခါ ပုရောဟိတ်ကြီးက သူတို့အား ကောင်းချီးသြဘာစကားဆို၍ ဆုပေးသည်။ ပြီးတော့ သတို့သားနှင့် သတို့သမီးတို့အားလည်း မင်္ဂလာဦးလက်ဆောင်အဖြစ် ရွှေတစ်ကျပ်သားစီ၊ ငွေတစ်ကျပ်သားစီ လက်ဖွဲ့လိုက်လေသည်။

ကျုံးပြင်ရွာသူကြီးတို့မှာ အားနာ၍ မဆုံးတော့။ ပုရောဟိတ်ကြီး၏ ထူးထူးမြတ်မြတ် မင်္ဂလာလက်ဖွဲ့ ရွှေငွေကို ပြန်မပေးကောင်းသဖြင့်သာ လက်ခံပြီး ထပ်မံ ရှိခိုးကန်တော့ကြပြန်သည်။ ပြီးတော့ ကျုံးပြင်သူကြီးက သူတို့မိသားစုအား တပည့်ရင်းများလို သဘောထားပြီး အလိုရှိလျှင် အားမနာတမ်း အမိန့်ရှိရန်နှင့် ဆောင်ရွက်စရာရှိလျှင်လည်း နေ့မဟူညမဟူ လူလွှတ်ခေါ်ခိုင်းပါရန် ပုရောဟိတ်ကြီးအား အထပ်ထပ်အခါခါ ပြောကြားကာ ညနေမှာလည်း လာရောက်





ကန်တော့ကြပါဦးမည်။ သူတို့၏ ကန်တော့လာသော ပစ္စည်းပစ္စယများကိုလည်း တပည့်ရင်းတွေ ကန်တော့သည့် ပစ္စည်းလို သဘောထားကာ လက်ခံပါရန် ပန်ကြားပြီး ပျော်မဆုံး မော်မဆုံး အိမ်ပြန်လာကြသည်။

လမ်းတွင်လည်း သမီးလေး ယခုလို သတိမေ့သွားသည်မှာ ပုရောဟိတ်ကြီးနှင့် သိကျွမ်းခင်မင်သွားအောင် နတ်ဒေဝါများကပင် ဖန်တီးပေးလိုက်လေသလားဟု အချင်းချင်း ဝမ်းသာအားရ ပြောလာကြပြန်သည်။ သူတို့ ဝမ်းသာမည်ဆိုကလည်း ဝမ်းသာစရာပင်။ အိမ်ဝှံသူသာ ဤသို့ မဖြစ်ခဲ့လျှင် ဘယ်နည်းနှင့်မှ ပုရောဟိတ်ကြီးနှင့် သူတို့မှာ ဤသို့ သိကျွမ်း ရင်းနှီးခွင့် ရကြမည်မဟုတ်။ ဤအခွင့်အရေးမှာ ကောတုံတရာဝှံသူ ကောတုံတရာဝှံသားများ လူတစ်ထောင်မှာပင် တစ်ယောက် မရနိုင်သော အခွင့်အရေးကြီးပင်။ ထို့ကြောင့် အကျိုးဆောင်ပေးခဲ့သူ တစ်ရပ်တည်းသား တက္ကသိုလ်ထွက် သူငယ်လေးကိုလည်း ကျေးဇူးပြုကြရမည်။ ထိုသူငယ်လေး၏ ဆွေမျိုးမိဘများကိုလည်း စုံစမ်းကြရမည်။ အကယ်၍များ ထိုသူငယ်မိဘတွေမှာ ချို့ချို့ငဲ့ငဲ့ဆိုလျှင် ကြည့်ရှု စောင့်ရှောက်ကြရန်ကိုလည်း တစ်လမ်းလုံး ပြောမဆုံး။ ကျေးဇူးတင်မဆုံး ဖြစ်လာကြသည်။

ထို့နောက်တွင် ပုရောဟိတ်ကြီးနှင့် သူတို့မိသားစုသည်လည်း အမှန်တကယ်ပင် တပည့်ရင်းချာ၊ ဆွေမျိုးရင်းချာများ ဖြစ်လာကြသည်။ အကြောင်းမှာ သူနှင့် တစ်ည လာအိပ်သွားသော ကျုံးပြင်သူကြီးသမီး အိမ်ဝှံသူအား ပုရောဟိတ်ကြီးက စုန်းကဝေအတတ်ကိုလည်း တစ်ညတည်းနှင့် သင်ပေး၊ ဘူးသွင်းပေးလိုက်သဖြင့် ဖြစ်သည်။ အိမ်ဝှံသူမှာ ကောတုံတရာဝှံရှိ မိန်းမသူများထဲမှ ပထမဦးဆုံးသော ပုရောဟိတ်ကြီး၏ တက္ကသိုလ်ထွက် လောကီပညာရှင်မကြီး ဖြစ်သည်။ ဤသည်ကို သူ၏ခင်ပွန်းနှင့် နှစ်ဖက်မိဘ ဆွေမျိုးဉာတိများကလည်း ဂုဏ်ယူမဆုံး ရှိကြသည်။ သူတို့၏ အမျိုးထဲတွင် အိမ်ဝှံသူလို မှန်သောက်မာတင် ပညာရှင်မကြီးတစ်ယောက် ရှိနေလျှင် မည်သူကမျှ သူတို့အမျိုးကို လောကီပညာနှင့် မစော်ကား၊ မပြုစားဝံ့ကြတော့။ အမျိုးကို မဆိုထားနှင့် အရပ်ကိုပင် အိမ်ဝှံသူ ကဝေမကြီး ရှိနေသဖြင့် ဘယ်အရပ်သူ၊ အရပ်သားကမှ မစော်ကားဝံ့၊ မပြုစားဝံ့ကြတော့။ သူ့အဖေ ကျုံးပြင်ရွာသူကြီးမှာ ပို၍ လူရိုသေရှင်ရိုသေဖြစ်လာဦးမည်။

ဤသည်တစ၍ စုန်းကဝေအတတ်ကို တတ်ချင်နေကြသော မိန်းမသူများသည် အိမ်ဝှံသူဆီ ချဉ်းကပ်ကြသည်။ ပုရောဟိတ်ကြီး၏ လက်ရင်းတပည့်မကြီး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖံ့သူကလည်း သူဆရာကြီးနှင့် တော်နီရို၊ အစ္စတ္တတို့ဆီ မိန်းမသူများကို ညစဉ်ညတိုင်း တစ်ယောက်ပြီး တစ်ယောက် ပို့ပေးနေသည်။ သို့သော် ပုရောဟိတ်ကြီးနှင့် တော်နီရို၊ အစ္စတ္တတို့က လင်ရှိမယား၊ မုဆိုးမ၊ တစ်လင်ကွာ၊ တစ်ခုလပ်မများကို လက်မခံ။ ထိုမိန်းမသူများမှာ လင်ယောကျ်ား ရပြီးသူများ ဖြစ်သဖြင့် စင်ကြယ်မှု မရှိတော့၊ သိဒ္ဓိ၊ မဟိဒ္ဓိ အတတ်ပညာများကို သင်ကြားပေး၍လည်း မတတ်နိုင်တော့ဟု အကြောင်းပြ ငြင်းဆိုကြသည်။

ထိုအခါ ငယ်ရွယ်ပျိုမျစ်သူ မိန်းမပျိုများကို အိမ်ဖံ့သူက ပုရောဟိတ်ကြီးနှင့် တော်နီရို၊ အစ္စတ္တတို့ဆီ ပို့ပေးရပြန်သည်။ ဤသို့ဖြင့် ငယ်ရွယ်ပျိုမျစ်သူ မိန်းကလေး ပညာသည်များလည်း ကောတုံတရာစ်၌ တစ်ယောက်ပြီးတစ်ယောက် ပေါ်ထွက်လာလေသည်။

ယခင်က မင်းယောကျ်ားများသာ တတ်ကြသော လောကီပညာရပ်များကို ယခုအခါ မိန်းမသူများကပါ တတ်မြောက်လာကြရာ မင်းယောကျ်ားများနှင့် ရင်ပေါင်တန်းကာ လောကီပညာပြပွဲများကိုပင် ပြသလာကြ၏။ ထိုအခါ မိန်းမသူများ၏ လောကီပညာပြပွဲတွေက ပို၍ လူစည်ကားလာသည်။ ယခင်က ညဉ့်ဦးယံ သဘာယံ၌သာ မီးရှူးမီးတိုင် ကချေသည်မများရုပ်တုအောက်၌ ပြသခဲ့ကြရသော်လည်း ယခု ရေနံပှောင်းများ ရှားပါးလာမှုကြောင့် မီးရှူးမီးတိုင်နှင့် ကချေသည်မ ရုပ်တုတို့၏ လက်ပေါ်ရှိ မီးခွက်များကလည်း မီးမလင်းနိုင်ကြတော့ရာ မနက်၊ နေ့လယ်၊ ညနေစောင်းတို့၌သာ ပြသကြရတော့သည်။

ထို့ကြောင့် ညညဆိုလျှင် မီးမလင်းသော ကောတုံတရာစ်မြို့ကြီးမှာ ခိုးမှု၊ လုယက်မှု၊ လူသတ်မှုတို့က တစ်နေ့တခြား ပေါ်များလာသည်။ ယခင်က ညဉ့်ဦးယံ သဘာယံ၌ ဘယ်ကျုံးရွာ၊ ဘယ်အရပ်ကို သွားသွား မိန်းမသူများအတွက်၊ ပြည်သူပြည်သားများအတွက် လုံခြုံမှုရှိခဲ့သော ကောတုံတရာစ်မှာ ယခုအခါ မိကောင်းဖခင် သားသမီးများအတွက် မိုးချုပ်သည်နှင့် လမ်းထွက်ရန်ကို မဆိုထားနှင့် အိမ်ထဲက အိမ်ပြင်ပင် မထွက်ဝံ့သော အခြေအနေ ဆိုက်ရောက်လာသည်။

သူခိုးသူဝှက် လုယက် တိုက်ခိုက်လာကြမည့် လူစင်စစ်များကို ကြောက်ရသလို ပုရောဟိတ်ကြီးနှင့် သူတပည့်၊ တပည့်မများ မွေးမြူထားကြသော သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ မိစ္ဆာကောင်များကိုလည်း ကြောက်လာကြရသည်။ ကောတုံတရာစ်တစ်မြို့လုံးတွင် ပုရောဟိတ်ကြီး၏ တပည့်၊ တပည့်မများ မရှိသောအရပ် ဟူ၍လည်း မရှိသလို၊ သူတို့ မွေးမြူထားကြသော နာနာဘာဝများ



မရှိသောအရပ် ဟူ၍လည်း မရှိသလောက် ဖြစ်လာသည်။ နာနာဘာဝများမှာ ညညဆိုလျှင် ကောတုံတရာစ်တစ်မြို့လုံးကို လူများလိုပင် လျှောက်သွားနေကြသည်။

သရေဖားဂုံပျောက်၊ တံငါးပါးကို စောင့်ထိန်းသူမရှိ၊ သီလ၊ သမာဓိရှိသူပျောက် ဖြစ်သွားသော ကောတုံတရာစ်သားများမှာလည်း နာနာဘာဝများနှင့် တစ်ဘုံထဲသားများလို ဖြစ်နေကြရာ နာနာဘာဝများကို အဖြင်အတွေ့များလာကြသည်။ အကျင့်သီလပျက်ပြား၍ တိရစ္ဆာန်ထက်ပင် ဆိုးဝါးနေသော ကောတုံတရာစ်သားများကို နာနာဘာဝများကလည်း သူတို့အပေါင်းအသင်း၊ မိတ်ဆွေသင်္ဂဟများပမာ ကိုယ်ထင်ပြလာကြသည်။ ညအမှောင်ထဲတွင် လှေဆင်း၊ လှေတက်၊ ဆိပ်ကမ်းသွား၊ ဆိပ်ကမ်းလာ လူများဆီက ထမင်းထုပ်၊ ဟင်းထုပ်များကိုပင် နာနာဘာဝများက လက်ရဲဇက်ရဲ လုစားလာကြသည်။ ကောတုံတရာစ်မြို့ကြီးမှာ ဘီလူး သဘက် ဝင်စီးနေသော ဝေသာလီပြည်ကြီးလို ဖြစ်လာသည်။

ထိုအထဲတွင် မိန်းမကောင်းများ အလွန် ကြောက်ရွံ့ရသော ညလူဆိုသည့် လူမိစ္ဆာတစ်မျိုးကလည်း ပေါ်လာပြန်သည်။ ထိုညလူများမှာ ခြံတံခါး၊ အိမ်တံခါး ဘယ်နှထပ် ပိတ်ထား ပိတ်ထား ဘယ်ကဘယ်လို ရောက်လာကြမှန်း မသိဘဲ ညညဆိုလျှင် မိန်းမသူများ အိမ်ပေါ်၊ အိပ်ခန်းထဲ ရောက်လာကြလေသည်။ ယောကျ်ားသားများ မရှိလျှင် သာမီက၊ အသာမိက၊ ပျိုအိုမရှောင် ကျင့်ချင်တိုင်း တက်ကျင့်သွားတတ်ကြသည်။

လင်ရှိ မယားများမှာ ပြဿနာ မရှိသော်လည်း ပျိုမျစ် နုနယ်သော ကာလသမီးများမှာ လင်ကောင် မပေါ်ဘဲ ဗိုက်ကြီး ကလေးမွေးလာကြသည်။ ဤသည်ကိုပင် သူတို့အရှက်ကို သူတို့ ကာကွယ်ကြရရာ နတ်ဒေဝါများက ပေးသောကလေးများအဖြစ် မွေးမြူကြရသည်။ ထိုကလေးများမှာ နတ်ဒေဝါများကပေးသော ကလေးများ ဖြစ်ကြရာ ကြီးလာလျှင် အကြားရ၊ အမြင်ရ၊ သိဒ္ဓိ၊ မဟိဒ္ဓိ ပြီးသော နတ်ဝင်စားကလေးများ ဖြစ်ကြသဖြင့် မည်သူကမျှ ထိုကလေးများကို မရိုမသေ၊ မလေးမစား မဆက်ဆံဝံ့ကြ။ ထိုကလေးများ၏ စားဝတ်နေရေးကို ဖြည့်ဆည်းပေးမည့်သူ၊ ဖြည့်ဆည်းပေးချင်သူများကလည်း ဒုနှင့်ဒေး ရှိလာကြသည်။ ဧည့ဝတီဘက်မှ ဆန်ရောင်း၊ စပါးရောင်း ရွက်လှေကြီးများကလည်း ယခုအခါ အာရိယာန်တို့၏ နိုင်ငံဘက်ချည်း ရောက်သွားကြရာ အစားအစာ ငတ်ပြတ်လာကြသော မိန်းမသူများမှာ ညစဉ်ညတိုင်း ညလူများကိုပင် တောင့်တောင့်တတ မျှော်ကြရတော့မည့် အဖြစ်ကို ရောက်နေကြသည်။

www.burmeseclassic.com



ဤသို့ဖြင့် တစ်မြို့လုံး၊ တစ်တိုင်းလုံး၊ အရွာတွာ၊ ဗဟိဒ္ဓ၊ အတွင်းအပြင် ရှစ်လိုမှစိတ်ပိုင်း အလုံးစုံ ပျက်စီးပြီး အမှောင်ထုကြီးထဲ ရောက်နေကြသော ကောတုံတရာဇ်တွင် လောကီပညာ မတတ်သူများက နိုးဆိုးလုယက် တိုက်ခိုက်ကြ လောကီပညာတတ်သူများက တစ်ဦးနှင့်တစ်ဦး၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်နယ်နှင့် တစ်နယ် လောကီပညာအစွမ်းနှင့် ညှဉ်းပန်း နှိပ်စက်ကြ၊ လောကီပညာနည်းနှင့် ကောက်ကျစ်စဉ်းလဲစွာ ပစ္စည်းဥစ္စာများကို လိမ်ညာရှာဖွေကြ ရယူကြ၊ အစွမ်းပြိုင်ကြနှင့် လောကီပညာပြပွဲမှသည် ပြိုင်ပွဲအဆင့်ဆင့်သို့ ရောက်လာပြန်လေသည်။

မင်းယောကျ်ားများထက်ပင် အစွမ်းထက်ကာ ပြသနိုင်ကြသော မိန်းမပညာသည်များကလည်း ဗဟိဒ္ဓလိုက်ရုံနှင့် ခွေး၊ ကြောင်အဖြစ် လည်းကောင်း၊ ဥချိုင်း၊ လင်းဆွဲများအဖြစ် သည်းကောင်း နေ့ခင်းကြောင်တောင်၌ပင် မိုးပေါ် ပျံပြလာနိုင်ကြသည်။ ထိုအခါ ယောကျ်ားပညာသည် မှော်ဆရာများကလည်း မိုးပေါ် ပျံပြနေကြသော ဥချိုင်းလင်းဆွဲ၊ ကဝေရုပ်များကို သိမ်းငှက်စွန်ရဲ အဖြစ်နှင့် ထိုးဆိတ် ကိုက်ခဲ သတ်ပုတ်ကြပြန်သည်။ ထိုအခါ မိန်းမသူ ကဝေမကြီးများကလည်း သိမ်းငှက်စွန်ရဲတို့ မာထိုးမဆိတ်ရဲသော ငှက်လင်းတကြီးများ အသွင်သို့ပြောင်းကာ အစွမ်းပြကြပြန်သည်။ ထို့ကြောင့်လည်း တိရစ္ဆာန် သိမ်းငှက် စွန်ရဲများ သူတို့ဘာသာဘာဝ မှော်မြူးထိုးဆိတ်နေကြသည်ကိုပင် ကလေးများက "ကြည့်ကြဟေ့၊ ကြည့်ကြ ကြည့်ကြ ဟို မိုးပေါ်မှာ မှော်ဆရာကြီးတွေနဲ့ စုန်းကဝေမကြီးတွေ အစွမ်းပြိုင်နေကြပြီ"ဟု ပြောလာကြလောက်အောင်ပင် လောကီပညာစွမ်းတွေကလည်း ထက်မြက်လာသည်။

စုန်းကဝေ၊ မှော်အတတ်တွေကို လောကီပညာသမားများက ထိုသို့ ပြသ အစွမ်းပြိုင်နေကြသလို ဆေးဝါးဗေဒင်၊ အမြင်အကြား တန္တရ မန္တရ အကြားဟော၊ အမြင်ဟော ပညာသည်များကလည်း တစ်ဦးတစ်ယောက် ခန္ဓာဗေဒ ဖောက်ပြား၍ နှာစေး၊ ချောင်းဆိုးဖြစ်ကာ "ဟတ်ချိုး၊ ဟတ်ချိုး" နှာချေသည်ကိုပင် မနက်တွင် နှာဘယ်နှခါချေလျှင် ထိုသူ မည်သို့ဖြစ်မည်၊ နေ့လယ်တွင် ဘယ်နှခါချေလျှင် ဘယ်လိုဖြစ်မည်၊ ညနေတွင် ချေလျှင် မည်သို့၊ ညဉ့်မှာဆိုလျှင် မည်ဝါ စသည်ဖြင့် နှာချေသည်ကိုပင် အငေါ်တ်နိမိတ်၊ ရုပ်သံကောက်ကာ ဟောပြောတတ်ကြသော ဝိုက်ားဂဏာများပင် ဥှန်းကားလာပြန်သည်။

နောက်ဆုံးတွင် လေလည် (အီးပေါက်)သည်ကိုပင် မနက် ဘယ်သို့၊ နေ့လယ် ဘယ်လို၊ နေညို ဘယ်ပုံ စသည်ဖြင့် အကြိမ်အခါကိုလည်း အတိတ်နိမိတ်





ကောက်ကာ ဟောပြောနိုင်သော ပညာရှင်များလည်း ရှိလာပြန်သည်။

ဤသည်ကို လူကြီးအချို့ကလည်း အားပေးကြ၏။ ရှေးခေတ် ရခိုင်သမားတော်ကြီးများ ရုပ်သံတို့ကို ကြည့်ရှုစစ်ဆေး၍ ဆေးပေး ဆေးကုသခဲ့ကြသော အလေ့အထရှိခဲ့ရာ "ဒါ ဟုတ်တယ်၊ ဖြစ်နိုင်တယ်။ ရှေးရှေး ရခိုင်သမားတော်ကြီးများက အီးမပေါက်ရင် သေးရောက်မယ်၊ လေမစုန်ရင် ငွေကုန်မယ်တဲ့ သိပ်မှန်တဲ့စကားပေါ့"ဟု အားပေးစကား ပြောဆိုကြပြန်သည်။

ကောတုံတရာဇ် ရခိုင်များက ထိုသို့ ဆေးဝါးဗေဒင်၊ အမြင်အကြား၊လက်ဖွဲ့မန္တရားနှင့် အောက်လမ်းပညာများကို တစ်ခေတ် ထူထောင်နေကြချိန်မှာ ရောမ၊ ခေါ်မသားတို့ကမူ ကြေးခေတ်၊ သံခေတ်မှသည် ယန္တရား စက်ကိရိယာခေတ်ကို ကူးပြောင်းရန် နေ့မအား၊ ညမအား ကြိုးစားရှာဖွေ သုတေသနပြုလျက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ 'ကျွန်' ပြုရန် ကြိုးစားလျက် ရှိနေကြသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံ၌ အဦးဆုံး၊ အစောဆုံး တိုင်းတစ်ပါးသားများဆီတွင် ကျွန်ပြုခံခဲ့ရသူတွေမှာ ရခိုင်တွေပင် ဖြစ်တော့သည်။

ကောတုံတရာဇ်သူ ကောတုံတရာဇ်သားများ ဤသို့ အကျင့်ပျက်၊ သီလပျက်၊ တရားပျက်ကာ 'အယ်လောကော အန္တဘုတော' ဖြစ်နေချိန်တွင် မည်သူ တရားပျက်ပျက် ကိုယ်မပျက်ပါစေနှင့် ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားသော ကောတုံတရာဇ်သူ ကောတုံတရာဇ်သား လင်မယားနှစ်ဦးလည်း ရှားရှားပါးပါး ရှိကြသေး၏။ ထို အဘိုးအို အမေအို လင်မယားမှာ ဦးငပုနှင့်ဒေါ်ဖဒိုးမေတို့ ဖြစ်ကြသည်။

ဦးငပုတို့၏ မျိုးရိုးစဉ်ဆက်မှာ ကောတုံတရာဇ်၌ ချည်ဆိုးသော အတတ်ပညာနှင့် လုံချည်ပုဆိုး အရုပ်ခြယ် အကွက်ဖော်ပေးရသော အတတ်ပညာရှင်မျိုးရိုး ဖြစ်သည်။ သစ်သီး၊ သစ်ရွက်၊ သစ်ခေါက်များကို ကျိုချက် ပေါင်းတင်ကာ ဆေးမကျွတ်အောင် သူတို့ ဆိုးပေးလိုက်သော ရောင်စုံချည်များကို မည်တဲ့သို့ အဆင်လှလှ အမြင်လှလှဖြစ်အောင် ရက်လုပ်ကြရမည်ကို ညွှန်ပြနိုင်သော ပုံဖော်ရုပ်ပြ ပညာရှင်လည်း ဖြစ်သည်။ ထို့ကြောင့်လည်း ရက်ကန်း သူဌေးကြီးများက ဦးငပုတို့သားအဖ တူ၊ တူမများကို အခကြေးငွေပေး၍ ချည်ဆိုးရန်နှင့် ပုံစံချည်ခင်များ လာအပ်ကြရသည်။

ဤ ဦးငပုမှာ ကောတုံတရာဇ်၌ 'မည်သူ တရားပျက်ပျက် ကိုယ်မပျက်ပါစေနှင့်' ဟူသော ဆောင်ပုဒ်နှင့်အညီ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ် ဆည်းကပ်လာခဲ့ကြသော ကောတုံတရာဇ်ဘုရားကိုလည်း အလွန်ကြည်ညိုသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဆိုလျှင် လေးနာရီ ထသည်။ ကိုယ်လက်သန့်စင်ကာ ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်တို့နှင့် ကောတုံတရာစ်ဘုရားကို မနက်တိုင်း ရောက်သူ ဖြစ်သည်။ ကောတုံတရာစ်ဘုရားတွင် ဆီမီး၊ ပန်း၊ ရေချမ်းကပ်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်ပြီးမှ အိမ်ပြန်လာတတ်သူ ဖြစ်သည်။

အိမ်ရောက်လျှင် နံနက်စာစား၊ ချည်ဆိုးလုပ်ငန်းအတွက် သားသမီး ၊ မြေးမ တူ၊ တူမများကို စီစဉ်လုပ်ဆောင်ပေးပြီးလျှင် အပ်ဝေည်ချည်ခင်များက် ရုတ်တန်းရုံပိုင်ရှင် သူဌေးများဆီ သွားပို့၊ ညနေ ပြန်လာ ထမင်းစား၊ ပြီးလျှင် ဆီမီး ပန်း၊ ရေချမ်းတို့နှင့် ကောတုံတရာစ်ဘုရားပေါ်တက်၊ ပန်း၊ ရေချမ်း ဆီမီး ပူဇော်၊ တံမြက်လှည်း စသည့် ကောတုံတရာစ်ဘုရား၏ ဝေယျာဝ ကုသိုလ်များကို မိဘဘိုးဘွားလက်ထက်ကပင် ယခု အသက်ငါးဆယ် ကျော် လာသည်အထိ တစ်နေ့မပြတ် နိစ္စဓူဝ ကုသိုလ်ယူနေသူ ဖြစ်သည်။

ဤသို့နှင့် တစ်နေ့ညတွင် နတ်ရွာစံသွားပြီ ဖြစ်သော မဒ္ဒရာဇ်မင်းကြီးလိုလို ထီးနန်းစည်းစိမ်ကို စွန့်ပစ်ကာ ရသေ့ရဟန်းပြုသွားကြသော နောင်တော်ကြီး နောင်တော်ချေ (ငယ်) မင်းသားနှစ်ပါးလိုလို၊ နဂါးလုလင်လိုလို တစ်စုံတစ်ဦး က ဦးငပုကို အိပ်မက် လာပေးလေသည်။

> **ဤကောတုံတရာစ်တိုင်းကြီး တစ်ခုလုံးတို့ ရက်သတ္တ တစ်ပတ်အတွင်း နဂါးတို့ ရေနှစ်တစားကြတော့မည်၊ သင်တို့လင်မယား ကောတုံတရာစ်ဘုရားကို ပင့်ဆောင် ကာ ငွေအသပြာ တစ်ထောင်ကို ယူ၍ လွတ်ရာသို့ ပြေး ကြလေကုန်၊ ဤအခြင်းအရာကို သင်တို့လင်မယား နှစ်ဦး နှစ်ယောက်က လွဲ၍ မည်သူ တစ်ဦး တစ်ယောက်ကိုမျှ မပြောထိုက်၊ မပြောကြလေနှင့်။**

ဦးငပုသည် လန့်ဖျပ်ပြီး အိပ်ရာက ငုတ်ခနဲ ထထိုင်လိုက်သည်။ သူ၏ နီး ဒေါ်ဒါဦးမေကမူ သူ့ဘေးနားတွင် တရှူးရှူးနှင့် အိပ်မောကျနေ၏။

ဦးငပုမှာ သူ့အိပ်မက်ကို ပြန်စဉ်းစားကာ ကြောက်ကြောက်လန့်လန့် ငှ "ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ၊ ဓမ္မောမေ သရဏံ အညံနတ္ထိ၊ သံဃော မေ သရဏံ အညံနတ္ထိပါဘုရား" ဟု ရေရွတ်လိုက်ကာ သူ့ခေါင်းရင်းဘက် ဘေးန ား ကို စမ်းကြည့်လိုက်သည်။ ဦးငပု စိတ်ထဲ အတိုင်းမဲ့ တုန်လှုပ်သွားသည်။ မည် သူ လာချပေးသွားသည် မသိသော အထုပ်တစ်ထုပ်ကို တွေ့ရသည်။ အိပ်မက်ထဲ က အသံများနှင့် ရုပ်ပုံများကိုပင် အမှောင်ထဲတွင် မပီဝိုးဝါး မြင်မိလိုက်သလိုပ င်။





သူ့အိပ်မက်ထဲတွင် ကောတုံတရာစ်မင်းကြီးနှင့် သူ့သားတော် ရသေ့ရဟန်းနှစ်ပါး နဂါးလုလင်အဖြစ် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက အိပ်မက်လာပေးတာ အမှန်ပင် ဖြစ်ချေပြီ။ တရားပျက်ကုန်ကြသော ကောတုံတရာစ်တိုင်းကို ကေန်မုချ နဂါးများ ရေထဲ နှစ်ပစ်ကြတော့မည်၊ ဘုရား၊ ဘုရား၊ အနိစ္စ. . အနိစ္စ။

ဦးငပုသည် သက်ပြင်းရှည်ကြီး တစ်ချက်ကို မောမောပန်းပန်းချကာ သူ့ အိပ်ရာဘေးက မီးခွက်ကို လှမ်းစမ်းယူ၍ မီးခွက်ကို မီးထွန်းလိုက်သည်။ ပိုးပဝါစ နှင့် ထုပ်ထားသော အထုပ်ကို လက်နှစ်ဖက် ကတုန်ကယင်နှင့် ဖြေကြည့်လိုက် ၏။ နွားလားဥသဘတံဆိပ် ခတ်နှိပ်ထားသော ပြဟ္မီအက္ခရာပါ ငွေစင်ငွေသား ဒင်္ဂါးများ၏ အရောင်က သူ့မျက်စိထဲ ကျိန်းသွားသည်။ ဦးငပုသည် ဒင်္ဂါးပြားများ ကို ငေးကြည့်ကာ ပို၍ ထိတ်လန့်သွားသည်။ ဘာဆက်လုပ်ရမှန်း မသိသလို ဒင်္ဂါးပြားတွေကို စိုက်ကြည့်ကာ မှင်တက်မိနေ၏။

ထိုအချိန်တွင် ဒေါ်ဒါဦးမေသည် လူးလွန့်လာပြီး "ဘုရား၊ ဘုရား" ဟု ရေရွတ်ကာ မီးရောင်ကိုမြင်သဖြင့် မျက်လုံး ဖွင့်ကြည့်လိုက်၏။ မီးခွက်ထွန်းပြီး ငုတ်တုတ်ကြီး ထိုင်ငေးနေသော သူ့ယောကျ်ား ဦးငပုကို မြင်လိုက်ရသောအခါ-

"အိမ်ရှင်ကြီး၊ ဘယ်အချိန်ရှိပလဲ၊ ရှင် ခုထိ မအိပ်သေးဘူး၊ အံ့ပါ့တော်၊ အသက်ပဲ ခြောက်ဆယ်ပြည့်တော့မယ်၊ ရှင့်မှာ ခုထိ ဒီပုဆိုးထဘီဆင်တွေ အသစ်အဆန်းထွင်လို့ကို မပြီးနိုင်ဘူး၊ ဒီ ပုဆိုး ထဘီဆင်တွေထွင်ဖို့ မအိပ် နိုင်. . ."

"ရှူး . . . တိုးတိုး၊ တိုးတိုး"

ဦးငပုအား သူ့မိန်းမ ဒေါ်ဒါဦးမေက ညဦးကပင် ပုဆိုးဆင်တွေ ရိုးနေပြီ၊ အသစ်အဆန်း တစ်မျိုးတော့ ထွင်ကြည့်လိုက်ဦးမည်ဟု ပြောသည်ကို ယခု တစ်ရေးနိုး အကြံပေါ်၍ ပုဆိုးထဘီဆင်တွေ ထွင်ရန် စိတ်ကူးပြီး ငိုင်နေသည် အထင်နှင့် လှမ်းပြောသည်ကို ဦးငပုက သူ့မိန်းမအသံကြားမှ သတိရသွားကာ နှုတ်ခမ်းနှစ်ခုပေါ် လက်ညှိုး ကန့်လန့်ဖြတ် တင်ထားပြီး 'တိုးတိုး' ဟု သတိပေး လိုက်သည်။

"ဒါဦး ထ ထ၊ မြန်မြန် ထစမ်းပါဦး"

"ကျုပ် အိပ်ရေးပျက်တယ်၊ ရှင့် ပုဆိုးဆင် ထဘီဆင် . . ."

သူက တိုးတိုးပြောကာမှ အသံကျယ်သော သူ့မိန်းမ ဒေါ်ဒါဦးမေပါးစပ်ကို အသာလှမ်းပိတ်ပြီး တိတ်တိတ်နေရန်နှင့် ကြည့်ရန် လက်မောင်းတစ်ဖက်ကို ဆွဲထူ၍ ငွေတစ်ထောင်ထုပ်ကို ဖွင့်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ."

ငွေတစ်ထောင်ထုပ်ကို မြင်လိုက်ရသောအခါ ဒေါ်ဒါဦးမေလည်း မျက်လုံးပြူးသွားသည်။ မနေ့ညနေက .သူ စောစော အိပ်သွားသည်။ သူ့ယောက်ျား ဦးငပုတာမှ မီးခွက်တစ်လုံးနှင့် ပုဆိုးထဘီဆင်တွေ ထွင်ဦးမည်ဟု ပြောကာ ချည်ဆိုးဆေးတွေ၊ ပိတ်ကြမ်းစ ရက်ထည်တွေနှင့် အလုပ်ရှုပ်နေခဲ့သည်။

ယခင့်ယခင်များကလို ပုဆိုးဆင် ထဘီဆင်တွေ အသစ်အဆန်း ထွင်ပေးသဖြင့် ရက်ကန်းသူဌေးကြီးများက ဆုချလိုက်သည်ဟု ထင်ရအောင်ကလည်း ယခုမှ ပုဆိုးဆင် ထဘီဆင်တွေ ထွင်ဦးမည်ဟု ပြော၏။ ဆုချလိုက်သည်ပဲထား ဤမျှ များပြားသောငွေကို ဘယ်သူဌေးကမှ တစ်ခါတည်း ပေးမည်မဟုတ်။ ယခင် တစ်လလောက်ကတော့ နန်းတွင်းသူများ အဖို့တော်ဝတ် ထဘီတွေကို ရက်ကန်းသူဌေးတစ်ဦးက အသစ်အဆန်း ထွင်ပေးရန် ပြော၍ ထွင်လုပ်ပေးဖူးထားတာ ရှိသည်။ ယခု ထိုအဝတ်အဆင်တွေကို ဘုရင်က သဘောကျ၍များ ဆုအဖြစ် လာပေးသွားတာလား။ မနေ့ညနေက သူ စောစော အိပ်သွားသဖြင့် ဦးငပုက သူ့အိပ်ရေးပျက်မှာစိုး၍ နှိုးပြီး မပြောပြခြင်းလား။ မရစဖူးရသော ထိုငွေများကို ဤအဘိုးကြီး ပီတိဖြစ်ပြီး မအိပ်နိုင်ဘဲများ ထိုင်ကြည့်နေလေသလား။ ဒေါ်ဒါဦးမေမှာလည်း ဒီဇိုင်နာ ဆရာကြီးကတော်ပီပီ စိတ်ကူးမျိုးစုံကို ချက်ချင်း အတွေးနှင့်ယဉ်ပစ်လိုက်ကာ "အိမ်ကြီးရှင်၊ ဒါ . . ဒါ ဘယ်သူ လာပေးတာလဲ ဟင်၊ ဘုရင့်နန်းတော် . . ."

"ရှူး၊ တိုးတိုးပြောပါဆိုနေ ဒါဦး၊ မင်းသားသမီးတွေ ကြားသွားပါဦးမယ်။ ဒါ . . . ဒါ၊ နတ်လာပေးတာ၊ သမ္မာဒေဝ . . ."

"ဟင်၊ ရှင့်ကို နတ်ကတောင် လာပေးတာ"

"ဟုတ်တယ်၊ နတ်လာပေးတာဆိုလို့ ဝမ်းမသာနဲ့ဦး"

"ဟင်၊ အကျွန် အိပ်မက် မက်နေတာ မဟုတ်ပါဘူးနော်"

"ရှူး . . . တိုးတိုးပါဆို၊ အိပ်မက်က ဒါဦးကို မဟုတ်ဘူး၊ ငါ့ကိုလာပေးတာ။ ကောတုံတရာဇ်ကို ရက်သတ္တတစ်ပတ်အတွင်း နဂါးတွေ ရေနှစ်ကစားကြတော့မယ်တဲ့၊ အဲဒါ တို့ ကောတုံတရာဇ်ဘုရားကိုပင့်ပြီး ဒီငွေနဲ့အတူ ပြေးကြတော့တဲ့။ တို့ နတ်ရွာစံသွားတဲ့ဘုရင် မဒ္ဒရာဇ်မင်းကြီးလိုလို၊ ကိုယ်တော်ကြီးနဲ့ ကိုယ်တော်လေးတို့လိုလို၊ နဂါးလုလင်တွေလိုလိုနဲ့ အိပ်မက်ထဲမှာရော အမှောင်ထဲမှာပါ ကိုယ်ထင်ပြပြီးကို လာပေး လာပြောသွားတာ ဒါဦး။ ဒါကို မင်း ဘယ်သူ့တစ်ယောက်ကိုမှလဲ မပြောထိုက်၊ မပြောအပ်ဘူးလို့ မှာသွားတယ်။ ဒီငွေထုပ်တို့





လည်း မင်းသားသမီးတွေ ဘယ်သူ့မှ မမြင် မသိစေပါနဲ့။ သိသွားမြင်သွားရင် ငါတို့ . . . ဟင် ဒါဦး၊ ငါပြောတာ နင် ကြားလားဟင်၊ နင် . . . နင် ဘယ်လို ဖြစ်သွားတာလဲ"

"ကောတုံတရာဇ်မြို့ကြီးကို နဂါးက ဘာလို့ ရေကစားရမှာလဲတော့၊ သူတို့ပဲ စောင့်တဲ့မြို့ပါ။ အကျွန်တို့မြို့ ဒီလောက်လှ . . ."

တိုးတိုးပြောပါဟု ပြောနေဆိုနေသည့်ကြားထဲတ ငိုသံပါကြီးနှင့် တသဲ့သဲ့ ရှိုက်လာသော သူ့မိန်းမကို ဦးငပုမှ သတိပေးရပြန်၏။ ဒေါ်ဒါဦးမေမှာ ဦးငပု စကားနှင့် လက်ဆုပ်လက်ကိုင်လည်း ငွေထုပ်ကြီးကို မြင်နေရရာ ထိတ်လန့်တကြားဖြစ်ပြီး ယောင်ယောင်မှားမှားနှင့် ဦးငပုကိုပင် ဖက်ထားလိုက်မိသည်။

"သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက မင်းမြင်တဲ့အတိုင်းပဲ၊ တို့ကို အမှန်အကန် လာပြောနေပြီ ဒါဦး။ ခုတို့ ကောတုံတရာဇ်မှာ မင်းရော လူပါ တရားလည်း ပျက်နေကြပြီဆိုတော့ ကေန်မှုချ ကောတုံတရာဇ်ကိုတော့ နဂါးနှစ်တော့မှာပဲ။ ဒီတော့ တို့ကောတုံတရာဇ်က ပြေးကို ပြေးကြရတော့မယ်၊ ဒီငွေထုပ်ကို မင်း သိမ်းထားလိုက်၊ မင်းသားသမီးတွေကိုလည်း ဘယ်သူ့ကိုမှ အသိမပေးနဲ့ ကြားလား"

ဒေါ်ဒါဦးမေမှာ ဤတစ်ခါတော့ ပါးစပ်က အသံပင် မထွက်နိုင်တော့ဘဲ မျက်ရည်ဝဲကာ ခေါင်းညိတ်ပြသည်။

ထိုအချိန်မှာပင် နဂါးမော်ဆိပ်ကမ်းနှင့် ဘုရင့်နန်းတော်မှ စည်တော်နှောင်တိုင်း လေးမောင်းဆော်သံနှင့် မိုးလင်း ကြက်တွန်သံတို့ကို ကြားလိုက်ရသည်။ ဦးငပုသည် ချက်ချင်း ကမန်းကတန်း ထကာ-

"ကဲ-ကဲ ဒါဦး၊ ငါ ဘုရားဆီ ပြေးဦးမယ်၊ ဒီအချိန်ဆို ဟိုရွှေငွေ လာကောက်သူတွေလည်း ဘုရားပေါ် ရောက်ကြဦးမယ် မဟုတ်သေးဘူး ထင်တာဘဲ။ မင်း အဆင်သင့် လုပ်ထားနှင့်။ မင်း သားသမီးတွေ ဘယ်သူ့မှ မနိုးမီ တို့ ပြေးကြမှ ဖြစ်မယ်"

ပြောပြောဆိုဆိုနှင့်ပင် ဦးငပုမှာ ခါတိုင်းလို ကောတုံတရာဇ်ဘုရားကို ပူဇော်ရန် ဆီမီး၊ ပန်း၊ ရေချမ်းများကိုပင် သတိမရတော့ဘဲ ကောတုံတရာဇ် ဘုရားရှိရာသို့သာ အပြေးနှင့် လျှောက်လာလေသည်။

ဦးငပုတို့ နေထိုင်သော ကျုံးတွင်းရွာ ကျုံးတွင်းရပ်နှင့် ကောတုံတရာ[illegible] ရုပ်ပွားတော်မြတ်ရှိရာ ဘုရားကုန်းမှာ သာမန်လူတို့၏ ကွမ်းတစ်ယာ[illegible] ခြေကျင်ခရီးသာ ရှိသည်။ ထိုခရီးကို မှောင်ကြီးမည်းကြီးထဲ၌ ဦး[illegible]အပြေး



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာသည်။ တောင်ခြေအရောက်တွင်လည်း သူ မနားခဲ့။ တောင်ပေါ်ကို ပြေးတက်လာ၏။ ဘုရားကုန်းတစ်ဝက် အရောက်တွင် ဘုရားပေါ်မှ ဆူဆူညံညံ အသံဗလံများကို ကြားရသဖြင့် ခြေလှမ်း ခဏ တုံ့သွားသည်။

အသံတွေကို သဲသဲကွဲကွဲ မကြားရ။ သို့သော် ဘုရားကုန်းတော်ပေါ်တွင် လူတွေရှိနေကြပြီဟု သိလိုက်သောအခါ သူ့ခြေလှမ်းက အလိုလို နှေးကွေးသွားသည်။ ယခင်ကဆိုလျှင် ဤလို အချိန်မျိုး၌ ဘုရားကုန်းတော်ပေါ် မည်သူမျှ မရှိတတ်။ ဆူညံနေကြသော အသံဗလံများက ပိုကျယ်လာသည်။ ဦးငပု သိလိုက်ပြီ။ ညဦးက သူတို့ ထွန်းညှိထားခဲ့ကြသော ဆီမီးခွက်ထဲတွင် ရွှေစငွေစ တွေကို ကောက်ယူရန် ဗိုရိယကြီးသူများ မိုးမလင်းမီကပင် ဘုရားရှေ့ရောက် နေကြပြီ။

"မင်း ဘာမှ စောဒက မတက်နဲ့။ ငါ့ဆီမီးခွက်က မီးမငြိမ်းတတ်သေးလို့ ငါ ဘုရား ခဏ ရှိခိုးနေတုန်း ငါ့မီးခွက်ထဲက ရွှေစငွေစတွေကို မင်း ကောက်ယူ သွားတာ"

"မဟုတ်ပါဘူးဆို၊ သူများ မီးခွက်ထဲက ရွှေစငွေစကို ကျုပ်က ယူမလား ဗျ၊ ကျုပ် မီးခွက်ထဲကဟာပဲ ကျုပ် ယူတာ"

"ဘာ ရှင့်မီးခွက်လဲ။ အဲဒါ အကျွန်တို့ မီးခွက်ရှင့်၊ ရှင် သက်သက် သူများ မီးခွက်ထဲက ရွှေစငွေစတွေကို ခိုးကောက်ယူတာ"

ခြောက် ယောက်ျားသားများသာ မဟုတ် အ,ကာလ ညအခါမှာတောင် ဘုရားကုန်းတော်ပေါ် မိန်းမသူများ ရောက်နှင့်နေတတ်ကြပြီကိုး။ ဦးငပုသည် စကားများ ရန်ဖြစ်နေကြသော လူမိစ္ဆာသုံးလေးယောက်ကို သံဝေဂနှင့်ငေးကြည့် နေစဉ် မြောက်ဘက်နားမှ ဆီမီးခွက် လုပြေးသွားသော လူတစ်ယောက်ကို ဝိုင်းလိုက်ကြပြန်သည်။

"အကျွန့်လက်ထဲက ဆီမီးခွက်ကို အတင်း လုပြေးသွားလို့ပါတော်၊ လုပ်ကြ ပါဦး၊ လိုက်ပေးကြပါဦး။ အကျွန် အကျွန့်မှာ မုဆိုးမ ငတ်ပြတ်နေရသူပါ။ လုပ်ရက်ကြတယ်။ လုပ်ကြပါဦး၊ မင်းယောက်ျားများ သူတော်ကောင်းကြီးများ ကယ်တော်မူကြပါဦးလား ရှင်တို့ ဟီး. . . ဟီး ကျုပ်မှာ ဒုက္ခကြီးလိုက်တာတော်"

ဦးငပုမှာ ဘုရားရင်ပြင်ပေါ်မှ အနိဋ္ဌာရုံများကို ငေးကြည့်ကာ သက်မ အကြိမ်ကြိမ် ချမိလိုက်သည်။ ကျုံးတွင်းရွာနှင့် ဘုရားကုန်းတော်ပေါ် တက်ပြေး လာစဉ် မမောမပန်းခဲ့သူမှာ ယခုမူ ခြေမသယ်ချင် လက်မသယ်ချင် ဖြစ်သွား သည်။ ဤနေ့၌ ဤဘုရားကိုလည်း ဘယ်လိုမှ ပင့်၍ ရတော့မည် မဟုတ်။





သူတို့တွေအတွက် ရွှေထွက်ငွေထွက်နေသော ဤဘုရားကို အတင်း ပင့်ခိုး သည်ကိုမြင်လျှင် လူမိစ္ဆာများ၏ လက်ချက်နှင့် ချက်ချင်း သူ သေရပေလိမ့်မည်။ ယခုအခါ ရွှေထွက် ငွေထွက်ပေးနေသော ဤဘုရားကိုလည်း မည်သူမျှ အပင့်ခံ ကြမည်မဟုတ်။ ဦးငပုသည် လက်ပူး စုံရပ်ကာ ဘုရား၏ မျက်နှာတော်ကို ဝမ်းနည်းကြေကွဲစွာ စိုက်ကြည့် ဖူးမြော်လိုက်သည်။ ထိုအချိန်မှာပင် ညဦးက အာမေပါရေနှင့် ရေနံပျောင်း ရောနယ်ပြီး မီးထွန်းထားကြသော ဆီမီးခွက် ပိုင်ရှင်များ ဘုရားပေါ်ကို သူ့ထက်ငါ အပြေးတက်လာနေကြသည်။

"တောက်၊ မိုးတောင်မလင်းသေးဘူး၊ ကျုပ် ဆီမီးခွက် ဘယ်မအေနှမ ခိုးသွားကြလဲ မသိဘူး။ ဒီနားမှာ ညဦးက သေသေချာချာ အမှတ်အသားနဲ့ကို ထားခဲ့တာ"

ဘုရားရှေ့တွင် မိမိ အသက်ကိုပင် မထောက်၊ အယုတ္တအနတ္တ ဆဲဆိုကာ ငိုသံပါကြီးနှင့် ပြောလိုက်သော အဘိုးကြီးတစ်ယောက်၏ အသံကြောင့် ဦးငပု မျက်မှောင်ကုတ်သွားသည်။ ထိုအဘိုးကြီးဆီ အကြည့်တစ်ချက် ရောက်သွားရာ ယခင်က သူတို့နှင့်အတူ ဘုရားဝေယျာဝစ္စလုပ်ဖက် ဦးဂေါ်လာကြီးကို တွေ့ လိုက်ရသည်။

ထိုအချိန်မှာပင် ဆီမီးခွက်ကိစ္စနှင့် စကားများပြီး လူကြီးသုံးယောက် ထသတ်နေကြပြန်ရာ "ဟေ့ဟေ့ ဘယ့်နှယ်၊ ဘုရား ရင်ပြင်ပေါ်မှာ။ငါက ဘုရား လူကြီးကွ၊ ကျုံးလယ်ရွာ သံချိုအောင်ဆိုတာ ငါပဲ၊ မင်းတို့ ခုချက်ချင်း ထွက်သွား ကြစမ်း၊ ဘယ်မိမဆုံးမ ဖမဆုံးမတွေ ဘုရားရင်ပြင်ပေါ် ရောက်နေကြလဲ မသိ ဘူး။ ဟိုတုန်းကဆို ဘုရားကို မျက်နှာသစ်တော်ရေတောင် တစ်နေ့တလေ လာကပ်ဖော် မရကြတဲ့ အကောင်တွေက ခုတော့ မိုးမလင်းသေးဘူး ဘုရား ကြည်ညိုလိုက်ကြတာ။ ငါ ပြောနေတာ မကြားဘူးလား၊ ခုချက်ချင်း မင်းတို့ ဘုရားရှေ့က သွားမလား မသွားဘူးလား ပြော"ဟု ဓားရှည်ကြီး တဝင့်ဝင့်နှင့် ဦးသံချိုအောင် ဆိုသူ လူကြီးတစ်ယောက်က တစ်စခန်းထနေပြန်သည်။

ထို ကျုံးလယ်ရွာက သံချိုအောင်ဆိုလျှင် တစ်ရွာလုံးက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရသည်။ လက်ကလည်း မြန်သလား မပြောနှင့်၊ သူ့စကားမဆုံးမီ လက်ကျပြီးသွားသူ။ တေသည့် ပေသည့်နေရာမှာလည်း မြိုင်စံရှား၊ စိန်ခေါ် သည့်နေရာ၊ အရှက်အကြောက်မဲ့သည့် နေရာမှာလည်း ယောက်ျားကိုယ်ချင်း ပင် ကြိုးတပ်ပြီး ဆွဲကြမည်ဟု စိန်ခေါ်ဝံ့သူ။ ထို့ကြောင့် သံချိုအောင်ဆိုသူမှာ ငယ်စဉ်က သူကြီးများ လက်စွဲ၊ သူကြီးများ မွေးထားပြီး ပွဲထိန်းပွဲကြပ် အခိုင်အခံ



www.burmeseclassic.com

www.burmeseclassic.com

ရသူ။ အသက်ကြီးလာတော့ သံဝေဂရကာ ဘုရားအလုပ် တရားအလုပ်လည်း အမှန်တကယ် လုပ်ခဲ့သူ၊ ကျွန်းလယ်ရွာက ဘုရားလူကြီး ဥပဋ္ဌာကအဖွဲ့။ သူ့ခေါ မှာလည်း အိုကြီးဆင်းရဲဖြစ်တော့ သူများအနှုန်း (၁၀၈) လုံး ပုတီးစိပ်ရင်း ကော တုံတရာဇ်ဘုရားမှာ ရွှေစငွေစ လာတောင်းနေသူ။ သို့သော် ငှက်ကြီးတောင် မားရှည်တစ်ဖက် ပုတီးတစ်ဖက်နှင့် သူ့ကို ဦးငပုမှာ မည်သို့ နားလည်ရမှန်း မသိတော့။ ငယ်စဉ်က မိုက်ဂုဏ်နှင့် သူ့ကိုတော့ ကြောက်ကြပုံရသည်။ ဆီမီးခွက် ငြင်းခုံကြရာမှ ရန်ဖြစ်ကြသူ သုံးယောက်သည် စောင်းကန်းစောင်းကန်းနှင့် ရှောင် ထွက်သွားကြသည်။ ဦးငပုမှာ ဤသို့ ဖြစ်ချင်တိုင်း ဖြစ်နေကြသူများကို ကြည့်ကာ သက်မ အကြိမ်ကြိမ်ချပြီး ဘုရားကန်တော့ရန်ကိုပင် သတိမရခဲ့။ စိတ်နှင့်ကိုယ် တခြားစီ ဖြစ်သွားလောက်အောင် သတိချွတ်ယွင်းကာ ဘုရားကုန်းတော်ပေါ်မှ ဆင်းလာမိပြီးသား ဖြစ်သွားသည်။

ဘုရားပင့်ရန် ဘယ်လိုမှ အခွင့်မသာတော့သဖြင့် ဘုရားပေါ်က ဆင်းလာ ရာ ဝေလီဝေလင်းအချိန်မှာ ဘုရားကုန်းတော်ပေါ် အပြေးကလေး တက်လာ သော နဂါးမော်အရှေ့ရပ်က သူ့ချွေးမကို တွေ့လိုက်ရသောအခါ ပို၍ စိတ်ထဲ ကယောင်ချောက်ချား ဖြစ်သွားလေသည်။ သူ့ကို မြင်သောအခါ သူ့ချွေးမက လည်း အိုးတိုးအမ်းတမ်းဖြစ်ပြီး မမြင်ယောင်ဆောင်ကာ လှည့်ထွက်သွားမလို ပင် လုပ်လိုက်သေးသည်။

ဤချွေးမမှာ သားလတ် ငပိန်ချေ ခေါ် ရွှေကျော်၏ ဇနီး ဖြစ်သည်။ သူတို့မှာ ဘုရားနှင့် အတော်လှမ်းသော နဂါးမော်ရွာတွင် နေကြသူ ဖြစ်၏ အိမ်ထောင်ကျပြီးကတည်းကပင် မယားမျက်နှာ တစ်ကမ္ဘာထင်ပြီး ဆံထုံးနောက် သျှောင်ပါသွားသော သူ့သားဆီ ဦးငပုက စိတ်ရောက်သွားပြန်သည်။ အိမ်ကို လာတိုင်း 'မည်သူ့ တရားပျက်ပျက် ကိုယ်မပျက်စေနှင့်၊ ကောတုံတရာဇ်ဘုရားမှာ မဖွယ်မရာ ရေနံပျောင်းနှင့် အာပေါ်ရေ ဆီမီးထွန်းတယ် ပြောသံကြားရင် မင်း ကို အဖေလို့ မမှတ်နှင့်။ ငါ့အိမ်လည်း မလာနှင့်' ဟု ဆုံးမထားသူ ဖြစ်သည်။ ဤသားလတ်က အဖေ့စကားတော့ သူ့မိန်းမ၊ သူ့ယောက္ခမစကားနိုးနိုး နား ထောင်တတ်သူ၊ အဖေကို ချစ်လည်းချစ် ကြောက်လည်းကြောက်သူ ဖြစ်သည်။ အိမ်ဝိုင်းထဲက နှစ်ကောင်နှင့် မတူ။ အမှန်က ဤသားနှင့် ဦးငပုက အတူနေချ သည်။ သို့သော် ယောက္ခမ၊ မိန်းမတို့ စကားကို မလွန်ဆန်ရဲသဖြင့် မိန်းမဘက် သွားသည်။ ချည်ဆိုး ချည်တွက်ဖော်ပညာမှာလည်း သားသုံးယောက်ထဲတွင် အဖေ့ခြေရာကို နင်းနိုင်သူ။ ထို့ကြောင့်လည်း ယခုထိ အဖေက လက်မလွှတ်ချ





သလို အဖေ့ဆီတွင် အလုပ်တော့ လာလုပ်ရှာသည်။ ယခုလည်း အာပေါ်ရေ ဆီမီးထွန်းသည်ကို အဖေ မကြိုက်၍ လုပ်ဝံ့သူ မဟုတ်။ သို့သော် သူ့မိန်းမ၊ သူ့ယောက္ခမတို့ လုပ်ကြသည်ကိုတော့ တားဝံ့ပုံ တားရဲပုံမရ။ ထို့ကြောင့်လည်း ယခု သူ့မိန်းမကို စောစောစီးစီး ဘုရားကုန်းတော်ပေါ် တွေ့နေရခြင်း ဖြစ်သည်။

"သမီး ဘယ်လဲ"ဟု ဦးငပုက သူ့ချွေးမကို လှမ်းမေးလိုက်၏။

"ဘုရားကိုပါ မင်းကြီး" ဟု ရှိုရှိုသေ‌ေ ဲကာ့ ပြော၏။

(မင်းကြီး = ယောက္ခမကို ကောတုံတရာဇ်သူတို့၏ အခေါ်)

"သမီး ဘုရားလာတာကလည်း ဆီမီးမပါ ပန်းမပါနဲ့ကွယ်"ဟု ပြော ချင်လိုက်သော်လည်း ဤနေ့တွင် မည်သူ့ကိုမျှ စကားမပြောချင်တော့ဘဲ ရင် ထဲက ငိုနေသဖြင့် ဝမ်းနည်းကြေကွဲစွာနှင့် နောက်ဆုံးတော့ "အေးအေး" ဟုသာ ပြောမိလိုက်လေသည်။ ဦးငပု သိပါသည်။ သူ့ချွေးမသည် အများနည်းတူ ကောတုံတရာဇ်ဘုရား ပေးသည်ဟု တစ်တိုင်းတစ်ပြည်လုံး ယူဆနေကြသလို မနက်စောစော ရွှေကောက် ငွေကောက်လာနေသူပင်။

အိမ်ဝိုင်းထဲ ဝင်ဝင်ချင်း ဇနီးသည်၏ ညှိုးငယ်နေသော မျက်နှာကို မြင်ရရာ စိတ်ထဲ အလိုလို အားငယ်သွားသည်။ သူ့မိန်းမက သူ့မျက်နှာ လှမ်းကြည့်ပြီး မေးဆတ်ပြ၍ မေး၏။ ဦးငပုက လက်ခါပြလိုက်သည်။ ဤလို မိုးစင်စင်လင်း နေချိန်တွင် သူ့ယောက်ျား ကောတုံတရာဇ်ဘုရားကို ဘယ်လိုမှ ပင့်လာ၍ မရနိုင် ဆိုသည်ကို သိသွားသော သူ့မိန်းမကလည်း သူတို့ကိစ္စ တခြားလူများ ကြားသွား သိသွားမှာစိုး၍ ဘာမှ မပြောတော့ဘဲ မီးဖိုထဲသာ တန်းဝင်သွားသည်။

"ဟိုဘက်အိမ်က အကောင်တွေ မနိုးကြသေးဘူးလား"

သူ့ဝိုင်းထဲတွင် သူ့အိမ်နှင့် သူ ထားပေးသော သားငယ်နှင့် သားကြီးတို့ကို ဦးငပုက လှမ်းမေးလိုက်သည်။

"ထကြရောပေါ့၊ ရှင်,ဘာခိုင်းမလို့လဲ၊ ရှင် ထွက်သွားတုန်းကပင် လေးမြို့ ကောက်ညှင်း အကျွန် ပေါင်းထားတယ်၊ ပူပူနွေးနွေး စားလိုက်ဦး"

သူ့ဇနီး ဒေါ်ဒါဦးမေက အငွေ့တထောင်းထောင်းနှင့် ကောက်ညှင်း တစ်ပန်းကန်ကို ယူလာပေးရင်း ပြော၏။

"ခိုင်းနေလို့လည်း ဘာထူးတော့မှာလဲကွာ၊ ဩော် ဒါနဲ့ ဟော့. . ."

ဒေါ်ဒါဦးမေက ဦးငပုနား ရှိုရှိုကျိုးကျိုး လာထိုင်၍ ကောက်ညှင်းပန်းကန် တို့ ချပေးကာ သူ့ယောက်ျား ဘာပြောမည်နည်းဟု မျက်နှာကို စေ့စေ့ကြည့်နေ သည်။


www.burmeseclassic.com

www.burmeseclassic.com



"ခုဆို မိုးမလင်းသေးဘူး၊ ဘုရားပေါ် လူပြည့်နေပြီကွ၊ ဒီတော့ ဒီည တို့ဘုရားကို ရအောင်ပင့်ရမယ်။ လမ်းခရီးအတွက် မသိုးထမင်း မသိုးဟင်းကို မင်း ဒီနေ့ အပြီး ချက်ထားနော်၊ ငါမှန်းထားတာကတော့ တို့ မြဝတီဘက်ကို ပြေးကြရလိမ့်မယ်။ အဲဒီမှာ မုနိရုပ်ပွားတော်မြတ်လည်း ရှိတယ်လေ၊ ကောတုံ့ တရာဇ် ဖျက်ပေမယ့် မြဝတီက ဘုရားရှင် ဗျာဒိတ်ရပြည်ဆိုတော့ မဖျက်နိုင် ဘူး။ အဲဒီတော့. . ."

"ဒါဒါ (အဘွား) သမီးလည်း ကောက်ညှင်းပေါင်း စားမယ်နော်၊ ဒါဒါ့ ကောက်ညှင်းပေါင်း မွှေးလိုက်တာ။ သမီးတို့အိမ်ကတောင် အနံ့ရတယ်တော့"

ဦးငပု ဒေါ်ဒါဦးမေကို တီးတိုးပြောနေချိန်၌ပင် သားကြီး၏သမီး သဉ္ဇာဦး အိမ်ပေါ် တက်လာပြီး ပြော၏။ ဤကလေးမမှာ အရွယ်နှင့် မလိုက်အောင် စကားတတ်သူမို့ အဘိုးအဘွားတို့၏ အချစ်တော် ဖြစ်သည်။

"စားရမှာပေါ့ သမီးရယ်၊ ဒါဒါ သမီးကို ခွံ့ကျွေးမယ်နော်"

သူ့ရင်ခွင်ထဲ လာထိုင်သော သဉ္ဇာဦးကို ဒေါ်ဒါဦးမေက ပွေ့ဖက်ထား ရင်း ပြောလိုက်၏။

"ဒါဒါ့လက်နဲ့ ခွံ့ကျွေးတာ သမီး မစားချင်ဘူး၊ ကိုယ့်လက်နဲ့ကိုယ် စားမှာ ပေါ့နော် ဘိုးဘိုး။ ပုချေ (အိမ်ခေါ်နာမည်) လည်း လက်ရှိတာပဲ"

ပြောရင်းက သူ့အဘိုးမျက်နှာကို လှမ်းကြည့်ကာ ကောက်ညှင်းပေါင်း တစ်ဆုပ်ကို နှိုက်တော့၏။

"ဟီး. . . ဟီး. . ငါ့မြေးလေး. . ဒါ ဒါတို့ မ. . ."

"ဟင်. . ဒါဒါ၊ ဒါဒါ ငိုတယ်။ ဘာဖြစ်လို့လဲဟင် ဘိုးဘိုး"

"ဟာ. . ဒါဦး၊ ခက်လိုက်တာ၊ မီးခိုးလို့နေမှာပေါ့ ပုချေ။ ဒါဒါ ခုပဲ ကောက်ညှင်းပေါင်းပြီး မီးဖိုဆောင်က ထွက်လာတာ"

အိပ်မက်မြင်ပြီးကတည်းက သူ့ရင်ထဲလည်း ငိုနေမိသော ဦးငပုက သူ့ မြေးမလေးကို ကမန်းကတန်း မျက်ရည် အဝဲသားနှင့် ပြောလိုက်၏။

"ဟင်. . ဒါဒါကလည်း မီးခိုးတာ ငိုစရာလားနော် ဘိုးဘိုး၊ ပုချေတို့ မေမေ ဆို မီးခိုးလို့ တစ်ခါမှ မငိုဘူး"

"ပုချေဘာဘာ ရိုက်မှ ငိုတယ်ပေါ့"

"ဟင် ဘိုးဘိုးကလည်း မေမေ့ကို ဘာဘာ တစ်ခါမှ မရိုက်ပါဘူးနော်၊ သမီး မေမေကသာ ဘာဘာကို ခဏခဏ ဆူတာတော်"

"ဩော်. . ဘိုးဘိုး၊ ဘာဘာဆိုမှ သတိရတယ်တော့၊ ဘာဘာ ခု ဂါရီ





(လှည်း) ငှားဖို့ သွားတယ်။ ဆိုးပြီးသား ချည်တွေကို အလယ်ကျုံးရက်ကန်းရုံ ပို့ရမယ်လို့ ဘိုးဘိုးကို ပြောခိုင်းလိုက်တာ၊ ဒါဒါ့ ကောက်ညှင်းထမင်းပေါင်း မြင်တာနဲ့ ပုချေ မေ့သွားတယ်"

လာတုန်းကမူ သူ့အဖေ ပြောခိုင်းလိုက်၍ လာသော်လည်း သူ့အဘွား ကောက်ညှင်းပေါင်းက သူတို့အိမ်ထိ မွှေးတယ်ဟု ပြောလည်း ပြောတတ်သော သူ့မြေးမလေး မျက်နှာကို ကြည့်ကာ ဦးငပုမှာလည်း ရင်ထဲဆို့နေသည်။ ဒေါ်ဒါဦး မေမှာလည်း မည်မျှ ခံစားနေရသည် မသိ။ ယခုထိ သူ့မြေးမလေးကို ဖက်ကာ ခိုးရှိုက်နေတုန်း။

ဒေါ်ဒါဦးမေ မျက်ရည်သုတ်လိုက်သောအခါ ကောက်ညှင်းပေါင်းကို ပလုတ်ပလောင်း စားနေရင်းက "ဒါဒါ မီးခိုးလို့ မျက်စိစပ်တာဆို သမီး ရေခပ် ပေးမယ်" ဟု ဆိုနေပြန်သည်။

"ရေက ဘာလုပ်ရမှာလဲ သမီးပုချေရယ်"

"ဘိုးဘိုး မသိပါဘူး၊ အိမ်က ဒါဒါကြီး ငရုတ်သီးထောင်းလို့ မျက်စိထဲဝင် ရင် 'ပုချေ ပုချေ လုပ်ပါဦးဟဲ့ ငါ့မျက်စိထဲ ငရုတ်သီးဝင်လို့' ဆိုပြီး ပုချေတို့ ရေခပ်ခိုင်းပါကောတော်"

"ခုက နင့်ဒါဒါ မီးခိုးလို့ မျက်ရည်ကျတာပါဆို ဘာဆိုင်လို့လဲ"

"ဟင်း. . ဟင်း. . . ဟုတ်သားပဲတော်၊ မေ့လို့မေ့လို့ ကန်တော့နော် ဒါဒါ"

ဤတစ်ခါတော့ ဦးငပုမှာ စိတ်ကို ဆောက်တည်မရ ဖြစ်သွားသဖြင့် သူ့မြေးမလေး သဉ္ဇာဦးကို ဆွဲပွေ့ကာ တရှုတ်ရှုတ် နမ်းရင်း မျက်ရည်ကျမတတ် ဖြစ်သွားပြန်သည်။ သူ့အဘိုး မျက်ရည်ကျလျှင် မြေးမလေးက မေးနေဦးမည်ကို သတိရမှ စိတ်ကိုထိန်း၍ မျက်ရည်ဆည်လိုက်ရသည်။

သည်လိုနှင့်ပင် အိမ်ဝင်းထဲ မြင်းလှည်းတစ်စီး ဝင်လာပြီး အိမ်ရှေ့မှာ ရပ်သည်။ မြင်းလှည်းပေါ်က သူ့သားကြီး အောင်ရွှေဦး ဆင်းလာသည်ကို မြင် သော အခါ ဒေါ်ဒါဦးမေက တစ်ဖက်လှည့်၍ ကမန်းကတန်း မျက်ရည်သုတ် လိုက်သည်။ သဉ္ဇာဦးကမူ "ပုချေ မပြောလား၊ ဟိုမှာ ဘာဘာလာပြီ" ဟု မတ်တတ် ထရပ်ကာ ဝမ်းသာအားရ ပြောလိုက်၏။

"အိမ်က မြင်းလှည်းကော"

"ဟိုကောင်ပြောတော့ မြင်းညိုတိမ်ပျံ သံခွာဟနေတယ် ပြောတာပဲ"

အောင်ရွှေဦးက သူ့ညီ မောင်ပုချေ (လေး) စကားကို သူ့အမေအား ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ မြင်းသံခွာဟနေတာများ ပြန်ရိုက်ပေါ့ကွ၊ ခု ဘယ်သူ ဂါရိ(လှည်း) ငှားလာလဲ"

"မငှားပါဘူး၊ မင်းမင်းချေ (ဦးလေး) တို့ ဂါရိပါ။ တိမ်ပုံကို ခွာရိုက်တာ ဘာဘာ လွယ်တယ်ထင်လား၊ ဇောင်းပြန်သွင်းရဦးမှာ"

"ဘာဘာ၊ ကောက်ညှင်းပေါင်း စားဦး၊ လေးမြို့ကောက်ညှင်းတဲ့၊ မွေးလိုက်တာ အိမ်က ဘွားဘွားကြီးနဲ့ မေမေ့အတွက်ပါ တစ်ပန်းကန် ယူသွားလိုက်ရမလား မသိ"

သူ့မြေးမက အလှူလက်ဖက်နှင့် မျက်နှာ လုပ်တတ်နေပြီး သူ့အဖေကို ကောက်ညှင်းပေါင်း စားပါဦး ပြောလိုက်သလို သူတို့အိမ်မှာ အတူနေကြသော သူ့အမေဘက်က အဘွားနှင့် သူ့အမေ အတွက်ပါ "ကောက်ညှင်းပေါင်းယူသွားရမလားမသိ" ဟု သူ့အဘိုး အဘွားမျက်နှာကို ကြည့်ပြီး စကားခေါ်လိုက်သော အခါ ဦးပေမှာ ရင်ထဲ ချက်ချင်း ဆို့သွားပြီး သူ့သား အောင်ရွှေဦးကိုပင် စကား ပြန်မပြောနိုင် ဖြစ်သွားသည်။

ထိုအချိန်တွင် သူ့မိန်းမနှင့်အတူ ထွက်လာကြပုံရသော နဂါးမော်က သား လတ် ငပိန်ချေ ခေါ် ရွှေကျော်လည်း ရောက်လာရာ သဥ္ဇာဦး၏ စကားကို နားစွန်နားဖျား ကြားလိုက်ရသော ရွှေကျော်က -

"သဥ္ဇာ နင် တော်တော် တရားနော်၊ ငါ့အမေ အဖေ ကောက်ညှင်းပေါင်း နင်လည်းစား၊ နင့်အဖေလည်း စားတဲ့အပြင် ဘာရယ် နင့်အဘွားနဲ့ နင့်အမေ အတွက်ပါ ယူသွားဦးမယ် ဟုတ်လား" ဟု ရွှေကျော်က စလိုက်၏။

"ပုချေတို့က တစ်ဝင်းထဲနေ ဘိုးဘိုး ဒါဒါတို့ ကောက်ညှင်းပေါင်းလေး လောက် စားတာပါနော်၊ ဘေးဘေ (ဦးလေး) တို့ကျတော့ ငါ့သားလေးက အတူနေ မဟုတ်ဘူး၊ ယောက္ခမအိမ် လိုက်နေရတာ ယူပါစေ ယူပါစေ၊ ငါ့သား လေး ယောက္ခမအိမ်မှာ မျက်နှာမငယ်ရအောင်လို့ ကောက်ညှင်းဆန်ဆို တောင်းလိုက်၊ ငွေဆိုလည်း ဒါဒါက ခိုးခိုးပေးနေ. . ."

"ဟဲ့. . . ကောင်မလေး၊ ဒါ ကလေးစကားလား"

"မေမေနဲ့ ဘာဘာတို့ကပဲ ပြောပြောနေကြပြီး ဟင်း . . . မပြောလိုက် ချင်ပါဘူးတော်"

သူ့အဖေ ပြောမိလိုက်ကာမှ ပိုဆိုးသွားရာ သူ့အဖေအောင်ရွှေဦးမှာ ငိုရ မလို ရယ်ရမလိုနှင့် သူ့သမီးကို ရိုက်မယ်ဟု ရှက်ရှက်နှင့် ရွယ်လိုက်စဉ် သူ့ညီ ငပိန်ချေ ခေါ် ရွှေကျော်က သူ့အစ်ကိုလက်ကို လှမ်းဆွဲပြီး -





"ပုချေက အမှန်ပြောတာ၊ ဂိုးဂို (ကိုကို) က နာရတယ်လို့ ဟဲဟဲ၊ ပုချေဖ လက်ကို ဘေးဘေ ကိုင်ထားတယ်။ ပြော ပုချေ ပြော" ဟု ရယ်ပြီး ပြောလိုက်ရာ ဤတစ်ခါတော့ အားလုံး ဝိုင်းရယ်လိုက်ကြရသည်။

"ကဲ. . . ပုချေကို ဘေးဘေ တစ်ခု မေးမယ်၊ အမှန်ပြောမလား"

ရွှေကျော်က သူ့တူမလေးမျက်နှာကို ကြည့်၍ မေးလိုက်၏။

"ဘေးဘေက ပုချေကို ဘာမေးမလို့ပါလိမ့်တော်"

"သမီးအိမ်က ဒါဒါကြီးနဲ့ ဒီကဒါဒါ သမီးပုချေ ဘယ်လူ့ကို ပိုချစ်"

"ရှိသေးလား၊ သွားထည့်ဦးလေ ဒါဦး"

စောစောက သူတို့လင်မယားနှစ် ယောက်စားရန်ယူလာသော ကောက် ညှင်းပေါင်း တစ်ပန်းကန်မောက်မောက်ကို ယခု သားနှစ်ယောက်နှင့် မြေးမတို့က ပါ ဝိုင်းစားကြရာ ကုန်သွားသဖြင့် ဦးပေက ဒေါ်ဒါဦးမေအား ကောက်ညှင်း ထပ်ထည့်ရန် ပြောလိုက်၏။ ထိုအခါမှ ဒေါ်ဒါဦးမေက သတိရသည်။ ထိုအချိန် တွင် သဥ္ဇာဦးက သူ့အဖေမျက်နှာကို လှမ်းကြည့်နေရာ ရွှေကျော်က "နင့် ဘာဘာ မျက်နှာကို ကြည့်မနေနဲ့၊ ဘေးဘေ ရှိတယ် အမှန်သာပြော၊ မေမေ ကောက်ညှင်းပေါင်း သွားမထည့်နဲ့ဦး။ ပုချေ ဘာပြောမလဲ နားထောင်သွား ပါဦး"ဟု ကောက်ညှင်းပေါင်းသွားထည့်ရန် မတ်တတ်ရပ်နေသော သူ့အမေကိုပါ ဟန့်တားထားလိုက်ပြီး ပြော၏။ ဒေါ်ဒါဦးမေကလည်း ကောက်ညှင်းပန်းကန်ကို ကိုင်ရင်းက မတ်တတ်ရပ် ပြုံးကြည့်နေသည်။

"ကဲ. . ပုချေ ပြောလိုက်လေ သမီး"

"ဒီက ဒါဒါကို ပိုချစ်"

သူ့အဖေ စကားမဆုံးမီပင် သဥ္ဇာဦးက "ဒီက ဒါဒါကို ပိုချစ်"ဟု ပြောလည်း ပြော၊ ပြေး၍လည်း ဖက်လိုက်ရာ ဒေါ်ဒါဦးမေလက်ထဲက ကြွေပန်းကန် လွတ် ကျ၍ ကွဲသွားလေသည်၊ သို့သော် ဒေါ်ဒါဦးမေ၏ "ဟောတော့" ဆိုလိုက်သော အသံထက် အားလုံး ဝိုင်းရယ်လိုက်ကြသော အသံကသာ တစ်အိမ်လုံးကို ဘောင်ဘင်ခတ်သွားလေသည်၊

"ဟင် ဒါဒါ ပန်းကန် ကျကွဲသွားပြီ၊ ဘေးဘေဆီက အလျော်တောင်း"

"ဟောဗျာ၊ ဘယ့်နှယ် ပုချေကြောင့် ကျကွဲတာ ဘေးဘေ လျော်ရမယ်"

"ဟုတ်တယ်လေ၊ ဘေးဘေ လာပြီးပြောလို့ ကျကွဲရတာပါနော်"

သည်လိုနှင့် ဒေါ်ဒါဦးမေက နောက်ထပ် နှစ်ပန်းကန် ခူးလာရာ အားလုံး ဝိုင်းစားလိုက်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောက်ညှင်းပေါင်း စားပြီးသောအခါ ဆိုးပြီးချည်ထုပ်တွေကို ရွှေကျော်နှင့် အောင်ရွှေဦးတို့က မြင်းလှည်းပေါ် တင်ကြသည်။ ချည်ထုပ်တွေ တင်ပြီးသောအခါ ရွှေကျော်က "ဘာဘာပါ လိုက်သွားမလို့လား"ဟု မေးလိုက်၏။

"ငါမလိုက်တော့ပါဘူးကွာ၊ မင်းလိုက်ချင် လိုက်သွားပါလား"

"မနေ့က စိမ်ထားတဲ့ ချည်ခင်တွေ ကျွန်တော် ဖော်ထားမလားလို့။ ဘာဘာ နေမကောင်းလို့လား။ ဒီနေ့ ဘာဘာတို့ မေမေတို့ ကြည့်ရတာ တစ်မျိုးလားလို့"

သူသားလတ် ရွှေကျော် ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ တစ်ချိန်လုံး သားမိသားဖ မြေးတွေနှင့် ကျီစယ်နောက်ပြောင်ကာ ဟန်ဆောင်မှုအပြည့်နှင့် ရယ်သာ ရယ်နေကြရသော်လည်း ဦးငပုနှင့် ဒေါ်ဒါဦးမေတို့၏ မျက်လုံးအစုံမှာကား မျက်ရည်အဝဲသားနှင့်။ ရယ်လည်း ရယ်ခဏသာ၊ ပြီး ချက်ချင်း ငိုင်သွားကြသည်ကို ရွှေကျော်က သတိပြုမိနေပုံရသည်။

"ကောင်းပါတယ် သား၊ ဘာဘာ ဘာမှ မဖြစ်ပါဘူး"

"ကျွန်တော်ပဲ လိုက်သွားလိုက်ပါ့မယ်၊ ဘာဘာ ချည်ခင်တွေလည်း သွားမဖော်နဲ့နော် ကျွန်တော်တို့ ပြန်လာမှ ဖော်မယ်"

ဦးငပုက အေးစက်စက်နှင့် "အေးအေး"ဟုပြောလိုက်သောအခါ ညီအစ်ကိုနှစ်ယောက် ချည်ပို့ရန် ထွက်သွားကြသည်။

ထိုအခါမှ ဒေါ်ဒါဦးမေမှာလည်း လက်ကျန် မရှိတော့သော ပန်းကန်နှစ်ချပ်ကိုကိုင်ကာ မီးဖိုဆောင်ထဲဝင်သွားသည်။ ဦးငပုက သူ့မြေးမလေး သဥ္စာဦးကို ငေးကြည့်နေသည်။ "ဘိုးဘိုး ဘာလဲဟင်" ဟူသော မြေးမလေး၏ စကားအဆုံးမှာ ဒေါ်ဒါဦးမေ ကောက်ညှင်းပေါင်း တစ်ပန်းကန်နှင့် မီးဖိုဆောင်မှ ပြန်ထွက်လာသည်၊ "ရော့ သမီးတို့ ဒါဒါကြီးအတွက်" ဟုပြောပြီး ကောက်ညှင်းပေါင်းပန်းကန်ကို မြေးမလေးကို လှမ်းပေးလိုက်သည်။ မြေးမလေး ဆင်းသွားတော့မှ ဦးငပုအနားတွင် ထိုင်လိုက်သည်။ အငိုမျက်လုံးက ပို၍ အရောင်တောက်လာသည်။

"ရှင် ဒီနေ့ ဘုရားပင့်မလာနိုင်ဘူး ဆိုတာ အကျွန် ထင်သား၊ မသိုးထမင်းလုပ်မယ်လို့ ပေါင်းထားတဲ့ ကောက်ညှင်းပေါင်းတွေတော့ ကုန်ပြီ၊ အကျွန် ထပ်ပေါင်းပြီး လုပ်ပါ့မယ်"

"ဒီနေ့ညတော့ ဘုရားကို ရအောင် ပင့်ရမယ်"

စကားများများ ပြောချင်ပုံ မရသော ဦးငပုက တွေတွေငေးငေးနှင့် ဆို၏။





ချက်ချင်းပင် ထိုင်ရာမှထ၍-

"ဟိုအကောင်တွေလာရင် ငါ အပြင်သွားတယ် ပြောလိုက်၊ မသိုးထမင်း မသိုးဟင်းတော့ သုံးလေးရက်စာ လုပ်သွားရမယ် ဒါဦး"ဟု ဆိုပြန်သည်။ ဦးငပုမှာ စိတ်ရောလူပါ ဆောက်တည်ရာမရ ဖြစ်နေသည်။

"ရှင် ဘယ်သွားမှာလဲ"

"တာဝတိံသာဘုရားဘက်ကို၊ ဒါဦး လိုက်ချင်လို့လား"

"အကျွန် လိုက်လို့ ဘယ်ဖြစ်မလဲ"

"အေး ဟုတ်သားပဲ၊ ငါ သွားလိုက်ဦးမယ်"

ထွက်သွားသော ဦးငပု၏ နောက်ကျောကို ဒေါ်ဒါဦးမေ ငေးကြည့်နေသည်။ ဦးငပုနည်းတူ ဒေါ်ဒါဦးမေလည်း စိတ်ရောကိုယ်ပါ ဆောက်တည်ရာမရ ဖြစ်ကျန်ရစ်သည်။

ဦးငပုမှာ စိတ်အသိစိတ် မပါသလိုနှင့် ကျုံးခြောက်ရွာကို ရောက်လာသည်။ အသိအကျွမ်းများက မေးသည်ကိုလည်း 'လှေဆိပ်ကို' ဟုသာ တိုတိုပြတ်ပြတ်ပြောပြီး လှေဆိပ်ဘက်ကို ဆင်းလာသည်။ လှေဆိပ်၏ ကျောက်လှေကားထိပ်တွင် သူ မည်မျှကြာကြာ မတ်တတ်ရပ်နေမိသည် မသိ၊ ကူးတို့သည် လှေသမားလူငယ်က "ဒီ ဘကြီးကော ရပ်နေတာကြာပ၊ ဘယ်သွားမှာလဲ"ဟု မေးတော့မှ အတွင်းကျုံးရဲ့ သန္တာကျောက်တန်းတွေကို သူငေးကြည့်နေမိမှန်း သတိရသွားသည်။

"တာဝတိံသာဘုရားကို သွားမလို့ကွယ့်"

"ဖြား (ဒီရေ) ကျချိန်ကြီးပါလား ဘကြီး၊ အရေးတကြီးကိစ္စ ရှိသလား"

တာဝတိံသာဘုရားမှာ မြို့၏ အရှေ့ဘက်တွင် ရှိသည်၊ ယခု ဒီရေကျချိန်ဖြစ်သဖြင့် ရေဆန်လှော်ရမည်ကို လှေသမားက သတိပေးသည်။ ကောဇာတရာစု၏ ထုံးတမ်းစဉ်လာမှာ သာရေး၊ နာရေး အရေးကြီးကိစ္စမဟုတ်လျှင် ယခုလို ဒီရေကျချိန်တွင် မြို့အနောက်ဘက်ရှိ နဂါးဘုရားသို့သာ သွားလေ့သွားထ ရှိကြသည်။

"အေးကွယ်  ဘုရားဆိပ်ရွာမှာ လူမမာသတင်း မေးမလို့"

"အတော်ကြာရင် ဖြားတက်တော့မှာပါ။ အသည်းအသန်မဟုတ်ရင်တော့ ခဏစောင့်လိုက်ပါလား ဘကြီး၊ ခုသွားတာနဲ့ ဆန်တက်လာကြတဲ့ လှေတွေနဲ့ ကွမ်းတစ်ရာညက်တောင် မကြာပါဘူး"

နေ့စဉ် ကူးတို့ပို့နေကျ ကူးတို့သည်က ဒီရေအတက်အကျကို သိနေ၍



www.burmeseclassic.com

www.burmeseclassic.com

ရှင်းပြသည်။

ထိုအချိန်တွင် ကူးတို့ဆိပ်မှ ရေကျနှင့် ဆင်းသွားကြသော ခရီးသည်များ၊ ကူးတို့လှေငယ်များ တစ်စင်းပြီး တစ်စင်း ဆင်းသွားကြသည်။ ဦးငပု မျက်စိထဲ မမြင်မိသလိုပင်။ သူ့စိတ်ထဲ ဤမျှ သတိလက်လွတ် ဖြစ်နေ၏။ ကူးတို့သည်ကို ဘာပြန်ပြောလိုက်မိသည်ကိုလဲ သတိမထား။ မောပန်းကြီးစွာနှင့်ပင် လှေဆိပ် ကျောက်လှေကားပေါ် ထိုင်ချလိုက်၏။

ခဏအကြာမှာပင် ခရီးသည်တစ်အုပ် လှေဆိပ်သို့ ဆင်းလာကြသည်။ စောစောက ဦးငပုကိုမေးသော ကူးတို့လှေနှင့်ပင် လေသင့်ရေသင့် နဂါးမော်ဆိပ်ရွာဘက် ဆင်းသွားကြသည်။ ဦးငပုကမူ လှေဆိပ်တွင် ငူငူကြီး ထိုင်ကျန်ခဲ့၏။ ရွှက်သင်္ဘောဆိပ်ဘက်ဆီ အကြည့်ရောက်သွားသည်။ ဒင်္ဂါးတံဆိပ် ခတ်နှိပ်ထားသော မညဝတီသားကြီးတို့၏ ရွက်တိုင်မြင့်မြင့်ကြီးများကို တစ်ခုတလေပင် မမြင်ရသောအခါ အလိုလို ဝမ်းနည်းလာသည်။ ယခင်ကဆိုလျှင် ရွက်သင်္ဘောဆိပ်တွင် အာရိယာန်ကို သွားကြမည့်၊ ဘင်္ဂလားပင်အော်ကို ဖြတ်ကြမည့် မညဝတီသားကြီးတို့၏ အားကောင်းမောင်းသန် ရွက်သင်္ဘောများမှာ ဤရွက်သင်္ဘောဆိပ်၌ အနည်းဆုံး လေးငါးစီးတော့ နေ့စဉ် ညတိုင်း ရှိနေတတ်သည်။ ဦးငပုမှာ ဝေ့ဝဲလာသောမျက်ရည်ကိုထိန်းကာ နဂါးတံဆိပ်နှင့် ငွားငွားစွင့်စွင့် ရေထဲရပ်နေကြသော ဆိပ်ကမ်းရှိ မီးရှူးမီးတိုင်များနှင့် ကြိုးချည် ကျောက်တိုင် စိုက်ထူထားကြသော ကျောက်တိုင်ကြီးများဆီ အကြည့် ရောက်သွားပြန်သည်။

ညနေ နေဝင်စမှသည် မနက် နောင်ဒိုင်းစည်တော် ငါးချက်ဆော်ထိ တစ်ညလုံး မီးတောက်နေတတ်သော ရေကြောင်းလမ်းပြ မီးရှူးမီးတိုင်မှာလည်း ယခုအခါ ညစဉ် မီးမလင်းနိုင်ကြတော့သည်ကို တွေးမိသွားပြန်သည်။ ယခင်က နေ့ညမဟူ အလွန်လှပခဲ့သော ငါတို့ ကောတုံတရာဇ်မှာ ခုတော့ အနိဋ္ဌာရုံတွေချည်းပါလားဟု တွေးမိလိုက်သောအခါ ပိုပြီး စိတ်မကောင်း ဖြစ်သွားပြန်သည်။

“ဟော့ဗျာ၊ ဘုရားဒကာကြီး ကိုပုပါလား။ ကျုပ် လှေဆိပ်ဆင်းကတည်းက ဟုတ်ပါတယ်ထင်လို့ ကြည့်လာတာ”

သူ မည်မျှ ငူငူငိုင်ငိုင် ဖြစ်နေမိသည်မသိ။ နဂါးဘုရားဘက်ရှိ ပင်လယ်နားရွာမှ ဦးညိုသာအောင်က လာနှုတ်ဆက်တော့မှ သတိပြန်ဝင်လာသည်။

“ကိုညို ရွာပြန်လာတာလား”





“ဟုတ်ပ့ါဗျား၊ ခင်ဗျားကော ဘယ်သွားမလား”

“ဟုတ်ကဲ့”

“ဖြားမီတုန်း လိုက်လိုက်ဦးမယ်နော် ကို[…]သော မျက်နှာတော်ကို ဤနေ့

“ဟုတ် . . ဟုတ်ကဲ့ပါ”

…ဆုံး ဖူးမြော်ရခြင်းပါ ဘုရား”

တစ်ခါမှ “ဟုတ်ကဲ့ပါ” ဟု သူ့အား တလေး[illegible] ကို ဦးညိုသာအောင်က (မဇောင်မသိ) ဘယ်လိုသဘောမှန်းမသိ တစ်ချက်ကြည့်ပြီး ဆိပ်ကမ်းဆင်းသွားသည်။ လှေရှိရာ ရေစပ်နား မရောက်မီပင် သူ့ကို နောက်ပြန် တစ်ချက် လှည့်ကြည့်သွားလိုက်သေး၏။

ပင်လယ်နားရွာမှာ ဦးညိုသာအောင်ကို တွေ့လိုက်ရသောအခါ ဦးငပု၏ ဝမ်းနည်းကြေကွဲစိတ်တွေမှာ တစ်ခုပြီးတစ်ခု ပေါ်လာပြန်သည်။ ယခင်က ဦးညိုသာအောင်အား ကျုံးတွင်းလှေဆိပ်နှင့် မြို့ထဲတွင်တွေ့လျှင် “ဟ. . တောသားတွေပါလား၊ မြို့ထဲ ခင်ဗျား ဘာလာလုပ်သလဲ” ဟု ဦးငပုက နောက်နေကျ။ ဤသည်ကို ဦးသာအောင်ကလည်း “ကျုပ်တို့ နဂါးဘုရားပွဲ နီးပလေဗျာ၊ မြို့သားတွေကို ဖမ်းပြီး ငှက်လင်းတပြုပွဲ လုပ်စားကြမလို့ လာချောင်းနေတာ ခုတော့ တစ်ယောက်မိပြီဗျို့” ရင်းရင်းနှီးနှီး ပြောကာ ဦးငပု၏ လက်ကောက်ဝတ်ကို စီးစီးပိုင်ပိုင် လာကိုင်ထားတတ်သူ (ဦးညိုသာအောင်၏ ဆိုလိုရင်းမှာ ခင်ဗျားတို့ မြို့သားတွေ ကျုပ်တို့ဇနပုဒ်က နဂါးဘုရားဆီလည်း တစ်ခါတလေ ဘုရားလာဖူးကြဦးဟူသော သဘောပင်) ယခု သူက ရင်းနှီးခင်မင်မှု မပြသလိုနှင့် “ဟုတ်ကဲ့ပါ” လောက်သာ ပြောလိုက်နိုင်သည်ကို ဦးညိုသာအောင်လည်း စိတ်ကောင်းမည် မဟုတ်။

“ဘယ်သွားမလို့လဲ၊ အိမ်ကလှေ စောင့်နေတာလား” ဆိုသော ဦးညိုသာအောင်၏ စကားကမူ သူ့ရင်ကို အထိခိုက်ဆုံးပင်။ ကောတုံတရာဇ်မြို့တွင် ဦးငပုတို့ အဆင့်မျိုးက ကူးတို့လှေ စီးတတ်ကြသည်မဟုတ်။ ဦးငပုတို့ အဆင့်ဆိုလျှင် ဘယ်ကျုံး၊ ဘယ်ရွာ၊ ဘယ်ဆိပ် သွားသွား ကိုယ်ပိုင်လှေနှင့်သာ။ သူတို့မြို့မှာ ကျုံးသုံးတန်၊ နံရံကျောက်တောင် သုံးလုံးစီ ကာထားသောမြို့ ဖြစ်သဖြင့် လှေ မရှိလျှင် မဖြစ်။ ယခု သားတွေးမောင်ပုချေ၏ ယောက္ခမများမှာ ကျုံးနှင့်နီးသော မြို့ဆိပ်ရွာ၌နေကြရာ ဦးငပုချေတို့က ကိုယ်ပိုင်လှေကို သူတို့ဆီတွင်ထားသည်။ သွားစရာ လာစရာရှိမှ ဘယ်ဆိပ်က စောင့်နေမည်ဆိုလျှင် သားတွေး၏ ယောက်ဖ တစ်ယောက်ယောက်က လာပို့တတ်၏။ ဤသည်မှာလည်း ယခုမှ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြသည်။

ထိုအချိန်တွင် ကူးတို့ဆိပ်မှပြီး တစ်လလောက် အကြာကပင် လှေကို ကူးတို့လှေငယ်များ တစ်စင်းပြီး၂င်လည်း ယူသုံးကြဟု အပ်ထားကြသည်။ မမြင်မိသလိုပင်။ သူစိတ်ထဲ ဤ၂င် အမြဲ မှာတတ်ကြသည်။ ဘာပြန်ပြောလိုက်မိသည်ကိုလဲ ၊ရသလို သူတို့ကိုလည်း မဆက်ဆံချင်တော့။ ကျောက်လှေကားပေါ် ထိုင်ချ၊ဂါက်လေး နှစ်ယောက်မှာ တက္ကသိုလ်ထွက် ခဏအကြာမှာပင် ခွဲ၊နှစ်ယောက်မှာလည်း တစ်ယောက်က မော်လို လုံ၊ တစ်ယောက်က စုန်းလိုလို လုပ်နေကြသည်။ ဘုရားရင်ပြင်ပေါ်၌ မဖွယ်မရာ အာပေါ်ဆီမီးထွန်းသူများထဲ၌လည်း သူတို့ မိသားစု ပါနေသည်။ ထို့ကြောင့် မင်္ဂလာဆောင်ပြီးစက ယောက္ခမအိမ် ပါသွားသော သားထွေးကို ထိုသတင်းများ ကြား၍ အိမ်ပြန်ခေါ်ထားရသည်မှာ နှစ်ဝက်ခန့်သာ ရှိသေးသည်။ သူ့ယောက္ခမ နှင့် သားထွေးမိန်းမတို့ကလည်း နန်းဦးရပ်မြို့ထဲဆိုတော့ နေချင်ကြ၍ သူ့သမီး ကို မည်းမည်း ထည့်ပေးလိုက်ကြသည်။

လှေဆိပ်ကျောက်လှေကားပေါ်တွင် ငူငူငိုင်ငိုင်ကြီးထိုင်ပြီး တွေးချင်ရာ တွေး၊ ငေးချင်ရာငေးမောနေသော ဦးငပုမှာ တာဝတိံသာဘုရားဆိပ်ရွာမှ စုန် ရေနှင့် ဆင်းလာကြသည့် လှေလေးငါးစီး ကျူးခြောက်ဆိပ် လာဆိုက်သွားကြ သည်ကိုလည်း သတိမမူမိ။ လူများ အဆင်းအတက်နှင့် ရှုပ်ယှက်ခတ်ကာ သွားလာနေကြသည်ကိုလည်း မကြည့်မိ။ ရွက်သင်္ဘောကြီးဆိပ်ဘက်သို့သာ ငေးနေရာ ဘယ်အချိန်ကပင် ဒီရေ ပြန်တက်လာသည်ကိုလည်း သတိမရနှင့် လှေသမား ကူးတို့သည်တစ်ယောက်က "ရေတက်ပြီဗျို့. . ဘုရားဆိပ်ကို တက် မယ်၊ ဘုရားဆိပ်ကို သွားမယ်"ဟု အော်လိုက်တော့မှ ဖျတ်ခနဲ သတိရ၍ မတ်တတ်ထရပ်မိလိုက်သည်။

တာဝတိံသာဘုရားနှင့် ဘုရားဆိပ်ရွာကို သွားမည်ဟု အော်ခေါ် လူဆော် နေသောလှေကို လှမ်းကြည့်လိုက်ရာ လှေပေါ်တွင် လူတစ်ဆယ်ကျော်ပင် ရောက်နေကြပြီ။ ဦးငပုမှာ ထိုအခါမှ လှေပေါ် ကမန်းကတန်း ဆင်းလိုက်လာရ သည်။ ဒီရေတက်ချိန်ဖြစ်သဖြင့် တာဝတိံသာဘုရားဆိပ်ကို သူငယ်တစ်ရေးအိပ် မကြာမီမှာပင် ရောက်လာလေသည်။ ဦးငပုသည် မည်သူ့ကိုမျှ ဂရုမစိုက်၊ မည် သူ့ကိုမျှလည်း မစောင့်၊ တာဝတိံသာဘုရားရှိရာ ကျောက်တစ်လုံးတောင်ခြေရင်း သို့သာ ဆက်လျှောက်လာလေသည်။

ကျောက်လှေကားထစ် အဝင်ဝတွင် တွေ့ရသော ပန်းသည်ဆီမှ ပန်းနှင့် ဆီမီးခွက်ဝယ်ပြီး မိုးထိမြင့်မား တာဝတိံသာဘုရား၏ ခြေတော်ဦးခိုက်ထိ တက်





လာသည်။ ဤဘုရားကြီးကို ဤနေ့ နောက်ဆုံး ဖူးမြင်ရခြင်းပါကလားဟု တွေးမိ လိုက်သောအခါ ဝမ်းနည်းပက်လက် ဖြစ်လာပြန်သည်။ ကျောက်ဆစ်ပညာရှင် တို့၏ လက်စွမ်းပြ ထုဆစ်ထားသော ဘုရားမျက်နှာတော်ကို ဦးပေါင်းတစ်ကျွတ် မော့ဖူးလိုက်သည်။

"အရှင်ဘုရား၏ သပ္ပာယ် ကြည်ညိုဖွယ်သော မျက်နှာတော်ကို ဤနေ့ ဖူးမြော်ရခြင်းသည် တပည့်တော်အတွက် နောက်ဆုံး ဖူးမြော်ရခြင်းပါ ဘုရား"

ဟု နှုတ်ထွက်ကာ မျက်ရည် ပိုးပိုးပေါက်ပေါက် ကျလာပြန်သည်။ မကြာမီ ဤမျှ ထုထည်ကြီးမားပြီး သပ္ပာယ် ကြည်ညိုဖွယ်ရာကောင်းသည့် ဤဘုရားသည်လည်း ရက်သတ္တ တစ်ပတ်အတွင်း ကောတုံတရာဇ်မြို့နှင့်အတူ ကွယ်ပျောက် ပျက်စီးရတော့မှာပါလား ဟူသော အတွေးကြောင့် ဦးငပုရင်ထဲ တွင် ဆို့နင့်သွားပြန်သည်။

ဘုရားမျက်နှာတော်ကို လည်ပင်း တစ်ညောင်း တစ်ဝကြီး စေ့စေ့ကြည့် ဖူးပြီးသောအခါ ဘုရားရှင်၏ ပခုံးတော်နှင့်အညီ ရှိနေကြသော ဘေးနှစ်ဖက်မှ နတ်ပြဟ္မာရုပ်တုကြီး များစွာကိုလည်း တစ်ခုစီ လိုက်ကြည့်နေမိသည်။ ထို့နောက် တွင် နတ်ပြဟ္မာရုပ်ကြီးများ၏ ခြေရင်းမှစကာ ကျောက်လှေကားကြီး၏ ဘေးနံရံ နှစ်ဖက်ရှိ ဗုဒ္ဓဝင် ရုပ်လုံးရုပ်ကြွများကို လျှောက်ကြည့်နေပြန်၏။ ကောတုံတရာဇ် ကျောက်ဆစ်သမားတို့၏ လက်ရာမှာ ကြည့်မဝ ဖြစ်စရာပင်။ ထိုမှတစ်ဖန် အိမ်လုံး၊ ကျီလုံးလောက်ရှိကြသော ဘုရားဖြစ်တော်ပေါင်း ဆင်ရုပ်၊ ခြင်္သေ့ရုပ်၊ ကျားရုပ်မှသည် ဥဒေါင်း၊ ဟင်္သာငှက်ရုပ်များဆီလည်း လှမ်းကြည့်သည်။ ဘုရား ဖူးပြန် ဧည့်သည်များ ဖြစ်ကြဟန်တူသော မိသားစုများသည် ကျောက်တစ်လုံး တောင်ခြေတစ်လျှောက်ရှိ အရုပ်ကြီးများအောက်တွင် နေခိုရင်း၊ အပန်းဖြေရင်း နားနေကြသည်ကို လှမ်းမြင်ရသည်။ ဘုရားရှင်၏ ဤဖြစ်တော်ပေါင်း ရုပ်တုကြီး များ အောက်သို့ရောက်လျှင် ဘေးရန်ကင်းသည်ဟူသော ကောတုံတရာဇ်သား တို့၏ အစဉ်အလာအတိုင်း ရုပ်ပွားတော်မြတ်ကြီး လက်ဝဲလက်ယာ ဘေးနှစ် ဖက်ရှိ ရုပ်တုကြီးအောက်များတွင် ဘုရားဖူးများကို ဟိုတစ်ဖွဲ့၊ သည်တစ်ဖွဲ့ လှမ်းမြင်နေရသည်။ ဦးငပုမှာမူ ထိုတောင်ခြေတစ်လျှောက်ကို ဤနေ့၌ မရောက် နိုင်တော့။ နောက်လည်း ဘယ်တော့မှ ရောက်တော့မည် မဟုတ်။ မိုးတွင်းဆိုလျှင် ဘုရားမျက်နှာတော်အောက်မှသာ မိုးသားတိမ်လိပ်များ ပြေးသွားနေကြသည့် ထိ မြင့်မားလှသော ဘုရားခြေတော်ရင်းက အဆင်းမှာ ဦးငပု မောနေပြီ။

သို့သော် ကောတုံတရာဇ်ရှိ ဘုရားကြီးများကိုမူ နောက်ဆုံး ဖူးမြင်ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် နဂါးဘုရားနှင့် နေသုံးလုံးတောင်က ဘုရားသုံးဆူကိုလည်း သူသွားချင်သေးသည်။ သို့သော် ဤနေ့တစ်ရက်တည်းနှင့်တော့ ဘယ်လိုမှ မရောက်နိုင်၊ မရှုနိုင်တော့။ ဦးငပုသည် ခဏနားကာ ဘုရားကြီး၏ ပတ်ဝန်းကျင် ဘယ်ညာကို မျက်ရည်အဝဲသားနှင့် လှမ်းမျှော်ငေးကြည့်နေပြန်သည်။ လွန်ခဲ့သောနှစ်နှစ်ခန့်က မီးတောက်သွားသော နဂါးတောင်များမှာ ဟိုတုန်းကလို စိမ်းစိမ်းစိုစို ပင်လယ်ဘက္ခီးပင်များကို မမြင်ရတော့။ ဘယ်နဂါးတောင်ကို ကြည့်လိုက်ကြည့်လိုက် ချော်ရည်၊ ရွှံ့နွံရည်များ ဖုံးအုပ်ထားသည်ကိုသာ မြင်ရတော့သည်။ နှစ်ကြာ၍ မာခြောက်နေကြသော ချော်ရေ၊ ရွှံ့နွံရေများပေါ်တွင် မီးမကျွမ်းဘဲ ကျန်နေခဲ့ကြသော တစ်ယောက်ဖက်၊ နှစ်ယောက်ဖက်ရှိ ထိုးထိုးထောင်ထောင် ပလ္လင်ပင်များကိုလည်း မည်းမည်းကြုတ်ကြုတ် သစ်ငုတ်များအဖြစ်လှမ်းမြင်နေရသည်။

ထိုအခါ ဦးငပုသည် တောင်ပင်လယ်ဘက်မှ ကျောက်ပိုးထိုးတောင်ကို ချက်ချင်း သတိရသွားပြန်သည်။ သူ့မျက်စိထဲမှာ လေးငါးခြောက်လံရှည် လက်ညှိုး၊ လက်မ ရေပန်းရေမွှားများနှင့် ထန်းပင် အုန်းပင်များမှသည် တစ်ထွာတစ်မိုက်၊ တစ်တောင်တစ်လံရှိ ကျောက်မှို၊ ကျောက်သစ်ပင်များကိုလည်း မြင်ယောင်မိလာသည်။ ပျံသွား၍သာရလျှင် ကျောက်ပိုးထိုးတောင်၏ ထူးဆန်း အံ့သြဖွယ်ရာ အလှကိုလည်း ချက်ချင်း ပြေးပျံသွား၍ တစ်ဝကြီး ကြည့်လိုက်ချင်သေးသည်။ သဘာဝဆန်းကြယ်မှုလား၊ နတ်နဂါးတွေကပင် တမင် ဖန်ဆင်းထားကြလေသလား။ သူတို့ ဖန်ဆင်းပေးထားကြသော ဤ သဘာဝအလှများကို ရက်သတ္တ တစ်ပတ်အတွင်း နတ်နဂါးများက ဖျက်ဆီးပစ်ကြတော့မည် ဆိုပါလား။ ဖန်ဆင်းကြသူတို့၏ ရင်ထဲ မည်သို့နေမည် မသိသော်လည်း ဦးငပု၏ ရင်ထဲ၌မူ စိတ်မှန်းအမြင်နှင့် ရင်ထဲ ဆို့တက်လာပြန်သည်။

မျက်ရည်သုတ်ရင်း အနောက်ဘက်ကို လှမ်းကြည့်လိုက်ရာ ကောတုံတရာစ် ဘုရား၏ ဘုံကိုးဆင့်ထက်ပင် မြင့်နေသော ရွှေရောင်ငွေရောင် တပြောင်ပြောင်နှင့် အာဝမင်း၏ ရွှေနန်းငွေနန်း ပြာသာဒ်များက ဦးငပုစိတ်ကို ပိုပြီး ယူကျုံးမရဖြစ်သွားစေသည်။ အာဝမင်း၏ နန်းတော်မှာ ဘုရားထက်မြင့်ပြီး ဘုရားထက်ပင် ဘုန်းတောက်နေသည်။

ထိုအချိန်မှာပင် ဘုရားဆိပ်ကမ်းမှ ကူးတို့သည်တို့၏ ရေကျတော့မည် ဖြစ်ကြောင်း၊ ပင်လယ်ဘက်သွားမည့်သူများနှင့် နဂါးဘုရားဘက် လိုက်လိုသူများအား ဆော်ဩနေကြသံများက ကျောက်တစ်လုံးတောင်ကြီးကို ပဲ့တင် ရိုက်ဟည်းလာသည်။ ဦးငပု ရောက်နေသောနေရာမှာ ကျောက်တစ်လုံးတောင်၏





တစ်ဝက်ခန့်၌သာ ဖြစ်သဖြင့် တောင်အောက်ကို မနည်း ဆင်းရဦးမည်။ ကောတုံတရာစ်မြို့ ပတ်ဝန်းကျင်နှင့် ထူးခြား အံ့ဖွယ်ရာများကို လွမ်းလွမ်းဆွေးဆွေးနှင့် ကြည့်မဝ၊ ရှုမဝ ဖြစ်နေသော ဦးငပုမှာ နံနက်စာ ထမင်းစားချိန်ပင် လွန်နေသည်ကိုလည်း သတိမရ။ ဘုရားလှေဆိပ်မှ ကူးတို့သမားများအသံက ကြီးမားကျယ်ဝန်းသော ဘုရားရုပ်တုတော်နှင့် နတ်ပြဟ္မာ၊ လူ၊ တိရစ္ဆာန်မျိုးစုံတို့၏ နား၊ နှာခေါင်းပေါက်များမှ ပဲ့တင့်သံ ညံနေအောင် ပေါ်ထွက်လာကြတော့မှ သူ ဤနေ့၌ နဂါးဘုရားကိုပါ အရောက်သွားပြီး သားလတ် ရွှေကျော်၏ ယောက္ခမများနှင့် မြေးများကို အပြန်၌ ဝင်နှုတ်ဆက်သွားရန် သတိရမိလိုက်ပြန်သည်။

ဘုရားကုန်းတော်ပေါ်မှ ကျောက်ဆစ်လှေကားအတိုင်း ကမန်းကတန်းဆင်းလာကာ နေကို တစ်ချက် လှမ်းကြည့်လိုက်သည်။ နေမွန်းစောင်းကြီးအချိန်ကိုပင် ရောက်နေလေပြီ။ ထို့ကြောင့် ပင်လယ်ပိုင်း ဆင်းကြမည့် ကူးတို့လှေသမားများ၏ နောက်ဆုံးလှေကိုတော့ သူ အေးအေးဆေးဆေးပင် မီနိုင်သေးသည်ဟု တွက်မိလိုက်သောအခါ စိတ် နည်းနည်း ပေါ့သွားသည်။ ယခုနေကိုမြင်မှ နံနက်စာ မစားရသေးသည်ကို သတိရမိလိုက်သည်။ ထိုအခါမှ ဗိုက်ထဲကလည်း လေမျိုး (၃၀)၊ ပိုးမျိုး (၈၀) တို့က ထကြွလာကြပြန်၏။

ထို့ကြောင့် ဘုရားကူးတို့ဆိပ်ကို ရောက်သောအခါ ခရီးနားဇရပ်အောက်တွင် ရောင်းနေသော မုန့်တီသည်ဆီမှ မုန့်တီသုံးပန်းကန်ကို ဆာဆာနှင့် ဝယ်စားပစ်လိုက်သည်။ သို့သော် ဗိုက်ပြည့်သွားအောင်သာ စားလိုက်ရသော်လည်း သင်ပုတ်ထွန်း (ငရွှေ) ကျပ်တင်နှင့် ချက်ထားသောမုန့်တီ၏ အရသာမှာ ဦးငပုလျှာပေါ်၌ မတွေ့တော့ပေ။ သူ မုန့်တီစားနေချိန်တွင် ဘုရားရွာဆိပ်မှ ဆင်းလာကြသော ကူးတို့လှေသုံးစီးနှင့် ဘုရားကြီးလှေဆိပ်မှ လူပြည့်၍ ထွက်ခွာသွားကြသော လှေငါးစီးတို့ကို အပြင်ကျုံးမြစ်ပေါက်၌ မြင်နေရသည်။

သို့သော် ဘုရားကြီးလှေဆိပ်တွင် လူစောင့်ရင်း လူခေါ်ရင်း လှေသုံးလေးစီးပင် ရှိနေသေးသည်။ ထို့ကြောင့် မုန့်တီသုံးပန်းကန်ကို အေးအေးဆေးဆေးစားပြီး ကွမ်းမွှေးတစ်ယာပင် ဝယ်စားကာ ခရီးသည် လေးငါးယောက်သာ ရှိသေးသော ကူးတို့လှေပေါ် တက်လာသည်။ ညနေစောင်းပြီ ဖြစ်သဖြင့် ဘုရားဖူးပြန်နှင့် ခရီးသည်များ လှေဆိပ်၌ လူပိုစည်ကားလာသည်။ မကြာမီမှာပင် လူပြည့်သွားသော ဦးငပုတို့လှေလည်း အပြင်ကျုံး မြစ်ပေါက်အတိုင်း စုန်ဆင်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တွမ်းတစ်ယာညက်ခန့် ကြာသောအခါ အပြင်ကျုံးမြစ်ပေါက် မြောက်ဘက်ရှိ သဘာဝမြို့တံတိုင်းကြီးဖြစ်သော ကျောက်တောင်၊ ကျောက်နံရံများကို မြင်လာရသည်။ ထိုကျောက်တောင်၊ ကျောက်နံရံများတွင် ကျောက်ဆစ်သမားလက်သင်များ၏ ရုပ်တု အပျက်အစီးများကိုလည်း မြင်လာရသည်။ ကောတုံတရာဇ်တွင် ကျောက်ဆစ်ပညာများ ဖြစ်လာရန် ဤကျောက်တောင်၊ ကျောက်နံရံများတွင် အစမ်းလေ့ကျင့် ထုလုပ်ကြရသဖြင့် အပြင်ကျုံးမြစ်ပေါက် တစ်ဖက်တမ်းရှိ ကျောက်နံရံ၊ ကျောက်တောင်များမှာ ရုပ်တုများ ရေတွက်၍ပင် မရလောက်အောင် တစ်လျှောက်လုံး ရှိနေသည်။

ကွမ်းမြို့ရှင်း ဦးငပုသည် ထိုကျောက်တောင်၊ ကျောက်နံရံများမှ ပုံကြမ်းပုံချော အကောင်း၊ အကျိုး၊ အပျက် ရုပ်တုများကို ငေးကြည့်လာသည်။ ကောတုံတရာဇ်၌ ကျောက်ဆစ်တော်သော ပညာသည်များ ပေါများသလို ဤလို ကျောက်နံရံ၊ ကျောက်တောင်များ ပေါများသဖြင့်လည်း လေ့ကျင့် ထုဆစ်ချင်တိုင်း လေ့ကျင့် ထုဆစ်နိုင်ခဲ့ကြသဖြင့် ကောတုံတရာဇ်က ကျောက်ဆစ်ပညာသည်များ တော်ကြ တတ်ကြခြင်း ဖြစ်သည်။ ဦးငပုက ကျောက်ဆစ်သမားပညာသင်များ ထုဆစ် လေ့ကျင့်ထားကြသော ရုပ်တုများကို ငေးကြည့် လိုက်ပါလာစဉ် သူစီးလာသောလှေပေါ်၌ ကာလသား၊ ကာလသမီးငယ်များလည်း ပါလာကြရာ တခြား ကာလသား၊ ကာလသမီးများကို ဇမ်းသီချင်းနှင့် လှမ်းစနောက်ပြောင်လာကြသံတွေမှာလည်း ပို၍ ညံစီလာသည်။ တစ်လှေနှင့်တစ်လှေ နီးလျှင် ပို၍ပင် နောက်ကြ စကြသည်။

ကျုံးမြစ်ချောင်း ပေါသော ကောတုံတရာဇ်မှာ နှစ်စဉ်နှစ်တိုင်း လှေပြိုင်ပွဲများကိုလည်း ကဆုန်လ၌ ကျင်းပလေ့ရှိကြရာ သုံးရက်သုံးညကြာသော လှေကြီးပြိုင်ပွဲမှာ အလွန်စည်ကားသည်။ ကောတုံတရာဇ် ဘုရင်မင်းများ အဆက်ဆက် လာရောက် အားပေးကာ ဆုလာဘ်တော်များပေးပြီး ချီးမြှင့်သဖြင့် ဝတီလေးရပ်က လှေကျော်လှေမော်၊ အခတ်တော်၊ အလှော်ကျော်များပါ လာရောက်ယှဉ်ပြိုင်ကြသည်။ ကမ်းလုံးညွတ်မျှ လာရောက် အားပေးကြသော ပရိသတ်များမှာလည်း သူ့ဘက်ကိုယ့်ဘက် သံချပ်ထိုး၍ အားပေးကြသည်။

ဤလှေလှော်ပြိုင်ပွဲကို ဘုရင်မင်းမြတ်ကိုယ်တိုင် လာရောက် အားပေးခြင်းမှာလည်း ကြီးမားသော ရည်ရွယ်ချက် ရှိသည်။ ရေကြောင်းတွင် လှေလောင်းနှင့် သွားလာ ဆက်ဆံကြရသောခေတ်ဖြစ်ရာ ဤလှေပြိုင်ပွဲတွင် တော်သူများမှာ ဘုရင့်ရေတပ်မတော်၌ အမှုထမ်းခွင့်ရကြသည်။ ဤသို့ လှေပြိုင်ပွဲမှ





အကျော်အမော်များကိုချည်း ရွေးကောက် မြောက်စားထားသဖြင့်လည်း ဘုရင်မင်းများ အဆက်ဆက် ကောတုံတရာဇ်ရေတပ်မတော်ကြီးမှာ ဝတီလေးရပ်တွင် ဂုဏ်သတင်း ကြီးမားသည်။ ထို့ကြောင့်လည်း ဘုရင့်လှေပြိုင်ပွဲတွင် ကာလသားများမှာ "ဇွဲမလျှော့တမ်းနှင့် တက်ကျိုးရင် လက်ထိုးလှော်မယ်၊ ဘုရင့်တပ်ကောင်းဝင်မယ့် မောင့်ရှိ (တို့)"ဟူသော လှေလှော်သံ၊ သံချပ်သံများကို သံပြိုင်ဆို၍ ပရိသတ်များကလည်း ကမ်းလုံးညွတ်မျှ အားပေးကြသည်။

ကာလသား၊ ကာလသမီးများက တစ်လှေနှင့်တစ်လှေ ထုံးတမ်းစဉ်လာ ဇမ်းသီချင်းများနှင့် နောက်ပြောင်လာကြသည်ကိုလည်း ကြားနေကျ၊ မြင်နေကျ အပြင် လူကြီးလည်းဖြစ်သူ ဦးငပုမှာ စိတ်မဝင်စားဘဲ အပြင်မြစ်ကျုံးပေါက်များရှိ ကျောက်နံရံမှ လက်သင်ငယ်များ၏ ကျောက်ဆစ် ရုပ်လုံးရုပ်ကြွ ပုံကြမ်းပုံပျက်များကိုသာ ငေးကြည့်လာရာ တစ်နေရာအရောက်တွင် ဦးငပု မျက်မှောင်ကုတ်သွားမိသည်။

အကြောင်းမှာ ကျောက်နံရံ ကျောက်တောင်တစ်ခုတွင် မိန်းမ၊ ယောက်ျားလိင်ဆက်ဆံနေကြပုံများကို နည်းမျိုးစုံ ထုဆစ်ထားကြသော ရုပ်တုများ၊ ပုံကြမ်းပျက်တွေကို တစ်တောင်လုံး၌ မြင်လိုက်ရသဖြင့် ဖြစ်သည်။ ဤသို့ မဖွယ်မရာ ပုံကြမ်း ပုံပျက်များကို မြင်လိုက်ရုံနှင့် ဦးငပု သိလိုက်ပါပြီ။ ကာလာဗုတ်ကြီး၏ လျှောက်တင်ချက်ကြောင့် အာဝမင်းက နဂါးဘုရားတွင် ရှေးရှေး ဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ နောင်တော့် နောင်တော်တို့ ချန်လှပ်ထားခဲ့သော လူ့ဘုံခန်းဝါ ဆောင်ကြာမြို့ရုပ်တုများကို ကျောက်ဆစ်ပညာသည်များအား အမိန့် အာဏာနှင့် ထုဆစ်ခိုင်းရာ၌ ကျောက်ဆစ်ပညာသည်များမှာ ဤသို့ မဖွယ်မရာများကို တစ်ကြိမ်တစ်ခါမျှ မထုဆစ် မပြုလုပ်ဘူးကြရာ နဂါးဘုရား၌ ထုဆစ်ကြရသောအခါ ရုပ်လုံးရုပ်ကြွ မပီပြင်ပါက ဘုရင်၏ အမျက်တော်ရှခံရမည်ကို ကြောက်ကြရသဖြင့် ရိုးရာစဉ်လာ ဤ ကျောက်နံရံများမှာ ပဏာမ အစမ်းလာကျင့် ထုဆစ်သွားကြသော ရုပ်တုများ ဖြစ်လေသည်။

တာဝတိံသာဘုရားက အပြန်တွင် နဂါးဘုရား ဝင်ဖူးဦးမည်ဟု သဒ္ဓါစိတ်နှင့်လာသော ဦးငပုမှာ ယခု ဤရုပ်တုများကို လှမ်းမြင်နေရသောအခါ နဂါးဘုရားကိုလည်း သွားရောက် ဖူးမြော်လိုစိတ် ကုန်သွားသည်။ နဂါးဘုရားကို ရောက်သွားလျှင် ဤထက် ရုပ်လုံးရုပ်ကြွ ပီပြင်သော အယုတ္တအနတ္တ ရုပ်တုများကို မမြင်ချင်အဆုံး မြင်နေရဦးမည်။ ထို့ကြောင့် ဝါးလာသော ကွမ်းတံတွေကို ကျုံးမြစ်ထဲ ဖွီခနဲ ထွေးချလိုက်ကာ နဂါးဘုရားဖူးခရီးကို ချက်ချင်း ဖျက်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့ကြောင့်လည်း ကူးတို့သည်ကြီးအား မြို့ဝင်ပေါက် အုန်းခင်းမော် (မနီမော်) တွင် သူဆင်းတော့မည် ဖြစ်ကြောင်း ပြောလိုက်သည်။ ကူးတို့လှေသူကြီး တစ္စ "နဝါးဘုရားဆိုလို့ ကူးတို့ခတောင် ယူထားပြီးမှ ဘာဖြစ်လို့လဲ"ဟု မေးသည်။ ဦးပုတ သူသိပ်နေထိုင်မကောင်းသလို တွေ့လာသဖြင့် နဂါးဘုရားထိ မလိုက်တော့ အုန်းခင်းမော်၌ ဆင်းကျန်ခဲ့ပြီး မြို့ဝင်ပေါက်လှေကြုံနှင့် မြို့ဘက်သို့သာ ဆက်လိုက်သွားတော့မည်ဖြစ်ကြောင်း ပြောလိုက်သည်။ အုန်းခင်းမော်၌ပင် လှေသူကြီးက ဦးပေုကို ချထားခဲ့သည်။

အုန်းခင်းမော်ဆိပ်မှာ ဤမှာဘက် ကျုံးပိုင်း၌ မြို့ဝင်ပေါက်လှေဆိပ် ဖြစ်သဖြင့် ဦးပေု မရောက်မီကပင် ခရီးသည် သုံးလေးယောက်ကိုလည်း လှေကြုံစောင့်၍ တွေ့လေရာ မကြာမီမှာပင် မြို့ထဲဝင်မည့် လှေကြုံသဖြင့် စောစောကပင် စောင့်နေကြသော ခရီးသည်များနှင့်အတူ ကောတုံတရာဇ်မြို့ထဲ လိုက်လာလေသည်။ စိတ်ထဲကမူ တစ်နေ့လုံး ကောတုံတရာဇ်မြို့နှင့် ပတ်သက်သော ခံစားမှုတွေ ဖိစီးနေသဖြင့် အိမ်ရောက်သည်အထိ ကိုယ်စိတ်မလန်း ဖြစ်နေမိသည်။

☙ ☙ ☙

မနက် သူ ဘုရားဖူးထွက်လာစဉ်က မတွေ့ခဲ့ရသော သားထွေးမောင်ပုချေကို ယခု အပြန်တွင် ချည်ဆိုးရုံဝတွင် မတ်တတ်ရပ်၍ တွေ့ရ၏။

"တိမ်ပျံ ခွာဟနေတယ်ဆိုကွ၊ ပြန်ရိုက်ပြီးကြပလား"

"ဘာဘာ ဘယ်သွားစရာရှိလို့လဲ၊ ချည်ထုပ်တွေလည်း မနက်ကပင် ကိုကိုတို့ သွားပို့ပြီးပြီပဲ"

ဝေးဝေးလံလံ နဂါးမော်ဘက်တွင် သွားနေရသော သားလတ်ကသာ ရောက်လာပြီး နေမြင့်အောင် အိပ်နေသော သားထွေးကို မကျေနပ်သော ဦးပေုက -

"ငါ သိတယ်။ အဝေးမှာနေတဲ့ ငါ့သားကသာ စောစောစီးစီး ရောက်လာပြီး ချည်ထုပ်တွေ လိုက်ပို့နေရတယ်။ အဲဒီတုန်းက မင်း အိပ်ရာကတောင် ထသေးလို့လား၊ သောက်ပျင်း၊ မိဘပြောထားတာဆို နည်းနည်းမှ အလေးမထားဘူး၊ အဝဇာတသား"

သူ့ကို အသားလွတ်ကြီး လာဟောက်နေသည်မှာ စောစောကမှ အမေပြောသော အိပ်မက်ကြောင့် ဖြစ်မည်ဟု မောင်ပုချေ နားလည်လိုက်သည်။ ထို့ကြောင့်လည်း စောစောက "တော်စမ်းပါ အမေရာ၊ အလကား ပေါက်တတ်





ကရ အိပ်မက်မက်တိုင်းသာ ဖြစ်မယ်ဆိုရင် ကျုပ် ပုရောဟိတ်ကြီးဆီက ပညာတွေ အကုန်ရပြီး မိုးပေါ်တောင် ပျံပြတတ်နေတာ ကြာလှပြီ။ လောကီပညာတွေ သွားကြည့်ရတဲ့ညတိုင်း ကျုပ် အိပ်မက်မက်တယ်။ ခု ဘာဖြစ်လာသလဲ မိန်းမသာ ရလာတာ လောကီပညာတတ်ဖို့ မပြောနဲ့ တက္ကသိုလ်တောင် မရောက်ခဲ့ရဘူး" ဟု ပြန်ပြောခဲ့သည်ကို သတိရသွား၏။

ထို့ကြောင့် ခါတိုင်းလို "အမေဖေက ကျုပ်ကို ငပျင်းလို့ ပြောရအောင် အဖေခိုင်းတာ ကျုပ် မလုပ်လို့လား။ အဖေသာ သားတွေကို သက်သက် နှိပ်ကွပ်နေတာ" ဟု ပြန်မပြောတော့ဘဲ ချည်ဆိုးရုံထဲ ဝင်လာသည်။ သူ့အဖေလည်း အိမ်ဘက်ထွက်သွား၏။ သို့သော် အိပ်မက်ကို တကယ်ယုံနေသူ သူ့အဖေက အိမ်ပေါ်တက်ခါနီးတွင် တစ်ခေါက် ပြန်လာပြန်ပြီး -

"မင်း ယောက္ခမအိမ်က တို့လှေကို ခုညနေ မင်းဆိပ်ကို ရွှေ့ထားဖို့ ပြောဖြစ်အောင် သွားပြောထား ကြားလား" ဟု ပြောလာပြန်သည်။

အိပ်မက်ကို တကယ်ထင်ကာ အရူးမီးဝိုင်းဖြစ်နေသော သူ့အဖကို ကြည့်ပြီး မောင်ပုချေက "ဒီလောက်တောင် အိပ်မက်ကို ယုံရလား၊ အသိဉာဏ် ခေါင်းပါးရလား" ဟု သူ့အဖေကို မကျေမနပ် ဖြစ်သွားပြန်သည်။

သူ့အဖေ ဦးပေုအပေါ် မောင်ပုချေ မကျေမနပ် ဖြစ်ခဲ့ရသည်မှာလည်း ယခုမှ မဟုတ်။ လွန်ခဲ့သော သုံးလေးနှစ်ကပင် ဖြစ်သည်။ သူက လူငယ်ပီပီ ကောတုံတရာဇ် လူငယ်များနည်းတူ တက္ကသိုလ်မှာ ပညာ သွားသင်ချင်သည်။ သူတို့ မိသားစုထဲတွင် ပုရောဟိတ်ကြီး၏ တက္ကသိုလ်ထွက်ဆို၍ တစ်ယောက်မှ မရှိသေး။ သူများတွေလို မျက်လှည့်၊ ပဥ္စလှည့်၊ ကိုယ်ခွဲရုပ်ပြောင်း အတတ်ကို မဆိုထားနှင့် ကောတုံတရာဇ်မြို့ကြီးမှာ လူငယ်လူရွယ်၊ မိန်းမသူများပင် တတ်နေကြသော လက်လှည့်ပညာ ဆိုသည်ကိုပင် သူများတွေ လုပ်ပြမှ အံ့ဖွယ်ဘနန်း မြင်ရသူ၊ မြင်ဖူးသူ ဖြစ်နေသည်ကို သူ မကျေနပ်။

ထို့ကြောင့် တက္ကသိုလ်ကိုသွားပြီး အများနည်းတူ လောကီပညာ သင်ပါရစေဟု အကြိမ်ကြိမ် ပြောသည်ကို သူ့အဖေ ဦးပေုက "မိုက်လိုက်တဲ့ ခွေးတိရစ္ဆာန်၊ မင်း အဲဒီပညာနဲ့ ထမင်းစားရမယ် ထင်လား၊ လမ်းဘေးမှာ မဟုတ်တရုတ်တွေ လုပ်ပြပြီး ခွက်ထိုးခံ ပိုက်ဆံတောင်းတဲ့ သူတောင်းစားအလုပ်ကို လုပ်ချင်လို့လား။ လမ်းဘေးရောက်မယ့် အကောင်၊ မိဘပြောရင် ပြန်ပြန်ပြော အဝဇာတသား" ဟု ဆူပူကြိမ်းမောင်းကာ ချည်ဆိုးသောအလုပ်၊ ဘာမဟုတ်သည့် ထဘီဆင်ပုဆိုးဆင် အကွက်ဖော်သော အလုပ်ကိုသာ သူမိန်းမရသည်အထိ လုပ်ခိုင်းလာ



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု မောင်ပုချေက သူ့အဖေ ဦးငပုကို မကျေနပ်။

သူ မိန်းမရသောအခါ တက္ကသိုလ်ထွက် သူ့ယောက်ဖများဆီတွင် အောက်ကျသည်ဟုလည်း ထင်နေသည်။ ထို့ကြောင့်လည်း သူ့အဖေ ဦးငပုနှင့် သူတ သိပ်မကြည်။ ယခုလည်း ဒီအဘိုးကြီး အရှုံးအိပ်မက်မက်ပြီး သူ့ကို ပေါ်တင်ကြီး သက်သက် လာဟောက်သည်ဟု အပြစ်မြင်နေသည်။ မြင်းသံဘွာ တပ်ဖို့ ကိစ္စ သူ့အစ်ကိုကြီးကို ပြောလိုက်ရုံနှင့် ပြီး၏။ ယောက္ခမအိမ် မြို့ဆိပ်က သူတို့လှေကို မင်းဆိပ်မှာ သွားထားပေးရမည့် ကိစ္စကိုတော့ သူ နားမလည်။ ညနေ ထမင်းစားပြီးလျှင် သူ့အဖေက သူတို့အမျိုးတွေရှိရာ အလယ်ကျွန်းရွာဘက် များသွားပြီး သူ့အရှုံးအိပ်မက်ကို ပြောချင်၍လားဟု တွေးလိုက်သည်။

ထို့ကြောင့် သူတို့အိမ်တွင် ချည်ဆိုးချည်ခင်လှန်း လာလုပ်နေသော သူ့ မိန်းမ၏ အဒေါ်ဝမ်းကွဲ တစ်ယောက်နှင့် လှေရွှေ့ထားဖို့ကိစ္စ ပြောမှာလိုက်သည်။ ထိုသို့ပြောရင်းကပင် မင်းလှေဆိပ်မှာ သူတို့လှေကို သွားထားလျှင် မင်းမှုထမ်း ဆီဖြည့်များက သူ့ယောက်ဖလေးကို ဟောက်နေလေဦးမလားဟုလည်း တွေး သည်။ မင်းလှေဆိပ်မှာ သာမန် သူလိုငါလိုလူများ လှေလာထားကြသည်ကို မင်းခစားများက မကြိုက်။ ယခုအခါ ကောတုံတရာဇ်မြို့၌ ညလုံးပေါက် မီးလင်း နေသော ဆိပ်ကမ်းဆို၍လည်း မင်းဆိပ်နှင့် တောင်ပင်လယ်က ရွက်သဘော် ကြီးဆိပ်နှစ်ဆိပ်သာ ရှိတော့သည်။ ထို့ကြောင့်လည်း ထိုလှေဆိပ်နှစ်ဆိပ်တွင် လှေလာထားလျှင် လုံခြုံမှု အပြည့်အဝ ရှိသည်။ ဤသည်ကို အခွင့်ကောင်း ယူကာ တချို့ကလည်း သူကြီးရွာအုပ်တွေ လှေလိုလို၊ မင်းမှုထမ်းများ လှေလို နှင့် ရောကြောင်ပေါ်ကြောင် လာထားတတ်ကြသဖြင့် လှေဆိပ်သူကြီးနှင့် မီး မီးတိုင်ထဲ ဆီလာဖြည့်ပေးကြရသော မင်းခစားများက "ဘယ်သူ့လှေမို့လဲ ဘယ်ရွာသူကြီးလှေလဲ" ဟု စစ်မေးတတ်ကြသည်။ သို့သော် ချည်ဆိုးပုံဖော် နန်းဦးရပ်သူကြီးအိမ်ကလှေဟု ရေရေလည်လည် ပြောပြတတ်လျှင်တော့ စ ဆေးမေးမြန်းကြတော့မည် မဟုတ်။ သူ့အဖေမှာလည်း ကောတုံတရာဇ်တွ နာမည်တစ်လုံးနှင့် ချည်ဆိုးပုံဖော်သူကြီးဟု လူသိများသူမို့ လူမမြင်ဘူး သော်လည်း နာမည်တော့ မင်းမှုထမ်းတိုင်း ကြားဖူးကြလိမ့်မည်ဟု မောင်ပု ဖြေတွေး တွေးလိုက်သည်။

သူ့သားထွေးကို လှေရွှေ့ထားရန်ကိစ္စပြောပြီး ဦးငပု အိမ်ကြီးပေါ်သို့ တက် လာသည်။ အိမ်ပေါ်တွင် မည်သူ့ကိုမျှ မတွေ့ရသဖြင့် နားတစ်ချက် စွင့်လိုက် သည်။ မီးဖိုဆောင်မှ အသံကြားသဖြင့် လျှောက်လာ၏။ မီးဖိုဆောင်တံခါ





ပိတ်ထားသည်ကို တွေ့ရသည်။ သို့သော် မီးဖိုထဲတွင် လူရှိနေသံကို ကြားနေရ သဖြင့် "ဒါဦး. . ဒါဦး" ဟုခေါ်၍ တံခါးခေါက်လိုက်၏။ ချက်ချင်း တံခါးပွင့်လာပြီး "ရှင် ထမင်းဆာလာလို့လား၊ မသိုးထမင်းဟင်း ချက်နေတာကို ရှင့်မြေးမ တက် လာလို့ မြင်သွားရင် မေးနေမှာစိုးလို့ အကျွန် တံခါးပိတ်ထားတာ။ ထမင်းခူး လိုက်ရမလား" ဟု ယောက်မကို လက်တစ်ဖက်က ကိုင်ထားရင်း ဒေါ်ဒါဦးမေက မေးသည်။

"မဆာသေးပါဘူး"

"နေ့လယ်က ရှင် ဘယ်ရွာ၊ ဘယ်လူ့အိမ်မှာ စားလဲ"

တာဝတိံသာဘုရားဘက်ရှိ အသိအိမ်တစ်အိမ်က စားလာသည် ထင်သ ဖြင့် ဒေါ်ဒါဦးမေက မေး၏။

"လမ်းက စားလာတာ၊ ဒီညတော့ တို့ဘုရားကို ရအောင်ပင့်မယ်။ ကဲ. . မင်း ချက်ချက်၊ သုံးရက်စာတောင် လိုတော့မယ် မထင်ပါဘူး။ လမ်းမှာလည်း ရွာစဉ်တွေတော့ ရှိမှာပါ။ ခုကပင် မင်းကို ငါ. . ငါ ပြောထားမယ် ဒါဦး၊ တို့ဘုရား ပင့်လာတာမြင်လို့ လမ်းခရီးတစ်ရွာရွာက လူတွေမေးရင် ကောတုံ တရာဇ်က ကျောက်ဆစ်သမားတွေဆီ ပူဇော်ဖို့မှာထားတဲ့ ဘုရားပင့်လာတာ ပါလို့ ပြောရမယ်နော်"

"ဟုတ်. . ဟုတ်ကဲ့ပါ"

"ဟုတ်ကဲ့ပါ" ဟု ဆိုရင်း ဒေါ်ဒါဦးမေ၏ မျက်ရည်စက်က ပါးပြင်ပေါ် လိမ့်ဆင်းလာသလို ဦးငပု၏ မျက်လုံးထဲမှ မျက်ရည်ပေါက် တစ်စက်နှစ်စက် ကလည်း ကြမ်းခင်းပေါ် ကျသွားလေသည်။

နှစ်ပေါင်း ငါးဆယ်ကျော် နေလာခဲ့ကြသော ကိုယ့်မြို့ကိုယ့်ရွာကို တကယ် ခွဲခွာရတော့မည် ဆိုသောအခါ အဘိုးကြီး၊ အဘွားကြီးတို့မှာ မျက်ရည်မဆည်နိုင် ဖြစ်နေကြသည်။

ထိုအချိန်မှာပင် သူ့မြေးမလေး သဉ္ဇာဦး၏ အသံကို အိမ်ရှေ့က ကြား လိုက်ကြရသဖြင့် အဘိုးကြီးနှင့် အဘွားကြီးတို့မှာ မျက်ရည်ကို ကမန်းကတန်း သုတ်လိုက်ကြရလေသည်။

ဿ ဿ ဿ

"ရှင် ဘုရားပင့်ဖို့ သွားသင့်ပြီထင်တယ် အိမ်ရှင်ကြီး"

"စောပါသေးတယ် ဒါဦး၊ ဒီအချိန် အာပေါရေနဲ့ ဘုရားမီး လာပွန်းနေ ကြတဲ့ လူမိစ္ဆာတွေ ဘုရားရင်ပြင်ပေါ် ပြတ်မှာ မဟုတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပင့်ရန် စိတ်စောနေသော ဒေါ်ဒါဦးမေက ဦးငပုကို တီးတိုး ပြောသဖြင့် ဦးငပုက ပြန်ပြောလိုက်၏။

ဦးငပု ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ရေန်ပျောင်းနှင့် အာပေါ်ရေကို ရောနယ် မီးပူဇော်လျှင် ရွှေရသည်ဆိုသဖြင့် ယခုအခါ အာပေါ်ရေနှင့် မီးလာထွန်းနေကြသူတွေမှာ ညဦးကာလဆိုလျှင် စဲသည်ဟု မရှိ။ ထို့ကြောင့် ဆီမီးယဲခေါင်းချချိန်လောက်မှ သွားရမည်ကို ဦးငပု သိသည်။ အချိန်ကို စောင့်ရင်းနှင့် လင်မယားနှစ်ယောက်မှာ အိပ်မက်ထဲက နတ်ပေးထားခဲ့သော အသပြာ တစ်ထောင်ထုပ်ကို သွားကြည့်လိုက်၊ မသိုးထမင်း၊ မသိုးဟင်းထုပ်တွေကို ကိုင်ကြည့်လိုက်နှင့် သက်ပြင်း အကြိမ်ကြိမ်ချကာ အိမ်ထဲတွင် ဂနာမငြိမ် ဖြစ်နေကြသည်။

"ကဲ. . ဒီအချိန်လောက်ဆို ဘုရားရင်ပြင်ပေါ် မဖွယ်မရာ လာလုပ်နေကြတဲ့ လူမိုက်တွေတော့ စဲလောက်ပြီ ထင်တယ်။ ငါ ဘုရားသွားပင့်တော့မယ် ဒါဦး။ မင်း အဆင်သင့်သာ လုပ်ထားနှင့်၊ ခြံတံခါးတော့ ငါ စေ့ရုံစေ့ထားခဲ့မယ်"

ဦးငပုသည် ပြောပြောဆိုဆိုနှင့်ပင် စောင်သစ်တစ်ထည်ကို အလျှင်ယူသည်။ ပြီးမှ ကောတုံတရာဇ်မြို့၌ နောက်ဆုံး ပူဇော်ရမည့် ဆီမီးပျောင်းခွက်နှင့် အမွှေးတိုင်၊ ရေချမ်းအိုးလေးကိုယူကာ အိမ်က ထွက်လာလေသည်။

မကြာမီ ဘုရားကုန်းတော်ပေါ် တက်သော ကျောက်လှေကားကြီးနားရောက်လာ၏။ ထိုအချိန်အထိ ဘုရားကို အပေါ်ရေနှင့် လာမီးထွန်းပြီး ပြန်လာကြသူ တစ်ယောက်စ နှစ်ယောက်စကို တွေ့နေရတုန်းပင်။ သို့သော် ကိစ္စမရှိ။ ဘုရားပေါ်ရောက်လျှင် သူဆီမီးကပ်၊ ရေချမ်းကပ်၊ အမွှေးတိုင်ထွန်း၍ ဘုရားရှိခိုးဦးမည်။ လူရှင်းသည်အထိ ဘုရားဂုဏ်တော်တွေကို သူပွားများ ရွတ်ဖတ်နေဦးမည်။ ဤအတွေးနှင့်ပင် ဦးငပုသည် ဘုရားပေါ်ကို တက်လာလေသည်။

ကျောက်သား ကျောက်အုတ်တို့ဖြင့် ပြုလုပ်ထားသော အပေါ်လှေကားထိပ် အရောက်တွင် အာပေါ်ရေနံ့က သူ့နှာခေါင်းထဲ ရောက်လာ၏။ မီးခွက်ပေါင်းများစွာတို့မှ ညှော်နံ့တွေကလည်း ထောင်းထောင်း ထလာသည်။ သည်ကြားထဲတွင် ပို၍ စိတ်မချမ်းသာစရာကောင်းသော သူဆင်းရဲမတစ်ယောက်၏ ဘုရားဆုတောင်းနေသံကမူ ချက်ချင်း ဦးငပုရင်ထဲ ဆို့နင့်သွားစေသည်။

"တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော ကောတုံတရာဇ် အရှင်မြတ်ဘုရား။ တပည့်တော်မသည် မုဆိုးမ သူဆင်းရဲမပါ ဘုရား။ သူဌေးသူကြွယ်များအိမ်မှာ ထင်းခွဲ၊ ရေခပ်၊ အဝတ်လျှော်၊ အညစ်အကြေး စွန့်ပေးပြီး လူမမည် ကလေးသုံးယောက်နှင့် ပင်ပန်းကြီးစွာ ထမင်းတစ်လုတ် စားနေရသူပါ။ မသေရုံအသက်ရှင်နေရသူပါ။ ထို့ကြောင့်လည်း တပည့်တော်မမှာ အများသူငါလို စောစောစီးစီး အာပေါ်ရေမီး လာရောက် မပူဇော်နိုင်သည်ကို ခွင့်လွှတ်တော်မူပါ။ ဆီမီးပူဇော်ရန် ရေနံပျောင်းကိုလည်း တပည့်တော်မ ကျွန်ခံ၍ ရလာသော မိသားစုလေးယောက် ညနေထမင်း ဝမ်းစာထဲမှာ အငတ်ခံ၍ ဝယ်ယူ ပူဇော်ရခြင်း ဖြစ်ပါသည်။ ဤသို့ တပည့်တော်မတို့မိသားစု အငတ်ခံ၍ လာရောက်ပူဇော်နေသည်မှာလည်း သုံးညသုံးည၌ ရှိနေပါပြီ။ တပည့်တော်မ၏ ဆီမီးခွက်ထဲကို အရှင်ဘုရား ရွှေစငွေစ ထည့်ပေးဖို့ မထိုက်လောက်အောင် တပည့်တော်မ၏ ဝဋ်ဒုက္ခက ကြီးနေပါသလား အရှင်ကောတုံတရာဇ်ဘုရား။ တပည့်တော်မ၏ ဝဋ်ဒုက္ခကို ကယ်မသောအားဖြင့် ဤနေ့ညမှာ တပည့်တော်မ၏ ဆီမီးခွက်ထဲကို ရွှေစငွေစတွေ အတုံးလိုက် အတစ်လိုက် ထည့်ပေးတော်မူပါ အရှင်ဘုရား။ သို့မဟုတ်ပါက ကလေးလေး သုံးယောက်နှင့် တပည့်တော်မ ငတ်၍ သေရပါတော့မည် ဟီး. . . ဟီး. . ဟီး. . ဟီး. . ဘုရား၊ ဟင်း. . ဟင်း. . "

ထိုသူဆင်းရဲမ၏ ဆုတောင်း ငိုရှိုက်နေသံကြောင့် ဦးငပုမှာ ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားကာ မတ်တတ်ကြီး ရပ်နေမိသည်။ ဆုတောင်းပြီးသွားသော ထို သူဆင်းရဲမ ငိုရှိုက်ပြီး သူ့အနား အဆင်းလမ်းကို ရောက်လာတော့မှ သတိရမိလိုက်သည်။ ထိုသူဆင်းရဲမကမူ ဦးငပုကိုလည်း သူ့လို ဆင်းရဲသားမို့ ဤအချိန်ကျမှ ဆီမီးပူဇော်ရန် လာနိုင်သူဟု ထင်၍လားမသိ တစ်ချက်သာ စောင်းငဲ့ကြည့်ပြီး ဘုရားကုန်းတော်ပေါ်က ဆင်း၏။

"ဟဲ့. . ဟိုသူငယ်မ၊ ခဏ ဟဲ့ ဒီမှာ"

ဦးငပု အသံကြောင့် သူဆင်းရဲမလည်း ခြေလှမ်းတုံ့ ပြန်လှည့်လာကာ ဦးငပုအနားမှာ လာရပ်သည်။ ထိုအချိန်ထိ သူ့ခမျာ ရှိုက်နေတုန်းပင်။

"သူငယ်မ ဆုတောင်းနေသံကို ဦး ကြားတယ်။ စိတ်မကောင်းပါဘူး ရော့ ငွေတစ်ပြားယူသွား၊ ဘုရားကို အာပေါ်ရေနဲ့ ဆီမီး လာပူဇော်နေလို့ကတော့ သုံးညသုံးည၌ မဟုတ်ဘူး၊ တစ်သက်လုံး ပူဇော်နေလို့လည်း ရွှေငွေရမှာ မဟုတ်ဘူး သမီး၊ ငရဲပဲ . . . . ."

"သူများတွေ ရကြတော့ အ. . အကျွန်လည်း ကြံမိကြံရာ သူများ[illegible]. . "

"ကဲ. . သွားတော့ သွားတော့"

ဦးငပုမှာ ချက်ချင်း စိတ်တိုသွားသဖြင့် သူဆင်းရဲမကို မောင်းလွှတ်လိုက်သည်။ သူဆင်းရဲမခမျာမှာလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် ဦးငပု လှမ်းပေး





ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သော ငွေတစ်ပြားကိုယူကာ သုံးလေးလှမ်း ဆင်းသွားပြီးမှ သတိရ၍လား မသိ ဦးငပုအား လှေကားထစ်မှာ ထိုင်ပြီး ရှိခိုးနေသည်။ ဦးငပု စိတ်ထဲကမူ သူ ဆင်းရဲမအား ယခု သူလှူလိုက်သော ငွေတစ်ပြားသည် ကောတုံတရာဇ်သူ တစ်ယောက်အား သူ နောက်ဆုံး လှူခဲ့ရသော အလှူပါလားဟု တွေးမိလိုက် သောအခါ စိတ်မကောင်း ဖြစ်သွားရပြန်သည်။

ကျင်ငယ်နံ့နှင့် ရေနံပျောင်းအနံ့ကို ကြာရှည်စွာ မခံနိုင်ကြသူများမှာ ရွှေငွေရလိုမှုနှင့်သာ လာရောက် ဆီမီးပူဇော်နေကြသော်လည်း ယခင်ကလို မည်သူမျှ ဘုရားပေါ်မှာ ကြာကြာ မနေကြတော့သဖြင့် ယခုကား လူရှင်းသွား လေပြီ။ ဦးငပုသည် နှာခေါင်းကို ပဝါနှင့် စည်းထားပြီး ဆီမီး၊ ရေချမ်းကပ်၊ အမွှေးတိုင် ထွန်းညှိပူဇော်ကာ ဘုရားရှိခိုးသည်။ ဘုရားသာ ရှိခိုးနေရသော် လည်း စိတ်က မတည်ငြိမ်နိုင်။ ခါတိုင်းလို အာရုံမမိ။ စိတ်ထဲမှာ သားသမီးမြေးများ အပြင် သူ အလွန် ချစ်မြတ်နိုးလှသော ကောတုံတရာဇ်မြို့ကြီး၏ နေရာအနှံ့ ကိုသာ စိတ်ပျံ့လွင့်နေသည်။ ခါတိုင်းနေ့ဒတွေဆိုလျှင် မျက်လုံးနှစ်ဖက် မှိတ်၍ ဘုရား၏ ရုပ်တုတော်တွင် ဂုဏ်တော်ပွားကာ တည်တည်ငြိမ်ငြိမ် ရှိနိုင်ခဲ့သော် လည်း ယနေ့၌မူ သူမျက်စိမှိတ်၍ မရသလို ဖြစ်နေသည်။ ထို့ကြောင့် ဆီမီး ရောင်ထဲက ဘုရား၏ မျက်နှာတော်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိပြန်၏။ သူ သတိလက်လွတ် ဖြစ်နေမိသည်ကိုပင် သတိမရမိ။

သူ့စိတ်က အသိမပါဘဲ ဘုရားအနား ရောက်သွားပြန်သည်။ ဘုရား မျက်နှာတော်ကို ဦးငပု သေသေချာချာ ကြည့်သည်။ သူ့မျက်စိထဲမှာ ဘုရားရှင် ၏ မျက်လုံးတော်နှစ်စုံ နီမြန်းနေသလို မြင်လာမိပြန်သည်။ မျက်နှာတော်မှာ လည်း အက်ကြောင်းများလားဟု စိတ်ထဲက ထင်လာမိပြန်၏။ ထိုအခါမှ ဘုရား ပင့်ရန်ကို သူ သတိရသွားသည်။ သို့သော် ချက်ချင်း မပင့်သေး။ လူသူလေးပါး ဘုရားရင်ပြင်နှင့် အတက်လမ်း လှေကားပေါ်မှာ လူသူ ရှိ မရှိ သွား ကြည့်လိုက်ပြန်၏။ လူရိပ်လူယောင်ကို မမြင်ရတော့မှ ဘုရားဆီ ပြန်လာ၏ ဘုရားကို ဦးသုံးကြိမ်ချ၍ ဘုရားပင့်သည်။

"အရှင်ဘုရား၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့၏ ခိုင်းစေချက်အရ အရှင်မြတ်အား တပည့်တော် ပင့်ဆောင်သွားပါမည်၊ ကြွတော်မူပါ အရှင် ဘုရား"

ဦးငပုသည် ဉာဏ်တော် တစ်တောင်ကျော်ခန့်သာရှိသော ကောတုံတ ရာဇ်ဘုရားကို ရိုရိုသေသေ ကိုင်မြှောက်ပင့်သည်။ ပင့်၍ မရ။ ဘုရားရုပ်တု





တော်က လေးလံနေသည်။ ပါးစပ်က ရွတ်ဆိုကာ ထပ်ပင့်၏။ ဘယ်လိုမှ မရ၍ မရ။ ခါတိုင်း ရိုးရာအစဉ်အလာအရ ဤဘုရားအား သကြိန်အကြိုနေ့တိုင်း နှစ်တိုင်း ပလ္လင်တော်က ပင့်ချ၍ သူ ရေသပ္ပာယ်နေကျ။ ပေါ့ပေါ့ပါးပါးပင် ပင့်မ၍ ရခဲ့သည်။ ယနေ့ ဘယ်လိုဖြစ်နေပါလိမ့်။ ဘုရားရှင် ကောတုံတရာဇ်မြို့ ကြီးမှ ဘယ်မှ မကြွချင်သည့်သဘောလား။ ဦးမောင်ပု ထပ်ပင့်ပြန်၏။ ဒါလည်း မ,၍ မရ။ ပလ္လင်တော်နှင့် ကပ်နေသလိုပင် လှုပ်ပင် မလှုပ်။

ဘယ်လိုဖြစ်ပါလိမ့်။ နတ်ဒေဝတာများကများ သူ့ကို လှည့်စား၍ အိပ်မက် လာပေးခြင်းလား။ ဒါဆိုလျှင် ငွေတစ်ထောင်ထုပ်ကိုကား သူ့အိပ်ရာနား၌ လာ ထားပေးခဲ့ပါ့မည်လား။ ဦးမောင်ပု ထပ်ပင့်ပြန်၏။ ဘယ်လိုပင့်ပင့် မရ။ ဤ တစ်ခါတော့ ဦးငပု သက်မချရပြီ၊ ဘယ်လိုများဖြစ်ပါလိမ့်၊ သူ ပင့်တာများ တစ်ခုခု ချွတ်ယွင်းနေလို့လား။

"အရှင်ဘုရား၊ နတ်ဒေဝတာများက ရက်သတ္တတစ်ပတ်အတွင်းမှာ ကောတုံ တရာဇ်တိုင်းကြီးကို နဂါးများ ရေနှစ် ကစားကြပါတော့မည်ဟု တပည့်တော် အား အိပ်မက်လာပေးပါသည် ဘုရား။ ပျက်စီးပျောက်ကွယ်တော့မည့် ကောတုံ တရာဇ်တွင် အရှင်ဘုရားအား တပည့်တော် မထားရက်သဖြင့် လာပင့်ခြင်း ဖြစ်ပါသည်။ ကြွတော်မူပါဘုရား" ဟု လျှောက်ထားကာ ပင့်ပြန်၏။ ပင့်၍ မရ။ သံတုံးသံခဲကဲ့သို့ လေးလံနေသည့်အပြင် ပလ္လင်တော်နှင့်ပင် ကပ်နေသကဲ့သို့ ဖြစ်နေသည်။

ဦးမောင်ပုသည် ဘုရားကို ရိုရိုသေသေ ရှိခိုးကာ နောက်ပြန်ဆုတ်လာ ၏။ တွေတွေဝေဝေနှင့် ဘုရားရှင်တောင်ကုန်းပေါ် လျှောက်နေမိသည်။ ဤနေ့ နေ့ခင်းကမှ သွားရောက် ဖူးမြော်ခဲ့သော တာဝတိံသာဘုရားဘက် အကြည့် ရောက်သွားသည်။ တာဝတိံသာဘုရားပေါ်တွင် ယခင်ကလို မီးရောင်ကို မမြင် ရ။ စိတ်ထဲ မကောင်း ဖြစ်ရပြန်သည်။ ယခင်က တာဝတိံသာဘုရား စောင်းတန်း ဘက်မှ ဆီမီးရောင်တွေကို မမြင်ရလျှင် ကောတုံတရာဇ်ရှိ လူကြီးသူမများက မြည်တွန်တောက်တီးလုပ်၍ အိပ်၍ပင် မပျော်တတ်ကြ။ ဘုရားတောင်ခြေရှိ ရွာသူကြီးများကိုပင် ဘုရား၌ မီးမရှိသည်ကို မမြင်ရကောင်းလားဟု အပြစ်ဖို့ အပြစ်တင်စကား ဆိုတတ်ကြသည်။ ဘုရားနားရှိ ရွာများမှ လူကြီးသူမများ ကလည်း ဘုရားစောင်းတန်းပေါ်မှ မီးမမြင်ရလျှင် အိပ်မပျော်တတ်ကြ။ ဘုရားသို့ ခင်းသွား ဆီမီး ပူဇော်တတ်ကြသည်။ ယခုကား တာဝတိံသာဘုရား၏ အမှောင် ကြီးထဲ ထီးထီးမည်းမည်းကြီး ရပ်တည်တော်မူနေသည်ကို မြင်ရသည်မှာ ထိတ်



www.burmeseclassic.com

www.burmeseclassic.com



စရာ ကြောက်စရာ ကောင်းနေသလိုပင်။ ဘုရားနှင့်ပင် မတူတော့ဘဲ ကောတုံတရာဇ်မြို့ကြီးကို တစ်စုံတစ်ခုသော မကျေနပ်ချက်နှင့် တစ်ဦးတစ်ယောက် စိန်းစိန်းကြီး လှမ်းကြည့်နေသလိုပင် ရှိနေသည်။

ဦးငပုသည် ဘုရားပင့်မရသဖြင့် စိတ်ထွေထွေနှင့် နေ့ခင်းက အစီအစဉ် ဖျက်ပြီး ဘုရားဖူး မရောက်ခဲ့ရသော နဂါးဘုရားဘက် ငေးကြည့်နေမိပြန်သည်။ နဂါးဘုရားမှာလည်း မှောင်နှင့်မည်းမည်းသော ထီးထီးကြီး တည်နေ၏။ ဘင်္ဂလား ပင်လယ်ပြင်ဘက်ကို မျက်နှာမူနေတော်မူသော နဂါးဘုရားဆီမှ ဆီမီးရောင်များကို ယခင်ကဆိုလျှင် ပင်လယ်ထဲရှိ ရွက်သင်္ဘောများကပင် မြင်ရသည်။ တစ်ဂါဝုတ် နှစ်ဂါဝုတ်ကပင် ဘုရားမီးကို မြင်ကြရသဖြင့် ဤဘုရားမှာ ကောတုံတရာဇ်မြို့ကြီးသို့ဝင်ရန် နဂါးမော်ဆိပ်ကမ်းကို လမ်းပြပေးနေသလိုပင် ရှိခဲ့သည်။ ဤလို အချိန်ရာသီ၌ ကောတုံတရာဇ်ဘုရား ကုန်းတော်ပေါ်မှ လေညင်းခံရောက်နေသူများကလည်း ဘင်္ဂလားပင်လယ်ကြီးနှင့် နဂါးဘုရားကို လှမ်းငေး ကြည့်တတ်ကြသည့်အပြင် ပင်လယ်ရေလက်ကြားကိုဖြတ်ပြီး အာရိယာန်နိုင်ငံကူး ဓညဝတီသားကြီးတို့၏ ဆန်ရောင်း၊ စပါးရောင်း သွားလာနေကြသော ရွက်သင်္ဘောကြီးများကို တစ်ညလုံး မြင်နေကြည့်နေ၍ ရသည်။ ယခုအခါမူ ဤအရာအားလုံးသည်လည်း ပျောက်ကွယ်သွားကြသည်မှာ နှစ်နှင့် ချီခဲ့လေပြီ။ ဦးငပုမှာ နဂါးဘုရားဘက် လှမ်းငေးကြည့်၍ ရင်ထဲ ဆို့နင့်လာပြန်သည်။

တခြားဘုရားများသာ ဆီမီးမရှိ ပန်းမရှိ ပြတ်လပ်ကုန်ကြသော် အာပေါရေနှင့် မီးပူဖော်လျှင် ရွှေစငွေစ ရကြသည်ဆိုသဖြင့် ကောတုံတရာဇ်ဘုရား၌မူ ယခင်ကထက်ပင် ဆီမီးခွက်ပေါင်း မြောက်မြားစွာ များပြားနေသည်။ ဆီမီးရောင်လျှံတွေမှာလည်း ပတ်ဝန်းကျင် တစ်ခုလုံးကိုပင် လျှံဖိတ်နေသည်။ ထိုအထဲက မှောင်မည်းနေသော မြို့ပေါ်တွင် စုန်းမီးများ တောက်စားနေကြသည်မှာလည်း သီတင်းကျွတ်၊ တန်ဆောင်မုန်းလများ၌ မီးပုံးပျံများ လွှတ်တင်ကြသည်ထက်ပင် များနေသည်။ သို့သော် စုန်းမီးခဲ၊ မီးလုံးတို့မှာ သာမန်မီးများလို အရောင် မရှိ။ ရဲရဲနီပြီး မြို့ကြီးတစ်ခုလုံး အမင်္ဂလာအတိတ်နိမိတ်များကို ဖော်ပြနေသလိုပင်။

ဦးငပု၏စိတ်သည် နေသုံးလုံးတောင်ပေါ် ရောက်သွားပြန်သည်။ တာဝတိံသာဘုရားနှင့် နဂါးဘုရားတို့တွင် ပန်းဆီမီး ပြတ်လပ်နေသလို နေထွက်နေမွန်းတည့်၊ နေဝင်ဘုရားတို့၌လည်း ခုနေခါ ပန်းဆီမီးရေချမ်းများပင် ပြတ်လပ်နေကြလိမ့်မည်ကို တွေးမိလိုက်ပြန်သည်။ နောက်ဆုံး ဖူးမြော်ခဲ့ခြင်းအနေ





နှင့် နေသုံးလုံးတောင်ပေါ် ဘုရားသုံးဆူကိုလည်း သူဖူးမြော်ခဲ့ချင်ပါသေးသည်။ သို့သော် အချိန်ကမူ မရတော့။

ဦးငပုသည် ဘုရားရှေ့ ရောက်လာပြီး ဘုရားရှင်ကို ရှိခိုးဦးချကာ ဘုရားပင့်ပြန်သည်။ ဘယ်လိုမှ ပင့်မရ။ ဘုရား၏ ရုပ်တုတော်မှာ ပို၍ပင် လေးလံနေသကဲ့သို့ပင်၊ ဘာကြောင့်ပါလိမ့်။ ဦးငပု ဇောချွေးတွေပြန်ကာ ဦးနှောက်တွေ ဘူပူလာသည်။ သန်းခေါင်ကြက်တွန်သံကိုပင် ကြားနေရပြီ။ ဦးငပုကား ဇွဲမလျှော့သေး။ ဘုရားကို ထပ်ပင့်ပြန်၏။ ဘယ်လိုမှ မ၍ မရ။ သက်ပြင်း အကြိမ်ကြိမ်ချကာ ဘုရားမျက်နှာတော်ကို စေ့စေ့ကြည့်နေမိပြန်သည်။ သူ့စိတ်ထဲမှာ ဘုရားမျက်နှာတော်လည်း ညှိုးနွမ်းနေသလိုပင်။ ဘုရားရှင်လည်း ကောတုံတရာဇ်မှ ကွဲချိရတော့မည်ကို သူ့လိုပင် စိတ်မကောင်း ဖြစ်နေလေသလား၊ ဆုံးဖြတ်မရဖြစ်နေလေသလား။ ကပျာကယာထကာ ဘုရားကို ထပ်ပင့်ပြန်သည်။ မရ။ ဦးငပု စိတ်မာတတ်ကျကာ ကယောင်ချောက်ချားပင် ဖြစ်လာသည်။ ဘုရားမျက်နှာတော်ကို ဖူးလိုက်၊ တောင်တောင်အီအီ တွေးလိုက်၊ ဟိုဟိုသည်သည် ကြည့်လိုက်နှင့် ဘယ်လို အချိန်ကုန်သွားမှန်း မသိ။ ကြက်ဦးတွန်သံကို ကြားလိုက်ရသောအခါ ဘုရား ထပ်ပင့်ပြန်သည်။ မရပါ။ နောက်ဆုံးမှာ စိတ်လျှော့ပြီး ဘုရားကုန်းတော်ပေါ်က ဆင်းလာသည်။

ယခင်ကလို လမ်းဆုံလမ်းခွနှင့် မုဆိုးမအိမ်ရှေ့များ၌လည်း မီးမလင်းနိုင်သော ကောတုံတရာဇ်မြို့ကြီးမှာ မှောင်ကြီးမည်းမည်းထဲ နစ်မြုပ်နေသလိုပင်။ သည်လိုနှင့် ဦးငပု အိမ်ပြန်ရောက်လာသည်။ ရေနံ့ဆီမီးခွက် တစ်ခွက်ထွန်း၍ ညလုံးပေါက် ထိုင်စောင့်နေသော ဒေါ်ဒါဦးမေကို တွေ့ရသည်။

"ဟင်. . ရှင်၊ ဘုရားရှင်လည်း မပါပါလား အိမ်ကြီးရှင်"

"ဘယ်လိုဖြစ်တာလဲ မသိဘူး ဒါဦး၊ ဘုရားကို မ,လို့ကို မရဘူး။ ခါတိုင်းနှစ်တွေ ဘုရား ရေသပ္ပာယ်ဖို့ ဒီဘုရား ငါ ပင့်နေကျပါ၊ ဒီတစ်ခါ မ,လို့ကို မရဘူး။ တို့တစ်ခုခုများ အမှားအယွင်း ဖြစ်နေသလားလို့"

သူ့မိန်းမက ကြားလောက်ရုံ လေသံနှင့် မေးသည်ကို ဦးငပုကလည်း လေသံနှင့်ပင် ပြန်ပြောလိုက်သည်။

"အကျွန့်အပြစ် ထင်ပါတယ်ရှင်၊ အကျွန်ကလည်း သားသမီးတွေကို သံယောဇဉ်ကြီးမိတာနဲ့ မနက်က သားအဖေ အိပ်မက်မြင်တယ် ကောတုံတရာဇ်ဘိုင်းကြီးကို ခုနစ်ရက်အတွင်း နဂါးတွေ ရေနှစ်ကစားကြတော့မယ်. . "

"မိုက်လိုက်တဲ့ မိန်းမရာ၊ သမ္မာဒေဝနတ်က မည်သူ့ကိုမျှ မပြောရ မပြော



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ပါဘူးလို့ မှာသွားတာ မင်း ဘာလို့ ပြောရတာလဲ ဒါဦးရာ၊ ငါ သေချင်ပါ. ."

"အကျွန်လည်း သားလေး၊ မြေးလေးတွေကို သနားလို့ အကျွန်တို့ ပြေးပြီး နောက်မှာ သူတို့လည်း ပြေးနိုင်ကြအောင်လို့ ပြောလိုက်မိပါတယ်၊ အကျွန့် အပြစ်ပါ"

ဒေါ်ဒါဦးမေမှာ ငိုရှိုက်ရင်းက ပြန်ပြောနေ၏။

"ဒါကြောင့် ဘုရားပင့်မရတာ ဖြစ်ရမယ်။ မိုက်လိုက်တာ၊ ငွေထုပ်ရတဲ့ အကြောင်းပါ သားသမီးတွေကို မင်း ပြောလိုက်. . ."

"ငွေထုပ်ကို အကျွန် မပြပါ။ ပြီးတော့ ကောတုံတရာဇ်ကို နဂါး ရေနစ်ကစားမယ်လို့ နင့်အဖေ အိပ်မက်မြင်တယ်လောက်သာ ပြောမိတာပါ။ သားထွေးက မယုံပါဘူး။ အဲဒါကြောင့် စကားဆုံးအောင်တောင် နားမထောင်ဘဲ အိပ်မက်မြင်တိုင်းသာ ဖြစ်မယ်ဆို သူ ပုရောဟိတ်ကြီး ပညာတွေ အကုန်တတ်ပြီး မိုးပေါ်ပျံပြနိုင်တာတောင် ကြာလှပြီလို့ ပြော . . . ."

"တော်ပါသေးရဲ့ကွာ၊ ငါတော့ စိတ်ကို ဆုံးဖြတ်လာပြီ။ ဒီဘုရား ပင့်မရမချင်း ငါကောတုံတရာဇ်က မခွာဘူး။ သေရင်လည်း ဘုရားကို ဖက်ပြီး သေပါစေတော့၊ ငါ ဘုရားကို တောင်းပန်ပြီး ထပ်သွားပင့်ဦးမယ်ကွာ။ ရအောင်ကို. . . ဟင် ငါးမောင်းတောင် ရိုက်ပါပကော"

ဘုရားကို တောင်းပန်ပြီး ထပ်သွားပင့်ဦးမည်ဟု ကမန်းကတန်းထလိုက်စဉ် နန်းတော်အရှေ့ရပ်မှ နောင်ဒိုင်းစည်တော်ငါးချက် ရိုက်ဆော်လိုက်သံကို ကြားလိုက်ရပြီး တောင်၊ အနောက်၊ မြောက်ဘက် ပြင်လေးပြင် ပြလေးပြ အတွင်းကျုံး သုံးတန် ပြအိုးပစ္စင်များမှ တစ်ခုပြီးတစ်ခု နောင်ဒိုင်းရိုက်သံတွေကို ကြားလိုက်ရသည်။

ဦးငပု သက်ပြင်းချလိုက်သည်။ ဤအချိန်တွင် ဘုရားပင့်ရန် သူသွား၍ မတော်တော့။ ယခုလောက်ဆိုလျှင် အာပေါ်ရေ မီးထွန်းထားသူများ ရွှေကောက်၊ ငွေကောက်ရန် ဘုရားပေါ်မရောက်ကြသေးသည့်တိုင် ဆီမီးခွက်များ မီးအငြိမ်းကို စောင့်၍ ကျောက်လှေကားပေါ်တွင် လူတွေ ပြည့်နှင့်နေလောက်ပြီ။ ဤအချိန်မှာ ကောတုံတရာဇ်ဘုရားကို သွားပင့်ယူလျှင် သူအသတ်ခံရရုံသာ ရှိတော့သည်။ ထို့ကြောင့် နောက်ညကျမှ ဘုရားရှင်အား သူ့မိန်းမ မိုက်ပြစ်ကို ခွင့်လွှတ်ပါရန် တောင်းပန်၍ ဘုရားပင့်ရတော့မည်ဟု စိတ်ကို တုံးတုံးချလိုက်ကာ -





"ကဲ. . ခု နောင်ဒိုင်းတောင် ငါးချက်ရိုက်ပြီးဆိုတော့ သွားလို့ မရတော့ဘူး၊ မင်းလည်း တစ်ညလုံး ထိုင်စောင့်နေရတာ အိပ်လိုက်ဦး၊ ငါလည်း တစ်ရေးတစ်မှေးတော့ အိပ်လိုက်ဦးမယ်" ဟု ပြောကာ အိပ်ရာထဲ ဝင်လာလေသည်၊

အိပ်ရာရောက်ပြီးမှ တစ်ခေါက် ပြန်ထွက်လာပြီး -

"ဒီနေ့တော့ ငါ့အိပ်မက်အကြောင်းကို မင်း ဘယ်သားသမီးတွေမှ နောက်ထပ် မပြောပါနဲ့တော့နော် ဒါဦး၊ ငါ စိတ်ဖြောင့်ပါရစေ"ဟု ဒေါ်ဒါဦးမေကို လာပြောပြန်သည်။

"စိတ်ချပါရှင်၊ အကျွန် ဒီတစ်ခါတော့ ဘယ်သားသမီးမှ မပြောတော့ပါဘူး။ အိမ်ရှင်ကြီး စိတ်ချလက်ချသာ သွားအိပ်ပါတော့"

ထိုအခါမှ ဦးငပုလည်း အိပ်ခန်းထဲ ပြန်ဝင်လာလေသည်။

တစ်ညလုံး အိပ်ရေးပျက်ထားသော်လည်း ဦးငပုကား နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်။ မှေးခနဲ ပျော်သွားလိုက် ပြန်နိုးလာလိုက်နှင့် ချည်ဆိုးရန် အလုပ်မသားများသာ ရောက်လာကြသည်။ ထိုအခါ ညက သတိတရရှိခဲ့သော နေသုံးလုံးတောင်ပေါ်ရှိ ဘုရားသုံးဆူဆီ စိတ်ရောက်သွားပြန်၏။ ဤနေ့ တစ်နေ့တော့ အချိန်ရသေးသည်။ နေသုံးလုံးတောင်ပေါ်ရှိ ဘုရားသုံးဆူကို နောက်ဆုံး ဖူးတွေ့ရခြင်းအနေနှင့် သွားဖူးလိုက်ဦးမည်။ ကောတုံတရာဇ်မြို့ ပတ်ဝန်းကျင်ကိုလည်း နောက်ဆုံး ကြည့်ရခြင်း၊ မြင်ရခြင်း အနေနှင့် ကြည့်သွားဦးမည်ဟု ချက်ချင်း အိပ်ရာက ထလာပြန်သည်။ ထ,လာစဉ်၌လည်း ကောတုံတရာဇ်ဘုရားကို ညက သွားပင့်၍ မရခဲ့ခြင်းမှာ သူ့မိန်းမက သားထွေးအား ပြောမိလိုက်ခြင်းကြောင့် မဟုတ်ဘဲ သမ္မာဒေဝနတ်များက သူ့အား ကောတုံတရာဇ်ဘုရားစုံကို နောက်ဆုံး ဖူးမြော်သွားခြင်း အနေနှင့် ဖူးသွားစေနိုင်ရန် အခွင့်အရေး ပေးထားခြင်းများလားဟူသော အတွေးကို တွေးမိလိုက်သောအခါ လူက ပိုပြီး လန်းလန်းဆန်းဆန်း ဖြစ်သွားသလိုပင်။ ထို့ကြောင့်လည်း ချက်ချင်း မျက်နှာသစ် ကိုယ်လက် သန့်စင်ကာ အိမ်အောက်ဆင်းလာသည်။

တစ်နေ့ မနက်က ဆူထား၍လား မသိ။ ဤနေ့မနက်တော့ သူသား[illegible] ကို ချည်ဆိုးရုံအဝတွင် အလုပ်သမားများနှင့် စောစောစီးစီး တွေ့လိုက်ရသည်။ ဦးငပု တစ်ချက် လှမ်းကြည့်လိုက်ပြီး "မင်းတို့ တိမ်ပျံကို ခွာပြန် ကပ်ထား[illegible] ပလား"ဟု မေးလိုက်၏။

သူ့အဖေ ဟျာရိဟျာယာ ဖြစ်နေသည်ကို မချိုမချဉ်မျက်နှာနှင့် [illegible]

"ဟုတ်ကဲ့ပါ။ မနေ့ကပင် ကပ်ထားပြီးပါပြီ ဘာဘာ ဘယ်သွားမလို့လဲ"ဟု



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမေး၏။ သူသားထွေးကို အမြင်ကပ်နေသော ဦးငပုက ဘာမှ ပြန်မပြောခဲ့ဘဲ မြင်းဇောင်းဘက်သို့သာ ထွက်လာ၏။

မြင်းလှည်းကို တစ်ချက်ကြည့်ပြီး တိမ်ပျံကို ဇောင်းမှ သွားထုတ်သည်။ သူ့အရိပ်အခြည်ကို စောင့်ကြည့်နေသော ဒေါ်ဒါဦးမေက ထိုအချိန်တွင် သူ့အနား ရောက်လာ၏။

"အိမ်ရှင်ကြီး စောစောစီးစီး ဘယ်သွားဦးမလို့လဲ၊ ကောက်ညှင်းပေါင်း ကျက်ခါနီးပါပြီ။ ခဏစောင့်လိုက်ပါဦးလား"

"မစောင့်တော့ဘူး ဒါဦး။ ငါ နေသုံးလုံးဘက် သွားဦးမယ် တောင်စဉ်လမ်းက မဲမမုန့်တီလည်း မသောက်ရတာ ကြာပြီ၊ မဲမမုန့်တီသောက် သွားဦးမယ်" ဟု ပြောကာ မြင်းရထားကို ကိုယ်တိုင်မောင်း၍ အိမ်ဝိုင်းက ထွက်လာသည်။ ကောတုံတရာဇ်မြို့မှ ကျုံးမကူးရဘဲ ခြေကျင်၊ မြင်းရထား (ဂါရီ) များနှင့် သွား၍ရသောလမ်းမှာ ဤတောင်စဉ်သွား လမ်းတစ်လမ်းသာ ရှိသည်။ ဤလမ်းတွင် "အုန်းဒုတ်သတ္တု၊ နဝကျွဲကော်၊ ခွေးနော် တင်လဲ၊ ဥသျှစ်ခွဲ၊ လဲဝါတစ်ဆုပ်၊ ဆီတစ်မှုတ်" ဟူသော အစဉ်အလာ မဆလာလုပ်နည်းနှင့် ပြုလုပ် တည်ဆောက်ထားခဲ့ကြသော ကျောက်တံတားသုံးစင်းရှိသည်။ ကျုံးသုံးတန်ကို ဖြတ်ထိုးထားသော ထိုကျောက်တံတား သုံးစင်းမှာ ဒီရေတက်ချိန်၌ တောင်ပင်လယ် မြစ်ပေါက်မှ ဝင်လာသော ဒီရေနှင့် မြောက်ဘက် နဂါးမော်မြစ်ပေါက်မှ ဝင်လာသော ဒီရေတို့ ဆုံစည်းရာ ကောတုံတရာဇ်မြို့၏ အရှေ့ဘက် ဗဟိုလည်း ဖြစ်သည်။

ဤကျောက်တံတား၏ ကျောက်အုတ်များမှာ ထုတစ်မိုက်နှင့် အရှည်တစ်လံ ရှိသည်။ ထိုကျောက်အုတ်များနှင့် ကျုံးသုံးတန်ကို ဖြတ်ထိုးထားခဲ့ကြသော ရှေးဝိသုကာတို့၏ မဆလာဖော်စပ်နည်းများမှာလည်း အံ့ဖွယ် ဖြစ်သည်။ ဤမျှ ထုထည် ကြီးမားသော ကျောက်အုတ်များကို စီထပ်ကပ်ဆက်၍ တံတားကြီး သုံးစင်းကို ထိုးထားခဲ့ကြရာ မဆလာများမှာ ကြာလေမာလေအပြင် ယခုဆိုလျှင် သဘာဝ ကျောက်သားများပမာပင် ဖြစ်နေကြလေပြီ။ ထို့ကြောင့် ခိုင်ခံ့မှုမှာလည်း အံ့ချီးဖွယ်ရာ ဖြစ်သည်။ အာရိယန်ကူး ရွက်သင်္ဘောကြီးများကလွဲလျှင် ဤကျုံးတံတားအောက်မှ မည်သည့် လှေကြီး လှေငယ်မဆို တောင်ပင်လယ် ဘက်ကို ထွက်နိုင်သလို တောင်ပင်လယ်ဘက်မှ ဝင်လာကြသော လှေကြီးလှေငယ်များသည်လည်း ကျုံးပေါင်များအတိုင်း နဂါးမော်မြောက်ဘက်ဆိပ်မှ ဘင်္ဂလားပင်လယ်ပြင်ထိ ထွက်သွားနိုင်ကြသည်။ ထို့ကြောင့်လည်း "ကျောက်သုံးတန်၊ ကံသုံးဆင့်၊ ဘုံမြင့်ဘုရား၊ ကောတုံသားပေ့" ဟု ကောတုံတရာဇ်သားတို့





ဂုဏ်ယူဝင့်ကြွားခဲ့ကြသော ကျောက်သုံးတန် ဆိုသည်မှာ ဤကျုံးကူးတံတား သုံးစင်းပင် ဖြစ်လေသည်။ ကံသုံးဆင့်မှာ ကျုံးသုံးတန်ကို ဆိုလိုပြီး ဘုံမြင့်ဘုရားမှာ ကောတုံတရာဇ်ဘုရား ဖြစ်သည်။

ဤကျုံးတံတား သုံးစင်းမှာ တောင်စဉ်ဘက်သွားရာ၌ တစ်ခုတည်းသော ခြေကျင် မြို့ထွက်ပေါက်ဖြစ်သလို တောင်စဉ်ခုနစ်ခရိုင်နှင့် ကောတုံချိုင့်ဝှမ်းတစ်ပြင်လုံးရှိ လူများ၏ အရှေ့ဘက် မြို့ဝင်ပေါက်လည်း ဖြစ်သည်။ ထို့ကြောင့်လည်း တံတားသုံးစင်းစလုံးပေါ်ရှိ ပြအိုးပစ္စင်သုံးခုတွင် အစောင့်မင်းမှုထမ်းများ နေ့ညမပျက် ရှိနေကြသည်။ မနက် နောင်ဒိုင်း စည်တော်ငါးချက် ဆော်သံကို ကြားမှ ဤ တံတားပေါ်ရှိ တံခါးကြီးများကို တံခါးစောင့်များက ဖွင့်ပေးတတ်ကြသည်။ ညနေဆိုလျှင်လည်း ဆည်းဆာမှေးမှိန် နေရှိန်ကွယ်ပျောက်သည်နှင့် ဤတံတား၏ တံခါးသုံးခုကို ပိတ်ထားတတ်ကြသည်။ ထို့ကြောင့်လည်း တောင်စဉ်ခုနစ်ခရိုင်နှင့် ကောတုံချိုင့်ဝှမ်းမှ တံခါးပိတ်သွား၍ မြို့ထဲ မဝင်ကြရသော သစ်သီးသစ်ရွက် သစ်ဥသစ်ဖု ရောင်းလာကြသည့် အထမ်းသမားများနှင့် နွားလှည်း၊ မြင်းလှည်း (ဂါရီ) အစီး တစ်ဆယ်နှစ်ဆယ်ကို အပြင်ကျုံးတံတားထိပ် တာရိုးဘေးတွင် နေ့စဉ်လိုလို ညနေတိုင်း တွေ့နေမြင်နေကြရသည်။ မနက်မိုးလင်းသည်နှင့် တောင်စဉ်ပြန်ကြမည့်လှည်းများ၊ လူများကမူ အတွင်းကျုံးတံတား မြို့ဘက်တွင် လာစောင့် နေရာယူတတ်ကြရသည်။

ဦးငပုသည် ကျုံးတံတားအောက်မှ ဝင်ထွက်သွားလာနေကြသော လှေကြီးလှေငယ်များနှင့် ကျုံးတံတားပေါ် ဖြတ်ကာ တောင်စဉ်ဘက် သွားနေကြသောလှည်းများနှင့် လူများကို ငေးကြည့်ကာ ရင်ထဲ ဆွေးနေမိသည်။ ဤမျှ ခိုင်ခံ့သော၊ ကောတုံတရာဇ်သားတို့ ဂုဏ်ယူခဲ့ကြသော ဤတံတားသုံးစင်းကို ယခုမြင်နေ ကြည့်နေရသည်မှာ နောက်ဆုံး မြင်ရခြင်း ကြည့်ခဲ့ရခြင်းပါလား ဟူသော အတွေးက ဝင်လာပြန်ရာ ဦးငပုမှာ ကြည့်နေရင်းက ရင်ထဲဆို့လာပြန်သည်။ ထို့ကြောင့် တောင်စဉ်လမ်းခွဲမှသည် နေသုံးလုံးဘုရားဘက် သွားလမ်းအတိုင်း တာရိုးပေါ်က မြင်းလှည်းကို လိမ့်ဆင်း မောင်းနှင်လာသည်။

တာရိုးအောက်ရှိမဲမ၏ မုန့်တီဆိုင်ထဲကို ရောက်သောအခါ မြင်းလှည်းကို ရပ်ပြီး မုန့်တီ ဝင်သောက်သည်။ မဲမ၏ သင်ပုတ်ထွန်းဟင်းရည်က ဦးငပု ခံတွင်းထဲ ယခင်နေ့များကလို အရသာ မတွေ့။ ထို့ကြောင့် ယခင်နေ့များကလို သုံးလေးခွက် မသောက်တော့ဘဲ နှစ်ခွက်သာသောက်သော ဦးငပုကို မာတ်ကာ မုန့်တီသည် မဲမကပင် "ငွေမပါလည်း ဝအောင်သာသောက်၊ နောင်ခါလှ နောက်ငါး



www.burmeseclassic.com

www.burmeseclassic.com



(ပေး)၊ ကေကျီလိ (ကြေ) ဖေကား" ဟု ကောတုံတရာဇ်သူတို့၏ အစဉ်အလာ ဖမ်းစကားနှင့် ဦးငပုကို စသည်။ ခါတိုင်းသာ သူ့အား ဤသို့ စလျှင် သူကလည်း အားကျမခံ ကောတုံတရာဇ်သားတို့၏ ဖမ်းစကားနှင့် မုန့်တီသည်မကို ပြန်၍ ချေပမိမည်မှာ မုချပင်။ သို့သော် ယနေ့၌မူ သူ့ရင်ထဲ အချိန်ရှိသရွေ့ နာကျင့်ဆွေးမြည့်နေသဖြင့် "လာနေကျ သောက်နေကျမို့ အစဉ်အလာ မပျက်သာ သောက်သွားရတာနော်၊ နေသုံးလုံးရွာက ကျုပ်တူမအိမ်မှာလည်း မုန့်တီချက်ထားမယ်ဆိုတာ မနေ့ကပင် မှာထားလို့ဗျ" ဟု ကောင်းသလို ကြည့်ပြောလိုက်ရသည်။

သည်လိုနှင့် အတွင်းကျုံးတံတား တာရိုးနားမှ မုန့်တီသောက်ပြီး ဦးငပု နေသုံးလုံးရွာဘက် ထွက်လာသည်။ သူတို့ နန်းဦးရပ် မြို့တွင်းနှင့်စာလျှင် တောင်ပင်လယ်ဘက်မှာ မြို့ဆင်ခြေဖုံးနှင့်ပင် အတော်ဝေးသဖြင့် မိုးတွင်းက မဖြစ်ညစ်ကျယ် စိုက်ခဲ့ကြသော လယ်ကွက်ငယ်များနှင့် ကြံခင်းများ၊ ကိုင်းတော နှမ်းခင်းများကို လွန်ကာ နေသုံးလုံးရွာကို စောစောစီးစီးပင် ရောက်လာလေသည်။ တူမဝမ်းကွဲ တစ်အိမ်တွင် မြင်းလှည်းကို အပ်သည်။ ကလေးများကို သူ့မြင်းညို ကြီးတိမ်ပျံအား အစာရေစာ ကျွေးထားကြရန် ငွေတစ်ပြားစီပေးပြီး မှာသည်။ သူ့တူမက "ထမင်းစားပြီးမှ ဘုရားပေါ်တက်ပါလား ဘကြီး" ဟု ပြောသည်ကို ပင် မစောင့်ခဲ့တော့ဘဲ ဘုရားတောင်ဘက် ထွက်လာသည်။

ဘုရားတောင်နားကိုရောက်၍ လမ်းဘေးနှစ်ဖက်ရှိ ဈေးဆိုင်ခန်းများ ပြုလုပ်နေကြသူတွေကိုမြင်မှ ဤနေသုံးလုံးဘုရားပွဲ နီးပြီဆိုသည်ကို သတိရမိလိုက်သည်။ ဤနေသုံးလုံးဘုရားပွဲပြီးလျှင် နဂါးမော်ဘုရားပွဲကို ကျင်းပကြလိမ့်မည်။ နဂါးမော်ဘုရားပွဲပြီးလျှင် နှစ်ဆန်းတစ်ရက်နေ့မှာ ကောတုံတရာဇ်ဘုရားပွဲ။ ကဆုန်လ၌မူ နောက်ဆုံး ကျင်းပမည့်ဘုရားပွဲမှာတော့ တာဝတိံသာဘုရားပွဲပင်၊ ကောတုံတရာဇ်မြို့၏ အရပ်လေးမျက်နှာရှိ ဘုရားပွဲများတွင် တာဝတိံသာဘုရားပွဲမှာ တောင်စဉ်ဘက် ကောတုံတရာဇ်ချိုင့်ဝှမ်းနှင့် နီးသည့်အပြင် နှစ်တစ်နှစ်၏ နောက်ဆုံးဘုရားပွဲလည်း ဖြစ်သဖြင့် အစည်ကားဆုံး ဘုရားပွဲပင်။

ဦးငပုသည် နေသုံးလုံးဘုရားပေါ်ကို တစ်လှမ်းချင်း တက်လာရင်း သူ ငယ်စဉ်ကမှသည် ယခု အသက်ငါးဆယ် ကျော်လာသည်ထိ ဘုရားပွဲများနှင့် အရွယ်အလိုက် ပျော်ခဲ့၊ ကြည်နူးခဲ့ရသည်များကိုလည်း တွေးလာသည်။ ထို့ကြောင့် နေသုံးလုံးတောင်၏ အရှေ့ဘက် နေထွက်ဘုရားရှေ့ ကျောက်လှေကားထိပ် ရောက်တော့မှ "ပန်းဆီမီးရေချမ်း ပူဇော်သွားပါဦးလား ဘဘကြီး"





ဟု ကလေးမလေး တစ်ယောက် လှမ်းပြောသံကို ကြားလိုက်ရသည်။ ထိုအခါမှ ပျံ့လွင့်နေသော အသိစိတ်က သူ့ကိုယ်ထဲ ပြန်ဝင်လာသည်။

"ယူမယ် သမီးရေ ခဏနော်" ဟု ပြောကာ နေထွက်ဘုရားရှေ့ မသွားသေးဘဲ အရှေ့ဘက်သို့ လှည့်ကြည့်နေမိပြန်သည်။ မင်းလွင်နှင့် မြူများ အုံ့ဆိုင်းနေသော တောင်စဉ်တောင်တန်းများကို လှမ်းမြင်နေရသည်မှာ လွမ်းမောစရာပင်။ တောင်စဉ်တောင်တန်းများမှသည် သူ့အကြည့်က ကျောက်ပိုးထိုးတောင်ဘက် ရောက်သွားပြန်၏။ ဝေးသဖြင့် ကျောက်ပိုးထိုးတောင်မှ လက်သန်းလက်မ အကွက်အကွက် ပန်းထွက်နေကြသော ရေပန်းရေမွှားများကိုတော့ မမြင်ရ။ တောင်ပေါ်ရှိ ထီးထီးတည်နေကြသော ကျောက်သစ်ပင်ကြီးများနှင့် ကျောက်မှိုပွင့်ကြီးများကို ဝိုးတိုးဝါးတား လှမ်းမြင်နေရသည်မှာ ရင်ထဲ ဆို့နင့်ချင်စရာ။ ဤကျောက်ပိုးထိုးတောင်အား ယခု လှမ်းမြင်နေရသည်မှာ နောက်ဆုံး မြင်ရခြင်းပါလား ဟူသော အတွေးက ဝင်လာပြန်သည်။

ထို့ကြောင့် ဦးငပုသည် ကျောက်ပိုးထိုးတောင်ကြီးနှင့် ကျောက်သစ်ပင် ကျောက်မှိုပွင့်ကြီးများကို ကြည့်မဝသေးသော်လည်း စိတ်ကိုထိန်းကာ ပန်းသည် မိန်းကလေးဆီမှ ဘုရားသုံးဆူကပ်ရန် ပန်းဆီမီး ရေချမ်းအိုးသုံးလုံးကို ဝယ်ကာ နေထွက်ဘုရားကို ဦးဆုံး ရှိခိုးပူဇော်သည်။ ထိုမှ နေမွန်းတည့်ဘုရား၊ ပြီးတော့ နောက်ဆုံး နေဝင်ဘုရားကို ပူဇော်၏။ နေဝင်ဘုရားကို ပူဇော်ပြီးသောအခါ ဘုရားရှေ့မှ ကျောက်လှေကားထစ်ပေါ် လျှောက်လာသည်။ ကျောက်လှေကားထိပ်မှ ဘင်္ဂလားပင်လယ်ပြင်နှင့် လှေကြီးဆိပ်ကမ်းနားရွာများကို တောင်ပေါ်က အကြာကြီး ငေးကြည့်နေပြန်သည်။ ဤရွာ ဤဆိပ် ဤပင်လယ်ပြင်ကြီးကိုလည်း ယခု သူ ကြည့်နေ မြင်နေရခြင်းသည် နောက်ဆုံး ကြည့်နေရခြင်း၊ နောက်ဆုံး မြင်ခဲ့ရခြင်းပါတကား ဟူသော အတွေးဝင်ကာ မျက်ရည်ဝဲလာပြန်သည်။ သွားသွားလာလာ စားစားသောက်သောက်နှင့် ဘုရားပဲ့ဖူးဖူး "နောက်ဆုံး" မည်သော အသိတစ်ခုသည် ချောက်ချောက်ချားချား ဦးငပုကို တစ်ချိန်လုံး ခြောက်လှန့်ဖိစီးထားလေသည်။

ထို့ကြောင့် လှပသော လှေဆိပ်၊ လှပနေသော ပင်လယ်ပြင်၊ ပင်လယ်ကမ်းခြေမှ လှပသော ရွာကြီးများကို မမြင်ရက် မကြည့်ရက်သလို စိတ်[illegible] တစ်မျိုးကြီး ဖြစ်လာပြန်၏။ ယင်းကြောင့် နေဝင်ဘုရား ဂူပေါက်ထဲ ပြန်[illegible]လာပြန်၏။ ဤတစ်ခါတော့ ဘုရားကို မတ်တတ်သာ လက်အုပ်ချီပြီး ဘုရား၏ ဘေးနှစ်ဖက်ရှိ ကျောက်နံရံများမှ ကောတုံတရာဇ်သား ကျောက်[illegible]သမားတို့၏



www.burmeseclassic.com

www.burmeseclassic.com



အုံ့မခန်း လက်ရာ ရုပ်လုံးရုပ်ကြွများကို လျှောက်ရင်း ကြည့်လာသည်။ နေ့ခင်းနေ့လယ်ဖြစ်သဖြင့် ဘုရားသုံးဆူရှိရာ ဂူခေါင်းထဲတွင် ဘုရားဖူးများ များများစားစား မရှိကြ။ ခြေလှမ်း လေးငါးလှမ်း လှမ်းပြီးမှ သူ့လိုပင် နံရံဘေးမှ ရုပ်လုံးရုပ်ကြွများကို ဖြည်းဖြည်းချင်း ကြည့်လာသူ ဘုရားဖူးများကို တစ်ယောက်စ၊ နှစ်ယောက်စ တွေ့နေရ၏။ မိသားစုလိုက် လာကြသူများထဲမှ ကလေးများက ဖြစ်တော်ပေါင်း ရုပ်လုံးရုပ်ကြွများ၏ ဇာတ်ဖြစ်စဉ်နှင့် အဓိပ္ပာယ်မေးကြသံ၊ မိဘဖြစ်သူများက ပြန်လည် ရှင်းပြ ဖြေကြားသံတို့ကို ကြားနေရသောအခါ သူ့သားကြီး၏သမီး သဉ္ဇာဦးဆီ စိတ်ရောက်သွားပြန်သည်။

ထိုအခါ တစ်ချိန်လုံး သူ့ကို ခြောက်လှန့်နေသော နောက်ဆုံး တစ္စေက သူ အချစ်ဆုံးဖြစ်သည့် မြေးမလေးအား တွေ့လိုမြင်လိုစိတ်က သူ့ကိုယ်ထဲ ဝင်လာပြန်သည်။ မနေ့မနက်ကလည်း တွေ့ခဲ့ရသော မြေးမလေးကို တစ်ဝကြီး ကြည့်လိုမြင်လိုစိတ်နှင့် စကားပြောလို၊ မြေးမလေးက တီတီတာတာ ပြောသံကို ပါ ကြားလိုလာပြန်သည်။ မိမိအိမ်ဝိုင်းတွင် ရှိနေသော မြေးမလေးကို ဤနေ့ ညနေ တစ်ညနေလုံး တွေ့နိုင်သေးသော်လည်း နဂါးမော်ရွာတွင် ရှိသော သူ အချစ်ဆုံး သားလတ်၏ သားဦးမြေးကိုလည်း နောက်ဆုံး မြင်ချင်ကြည့်ချင် စိတ်က ပေါ်လာပြန်သည်။ ထိုအခါ ဦးငပုသည် နေသုံးလုံးဘုရားတောင်ပေါ်မှ အမြန်ဆုံး ဆင်းလာပြန်၏။ ယခုအချိန်က ပြန်သွားလျှင် နဂါးမော်ရွာကို နေ မဝင်မီ ရောက်သွားနိုင်သည်။ နဂါးမော်ရွာတွင် ညနေစာစားပြီး မြို့ထဲကို သူငယ်ခေါင်းချချိန် မတိုင်မီ ရောက်သွားလျှင်လည်း ဘုရာပင့်ရန် အချိန်မှာ စောချိန် ခနဦးမည်ဟု တွေးကာ သူ့မြင်းညိုကြီး တိမ်ပျံကို တစ်လမ်းလုံး နှင်တံ တို့လာမိပြန်သည်။ ဤမြင်းနှင့် ဤလှည်းကို ယခု သူ စီးနေခြင်းသည်လည်း နောက်ဆုံး ဖြစ်သည်ဟု တွေးနေမိသည်။ နောက်ဆုံး ဟူသော စိတ်ကမူ ဘယ်အရာဝတ္ထုပေါ် ၌မဟူ တစ်ချိန်လုံး စွဲကပ်ခြောက်လှန့်နေသည်သာ။

မြို့ထဲက မင်းဆိပ်ကို ရောက်လာသည်။ မနေ့ညနေကပင် သူ့သားထွေး အား မှာထားသဖြင့် သူတို့အိမ်ကလှေကို မင်းလှေဆိပ်၌ တွေ့ရသည်။ ကူးတို့ သူကြီးအိမ်ကိုဝင်ပြီး သူ့မြင်းလှည်းကို နန်းဦးရပ်က မိမိအိမ် ပို့ပေးရန် ပြောပြီး တက်တစ်ချောင်း ငှားသည်။ သူ နဂါးမော်ရွာဘက် သွားကြောင်းနှင့် နေမဝင်မီ ပြန်လာမည် ဖြစ်ကြောင်း အမှာစကားပါးလိုက်ကာ ဦးငပု မင်းလှေဆိပ်မှ နဂါး မော်ရွာဘက် ကျူးပေါက်တို့ ဖြတ်လာသည်။

နဂါးမော်ရွာဆိပ်ကို ဦးငပု ရောက်လာသည်မှာ သူမှန်းခဲ့သော အချိန်





ထက်ပင် စောနေသေးသည်။ သို့သော် သူ့မြေးကို အိမ်၌ မတွေ့ရ။ မနက်ကပင် သူ့အဖေ ရွှေကျော်နှင့် မြို့ထဲက အဘိုးအဘွားတို့အိမ်ကို လိုက်ပါသွားသည်၊ သူ့အဖေနှင့် အတူပါမလာဘူးလားဟု ချွေးမနှင့် ခမည်းခမက်တို့က ပြန်မေးကြ သည်။ သူ မနက်အစောကြီးကပင် အိမ်က ထွက်လာ၍ မတွေ့ခဲ့ရခြင်း ဖြစ် ကြောင်း ပြောကာ ချက်ချင်းပင် ထပြန်လာသည်။ ညနေ ထမင်းစားပြီး ရွှေ ကျော်တို့သားအဖ ပြန်ရောက်လာကြမှ ပြန်ပါဟု ဝိုင်းတားကြသည်ကိုပင် မြစ်နား ရွာကိုလည်း ခဏဝင်ဦးမည်ဟု အကြောင်းပြကာ ချက်ချင်းပင် ဦးငပု ထပြန်လာ လေသည်။

မင်းဆိပ် မြို့တွင်းကျုံးရွာကို ရောက်လာသောအခါ နေလုံးနီနီမှာ သစ်ဖျားတင် နေလေပြီ။ ဦးငပုသည် သူ့လှေကို မှတ်မှတ်သားသား နေရာထားချည်ပြီး လှေ ဆိပ်သူကြီးအိမ်ကို တက်ဝင်အပ်သည်။ ညဘုရားပင့်၍ ရလျှင် ဤလှေနှင့်ပင် ကောတုံတရာဇ် ကျူးသုံးတန်ကို ဖြတ်သွားရမည်ကိုလည်း တွေးလာသည်။ သူ လှေဆိပ်က တက်လာ၍ ခြေလှမ်းတစ်ဆယ် မပြည့်မီပင် သားကို လက်ဆွဲကာ လှေဆိပ် ဆင်းလာသော ရွှေကျော်တို့ သားအဖနှင့် မျက်နှာချင်းဆိုင် ဆုံမိကြ သည်။ ဦးငပုသည် သူတွေ့ချင်နေသော သားလတ်၏ သားကြီးကို ချက်ချင်းပင် ကောက်ချီလိုက်ကာ တရှုပ်ရှုပ် နမ်းမိလိုက်သည်။ ပြီးမှ စေ့စေ့ကြည့်ပြီး -

"ကဲ မိုးချုပ်မယ် သားတို့ မြေးတို့ ပြန်ကြ" ဟု အသံအက်ကွဲကွဲနှင့် ပြောလိုက်၏။ မင်းဆိပ်နှင့် မနီးမဝေးရှိ အရပ်လှေဆိပ်ကို သူ့သားနှင့် သူ့မြေးတို့ ဆင်းသွားကြသည်ကို ဦးငပု အတန်ကြာ စိုက်ကြည့်နေသေးသည်။ သူ့သားလတ် နှင့် သူ့မြေးတို့ ကူးတို့လှေပေါ် တက်သွားကြတော့မှ သူ နန်းဦးရပ်ဘက် ဝင်လာ သည်။ ခြံဝတွင် ထွက်မျှော်နေသော ဒေါ်ဒါဦးမေက လှေဆိပ်သူကြီး သား... ယောက် မြင်းလှည်း လာအပ်သွားသည်နှင့် နဂါးမော်ကို ဦးငပုသွား... စကားမှာကို ပြန်ပြောပြသည်။ နဂါးဘုရားကို သွားဖူးတာလားဟု... ၏။ ဦးငပုက မြို့စလွယ်ပင် ဟုတ်သည်ဟု ပြန်ပြောလိုက်၏။ မနက်က သူ့သား... သူ့မြေးပါ ပါလာကြောင်း ပြောသောအခါ လမ်း၌ တွေ့ခဲ့ကြရကြောင်း ... ဒေါ်ဒါဦးမေကို ပြန်ပြောပြသည်။ ဦးငပုသည် မိမိ အိမ်ထဲ မဝင်သေးဘဲ ... တို့အိမ်ရှေ့ လျှောက်သွားပြန်၏။ မြေးမလေးကို မေးသံနှင့် မြေး... အိမ်ပေါ် လှမ်းတက်သွားပြန်သည်။ ဒေါ်ဒါဦးမေကမူ သက်မတ... အိမ်ပေါ် သို့သာ ပြန်တက်လာ၏။

မကြာမီမှာပင် ဦးငပု မိမိ အိမ်ပေါ်သို့ ပြန်ရောက်လာ၏၊ ...



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးသည်နှင့် . . .

"ဒီနေ့ညတော့ ဘုရားကို ရအောင် ပင့်ရမယ်။ ဒါဦး အိမ်က စောင့်နေ၊ ဘုရားပင့်လို့ရရင် တို့ မင်းဆိပ်ကနေပြီး ကောတုံတရာဇ် ကျုံးသုံးတန်ကို မိုးမလင်းမီ ဖြတ်ကြရမယ်။ ငါ လှေလည်း အဆင်သင့် လုပ်ထားနှင့်ခဲ့ပြီ။ တက်ယူဖို့ကို မေ့မှာစိုးလို့ တို့ခြံတံခါးဝမှာ စောစောကပဲ ငါ ထောင်ထားခဲ့တယ်။ ဒီဘုရား ပင့်မရမချင်း ကောတုံတရာဇ်မြို့က ငါ မခွာဘူးလို့ ဆုံးဖြတ်ထားတယ် ဒါဦး"

"အကျွန်လည်း အိမ်ရှင်ကြီးနဲ့ အတူမဟုတ်ရင် ကောတုံတရာဇ်ကို ခွာမသွားနိုင်ပါဘူး။ အကျွန် စိတ်မကောင်းဖြစ်တာက အကျွန့် သားသမီး သံယောဇဉ်ကြောင့် သားထွေးကို ပြောမိလိုက်လေခြင်းလို့ တစ်နေ့လုံး စိတ်မကောင်းဖြစ်"

"အို ဒါဦး၊ ဒါတွေလည်း ဟုတ်ချင်မှ ဟုတ်မှာပါ။ တခြား အကြောင်းလည်း ရှိချင် ရှိလိမ့်မယ်လို့ ငါထင်တယ်။ ဒီည ငါသွားပင့်ဦးမှာပဲ။ စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်"

သူ့အပြစ်ကြောင့်လားဟု ငိုရှိုက်၍ ပြောလာသော ဇနီးသည်ကို ဦးငပုက နှစ်သိမ့်စကား ဆိုလိုက်သည်။ သည်လိုနှင့် ဇနီးမောင်နှံနှစ်ဦး တစ်ဦးကိုတစ်ဦး နှစ်သိမ့်စကား အပြန်အလှန် ပြောနေကြစဉ်မှာပင် ညဥ့်သုံးယံတွင် တစ်ယံညဥ့်နက် သက်ငယ်ခေါင်းချချိန်နှင့် နန်းကျုံးတွင်းက တစ်ယံညဥ့်နက် အချက်ပေးသံကို ကြားလိုက်ကြရသည်။ ဦးငပုသည် လဲလျောင်းနေရာမှ ချက်ချင်း ထလိုက်၏။ ဒေါ်ဒါဦးမေကလည်း အလိုက်တသိပင် ညဦးက စီစဉ်ပေးထားသော ပန်းဆီမီး အမွှေးတိုင်များကို ဦးငပုလက်ထဲ ထည့်လိုက်သည်။ ပြီးတော့မှ ဘုရားပင့်ရန် သွားသော ယခင် နှစ်ညကလို စောင်သစ်တစ်ထည်ကိုလည်း ဦးငပုကိုယ်ပေါ် ခေါက်တင်ပေးလိုက်၏။ ဦးငပုလည်း ဘုရားပင့်ရန် ထွက်လာလေသည်။

ဤနေ့၌ ညဥ့်နက်နေပြီဖြစ်ရာ သူ ထင်ထားသလိုပင် ဘုရားတောင်ကုန်းပေါ်တွင် လူသူလေးပါးဆို၍ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရတော့။ သို့သော် အာပေါနံ့နှင့် ညော်နံ့တို့ကမူ ဘုရားကုန်းတော်ပေါ် တစ်ခုလုံးကိုပင် မွှန်ထူနေသည်။ ဦးငပုသည် ဤနေ့၌ သူ့နှာခေါင်းကို ပဝါစည်းရန်ပင် သတိမရတော့။ ချက်ချင်း ဘုရားရှေ့သွားပြီး ဆီမီး၊ ရေချမ်း၊ အမွှေးတိုင်များ ထွန်းညှိကာ ရှိခိုးဆုတောင်းလိုက်သည်။ ပြီးလျှင် နတ်ကောင်းနတ်မြတ်တို့အား တိုင်တည်ကာ ဘုရားပင့်သည်။

"အရှင်ဘုရား၊ တပည့်တော်သည် ဤကောတုံတရာဇ်မြို့သား စစ်စစ်ဖြစ်ပါ၍ ဤကောတုံတရာဇ်မြို့ကြီးကို အလွန် ချစ်မြတ်နိုးပါသည်။ ဤမြို့ကြီးကို





ချစ်မြတ်နိုးလှသလို အရှင်ဘုရားကိုလည်း အသက်တမျှ ကြည်ညိုသဒ္ဓါစိတ်ရှိသူ ကေန် ဖြစ်ပါသည်။ အရှင်ဘုရား မကြွမချင်း တပည့်တော်သည်လည်း ဤကောတုံတရာဇ်ကို မခွာနိုင်သူ ဖြစ်ပါသည်။ သို့သော် ယခုအခါတွင် ကောတုံတရာဇ်တစ်တိုင်းလုံးကို မိစ္ဆာအယူတွေ လွှမ်းမိုးသွားပါပြီ။ အရှင်ဘုရားနှင့် တပည့်တော်တို့သည် ဤကောတုံတရာဇ်၌ ဆက်နေရန် မသင့်တော့ပါ။ ဤမှန်ကန်သော သစ္စာစကားကြောင့် အရှင်ဘုရား ဤနေ့ည ကြွတော်မူပါဘုရား"

ဤနေ့ညမှာတော့ ဦးငပု ကောက်ချီ မ,ပင့်လိုက်သည်နှင့် ကောတုံတရာဇ် ဘုရားရုပ်တုတော်သည် ပေါ့ပေါ့ပါးပါးပင် ဦးငပုလက်ထဲ ကြွလာလေသည်၊ ဦးငပုမှာ ဝမ်းသာအားရနှင့် ပခုံးပေါ်ကစောင်နှင့် ဘုရားရုပ်တုတော်ကို လုံလုံခြုံခြုံ ထုပ်လိုက်ကာ ပခုံးပေါ်တင်ထမ်းပြီး မပြေးရုံတစ်မည် ဘုရားကုန်းတော်ပေါ်က ဆင်းလာလေသည်။

✍ ✍ ✍

မိုးလင်း ကြက်ဦးတွန်သံကို ကြားလိုက်ကြချိန်မှာ ဦးငပုတို့ လင်မယားသည် ကောတုံတရာဇ်မြို့၏ ကျုံးသုံးတန်ကို ဖြတ်ကူးကာ မြို့စွန် တောင်ခြေနားကို ရောက်လာကြသည်။ ထိုနေရာမှ အရှေ့မြောက်အရပ်သို့ သူတို့ လင်မယားနှစ်ယောက် ညကြီးမင်းကြီး ခရီးဆက်လျှောက်လာခဲ့ကြသည်။ မနက် ဝေလီဝေလင်းအချိန်သို့ ရောက်သောအခါ ရွာငယ်တစ်ရွာ၏ အဝင်ဝတွင် ခရီးသွားတို့ နားခိုရာ ဇရပ်တစ်ဆောင်ကို တွေ့ရသည်။ ဦးငပုတို့ ဇနီးမောင်နှံသည် ဇရပ်ပေါ် တက်လာကြပြီး ဦးငပုက စောင်နှင့် ပတ်ထုပ်လာသော ကောတုံတရာဇ်ရုပ်ပွားတော်ကို ခေါင်းရင်းတွင်ချ၍ နားလိုက်သလို ငွေတစ်ထောင်ထုပ်နှင့် အဝတ်ထုပ်တို့ကို ဘေးချကာ ဒေါ်ဒါဦးမေမှာလည်း ယခုမှ စိတ်ချလက်ချ နားရတော့သည်။

ထိုရွာ ထိုဇရပ်တွင် တစ်ရေးတစ်မော အိပ်နားပြီး ဦးငပုတို့ ဇနီးမောင်နှံသည် မသိုးထမင်း မသိုးဟင်းစားကာ အရှေ့မြောက်အရပ်သို့ ခရီးဆက်လာကြပြန်သည်။ ထိုသို့ ခရီးဆက်လာကြရာ နောက်တစ်နေ့ မနက်မှာတော့ သူတို့ ကောတုံတရာဇ်မြို့ကြီးရှိရာဘက်မှ ပေါက်ကွဲသံကြီးတစ်ခုကို မြေတုန်မတတ် လောက်အောင် ကြားလိုက်ကြရသည်။ ထိတ်ထိတ်လန့်လန့်နှင့် ကောတုံတရာဇ်မြို့ရှိရာဘက်သို့ လှမ်းကြည့်လိုက်ရာ နောက်ထပ် ပေါက်ကွဲသံများနှင့်အတူ အိမ်လုံး၊ ပုတ်လုံးလောက်ရှိသော ရေလုံးရေပန်းကြီးများသည် ကောတုံတရာဇ်မြို့ဘက်မှ မိုးပေါ်သို့ တစ်လုံးပြီးတစ်လုံး ထိုးတက်လာကြသည်ကို မြင်လိုက်ကြရသည်။ ဦးငပုတို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး သိလိုက်ကြပါပြီ။ ကောတုံတရာဇ်



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးကို ငါးနဂါးများ စတင် ရေနှစ်ကစားနေကြလေပြီ။

မကြာမီမှာပင် လှိုင်းသံ၊ ရေသံ မြေကမ်းပါးကြီး ပြိုဆင်းသွားသံ၊ ကမ်းပြို လိုက်လာသံများကို သောသောညံညံ ကြားလာရသည်။ ထိုအခါ ကောတုံတရာဇ် မြို့ဘက်ကို နောက်ပြန် လှမ်းကြည့်နေကြသော ဦးငပုတို့ လင်မယားမှာ လင်က ဘုရားကိုထမ်း၊ မယားက ငွေထုပ်နှင့် အဝတ်ထုပ်ကိုရွက်ကာ အရှေ့မြောက် အရပ်သို့သာ ဆက်လက် ပြေးလာနေကြရသည်။ ပင်လယ်သမုဒ္ဒရာထဲ ဂါဝုတ် ယူဇနာခန့်ရှိ မြေကမ်းပါးများ ပြိုဆင်းသွားသံ၊ ပေါက်ကွဲသံ၊ ရေသံ၊ လှိုင်းလုံးကြီး များ မြည်ဟည်းလာသံတို့မှာ သူတို့နောက် လိုက်လာကြသလိုပင် ကြားလာရ သည်။ ထို့ကြောင့်လည်း ဦးငပုတို့ လင်မယားနှစ်ယောက်သာ မဟုတ်၊ ညက သူတို့ နားခို အိပ်စက်နေခဲ့ကြသောရွာမှ ရွာသူရွာသားများမှာလည်း ဦးငပုတို့ လင်မယားကဲ့သို့ပင် အသက်လု၍ ပြေးလာနေကြသံကို ကြားလာရသည်။

ထိုသို့ ပြေးလာကြရင်း ညနေပိုင်းသို့ ရောက်လာရာ ဦးငပုတို့လင်မယား မှာ ဆက်၍ မပြေးနိုင်ကြတော့။ မောပန်းကာ ခြေကုန်လက်ပန်းကျသွားကြပြီ။ ထို့ကြောင့် ဆက်မပြေးနိုင်ကြတော့သဖြင့် ခဏနားကာ အသံဗလံများကို နားစွင့်ကြသည်။ သူတို့၏ ကောတုံတရာဇ် မြို့ကြီး၊ တိုင်းကြီး ရှိရာဘက်ကိုလည်း သူတို့ ရပ်တံ့နားနေကြသောတောင်ပေါ်မှ လှမ်းကြည့်လိုက်ကြရာ အသံဗလံများ ကို သဲ့သဲ့သာ ကြားရပြီး သူတို့ ပြေးလာကြသော ခရီးလမ်းတစ်လျှောက်မှာ ရေပြင်ကြီးဖြစ်ပြီး လှိုင်းတအိအိ ထနေသည်ကို လှမ်းမြင်နေကြရလေသည်။ ဤသည်ကို မြင်ရခြင်းအားဖြင့် ကောတုံတရာဇ် တစ်တိုင်းလုံး၊ တစ်မြို့လုံးသည် ပင်လယ်သမုဒ္ဒရာထဲ ကျရောက်သွားပြီ ဆိုသည်ကို ဦးငပုတို့လင်မယား ချက်ချင်း သိလိုက်ကြရလေသည်။

*(ထိုစဉ်က ဦးငပုတို့ လင်မယား မြင်ခဲ့ကြသော ပင်လယ်ကမ်းခြေနားတွင် ဂေါ်တူ မည်သော ရွာတစ်ရွာ ယခုတိုင် ရှိသည်။ ယခင်ကမူ ထိုရွာကို ခေါ်ထူး ဟု ခေါ်ခဲ့ကြသည်။ ကောတုံတရာဇ်တိုင်းကြီးကို နဂါးများ ရေနှစ်ကစားကြစဉ်က အသက်လု၍ ပြေးလာခဲ့ကြရသောသူများမှာ ထိုနေရာအရောက်၌ တစ်ယောက် နှင့် တစ်ယောက် အော်ခေါ်ကြ၊ ပြန်ထူးနိုင်ကြသည်ကို အစွဲပြု၍ ယခင်က ခေါ်ထူးရွာ ဖြစ်သည်။*

ဦးငပုတို့လင်မယား နားနေခဲ့ကြသော တောင်မော်ကိုလည်း ယခုတိုင် *'ငပုတောင်မော်' ဟု ဒေသခံများက ခေါ်ဝေါ်နေကြတုန်းပင်။ ထိုတောင်မော်မှာ ယခုအခေါ် လိပ်ခမော်ရွာနားတွင် ရှိသည်။ ထိုလိပ်ခမော်ရွာမှာလည်း ယခင်*





*ကအခေါ် လိပ်တမျှော်ရွာ ဖြစ်သည်။ ယခု လိပ်ခမော် ရွာဟောင်းနားတွင် ကျောက်လိပ်ရုပ်တုတစ်ခု ရှိသည်။ ထို ကျောက်လိပ်ရုပ်တုမှာ ကောတုံတရာဇ် မြို့ဘက်ကို မျှော်ငေးနေပုံ ဖြစ်သည်။ ကောတုံတရာဇ်မြို့က ထွက်ပြေးလာကြ သူများထဲမှ ကျောက်ဆစ်သမား တစ်ယောက်ယောက်သည် နောင်လာနောက် သားများ ကောတုံတရာဇ်တိုင်းကြီးကို အဖြစ်ဆိုးမျိုးနှင့် မကြုံကြရလေအောင် သတိသံဝေဂ ဖြစ်စေခြင်းငှာ ဤကျောက်လိပ်ရုပ်တုကို ထုလုပ် သတိပေးထားခဲ့ သည်ဟု ဆိုကြသည်။ ကျောကုန်းနှင့် ရင်ဘတ်တို့တွင် အင်းကွက်များ အပြည့် ပါရှိသော ထိုကျောက်လိပ်ရုပ်သည် ညညကျလျှင် ပင်လယ်ထဲရှိ ကောတုံတရာဇ် မြို့ပျက်ကြီးဆီကို ဆင်းဆင်းသွားတတ်သည်ဟုလည်း အစဉ်အလာ ပြောဆိုလာ ခဲ့ကြသည်။ ဤကျောက်လိပ်ကြီးသည် ကောတုံတရာဇ်သူ၊ ကောတုံတရာဇ်သား တို့၏ ဝိညာဉ်များ ဝင်စားနေသည်ဟုလည်း ပြောကြသည်။ ဤကျောက်လိပ်ကြီး ၏ ထူးခြားဆန်းကြယ်သော အကြောင်းအရာများကို နောင်တွင် ဓာတ်ပုံနှင့် တကွ ရေးသားတင်ပြပါဦးမည်။)*

ထိုနေရာမှ တစ်ခါ ဦးငပုတို့လင်မယား ခရီးဆက်၍ ထွက်လာကြရာ ယခု ကံ့ကော်တောဘုရား တည်ရှိရာအနီး သရက်ပင်များ ပေါများသော သရက်ပင်တော တစ်ခုသို့ ရောက်လာကြသည်။ ထိုသရက်တောတွင် နားကြပြီး နောက်တစ်နေ့ ခရီးဆက်ရန် ဘုရားကိုပင့်ရာ ဦးငပု အဘိုးအိုမှာ ဘယ်လိုမှ ဘုရားကို ပင့်မရတော့သဖြင့် ထိုသရက်အုပ်တောရှိ တောင်ပို့၌ပင် ဘုရားကို ပူဇော်ထားခဲ့ကြပြီး ဦးငပုတို့ လင်မယားသည် မဟာမုနိရုပ်ရှင်တော်မြတ်ရှိရာ အရပ်ဘက်သို့ ဆက်လက် ထွက်ခွာသွားကြလေသည်။

*(ကံ့ကော်တောဘုရားသမိုင်းကို ပြုစုရေးသားသူ ရွှေဖြူခင်မြတ်လှ၏ ထူးခြား မှတ်ချက်တစ်ခုမှာ မဟာမုနိ **အရပ်ကား၊** အဘယ်ကို ခေါ်လေသနည်း **ကျောက်တော်ဘက်ရှိ မဟာမုနိဘုရား အရပ်ကို ခေါ်လေသလားဟု** ယခုထိုင် **အတိအကျ မသိရသေးချေ** ဟု ရေးသားထားသည်။)*

သရက်တော၌ ဦးငပုတို့လင်မယား ထားခဲ့သော ကောတုံတရာဇ်ဘုရား ရုပ်တုကို သစ်ဝါးခုတ်ရန် ရောက်လာသူ ကျောက်ဖြူရွာသူကြီး ငပရေတ ဝင်သူ လာရာ ယခု ဂုံချိန်ရွာနှင့် နှစ်ဖာလုံခန့်ရှိ ကံ့ကော်ပင်များ အလေ့ကျပေါက်ရော သော ကံ့ကော်တောသို့ ရောက်သောအခါ ဘုရားကို ဆက်ပင့် မရတော့သဖြင့် ထိုနေရာ၌ပင် ဘုရားကျောင်းဆောက်၍ ကိုးကွယ်ထားခဲ့သည်။

နှစ်ပရိစ္ဆေဒ ကြာမြင့်လာသောအခါ ကောတုံတရာဇ်ဘုရားပတ်သန်းကျင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တွင် အလေ့ကျပေါက်နေကြသော ကံ့ကော်ပင် အမြောက်အမြား ရှိသည်ကို အစွဲပြု၍ ယခုအခါ ကံ့ကော်တောဘုရားဟု တွင်နေလေသည်။

ဗိုးကျော့

ရည်ညွှန်းပြု စာအုပ်စာတမ်းများနှင့် သက်ကြီးစကား၊ သက်ငယ်ကြား၊ ဒေသသားတို့၏ ပြောပြချက်များ၊ ပကတိ ရှိနေသေးသော ရုပ်ဝတ္ထုများ၊ ယုတ္တိဗေဒနှင့် ပတ်သက်သည့် အချက်အလက်များ။

၁။ အုံဖွယ်သာမော ကံ့ကော်တောဘုရားသမိုင်း၊ ရွှေဖြူခင်မြတ်လှ။
၂။ တန်ခိုးကြီး ကံ့ကော်တောဘုရား၊ ဖိုးကျော့၊ သီလဝဘာသာရေးမဂ္ဂဇင်း၊
၃။ ကျောက်ဖြူမြို့နယ်မှ ရှေးဟောင်း ကံ့ကော်တောဘုရား၊ ဂမ္ဘီရမဂ္ဂဇင်း၊ တရားရေးဝန်ထမ်းတစ်ဦး (ကျောက်ဖြူမြို့)
၄။ အိန္ဒိယ၊ အိန္ဒိယအစိုးရ သမိုင်းဌာနထုတ်၊
၅။ အိန္ဒိယကြေးမုံ ဆရာတော်ဦးကိတ္တိ၊
၆။ ရခိုင်ရှေးဟောင်း သုတေသနပညာရှင် ပဏ္ဍိတ်ဦးဦးသာထွန်း၏ သုံးသပ်ပြောကြားချက်မှတ်စု၊
၇။ ရခိုင်ရှေးဟောင်း သုတေသနပညာရှင် ဆရာကြီး ဦးအောင်သာဦး၏ ထင်မြင်ယူဆချက် ပြောကြားမှုမှတ်စု၊
၈။ လက်သမားဆရာကြီး ဦးမောင်ထွန်းသာ (ရမ္မာဝတီဆရာ)၏ မှတ်တမ်းစာအုပ်၊
၉။ ဒေသခံများ၏ သက်ကြီးစကား သက်ငယ်ကြားများ။

* * *

BURMESE CLASSIC .com



www.burmeseclassic.com